
www.burmeseclassic.com

# မြန်မာ့သမိုင်း ပုံပြင်ပုံရိပ်များ

ကြည်နိုင်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေခြင်း**

ဇူလိုင်၊ ၂၀၁၆

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၅၀၀ အုပ်

**မျက်နှာဖုံးပန်းချီ**

ဇော်မောင်

**အဖုံးဖလင်**

Eagle

**ကွန်ပျူတာစာစီ**

Dream City

**စာအုပ်ချုပ်**

ငွေအိမ်စည်

**တန်ဖိုး**

၄၀၀၀ ကျပ်

**ဦးဝင်းချို (မှုဝံစာအုပ်တိုက်)** ၀၀၉၇၅၊ အမှတ် ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ **ဒေါ်ချိုချိုအေး (မှုဝံပုံနှိပ်တိုက်)** ၀၀၈၂၅၊ အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၌ မျက်နှာဖုံးနှင့် အတွင်းစာသားများကို ရိုက်နှိပ်ပါသည်။

၈၃၅.၈၃

ကြည်နိုင်

မြန်မာ့သမိုင်း ပုံပြင်ပုံရိပ်များ/

ကြည်နိုင်။ - ရန်ကုန်။

မှုဝံစာပေ၊ ပထမအကြိမ်၊ ၂၀၁၆

၄၈၂ - စာ၊ ၁၃.၇ x ၂၁.၅ စင်တီ။

(၁) မြန်မာ့သမိုင်း ပုံပြင်ပုံရိပ်များ

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့သမိုင်း ပုံပြင်ပုံရိပ်များ

ကြည်နိုင်

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဥ စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ


| | | |
|---|---|---|
| ၂၄၉။ | ရွှေဥဒေါင်း ပင်တိုင်ဇာတ်ကောင်ဝတ္ထုများ (ပထမအကြိမ်စုစည်းမှု) | ရွှေဥဒေါင်း |
| ၂၅၀။ | ဂျပန်ရိုးရာပုံပြင်များ | ခင်မောင်တိုး (မိုးမိတ်) |
| ၂၅၁။ | ဧရာဝတီထဲက မန္တလေး | ဆူးငှက် |
| ၂၅၂။ | အပင်များ | မောင်တင်ဦး (ရုက္ခ) |
| ၂၅၃။ | ပညာမိုး စာစီစာကုံး | ဒေါက်တာမိုးဟိန်းဇော် |
| ၂၅၄။ | အောင်မြင်သော သစ်ခွစိုက်ပျိုးရေး (ဒုတိယအကြိမ်) | နေမျိုးနိုင် |
| ၂၅၅။ | ကမ်းလှည့် ဆွတ်မိ (ဒုတိယအကြိမ်) | မိချမ်းဝေ |
| ၂၅၆။ | စုံထောက်မောင်စံရှား မှုကွဲဝတ္ထုတိုများ | ရွှေဥဒေါင်း |
| ၂၅၇။ | မယိုင်ဘူး ခိုင်လိုက်တာမှ လွန်သာသွားရော | မောင်သစ်လွင် (လူထု) |
| ၂၅၈။ | ပုံတူ မန္တလေး | ဆူးငှက် |
| ၂၅၉။ | ဒီမိုကရေစီ မြတ်နိုးသူများသို့ စာပေလက်ဆောင် | စန္ဒာဆွေ |
| ၂၆၀။ | စည်းကုံးကြိုး | ခင်ခင်ထူး |
| ၂၆၁။ | မမရေချယ် (ဒုတိယအကြိမ်) | တင်မောင်မြင့် |
| ၂၆၂။ | မော်ဖိနပ်ရှင်နှင့် ညီနောင်များ (တတိယအကြိမ်) | ကြည်နိုင် |
| ၂၆၃။ | တော်စတွိုင်းပုံပြင်များ (တတိယအကြိမ်) | မောင်ခေတ်ထွန်း |
| ၂၆၄။ | နေခြည်လင်းစေ ပန်းသင်းစေ (ကလေးစာပေ အတွေးစာစု) | မင်းချမ်းမွန် |
| ၂၆၅။ | မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး | တက္ကသိုလ်စိန်တင် |
| ၂၆၆။ | ဆည်းဆာအချစ် | ဖြေ (ဆေး-၂) |
| ၂၆၇။ | ဘဝတည်ဆောက်ရေး အတွေးအုတ်မြစ်များ-၃ | မြတ်ငြိမ်း |
| ၂၆၈။ | ရှေးက မြန်မာနှင့် လူနှင့် လောကစံ | မောင်ဟုန်ဝမ် (ကထိက) |
| ၂၆၉။ | မိုးသစ်တောများ | မောင်တင်ဦး (ရုက္ခ) |
| ၂၇၀။ | တစ်သံ နှစ်သံ သုံး လေးသံ (မြန်မာဘာသာစကားအကြောင်း စာစု) | မောင်ခင်မင် (ဓနုဖြူ) |
| ၂၇၁။ | သံယောဇဉ်ကမ်းခြေ | တင်မောင်မြင့် |
| ၂၇၂။ | လူနှင့် နေအိမ် အန္တရာယ်ကင်းရှင်းရေး | နေစိုးလှိုင် |
| ၂၇၃။ | ငှက်၏ကောင်းကင်နှင့် အခြားဝတ္ထုတိုများ | ဆူးငှက် |
| ၂၇၄။ | အရှေ့တောင်အာရှ ဝတ္ထုတိုများ | သစ်ဦးဇင် |


**ယခု**


| | | |
|---|---|---|
| ၂၇၅။ | မြန်မာ့သမိုင်း ပုံပြင်ပုံရိပ်များ | ကြည်နိုင် |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | က |


BURMESE CLASSIC

### တကောင်းနှင့် သရေခေတ္တရာခေတ်


| | | |
|---|---|---|
| ၁။ | အဘိရာဇာနှင့် သားနှစ်ပါး | ၃ |
| ၂။ | နဂါးနိုင်မင်း မောင်ပေါက်ကျိုင်း | ၆ |
| ၃။ | စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ | ၁၀ |
| ၄။ | ဒွတ္တဘောင်မင်းကြီး | ၁၃ |
| ၅။ | ပျူစောထီးမင်း | ၁၅ |
| ၆။ | ငတပါးမင်း | ၁၉ |
| ၇။ | မင်းမဟာဂီရိ | ၂၁ |


### ပုဂံခေတ်


| | | |
|---|---|---|
| ၈။ | စလေငခွေး | ၂၅ |
| ၉။ | တောင်သူကြီးမင်း | ၂၈ |
| ၁၀။ | ကွမ်းဆော်ကျောင်းဖြူမင်း | ၃၁ |
| ၁၁။ | စုက္ကတေးမင်း | ၃၃ |
| ၁၂။ | အနော်ရထာမင်းကြီး | ၃၅ |
| ၁၃။ | အနော်ရထာမင်း၏ သူရဲကောင်းလေးယောက် | ၃၈ |


www.burmeseclassic.com

www.burmeseclassic.com

၁၄။ အနော်ရထာမင်းနှင့် ရှင်အရဟံ ၄၁
၁၅။ စောလူးနှင့်ငရမန် ၄၃
၁၆။ ကျန်စစ်သားမင်း ၄၆
၁၇။ ရာဇကုမာရမင်းသား ၄၉
၁၈။ အလောင်းစည်သူမင်းကြီး ၅၁
၁၉။ နရသူမင်းနှင့် ပုံသကူမထေရ် ၅၄
၂၀။ ညီနောင်နှစ်ဦးကြားက ဝေဠုဝတီ ၅၇
၂၁။ နရပတိစည်သူနှင့် အနန္တသူရိယအမတ်ကြီး ၆၀
၂၂။ စွမ်းသတ္တိရှင်ရန်မန်ငထွေး ၆၃
၂၃။ နားတောင်းများမင်းခေါ် ဇေယျသိင်္ခမင်း ၆၅
၂၄။ ကျစွာမင်းကြီးနှင့် သံပျင်မင်းသမီး ၆၈
၂၅။ ဥဇနာမင်း ၇၁
၂၆။ သီဟသူ၊ ရာဇသင်္ကြန်နဲ့ မင်းခွေးချေး ၇၄
၂၇။ ရာဇသင်္ကြန်မှတ္တမကို အောင်မြင်ခြင်း ၇၈
၂၈။ သူရဲကောင်းအုတ်လှ ၈၂
၂၉။ နရသီဟပတေ့နှင့် မိဖုရားများ ၈၆
၃၀။ နရသီဟပတေ့နှင့် ပြည်စားသီဟသူ ၈၉
၃၁။ တရုတ်စစ်နှင့် တရုတ်ပြေးမင်း ၉၁
၃၂။ ငြိမ်းချမ်းရေးခရီးသည် ၉၅
၃၃။ နရသီဟပတေ့နှင့် မိဖုရားစော ၉၉
၃၄။ မိဖုရားစောနှင့် ရှမ်းညီနောင်သုံးဦး ၁၀၃
၃၅။ ဝါရီရူးဘွဲ့ခံမဂဒူးမင်း ၁၀၆
၃၆။ တစ်စီးရှင်သီဟသူ ၁၁၀
၃၇။ တစ်စီးရှင်၏ ဖခင်ဉာဏ် ၁၁၄
၃၈။ မင်းကြီးဥဇနာနှင့် ငါးစီးရှင်ကျော်စွာ ၁၁၆
၃၉။ ငါးစီးရှင်နှင့် ရှင်ယောင်တစ်ယောက်အကြောင်း ၁၁၈
၄၀။ ကျေးဇူးသိသော ခင်ညို ၁၂၀

www.burmeseclassic.com

www.burmeseclassic.com

# အင်းဝခေတ်


| | | |
|---|---|---|
| ၄၁။ | သတိုးမင်းဖျား | ၁၂၅ |
| ၄၂။ | သူခိုးကြီးငတက်ပြား | ၁၂၉ |
| ၄၃။ | တွင်းသင်းစား ငနုနှင့် စောဥမ္မာ | ၁၃၂ |
| ၄၄။ | မရှယ်ဘဲ စော်ကဲမင်းဖြစ် | ၁၃၄ |
| ၄၅။ | ရမည်းသင်းစားသီလဝ | ၁၃၇ |
| ၄၆။ | ဝန်ဇင်းမင်းရာဇာ | ၁၄၀ |
| ၄၇။ | ဝန်ဇင်းမင်းရာဇာစည်းတစ်ပြစ် ဘွဲ့ရခြင်း | ၁၄၂ |
| ၄၈။ | ကလေးနှင့် မိုးညှင်းအရေး မင်းရာဇာလျှောက်တင်ခြင်း | ၁၄၄ |
| ၄၉။ | တိုင်းရေးပြည်ရေးနှင့် စည်းတစ်ပြစ်၏ အကြံဉာဏ် | ၁၄၆ |
| ၅၀။ | ကျည်းဦးဗောင်းနှင့် ပတ်သက်၍ စည်းတစ်ပြစ်လျှောက်ချက် | ၁၄၉ |
| ၅၁။ | ပညာရှိစပါး မနာယူမိသဖြင့် အမှားတွေ့ရပုံ | ၁၅၂ |
| ၅၂။ | မွန်မင်းရာဇာဓိရာဇ်နှင့် စစ်ဖြစ်ခြင်း | ၁၅၅ |
| ၅၃။ | ဆင်းမြို့တိုက်ပွဲ | ၁၅၉ |
| ၅၄။ | မီးမသေသော်လည်း ရေနှောက်ရပြီ | ၁၆၁ |
| ၅၅။ | စစ်နှင့်ငြိမ်းချမ်းရေး | ၁၆၅ |
| ၅၆။ | သိုဟန်ဘွားအရေး | ၁၆၈ |
| ၅၇။ | ဘုရင်မင်းခေါင် | ၁၇၁ |
| ၅၈။ | မင်းခေါင်အမေး၊ စည်းတပြစ်အဖြေ | ၁၇၄ |
| ၅၉။ | စစ်သူကြီးမင်းရဲကျော်စွာ | ၁၇၈ |
| ၆၀။ | အုန်းပေါင်စော်ဘွားအရေး မင်းရာဇာလျှောက်ချက် | ၁၈၁ |
| ၆၁။ | မင်းကံစီ | ၁၈၃ |
| ၆၂။ | မွန်ဧကရာဇ် ရာဇာဓိရာဇ် | ၁၈၄ |
| ၆၃။ | မွန်ပညာရှိ အမတ်ဒိန် | ၁၉၀ |
| ၆၄။ | အမတ်ဒိန်နဲ့ ဘုရင်မင်းခေါင် | ၁၉၂ |
| ၆၅။ | အမတ်ဒိန်ဆုံးဖြတ်တဲ့ မိကျောင်းတရား | ၁၉၄ |


www.burmeseclassic.com

www.burmeseclassic.com


၆၆။ အမတ်ဒိန်ဆုံးဖြတ်တဲ့ သားသတ်မှု ၁၉၅
၆၇။ အမတ်ဒိန်ဆုံးဖြတ်တဲ့ လက်ကောက်အမှု ၁၉၇
၆၈။ မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ စစ်ပြင်ခြင်း ၁၉၉
၆၉။ ပင်းယစကြိုသူမြတ် ၂၀၁
၇၀။ ဘုရင်မင်းခေါင်၏ မင်းစိတ်မင်းမာန် ၂၀၄
၇၁။ ဘတစ်ပြန် ကျားတစ်ပြန် ၂၀၆
၇၂။ မင်းနှစ်ပါးချစ်ကြည်ရေးနှင့် ပညာရှိနှစ်ဦးတွေ့ဆုံပွဲ ၂၁၁
၇၃။ မင်းခေါင်နှင့် ရှင်သိဒ္ဓတ် ၂၁၅
၇၄။ နောက်တစ်ချီလာပြန်ချေသေး ၂၁၉
၇၅။ မွန်-မြန်မာ သစ္စာပြုပွဲ ၂၂၂
၇၆။ အာဏာ၊ သံယောဇဉ်နှင့် ကံကြမ္မာ ၂၂၄
၇၇။ မွန်သူရဲကောင်း လဂွန်းအိမ်ရဲ့ ဆုလာဘ် ၂၂၇
၇၈။ လဂွန်းအိမ်ရဲ့ အချစ်စမ်းပွဲ ၂၃၀
၇၉။ လဂွန်းအိမ်၏ စွန့်စားခန်း ၂၃၂
၈၀။ ဘုရင်မင်းခေါင်တပ်ဆုတ်ခြင်း ၂၃၀
၈၁။ ဆင်ကဲနဲ့ ရှင်ဘိုမယ် ၂၃၆
၈၂။ ဘုရင့်သောကနှင့် မင်းရာဇာ လျှောက်ထုံး ၂၃၈
၈၃။ မင်းရဲကျော်စွာနှင့် လဂွန်းအိမ်အားစမ်းပွဲ ၂၄၀
၈၄။ သမိန်ဗရမ်းနှင့် ဂါမဏိ စီးချင်းထိုးပွဲ ၂၄၄
၈၅။ အဲမွန်ဒရာ၏ လှည့်ဖြားဉာဏ် ၂၄၈
၈၆။ ဆင်လိမ္မာ ဗကမတ် ၂၅၂
၈၇။ ဒလတိုက်ပွဲကြီး ၂၅၅
၈၈။ မြန်မာတို့ရဲ့ ဓာတ်မာန် ၂၅၉
၈၉။ စစ်ဘုရင်တို့ရဲ့ နေဝင်ချိန် ၂၆၃
၉၀။ စစ်နဲ့အချစ်ကြားက သီဟသူ ၂၆၅
၉၁။ ဆင်ဖြူရှင်သီဟသူနဲ့ ရှင်ဘိုမယ်ရဲ့ ကြံစည်ချက်များ ၂၆၈
၉၂။ မိုးညှင်းသတိုး ၂၇၀
၉၃။ ရာဇသင်္ကြန်နှင့် ပုခန်းရဲမက် (၃) ဦး ၂၇၃


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၉၄။ | ဘယဂါမဏိ | ၂၇၆ |
| ၉၅။ | သူရဲကောင်းပေါက်လှ | ၂၇၈ |
| ၉၆။ | ဘုရင်မကြီးရှင်စောပု | ၂၈၀ |
| ၉၇။ | ဓမ္မစေတီမင်း | ၂၈၃ |
| ၉၈။ | မွန်ပညာရှိ အမတ်သမိန်ဗရမ်း | ၂၈၅ |
| ၉၉။ | သမိန်ဗရမ်းနဲ့ စလုံကျော်ခေါင် စီးချင်းထိုးပွဲ | ၂၈၈ |
| ၁၀၀။ | ပဥ္စလက်သေတ္တာကြီး | ၂၉၂ |
| ၁၀၁။ | မင်းညီတုံးနှင့် လူဝံကြီးတိုက်ပွဲ | ၂၉ |
| ၁၀၂။ | သစ္စာရှိသူနှင့် သစ္စာမဲ့သူ | ၂၉၆ |
| ၁၀၃။ | ဒုတိယမင်းခေါင် | ၂၉၉ |
| ၁၀၄။ | ရွှေနန်းကြော့ရှင်နရပတိ | ၃၀၁ |
| ၁၀၅။ | သိုဟန်ဘွားနှင့် မင်းကြီးရန်နောင် | ၃၀၄ |

## ဒုတိယမြန်မာနိုင်ငံ

| | | |
|---|---|---|
| ၁၀၆။ | မင်းတရားရွှေထီး | ၃၀၉ |
| ၁၀၇။ | မင်းတရားရွှေထီး ဟံသာဝတီသို့ စစ်ချီခြင်း | ၃၁၁ |
| ၁၀၈။ | ဘုရင့်နောင်ရဲ့ နောင်ရိုးတိုက်ပွဲ | ၃၁၄ |
| ၁၀၉။ | ပြည်လှေတပ်တိုက်ပွဲ | ၃၁၇ |
| ၁၁၀။ | မုတ္တမတိုက်ပွဲကြီး | ၃၂၀ |
| ၁၁၁။ | ပြည်မြို့သိမ်းတိုက်ပွဲကြီး | ၃၂၃ |
| ၁၁၂။ | စော်ဘွားတပ်ပေါင်းစုကို ဖြိုခွင်းခြင်း | ၃၂၆ |
| ၁၁၃။ | စည်သူကျော်ထင်နှစ်ယောက် စီးချင်းတိုက်ပွဲ | ၃၂၉ |
| ၁၁၄။ | မင်းတရားရွှေထီးနှင့် ရခိုင်အရေး | ၃၃၁ |
| ၁၁၅။ | မင်းတရားရွှေထီးယိုးဒယားသို့ စစ်ချီခြင်း | ၃၃၄ |
| ၁၁၆။ | အပေါင်းများ၍ အသက်ဆုံးရပုံ | ၃၃၆ |
| ၁၁၇။ | ဘုရင့်နောင် (ခေါ်) ဆင်ဖြူများရှင် မင်းတရား | ၃၃၈ |
| ၁၁၈။ | ဆင်ဖြူများရှင်၏ နန်းတက်စတိုက်ပွဲများ | ၃၄၂ |
| ၁၁၉။ | ဆင်ဖြူများရှင်နှင့် သမိန်တောရာမ စီးချင်းထိုးပွဲ | ၃၄၅ |
| ၁၂၀။ | ဆင်ဖြူများရှင်နှင့် သမိန်ထောလိုက်တမ်း ပြေးတမ်း | ၃၄၇ |


www.burmeseclassic.com

www.burmeseclassic.com

၁၂၁။ သမိန်ထောရာမ၏ ထူးဆန်းသော အတွေ့အကြုံများ ၃၅၀
၁၂၂။ ဆင်ဖြူများရှင်ရဲ့ ဆက်တိုက် တိုက်ပွဲများ ၃၅၃
၁၂၃။ ဆင်ဖြူများရှင်နှင့် ယိုးယားအရေး ၃၅၆
၁၂၄။ ဆင်ဖြူများရှင် ဒုတိယအကြိမ် ယိုးဒယားသို့ချီခြင်း ၃၅၉
၁၂၅။ ဆင်ဖြူများရှင် သီဟိုဠ်သို့ စစ်သည်သူရဲများ စေလွှတ်ခြင်း ၃၆၂
၁၂၆။ သစ္စာကြီးသော ပေါလသိုင်းစား ၃၆၄
၁၂၇။ သဘောထားကြီးသော ဆင်ဖြူများရှင် ၃၆၇
၁၂၈။ စကားတောင်စား ၃၆၉
၁၂၉။ ဗညားဒလနှင့် စကားတောင်စား ၃၇၁
၁၃၀။ ရခိုင်ဘုရင်နှင့် စကားတောင်စား ၃၇၄
၁၃၁။ ဆင်ဖြူများရှင် အင်္ဂပတ်ပြည်သို့ တမန်စေခြင်း ၃၇၆
၁၃၂။ နန္ဒဘုရင်နှင့် သတိုးမင်းစော စီးချင်းတိုက်ပွဲ ၃၇၉
၁၃၃။ မြနရစ်နှင့် မဟာဥပရာဇာ စီးချင်းတိုက်ပွဲ ၃၈၂
၁၃၄။ ဇေဝင်ကာ (ခေါ်) ဒီဗရစ်တိုနှင့် အနောက်ဖက်လွန်မင်း ၃၈၅
၁၃၅။ အနောက်ဘက်လွန်မင်းနှင့် ရှင်တစ်ဆူလူတစ်ယောက် ၃၈၈
၁၃၆။ သာလွန်မင်းနှင့် မင်းရဲဒိဗ္ဗ ၃၉၁
၁၃၇။ သာလွန်မင်းက ဆင်းရဲသူနှင့် သမီးတော်ကို ဆုံးမခြင်း ၃၉၄
၁၃၈။ ဗညားကျန်းတောနှင့် ဆင်းရဲသားတစ်ယောက် ၃၉၅
၁၃၉။ ဗညားကျန်းတောနှင့် ဆီသည်မ ၃၉၇
၁၄၀။ ဗညားကျန်းတောနှင့် တံခါးမှူးနှစ်ဦး ၃၉၈

## ဒုတိယမြန်မာနိုင်ငံကြီး ပျက်စီးခြင်း

၁၄၁။ ပင်းတလဲ ယိုယွင်း ပြည်မင်း အဖတ်ဆည် ၄၀၃
၁၄၂။ ပြည်မင်းနောက်ပိုင်း အခြေအနေများ ၄၀၆

## ကုန်းဘောင်ခေတ်

၁၄၃။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ၄၁၁

www.burmeseclassic.com

www.burmeseclassic.com

၁၄၄။ အလောင်းမင်းတရားကြီးနှင့် ဥရောပတိုက်သားများ ၄၁၅
၁၄၅။ နောင်တော်ကြီး (ခေါ်) ဒီပဲယင်းမင်း ၄၁၉
၁၄၆။ ဆင်ဖြူရှင်၊ ခေါ် မြေဒူးမင်း ၄၂၂
၁၄၇။ စဥ့်ကူးမင်းနှင့် ဖောင်းကားစားမောင်မောင် ၄၂၅
၁၄၈။ ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်း ၄၂၈
၁၄၉။ ဘကြီးတော် (ခေါ်) စစ်ကိုင်းမင်း ၄၃၂
၁၅၀။ သာယာဝတီမင်းနှင့် ပုဂံမင်း ၄၃၆
၁၅၁။ မင်းတုန်းမင်း ၄၃၉
၁၅၂။ သီပေါမင်း ၄၄၄
၁၅၃။ စစ်သူကြီး မဟာဗန္ဓုလ ၄၉
၁၅၄။ ယောမင်းကြီးဦးဘိုးလှိုင် ၄၅၃
၁၅၅။ ကင်းဝန်မင်းကြီး ဦးကောင်း ၄၅၇

လွတ်လပ်ရေးဗိသုကာ

၁၅၆။ ဗိုလ်ချုပ်အောင်ဆန်း ၄၆၃
- နောက်ဆက်တွဲ စာကိုးစာရင်း

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းရာဇဝင်များကို
ငယ်စဉ်အခါက ပုံပြင်သဖွယ်ပြောပြခဲ့သော
လက်ပံတန်းမြို့နယ်၊ နတ်စင်ကုန်းကျေးရွာမှ
အဘွားပန်းညှာသို့

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

ကျွန်တော်သည် သမိုင်းပညာရှင်တစ်ဦးမဟုတ်ပါ။ သို့သော် သမိုင်းကို စိတ်ဝင်စားပါသည်။ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတို့ထဲတွင် စိတ်ဝင်စားဖွယ် စိတ်လှုပ်ရှားဖွယ်များစွာ ပါဝင်နေပါသည်။

သမိုင်းထဲတွင် အတုယူစံပြုစရာ ပုဂ္ဂိုလ်များ၊ လုပ်ဆောင်ချက်များ ပါဝင်သကဲ့သို့၊ သင်ခန်းစာယူဖွယ်များလည်း ပါဝင်ပါသည်။ အနော်ရထာ၊ ကျန်စစ်သားတို့ကဲ့သို့ မင်းကောင်းမင်းမြတ်များအကြောင်း၊ နိုင်ငံအတွက် ဆောင်ရွက်ချက်များ ပြည်သူ့အရေး ရှေးရှုလုပ်ဆောင်ချက်များ တွေ့ရသကဲ့သို့ စလေမင်းခွေးတို့လို ပြည်သူကို နှိပ်စက်သော မင်းဆိုးမင်းညစ်များကိုလည်း တွေ့ရပါသည်။ ရှင်အရဟံကဲ့သို့ ကြည်ညိုဖွယ်သာသနာပြုပုဂ္ဂိုလ်များကို တွေ့ရပြီး သိုဟန်ဘွား၊ ဒီဗရစ်တို (ခေါ်) ငဇင်ကာတို့လို သာသနာဖျက်များ အကြောင်းလည်း သင်ခန်းစာယူဖွယ်၊ ရှုတ်ချဖွယ် တွေ့ရပါသည်။

သမိုင်းရာဇဝင်ထဲတွင် ရာဇကုမာရ သားကောင်းသားမြတ်များကို တွေ့သိကြည်နူးရသကဲ့သို့ နရသူမင်းလို ထီးနန်းစည်းစိမ် အာဏာရမှုကို ငမ်းငမ်းတက်ကာ ဖခင်ကိုပင် သတ်ဖြတ်လုပ်ကြံခဲ့သော သားဆိုးသားညစ်မျိုးကိုလည်း ရှုတ်ချဖွယ်၊ သင်ခန်းစာယူဖွယ် တွေ့ရပါသည်။

မိမိအရှင်အတွက် မိမိအသက်ကို မငဲ့ကွက်ဘဲ သစ္စာတရားစောင့်ထိန်းသူများကို တွေ့ရသကဲ့သို့ ချီးမြှင့်မြှောက်စားကာ စောင့်ရှောက်ခဲ့သည့် ကျေးဇူးကိုမထောက်ဘဲ မိမိကိုယ်ကျိုးကိုသာ ကြည့်တတ်သည့် သစ္စာမဲ့သူများ ကိုလည်း တွေ့ရတတ်ပါသည်။ ထို့ပြင် စစ်တိုက်ရမှ နေသာထိုင်သာရှိသော မင်းခေါင်နှင့်ရာဇာဓိရာဇ်တို့လို ပြည်တွင်းစစ်မီးမွှေးသူ စစ်ဘုရင်များကို

www.burmeseclassic.com



တွေ့ရသကဲ့သို့ ပင်းယစကြိုသူမြတ်လို၊ ရှင်ဒိသာပါမောက္ခလို တိုင်းပြည်ငြိမ်းချမ်းရေးအတွက် စွမ်းဆောင်ကြသော ရဟန်းပုဂ္ဂိုလ်များကိုလည်း ကြည်ညိုဖွယ်တွေ့ရပါသည်။

ဝန်ဇင်းမင်းရာဇာလို၊ အမတ်ဒိန်လို၊ မဟာပညာကျော်လို၊ ရာဇသကြိန်တို့လို ပညာရှိပုဂ္ဂိုလ်များ၏ စကားများ၊ အကြံဉာဏ်များ၊ ဩဝါဒများကိုလည်း မှတ်သားဖွယ် ထိတွေ့ရပါသည်။

"သမိုင်းသင်တာ မအအောင်လို့" ဆိုသည့် ဆရာကြီးဒေါက်တာသန်းထွန်း၏ စကားတစ်ခွန်းကိုလည်း နားထဲစွဲနေပါသည်။

ကျွန်တော် ငယ်စဉ်က အဘွားရင်ခွင်တွင် သမိုင်းပုံပြင်များကို ညစဉ်နားဆင်ကြည်နူးခဲ့ရ၊ အားတက်ဝမ်းမြောက်ခဲ့ရပါသည်။ ကျွန်တော်ကဲ့သို့ မြန်မာ့သမိုင်း ရာဇဝင်ကို ပုံပြင်သဖွယ်၊ ပုံရိပ်သဖွယ် ဖတ်ရှုကာ သုတပွားစေလိုသော ဆန္ဒ၊ စိတ်ဓာတ်ရင့်ကျက်စေလိုသော ဆန္ဒဖြင့် ကလေးသူငယ်၊ လူငယ်များအတွက် ရည်ရွယ်ကာ ဤစာအုပ်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် သမိုင်းပုံရိပ်ရှေ့ပိုင်းခေတ်များကို မြန်မာသက္ကရာဇ်ဖြင့် ဖော်ပြထားပြီး ကုန်းဘောင်ခေတ်ပုံရိပ်ကို ခရစ်နှစ်ဖြင့် ဖော်ပြထားပါသည်။ (မြန်မာသက္ကရာဇ်အား ခရစ်နှစ်ပြောင်းလိုသော် (၆၃၈) ကို ပေါင်းထည့်ပါက ခရစ်နှစ်ကို သိနိုင်ပါသည်။)

ကျောင်းသူကျောင်းသားများ မြန်မာ့သမိုင်းကို စိတ်ဝင်စားကာ အကျယ်ဖတ်ရှုလိုသူများအတွက် စာကိုးစာရင်းကိုလည်း ဤစာအုပ်အဆုံးတွင် တင်ပြထားပါသည်။ မိမိရင်သွေးများအား တစ်ဆင့်ပြန်ပြောပြနိုင်ဖို့ မိဘများကိုလည်း ဖတ်ကြည့်စေချင်ပါသည်။ ဤစာအုပ်ကို ဖတ်မိလျှင် မြန်မာ့သမိုင်းရာဇဝင်ကို တီးမိခေါက်မိရှိလာကာ သုတပွားများနိုင်ကြောင်း ယုံကြည်စွာ တင်ဆက်လိုက်ပါသည်။

အစဉ်လေးစားလျက်
ကြည်နိုင်
၈-၉-၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

# တကောင်းနှင့် သရေခေတ္တရာခေတ်

www.burmeseclassic.com

www.burmeseclassic.com

## အဘိရာဇာနှင့် သားနှစ်ပါး

ကလေးတို့ရေ…

မြန်မာနိုင်ငံမှာ တကောင်းပြည်ကို စတင်တည်ထောင်တဲ့ အဘိရာဇာမင်းကြီးဆိုတာ ရှိခဲ့လေတယ်။ "တကောင်းအဘိရာဇာ" လို့လည်း အမည်တွင်သတဲ့။ တကောင်းမြို့ဆိုတာ မြန်မာပြည်မြောက်ပိုင်းမှာ ရှိလေတယ်။ မန္တလေးမြို့ကနေ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်သွားရင် မြစ်ရဲ့အရှေ့ဘက်ကမ်းမှာ ရှိသတဲ့။

တကောင်းမှာ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားတို့ နေထိုင်ခဲ့ကြတယ်။

အဘိရာဇာမင်းကြီးဟာ သာကီဝင်မင်းမျိုး ဖြစ်တယ်။ အနောက်ဘက် အိန္ဒိယနိုင်ငံ ကပိလဝတ်ပြည်ဘက်ကနေ စစ်ရှောင်ရင်း မြန်မာနိုင်ငံတွင်း ရောက်လာတယ်လို့ဆိုတယ်။ အဘိရာဇာမင်းကြီးမှာ ကံရာဇာကြီးနဲ့ ကံရာဇာငယ်ဆိုတဲ့ သားတော်နှစ်ပါး ရှိလေတယ်။

အဘိရာဇာမင်းကြီး အနိစ္စရောက်တဲ့အခါ သားတော်နှစ်ပါးဟာ ထီးနန်းကို သူရထိုက်၊ ငါရထိုက် ငြင်းခုံကာ နန်းလုကြသတဲ့။ အဲဒီအခါ ကံရာဇာကြီးဘက်က ရဲမက်စစ်သည်တွေကလည်း ဓားလှံလေးမြား လက်နက်ပြင်ကြတယ်။ ကံရာဇာငယ်ဘက်က စစ်သည်ရဲမက်တွေကလည်း အလားတူ လက်နက်ပြင်ပြီး နှစ်ဖက်တိုက်ဖို့ ပြင်ကြလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ မှူးကြီးမတ်ရာ သေနာပတိတို့က တင်လျှောက်ကြတယ်။ "အရှင့်သားတို့၊ လက်နက်ဆင်မြင်းနဲ့ စစ်ပြိုင်တိုက်ခိုက်ကြရင် သွေးချောင်းစီးကာ ပြည်သူတွေလည်း သားတစ်ကွဲ မယားတစ်ကွဲ ဆင်းရဲဒုက္ခရောက်ကြပါလိမ့်မယ်။ တိုင်းပြည်နစ်နာဖို့သာ ရှိပါတယ်။ ဒါကြောင့် လက်နက်လေးမြားနဲ့ စစ်မထိုးဘဲ ကုသိုလ်စစ်သာ ထိုးကြပါလို့ တင်လျှောက်လေတယ်။

မင်းသားညီနောင်တို့ကလည်း "ကုသိုလ်စစ်ဆိုတာ ဘယ်လိုမျိုးလဲ" လို့ မေးမြန်းတဲ့အခါ မှူးမတ်များက တိုင်ပင်ထားတဲ့အတိုင်း- "အရှင့်သားတို့ မဏ္ဍပ်တစ်ဆောင်နဲ့ ဘုရားတစ်ဆူစီကို တစ်ညဥ့်အတွင်း အပြီးတည်ကြပါ။ အရင်ပြီးသူက ခမည်းတော်မင်းကြီးရဲ့ ထီးမွေနန်းမွေကို ဆက်ခံတော်မူပါ" လို့ မှူးမတ်များက တစ်ညီတည်း လျှောက်ကြလေတယ်။

အမှန်တော့ မင်းသားနှစ်ပါးရဲ့ ဉာဏ်ရည်ကို အကဲခတ်နိုင်ဖို့ မှူးမတ်တွေက စီစဥ်လိုက်ခြင်းသာ ဖြစ်ပေတယ်။

မင်းသား နှစ်ပါးလည်း သဘောတူတာကြောင့် တစ်ယောက်ကို တောင်တစ်လုံးစီ နေရာသတ်မှတ်ယူကြပြီး မဏ္ဍပ်ဆောက်၊ ဘုရားတည်ဖို့ စီမံကြသတဲ့။

နောင်တော် ကံရာဇာကြီးဟာ တောတောင်ထဲလှည့်ပြီး သစ်ကြီးဝါးကြီးများ ရှာစေတယ်။ တချို့ကိုလည်း မြစ်ထဲက သဲတို့၊ ကျောက်တို့ကို ရအောင်ယူစေလို့ စီစဥ်တယ်။ အဲဒါကြောင့် တစ်ညလုံး အချိန်ကုန်ကာ မဏ္ဍပ်လည်း မပြီးနိုင်။ ဘုရားစေတီဆောက်ဖို့လည်း အုတ်မြစ်အခြေကိုမျှ မပြီးနိုင်ရှိလေသတဲ့။

ညီတော်ကံရာဇာကတော့ အစစ်အမှန်ဆောက်ရင် တစ်ညတွင်း ဘယ်လိုမှ မပြီးနိုင်၊ ဉာဏ်ကူမှဖြစ်မယ်လို့ စဥ်းစားကာ လက်နိုင်ခြေနိုင် သစ်ဝါးတို့နဲ့သာ အမြန်ပြီးအောင် မဏ္ဍပ်ဆောက်လေတယ်။ ဘုရားစေတီကိုလည်း ဝါးကိုယက်ပြီး ပုံလုပ်ကာ အပေါ်က ဖျာပတ်၊ ဖျင်ဖြူရစ်ကာ မွှမ်းမံပြီး ထုံးဖြူသုတ်လို့ ထီးတင်ထားလေတယ်။

နံနက်မိုးလင်းလို့ မှူးမတ်သေနာပတိတွေနဲ့ နန်းတွင်းသူ၊ နန်းတွင်းသားတို့ လှမ်းမျှော်ကြည့်ကြတဲ့အခါ ညီတော်ကံရာဇာငယ်ရဲ့ တောင်ထိပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သာ မဏ္ဍပ်ကြီးနဲ့ စေတီတော်ကို မြင်ကြရသတဲ့။ နောင်တော် ကံရာဇာကြီးနဲ့ တောင်ထိပ်မှာတော့ ပန္နက်သဲအုတ်မြစ်ကိုတောင်မှ ကောင်းစွာမမြင်ရဘဲ ရှိသတဲ့။

နောင်တော့် ကံရာဇာကြီးက "ငါ့ညီဟာ ဘုန်းရှင် ကံရှင် ဖြစ်လေတယ်" လို့ မိန့်တော်မူကာ ညီတော်အား ထီးနန်းလွှဲခဲ့လေတယ်။ လွှဲပြီးတဲ့အခါ နောင်တော်ကံရာဇာကြီးဟာ နောက်လိုက် ဆင်၊ မြင်းဗိုလ်ပါ အများနဲ့ ဖိုးခေါင်တစ်ရိုးကို ကျော်ဖြတ်ပြီး ရခိုင်ပြည်ဘက် ထွက်ခွာသွားသတဲ့။

နောင်တော်ကံရာဇာကြီး ရခိုင်ပြည်ရောက်တဲ့အခါ ရခိုင်နန်းရိုး သာကီဝင်မျိုးဆက် မင်းသမီး သုနန္ဒရီနဲ့ ညီအစ်မနှစ်ပါးကို မိဖုရားမြှောက်ကာ ထီးနန်းစိုးစံလေတယ်။ ဓညဝတီမြို့သစ်ကိုလည်း တည်တော်မူလေတယ်။ မျိုးဆက်လည်း ဆက်လက်ပွားစည်လေတယ်။ ညီတော် ကံရာဇာငယ် မင်းကြီးလည်း တကောင်းပြည်တွင် စံတော်မူရစ်ကာ သူ့ရဲ့သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ မျိုးဆက်တို့ဟာ အရှေ့ဘက်ရှမ်းပြည်များမှာလည်းကောင်း၊ တောင်ဘက် ဗမာနိုင်ငံအတွင်းမှာလည်းကောင်း ဆက်လက်အုပ်စိုးကာ နေကြလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## နဂါးနိုင်မင်း မောင်ပေါက်ကျိုင်း

ကလေးတို့ရေ…

တကောင်းပြည်ကြီးမှာ အဘိရာဇာမင်းကြီးက စလို့ မင်း (၃၃) ဆက် အုပ်စိုးခဲ့သတဲ့။ အလွန်ရှေးကျတဲ့ကာလ ဖြစ်တာမို့ တချို့အဖြစ်တွေဟာ နောက်လူတွေအတွက် ပုံပြင်ဆန်လာကြတယ်။ အခု ကလေးတို့ကို တကောင်းပြည်ကြီးမှာ အုပ်စိုးခဲ့တဲ့ မင်းတစ်ပါးဖြစ်တဲ့ နာဂရာဇာခေါ် နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းအကြောင်း ပြောပြမယ်နော်။

ဟိုးရှေးတုန်းက တကောင်းပြည်ကြီးမှာ မိဖုရားကြီးတစ်ပါး ရှိသတဲ့။ အဲဒီ မိဖုရားကြီးဟာ နဂါးကြီးတစ်ကောင်နဲ့ ချစ်ကြိုက်နေတယ်လို့ ကောလာဟလ ဖြစ်နေသတဲ့။ ရှင်ဘုရင်လုပ်သူဟာ မင်္ဂလာဦးကျမှာပဲ သေဆုံးကုန်သတဲ့။

အဲဒီလိုကာလမှာ မောင်ပေါက်ကျိုင်းက တက္ကသိုလ်ပြည်က ပညာသင်ပြီး ပြန်လာတယ်။ ပြန်လာနီးမှာ ဒိသာပါမောက္ခဆရာကြီးက စကားသုံးခွန်း သင်ပေးလိုက်တယ်။ ၁။ သွားပါများ ခရီးရောက်၊ ၂။ မေးပါများ စကားရ၊ ၃။ မအိပ်မနေ အသက်ရှည်တဲ့။ အဲဒီစကားသုံးခွန်း စွဲမြဲမှတ်သားလိုက်နာနိုင်ရင် ကြီးပွားတိုးတက်မယ်လို့ မှာလိုက်တယ်။

တစ်နေ့မှာတော့ မောင်ပေါက်ကျိုင်းဟာ တကောင်းပြည်ကြီးရောက်လာသတဲ့။ သွားပါများတော့ ခရီးရောက်ခဲ့ပြီပေါ့။ မေးပါများ စကားရဆိုတာ သတိရပြီး အဲဒီတိုင်းပြည်ရဲ့ အခြေအနေ စုံစမ်းကြည့်တော့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စုံ သိရတာပေါ့။ ဒါနဲ့ မောင်ပေါက်ကျိုင်းဟာ နန်းတော်က မှူးကြီးမတ်ရာတွေ့ဆုံလို့ ဘုရင်အဖြစ် တင်မြှောက်ခြင်းခံရတယ်။

ဘုရင်ဖြစ်လာတဲ့ မောင်ပေါက်ကျိုင်းဟာ ပေါ့ပေါ့လျော့လျော့ မနေဘူး။ ဒီတိုင်းပြည်မှာ ဘုရင်လုပ်တဲ့သူဟာ ညကျရင် ဘာကြောင့်သေဆုံးသွားရသလဲ။ သိချင်တာနဲ့ ကျွန်ယုံတစ်ဦးကို ငှက်ပျောတုံး ခုတ်ယူစေကာ နန်းတော်ထဲမှာ လျှို့ဝှက်ထားသတဲ့။ ညဦးမှာ အိပ်ချင်ယောင်ဆောင်နေပြီး မိဖုရား အိပ်ပျော်တာနဲ့ ငှက်ပျောတုံးကို လူနဲ့ တူအောင် ဖောင်ခြုံထားသတဲ့။ မောင်ပေါက်ကျိုင်းကိုယ်တိုင်ကတော့ သလွန်နဲ့ မနီးမဝေးမှာ သန်လျက်ကိုင်ပြီး စောင့်နေတာပေါ့။

ညသန်းခေါင်အချိန်ရောက်တော့ မိဖုရားနဲ့ ချစ်ကြိုက်နေတဲ့ နဂါးကြီးရောက်လာပါရော။ နဂါးကြီးဟာ မိဖုရားဘေးနားမှာ ရှိနေတဲ့ ငှက်ပျောတုံးကို လူစင်စစ်အောက်မေ့ပြီး တအားကုန်ပေါက်သတ်လိုက်သတဲ့။

အဲဒီလို ပေါက်သတ်လိုက်တော့ နဂါးကြီးနဲ့ အစွယ်နှစ်ခုဟာ ငှက်ပျောတုံးမှာ ငြိနေတာနဲ့ ပြန်ဖြုတ်လို့မရတော့ဘူး။ ဒီလိုဖြစ်နေတုန်း သန်လျက်ကိုင်ပုန်းနေတဲ့ မောင်ပေါက်ကျိုင်းဟာ ပြေးထွက်လာပြီး နဂါးကြီးကို ခုတ်ပိုင်းလိုက်လို့ နဂါးကြီး သေပါလေရော။ မအိပ်မနေ အသက်ရှည်ဆိုတာ တယ်မှန်ပါလားလို့ ဆရာကြီး မှာစကား အောက်မေ့ပြီး တက္ကသိုလ်ဆရာကြီးကို မှန်းပြီး ကန်တော့လိုက်သတဲ့။

မိဖုရားကြီးဟာ သူ့ချစ်သူ နဂါးကြီးသေသွားလို့ အခဲမကျေနိုင်ဘူးတဲ့။ ဒါကြောင့် ကျွမ်းကျင်သူတွေကို တိတ်တဆိတ်ခေါ်ပြီး နဂါးကြီးရဲ့ အရိုးကို ဆံထိုးလုပ်စေသတဲ့။ အသပြာတစ်ထောင်ပေးပြီး နဂါးကြီးရဲ့ အရေခွံကို ဆုတ်ခွာစေသတဲ့။ နောက် အသပြာတစ်ရာပေးပြီး နဂါးကြီးရဲ့ အရေခွံကို ခေါင်းအုံးချုပ်လုပ်စေသတဲ့။ အဲဒီလို လျှို့ဝှက်လုပ်ကိုင်ပြီးတော့မှ မောင်ပေါက်ကျိုင်းနဲ့ စကားထာဝှက်သတဲ့။ ဖြေနိုင်ရင် သူ့ကိုသတ်၊ မဖြေနိုင်ရင် သင့်အသက်ကို သတ်ရမတဲ့။

စကားထာက - "ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်တဲ့သူ အရိုး ဆံတိုးလုပ်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုစ္ဆာကို ရက် (၄၀) အတွင်း ဖြေရမယ်လို့ သဘောတူကြတယ်။ မောင်ပေါက်ကျိုင်းဟာ အဖြေကို အမျိုးမျိုးစဉ်းစားပေမယ့် ပေါ်မလာဘူး။ ဒါကြောင့် ငေးမှိုင်နေတာပေါ့ကွယ်။ မိဖုရားကြီးကတော့ နဂါးကြီးအတွက် လက်စားချေရတော့မယ်ဆိုပြီး ကျိတ်ဝမ်းသာနေတာပေါ့။

အဲဒီအချိန်မှာ မောင်ပေါက်ကျိုင်းရဲ့ အဖေနဲ့အမေဟာ သူတို့သား ဘုရင်ဖြစ်နေတယ်ကြားလို့ မေးမြန်းပြီး တကောင်းပြည်ထဲကို ရောက်လာသတဲ့။

ဒီလိုနဲ့လာလိုက်တာ ခရီးပန်းလို့ သစ်တစ်ပင်အောက်မှာ နားပြီး ပါလာတဲ့ ထမင်းထုပ်ကို ဖြေစားကြသတဲ့။ စားပြီးတော့ ထမင်းကျန်၊ ဟင်းကျန်ကို ငှက်တွေစားရအောင် စွန့်ပစ်ကျွေးလိုက်တယ်။ အဲဒီလိုနဲ့ အဘိုးအို၊ အဘွားအိုတို့ဟာ သစ်ပင်အောက်မှာ စားပြီးနားနေတုန်း သစ်ပင်ပေါ်က ကျီးဖို ကျီးမ အချီအချ စကားပြောသံကြားရသတဲ့။

"ကျီးဖိုရေ၊ ဒီနေ့အတွက်တော့ အစာစားလို့ ပြီးပြီ။ နက်ဖြန်အတွက် လိုသေးတယ်" လို့ ကျီးမက ပြောသတဲ့။ အဲဒီအခါ အဘိုးကြီးက အဘွားကြီးကို လက်တို့ပြီး ကျီးဖို ကျီးမစကား ဆက်နားစွင့်နေကြတာပေါ့ကွယ်။

ဒါနဲ့ ကျီးမက အကျိုးအကြောင်း ပြောပါဦးဆိုတော့ ကျီးဖိုက–

"ဒီလိုကွယ့်၊ မိဖုရားက သူ့လင်နဂါးကြီးကို မောင်ပေါက်ကျိုင်း သတ်လိုက်တာ မကျေနပ်လို့ နဂါးအရေခွံကို သပြာတစ်ထောင်ပေးပြီး ဆုတ်တယ်။ နောက်တစ်ရာပေးပြီး ချုပ်စေတယ်။ ပြီး နဂါးအရိုးကို ဆံထိုး လုပ်သတဲ့။ အဲဒါကို ပုစ္ဆာလုပ်ပြီးမေးတာ။ မောင်ပေါက်ကျိုင်းက မဖြေနိုင်ဘူးတဲ့"

အဲဒီလို ကျီးဖိုကျီးမပြောတာ အဘိုးအို၊ အဖွားဘိုတို့ကြားပြီး နန်းတော်ဆီ ခရီးဆက်ခဲ့သတဲ့။ ထင်တဲ့အတိုင်း နန်းတော်ရောက်တော့ မောင်ပေါက်ကျိုင်းဟာ ငေးငိုင်နေရှာတယ်။ ဒါနဲ့ သူ့မိဘနှစ်ပါးက အကျိုးအကြောင်း မေးပြီး လမ်းမှာ ကြားခဲ့ရတဲ့ ကျီးဖို ကျီးမစကား မောင်ပေါက်ကျိုင်းကို တိုးတိုး ပြောပြလိုက်တယ်။ အဲဒီတော့မှ မောင်ပေါက်ကျိုင်းဟာ စကားထာ အဖြေသိရပြီး ရွှင်ပျလာနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ညီလာခံ မိုလ်ထုအလယ်မှ မိဖုရားရဲ့ အမေးပုစ္ဆာကို မောင်ပေါက်ကျိုင်းက ပိုင်ပိုင်နိုင်နိုင် ဖြေလိုက်နိုင်တာပေါ့။

အဖြေကြားရတဲ့အခါ မိဖုရားအထင်နဲ့ အမြင် လွဲသွားတယ်။ အသတ်ခံရမယ့်သူဟာ သူဖြစ်နေပြီကိုး။ မိဖုရားကြီးဟာ အဲဒီတော့မှ သေရမှာကြောက်ပြီး မောင်ပေါက်ကျိုင်းကို တောင်းပန်သတဲ့။ သူမှားပါပြီပေါ့ကွယ်။

မောင်ပေါက်ကျိုင်းဟာ မိဘနှစ်ပါးရဲ့ ကျေးဇူးကြောင့် သူအသတ်မခံရတာဖြစ်တယ်လို့ မျူးမတ်တွေကို ဖွင့်ပြောပြီး ရန်ကို ရန်ချင်း မတုံ့နှင်းလိုဘူးဆိုကာ မိဖုရားကို အသက်ချမ်းသာပေးလိုက်သတဲ့။ ဒါကြောင့် နဂါးနိုင်မင်းရယ်လို့ မောင်ပေါက်ကျိုင်းဟာ ကျော်ကြားလာတယ်။

ကဲ… ကလေးတို့ရေ။ မိဘ၊ ဆရာသမားတို့ရဲ့စကား မှတ်သားနားထောင်လိုက်နာလို့ မောင်ပေါက်ကျိုင်းဟာ တင့်တင့်တယ်တယ်နဲ့ ဘုရင်အဖြစ် တိုင်းပြည်အုပ်ချုပ်နိုင်ပေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဇူဋာသမ္ဘဝ၊ မဟာသမ္ဘဝ

ကလေးတို့ရေ…၊ တကောင်းပြည်ကြီးမှာ နဂါးနိုင်မင်းနဲ့ မင်းမိဖုရားကြီးက သားတော်လေးနှစ်ပါး ဖွားမြင်သတဲ့။ ဒါပေမယ့် နှစ်ဦးစလုံး မျက်စိမမြင်တာနဲ့ မင်းကြီးက ရှက်တော်မူပြီး သားတော်နှစ်ပါးကို ဖျောက်ဖျက်စေသတဲ့။ ပထမတော့ မိဖုရားကြီးက သားနှစ်ပါးကို တိတ်တဆိတ် ဝှက်ထားသေးတယ်။ နောက် မင်းကြီးသိသွားတော့ 'ငါ အသရေကို ဖျက်သလား' ခုဖျောက်ဖျက်ပစ်လို့ မိန့်တာကြောင့် မိဖုရားကြီးလည်း မသတ်လိုတာနဲ့ သူ့ထိုက်နဲ့ သူ့ကံ ရှိပါစေတော့ဆိုပြီး လျှို့ဝှက်စွာ ဖောင်တစ်ခု ခိုင်ခိုင်ခံ့ခံ့လုပ်စေတယ်။ ပြီးတော့ မသိုးထမင်း မသိုးဟင်းတွေ ထည့်ပေးလိုက်သတဲ့။ ကြာရှည်ခံမယ့် မုန့်ပဲသရေစာမျိုးပေါ့ကွယ်။ ဘေးရန်ကာကွယ်ဖို့ လက်နက် ငါးပါးကိုလည်း ထည့်ပေးလိုက်တယ်။ ပြီးတော့မှ ဧရာဝတီမြစ်တစ်ကြောမျှောလိုက်လေသတဲ့။

ဒီလိုနဲ့ မင်းသားနှစ်ပါးဟာ ဖောင်ပေါ်မှာ လိုက်ပါလာကြတယ်။ အစားအသောက် စားကြရာမှာလည်း အစ်ကိုကြီး မဟာသမ္ဘဝက ကျန်တဲ့အတိုင်းအတာကို မှတ်သားထားသတဲ့။ အဲဒီလို မျှောလာကြရင်း ဘီလူးမတစ်ဦးဟာ မင်းသားတွေရဲ့ အစားကို ခိုးခိုးပြီး စားသတဲ့။ သူတို့ အစားအစာတွေ လျော့လာတာကို သတိထားမိတဲ့ မဟာသမ္ဘဝဟာ တစ်ခါမှာ အတိနဲ့စောင့်ဖမ်းတော့ ဘီလူးမလက်ကို ဖမ်းဆုပ်မိသတဲ့။ သန်လျက်ကိုမြှောက်ပြီး သတ်မယ်လုပ်တော့ ဘီလူးမက တောင်းပန်ရှာတယ်။ "သူ့အသက်ကို

www.burmeseclassic.com



ချမ်းသာပေးပါ။ မင်းသားတို့ရဲ့ မျက်စိများ ပြန်မြင်လာအောင် ကုပေးပါ့မယ်'' လို့ ဆိုသတဲ့။

''သင့်စကားအတိုင်း တည်ပါစေ'' ဆိုပြီး အသက်ချမ်းသာပေးလို့ ဘီလူးမက မင်းသားတို့ မျက်စိကို စ,ကုပေးသတဲ့။ အခုအခါ ''စကု'' လို့တွင်တဲ့နေရာဟာ ဘီလူးမ စကုတဲ့နေရာလို့ ဆိုပါတယ်ကွယ်။ ဒီလို ဖောင်လျှောလာရင်း မင်းသားတွေ မျက်စိအလင်း စလင်းခဲ့သတဲ့။ အဲဒီအရပ်ကို ''စလင်း'' လို့ ခေါ်သတဲ့။

အဲလိုနဲ့ ဖောင်မျှောလာကြရင်း စစ်ပင်ကြီး ကိုင်းနေတာမြင်ရလို့ ''စစ်ကိုင်း'' လို့ ခေါ်ကြသတဲ့။ မင်းသားနှစ်ပါးလည်း မျက်စိလုံးလုံး မြင်လာကြပြီပေါ့ကွယ်။ မင်းသားနှစ်ပါးဟာ ဖောင်ကို ဆက်မျှောလာကြ ရင်း ဧရာဝတီမြစ်ကမ်း တစ်နေရာအရောက်မှာ ဖောင်ကို ကမ်းကပ်ပြီး လက်နက်ငါးပါးယူကာ ကုန်းပေါ်တက်သွားကြသတဲ့။

စူဠသမ္ဘဝ၊ မဟာသမ္ဘဝ မင်းသားနှစ်ပါး ဖောင်ဆိုက်ရပ်တဲ့ဒေသ ဟာ ကုန်းတလင်းလို့ တွင်သတဲ့။ အဲဒီဒေသမှာ သူတို့ရဲ့ ဦးရီးတော်တဲ့ ရှင်ရသေ့ရဲ့ ကျောင်းသခ်ိမ်း ရှိသတဲ့။ မင်းသားတွေကတော့ သိလို့ရယ် မဟုတ်ပေဘူး။

မင်းသားနှစ်ပါးဟာ မြစ်ကမ်းလျှောက်လာကြရင်း မြစ်ဆိပ်တစ် နေရာမှာ ချောမောလှပတဲ့ အမျိုးသမီးတစ်ဦးကို တွေ့သတဲ့။ အဲဒီအမျိုးသမီး က ဘူးသီးခြောက် အဝကျဉ်းရေဘူးနဲ့ ရေနှစ်ခပ်နေသတဲ့။ တော်တော်နဲ့ ရေမပြည့်နိုင်ဘူးပေါ့ကွယ်။ ဒါနဲ့ မင်းသားအကြီး မဟာသမ္ဘဝက ''မိုက် လိုက်လေ မိန်းကလေးရယ်၊ ဒီအဝကျဉ်းဘူးနဲ့ တစ်နေကုန် ရေနှစ်ခပ်လည်း ပြည့်မှာ မဟုတ်။ ပေး ဆိုပြီး သန်လျက်နဲ့ ဘူးကို ချဲ့ပေးလိုက်သတဲ့။ အဲဒီလို ချဲ့ ပေးလိုက်တော့ ခဏချင်း ရေပြည့်သွားတာပေါ့ကွယ်။ မင်းသား တွေက အမျိုးသမီးရဲ့ အမည် နေရပ် ဒေသ မေးမြန်းလို့ ရေခပ်တဲ့ အမျိုး သမီးနာမည်က ''ဗေဒါရီ'' ဆိုတာ သိရတယ်။

ဗေဒါရီက မင်းသားနှစ်ပါးကို သူ့အဘ ရသေ့ကျောင်းသခ်ိမ်းကို ရှေ့ ဆောင်ကာ ခေါ်သွားသတဲ့။ တကယ်တော့ အဘ ရသေ့ဟာ ဗေဒါရီကို မွေးကင်းစအရွယ် တောစပ်မှာ တွေ့ရတာတဲ့။ ကြန့်ကြာလက္ခဏာ အရိုး

www.burmeseclassic.com

www.burmeseclassic.com



အဆစ် ပြေပြစ် လှပချောမောတာနဲ့ ကောက်ယူမွေးစားခဲ့တာပဲ။ ဗေဒါရီလို့ အမည်မှည့်ခဲ့သတဲ့။

ဗေဒါရီအရွယ်ရောက်လာတော့ အဝကျဉ်းဘူးသီး ခြောက်ဘူးနဲ့ မြစ်ဆိပ်မှာ နေ့စဉ်ရေခပ်ခိုင်းခဲ့တာပေါ့။

သည်ကနေ့ ဗေဒါရီ ပြန်လာတာစောလို့ အကျိုးအကြောင်း မေးတော့မှ အာရသေ့အကြောင်းစုံ သိရတယ်။ မင်းသားတွေရဲ့ မျိုးရိုးဇစ်မြစ်ကို မေးမြန်းတော့ တူအရင်းတွေ ဖြစ်နေမှန်း သိရသတဲ့။

ရသေ့ကြီးဟာ တကောင်းမိဖုရားကြီးရဲ့ မောင်ဖြစ်သတဲ့။ တစ်နေ့ တောဝက်ကြီး နှိမ်နင်းဖို့ လိုက်ရင်း နယ်လည်း ကျွံလာ၊ တောဝက်ကြီးကိုလည်း အပြီးတိုင် နှိမ်နင်းနိုင်ခဲ့တယ်။ ဒါပေမဲ့ ဝက်ကြီးကို သူနှိမ်နင်းပြီးကြောင်း နေပြည်တော်ပြန် ဘုရင်ကို လျှောက်ရင် ယုံမှာ မဟုတ်ဘူး။ သူ့အသက်အရွယ်နဲ့ ဝက်ကောင်ကြီး ထမ်းပြီးတော့လည်း မသွားလိုတော့ဘူး။ နောက်လောကီစည်းစိမ်တွေကိုလည်း သူငြီးငွေ့လာသတဲ့။ ဒါနဲ့ ရသေ့ရဟန်းပြုပြီး ကျောင်းဆောက်သတင်းသုံးနေတာပေါ့ကွယ်။ အဲဒီအရပ်ဟာ ရသေ့မြို့လို့ တွင်သတဲ့။

တစ်ဦးနဲ့တစ်ဦး စကားတွေ လိမ်ပတ်လည်တော့ ရသေ့ကြီးက ပြောသတဲ့။ "ကဲ... ငါ့တူအကြီး မဟာသမ္ဘဝနဲ့ ဗေဒါရီကို ထိမ်းမြားပေးမယ်။ မြို့နန်းတည်ပြီးနေကြပေတော့" ဆိုပြီး ရသေ့ကြီးက လက်ထပ်ပေးခဲ့တယ်။

မဟာသမ္ဘဝမင်းကြီး နတ်ရွာစံကံကုန်တော့ ညီ စူဠသမ္ဘဝက ဆက်ပြီး နန်းတက်တယ်။ ဗေဒါရီကိုလည်း မိဖုရား ဆက်မြှောက်တယ်။ အစ်ကိုတော်ရဲ့ ကိုယ်ဝန်သုံးလ ပါလာတယ်။ သူတို့မှာ သားတော်ထွန်းကားလာတယ်။ နဖူးမှာ မဲ့ရှင်တော်ပါလာလို့ ဘုန်းကံကြီးမားသတဲ့။ နောင်အခါ သရေခေတ္တရာပြည်ကို တည်ထောင်တဲ့ "ဒွတ္တဘောင်" မင်းကြီး ဖြစ်လာသတဲ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဒွတ္တဘောင်မင်းကြီး

ကလေးတို့ရေ…

စူဠာသမ္ဘဝမင်းကြီးနဲ့ ဗေဒါရီ မိဖုရားတို့က မွေးဖွားလာတဲ့ ဒွတ္တဘောင်ဟာ သရေခေတ္တရာပြည်တည်ပြီး မင်းပြုသတဲ့။ သရေခေတ္တရာဆိုတာ အခုခေတ်ပြည်မြို့ တောင်ဘက်နားမှာရှိတဲ့ မှော်ဇာမြို့နေရာဖြစ်သတဲ့။

ဒွတ္တဘောင်မင်းကြီးမှာ မွေးဖွားစဉ်က နဖူးမှာ မှဲ့ရှင်တော်ပါလာတယ်ဆိုတာ ပြောခဲ့ပြီနော်။ ဒါကြောင့်လည်း ဒွတ္တဘောင်မင်းကြီးဟာ ဘုန်းတန်ခိုးကြီးတဲ့ မင်းဖြစ်လာတာပေါ့။ သူ့ရဲ့စွမ်းဆောင်ချက် ထက်မြက်တဲ့အရည်အချင်းနဲ့လည်း သက်ဆိုင်တာပေါ့ကွယ်။

ဒွတ္တဘောင်မင်းကြီးဟာ ရဟန်းပညာရှိ၊ ရသေ့ပညာရှိ၊ လူပညာရှိစသူတို့နဲ့ တိုင်ပင်ညှိနှိုင်းပြီး မြို့အင်္ဂါ (၇) ပါးနဲ့အညီ သရေခေတ္တရာမြို့ကို တည်ခဲ့တယ်။ အဲဒီမြို့အင်္ဂါ (၇) ပါးက တံခါးကြီး (၃၂) ရပ်၊ တံခါးငယ် (၃၂) ရပ်၊ ကျုံးမြောင်းပတ္တင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုးတို့ဖြစ်ကြတယ်။ မြို့အင်္ဂါနဲ့ ညီညွတ်တော့ တင့်တယ်တာပေါ့ကွယ်။

ဒွတ္တဘောင်မင်းကြီးဟာ ပျူမိဖုရား၊ နမတော်ဘေစန္ဒီ စတဲ့ မိဖုရားနှစ်ပါးနဲ့ ရာဇဘိသေက မင်းအဖြစ်ခံယူသတဲ့။ ဒွတ္တဘောင်မင်းကြီးမှာ ဘုန်းလက်ရုံးပြည့်စုံတဲ့အပြင် သီလဝံသဓား၊ ရန်အပေါင်း နှိမ်နင်းနိုင်တဲ့ အရှိန်မာလှံ၊ ခေါင်းလောင်းစည်ကြီးတို့လည်း ရှိသတဲ့။ သံတမန် အတတ်ပညာ လိမ္မာတဲ့အမတ်နီးပါး၊ ငရဲကျား၊ ပဋ္ဌင်ဖြူ၊ ပဋ္ဌင်ညို စတဲ့ အမတ်တွေလည်း ရှိသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်းတိုင်းပြည်တွေကလည်း ဒွတ္တဘောင်မင်းကြီးထံကို သမီးကညာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားစတဲ့ ရွှေငွေကျောက်သံတွေ၊ အဝတ်အထည်အမျိုးမျိုး လက်ဆောင်ဆက်ကြသတဲ့။ ဒွတ္တဘောင်မင်းကြီး လက်ထက်မှာ ရဟန္တာမြတ် (၃၀၀၀) တို့အားလည်း နေ့တိုင်းမပြတ် ပစ္စည်းလေးပါး (ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်း) လည်း လှူဒါန်းလေ့ရှိသတဲ့။ စေတီပုထိုးတွေလည်း များစွာတည်ခဲ့တယ်။

ဒွတ္တဘောင်မင်းကြီးလက်ထက်မှာ သာသနာလည်း ထွန်းကားခဲ့တယ်။ ရဟန်းပညာရှိ၊ လူပညာရှိတို့နဲ့ တိုင်ပင်ပြီး ဓမ္မသတ်ကျမ်းကိုလည်း ပြုစုခဲ့တယ်။ အဲသည်လောက် ဘုန်းကံကြီးမားတဲ့ မင်းကြီးဟာ တစ်ခါမှာတော့ မုန့်သည်မတစ်ယောက်က ဆရာရဟန်းကို ကျောင်းဝတ်မြေအဖြစ် လှူဒါန်းတဲ့မြေ ငါးပယ်မျှကို သိမ်းယူမိသတဲ့။ အဲဒီအဖြစ်ကြောင့် ဘုန်းတန်ခိုးမှေးမှိန်လာသတဲ့။ လုပ်ကိုင်တဲ့ကိစ္စတွေ မအောင်မြင်ဘူးပေါ့ကွယ်။

ဒါကြောင့် ရဟန်းပညာရှိများကို မေးလျှောက်တော့ သူ့အမှားကို သိရပြီး မုန့်သည်မရဲ့ ဆရာရဟန်းထံ သိမ်းတဲ့မြေပြန်အပ်လှူသတဲ့။ တစ်ခါတော့ အရပ်ရပ်က အခွန်တော်တွေ မရောက်မဆက်တာကြောင့် ပဋ္ဋင်းဖြူ၊ ပဋ္ဋင်းညိုအမတ်တို့ကို အခွန်သွားကောက်စေတယ်။ အဲဒီအမတ် နှစ်ဦးဟာ ခုနစ်နှစ်တိုင်တိုင် အခွန်ကောက်ပြီး ဆက်သတဲ့။ ဒါတောင် မင်းကြီးက မကျေနပ်လို့ တစ်ဖက်လှည့်နဲ့ အမတ်နှစ်ဦးကို ကွပ်မျက်စေသတဲ့။

တစ်ရံခါမှာတော့ မင်းကြီးဟာ တိုင်းခမ်းလှည့်ရင်း ပန်ထွာပြည်အရောက်မှာ ပန်ထွာမိဖုရားမကောင်းတဲ့ နလုံးနဲ့ စီရင်ထားတဲ့ လက်သုတ်ပဝါကို မဆင်ခြင်ဘဲ မျက်နှာသုတ်မိသတဲ့။ အဲဒီမှာ မင်းကြီးရဲ့ မုံ့ရှင်တော်ကွယ်လေသတဲ့။ ဒွတ္တဘောင်မင်းကြီးဟာ သက်တော် (၁၀၅) နှစ်မှာ နတ်ရွာစံ ကံကုန်တော်မူသတဲ့။ ဒွတ္တဘောင်မင်းဆက် ကိုးဆက်ရှိလေသတဲ့။ ကလေးတို့ရေ… ဒွတ္တဘောင်မင်းကြီးရဲ့ အကြောင်းမှာ အတုယူစရာကော၊ ဆင်ခြင်ပြီး သင်ခန်းစာယူစရာတွေပါ ပါတယ်ကွဲ့။ သေသေချာချာ ဖတ်ကြည့်ကြပေါ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ပျူစောထီးမင်း

ကလေးတို့ရေ…

တကောင်းပြည်ကြီးမှာ ခမည်းတော် သတိုးမဟာရာဇာမင်းကြီးနဲ့ သားတော် မဟာသမ္ဘဝမင်းတို့ မင်းပြုိင်စံခဲ့ကြတယ်။ အဲဒီမင်းတွေကနေ နွယ်တော်စဉ်ဆက်ဖြစ်တဲ့ တကောင်းနန်းရိုးဖြစ်တဲ့ သတိုးအာဒိစ္စရာဇာအမည်ရှိတဲ့ သာကီဝင်မင်းဟာ မလည်အရပ်မှာ ပြည်ရွာမငြိမ်မသက်ရှိတာကြောင့် တခြားအရပ်တစ်ပါး ရှောင်လွှဲပြီး မထင်မရှားအသွင်နဲ့ ဥယျာဉ်တောင်ယာလုပ်ကိုင်စားနေသတဲ့။

ထိုအရပ်က လူတွေဟာ နဂါးကို ကိုးကွယ်ကြသတဲ့။ နဂါးတွင်းမှာ သားဆုပန်တာတွေလည်း ရှိသတဲ့။ တစ်ခါမှာတော့ သတိုးအာဒိစ္စရာဇာမင်းရဲ့ မိဖုရားမှာ ကိုယ်ဝန်ရှိပြီး နေ့လစေ့တဲ့အခါ ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်ဝတဲ့ သားတော်တစ်ပါး ဖွားမြင်တယ်။ စောထီးလို့ အမည်ပေးထားသတဲ့။

စောထီး (၇) နှစ်ခန့်ရှိတဲ့အခါ အဲဒီအရပ်မှာ လေးအတတ်ကို အပြီးတိုင် တတ်မြောက်တဲ့ ဆရာရသေ့ထံ ပညာသင်ဖို့ အပ်နှံသတဲ့။ ဆရာရသေ့ဟာ အထူးထူးသော လောကီဗေဒင်ကျမ်းတို့ကိုလည်း တတ်မြောက်သတဲ့။ အဆင်းအင်္ဂါနဲ့ ပြည့်စုံတဲ့ စောထီးကို ဆရာရသေ့ မြင်တဲ့အခါ ဤလုလင်ဟာ တစ်နေ့မှာ မင်းဖြစ်မယ်ဆိုတာ သိသတဲ့။ ဒါ့ကြောင့် မင်းထီးလို့ ခေါ်တွင်စေပြီး မင်းတို့တတ်အပ်တဲ့ အဋ္ဌာရသပညာများကို သင်ပေးလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းထီး (၁၆) နှစ်အရွယ်ရောက်တဲ့အခါ ခမည်းတော်၊ မယ်တော်တို့ကို ပန်ကြားပြီး ပုဂံပြည်ဆီ ထွက်ခဲ့သတဲ့။ ရတနာနဲ့ စီခြယ်ထားတဲ့ လေးမြားတို့ကိုလည်း ခမည်းတော်က ပေးလိုက်သတဲ့။

မင်းထီးပုဂံပြည်ရောက်တော့ မြေခံတွင်းရှာနေ ပျူအိုလင်မယားထံမှာ မှီတင်းနေထိုင်သတဲ့။ ပျူအိုလင်မယားကလည်း သားသမီးရင်းမရှိတာကြောင့် မင်းထီးကို သားအမှတ် မွေးစားကြသတဲ့။

တစ်ခါမှာတော့ မင်းထီးဟာ သူ့မှာပါလာတဲ့ လေးမြားတို့ကို စမ်းလိုတာနဲ့ တောထဲသွားဖို့ ပျူအိုလင်မယားထံ ခွင့်ပန်သတဲ့။ ပျူအိုလင်မယားလည်း စိုးရိမ်မကင်းရှိတာကြောင့် "တောကြီးထဲသွားရင် အရှေ့အရပ်မှာ ဝက်ကြီးတစ်ကောင်ဟာ အရန် အကောင် (၅၀၀) နဲ့ နေတဲ့အကြောင်း၊ အနောက်အရပ်မှာ ငှက်ကြီးတစ်ကောင်ဟာလည်း အရန် (၅၀၀) နဲ့ မင်းမူနေကြောင်း၊ တောင်မျက်နှာမှာလည်း ကျားကြီးတစ်ကောင်ဟာ အရန် (၅၀၀) နဲ့ သောင်းကျန်းနေကြောင်း၊ မြောက်ဘက်အရပ်မှာ ရှူးပျံကြီးဟာလည်း အရန် (၅၀၀) နဲ့နေကြောင်း သေသေချာချာ ပြောပြသတဲ့။

အဲဒီ ဝက်ကြီး၊ ကျားကြီး၊ ငှက်ကြီး ရှူးပျံကြီးတို့ဟာ တိုင်းပြည်မှာ ဆိုးသွမ်းမင်းမူနေတာ (၁၂) နှစ်တိုင်ကြာသတဲ့။ ပြည်ရွာလူထုဟာ နွေ့ညထိတ်လန့်နေရသတဲ့။ ဘူးပင်တွေလည်း သတ်မနိုင်အောင်များနေသတဲ့။

မင်းထီးဟာ ရှေးဦးစွာ အရှေ့အရပ် ဝက်ကြီးရှိရာသွားတယ်။ ဝက်ကြီးဟာ မင်းထီးကို မြင်တော့ အမွေးအမှင်တွေထောင်ပြီး ပုတ်သောက်ရှိတဲ့ မြေစိုင်မြေခဲတွေကို တူးဖော်၊ သစ်ပင်ကြီးငယ်တွေကို ထိုးကြိတ်ပြီး မင်းထီးကို ရန်ပြုဖို့ ပြေးလာတယ်။ မင်းထီးက မြားနဲ့ခွင်းလိုက်တာ ဝက်ကြီးကို ဒက်ထိမှန်လေတယ်။ ဝက်ကြီးအော်ပြီး ပြေးထွက်ကာ ဧရာဝတီမြစ်ကို ကူးသွားသတဲ့။ တစ်ဖက်ကမ်းကန်တစ်ခုမှာ ပူလွန်းလို့ ရေဆင်းသောက်ရင်း ဝက်ကြီးသေသတဲ့။ အဲဒီကန်ကို ဝက်သေကန်လို့ အခုထိ ခေါ်ကြတယ်။

ဝက်ကြီးသေလို့ သုံးရက်အကြာမှာ မင်းထီးဟာ အနောက်ဘက် ငှက်ကြီးရှိရာ တောထဲသွားလေတယ်။ အဲဒီအချိန်မှာ ငှက်ဘီလူးဆော်၊ ငကော်

www.burmeseclassic.com

www.burmeseclassic.com



ဟာ မိန်းမ (၇) ယောက်ကို ငှက်စာကျွေးဖို့ ခေါ်လာသတဲ့။ မင်းထီးက တားထားတယ်။ ငှက်ကြီးဟာ မင်းထီးဆီ ပြေးလာပြီး ပေါက်လိုက်သတဲ့။ မင်းထီးက လေးထောက်ပြီး ခုန်ရှောင်လိုက်တယ်။ ငှက်ကြီးဟာ လူကို မထိဘဲ မြေကြီးပေါက်မိလို့ အဲဒီမြေကြီးကို ထွေးအံပစ်တာ မြေစာတွေဟာ တောင်ငယ်တမျှ ရှိသတဲ့။ အဲဒီနေရာကို အခုထိ ငှက်အန်တောင်လို့ ခေါ်ကြတယ်။ မင်းထီးဟာ လုံးဝကြောက်လန့်ခြင်းမရှိဘဲ လေးတင်ကာ မြားနဲ့ ခွင်းလိုက်တယ်။ ငှက်ကြီးလည်း မြားမှန်ပြီး သေလေသတဲ့။

မင်းထီးလည်း ငှက်တောင်တစ်ချောင်းကို နုတ်ပြီး မိန်းမခုနစ်ယောက်ကို ရွက်စေကာ မင်းကြီးထံ ဆက်စေသတဲ့။ မိန်းမခုနစ်ယောက်လည်း ငှက်တောင်ကို ရွက်လာပြီး လမ်းမှာ လေးလွန်းတာနဲ့ မရွက်နိုင်ဘဲ ပစ်ခဲ့သတဲ့။ အဲဒီအရပ်ကို ငှက်တောင်ပစ်အရပ်လို့ ခေါ်ကြတယ်။ မင်းထီးငှက်ကြီးကို လေးနဲ့ပစ်သတ်တဲ့ အရပ်ကိုလည်း ငှက်ပစ်တောင်လို့ ယခုတိုင်ခေါ်ကြတယ်။

မိန်းမ (၇) ယောက်လည်း အကျိုးအကြောင်းကို မင်းကြီးထံတင်လျှောက်လေတယ်။ မင်းထီးလည်း တောင်မျက်နှာက ကျားဆိုးကြီး၊ မြောက်အရပ်က ရှူးပုံကြီးတို့ကိုလည်း လေးနဲ့ ပစ်ခွင်းကာ နှိမ်နင်းနိုင်လေတယ်။

သမုဒ္ဒရာဇ်မင်းကြီးဟာ အကြောင်းစုံသိလို့ လုလင်ရှိရာကို စစ်အင်္ဂါလေးပါးနဲ့ ကြွရောက်လာလေသတဲ့။ စစ်အင်္ဂါလေးပါးဆိုတာက ဆင်၊ မြင်း၊ ရထားစီး စစ်သည်နဲ့ ခြေလျင်စစ်သည်တို့ဖြစ်တယ်။ ရောက်တဲ့အခါ လုလင်ရဲ့ စွမ်းသတ္တိကို ချီးမွမ်းပြီး မျိုးရိုးကို မေးမြန်းတယ်။ ဘယ်လက်နက်နဲ့ ခွင်းကြောင်းလည်း မေးမြန်းကာ အားရတာကြောင့် သမီးတော် သီရိစန္ဒာနဲ့ လက်ထပ်ထိမ်းမြားပေးလေသတဲ့။ အိမ်ရှေ့အရာလည်း အပ်နှင်းလေတယ်။

ပျူစောထီး အိမ်ရှေ့မင်းဖြစ်ပြီး သုံးနှစ်အကြာမှာ သမုဒ္ဒရာဇ်မင်းကြီး နတ်ရွာစံကံတော်ကုန်သတဲ့။ အဲဒီအခါ ပျူစောထီးမင်းဖြစ်လာတာပေါ့ကွယ်။ ပျူစောထီးမင်းဟာ ဘုန်းလက်ရုံးအာဏာနဲ့ ပြည့်စုံတဲ့မင်းဖြစ်အခြားတိုင်းပြည်က မင်းတို့ဟာ လက်ဆောင်ပဏ္ဏာ၊ ရွှေငွေရတနာ၊ သမီးကညာ၊ ဆင်ရတနာ၊ မြင်းရတနာတို့ ဆက်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကြီးဦးခွံ မြှုပ်ရာ အရပ်မှာလည်း ဥမင်နဲ့ ဘုရားတည်သတဲ့။ ငှက်ကြီးကို ခွင်းတဲ့အရပ်မှာလည်း ဥမင်နဲ့ ဘုရားတည်တော်မူတယ်။ ဘုရား၊ ဂူကျောင်း၊ ဥမင်တို့ကို တည်ဆောက်တာလည်း များလှသတဲ့။ ထိုမင်းလက်ထက်မှာ တိုင်းသူပြည်သားတို့ကိုလည်း ရင်ဝယ်သားကဲ့သို့ သနားညှာတာတာကြောင့် တိုင်းပြည်လူထု စည်ပင်ဝပြောရှိကြလေသတဲ့။ ကောသမ္ဗီမြို့ကို တရုတ်စစ်သည်တွေ ကျူးကျော်ရာမှာ ပျူစောထီမင်း တိုက်ခိုက်အောင်မြင်လေတယ်။ ပျူစောထီးမင်းဟာ ထီးနန်းစည်းစိမ် (၇၅) နှစ် စိုးစံပြီး သက်တော် (၁၁၀) မှာ ကံတော်ကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ငတပါးမင်း

ကလေးတို့ရေ…

သရေခေတ္တရာပြည်ကြီးမှာ ငတပါးမင်းဆက်ဆိုတာလည်း ရှိခဲ့တယ်ကွယ့်။ ငတပါးမင်းရဲ့ အကြောင်းက ဆန်းတော့ အဆန်းသားပဲ။ သက္ကရာဇ် (၄၃၃) မှာ ငတပါးမင်းဖြစ်သတဲ့။

သရေခေတ္တရာမှာနေတဲ့ သူတစ်ဦးဟာ မိမိသားကို ထူးချွန်စေချင်တာနဲ့ ဆရာရဟန်းထံ အပ်နှံပြီး ပညာသင်စေသတဲ့။ ထိုသူငယ်ဟာ ဆရာကိုလည်း ရိုသေလေးမြတ်မှု ရှိသတဲ့။ ဆရာ့စကားလည်း မြေဝယ်မကျ နားထောင်တာကြောင့် ဆရာကလည်း ထိုသူငယ်ကို ချစ်ခင်လေသတဲ့။

တစ်နေ့မှာတော့ ဆရာမွေးထားတဲ့ ကြက်ဖဟာ ငါ့ခေါင်းစားမင်းဖြစ်လတ္တံ့ဆိုပြီး တွန်သတဲ့။ ဆရာကလည်း ကြက်တွန်သံထူးတယ်ဆိုပြီး သူငယ်ကိုခေါ်ကာ

"မောင်ရင်၊ ဒီကြက်ဟာ အထူးထူးအပြားပြား တွန်တယ်။ ချက်ပြုတ်ပြီး ငါ့ထံကပ်" လို့ အမိန့်ပေးလိုက်သတဲ့။ ဒါနဲ့ သူငယ်လည်း ဆရာခိုင်းတဲ့အတိုင်း ပြုသတဲ့။ ချက်ပြုတ်ပြီးလို့ ဟင်းမြည်းမယ်လုပ်တဲ့အခါ ကြက်ခေါင်းဟာ ပြုတ်ကျပြီး စားဖိုထဲ ကျသွားသတဲ့။ သူငယ်က ဒီကြက်ခေါင်း မသန့်တော့ဘူးဆိုပြီး ရေဆေးကာ စားလိုက်သတဲ့။

အချိန်တန်လို့ ဆွမ်းဟင်းကပ်တဲ့အခါ ကြက်ခေါင်းပါမလာလို့ ဆရာကမေးတော့ "အောက်ပြုတ်ကျလို့ မသန့်တာနဲ့ တပည့်စားလိုက်ပြီလို့ လျှောက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်လည်း ဒီကြက်တွန်တာ မှန်၊ မမှန် စောင့်ကြည့်ရတော့မယ်လို့ စဉ်းစားပြီး သူငယ်ကို အထူးထူးသော လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ်တို့ကို တတ်အောင် သင်ပေးပြီး စစ်သူကြီးထံ အပ်နှံလိုက်လေသတဲ့။

အမတ်စစ်သူကြီးလည်း ထိုသူငယ်ကို သားအမှတ်ဖြင့် ချစ်ခင်လေသတဲ့။ သူငယ်လည်း ရုပ်ဆင်းအင်္ဂါ ကောင်းမွန်တာကြောင့် အဝတ်တန်ဆာ တင့်တယ်စွာ ဆင်ယင်ပြီးသွားရာ ခေါ်သွားသတဲ့။

တစ်ခါမှာတော့ စစ်သူကြီးဟာ ထိုသူငယ်ကို ဘုရင့်ထံခေါ်သွားပြီး ခစားစေသတဲ့။ မင်းကြီးလည်း ထိုသူငယ်ရဲ့ အမူအရာ သိမ်မွေ့ကျစ်လစ်ပြီး လိမ္မာရေးခြားရှိပုံကို သတိပြုမိတာကြောင့် စစ်သူကြီးထံက တောင်းပြီး သားအမှတ် မွေးစားသတဲ့။

ထိုသူငယ်လည်း ဉာဏ်ပညာထက်မြက်သူဖြစ်ပြီး မင်းမှုရေးရာလည်း နားလည်ကာ တရားစီရင်ရေး၊ ပြည်ထဲရေးမှာလည်း လိမ္မာတတ်မွန်တာ တွေ့ရသတဲ့။ မင်းကြီးကိုလည်း အလွန်ရိုသေတာကြောင့် သမီးတော်နဲ့ ထိမ်းမြားပေးကာ နန်းလျာအဖြစ်ထားသတဲ့။ မှူးမတ်တွေကလည်း နှစ်လို ဝမ်းသာရှိကြသတဲ့။

ထိုသူငယ်ကို အိမ်ရှေ့နန်းလျာထားပြီး (၁၅) နှစ်ရှိတဲ့အခါ မင်းကြီး နတ်ရွာစံလေတယ်။ အဲဒီအခါ ထိုသူငယ်မင်းဖြစ်ပြီး ငတပါးမင်းလို့တွင်သတဲ့။ ငတပါးမင်းဟာ ရတနာ သုံးပါးကိုလည်း ဆည်းကပ်ပြီး မှူးမတ်ပညာရှိတို့နဲ့လည်း တိုင်ပင်ကာ မင်းကျင့်တရားနဲ့အညီ အုပ်စိုးလေသတဲ့။ ကြက်ခေါင်းစားရလို့ အဓိပ္ပာယ်ရတဲ့ သရမာ ပုထိုးဘုရားကြီးကိုလည်း တည်သတဲ့။ ထိုဘုရားကြီးပြီးလို့ သာဓုခေါ်တဲ့အခါ မြေကြီးလှုပ်သတဲ့။ ငတပါးမင်းဟာ မင်းစည်းစိမ် (၅၁) နှစ်၊ သက်တော် (၆၆) နှစ်မှာ ကံကုန်လေတယ်။

ငတပါးမင်းဟာ မင်းမျိုးမင်းနွယ် မဟုတ်ပေမယ့် ရတနာသုံးပါးကို ကြည်ညိုလေးမြတ်ခြင်း၊ မိဘ ဆရာကို ရိုသေစွာ လုပ်ကျွေးခြင်း၊ လို့လဝီရိယရှိပြီး ပညာထူးချွန်ထက်မြက်တာကြောင့် မင်းဖြစ်ရတာပေါ့ကွယ်။ ရာဇဝင်မှာတော့ ငတပါးမင်းဆက် (၁၆) ဆက် ရှိတယ်လို့ ပြပါတယ်ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မင်းမဟာဂီရိ

ကလေးတို့ရေ…

ဟိုးရှေးတုန်းက တကောင်းပြည်မှာ ပန်းပဲဆရာတစ်ယောက် ရှိခဲ့သတဲ့။ ပန်းပဲဆရာဆိုတာ ဓား၊ လှံ၊ ကတ်ကြေးကစလို့ ထည်သွား၊ ပေါက်ဆိန် စသည်ဖြင့် သံနဲ့လုပ်တဲ့ ကိရိယာပစ္စည်းတွေကို ထုလုပ်ရာမှာ ကျွမ်းကျင်သူကို ပန်းပဲဆရာလို့ ခေါ်တယ်ကွယ့်။

တကောင်းပြည်က ပန်းပဲဆရာရဲ့အမည်က မောင်တင့်တယ်လို့ ခေါ်တယ်။ မောင်တင့်တယ်ဟာ အင်မတန် အင်အားကြီးသတဲ့။ ဆင်ပြောင်ကြီးကိုလည်း ကိုင်မြှောက် ပေါက်ချနိုင်သတဲ့။ ခွန်အားဗလကောင်းတဲ့ မောင်တင့်တယ်ရဲ့သတင်းဟာ ကျော်ကြားနေပြီ။ အဲဒီအချိန်က တိုင်းပြည်အုပ်ချုပ်နေတဲ့ တကောင်းမင်းကြီး ကြားသွားသတဲ့။

ဒီတော့ တကောင်းမင်းကြီးဟာ သူ့ထီးနန်းကို လုယူမှာ စိုးရိမ်မိသတဲ့။ ဒါကြောင့် သူ့ရဲမက်တွေကို စေလွှတ်လိုက်ပြီး မောင်တင့်တယ်ကို ဖမ်းကာ သတ်စေဖို့ အမိန့်ပေးလိုက်သတဲ့။ မောင်တင့်တယ်ကို ခင်မင်ကြတဲ့သူတွေက အဲဒီသတင်းကြားလို့ မောင်တင့်တယ်ကို ပြောတော့ မောင်တင့်တယ်လည်း ဘေးလွတ်ရာ မလည် တောအရပ်ကို ရှောင်ပြေးပုန်းလေသတဲ့။

ဒါနဲ့ ရဲမက်တွေလည်း မောင့်တယ်ကို ဖမ်းမမိဘူးပေါ့ကွယ်။ တကောင်းမင်းလည်း မောင့်တင့်တယ်ကို ဖမ်းမမိရင် စိတ်မအေးရဘူးဆိုပြီး ဘယ်လိုဖမ်းရမယ်ဆိုတာ စိတ်ကူးထုတ်နေသတဲ့။

မောင်တင့်တယ်မှာ ချောမောလှပတဲ့ စောမယ်ယာနဲ့ ရှင်ထွေးလှဆိုတဲ့ နှမ နှစ်ယောက်ရှိသတဲ့။ အဲဒါကို ဘုရင်ကြီးသိတော့ မောင်တင့်တယ်ရဲ့ နှမစောမယ်ယာကို မိဖုရားအဖြစ် ကောက်ယူခဲ့သတဲ့။ လအနည်းငယ်ကြာတော့ ဘုရင်က စောမယ်ယာကို ပြောတယ်။ "မောင်တင့်တယ်ကို တကောင်းပြန်လာအောင် ခေါ်ပါ။ မြို့စားရာထူးပေးချင်လို့" လို့ဆို အကောက်ဉာဏ်နဲ့ ခေါ်ခိုင်းသတဲ့။ စောမယ်ယာကလည်း ဘုရင့်စကား

www.burmeseclassic.com



ယုံကြည်ပြီး သူ့မောင် မောင်တင့်တယ်ကို လူကြံနဲ့ အကျိုးအကြောင်း ပြောကာ ခေါ်စေသတဲ့။

မောင်တင့်တယ်လည်း ဘုရင့်စကားကို အဟုတ်မှတ်ပြီး တကောင်းကို ရောက်လာတော့တာပေါ့။ တကောင်းရောက်တယ်ဆိုရင်ပဲ ဘုရင့်ရဲ မက်တွေက မောင်တင့်တယ်ကိုဖမ်းပြီး ဧရာဝတီမြစ်ကမ်းနဖူးက စကားပင်ကြီးမှာ တုပ်နှောင်ထားလေသတဲ့။ ဘုရင်က အဲလိုလုပ်ဖို့ အမိန့်ထုတ်ပြီး သားကိုး။

မောင်တင့်တယ်ကို ဖမ်းမိကြောင်း ဘုရင်ကိုလျှောက်တော့ မိဖုရား စောမယ်ယာကိုခေါ်ပြီး ခြွေရံသင်းပင်းတွေနဲ့ ဘုရင်ဟာ မြစ်ဆိပ်ကို ရောက်လာသတဲ့။ မောင်တင့်တယ်ဟာ အလွန်ခွန်အားကြီးတာကြောင့် ဓားနဲ့ခုတ်၊ လှံနဲ့ထိုးသတ်လည်း မသေကြောင်း ဘုရင်သိတော့ ဧရာမ မီးပုံကြီး ဖိုစေသတဲ့။ ဒါနဲ့ မောင်တင့်တယ်ကို အပြစ်မရှိဘဲ မီးရှို့သတ်ကြတာပေါ့ကွယ်။

အဲဒီလိုမြင်ကွင်းကို နှမဖြစ်သူ မိဖုရားစောမယ်ယာ မြင်ရတော့ ငါ့မောင်ဟာ ငါ့ကြောင့် သေရတယ်ဆိုပြီး မီးပုံတွင်း ခုန်ဆင်းလိုက်သတဲ့။

ဒါနဲ့ မောင်တင့်တယ်တို့ မောင်နှမ မီးလောင်ကျွမ်းပြီး သေဆုံးကြတော့ နတ်စိမ်းဖြစ်လေသတဲ့။ အဲဒီစကားပင်ကြီးမှာပဲ မှီတင်းနေကြသတဲ့။ မောင်တင့်တယ် နတ်မောင်နှမဟာ တရားမဲ့လုတဲ့ ဘုရင်ကို စိတ်နာပြီး စကားပင်အောက်ဝင်လာသူတွေကို ဒုက္ခပေးလေသတဲ့။

တကောင်းဘုရင်ကြားတော့ အလွန်ထိတ်လန့်ကြောက်ရွံ့ပြီး စကားပင်ကို အမြစ်ပါတူးပြီး ဧရာဝတီမြစ်တွင်း မျှောလိုက်လေသတဲ့။ အဲဒီ စကားပင်ကြီးဟာ မြစ်မှာမျှောလာပြီး ပုဂံပြည်ကို ဆိုက်ရောက်လာသတဲ့။

အဲဒီအချိန်က ပုဂံပြည်မှာ သေလည်ကြောင်မင်း အုပ်စိုးနေတယ်ကွယ့်။ သေလည်ကြောင်မင်းဟာ အိပ်မက်အရ စကားပင်ကို ဆယ်ယူစေသတဲ့။ အဲဒီ စကားပင်ကို မောင်တင့်တယ် မောင်နှမ နတ်ရုပ်ထုပြီး ရွှေချကာ ပုပ္ပားတောင်မှာ နတ်ကွန်းဆောက်ပြီး ထားစေသတဲ့။

မောင်တင့်တယ်ကို မင်းမဟာဂီရိလို့ ခေါ်ပြီး စောမယ်ယာ (ခေါ်) စောမြတ်လှကိုတော့ တောင်ကြီးရှင်နတ်လို့ ခေါ်ကြသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ်

www.burmeseclassic.com

www.burmeseclassic.com

## စလေငခွေး

ကလေးတို့ရေ…

ပုဂံပြည်မှာ သိန်းခွန်ညီအစ်ကို စစ်တိုက်ကြသတဲ့။ အဲဒီအခါမှာ ညီဖြစ်သူ စစ်ရှုံးလို့ စလေအရပ်ကို ထွက်ပြေးပုန်းရှောင်လေသတဲ့။ ထိုသူနဲ့ မြေးတော်တဲ့ ငခွေးဟာ မိဘတွေက ဆင်းရဲလို့ သူကြွယ်တစ်ဦးထံမှာ ရောင်းစားလေသတဲ့။ ငခွေးဟာ ဆင်းရဲသော်လည်း ဝတ်ကောင်းစားလှမက်သတဲ့။ လိမ်းစရာ အမွှေးနံ့သာကိုလည်း နှစ်သက်သတဲ့။

တစ်ခါတော့ ငခွေးရဲ့ ပိုင်ရှင်သူကြွယ်က ငခွေးကို ပုဂံမှာ ကုန်စည်ရောင်းဝယ်ဖို့ လှေနဲ့ထည့်လိုက်သတဲ့။ ပုဂံကို မရောက်ခင် ညမှာ လှေပေါ်အိပ်ရင်း ငခွေးအိပ်မက်မက်သတဲ့။ ငခွေးရဲ့ချက်က အူတွေထွက်ပြီး ပုဂံမြို့ကို ရစ်ပတ်တယ်လို့ မက်တယ်။ ငခွေးလည်း သူ့အိပ်မက်ကို ဗာဒံ့တသြရှိနေတာပေါ့။ အကြောင်းထူးရှိလိမ့်မယ်လို့လည်း တွက်မိသတဲ့။ ဒါနဲ့ လှေဆက်လှော်ကာ လာကြသတဲ့။ တစ်ခါမှာ ငခွေးလှေထိုးရာမှာ ထိုးဝါးနဲ့ ငြိပြီး မနော်လင်ပန်းတွေ ပါလာသတဲ့။ ငခွေးလည်း ငါ့အိပ်မက်ကောင်းဟာ သည်မျှနှင့် ကျိန်းကျေမခံနိုင်ဆိုကာ လင်ပန်းကို မြစ်ထဲ ပြန်ထိုးချခဲ့သတဲ့။

အဲလိုနဲ့ ပုဂံကို ရောက်တော့ မင်းဆရာ ပုဏ္ဏားအိမ်ကို သွားပြီး သူ့အိပ်မက်အကြောင်း မေးလေသတဲ့။ ပုဏ္ဏားကြီးမရှိတာနဲ့ ပုဏ္ဏားမင်း ပုဏ္ဏေးမက ဘုန်းကြီးမည်၊ အသက်ရှည်မည်လို့ သာမန်ဟောလိုက်သတဲ့။ ငခွေးလည်း အလေးအနက် ဖတ်တာလို့ မယုံကြည်တာနဲ့ ဆင်းသွားလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီးပြန်လာလို့ အကျိုးအကြောင်းမေးလို့ ပုဏ္ဏေးမက ငခွေး အိပ်မက်၊ သူဟောလိုက်ပုံကို ပြောပြတော့ ပုဏ္ဏားကြီးက သူ့မိန်းမသျှောင်ဆွဲဖြတ်ကာ အိမ်အောက်ပစ်လိုက်သတဲ့။ အဲဒီ့ခဏမှာ အဲဒီဆံထုံးကို မိုးကြိုးပစ်ချလေသတဲ့။

ပုဏ္ဏားကြီးလည်း ငခွေးကို လိုက်ရှာဖွေခေါ်ခဲ့သတဲ့။ တွေ့တဲ့အခါ ခေါ်လာပြီး အသေအချာမေးသတဲ့။ အိပ်မက်အကြောင်းကော၊ အမျိုးအမည်ပါ အစုံမေးသတဲ့။ ပြီးနောက် "အမောင် သီတင်းသီလကို ဆောက်တည်ပါလေ၊ လုံ့လဝီရိယနဲ့ နေပါ၊ မကြာမတင်အချိန်မှာ ပုဂံတွင် မင်းဖြစ်မယ်လို့ ဟောလိုက်သတဲ့။ မင်းဖြစ်တဲ့အခါ သူ့ကို မမေ့ဖို့လည်း မှာလိုက်သတဲ့။

ငခွေးလည်း ပုဂံမှာ ကုန်စည်ရောင်းဝယ်ပြီး စလေကို ပြန်ခဲ့သတဲ့။ ငခွေးရဲ့ ပိုင်ရှင်သူကြွယ်ဟာ ငခွေးကို အလွန်နှိပ်စက်ညှဉ်းပန်းသတဲ့။ ငခွေးလည်း သူကြွယ်နှိပ်စက်တာ မခံနိုင်လို့ ထွက်ပြေးပြီး တန်နက်မင်းထံမှာ ခစားလေသတဲ့။

တန်နက်မင်းဟာ ငခွေးကို သနားတာနဲ့ မြင်းတွေကို ပြုစုဖို့ မြင်းခံခန့်လေသတဲ့။ အဲဒီနောက်မှာ ရှင်ဘုရင်ဟာ မောင်းမငယ်တစ်ယောက်နဲ့ အတူ မြင်းထားရာ တင်းကုပ်ကို နေ့စဉ်လာလေ့ရှိသတဲ့။ ဘုရင်က ငခွေးကို "အချင်းမြင်းခံ . . .၊ မြင်းချေးကို ဝေးရာမှာတွင်းတူးထည့်၊ နောက် ခြောက်ရာက စပြီး မီးထည့်၊ အရှိန်နဲ့ ခြောက်ပစေ။ နောက် မြင်းချေးကို မီးရှိန်နဲ့ မြှောက်ပစေ" လို့ ညွှန်ကြားမှာထားသတဲ့။ ဘုရင်ဆိုတိုင်း အလိုကျ ငခွေးက ဆောင်ရွက်သတဲ့။

အဲလိုနဲ့ ဘုရင်လာလေ့ရှိတော့ မောင်းမငယ်နဲ့ ငခွေးချစ်ကြိုက်သွားကြတယ်။ တစ်ခါမှာ မောင်းမငယ်နဲ့ ငခွေး တီးတိုးတိုင်ပင်ကာ နောက်တစ်ခါ ဘုရင်အလာမှာ မြင်းချေးတွင်းထဲ ဘုရင့်ကို တွန်းချလေသတဲ့။

အဲဒီလိုနဲ့ ဘုရင်နတ်ရွာစံရတာပေါ့။ ငခွေးဟာ မောင်းမနဲ့ ပေါင်းပြီး မိဖုရားတွေကို ခြိမ်းခြောက်ကာ သူ့အလိုကို ပါအောင် ပြုသတဲ့။ ဆိုပါတော့ ဒီလိုနဲ့ စလေငခွေးမင်းဖြစ်လာတာပေါ့ကွယ်။

စလေငခွေးမင်းဟာ အစားလည်း ကြူးသတဲ့။ အကွပ်အညှပ်လည်း ပြင်းသတဲ့။ ဘုန်းတန်ခိုးကြီး အမျက်စောင်မာန်ကြီးတော့ မှူးမတ်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြရသတဲ့။ သူ့ကို ညှဉ်းပန်းဖူးတဲ့ သူကြွယ်ကိုလည်း ဖမ်းပြီးသတ်စေသတဲ့။ သခင်နဲ့တူတဲ့ လူတွေကိုလည်း ဖမ်းပြီး ဆင်ပေါ်ကနေ 'ဝက်' ဆိုပြီး လှံနဲ့ထိုး၊ ရေကန်မှာချ ပြုလုပ်သတဲ့။ တကယ်တော့ စလေငခွေးဟာ မင်းဆိုးမင်းညစ်ဖြစ်တယ်။ တိုင်းသူပြည်သားတွေလည်း မင်းဆိုးခေတ်မှာ ပင်ပန်းဆင်းရဲကြတာပေါ့ကွယ်။

ကြာတော့ မှူးမတ်တွေဟာ တိုင်ပင်ပြီး ဆင်ကဲကို တံစိုးလက်ဆောင်များစွာ ပေးပြီး စလေငခွေး ဆင်နဲ့ ရေကန်အလာ ဝက်ဆိုပြီး လူတွေကို ထိုးသတ်ချိန်မှာ ဆင်ကကြိုးကို ဖြတ်ခိုင်းထားသတဲ့။ မှူးမတ်တွေ ပြောတဲ့အတိုင်း ဆင်ကဲက လုပ်လို့ စလေငခွေး ကကြိုးပြတ်ကာ ရေကန်တွင်း ထိုးကျသွားသတဲ့။ မှူးမတ်ဗိုလ်ပါအပေါင်းဟာ ငခွေးရေကန်ထဲ ထိုးကျသွားတော့ တစ်ယောက် ရွံ့ညွန်တစ်လက်ဖက်စီနဲ့ ပိုင်းပေါက်ကြတာ စလေငခွေး သေပါလေရော။ ယခုတိုင်ပဲ အဲဒီကန်ကို ညွန်တစ်လက်တစ်ဖက်ကန်လို့ ခေါ်ကြသတဲ့။ ယခုတိုင်း အဲဒီကန် ပုဂံမှာ ရှိပါရဲ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## တောင်သူကြီးမင်း

ကလေးတို့ရေ…

ပုဂံပြည်မှာ သိန်းခိုမင်းစိုးစံစဥ်ကာလက အဖြစ်အပျက်တစ်ခုပေါ့ကွယ်။ သိန်းခိုမင်းနတ်ရွာစံရတဲ့ အကြောင်းနဲ့ ဆက်စပ်နေတာပေါ့။

သိန်းခိုမင်းဟာ မြင်းစီးပြီး တောကစားထွက်လေ့ရှိသတဲ့။ တောကစားတယ်ဆိုတာ တောနက်ထဲမှာ သမင်တို့၊ ဒရယ်တို့ကို လိုက်ပစ်တာပေါ့ကွယ်။ တစ်ခါမှာတော့ သိန်းခိုမင်းဟာ တောကစားထွက်လာရင်း ထမင်းဆာလို့ တောင်သူကြီးယာခင်းမှာ သခွားသီးဆွတ်စားမိသတဲ့။ သခွားသီးတွေကလည်း သီးနေတာ အပြွတ်လိုက်ပဲတဲ့။

ယာခင်းရှင် တောင်သူကြီးဟာ သူ့သခွားယာခင်းထဲ ခွင့်မတောင်းဘဲ ဆွတ်စားတာကြောင့် တူရှင်းရိုးနဲ့ ရိုက်လိုက်တာ သိန်းခိုမင်း သေလေသတဲ့။ ဘုရင်မှန်းလည်း မသိဘူးပေါ့ကွယ်။

သိန်းခိုမင်းရဲ့ မြင်းခံဟာ နောက်မှ ရောက်လာသတဲ့။ အဖြစ်အပျက်က မြန်တော့ အံ့သြနေတာပေါ့။ အကျိုးအကြောင်း ပြော့ပြမှ တောင်သူကြီးလည်း သူသတ်မိသူဟာ ဘုရင်မှန်းသိရသတဲ့။

မြင်းခံလည်း အဖက်ဖက်က စဉ်းစားပြီး တောင်သူကြီးကို ဘုရင်လုပ်ဖို့ နန်းတော်ကို ခေါ်သတဲ့။ တောင်သူကြီးက "ငါ့သခွားယာခင်းဟာ မင်းမြင်တဲ့အတိုင်း ခွေးကလေးတွေ နို့စို့သလို အသီးအောင်မြင်လှတယ်။ ငါဘုရင် မလုပ်လို" လို့ ပြောသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်လုပ်ရင် အားလုံးပိုင်တယ်။ ရွှေ ငွေ ရတနာအပြင် သခွား ယာခင်းတွေလည်း များစွာပိုင်နိုင်တယ်။ ကျွဲ နွား စပါးဆန်ရေ များစွာပိုင် နိုင်တယ်လို့ အမျိုးမျိုး နားချကာ ပုဂံနန်းဆီခေါ်ခဲ့သတဲ့။ နန်းတော်ထဲ လျှို့ ဝှက်စွာ တောင်သူကြီးကို သွင်းပြီး မိဖုရားကြီးကို အကျိုးအကြောင်း မြင်းခံ က တင်လျှောက်တယ်။ မိဖုရားကြီးလည်း ဘုရင်မရှိရင် တိုင်းပြည်မငြိမ် မသက်ဖြစ်မှာ တွေးပူပြီး မြင်းခံကို တော်တယ်လို့ ချီးမွမ်းပြီး ဆုလာဘ်ပေး ကာ မင်းရေမင်းရာတွေကို ကျိတ်ပြီး တောင်သူကြီးကို သင်ပေးလေသတဲ့။

မိဖုရားကြီးက မင်းကြီးနာမကျန်း ဖြစ်နေတယ်။ အတွင်းလူ အပြင် မထွက်ရ၊ အပြင်လူ အတွင်းမဝင်ရ အမိန့်ထုတ်ပြီး တောင်သူကြီးကိုလည်း သန့်ပြန့်စွာ ဝတ်ဆင်ကာ သင်ပေးရတာပေါ့ကွယ်။

အဲလိုနဲ့ ခုနစ်ရက်စေ့တဲ့အခါ မင်းကြီးကျန်းမာလာပြီ။ မှူးမတ်၊ သံ ပျင်ကလန်တစ်ယောက်မကျန် ခစားဝင်စေလို့ မောင်းကြေးနင်းခတ်စေ တယ်။ ညီလာခံမှာ အားလုံး ဦးတိုက်ကြရသတဲ့။ မိဖုရားငယ်တစ်ပါးက "တောင်သူကြီးကိုကား" ဆိုပြီး မခန့်မငြားဆိုတော့ တံခါးမှာထားတဲ့ ကျောက်သူရုပ်က ပြေးပြီး ထောင်းတာကြောင့် မိဖုရားငယ် သွေးအန်သေ သတဲ့။ ဒီတော့ အားလုံးခဲ့ညား ကြောက်ရွံ့ကုန်တာပေါ့ကွယ်။

တောင်သူကြီးမင်းဟာ သူ့သခွားယာခင်းမှာ နဂါးရုပ်ကြီး ပြုလုပ် ထားသတဲ့။ အရည်းကြီးတို့နဲ့ တိုင်ပင်ပြီးလည်း ပုထိုးတွေတည်သတဲ့။ တောင်သူကြီးမင်းဟာ နတ်တော်ကျောင်းဒကာလို့လည်း တွင်သတဲ့။ ညောင် ဦးစောရဟန်းမင်းလို့လည်း တွင်လေသတဲ့။ ထိုမင်းလက်ထက်မှာ ပရိယတ္တိ သာသနာလည်း မရှိသေးတာကြောင့် သမထီးအရည်းကြီးတို့အယူပဲ ယူကြ တာများသတဲ့။

တောင်သူကြီးမင်းဟာ ကွမ်းဆော်ကျောင်းဖြူ မင်းလောင်းလာတာ ကို နန်းဦးက ရုပ်ကြည့်ရင်း ဦးစောက်ကျလို့ ကံကုန်သတဲ့။ သက်တော် (၇၈) နှစ်မှာ ကံကုန်တာပေါ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျောင်းဖြူမင်းဖြစ်လာမယ့် သူငယ်ဟာ ကွမ်းဆော်လုပ်နေချိန်မှာပဲ ပုဂံပြည်မှာ မင်းလောင်းပေါ်လိမ့်မယ်လို့ သတင်းဖြစ်နေသတဲ့။ လူတိုင်းဟာ မင်းလောင်းကို မျှော်နေကြတာပေါ့ကွယ်။ ဘယ်နေ့မင်းလောင်းပေါ်လာမလဲ အုတ်အုတ်ကျက်ကျက် ဖြစ်နေကြတာပေါ့။ လူတွေဟာ စုရုံးပြီး တူရွင်းတောင်ခြေဆီ သွားနေကြသတဲ့။

အဲဒီမနက်မှာ ကွမ်းဆော်လူငယ်ဟာ မိခင်ကို စားမြိန်စာထုပ် စောစောလုပ်ခိုင်းပြီး အိမ်က ထွက်လာခဲ့တယ်။ သူလည်း မင်းလောင်းကြည့်ဖို့ စိတ်အားထက်သန်နေတာပေါ့ကွယ်။

အဲလို ထွက်လာရင်း လမ်းမှာ အဘိုးအိုတစ်ယောက်နဲ့ တွေ့သတဲ့။ အဖိုးအိုက ကွမ်းဆော်သူငယ်ကို ဘယ်သွားမလို့လဲမေးတော့ "မင်းလောင်းသွားကြည့်မလို့ပါ အဘိုး" လို့ ပြောတယ်။ အဘိုးအိုက "လုလင် ငါစီးတဲ့ မြင်းကိုယူပြီး ပုဂံပြည်ကို သွားနှင့်ပါ။ ငါကိစ္စရှိလို့" ဆိုသတဲ့။ ဒီအခါ လုလင်က "အဘိုး ကျွန်တော် မင်းလောင်းကြည့်ရမှာ နောက်ကျနေမယ်" လို့ ပြောတော့ အဘိုးအိုက "မြင်းစီးပြီးသွား ပိုမြန်တာပေါ့။ ဟောဒီမှာ ပတ္တမြားဥသျှောင်ကျင် ဆောင်းသွားပါ။ ပတ္တမြား လက်စွပ်ကိုလည်း ဝတ်သွားပါ။ သည်လှံ၊ သည်ဓားကိုလည်း ကိုင်စွဲသွားပါ။ အဘိုး ကြာနေရင် မစောင့်နဲ့။ မင်းရင်ပြင်အရောက်သွား" လို့ ဆိုပြီး အလုံးစုံအပ်နှင်းလိုက်သတဲ့။

ဒါနဲ့ သူငယ်လည်း အဘိုးအိုစကား လိုက်နာပြီး ဥသျှောင်ဆောင်း၊ လက်စွပ်ဝတ်၊ လှံ၊ ဓားကိုင်ကာ မြင်းကို စိုင်းနှင်လေသတဲ့။ မင်းလောင်းစောင့်မျှော်နေတဲ့ မှူးမတ်၊ ဗိုလ်ထု၊ လူထုအပေါင်းလည်း ကွမ်းဆော် မြင်းစီးလာတာမြင်တော့ အားလုံးဦးတိုက်ကြသတဲ့။

အဲဒီတော့မှ ကွမ်းဆော်လည်း ငါ့ကိုပင်ဖြစ်ချေသည်တကားဂ္ဂိ ဆိုပြီး အဘိုးအိုရဲ့ အမှာအတိုင်း မင်းရင်ပြင်ရောက်အောင် မြင်းစီးသွားသတဲ့။ အဲဒီအချိန်မှာ စောရဟန်းမင်းလည်း "ငါရှိလျက် ဘယ်သူဝံ့သနည်း" လို့ ဆိုပြီး နန်းဦးက ရပ်ကြည့်သတဲ့။ အဲ့လို အကြည့်မှာ နန်းဦးက စောက်ထိုးကျပြီး စောရဟန်းမင်း ကံကုန်လေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျောင်းဖြူမင်းဖြစ်လာမယ့် သူငယ်ဟာ ကွမ်းဆော်လုပ်နေချိန်မှာပဲ ပုဂံပြည်မှာ မင်းလောင်းပေါ်လိမ့်မယ်လို့ သတင်းဖြစ်နေသတဲ့။ လူတိုင်းဟာ မင်းလောင်းကို မျှော်နေကြတာပေါ့ကွယ်။ ဘယ်နေ့မင်းလောင်းပေါ်လာမလဲ အုတ်အုတ်ကျက်ကျက် ဖြစ်နေကြတာပေါ့။ လူတွေဟာ စုရုံးပြီး တူရွင်းတောင်ခြေဆီ သွားနေကြသတဲ့။

အဲဒီမနက်မှာ ကွမ်းဆော်လူငယ်ဟာ မိခင်ကို စားမြိန်စာထုပ် စောစောလုပ်ခိုင်းပြီး အိမ်က ထွက်လာခဲ့တယ်။ သူလည်း မင်းလောင်းကြည့်ဖို့ စိတ်အားထက်သန်နေတာပေါ့ကွယ်။

အဲလို ထွက်လာရင်း လမ်းမှာ အဘိုးအိုတစ်ယောက်နဲ့ တွေ့သတဲ့။ အဖိုးအိုက ကွမ်းဆော်သူငယ်ကို ဘယ်သွားမလို့လဲမေးတော့ "မင်းလောင်းသွားကြည့်မလို့ပါ အဘိုး" လို့ ပြောတယ်။ အဘိုးအိုက "လုလင် ငါစီးတဲ့မြင်းကိုယူပြီး ပုဂံပြည်ကို သွားနှင့်ပါ။ ငါကိစ္စရှိလို့" ဆိုသတဲ့။ ဒီအခါလုလင်က "အဘိုး ကျွန်တော် မင်းလောင်းကြည့်ရမှာ နောက်ကျနေမယ်" လို့ ပြောတော့ အဘိုးအိုက "မြင်းစီးပြီးသွား ပိုမြန်တာပေါ့။ ဟောဒီမှာ ပတ္တမြားဥသျှောင်ကျင် ဆောင်းသွားပါ။ ပတ္တမြား လက်စွပ်ကိုလည်း ဝတ်သွားပါ။ သည်လှံ၊ သည်ဓားကိုလည်း ကိုင်စွဲသွားပါ။ အဘိုး ကြာနေရင် မစောင့်နဲ့။ မင်းရင်ပြင်အရောက်သွား" လို့ ဆိုပြီး အလုံးစုံအပ်နှင်းလိုက်သတဲ့။

ဒါနဲ့ သူငယ်လည်း အဘိုးအိုစကား လိုက်နာပြီး ဥသျှောင်ဆောင်း၊ လက်စွပ်ဝတ်၊ လှံ၊ ဓားကိုင်ကာ မြင်းကို စိုင်းနှင်လေသတဲ့။ မင်းလောင်းစောင့်မျှော်နေတဲ့ မှူးမတ်၊ ဗိုလ်ထု၊ လူထုအပေါင်းလည်း ကွမ်းဆော် မြင်းစီးလာတာမြင်တော့ အားလုံးဦးတိုက်ကြသတဲ့။

အဲဒီတော့မှ ကွမ်းဆော်လည်း ငါ့ကိုပင်ဖြစ်ချေသည်တကားဂဲ့ ဆိုပြီး အဘိုးအိုရဲ့ အမှာအတိုင်း မင်းရင်ပြင်ရောက်အောင် မြင်းစီးသွားသတဲ့။ အဲဒီအချိန်မှာ စောရဟန်းမင်းလည်း "ငါရှိလျက် ဘယ်သူဝံ့သနည်း" လို့ ဆိုပြီး နန်းဦးက ရပ်ကြည့်သတဲ့။ အဲ့လို အကြည့်မှာ နန်းဦးက စောက်ထိုးကျပြီး စောရဟန်းမင်း ကံကုန်လေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကွမ်းဆော်ဟာ ရှင်ဘုရင်ဖြစ်လာတယ်။ ကွမ်းဆော်ကျောင်းဖြူမင်း'' လို့ တွင်သတဲ့။ စောရပဟန်းမင်းရဲ့ မိဖုရားသုံးဦးကိုပဲ ဆက်မိဖုရားမြှောက်တယ်။ မိဖုရားအကြီး တောင်ပြင်သည် မိဖုရားမှာ ကျည်းရိုး ကိုယ်ဝန် ကိုးလ။ အလယ်ပြင်သည် မိဖုရားမှာ စုက္ကတေး ကိုယ်ဝန်ခြောက်လ ပါလာသတဲ့။

ကွမ်းဆော်မင်းရဲ့ မိဖုရားအလယ်မြောက်ပြင်သည်က အနော်ရထာကို ဖွားမြင်သတဲ့။ ဒီလိုနဲ့ ကျည်းစိုးနဲ့ စုက္ကတေး အရွယ်ရောက်လာတဲ့အခါ ကွမ်းဆော်မင်းလည်း အသက်ရလာပြီပေါ့။ မင်းကြီးအသက်ရလာတော့ ကျည်းစိုးနဲ့ စုက္ကတေးက မင်းကြီးကို ဖမ်းပြီး ခြိမ်းခြောက်ကာ ရဟန်းဝတ်စေသတဲ့။ မင်းကြီးကိုယ်တိုင် ရဟန်းပြုချင်လို့ဆိုပြီး သတင်းလွှင့်တာပေါ့ ကွယ်။

ဒီလိုနဲ့ ကွမ်းဆော်ကျောင်းဖြူမင်းကြီး သက်တော် (၈၀) မှာ ကံကုန်ရလေသတဲ့။

❑

www.burmeseclassic.com

# စုက္ကတေးမင်း

ကလေးတို့ရေ…

ကျည်းစိုးနဲ့ စုက္ကတေး ညီနောင်က ကွမ်းဆော်ကျောင်းဖြူမင်းကို အတင်းအဓမ္မ သင်္ကန်းဝတ်ရဟန်းပြုစေတာဟာ သူတို့ထီးနန်းကို စိုးစံချင်လို့ပဲ။

သက္ကရာဇ် (၃၄၈) ခုမှာ ကျည်းစိုးမင်းဖြစ်တယ်။ တောလည်သွားရင်း မုဆိုးတစ်ဦးက သမင်မှတ်လို့ မြားနဲ့ ပစ်လိုက်တာ ကျည်းစိုးအနိစ္စရောက်တယ်။ ဘုရင်အဖြစ် ခြောက်နှစ် နန်းစံပြီး အသက် (၂၈) နှစ်နဲ့ ကွယ် လွန်တယ်။

ကျည်းစိုးသေတော့ စုက္ကတေးနန်းတက်တယ်။ အဲဒီစုက္ကတေးမင်းထံမှာ အနော်ရထာက ခစားတယ်။ အနော်ရထာနဲ့ သူ့မယ်တော်ဟာ ရဟန်းဝတ်နေရတဲ့ ကျောင်းဖြူမင်းကို လုပ်ကျွေးနေတာပေါ့။

တစ်ခါမှာတော့ စုက္ကတေးဘုရင်က ညီလာခံမှာ အနော်ရထာ ခစားနေစဉ် "ညီသားနောင်မယ်" လို့ ခေါ်သတဲ့။ အနော်ရထာက အဲဒီစကားကို နားမလည်လို့ "ဘာ့ကြောင့် ဒီလိုခေါ်ရတာလဲ" လို့ သူ့ခမည်းတော် ရဟန်းကို လျှောက်တဲ့အခါ "မင့်မယ်တော်ကို သိမ်းပိုက်ချင်လို့ပဲ" လို့ ခမည်းတော်က ပြောပြတယ်။ အနော်ရထာဒေါသထွက်တာပေါ့ကွယ်။ ဒါ့ကြောင့် ခမည်းတော်ထံက မြင်းရယ်၊ သီလဝံသဓား၊ လှံ၊ ပတ္တမြား ဥသျှောင်ကျင်၊ ပတ္တမြား လက်စွပ်တို့ကို တောင်းတယ်။ ခမည်းတော်က အကုန်ပေးတယ်။ မြင်းကတော့ သူနန်းကျကတည်းက လွှတ်နေတယ်လို့ ပြောပြတယ်။ "ဒါပေမဲ့ ဒီလက်စွပ်ကို မြင်းကိုပြရင် မြင်းအဖမ်းခံလိမ့်မယ်" လို့ ပြောပြသတဲ့။

ဒီလိုနဲ့ အနော်ရထာက ဖခင်ရဲ့ မြင်းကို ရှာတာ တွေ့တယ်။ ဖခင်ပြောတဲ့အတိုင်း ပတ္တမြားလက်စွပ်ကို ပြတဲ့အခါ မြင်းက အဖမ်းခံသတဲ့။ ဖခင်အကြံပေးတဲ့အတိုင်း အနော်ရထာဟာ ပုပ္ပားအရပ်မှာ လူသူအလုံးအရင်းရအောင် စုရုံးတယ်။ အဲဒီလိုနဲ့ အနော်ရထာမှာ လူသူအလုံးအရင်း စုမိလာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအချိန်မှ စုဏ္ဏတေးက အနော်ရထာရဲ့ မယ်တော်ကို သိမ်းပိုက်လိုက်တယ်။

အနော်ရထာအလုံးအရင်း လူသူလက်နက် ဗိုလ်ပါစုံတဲ့အခါ ပုဂံကို ချီတက်ပြီး စုဏ္ဏတေးကို ရာဇသံပေးလိုက်တယ်။

"နန်းကိုတည်း ပေးမည်လော။ စစ်ကိုတည်း ပြုမည်လော"

အဲဒီအခါ စုဏ္ဏတေး အလွန်ဒေါသထွက်သွားသတဲ့။ "ခံတွင်းနို့နံ့ မစင်သေးတဲ့ သူက ငါလိုမင်းကို အန်တုဝံ့သလား။ အမတ်ဗိုလ်ပါတို့ ကြည့်လို့သာနေ ဝင်မပါနဲ့။ ငါနဲ့ တစ်ဦးချင်း စီးချင်းထိုးမယ်" လို့ မိန့်တော်မူသတဲ့။

အနော်ရထာကလည်း စုဏ္ဏတေးစကားကို လက်ခံပြီး နေ့ရက်၊ နေရာ၊ အချိန်၊ အချိန်းအချက်လုပ်ပြီး စီးချင်းထိုးကြသတဲ့။

စုဏ္ဏတေး မြင်းစီးလာတာမြင်တော့ အနော်ရထာက "နောင့်တော် အကြီးဖြစ်သည်။ အရင်စစ်ထိုးပါ" လို့ ဆိုသတဲ့။ စုဏ္ဏတေးလည်း အနော်ရထာဆီသို့ လှံပျံလွှတ်လိုက်တာပေါ့။ အနော်ရထာလည်း သူ့ရဲ့ အရိန္ဒမာ လှံနဲ့ ဆီးကာလို့ လူကို မထိဘဲ မြင်းကကို ထိမိသတဲ့။ အဲဒီလို မြင်းကဦးကိုပဲ ထိတာကြောင့် စုဏ္ဏတေးဟာ အလွန်ထိတ်လန့်တုန်လှုပ်နေတာပေါ့။ ဒီအခါ အနော်ရထာက "နောင်တော့အလှည့်ကုန်ပြီ။ ဒီအခါ ညီရဲ့အလှည့်ပဲ၊ ခံနိုင်အောင် ခံပေတော့" ဆိုပြီး အရိန္ဒမာလှံနဲ့ ထိုးလိုက်တာ။ ရှေ့ကနေ နောက်ထိ ပေါက်လို့ စုဏ္ဏတေး မြင်းနဲ့အတူ မြစ်အနားအထိပါပြီး အနိစ္စရောက်လေသတဲ့။

အဲဒီနေရာကို ယခုတိုင် "မြင်းကပါ" အရပ်လို့ ခေါ်တွင်သတဲ့။

အနော်ရထာရဲ့ မယ်တော်လည်း အဲဒီသတင်းကြားတော့ "ပုတ္တလင်၊ ပုတ္တလင်" လို့ ခေါ်ဝေါ်မြည်တမ်းသတဲ့။ အဲဒီအရပ်မှာ ဘုရားတည်တယ်။ ထိုဘုရားလည်း ပုတ္တလင်လို့ အမည်တွင်တယ်။ မယ်တော်ရင်ဝတ်ကျွတ်ရာ အရပ်မှာလည်း ဘုရားတည်ထားတယ်။ ရင်ဝတ်ကျွတ်ဘုရားလို့ အမည်တွင်သတဲ့။

စုဏ္ဏတေးဟာ ထီးနန်းစည်းစိမ် (၂၅) နှစ်ခံစားပြီး သက်တော် (၅၃) နှစ်မှာ အနိစ္စရောက်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာမင်းကြီး

ကလေးတို့ရေ…

အနော်ရထာဟာ စုက္ကတေးကို စီးချင်းထိုးပြီး အနိုင်ရတာကြောင့် ပုဂံမင်း ဖြစ်လာတယ်။ အနော်ရထာဟာ မိဘကို ရိုသေသူဖြစ်တာကြောင့် စုက္ကတေး အနိစ္စရောက်တဲ့အခါ ဖခမည်းတော်ကို ထီးနန်းဆက်ခံဖို့ လျှောက်ထားတယ်။ ဒါပေမဲ့ ခမည်းတော်က လက်မခံဘူး။ ဒါကြောင့် ခမည်းတော်ကို ရဟန်းမင်းအဖြစ် ကြီးစွာ ပူဇော်သတဲ့။

အနော်ရထာဘုရင် ဖြစ်လာတဲ့အခါမှာ ပုဂံပြည်ရဲ့ အကျယ်အဝန်းဟာ မြောက်နဲ့တောင် မိုင် (၂၀၀) လောက်သာရှိလို့ မြန်မာနိုင်ငံအလယ်ပိုင်း ကွက်ကွက်ကလေးပဲ ရှိသတဲ့။ မြောက်ဘက်မှာ နန်ချိုရှမ်းတို့ လွှမ်းထားတယ်။ တောင်ဘက်မှာ မွန်တွေရှိတယ်။ အနောက်ဘက်မှာ ရခိုင်တို့ ရှိတယ်။ အနော်ရထာမင်းဟာ အဲဒီလို အကွဲကွဲ အပြားပြားဖြစ်နေတဲ့ တိုင်းငယ်ပြည်ငယ်တွေကို စုစည်း စည်းရုံးပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ခဲ့တာပဲ။

အနော်ရထာမင်းရဲ့ သားတော်ကြီးက စောလူးဖြစ်တယ်။ နောက် ဝေသာလီက ဆက်သလာတဲ့ ပဉ္စကလျာဏီ မင်းသမီးနဲ့က ကျန်စစ်သားကို မွေးတယ်။ ကျန်စစ်သားကိုယ်ဝန်ရှိစဉ်မှာ မိဖုရားကို မယုံကြည်တာကြောင့် ပရိမ္မအမတ်ကို အပ်ပြီး ပရိမ္မအရပ်ကို ပို့ထားသတဲ့။ အဲဒီအရပ်မှာ ကျန်စစ်သားကို ဖွားတာပေါ့။ ကျန်စစ်သားကို မွေးတော့ မြေငလျင် ကြီးစွာ လှုပ်သတဲ့။ အကြောင်းကို ဘုရင်က မေးတော့ ဘုရင့်ရဲ့ ဗေဒင်ဆရာရှိ ဟူးရားဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဟူးရားညီတို့က မြောက်အရပ်မှာ မင်းလောင်းပေါ်မယ် ဟောလို့ မွေးကင်းစကလေးတွေကို သတ်တယ်။ ကျွန်စစ်သားကလေး ကျန်နေသတဲ့။ နောက်တစ်ခါ နွားကျောင်းသားရွယ် ရောက်ပြီဟောတော့ သူငယ်အရွယ်တွေကိုလည်း ဟူးရားတွေဟောတဲ့အတိုင်း သတ်တယ်။ ကျွန်စစ်သား ကျန်ရစ်ပြန်တာပဲ။ ကျွန်စစ်သားအရွယ်ရောက်တော့ မယ်တော်က မင်းဆရာထံအပ်ကာ ရဟန်း ပြုစေတယ်။ ဆွမ်းလုပ်ကျွေးကာ ကိုယ်တိုင်သောက်တော်ရေကပ်၊ လုပ်တော့ ကျွန်စစ်သား ခံတွင်းက စက်ရောင်ဝင်းခနဲလက်တာ မြင်ရသတဲ့။ “ငါရှိစဉ် သူ မင်းဖြစ်မလား” လို့ ဟူးရားတွေကို မေးတော့ “အရှင်မင်းကြီး နောက် နောက်မင်းတစ်ဆက်လွန်မှ မင်းဖြစ်မယ်” ဟောတော့ အဲဒီလိုအစက မလျှော့ကျဘူး။ ခုတော့ အမှုတွေ လွန်ခဲ့ပြီလို့ အနော်ရထာဟာ သူ့လုပ်ရပ်ကို နောင်တရတာပေါ့။ ကျွန်စစ်သားကိုလည်း လူထွက်စေပြီး အပါးတော်မှာ ခစားစေသတဲ့။

ပုဂံပြည်မှာ အနော်ရထာမင်းမဖြစ်ခင်ကတည်းက နတ်နဂါးကိုးကွယ်မှု၊ အရည်းကြီး ကိုးကွယ်မှုတွေ ရှိခဲ့တယ်။ အရည်းကြီးတွေဟာ တုံးခုန်၊ ဇယ်ခတ်၊ နောက် မင်္ဂလာဆောင်ရှိရင် သတို့သမီးကို သူတို့ကျောင်းအရင် ပို့ရတယ်။ ပန်းဦးလွှတ်တယ်ဆိုတဲ့ ဆိုးယုတ်တဲ့အကျင့်တွေ ရှိတာမို့ အနော်ရထာမင်းကြီးဟာ မနှစ်မြို့ဘူး။ စစ်မှန်တဲ့ သာသနာကိုပဲ တောင့်တနေတယ်။

အဲဒီအချိန်က သထုံပြည်မှာ ဗုဒ္ဓဘာသာ ထွန်းကားနေတယ်။ ရှင်အရဟံ ကြွရောက်လာလို့ အနော်ရထာမင်းကြီးက ကြည်ညိုပြီး ကိုးကွယ်တယ်။ အရည်းကြီးတွေကို လူထွက်စေပြီး ဆင်ချေးကျုံး၊ မြင်းချေးကျုံးစတဲ့ အလုပ်ကြမ်းတွေ လုပ်စေတယ်။

သထုံပြည်မှာ ပိဋကတ်တော်တွေ ရှိတယ်ဆိုတာ သိရတော့ လက်ဆောင်ပဏ္ဏာတွေနဲ့ သထုံဘုရင် မနူဟာမင်းထံ တောင်းခိုင်းတယ်။ မနူဟာမင်းက မချေမငံ ဆက်ဆံတာနဲ့ သထုံကို စစ်တိုက်တယ်။ စစ်နိုင်တော့ မင်းနဲ့တကွ လက်မှုပညာသည်တွေ၊ ဆင်ဖြူတွေ၊ ရဲမက်တွေ၊ ကျမ်းတတ်ရဟန်းတော်တွေ အားလုံး သိမ်းယူခဲ့တယ်။

အနော်ရထာမင်းကြီးဟာ သာသနာတော် ထွန်းကားအောင် များစွာ လုပ်ဆောင်ခဲ့တယ်။ စေတီ ပုထိုးတွေလည်း တည်တယ်။ ရွှေစည်းခုံစေတီ

www.burmeseclassic.com

www.burmeseclassic.com



တော်ဟာ ထင်ရှားလှတယ်။ မနူဟာမင်းကိုလည်း ရွှေစည်းခုံမှာ လှူတယ်။ မနူဟာမင်းကလည်း သူ့လက်ဝတ်လက်စားအားလုံး ထုခွဲပြီး ဘုရားတည်တယ်။ ပုဂံမှာ မနူဟာဘုရားရယ်လို့ ရှိတယ်ကွဲ့။

တရုတ်ပြည်ကိုလည်း အနော်ရထာမင်းကြီး စွယ်တော်ပင့် သွားခဲ့သတဲ့။ အပြန်မှာ မန္တလေးမှာရှိတဲ့ မြတ်စောညီနောင်ဘုရားကို တည်တယ်လို့ ဆိုပါတယ်ကွယ်။

အနော်ရထာမင်းကြီးဟာ နိုင်ငံတော်ကိုလည်း ကြံ့ခိုင်အောင် ဆောင်တော်မူတယ်။ ရာပြူမြို့၊ ထောင်ပြူမြို့တွေ တည်ပြီး ရဲမက်စစ်သည် အင်အား တောင့်တင်းအောင် လုပ်တယ်။ လယ်တွင်း ကိုးခရိုင်၊ ဆည်မြောင်း ကန်ချောင်းတွေ လုပ်တယ်။ ကျန်စစ်သားဦးဆောင်တဲ့ သူရဲကောင်းတွေကိုလည်း ချီးမြှောက်တော်မူတယ်။ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဆိုတဲ့ လူစွမ်းကောင်းတွေကိုလည်း စုစည်းမိတယ်။ သီဟိုဠ်က စွယ်တော်ပွားကို ပင့် ကိုးကွယ်တယ်။ တစ်ခါမှာ ပဲခူးမင်းက စစ်ကူတောင်းလို့ ကျန်စစ်သားနဲ့ စစ်သူကြီးလေးဦး တပ်လွှတ်ပြီး ဂျွမ်းသူပုန်တွေကို နှိမ်နင်းစေတယ်။ စစ်အောင်ခဲ့တယ်။ ပဲခူးမင်းက အနော်ရထာမင်းထံ သမီးတော်ကို ဆက်သလိုက်တယ်။

အနော်ရထာမင်းကြီးဟာ ရှမ်းပြည်နယ်ကိုလည်း တိုင်းခန်းလှည့်တယ်။ မော ကိုးပြည်ကို အစိုးရတဲ့ မိုးကောင်းစော်ဘွားက စောမွန်လှဆိုတဲ့ သမီးကညာကို ဆက်သတဲ့။ ရခိုင်ပြည်ကိုလည်း တိုက်ခိုက်အောင်ခဲ့တယ်။

အနော်ရထာမင်းကြီးရဲ့ လုပ်ဆောင်ချက်တွေက များပြားလှတယ်။ မင်းကြီးနတ်ရွာစံရပုံနဲ့ ပတ်သက်ပြီး မြစ်ချေအရပ်မှာ ကျွဲရိုင်းခတ်လို့ အနိစ္စရောက်ရတယ်လို့ ဆိုတယ်။ ဟုတ်-မဟုတ် အငြင်းပွားကြတာတွေလည်း ရှိတာပေါ့ကွယ်။ အနော်ရထာမင်းကြီးဟာ နန်းစည်းစိမ် (၄၂) နှစ် စံတော်မူပြီး သက်တော် (၇၅) နှစ်မှာ ကံတော်ကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အနော်ရထာမင်း၏ သူရဲကောင်းလေးယောက်

ကလေးတို့ရေ…

ပုဂံပြည်မှာ အနော်ရထာမင်းကြီး စိုးစံစဉ် အလွန်အားကိုးရတဲ့ သူရဲကောင်း လေးယောက် ပေါ်ထွန်းလေတယ်။ သူတို့ကတော့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ ဖြစ်ကြတယ်။

ကျန်စစ်သားဟာ အနော်ရထာမင်းကြီးနဲ့ ဝေသာလီ မင်းသမီးတို့က မွေးဖွားတဲ့ သားတော်ဖြစ်တယ်။ ခမည်းတော် အနော်ရထာမင်း အထင်မှားတာကြောင့် ငယ်ရွယ်စဉ်ကတည်းက မယ်တော်နဲ့အတူ ပရိမ္မအရပ်မှာ မထင်မရှား နေထိုင်ရတယ်။ မယ်တော်ဟာ ကျန်စစ်သားကို ဆရာရဟန်းထံ အပ်နှံပြီး ပညာသင်စေတယ်။ ပညာသင်ခိုက်မှာ ကျန်စစ်သားဟာ ရဟန်းဝတ်နေလေတယ်။ ကျန်စစ်သားဟာ ဉာဏ်ပညာလည်း ကြီးတယ်။ လုံ့လဝီရိယလည်း ရှိသူဖြစ်တယ်။ စိတ်နှလုံးကောင်းသူဖြစ်တယ်။ အရွယ်ရောက်တဲ့အခါမှာ လူဝတ်လဲပြီး ခမည်းတော် အနော်ရထာမင်းထံမှာ ခစားလေတယ်။

ငထွေရူးကတော့ မြင်းမူအရပ်သားဖြစ်တယ်။ လက်ရုံးရည်ကောင်းသူဖြစ်တယ်။ မြင်းမူအရပ်မှာ နေထိုင်စဉ်မှာ ငထွေရူးဟာ ထန်းပင်တစ်ထောင်ကို မနားတမ်း ဆင်းလိုက်၊ တက်လိုက် ထန်းသီးတွေကို လှီးနိုင်တယ်။ ထန်းပင်တွေ စီတန်းပြီးနေရင် အပင်အောက်မဆင်းဘဲ တစ်ပင်နဲ့တစ်ပင် ခုန်ကူးကာ ထန်းရေခံဖို့ ထန်းနို့လှီးလေတယ်။ အနော်ရထာနဲ့ ကျန်စစ်သား အပါအဝင် မှူးမတ်များ တိုင်းခန်းလှည့်လည်တဲ့အခါ ငထွေရူးရဲ့ စွမ်းဆောင်

www.burmeseclassic.com



ချက်ကို သဘောကျတာကြောင့် နန်းတော်သို့ ခေါ်ဆောင်ခဲ့ပြီး အမှုထမ်းစေတယ်။

ငလုံးလက်ဖယ်ကတော့ ပုပ္ပားအရပ်သားဖြစ်တယ်။ သူလည်း ခွန်အားဗလကောင်းပြီး ထူးချွန်သူဖြစ်တယ်။ ပုပ္ပားမှာ နေထိုင်စဉ် နွားအရှဉ်း (၃၀) ကို ထွန်တွေမှာတပ်ပြီး ထွန်တစ်တုံးကို နေတစ်တုံးကူးပြီး မနားတမ်း လယ်ထွန်နိုင်စွမ်းသူဖြစ်တယ်။ အနော်ရထာမင်းကြီး ကျန်စစ်သားနဲ့ မှူးမတ်အခြွေအရံများ ပုပ္ပားလာစဉ် ငလုံးလက်ဖယ်ရဲ့ ထူးခြားတဲ့ သတင်းကြားတာကြောင့် ကျန်စစ်သားကို စုံစမ်းစေကာ ပုဂံနန်းတော်ကို ခေါ်ခဲ့ပြီး မင်းမှုထမ်းစေခဲ့တယ်။

ညောင်ဦးဖီးကတော့ ညောင်ဦးအရပ်သားဖြစ်တယ်။ ငထွေရူး၊ ငလုံးလက်ဖယ်တို့လိုပဲ ခွန်အားဗလကောင်းပြီး လက်ရုံးရည် ထူးချွန်သူဖြစ်တယ်။ သူ့အစွမ်းကတော့ ညောင်ဦးကမ်းပါးအမြင့်ကနေ ဧရာဝတီမြစ်တွင်း ပြေးဆင်းပြီး မနားတမ်းကူးခတ်နိုင်တယ်။ ဟိုဘက်ကမ်းရောက်တာနဲ့ မနားတမ်း မြစ်ကို ဖြတ်ကူးလာပြီး ညောင်ဦးကမ်းပါးပေါ် အပြေးတက်လေတယ်။ အနော်ရထာမင်းလည်း ညောင်ဦးဖီးရဲ့ သတင်းကြားတာကြောင့် ကျန်စစ်သားနဲ့ ရဲမက်တွေ လွှတ်ပြီးစုံစမ်းစေကာ မင်းကြီးကြားတဲ့အတိုင်း မှန်တာမို့ ပုဂံနန်းတော်ကို ခေါ်ဆောင်ကာ မင်းကြီးက မင်းမှုထမ်းစေတယ်။

နောင်အခါ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ဟာ ပုဂံတပ်မတော်မှာ မင်းကြီးအားကိုးရတဲ့ သူရဲကောင်းတပ်မှူးကြီးတွေ ဖြစ်လာကြတယ်။

တစ်ခါမှာတော့ လက်ထုပ်အရပ်မှာ မြင်း လေးစီး ဆိုးသွမ်းလှကြောင်း မင်းကြီးနားတော် လျှောက်လာတာကြောင့် သူရဲကောင်း လေးဦးကို လွှတ်ကာ ဖမ်းယူစေတယ်။ ထိုမြင်း လေးစီးကို သူရဲကောင်း လေးဦးအား ပြန်ဆုချလိုက်လေတယ်။ ထိုမြင်း လေးစီးဟာ အပြေးမြန်လွန်းတာကြောင့် နတ်မြင်းတွေပဲလို့ ပြည်သူတွေက ပြောကြတယ်။

အနော်ရထာမင်းကြီးစီးတဲ့ မြင်းကို “ကဏ္ဍကလက်ပံ” လို့ အမည်ပေးထားတယ်။ ကျန်စစ်သားစီးတဲ့ မြင်းကို “နှလုံးခွန်ကောင်း” လို့ ခေါ်တယ်။ ငထွေရူးစီးတဲ့ မြင်းကိုတော့ “လေမိုးယဉ်ခေါင်” လို့ မှည့်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ ညောင်ဦးဖီးစီးတဲ့ မြင်းကိုတော့ "နှလုံးအတုမရှိ" လို့ ခေါ်ကြတယ်။

အနော်ရထာမင်းကြီး သထုံပြည်မနူဟာမင်းထံ ချီတက်စဉ်ကလည်း ထိုသူရဲကောင်းပါကြတယ်။ တရုတ်ပြည် စွယ်တော်တောင်းထွက်စဉ်ကလည်း ထိုသူရဲကောင်း လေးဦး ပါဝင်ခဲ့တယ်။ ပဲခူးမှာ ဂျွမ်းစစ်သည်တွေဝင်လို့ ပဲခူးမင်းက အနော်ရထာမင်းကြီးထံ စစ်ကူတောင်းစဉ်ကလည်း စစ်သည် (လေးသိန်း) လွှတ်လိုက်မယ်ဆိုကာ သူရဲကောင်း လေးဦး ကွပ်ကဲတဲ့ တပ်ကြီးလွှတ်လိုက်တယ်။ လေးသိန်းအားနဲ့ ညီမျှတဲ့ စွမ်းအားတွေနဲ့ ရွတ်ရွတ်ချွံချွံ တိုက်ခိုက်တွန်းလှန်တာကြောင့် ဂျွမ်းစစ်သည်တို့ တပ်ပျက်ကာ ကစဉ့်ကလျား ဆုတ်ခွာပြေးလေတယ်။

ကျန်စစ်သားက လွဲပြီး ကျန်သူရဲကောင်း သုံးဦးဟာ သာမန်ဆင်းရဲသား လယ်သမား၊ ယာသမား၊ ရေလုပ်သားတို့က ပေါက်ဖွားလာသူတွေဖြစ်ကြတယ်။ သူတို့ရဲ့ ထူးခြားတဲ့ စွမ်းရည်တွေကြောင့် အနော်ရထာမင်းကြီးရဲ့ သူရဲကောင်းများ ဖြစ်လာကြတယ်။ လုံ့လဝီရိယ၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပြီး ရှပ်ရှပ်ချွံချွံ အမှုတော် ထမ်းကြတာကြောင့် သူတို့ရဲ့အကြောင်းဟာ သမိုင်းမှာ ထင်ရှားလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာမင်းနှင့် ရှင်အရဟံ

ကလေးတို့ရေ…

ပုဂံပြည်မှာ အနော်ရထာမင်းကြီး နန်းတက်စအချိန်မှာ နတ်ကိုးကွယ်မှု၊ နဂါးကိုးကွယ်မှု၊ ရဟန်းတုဖြစ်တဲ့ အရည်းကြီးတို့ကို ကိုးကွယ်ကြသတဲ့။ အရည်းကြီးတွေဟာ ပုဂံပြည်ရဲ့ အရှေ့တောင်ဘက် 'သမထီး' လို့ ခေါ်တဲ့ အရပ်မှာ နေထိုင်ကြသတဲ့။ အရည်းကြီးတွေဝတ်တဲ့ သင်္ကန်းဟာ မဲဆိုးတဲ့ သင်္ကန်းဖြစ်တယ်။ လက် လေးသစ်ရှည်တဲ့ ဆံပင်ကိုထားကြတယ်။ မုတ်ဆိတ်မွေးလည်း ထားကြသတဲ့။ အဲဒီ အရည်းကြီးတွေဟာ သူတို့ကိုယ်သူတို့ ဗုဒ္ဓဘုရားရဲ့ သားတော် မြေးတော်တွေ ဖြစ်တယ်လို့ ဆိုကြတယ်။

သူတို့ဟာ တုံးခုန်၊ ဖယ်ခတ်ကြတဲ့အပြင် မင်္ဂလာဆောင်ရှိရင် သတို့သမီးကို ဦးစွာ သူတို့ထံ လွှတ်ပေးရတယ်။ "ပန်းဦးလွှတ်ပွဲ" လို့ ဆိုကြသတဲ့။ သူ့အသက်ကို သတ်ရင်လည်း သူတို့ပေးတဲ့ ပရိတ်ကို ရွတ်ရင် အပြစ်လွတ်တယ်လို့ ပြောဟောကြတယ်။

အနော်ရထာမင်းမတိုင်ခင်က မင်းနဲ့ပြည်သူတွေဟာ အဲဒီအရည်းကြီးတွေကိုပဲ ကိုးကွယ်ကြလေတယ်။ အနော်ရထာမင်း နန်းတက်လာတဲ့အခါ အရည်းကြီးတွေရဲ့ အမူအကျင့်တွေကို မနှစ်မြို့လေဘူး။ သူမြတ်တို့ရဲ့ အမူအကျင့် မဟုတ်လေဘူးလို့ ဆင်ခြင်မိတာကြောင့် စစ်မှန်တဲ့ တရားဒေသနာကို ဟောကြားညွှန်ပြနိုင်တဲ့ သူမြတ်ပုဂ္ဂိုလ်ကို တောင့်တနေမိသတဲ့။

အနော်ရထာမင်းနန်းတက်စဉ်ကာလမှာ သထုံပြည်မှာ မကုတလို့ ခေါ်တဲ့ မနုဟာမင်း စိုးစံနေတယ်။ အောက်မြန်မာနိုင်ငံမှာ ဗုဒ္ဓတရား ဒုံစစ် အမှန် ထွန်းကားနေပေမယ့် အနော်ရထာစိုးစံတဲ့ နယ်ပယ်အဝန်းမှာတော့ ဗုဒ္ဓဘာသာအစစ် ထွန်းကားခြင်း မရှိသေးဘူး။

တစ်နေ့မှာတော့ မွန်ရဟန်းတော်တစ်ပါးဖြစ်တဲ့ ရှင်အရဟံ သူမြတ်ဟာ သထုံပြည်ကနေ ထွက်ခွာလာပြီး ပုဂံနေပြည် အနော်ရထာမင်းကြီးထံ ရောက်လာလေတယ်။ "ဤသူကား ဖန်ရည်စွန်းတဲ့ သင်္ကန်းကို ဝတ်ရုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်သော ဂုဏ်ကျေးနဲ့လည်း ပြည့်စုံတယ်။ ဤပုဂ္ဂိုလ်၌ တရားစစ်၊ တရားမှန် ရှိတန်ရာတယ်" လို့ အောက်မေ့တော်မူပြီး ကြုံဆိုကာ "သင့်ရာမှာ ထိုင်ပါ" လို့ ဆိုလေတယ်။

ရှင်အရဟံလည်း မြင့်မြတ်တဲ့ အနေအထား သိစေလိုတာနဲ့ ပလ္လင် ထက်တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူလေတယ်။ အနော်ရထာမင်း ကြီးလည်း သူထင်တာ မှန်လေပြီ၊ သူမြတ်ပုဂ္ဂိုလ် မှန်လေပြီလို့ အောက်မေ့ ကာ မေးလျှောက်လေတယ်။

"အမည်ဘယ်သို့ခေါ်ပါသလဲ၊ အရှင် ဘယ်အရပ်က ကြွလာပါသလဲ၊ သင့်ဆရာ ဘယ်သူဖြစ်ပါသလဲ၊ ဘယ်သို့သောတရားကို ဆောင်ပါသလဲ" လို့ မေးလျှောက်တဲ့အခါ ရှင်အရဟံကလည်း သူ၏အမည်ကို ပြောပြ၊ သထုံ က ကြွလာကြောင်း၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်ရဲ့ တပည့်သားမြေး ဖြစ်ကြောင်းမှစပြီး ဗုဒ္ဓရဲ့ တရားတော်ကို ဟောပြလေတယ်။ "တရားအဆုံး မှာ" မမေ့မလျော့သော သတိတရားနဲ့ ပြည့်စုံဖို့" ဆုံးမဟောကြားတော် မူတဲ့အခါ အနော်ရထာမင်းကြီး အလွန်အားရကာ ယုံကြည်ကိုးကွယ်လေ တယ်။

ရှင်အရဟံရဲ့ ညွှန်ပြမှုကြောင့် သထုံပြည် မနူဟာမင်းထံမှာ ပိဋကတ် တော် တစ်စုံတောင်းစေတယ်။ မနူဟာမင်းက မပေးတဲ့အပြင် မချေမင် ဆက်ဆံတာကြောင့် သထုံပြည်ကို စစ်အင်္ဂါ လေးပါးနဲ့ ချီတော်မူလေတယ်။

ပုဂံပြည်တွင်းမှာ ရှိကြတဲ့ အရည်းကြီး (၆၀၀၀၀) ခြောက်သောင်း ကျော်ကိုလည်း နှိမ်နင်းကာ လူထွက်စေပြီး ဆင်ချေးကျုံး၊ နွားချေးကျုံး ထည့်တယ်။ အချို့ကို မင်းမှုထမ်းစေတယ်။

အနော်ရထာမင်းဟာ သထုံကို ချီတက်တိုက်ခိုက် အောင်မြင်တဲ့အခါ မနူဟာမင်းနဲ့တကွ ပိဋကတ်တော်များ၊ ဗိသုကာပညာသည်၊ ကျောက်သား ပေါ် စာတ်နိပါတ်တော် ထွင်းနိုင်တဲ့ ပန်းတမော့ပညာသည်၊ အင်္ဂတေဖြင့် စီရင်ရတဲ့ ပန်းတော့ပညာသည်တို့အပြင် ပန်းချီ ပန်းပု စာပေကျွမ်းတဲ့ ပုဂ္ဂိုလ်တို့ပါ ယူဆောင်ခဲ့လေတယ်။ အဲဒီအခါကစပြီး ပျူ၊ မွန်၊ မြန်မာတို့ ရဲ့ ယဉ်ကျေးမှုဟာ ပုဂံမှာ ခိုင်မြဲလာလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# စောလူးနှင့် ငရမန်

ကလေးတို့ရေ…

ပုဂံပြည်မှာ အနော်ရထာမင်း နတ်ရွာစံတဲ့အခါ သက္ကရာဇ် (၄၂၁) ခုနှစ်မှာ သားတော် စောလူးမင်း နန်းတက်လေတယ်။ စောလူးမင်းဟာ တိုင်းရေးပြည်ရေးကို သိပ်စိတ် မဝင်စားလှဘူး။ လောင်းကစားကို ဝါသနာပါတယ်။

စောလူးနန်းတက်တဲ့အခါ ဥဿမင်းသမီး သီရိစန္ဒာဒေဝီ ခင်ဦးကို ဦးဆောက်ပန်းအမည်နဲ့ မိဖုရားဆက်မြှောက်တယ်။ မှူးမတ်အပေါင်းက ကျန်စစ်သားကို ပြန်ခေါ်သင့်ကြောင်း၊ တိုင်းရေးပြည်ရာမှာ အားကိုးရကြောင်း လျှောက်တင်တာနဲ့ ပြန်ခေါ်စေတယ်။

အဲဒီအချိန်က ကျန်စစ်သားဟာ မထီးတူမ သမ္ဘူလနဲ့ အကြောင်းပါပြီး ကျောင်းဖြူအရပ်မှာနေလေတယ်။ နန်းတော်က အခေါ်လွှတ်တဲ့အခါ သမ္ဘူလကို သူ့လက်စွပ်ပေးခဲ့တယ်။ သားယောကျ်ားဖွားရင် လက်စွပ်ယူလိုက်ခဲ့ဖို့၊ မိန်းကလေးဖွားရင် လက်စွပ်ကို ရောင်းချစားသောက်ဖို့ မှာခဲ့တယ်။

ကျန်စစ်သားနန်းတော်ပြန်ရောက်ပြီး မကြာခင် မိဖုရား ခင်ဦးနဲ့ အဟောအပြော ရှိပြန်တာကြောင့် ဒလပို့ပြန်တယ်။ နောက် အမှူးအမတ်တွေ လျှောက်ထားပြန်တာကြောင့် ပြန်ခေါ်လေတယ်။

စောလူးမင်းဟာ အထိန်းတော်သား ငရမန်ကို ပဲခူးကို စားစေတယ်။ ငရမန်နဲ့ ငယ်စဉ်က နို့စို့ဘက်လည်း ဖြစ်တာမို့ ချိန်းကာ ကြွေအန်ကစားလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ တစ်ခါမှာတော့ ငရမန်ကြွေအန်နိုင်တာကြောင့် ထပြီး လက်ခမောင်း ခတ်လေတယ်။ အဲဒီအခါမှာ စောလူးမင်း ဒေါသထွက်သွားတယ်။

"ကြွေအန်တစ်ပွဲမျှ နိုင်တာနဲ့ လက်ခမောင်းခတ်ရသလား။ နင်အစွမ်း ရှိရင် နင်စားတဲ့ ပဲခူးနဲ့ ငါ့ကို ပုန်ကန်ရဲလား" လို့ မေးတယ်။ ငရမန်လည်း နဂိုကတည်းက ပုဂံကို လုပ်ကြံမယ်လို့ ကြံစည်ရင်းရှိလေတယ်။ စောလူး မင်းဆီက ပုန်ကန်ဖို့ ပြောတဲ့အခါ ငရမန် အကြိုက်တွေ့သွားတယ်။ "သင် တကယ် ပြောနေတာလား" လို့ ငရမန် ပြန်မေးတဲ့အခါ စောလူးက "မင်းတို့မည်သည် ပြောပြီး စကားအတည်ဖြစ်တယ်" ဆိုတာနဲ့ ငရမန်လည်း ပဲခူးပြန်ပြီး လူသူအင်အား စုလေတယ်။ ဆင် မြင်းအလုံးအရင်းရတဲ့အခါ ပုဂံ စောလူးမင်းကို တိုက်ဖို့ ချီလာလေတယ်။

စောလူးမင်းလည်း ရမန် စစ်ချီလာတာ ပြည်တော်သာ ကျွန်းရောက် ပြီ ကြားတဲ့အခါ ဆင် မြင်း အလုံးအရင်းနဲ့ ကျွန်စစ်သားကို တပ်ဦး ချီစေ တယ်။ စောလူးမင်းက နောက်တပ်မနဲ့ ချီလေတယ်။

ငရမန်ကန်းဟာ ကျွန်စစ်သားတပ်ဦး ချီလာပြီ ကြားတဲ့အခါ အကြံ ထုတ်လေတယ်။ "ကျွန်စစ်သားဟာ စစ်ရေးစစ်ရာမှာ အလုပ်အကြံ အကွပ် အကဲ ကောင်းလှတယ်။ ဉာဏ်ဆင်ပြီး လှည့်ဖြားမှသာ အောင်မြင်နိုင်မယ်" လို့ စဉ်းစားပြီး ဆင်ခင်း၊ မြင်းခင်း မသာတဲ့ ရွံ့ညွန်ထူထပ်ရာမှာ နှီးနဲ့ ဆင် ရုပ်ကြီး လုပ်၊ ပေါင်းဝန်တင်ပြီး လူရုပ်ကိုလည်း ဒိုင်းလွှားကာ ကိုင်ဟန်လုပ် ပြီး ဆင်ရုပ်ဦးကင်းပေါ် တင်ထားလေတယ်။

စောလူးမင်းနဲ့ ကျွန်စစ်သားလည်း ပြည်တော်သာကျွန်း ရောက်တဲ့ အခါ မိုးချုပ်ပြီဖြစ်လို့ နက်ဖြန်မှ တိုက်မယ်လို့ ကျွန်စစ်သားစီစဉ်တယ်။ အကြံနဲ့ ငရမန်လည်း ညဘက်မှာ စောလူးကို စစ်မြှုလေတယ်။ စောလူး မင်းလည်း အဆင်ခြင်မရှိ ထွက်တိုက်လေတယ်။ ငရမန့်လူတွေက ရွံ့ညွန်ထူ ရာဆီ တဖြည်းဖြည်း မျှားပြီး စစ်မြှုလေတယ်။ စောလူးမင်းလည်း ဆင်တော် သန်မြန်စွာကို စီးပြီး လိုက်လေတယ်။ လရောင်မှုန်ရီမှာ ဆင်ရုပ်ကို တကယ် ထင်ပြီး သန်မြန်စွာ ကိုချွန်းဖွင့်လိုက်လေတယ်။ ထိုအခါ ဆင်တော်သန်မြန် စွာလည်း ရွံ့နွံတွင်းကျွံပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ ရှိလေတယ်။ စောလူးမင်းလည်း ဆင်ထက်က ဆင်းပြီး တောအုပ်တစ်ခုက ညောင်ခေါင်း

www.burmeseclassic.com



မှာ ဝင်နေလေတယ်။ စောလူးမင်းရဲ့ ဆင်တော်ကိုလည်း ငရမန်ဘက်က ရလေတယ်။ စစ်သည်ရဲမက်တွေလည်း တပ်ပျက်ပြီး ပြေးလေတယ်။ နောက်ဆုံးတော့ စောလူးကို ငရမန် ဖမ်းမိလေတယ်။

ကျန်စစ်သားလည်း စောလူးနောက်ထိန်းဖို့ မြင်းစီးလိုက်ရင်း အခွင့်မသာတာနဲ့ တောင်ခွင်အရပ်သို့ ရောက်ပြီး ပုဂါရာမ (ပုဂံ) ကို မိုးလင်းရောက်လေတယ်။ မှူးမတ်တွေက ကျန်စစ်သားကို စောလူးမင်းမရှိတဲ့နောက် ထီးနန်းဆက်ဆံဖို့ လျှောက်တင်ကြတယ်။ ကျန်စစ်သားက လက်မခံ။ "ငါ့အရှင် ရှိ၊ မရှိ စုံစမ်းဦးမယ်" ဆိုကာ ပြန်ထွက်သွားလေတယ်။ စောလူးမင်းကို ငရမန်ဖမ်းထားတာ သိရတဲ့အခါ ညဘက်မှာ ငရမန်တပ်တွင်း လျှို့ဝှက်ဝင်လေတယ်။

စောလူးမင်းကို ချုပ်ထားတဲ့နေရာထိဝင်ကာ ကယ်လေတယ်။ စောလူးမင်းစဉ်းစားပုံက "ကျန်စစ်သားကို ငါမျက်ဖူးတယ်။ ဒါကြောင့် ငါ့ကို သတ်ဖို့လာခိုးတာ ဖြစ်မယ်။ ငရမန်ကတော့ ငါနဲ့ နို့စို့ဖက်ဖြစ်လို့ သတ်မှာမဟုတ်" လို့ တွေးပြီး "ကျန်စစ်သား ငါ့ကို ခိုးတယ်" လို့ ဟစ်အော်လေတယ်။ ငရမန်တပ်သားတို့ နိုးပြီးလိုက်တာကြောင့် စောလူးမင်းကို ချခဲ့ကာ ကျန်စစ်သား ကိုယ်လွတ်ထွက်ပြေးလေတယ်။

ငရမန်လည်း နောင်ရေးတွေးပြီးနောက်နေ့မှာ စောလူးမင်းကို ကွပ်မျက်လိုက်လေတယ်။ စောလူးမင်း ငရမန်လက်မှာ အသက်ပေးရလေသတဲ့။ နောက်ပိုင်းငရမန်စစ်ကို ကျန်စစ်သား နှိမ်နင်းအောင်မြင်တော် မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်စစ်သားမင်း

ကလေးတို့ရေ…

ကျွန်စစ်သားဟာ ဝေသာလီမင်းသမီး ပဉ္စကလျာဏီက မွေးဖွားတဲ့ အနော်ရထာမင်းကြီးရဲ့သားဖြစ်တယ်။ အနော်ရထာမင်းကြီးထက်ထက် ဥဿာပဲခူးက ဆက်လိုက်တဲ့ မင်းသမီးမဏိစန္ဒာ (ခင်ဦး) နဲ့ အပြောအဟော ရှိတာကြောင့် အနော်ရထာမင်းကြီး အမျက်တော်ရှိလို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရဖူးတယ်။

အဲလို ကျွန်စစ်သားတိမ်းရှောင်ရင်း ကျောင်းဖြူအရပ်ရောက်သွားသတဲ့။ ကျောင်းဖြူအရပ်မှာ ရဟန်းမထီးတူမ သမ္ဘူလနဲ့ အကြောင်းပါပြီး မထင်မရှားနေရတယ်။

နောက် အနော်ရထာမင်းကြီး ကံကုန်လို့ စောလူးမင်းနန်းတက်တဲ့ အခါ မွန်မတ်တွေ လျှောက်တင်တာနဲ့ ကျွန်စစ်သားကို ပုဂံကို ပြန်ခေါ်တယ်။ အဲဒီအချိန်မှာ ကျွန်စစ်သားနဲ့ရတဲ့ ကိုယ်ဝန်ကို သမ္ဘူလ လွယ်ထားရတယ်။ ဒါ့ကြောင့် ကျွန်စစ်သားဟာ သူဆင်မြန်းတဲ့ နဝရတ်လက်စွပ်ကို သမ္ဘူလ ပေးပြီး မိန်းခလေးမွေးရင် ထုခွဲလုပ်ကိုင်စားပါ။ သားယောကျ်ားလေးမွေး ရင် လက်စွပ်ယူပြီး ပုဂံကို လိုက်လာဖို့ မှာခဲ့တယ်။

ဒီလိုနဲ့ ကျွန်စစ်သားပုဂံရောက်ပြီး စောလူးမင်းထံ ခစားတယ်။ နောက် စောလူးမင်းနဲ့ မိဖုရား ခင်ဦးနဲ့ အပြောအဟောရှိပြန်တာကြောင့် ဒလသို့ အပို့ခံရတယ်။ နောက် ပြန်ခေါ်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းကို ငရမန်ကန်း ပုန်ကန်ရာမှာ ညအခါ တားရက်ကြားက စောလူးထွက်တိုက်လို့ စောလူးအဖမ်းခံရတယ်။ ကျန်စစ်သားတပ် ပုဂံပြန်အရောက်မှာ မှူးမတ်တွေက ကျန်စစ်သားကို နန်းတင်တယ်။ ကျန်စစ်သားလက်မခံဘူး။ ငါ့အရှင်ကို ရှာဦးမယ်ဆိုကာ ကျန်စစ်သားဟာ စွန့်စွန့်စားစားနဲ့ ငရမန်ကန်းတပ်တွင်း ညအချိန်ဝင်ပြီး စောလူမင်းကို ကယ်တယ်။ ခိုးယူရတာပေါ့။ ဒါပေမဲ့ စောလူးက ကျန်စစ်သားကို မယုံကြည်ဘဲ အော်တာကြောင့် စောလူးကိုပစ်ပြီး ကိုယ်လွတ်ရုန်းပြေးခဲ့ရတယ်။

ကျန်စစ်သားဟာ အဲဒီကနေ ထီးလှိုင်အရပ်ကို ရောက်သွားတယ်။ ယခုအခါ မိတ္ထီလာခရိုင်တွင်းရှိ ဝမ်းတွင်းရပ်လို့ ဆိုတယ်။ ကျစ်စစ်သားဟာ ထီးလှိုင်သူကြီးနဲ့ တွေ့၊ သူ့ယာခင်းက သခွားသီးစားဖို့ တောင်းသတဲ့။ သူကြီး ယာခင်းက လူတစ်ရပ်စာမက စည်းရိုးကာထားတယ်။ ဝင်ပေါက်မထားဘူး။ “ငါလို ခုန်ဝင်နိုင်ရန် ဆွတ်စား” လို့ သူကြီးဆိုတာနဲ့ ကျန်စစ်သားဟာ လုံထောက်ခုန်ဝင်ပြီး သခွားသီးစားသတဲ့။ အဝစားပြီး သခွားသီးတွေကို နှယ်နဲ့ သီပြီး ခုန်ထွက်လာတော့ ထီးလှိုင်သူကြီး အရမ်းအံ့သြသွားတာပေါ့။ အဲဒီမှာ လူစွမ်းကောင်း ကျန်စစ်သားနဲ့ သူကြီးက သူ့သမီး ခင်တန်နဲ့ ပေးစားလိုက်တယ်။ ကျန်စစ်သားလည်း ထီးလှိုင်ရှင်လို့ အမည် တွင်လာသတဲ့။

စောလူးမင်းဟာ ငရမန်ကန်း သတ်လို့ ကံကုန်ရှာတယ်။ ဒါကြောင့် ကျန်စစ်သားဟာ လယ်တွင်း (၁၁) ရွာကနေ လူသူစုရုံးပြီး ငရမန်ကို ပြန်တိုက်တယ်။ ငရမန်ကျဆုံးလို့ မွန်တပ်လည်း ပျက်သွားတယ်။ အဲဒီမှာ ကျန်စစ်သားဟာ ပုဂံမှာ မင်းဖြစ်လာတာပဲ။

ကျန်စစ်သားမင်းဖြစ်လာတော့ နန်းသစ်ဆောက်တယ်။ သူ့မိဖုရားတွေက အပယ်ရတနာ ဥသာမင်းသမီး ခင်ဦး၊ ထီးလှိုင်ရှင်သူကြီး သမီးခင်တန်။ ကျန်စစ်သား မင်းဖြစ်ပြီးနောက် မထီးတူမ သမ္ဘူလဟာ သားယောကျ်ားမွေးဖွားလို့ သူငယ်ရွယ် အရောက်မှာ ပုဂံကို လိုက်လာတယ်။ မှူးမတ်တွေက ဘုရင့်ရှေ့မှောက်ပို့ပေးလို “သူ ကျေးဇူး ငါ့အပေါ်ရှိတယ်” ဆိုပြီး သမ္ဘူလကို ဦးဆောက်ပန်းအမည်နဲ့ မိဖုရားမြှောက်တယ်။

ကျန်စစ်သားမှာ အပယ်ရတနာ မိဖုရားက ဖွားမြင်သော ရွှေအိမ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သမီးရှိတယ်။ ရွှေအိမ်သည်ကို စောလူးမင်းရဲ့သားတော် စောယွမ်းနဲ့ စုံဖက်ပေးလို့ မြေးတော်လေး (အလောင်းစည်သူ)ကို ဖွားတယ်။

ကျန်စစ်သားဟာ မြေးကိုချစ်တာကြောင့် ထီးနန်းအပ်ပြီး ရင်ခွင်ပိုက်အုပ်ချုပ်သတဲ့။ ဒါ့ကြောင့် သမ္ဗျူလနဲ့ သားတော် ရောက်လာတော့ "မြေးကိုအရင်း သားကိုအဖျား ဖြစ်ချေပြီး"လို့ မိန့်ပြီးသားတော်ကို "ဧယျခေတ္တရာ" အမည်နဲ့ ဓဝတီနဲ့ တောင်စဉ် ခုနစ်ခရိုင်ကို စားစေသတဲ့။

ကျန်စစ်သားမင်းကြီးဟာ ရွှေစည်းခုံကို ဆက်တည်တယ်။ "အာနန္ဒာ ဘုရား" ကိုလည်း တည်တော်မူခဲ့တယ်။ အပယ်ရတနာဘုရားကိုလည်း တည်ခဲ့တယ်။ အခြားစေတီ အမြောက်အမြားလည်း တည်ခဲ့သတဲ့။

သားတော် ဧယျခေတ္တရာဟာ ခမည်းတော် ကျန်စစ်မင်းကြီး နာမကျန်းဖြစ်နေချိန်မှာ ရွှေဆင်းတုတစ်ဆူ ထုလုပ်ပြီး သာစုခေါ်စေတယ်။ ဧယျခေတ္တရာဟာ မြစေတီဘုရားကိုလည်း တည်ခဲ့တယ်။ ကျန်စစ်သားမင်းကြီးဟာ ထီးနန်းစည်းစိမ် ၂၈ နှစ် ခံစားပြီး သက်တော် ၇၂ နှစ်မှာ ကံကုန်တော်မူခဲ့တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရာဇကုမာရမင်းသား

ကလေးတို့ရေ…

ကျန်စစ်သား မင်းမဖြစ်ခင်က သူ့ခမည်းတော် အနော်ရထာမင်းကြီး အမျက်တော်ရှလို့ တိမ်းရှောင်စဉ် ကျောင်းဖြူအရပ်ရောက်ပြီး မထီးတူမ သမ္ဘူလနဲ့ အကြောင်းပါတာပြောခဲ့ပြီ။ ပုဂံရာမလို့ခေါ်တဲ့ ပုဂံမှာ စောလူး မင်းမရှိတဲ့နောက် ကျန်စစ်သားမင်းဖြစ်တယ်။ မိဖုရားကြီးဖြစ်တဲ့ အပယ်ရတနာမိဖုရားက သမီးတော် ရွှေအိမ်သည်ကိုဖွားတယ်။ အရွယ်ရောက်တဲ့အခါ စောလူးမင်းရဲ့သား စောယွမ်းနဲ့ စုံဖက်ပေးလို့ မြေးတော်လေး (အလောင်းစည်သူ) ရတယ်။ မင်းကြီး အလွန်ချစ်တာကြောင့် ထီးနန်းကို မြေးတော် ငယ်စဉ်ကတည်းက လွှဲအပ်ပြီး ရင်ခွင်ပိုက် အုပ်ချုပ်လေတယ်။

အဲဒီအချိန်အခါမှာ ကျောင်းဖြူအရပ်က မထီးတူမ သမ္ဘူလဟာ သားယောကျ်ားဖွားလို့ ကျန်စစ်သားမင်းဖြစ်တဲ့အခါ ယခင်က မှာခဲ့တဲ့အတိုင်း လက်စွပ်ယူကာ သားတော်လက်ဆွဲပြီး ပုဂံနန်းတော်ရောက်လာတယ်။ ဤ မိန်းမကျေးရူးကား ငါ့အပေါ်မှာ များစွာရှိတယ်” လို့ မိန့်ကာ ဦးဆောက်ပန်းဘွဲ့အမည်နဲ့ မိဖုရားမြှောက်လေတယ်။ သားတော်ကိုတော့ ထီးနန်းပေးလို့ မရတော့ဘူး။ “မြေးကား အရင်း၊ သားက အဖျား ဖြစ်လေပြီ”လို့ မိန့်ပြီး သားတော်ကို “ဖေယျခေတ္တရာ” ဆိုသော ဘွဲ့မည်နဲ့ ညောင်ရေနဲ့တကွ တောင်စဉ် (၇) ခရိုင်ကို ပေးတော်မူတယ်။ ဖေယျခေတ္တရာဆိုတာ ရာဇာကုမာရမင်းသားရဲ့ ဘွဲ့အမည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရာဇကုမာရမင်းသားဟာ ဘုရင်ရဲ့ သားရင်းဖြစ်လို့ ထီးနန်းရထိုက်ပေမယ့် အကြောင်းမညီညွတ်လို့ မရပေဘူး။ ဒါပေမဲ့ သူဟာ ဖခင်အပေါ် ငြိုးစူခြင်း မရှိပေဘူး။ ထီးနန်းစည်းစိမ် အာဏာကိုလည်း မမက်မောဘူး။ စိတ်နှလုံးသဘောထား ဖြူစင်တဲ့ မင်းသားဖြစ်ပေတယ်။ ကျန်စစ်သားမင်းကြီးနဲ့ မယ်တော် ဦးဆောက်ပန်းကိုလည်း ရိုသေကိုင်းရှိုင်းသူဖြစ်တယ်။

ခမည်းတော်မင်းကြီး နာမကျန်းဖြစ်နေစဉ်လည်း ပြုစုပေးတယ်။ ဖခင်မင်းကြီး ကွယ်လွန်ခါနီးမှာ ရာဇကုမာရမင်းသားဟာ ရွှေဆင်းတုတစ်ဆူ သွန်းလုပ်ပြီး နာမကျန်းဖြစ်နေတဲ့ ဖခင်မင်းကြီးထံ ပင့်ဆောင်သွားတယ်။ ရွှေဆင်းတုကို ပြကာ "သားတော်သည် ခမည်းတော်မင်းကြီးရဲ့ ကျေးဇူးကိုအောက်မေ့ပြီး ဤရွှေဆင်းတုကို သွန်းလုပ်ပါသည်" လို့ လျှောက်လေတယ်။

"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ" လို့ မင်းကြီး ဝမ်းမြောက်စွာ သာခုခေါ်လေတယ်။ ရာဇကုမာရလည်း "ရွှေဆင်းတုတော်ကို ခမည်းတော် ရေစက်သွန်းချ လှူဒါန်းပါ" လို့ ပန်ကြားပြီး မင်းကြီးလက်ကို ရွှေဆင်းတု အပ်လေတယ်။ မင်းကြီး ရေစက်သွန်းချ လှူဒါန်းပြီးတဲ့အခါ ရာဇာ ကုမာရ မင်းသားဟာ ဂူပြောက်ကြီးဘုရားကိုတည်ကာ ရွှေဆင်းတုကို ဌာပ နာလေတယ်။

ထိုအကြောင်းအရာတွေကို လေးမျက်နှာရှိတဲ့ ကျောက်တုံးမှာ မြန်မာ၊ ပါဠိ၊ ပျူ၊ မွန် လေးဘာသာနဲ့ ထွင်းထုကာ ကျောက်တိုင်စိုက်ထူလေတယ်။ ထိုကျောက်စာကို ဖတ်ရတဲ့ ပျူ၊ မွန်၊ မြန်မာ၊ ပုဂံပြည်သားတွေဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေတယ်။

နောင်အခါ မြစေတီအနီးမှာ ထိုကျောက်စာတိုင်ကို တွေ့ရှိတာကြောင့် မြစေတီကျောက်စာလို့ အမည်တွင်တယ်။ ယခုတိုင် ပုဂံမှာ အထင်အရှား ရှိလေတယ်။ မြစေတီကျောက်စာဟာ သမိုင်းတန်ဖိုးရှိတဲ့အပြင် သားလိမ္မာ ရာဇကုမာရမင်းသားရဲ့ မိဘကျေးဇူး သိတတ်မှု အမှတ်အသားလည်း ဖြစ်ပေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အလောင်းစည်သူမင်းကြီး

ကလေးတို့ရေ…

ကျန်စစ်သားမင်းရဲ့ မြေးတော် အလောင်းစည်သူဟာ ဘုန်းကြီးတဲ့ မင်းတစ်ပါးဖြစ်တယ်။ ဖောင်တော်နဲ့ တိုင်းခန်းလှည့်လည်တော်မူတာ မလေးကျွန်းဆွယ်၊ သီဟိုဠ်ကျွန်း၊ ဇမ္ဗူဒီပါကျွန်းကြီးတို့ဆီ ရောက်သတဲ့။ တိုင်းခွင်လှည့်စဉ် ပဋိရူပ်ရှားမင်းက သမီးတော်ကို ဆက်လိုက်သတဲ့။

အလောင်းစည်သူဟာ နေပြည်တော်မှာ တာရှည်မနေဘဲ တိုင်းခန်းလှည့်လည်နေတာကြောင့် အမှုထမ်းတို့ ပင်ပန်းကြသတဲ့။ သူ့ကို ပုန်ကန်တဲ့ နယ်တွေကိုလည်း တိုက်ခိုက်သိမ်းပိုက်တယ်။ ရခိုင်ကို လုပ်ကြံရာမှာ အောင်လို့ လကျာ်မင်းနန်းကို နန်းတင်ခဲ့သတဲ့။

အလောင်းစည်သူမင်းဟာ ဆည်မြောင်းကန်ချောင်းတို့ကိုလည်း ဆည်တော်မူတယ်။ မန္တလေးအနီးက နန္ဒာကန်နဲ့ မောင်းမကန်ကိုလည်း ဆည်တယ်။ အချိန်အတွယ်လည်း တစ်ညီတည်းဖြစ်အောင် လုပ်ဆောင်ခဲ့တယ်။ အလောင်းစည်သူရဲ့ တရားစီရင်ရေး ဖြတ်ထုံးတို့ကိုလည်း စုစည်းပြီး "အလောင်းစည်သူဖြတ်ထုံး" ဆိုပြီး ရေးသားထားသတဲ့။

အလောင်းစည်သူမင်းဟာ ပုဂံမှာ သဗ္ဗညုဘုရား၊ ရွှေဂူဘုရား၊ စစ်ကိုင်းမှာ ရှင်ဖြူရှင်လှဘုရား၊ အညာသီဟတောဘုရား စသည်ဖြင့် တည်တော်မူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာတော့ သားတော်ကြီး မင်းရှင်စောအခစားဝင်သတဲ့။ အဲဒီအခါမှာ ကုလားမိဖုရားနေရာမှ မထတာကြောင့် မင်းရှင်စောဟာ မင်းကြီးကို မခစားတော့ဘဲ ထသွားသတဲ့။ တစ်ခါမှာလည်း မင်းသားတွေသာ ဝတ်ထိုက်တဲ့ ဝတ်လုံကို အမတ်တစ်ဦးကို အလောင်းစည်သူ ချီးမြှင့်တော်မူတယ်။ ပွဲသဘင်တစ်ခုမှာ အဲဒီအမတ်ဟာ မင်းကြီးချီးမြှင့်တဲ့ ဝတ်လုံဝတ်ဆင်သတဲ့။ မင်းရှင်စောတွေ့တော့ ချွတ်ခိုင်းတယ်။ အလောင်းစည်သူမင်းကြီးအမျက်ထွက်ပြီး သားတော်မင်းရှင်စောကို တိုင်းပြည်က နှင်ထုတ်လိုက်တယ်။

တစ်ခါမှာတော့ အလောင်းစည်သူမင်းကြီးဟာ ဗိုလ်ရှုသဘင်ခံရင်း လက်ရုံးတန်းမြှောက် ကြေးဝါးသတဲ့။ သက်တော်ကြီးပြီဖြစ်လို့ လက်ရုံးတော် ကျတာကို မှူးမတ်တို့ မြင်တော့ တိတ်တခိုး ရယ်ကြသတဲ့။ မင်းကြီးက မှတ်ထားလေသတဲ့။

တစ်ခုသော ညီလာခံမှာ "ဟယ် အမတ်တို့…တူရွင်းတောင်ခြေမှာ ဦးပေါင်းကျားနဲ့ မြင်းကျားစီးသူတစ်ယောက်ဟာ နေဝင်ချိန်မှာ ပြည်သူပြည်သားတွေဆီက လုယက်နေတယ်။ မသိကြသလော။ စစ်သူကြီး လေးဦး နှိမ်နင်းချေ" လို့ ခိုင်းလိုက်သတဲ့။ စစ်သူကြီး လေးဦးလည်း မင်းကြီးအမိန့်နာခံပြီး မြင်း လေးစီနဲ့ ထွက်သွားသတဲ့။

အလောင်းစည်သူမင်းကြီးဟာ ကိုယ်တိုင်ဦးပေါင်းကျားကို ဆင်မြင်းကိုလည်း အဝတ်အစားဆင်ပြီး မြင်းနဲ့ တူရွင်းတောင်ခြေကို ဆင်းတော်မူတယ်။ တံခါးမှူးကိုလည်း ငါမလာမချင်း တံခါးမပိတ်နဲ့လို့ မှာထားခဲ့သတဲ့။

တူရွင်းတောင်ခြေရောက်တော့ မြင်းကို လှည့်ပတ်စီးတယ်။ စစ်သူကြီး (၄) ဦးလည်း မြင်းနဲ့လိုက်ကြတယ်။ ပူးတုံ့ခွာတုံ့ စီးပြီး မြင်းမောတာနဲ့ သောင်ဦးကမ်းပါး ဆင်းကာ မြင်းကို ရေတိုက်တော်မူတယ်။ စစ်သူကြီးတို့လည်း တို့ကိုကြောက်လို့ ခိုးသူ ပြေးပြီလို့ ထင်ကြသတဲ့။

အဲဒီအချိန်မှာ မြင်းလည်း အမောပြေတာနဲ့ မင်းကြီးလည်း ကမ်းပါးက တက်လာ မြင်းစီးပြီး စစ်သူကြီး လေးဦးဆီ ဒုန်းစိုင်းဝင်လေသတဲ့။ ဘေးက ပန်းလိုက်၊ ရှေ့က ပြေးလိုက်နဲ့ အမျိုးမျိုး မြင်းစီးပြသတဲ့။ စစ်သူကြီး လေးဦး ဘယ်လို လိုက်ဖမ်းပေမယ့် မမိဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့သီလာခံမှာ စစ်သူကြီးတွေကို မေးတဲ့အခါ "ထိုခိုးသူဟာ လူမဟုတ်၊ ဘီလူးဆိုလည်း နတ်ဘီလူးဖြစ်မည်။ ဗိုလ်ပါထုနဲ့ မည်သူဖမ်းစေမိမည် မထင်ပါ" လို့ လျှောက်သတဲ့။

ဒီတော့မှ အလောင်းစည်သူမင်းကြီးက "ဟယ် အမတ်တို့၊ နင်တို့ငါ့ကို အိုပြီ မှတ်ကြတယ်။ ငါမအိုသေး" လို့ မိန့်တော်မူမှ အမတ်တို့လည်း များစွာ ကြောက်ရွံ့သွားကြသတဲ့။

တစ်ခါမှာတော့ မင်းကြီးဟာ သူဘာသာစဉ်းစားရင်း ပြောမိသတဲ့။ "ငါ့ဟာ အတိုင်းတိုင်းကိုလည်း ရောက်ခဲ့တယ်။ မင်းဘဏ္ဍာလည်း ပြည့်ဝကုန်လုံတယ်။ ငါ့ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ဟာ ငါ့လောက်ဘုန်းကြီးမည် မထင်" လို့ မနောကံ၊ ဝစီကံနဲ့ မြွက်မိသတဲ့။ အဲဒီအခါမှာ မင်းကြီးမျက်စိကွယ်ရှာတယ်။ ဗေဒင်ပညာရှိ ဟူးရားဖြူ ဟူးရားညိုတွေကို အကြောင်းမေးတော့မှ ဘေးဘိုးတို့ကို ပြစ်မှားမိလို့ မျက်စိကွယ်ကြောင်း သိရတယ်။

နောက် မင်းကြီးဟာ ဘေးဘိုးတို့ ရုပ်တုတွေကို ရွှေနဲ့ သွန်းလုပ်ပြီး မူးရားတို့ ပြောတဲ့တိုင်း ပူဇော်သတဲ့။ အဲဒီတော့မှ မင်းကြီးမျက်စိ ပြန်မြင်လာသတဲ့ကွယ်။

အလောင်းစည်သူမင်းကြီးဟာ သက်ရွယ်ကြီး နာမကျန်းဖြစ်နေတော့ သားတော် နရသူက မင်းကြီးကို ရွှေဂူကြီးဘုရားတွင်း ရွှေ့ထားသတဲ့။ မင်းကြီး သတိရလို့ မေးတော့မှ သားတော်နရသူ အစီရင်ဆိုတာ သိရတယ်။ အမျက်ပြင်းစွာ ထွက်သတဲ့။ နရသူလည်း ထီးနန်းစည်းစိမ်ကို တပ်မက်လွန်းတာကြောင့် မင်းကြီးကို အဝတ်ပုဆိုးတို့နဲ့ ဖိကာ လုပ်ကြံလိုက်သတဲ့။

အလောင်းစည်သူမင်းကြီးဟာ နန်းစည်းစိမ် (၇၅) နှစ် နန်းစံပြီး သက်တော် (၁၀၁) နှစ်မှာ အနိစ္စရောက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## နရသူမင်းနှင့် ပုံ့သကူမထေရ်

ကလေးတို့ရေ…

အလောင်းစည်သူမင်းကြီးဟာ သားတော်နရသူ လုပ်ကြံတာကြောင့် အနိစ္စရောက်ရကြောင်း ပြောခဲ့ပြီနော်…။

အလောင်းစည်သူမင်းကြီး ကံကုန်တယ်လို့ ကြားတော့ သားတော်ကြီး မင်းရှင်စောဟာ အလုံးအရင်းနဲ့ ပုဂံကို ချီတက်လာသတဲ့။ အဲဒီအခါ နရသူဟာ စိုးရိမ်ထိတ်လန့်လေတယ်။ ဒါနဲ့ ဉာဏ်ဆင်ပြီး တိုင်းပြည်မှာ ဩဇာကြီးတဲ့ ပုံ့သကူမထေရ်ထံ ချဉ်းကပ်လေသတဲ့။

"အရှင်ဘုရား…၊ နောင်တော်ကြီး မင်းရှင်စောကို လှေနှင့်တစ်ဦးတည်း လာရန် ပြောပေးပါ။ သန်လျက်ကို ထမ်း၍ နန်းတင်ပါမည်" လို့ လျှောက်သတဲ့။ အဲဒီအခါ ပုံ့သကူမထေရ်က "ငါခေါ်လို့ မင်းရှင်စောရောက်လာလို့ သင်နန်းမတင်ဘဲရှိလျှင် ငါရဟန်းတရားနှင့် မလျော်ရှိမည်" လို့ မိန့်သတဲ့။ ဒီတော့ နရသူက "အရှင်ဘုရား စိတ်ချပါ၊ တပည့်တော်စကား တည်စေရပါမည်" လို့ သစ္စာကြီးစွာ ပြုသတဲ့။

ပုံ့သကူမထေရ်လည်း နရသူကို ယုံပြီး မင်းရှင်စောထံသွားပြီး အကျိုးအကြောင်း ပြောပြတယ်။ မင်းရှင်စောလည်း ပုံ့သကူမထေရ်ရဲ့ စကားယုံကြည်ပြီး မထေရ်ကို လှေဦးတင်ကာ ရွှေလှော်ကား လှေတစ်စင်းနဲ့ စုန်လာသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နရသူကလည်း သူ့စကားအတိုင်း လှေကိုဆင်းပြီး မင်းရှင်စောကို ကြိုဆိုတာပေါ့။ သနပ်လျက်ထမ်းပြီး နောင်တော်ကို နန်းတင်သတဲ့။ ဘိသိက်သွန်းမင်းအဖြစ် နန်းတင်တဲ့ ညမှာပဲ ပွဲတော်စာထဲ အဆိပ်ခပ်ပြီး နောင်တော်ကို လုပ်ကြံလို့ မင်းရှင်စောအနိစ္စ ရောက်ရတယ်။ အဲဒီနှစ်မှာပဲ နရသူမင်းဖြစ်တာပေါ့။

အဲဒီလို နရသူဆေးခပ်လို့ မင်းရှင်စောအနိစ္စရောက်ကြောင်း ပုံသကူမထေရ်ကြားသိရတဲ့အခါ နန်းတော်ကို ကြွလာပြီး–

"ဟယ် မင်းဆိုးမင်းညစ်...၊ သင်ကား သံသရာမှာ ခံရမယ့် မကောင်းမှုကို မကြောက်၊ ဤနန်းစည်းစိမ်ကိုရလျှင် သင့်ခန္ဓာ မအိုမသေပြီမှတ်သလော" လို့ မိန့်တော်မူတယ်။ နရသူကလည်း

"အရှင်ဘုရားကို လျှောက်ခဲ့တဲ့အတိုင်း နောင်တော်ကို သနပ်လျက် ထမ်း နန်းတင်ခဲ့ပြီ မဟုတ်လော" လို့ ဆိုသတဲ့။ ပုံသကူမထေရ်လည်း "လူ့ပြည်မှာ နင့်ထက် ဆိုးသွမ်းညစ်ညမ်းတဲ့ သူမရှိပြီ" လို့ မိန့်ပြီး သိန်းဃိုကျွန်းကို ကြွသွားလေသတဲ့။

နရသူမင်းဟာ အာဏာစည်းစိမ်ကို တပ်မက်လွန်းလို့ ခမည်းတော်ကိုလည်း လုပ်ကြံခဲ့တယ်။ နောင်တော်ကိုလည်း အဆိပ်ခပ်သတ်ခဲ့တယ်။ အမျက်စောင် မာန်လည်းကြီးတယ်။ အဲဒီမင်းလက်ထက်မှာ မှူးမတ်တွေလည်း ရွံ့ကြောက် ကြောက်ကြသတဲ့။ ပြည်သူတွေလည်း ဆင်းရဲ ပင်ပန်းကြတယ်။ ကျွန်းမာသန်စွမ်းတဲ့ ရဟန်းတွေကိုလည်း လူထွက်ခိုင်းပြီး အလုပ်လုပ်စေသတဲ့။ အဲဒါကြောင့် နရသူရဲ့လက်ထက်မှာ အချို့ရဟန်းတွေဟာ သိန်းဃိုကျွန်းသို့ ကြွကုန်ကြတယ်။

မိဖုရား မောင်းမတွေလည်း များစွာ နှိပ်ကွပ်လို့ ကြောက်ရွံ့ကြသတဲ့။ ပုဂံမှာ ဓမ္မရံကြီးဘုရားကို တည်တာ စေ့စပ်လွန်းတာကြောင့် မပြီးနိုင်ဘူးတဲ့။

ခမည်းတော်လက်ထက်က ကုလားမင်းသမီးကိုလည်း မိဖုရားခေါက်မြှောက်တယ်။ နရသူဟာ အလွန်လည်း ညစ်ပတ်သတဲ့။ တစ်ခါမှ အိမ်သာတက်ပြီး သန့်သက်ရေမသုံးမိဘူးတဲ့။ ကုလားမင်းသမီးဟာ နရသူကို ရွံတာကြောင့် မချဉ်းကပ်ဘဲ ရှောင်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ နရသူ အမျက်ပြင်းစွာ ထွက်ပြီး ကုလားမင်းသမီးကို သန်လျက်နဲ့ ခုတ်သတ်လိုက်သတဲ့။ အဲဒီသတင်းကို ခမည်းတော် ကုလားမင်းကြီး ကြားသိရတဲ့အခါ အမျက်ပြင်းစွာ ထွက်တော်မူတယ်။

ဒါ့ကြောင့် ကုလားမင်းကြီးဟာ ကုလားသူရဲကောင်း (၈၀၀) ထဲက နေ လက်ရွေးစင် ရှစ်ယောက် ဆန်ကာတင် ရွေးတယ်။

"မင်းတို့ ရှစ်ယောက် မိသားစုအတွက် အလုံးစုံ ငါတာဝန်ယူ ထောက်ပံ့မယ်။ နရသူဘုရင်ကို ပုဏ္ဏားယောင်ဆောင်ပြီး လုပ်ကြံချေ။ နရသူလေလျှင် မင်းတို့ ရှစ်ယောက်လည်း ကိုယ့်ကိုယ်ကို အဆုံးစီရင်ရမယ်" လို့ အမိန့်တော်မှတ်ပြီး ပုဂံကို လွှတ်လိုက်သတဲ့။

ကုလားသူရဲကောင်း ရှစ်ယောက်ဟာ သူတို့ မင်းကြီးရဲ့ အမိန့်အတိုင်း ပုဂံကို ပုဏ္ဏားအသွင်နဲ့ ရောက်လာတယ်။ ခရုသင်းနဲ့ နေစာမြက်ကမ်းဟာန်ပြုပြီး နရသူကို ကောင်းချီးပေးဟန်နဲ့ ဝိုင်းပတ်ရွတ်ဖတ်ကြသတဲ့။ ပြီးတော့ နရသူမင်းကို လုပ်ကြံလိုက်ကြတယ်။ သိဒ္ဓိကာအမတ်ကိုလည်း လက်ညှိုးထိုးပြ "သင်ရှိလျက်နဲ့ ငါတို့ မင်းသမီး ဆုံးရလေတယ်" ဆိုပြီး သတ်မယ်အလုပ်မှာ အမတ်ထွက်ပြေးလို့ လွတ်သွားသတဲ့။

ကုလားလူစွမ်းကောင်း ရှစ်ယောက်ဟာ သူတို့ မင်းကြီးမှာတဲ့ အတိုင်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် လိုက်ကြသတဲ့။

နရသူမင်း အဲဒီလို ကုလားလုပ်ကြံလို့ သေတာကြောင့် ကုလားကျမင်းလို့အမည်တွင်တော့တယ်။ ပြည်သူကို ညှဉ်းပန်းတဲ့ မင်းတွေဟာ နောက်ဆုံးမှာ ခွေးသေဝက်သေ သေကြရတာပေါ့ကွယ်။

နရသူဟာ နန်းစည်းစိမ် လေးနှစ် ခံစားပြီး သက်တော် (၄၉) နှစ်မှာ အနိစ္စရောက်ရှာတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ညီနောင်နှစ်ဦးကြားက ဝေဠုဝတီ

ကလေးတို့ရေ…

နရသူအနိစ္စရောက်ပြီး သက္ကရာဇ် (၅၃၃) ခုမှာ သားတော် မင်းယဉ် နရသိင်္ခမင်း ဖြစ်တော်မူတယ်။ ညီတော် နရပတိစည်သူကိုတော့ အိမ်ရှေ့ အရာထားသတဲ့။ မင်းယဉ်နရသိင်္ခမှာ မင်းအောင်မြတ်၊ မင်းလတ်၊ မင်းစော ထွေးဆိုတဲ့ မိဖုရား သုံးဦးရှိသတဲ့။ ထိုမိဖုရားတွေဟာ မင်းကြီးကြွတော်မူရာ နောက်က လိုက်ရသတဲ့။

အခါတစ်ပါးမှာ မြင်ရိုင်းဝက်ဝင်အရပ်ကနေ မင်းယဉ်နရသိင်္ခထံကို အဆင်းအင်္ဂါနဲ့ ပြည့်စုံတဲ့ 'ဝေဠုဝတီ' ဆိုတဲ့ သတို့သမီးကို ဆက်နှင်းသတဲ့။ မင်းကြီးဟာ အဲဒီသတို့သမီးကို မြင်တဲ့အခါ နားကျယ်တယ်ဆိုပြီး ပယ်လိုက်သတဲ့။

ဒါနဲ့ မင်းကြီးရဲ့ မယ်တော်က မိန်းမငယ်ကို မြင်တော့ နားကို ပြုပြင်ပေးလိုက်ရင် အလွန်လှသူဖြစ်မယ်ဆိုတာ သိသတဲ့။ ဒါကြောင့် သားကြီးပယ်တဲ့ သတို့သမီးကို နားပြင်ပြီး သားငယ် နရပတိစည်သူနဲ့ ထိမ်းမြားပေးလိုက်သတဲ့။

တစ်ခါမှာတော့ မင်းကြီးမယ်တော်ဟာ ချွေးမတော် ဝေဠုဝတီကို လက်ဆွဲပြီး မင်းကြီးထံ အခစားဝင်သတဲ့။ မင်းကြီးကဝေဠုဝတီကိုမြင်တဲ့အခါ အလွန်တပ်မက်မိသတဲ့။ ယခင် သူပယ်မိတာ မှားပြီ ဆိုပြီး နောင်တရလေတယ်။ ဒီလိုနဲ့ ခယ်မတော်ကို ရအောင် ဉာဏ်ဆင်သတဲ့။ အမော်ကျွန်ယုံတစ်ဦးကို စကားထည့်ပြီး ညီလာခံမှာ လျှောက်စေသတဲ့။ မင်းကြီးခိုင်းတဲ့အတိုင်း အမတ်က လျှောက်သတဲ့။

www.burmeseclassic.com



"မှန်လှပါ၊ ငဆောင်ချမ်းအရပ်မှာ သူပုန်သူကန်တို့ ထကြွနေပါတယ် ဘုရား"၊ ဒီတော့ မင်းကြီးက ညီတော် နရပတိစည်သူကို အမိန့်တော်မှတ်တယ်။ "ညီတော် ငဆောင်ချမ်းကို စစ်ချီစေ" လို့ မိန့်တယ်။ မင်းမိန့်ဆိုတော့လည်း မလွန်ဆန်သာဘူးပေါ့။ နရပတိစည်သူဟာ ပါးနပ်သူဖြစ်တယ်။ ဒါကြောင့် မြင်းခံငပြည့်ကို "ငါ့အိမ်တော်မှာ ကိစ္စအထူးရှိလျှင် အမြန်လိုက်ခဲ့" လို့မှာပြီး စစ်ထွက်သွားတယ်။

မင်းကြီးလည်း ညီတော်သစ်ဆိမ့်အရပ်ရောက်ပြီ ကြားတော့ သူ့အကြံအတိုင်း ခယ်မတော်ကို ယူပြီး မိဖုရားမြှောက်သတဲ့။

မြင်းခံငပြည့်ဟာလည်း သူ့သခင်အမှာအတိုင်း မြင်းသူတော်ကို စီးပြီး စိုင်းနှင်လေသတဲ့။ ချင်းတွင်းပရိမ္မအရပ်ကနေ ဟန်လင်းကို မြင်းဆက်နှင်တယ်။ ငါးပတ်ချောင်းရောက်တော့ နေဝင်နေပြီး မြင်းလည်း ပင်ပန်းလှတာကြောင့် မြင်းကို ရေချပြီး မြက်ကျွေးကာ အဲဒီမှာပဲ ညအိပ်လေသတဲ့။

မြင်းသူတော်ဟာ မင်းကြီးရဲ့အနံ့ကို ရတဲ့အခါ ပြင်းစွာ ဟီးသတဲ့။ အဲဒီအရပ်မှာ နရပတိစည်သူဟာ ဘာသူပုန်သူကန်မှ မတွေ့တော့ နောင်တော်ဉာဏ်ဆင်ပြီဆိုတာ တွေးမိတယ်။ ညပိုင်း မြင်းဟီသံကြားတော့ ဒါ ငါ့မြင်းဟီသံပဲလို့ သိသတဲ့။ ငါ့မြင်းဟီသံမှန်ရင် အုံးပေါက်စေလို့ အဓိဋ္ဌာန်ပြုပြီး ခေါင်းအုံးကို လက်နဲ့ခတ်တာ ပေါက်သတဲ့။ အဲဒီအရပ်ကို "မလွဲအုံးပေါက်" လို့ ခေါ်သတဲ့။ မြင်းခံငပြည့်အိပ်တဲ့တောင်ကို "မြင်းလှည့်တောင်" လို့ ခေါ်ကြတယ်။

မြင်းခံငပြည့်ဟာ မနက်မိုးလင်းတော့ မြင်းကို ဆက်နှင်တယ်။ တကယ်တော့ သူ့သခင်ဟာ တစ်ဖက်ကမ်းမှာ စခန်းချနေတာ ဖြစ်သတဲ့။

ငပြည့်ရောက်လို့ အကျိုးအကြောင်း အလုံးစုံ တင်လျှောက်တယ်။ နရပတိစည်သူဟာ သူထင်တဲ့အတိုင်းဖြစ်နေလို့ နောင်တော်ကိုလည်း အမျက်ပြင်းစွာထွက်တယ်။ ငပြည့်ကိုလည်း ညက ဘယ်မှာအိပ်လဲ မေးပြီး "ငါတို့မင်းညီမင်းသားများမှာ အချိန်အလွန်အရေးကြီးတာ မသိသလော"လို့ပြီး မြင်းခံငပြည့်ကို ကွပ်မျက်လေသတဲ့။ ထိုအရပ်ကိုလည်း ယခုတိုင် "ကွပ်တော်ရာ" လို့ တွင်လေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နရပတိစည်သူလည်း အောင်စွာငယ် အမတ်ကိုခေါ်ပြီး "နောင်တော်ကို လုပ်ကြံချေ။ အပြီးသို့ရောက်လျှင် ငါ့မရီးတော် သုံးဦးထဲက နှင်စိတ်ရှိသူနဲ့ ပေးမြားမယ်" လို့ မိန့်ပြီးလွှတ်လိုက်သတဲ့။

အောင်စွာငယ်လည်း သူ့ရဲ ရှစ်ကျိပ်ရွေးပြီး လှော်ကားလှေလျှင်နဲ့ နေ့နေ့ညည အပြင်းချီတက်လေတယ်။ နရပတိစည်သူလည်း ရေအား ကြည်းအား ကြပ်မတ်ပြီး ရွှေကြက်ယက်ဘုရားမှာ အမိဋ္ဌာန်ပြုတယ်။ အကြံအောင်မယ်ဆိုတာ သိလို့ ရေအား ကြည်းအားနဲ့ စုန်တော်မူသတဲ့။ အဲဒီလို စုန်ဆဲ ပြည့်အလောင်းဟာ ရေမှာ မျောလာတယ်။ နရပတိစည်သူသိတော့ ဆယ်ပြီး သဂြိုဟ်စေတယ်။ ပြီးတော့ နတ်အိမ်ဆောက်ကာ အရုပ်က ပူဇော်စေလို့ မိန့်သတဲ့။ အဲဒီအရုပ်ကို ရွှေပြည်ရှင်ကျွန်းလို့ ယခုတိုင်ခေါ်သတဲ့။

အောင်စွာငယ်ဟာ ပုဂံနန်းတော်ရောက်တော့ ဓားပိုက်ပြီး သူ့ရဲ ရှစ်ကျိပ်နဲ့ နန်းတွင်းလျှို့ဝှက်ဝင်ပြီး မင်းကြီးအရိပ်အခြည်ကို စောင့်ကြည့်နေတယ်။ မင်းကြီးရေအိမ်တက်ရာ အပြင်ကစောင့်ပြီး အထွက်မှာ လုပ်ကြံလေသတဲ့။ ဒါကြောင့် မင်းယဉ်နရသိခ်ဟာ နန်းစည်းစိမ် သုံးနှစ်စံပြီး သက်တော် (၃၅) မှာ အနိစ္စရောက်ရလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## နရပတိစည်သူနှင့် အနန္တသူရိယအမတ်ကြီး

ကလေးတို့ရေ…

နရပတိစည်သူဟာ နောင်တော်မင်းယဉ်နရသိခ်ကို လုပ်ကြံပြီး နန်းတက်လာတယ်။ နရပတိစည်သူမင်းဟာ သူ့ဘိုးတော် အလောင်းစည်သူလိုပဲ တိုင်းခန်းလှည့်လည် နယ်ပယ်ချဲ့ထွင်ခဲ့တယ်။ ဖောင်စကြာရှင်လို့လည်း နာမည်ကြီးသတဲ့။

နရပတိစည်သူမှာ တောင်ပြင်သည် ဝေဠုဝတီ၊ ဦးဆောက်ပန်း၊ စောစနေ၊ ပန်ရင် စသည်ဖြင့် မိဖုရားတွေရှိကြတယ်။

အောင်စွာငယ်ကို အရေးတော်ပြီးပြေရင် မရီးတော် သုံးပါးထဲက စိတ်ကြိုက်တစ်ပါးနဲ့ ပေးမြားမယ်လို့ နရပတိစည်သူပြောခဲ့တယ်။ နရပတိစည်သူမင်းဖြစ်တော့ မင်းရဲ့ကတိအတိုင်း မရီးတော်တစ်ပါးကို အောင်စွာငယ်က တောင်းသတဲ့။ ဒီအခါမှာ မရီးတော်တွေက သူတို့ဟာ အမျိုးကောင်းသမီးတွေဖြစ်တယ်။ ကျွန်နဲ့ မပေးစားပါနဲ့ဆိုပြီး ငိုယိုတောင်းပန်ကြသတဲ့။ ဒါ့ကြောင့် မင်းကြီးက "အောင်စွာငယ်၊ အမတ်တစ်ဦးဦးရဲ့ သမီးနဲ့ ပေးမြားမယ်၊ မရီးတော်တွေကို ချန်ပါ" လို့ မိန့်တော့ အောင်စွာငယ်က "ထို" ဆိုပြီး တုံ့ပြန်လိုက်တယ်။ ဒါ့ကြောင့် အောင်စွာငယ်ကိုလည်း ကွပ်မျက်ပြန်တယ်။

နရပတိစည်သူမင်းကြီးဟာ နောင်တော်မင်းယဉ်နရသိခ်ရဲ့ အထိန်းတော်သား အနန္တသူရိယအမတ်ကိုလည်း မျက်ပြီး သတ်စေ အမိန့်ချသတဲ့…။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူသတ်တွေဟာ အမတ်ကြီး အနန္တသူရိယဆီ သတ်ရန် သွားသတဲ့။ အနန္တသူရိယက ရဲဝံ့စွာနဲ့ပဲ ခေတ္တစောင့်ပါ။ ငါမင်းထံ စာလွှာပါးစရာ ရှိပေတယ်ဆိုပြီး မျက်ဖြေလင်္ကာ လေးပုဒ် ရေးလေသတဲ့။

၁။ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ၊ မျက်လင့်ကာသာ၊ မဖွ တာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြငှာန်းလည်းခံ၊ မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကျွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်
ရေပွက်ပမာ တစ်သက်လျှာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း
မလွှတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ
ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏။
ခိုက်ကြုံဝိဘက်၊ သံသာစက်ဌ၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို
ကြည်ညိုစိတ်သန်း၊ သခင်မွန်ကို ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး
ခွင့်လျှင်ပေး၏။ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း…။

သူသတ်တို့လည်း အမတ်ကြီးပေးတဲ့ စာလွှာယူပြီး အမတ်ကြီးကို ကွပ်မျက်လိုက်သတဲ့။ ပြီးမှ အမတ်ကြီးပေးတဲ့ စာလွှာကို ဘုရင်ထံဆက်သတဲ့။ မင်းကြီးလည်း လင်္ကာကို ဖတ်ပြီး "လွှတ်စေ" လို့ မိန့်တော့ သူသတ်တို့လည်း "လွန်ခဲ့ပြီ" လို့ လျှောက်သတဲ့။

နရပတိစည်သူဟာ မျက်ပြေလင်္ကာဖတ်ပြီး နောင်တရမိသတဲ့။

"နောက်ကို အမှုရှိလို့ ငါက သတ်စေဆိုသော်လည်း ချက်ချင်း မသတ်စေနဲ့၊ အမှုကုန်စင်အောင် တစ်လကိုးသီတင်းထားပြီးမှ ထိုက်တဲ့ အပြစ်ခံပါစေလို့ မိန့်တော်မူသတဲ့။

နရပတိစည်သူမင်းကြီးဟာ ပုဂံမှာ စူဠာမဏိစေတီ၊ ဂေါ်တော့ပလ္လင်၊ ဓမ္မရာဇိက စတဲ့ ဘုရားစေတီတွေကိုလည်း တည်ခဲ့တယ်။ ကျမ်းဂန်တတ် ရဟန်းတွေကိုလည်း ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပြီး စာပေပရိယတ္တိ ပို့ချစေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နရပတိစည်သူမင်းကြီးဟာ မင်းကျင့်တရားနဲ့အညီ ကျင့်လို့ ပြည်သူတွေ ဝပြော စည်ပင်ရှိကြတယ်။ ပြည်ရေးရွာမှုကိုလည်း ပညာရှိတို့နဲ့ တိုင်ပင်ပြီး လုပ်ဆောင်သတဲ့။ မင်းကြီးမှာ သားတော် ငါးပါး ရှိတယ်။ အငယ်ဆုံးသား ဇေယျသိခ်ဟာ နောင်တော်တွေကို ရိုသေစွာ လုပ်ကျွေး ခစားသတဲ့။ နောင်တော်တွေကလည်း ညီငယ်ကို ချစ်ခင်ကြသတဲ့။

နရပတိစည်သူဟာ သား ငါးပါးကို စိတ်ဝမ်းမကွဲဖို့၊ အချင်းချင်း ချစ်ခင်ကြဖို့လည်း ဆုံးမခဲ့တယ်။

"သားတော်တို့ ပြည်ရွာငြိမ်းချမ်းစေလိုသော် (၁) နှုတ်သီးရှည်၍ ခွပ်အံ့ထင်သော်၊ နှုတ်သီးကိုဖြတ်။ (၂) အတက်ရှည်၍ စူးအံ့ထင်သော် အတက်ကိုဖြတ်။ (၃) အတောင်ရှည်၍ ပုံ့အံ့ထင်သော် အတောင်ကိုဖြတ်။ ငါတို့မင်းမည်သည် ချစ်သည်၊ မုန်းသည်မရှိ။ ထုံးစံနဲ့အညီ ဒဏ်ကိုပေးရာသည်။ ထိုသို့ကျင့်မှ ကြောက်ရွံ့ခန့်ညားမည်။ ခန့်ညားမှ ခပ်သိမ်းအမှု ပြီးမည်။

တစ်ကြောင်းလည်း အမှုထမ်းတို့ကို

၁။ ခြေဆယ်ပွဲမှ မြင်းတင်ရာသည်။

၂။ မြင်းဆယ်ပွဲမှ ဆင်တင်ရာသည်။

၃။ ဆင်ဆယ်ပွဲမှ လှေတင်ရာသည်။

၄။ လှေဆယ်ပွဲမှ လေးရာပြုမြို့ကို ပေးရာသည်။ တည့်မတ် ကောင်းမွန်စွာ အုပ်ချုပ်ကြ။ သားတော် ငါးပါးတို့သည် ငါစီရင်သည်ကို ဖျက်သော် အမိန့်တော်ကို မပစ်မပယ်သူက အံ့ညီ၍ ဆုံးမရစ်" ဟူ၍ သစ္စာပေးခဲ့သတဲ့။ နရပတိစည်သူမင်းကြီးဟာ နန်းစည်းစိမ် (၃၇) နှစ်စံပြီး သက်တော် (၇၄) နှစ်မှာ အနိစ္စရောက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# စွမ်းသတ္တိရှင် ရန်မန်ငထွေး

ကလေးတို့ရေ…

အစွမ်းသတ္တိရှိကြတဲ့ သူရဲကောင်းတွေအကြောင်း မြန်မာ့သမိုင်းမှာ တွေ့ရတယ်။ သူတို့ရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်တွေဟာ အံ့မခန်းပါပဲ။

သက္ကရာဇ် (၅၃၆) ခုနှစ်မှာ နရပတိစည်သူမင်းကြီး ပုဂံပြည်မှာ နန်းတက်တော်မူတယ်။

တစ်ခါမှာတော့ မင်းကြီးဟာ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားနှစ်ဆူကို ထီးတော်တင်ဖို့ ရွှေဖောင်တော်နဲ့ ဆန်တက်လေသတဲ့။ အဲဒီအခါမှာ မိကျောင်းကြီးတစ်ကောင်ဟာ မင်းကြီးရဲ့ ရွှေဖောင်တော်ကို ကျောကုန်းထက် ထိုးတင်ပြီး ရှေ့ဆက်မသွားနိုင်အောင် ချုပ်ထားလေသတဲ့။

"ဘယ်လိုအကြောင်းကြောင့်လဲ" လို့ မင်းကြီးက ရန်မန်ငထွေးကို ရေထဲဆင်းကြည့်စေတယ်။ ရန်သူတွေ့ရင် နှိမ်နင်းဖို့ သန်လျက်လည်း ပေးလိုက်သတဲ့။ ရန်မန်ငထွေးဟာ ရေကူးကျွမ်းကျင်သူလည်း ဖြစ်တယ်။ ရေထဲ ဆင်းကြည့်တဲ့အခါ မိကျောင်းကြီး နှောင့်ယှက်ကြောင်း သိရတယ်ဆိုရင်ပဲ ရန်မန်ငထွေးဟာ မိကျောင်းကြီးကို သန်လျက်နဲ့ ထိုးသတ်လိုက်တယ်။ မိကျောင်းကြီးကလည်း အမြီးနဲ့ရိုက်၊ ရန်မန်ငထွေးက ရေငုပ်ရှောင်နဲ့ နောက်ဆုံးတော့ ရန်မန်ငထွေးလက်ချက်နဲ့ မိကျောင်းကြီးသေလေတယ်။

မှူးမတ်သေနာပတိနဲ့ မောင်းမ ကိုယ်လုပ်တော်တွေလည်း ရေထဲမှာ တဝုန်းဝုန်းနဲ့ ရန်မန်ငထွေးနဲ့ မိကျောင်းကြီး သတ်ပုတ်ကြတာတွေကို ရင်

www.burmeseclassic.com



တာမမ ရှိကြလေတယ်။ မိချောင်းကြီး သေကြောင်းပြောပြီး ရန်မန်ငထွေး အပေါ် ပြန်တက်လာမှ သက်ပြင်း ချနိုင်ကြတယ်။ ရန်မန်ငထွေးဟာ မိကျောင်းကိုသာမက ကျားကိုလည်း တစ်ဦးချင်းနိုင်အောင် သတ်ပုတ်နိုင် တယ်။ ဆင်ကိုလည်း တစ်ဦးချင်းယှဉ်နိုင်သူဖြစ်တယ်။ သူ့ပုန်တို့ သူခိုးဓား ပြတို့ ထကြွလျှင်လည်း ရန်မန်ငထွေးပဲ ကွပ်ကဲကာ နှိမ်နင်းရလေတယ်။ တစ်ဖက်အင်အားကို မှန်းပြီး မင်းကြီးက ရဲမက်တွေ ထည့်ပေးလေတယ်။ အဲဒီလို ရန်အောင်ဖန်များလို့ မင်းကြီးက "အနန္တသူရိယ" ဆိုတဲ့ ဘွဲ့ကို ပေးအပ်ချီးမြှင့်တော်မူတယ်။

ရန်မန်ငထွေးဟာ ပေါင်းလောင်းရှင်ကဿပမထေရ်ကို ဆရာပြုပြီး ဘုရား၊ သိမ်၊ ကျောင်းကြီးကျယ် ခမ်းနားစွာ ဆောက်ကာ လှူဒါန်းတယ်။ လှူဒါန်းရာမှာ ပွဲလမ်းသဘင်လည်း မင်းကြီးခွင့်ပြုချက်နဲ့ ကျင်းပလေ့ရှိ သတဲ့။ အဲဒီလို လှူဒါန်းတဲ့အကျိုးအကြောင်းစာရင်းကို မင်းကြီးအားပြပြီး သဒ္ဓါပွားစေတယ်။ မင်းကြီးလည်း ဝမ်းမြောက်စွာ သာဓုခေါ်လေတယ်။

မင်းကြီးလည်း "ရန်မန်ငထွေးဟာ ယခုမျက်မှောက်တွင်လည်း ငါ ရဲ့အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်တယ်။ သံသရာအကျိုးများအောင် လည်း ဆောင်ရွက်လေတယ်။ သူကဲ့သို့ ငါ့အကျိုးကို လိုလားသူမရှိပြီ" လို့ မိန့်တော်မူပြီး မိဖုရားငယ်က မွေးဖွားတဲ့ မင်းသမီးနဲ့ စုံဖက်ပေးကာ ရာထူး ဂုဏ်ထူး ချီးမြှင့်တော်မူလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## နားတောင်းမျှားမင်းခေါ် ဇေယျသိခ်မင်း

ကလေးတို့ရေ…

မြန်မာရာဇဝင်မှာ ထီးနန်းကို တပ်မက်လို့ ဖခင်နဲ့ အစ်ကိုကို သတ်တဲ့ နရသူမင်းဖနီးကို မတရားသိမ်းပိုက်လို့ နောင်တော်ကို လုပ်ကြံစေတဲ့ နရပတိစည်သူလို မင်းတွေအကြောင်း ပြောခဲ့ပြီနော်။

နရပတိစည်သူမင်းကြီးဟာ နောင်တော်ကို လုပ်ကြံစေတာ လွယ်တာကြောင့် သူ့လက်ထက်မှာ အစောင့်အကြပ်တွေ အထပ်ထပ် တင်းစွာ ချထားသတဲ့။ သူဟာ သားတော်တွေကို အချင်းချင်း စိတ်ဝမ်းမကွဲဖို့၊ ညီညွတ်ချစ်ခင်စွာနေဖို့ အထူးဆုံးမခဲ့တယ်။ သစ္စာပေးခဲ့တယ်။ မှူးမတ်တွေကို ကြပ်မတ်စေတယ်။ ဖခင်ကောင်းလို့ ဆိုထိုက်တယ်။

နရပတိစည်သူမင်းမှာ မိဖုရားအသီးသီးက မွေးတဲ့ သားတော် ငါးပါးရှိခဲ့တယ်။ တကယ်တော့ မင်းလုပ်သူမှာ သားတော်တွေများတာဟာ ထီးနန်းအတွက် အန္တရာယ်ဖြစ်စေတာတွေ ရာဇဝင်မှာ တွေ့ရတယ်။

နရပတိစည်သူမင်းရဲ့ သားတော် ငါးပါးကတော့ (၁) ဇေယျသူ (၂) ရာဇသူ (၃) သူရပျံချီ (၄) ကက်သူ (၅) နားတောင်းမျှားမင်းလို့ခေါ်တဲ့ ဇေယျသိခ် ဖြစ်တယ်ကွယ့်။

အဲဒီသားတွေထဲမှာ အငယ်ဆုံးဖြစ်တဲ့ ဇေယျသိခ်ဟာ လိမ္မာရေးခြားရှိသူ၊ ပါးနပ်သူလို့ ဆိုရမယ်။ အစဉ်အတိုင်းဆိုရင် သူဟာ အငယ်ဆုံးဖြစ်

www.burmeseclassic.com



လို့ အစ်ကို လေးဦး မင်းအဆက်ဆက်ဖြစ်ပြီးမှ သူနောက်ဆုံးမှဖြစ်မှာ။ ဒါတောင် နောင်တော်တွေရဲ့ မိဖုရားတွေက မွေးလာတဲ့ တူတော်တွေ နန်းလျာတွေ ရှိဦးမယ် မဟုတ်လား။

ဇေယျသူရဲ့ ပင်ကိုစိတ်ကလည်း ကြီးသူကို ရိုသေ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားဆိုတဲ့ ကိုယ်ချင်းစာစိတ်ရှိသူဖြစ်တာကြောင့် မင်းမဖြစ်ခင် ကတည်းက နောင်တော်တွေကို ခစားတယ်။ ပြုစုတယ်။ ဒါကြောင့် နောင်တော် လေးဦးကလည်း ညီတော်လေးကို ချစ်ခင်ကြတယ်တဲ့။

အမြော်အမြင်ကြီးတဲ့ နရပတိစည်သူမင်းကြီးဟာ သားတော်တွေကို အမြဲဆုံးမပြီး နန်းလျာရွေးရာမှာ ညီနောင် ငါးဦး အလယ်မှာ ထီးဖြူစိုက်တယ်။ ထီးဖြူညွှတ်သူကိုသာ နန်းလျာရွေးမယ်ဆိုပြီး ထီးဖြူစိုက်တယ်။ ညီအငယ်ဆုံး ဇေယျသိခ် နန်းလျာဖြစ်လာတယ်။ နောင်တော်တွေကို ရှေးကလိုပဲ လုပ်ကျွေးမြဲ ရိုသေမြဲပဲ။ ခမည်းတော်ကလည်း လိမ္မာတဲ့ သားငယ်ကို မင်းဖြစ်စေချင်တယ်။ ထီးတော်ကလည်း သားငယ်ဆီညွှတ်လို့၊ ထီးလည်းလို၊ မင်းလည်းလိုတာကြောင့် ထီးလိုမင်းလိုလို့လည်း အမည်တွင်တယ်။

ဆိုပါတော့ကွယ်။ ဇေယျသိခ် မင်းဖြစ်လာရော၊ နားတောင်းများမင်းလို့ အမည်တွင်တယ်။ သူ့မယ်တော်က နားတောင်းတွေ တစ်ခုပြီးတစ်ခု ပန်တာကြောင့် အဲဒီအမည်တွင်တယ်လို့ စကားရှိသတဲ့ သူ့ကို ဥစ္စနာလို့လည်း ခေါ်ကြတယ်။ နန်းတက်စမှာ ပုံ့ချိုပုန်ကန်လို့ အမတ် ငါးဦးတို့ နှိမ်နင်းစေသတဲ့။

ဇေယျသိခ်ဟာ မင်းကျင့်တရားနဲ့အညီ ကျင့်တယ်။ ပညာရှိတို့နဲ့ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်တယ်။ နောင်တော် လေးဦးနဲ့လည်း မပြတ်စည်းဝေးတာကြောင့် နောက်ပိုင်းလွှတ်တော်ဆိုတာ ပေါ်လာသတဲ့။ နောင်တော်တွေကို မြို့ရွာတွေကို အချိုးကျစားစေတယ်။ အခွန်တော်တွေထဲကလည်း အညီအမျှ ငါးစုပုံပြီး တစ်စုစီပေးသတဲ့။ ဒါကြောင့် နောင်တော်တွေက (ႛ)ည်း ကျေနပ်တယ်။

ဇေယျသိခ်မင်းဟာ ထီးဖြူညွှတ်ရာမှာ ဘုရားတည်တယ်။ ထီးလိုမင်းလိုဘုရားလို့ အမည်တွင်တယ်။ ပုဂံမှာ မဟာဗောဓိစေတီကိုလည်း တည်ခဲ့သတဲ့။ နှစ်တိုင်းမပြတ် တန့်ကြည့်တောင်၊ ပုပ္ပားတောင်၊ တူရွင်းတောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို တက်တယ်။ ခမည်းတော်ကောင်းမှု ဂေါ်ဓော့ပလ္လင်ဘုရား မပြီးတာလည်း ဆက်တည်တယ်။ သူမိဖုရားအိမ်တော်သည်ဟာ သားတော် ကျစွာကိုဖွားပြီး (၇) ရက်မှာ ကွယ်လွန်တယ်။ နောက် တောင်ပြင်သည် မိဖုရားက ဖွားတဲ့ သားတော်တရားမွန်လည်း ကွယ်လွန်တာကြောင့် အလွန်ဝမ်းနည်းကြေကွဲသတဲ့။ အမတ်ကြီး သိုင်းနဲ့ သိင်္ခကာတို့က တရားပြရသတဲ့။

ဇေယျသိင်္ခမင်းဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုဟန် (ကျောင်းတော်မှု) ရုပ်ပွားကိုလည်း တည်တော်မူတယ်။ ထင်းလို မင်းလို ဘုရားမှာ အလှူကြီးလည်း ပေးသတဲ့။ သူ့လက်ထက်မှာ တိုင်းပြည်ဝပြော စည်ပင်လို့ ပြည်သူတွေလည်း နှစ်လိုကြသတဲ့။ ထိုမင်းတရားစီရင်ရာ ဖြတ်ထုံးတို့ကိုလည်း စုစည်းကာ နားတောင်းများ မင်းဖြတ်ထုံးလို့ တွင်သတဲ့။ နားတောင်းများမင်းခေါ် ဇေယျသိင်္ခမင်းဟာ ထီးနန်းစည်းစိမ် (၂၃) နှစ်စံပြီး သက်တော် (၆၀) မှာ အနိစ္စရောက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကျစွာမင်းကြီးနှင့် သံပျင်မင်းသမီး

ကလေးတို့ရေ…

ဇေယျသိဒ် (နားတောင်းများမင်း) ကွယ်လွန်တဲ့အခါ သားတော် ကျစွာမင်း နန်းတက်သတဲ့။ ကျစွာမင်းဟာ ပရိယတ္တိစာပေ အလွန်တတ် ကျွမ်းသတဲ့။ ပိဋကတ်တော်ကို ကိုးခေါက်ပြန်တယ်လို့ အဆိုရှိတယ်။ အရိယာ သံဃာတွေကိုလည်း တစ်နေ့ (၇) ဝါ စာချတယ်။

ထိုမင်းလက်ထက်မှာ တိုင်းပြည်ကျဆင်းနေတာကို ကြိုးစားပြီး အဖတ်ဆယ်ပုံရတယ်ကွယ့်။ ကျစွာမင်းဟာ စာပေပရိယတ္တိနဲ့သာ မွေ့လျော် တာကြောင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာတွေကို သား တော် ဥဇနာနဲ့သာ လွှဲထားသတဲ့။ ကျစွာမင်းဟာ အမိန့်တော် ပြန်တမ်းတွေ ကိုလည်း စိုက်ထူခဲ့သတဲ့။

ပြက်တောင်ခြေမှာ အနော်ရထာမင်းစိုက်ခဲ့တဲ့ ပေပင်ဟာ ထိုမင်း လက်ထက်မှာပေါက်လို့ ပေပင်က ပေရွက်တွေကို ဆက်သရာ အလွန်ဝမ်း သာသတဲ့။ သဒ္ဒါကျမ်း၊ ပရမတ်ကျမ်းတို့ကိုလည်း ပြုစုသတဲ့။

ကျစွာမင်းကြီးဟာ ကျောင်းဆောက်၊ ဘုရားတည်လည်း လုပ်ခဲ့တယ်။ တူရှင်းတောင်ခြေက မြကနန်ကိုလည်း ဆည်တော်မူပြီး ကြာမျိုးငါးပါးနဲ့ ပြည့်စုံစေသတဲ့။ အဲဒီကန်မှာ ဟင်္သာ၊ စက္ကဝက်၊ ရေကြက်၊ ငြိုးကြာ၊ ဝမ်းဘဲ စတဲ့ ကျေးငှက်တွေဟာ ကျက်စားကြသတဲ့။ ထိုကန်အနီးမှာ လယ်ယာတွေကိုလည်း ဖော်ဆောင်လို့ တစ်နှစ် သုံးသီးစားရသတဲ့။ သာသနာ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်မြေများကိုလည်း စိစစ်ခဲ့တယ်လို့ ဆိုတယ်။ ကျစွာမင်းဟာ ကောင်းမှုတော် ပြသဒါးဘုရားကြီးလည်း တည်တော်မူတယ်။ တော်တော်နဲ့ မပြီးနိုင်ဘူးတဲ့။ နန်းစည်းစိမ် (၁၆) နှစ်စံပြီး သန်လျက်က စားစရာမှာ ထိတဲ့အတွက် သက်တော် (၅၇) နှစ်မှာ အနိစ္စရောက်သတဲ့။

ကျစွာမင်းနဲ့ ဆက်စပ်ပြီး သမီးတော် သံပျင်မင်းသမီးအကြောင်းလည်း ပြောကြတာရှိတယ်ကွယ့်။ ရာဇဝင်မှာတော့ ကျစွာမင်းကြီးမှာ သားကြီး ဥဇနာ၊ သမီးလတ် စောခင်လွှတ်၊ ရာဇဒေဝီ မိဖုရားကဖွားတဲ့ စောရွှေဆိုတဲ့ သမီး ရှိသတဲ့။ သံပျင်မင်းသမီး အမည်တော့ မတွေ့ရဘူး။ ကျစွာမင်းကြီးမှာ ၁။ မိဖုရားကြီး ရာဇာဒေဝီ၊ ၂။ စောပုလဲမယ်၊ ၃။ စောမင်းလှဆိုတဲ့ မိဖုရား တွေရှိတယ်။ သံပျင်မင်းသမီးဟာ သမီးတော်ကြီးဖြစ်လေမလားလို့ မှန်းဆ ရပါတယ်။

သံပျင်မင်းသမီးဟာ စာပေအလွန်တတ်ကျွမ်းသတဲ့။ ဒါကြောင့် ရဟန်းတော်များကိုပင် စာဝါချတယ်တဲ့။ စာဝါချရာမှာ တင်းတိမ်ကုလားကာ ကာရံထားပြီး အတွင်းကနေပြီး စာဝါချသတဲ့။

တစ်ခါမှာတော့ ရဟန်းပျိုတစ်ပါးဟာ မင်းသမီးအသံ သာယာတာကြောင့် ရုပ်ရည်လည်း အလွန်လှမှာပဲလို့ တွေးပြီး စိတ်ယောက်ယက်ခတ်နေသတဲ့။ ဒါ့ကြောင့် မင်းသမီးမျက်နှာ ငါမြင်ရအောင် ကြံမယ်ဆိုပြီး သူတက်တဲ့စာမှာ "ဟိ ဓာလေ ပောပေယျ" လို့ ဆက်ရေးထားသတဲ့။ မင်းသမီးစာချတဲ့အခါ အဲဒီပါဠိကို ဆက်ရွတ်သတဲ့။ မင်းသမီးက

"စာဝါပါတဲ့အတိုင်းဖတ်ပါ၊ မပါတာ ထည့်မဖတ်ပါနဲ့" လို့ဆိုတယ်။

ဒီတော့ ရဟန်းပျိုက စာဝါမှာ ပါပါတယ်၊ မယုံရင်ကြည့်ပါ" ဆိုလို့ မင်းသမီးက ကုလားကာဖွင့်ပြီး ကြည့်သတဲ့။ ရဟန်းပျိုဟာ သူထင်တဲ့အတိုင်း လှပချောမောတဲ့ မင်းသမီးကို တွေ့ရသတဲ့။

မင်းသမီးဖွင့်ကြည့်တော့ စာကိုတွေ့တာနဲ့ အချည်းနှီး မဖြစ်စေရလို့ဆိုပြီး "ဟိ-တံငါသည်တို့သည်၊ ဓာလေ-ကွန်ရွက်တို့ကို၊ ပောပေယျ-ဆွဲကြကုန်၏" လို့ အနက်ပေးလေသတဲ့။

ရဟန်းပျိုဟာ သံပျင်မင်းသမီးကို မြင်ရပြီး အလွန်စွဲလမ်းသွားသတဲ့။ မအိပ်နိုင် မစားနိုင်ဖြစ်တာကို မင်းကြီးသိသွားလို့ မိန့်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်၊ သင်ဟာ စာတတ်သူဖြစ်လို့ သာသနာမှာ အကျိုးများမယ့် ကျမ်းတစ်စောင် ပြုစုပါ။ ငါ့သမီးတော်နဲ့ ပေးမြားမယ်" လို့ မိန့်သတဲ့။ ဒါကြောင့် ရဟန်းပျိုဟာ "ဉာသ်ကျမ်းအဖွင့်ဋီကာ" ကို ပြုစုသတဲ့။ အဲဒီ ရဟန်းပျိုကိုလည်း လူထွက်စေပြီး သံပျင်အမတ် ရာထူးပေးတယ်။ သမီးတော်နဲ့လည်း လက်ဆက်စေတယ်။ သံပျင်အမတ်၊ သံပျင်မင်းသမီး ရဟန်းပျိုပြုစုတဲ့ ကျမ်းကိုလည်း "သံပျင်ဋီကာ" လို့ တွင်စေသတဲ့။

သံပျင်ဆိုတာကတော့ ရွာများကို ကြီးမှူးရသူ၊ မြို့ကို အကြီးအမှူး ပြုသူ၊ မြို့သူကြီးလို့ အဓိပ္ပာယ်ရပါသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဥဇနာမင်း

ကလေးတို့ရေ…

ကျွစွာမင်းကြီး အနိစ္စရောက်တော့ သားတော် ဥဇနာ နန်းတက်သတဲ့။ ဥဇနာမင်းဟာ အသောက်အစား အပျော်အပါး အားကြီးသတဲ့။ အထူးသဖြင့် တောကစားရာမှာ ဆင်တွေကို ဖမ်းလေ့ရှိသတဲ့။

ဥဇနာမင်းဟာ မင်းရှင်စောမြေးနဲ့ စုံဖက်လို့ သားတော်သီဟသူကို ဖွားသတဲ့။ သားတော်ကြီးပေါ့ကွယ်။

တစ်ခါမှာလည်း တိုင်းခန်းလှည့်ရင်း မြစ်သာရွာက ပန်းပွတ်သည်ရဲ့တူမကို အပြင်အလျာကောင်းတာကြောင့် ကောက်ယူခဲ့သတဲ့။ ထိုကိုယ်လုပ်တော်မှာ (နောင်မင်းခွေးချေးလို့ တွင်မယ့်) သားတော်တစ်ပါးဖွားတယ်။ "ပန်းပွတ်သည်မြေး ငခွေးချေး" လို့ မင်းကြီးက ကျီစယ်တတ်သတဲ့။ သူငယ်အရွယ်မှာ ဦးရီးပန္နင်းသခင် မြတ်စွာထံအပ်ပြီး စာသင်စေသတဲ့။

ဥဇနာမင်းဟာ သားတော်အကြီး သီဟသူကို နန်းလျာထားတော်မူတယ်။ သီဟသူဟာ အလွန်မောက်မာတဲ့ မင်းသားဖြစ်သတဲ့။ ဥဇနာမင်းကြီးရဲ့ ညီလာခံတစ်ခုမှာ ရာဇသင်္ကြန်ဆိုတဲ့ ပညာရှိအမတ်ကြီးလည်း ခစားနေတယ်။ ညီလာခံစဲတော့ ရာဇသင်္ကြန်ရဲ့ အင်္ကျီလက်ဟာ မသိမ်းမိဘဲ ပြန့်နေသတဲ့။ သီဟသူမင်းသားလာရာမှာ သူလာတာ မမြင်ကောင်းလားဆိုပြီး ကွမ်းတံတောနဲ့ အင်္ကျီလက်ပေါ် ထွေးချသတဲ့။ ရာဇသင်္ကြန်က "အရှင့်သားလာတာ မတွေ့မိလို့ ခွင့်လွှတ်ပါ" လို့ ဆိုတယ်။ ရာဇသင်္ကြန်ဟာ ကွမ်း

www.burmeseclassic.com

www.burmeseclassic.com



သွေးပေတဲ့ အကျီကို သေတ္တာတစ်ခုတွင်းမှာ ကောင်းစွာ ထည့်သိမ်းထား သတဲ့။

အဲဒီသတင်းကြားတော့ ဦးရိုးပဋ္ဌင်းနဲ့ မင်းသားခွေးချေးဟာ ရာဇ သကြန်အမတ်ကြီးထံ ညအခါလာပြီး ကျောင်းခြံထွက် ကွမ်းသီးနိုင်ကို ဆက်ကပ်သတဲ့။ "အဘိုးအရေးရှိက ခွေးချေးကို သတိရပါ" လို့ ဦးရိုးပဋ္ဌင်း က စကားထည့်ခဲ့သတဲ့။ ရာဇသကြန်အမတ်ကြီးလည်း အဲဒီလို သိတတ်သူ ကို ကျေနပ်တာပေါ့ကွယ်။

တစ်ရံရောအခါ ဆိပ်ထိန်းကမ်းဖြူရွာ တောင်သူကြီးမှာ သမီးငယ် တစ်ဦး ရှိလေသတဲ့။ တောင်သူကြီးလည်း လယ်ထွန်သွားရာမှာ နို့စို့သမီး ငယ်ကို ခေါ်သွားပြီး သစ်ရိပ်မှာ ကောင်းစွာ သိပ်ပြီး သူက လယ်ထွန်နေ သတဲ့။ ထွန်နားချိန် သစ်ရိပ်လာတော့ မြွေဟောက်ကြီးတစ်ကောင်ဟာ သမီးငယ် ကို ပါးပြင်းနဲ့ အုပ်မိုးထားသတဲ့။ လယ်သူကြီးလာတော့မှ မြွေဟောက်ကြီးခွာ သွားသတဲ့။ အဲဒီ သမီးဟာ အရွယ်ရောက်တော့ ချစ်စဖွယ်လှပသတဲ့။ သူ့ နာမည်က အစောလို့ ခေါ်ကြတယ်။ အစောစိုက်တဲ့ မြတ်လေးပန်းရုံမှာ ပုန်း ညက်၊ စကား၊ ချယား ပန်း သုံးမျိုး ပွင့်လေသတဲ့။ ပညာရှိတွေကိုမေးတော့ အစောဟာ တစ်နေ့မှာ အထွတ်အမြတ် ရောက်မယ်လို့ ဟောသတဲ့။

နတ်တော်လရောက်တဲ့အခါ ဥဇနာမင်းကြီးဟာ မင်းတကာတို့ တက် မြဲဖြစ်တဲ့ ပုပ္ပားတောင်ကို မဟာဂီရိနတ်မောင်နှမ ပူဇော်ဖို့ တက်လေသတဲ့။ အဲဒီအခါ ဆိပ်ထိန်းကမ်းဖြူရွာက အစောရဲ့ သတင်းကို ကြားရသတဲ့။ ထို သူငယ်မစိုက်တဲ့ (ပန်း သုံးမျိုးပွင့်တဲ့) မြတ်လေးရုံကိုလည်း အလွန် စိတ်ဝင် စားသတဲ့။

အဲဒါနဲ့ ဥဇနာမင်းကြီး ပုပ္ပားကအပြန်မှာ ဆိပ်ထိန်းကမ်းဖြူရွာကို ကြွသွားသတဲ့။ အဲဒီအခါ ပန်းသီးတံနဲ့ ပန်းစိုက်နေတဲ့အစောကို မြင်သတဲ့။ အစောဟာ အပြင်အလျာ ရှုချင်စဖွယ်လှပတာကြောင့် ကောက်ယူတော်မူ သတဲ့။

ဥဇနာမင်းကြီးဟာ အစောကို မြတ်နိုးတာကြောင့် ကျောအဖုအားကို ပျောက်စေသတဲ့။ ယားတဲ့နေရာ မပြဘဲ အယားပျောက်နိုင်တာကြောင့် ဘာ ကြောင့်သိသလဲ မင်းကြီးမေးသတဲ့။ ဒီတော့ အစောက

www.burmeseclassic.com

www.burmeseclassic.com



''မင်းကြီး၊ မြင့်မြတ်သူတို့ရဲ့ ကိုယ်ရေဟာ နူးညံ့တယ်။ ယားတဲ့နေရာမှာ အရေးအကြောင်း ထင်နေတယ်။ ဒါ့ကြောင့် သိရတယ်'' လို့ လျှောက်တော့ မင်းကြီးဟာ ဤမိန်းမငယ်ကား ဉာဏ်ပဋိဘာန်ရှိပေတယ်လို့ အမှတ်ထားသတဲ့။

တစ်ခါမှာ ဥဇနာမင်းကြီးဟာ ဒလ (ယခု - တွံတေး) တောတွင်းသို့ တောကစားထွက်ပြီး ဆင်ကြော့တော်မူတယ်။ မင်းကြီးဆရာတော်လည်း မင်းသားခွေးချေးဇာတာကို ဆန်းစစ်ရာ သန့်တယ်လို့ အကောင်းမြင်တာကြောင့် ဦးရီးပဋ္ဌင်းနဲ့ မင်းသားကို မင်းကြီးအားဆက်ရန် အရက်ယူစေပြီး မင်းသားခွေးချေးကို ဒလရောက်မင်းကြီးထံ လွှတ်လိုက်ကာ မင်းကြီးထံ အပ်စေသတဲ့။

ဥဇနာမင်းကြီးလည်း အားရတော်မူလို့ ''ပန်းပွတ်သည် မြေး-ခွေးချေး'' လို့ သားတော်ကို ကျီစယ်သတဲ့။

တစ်ခါမှာတော့ ဒလတောမှာ ဆင်ကောင်းရှိတယ် သတင်းကြားလို့ ဥဇနာမင်းကြီး ဆင်ကြော့ထွက်ရာမှာ တောဆင်မုန်ဖြစ်တာကြောင့် အနံ့သစ်ရရာလိုက်တဲ့အခါ မင်းကြီးစီးတဲ့ ဆင်ကို ထိုးသတဲ့။ ဆင်ကကြိုးကို တောဆင်စွယ်နဲ့ ထိုးမိလို့ မင်းကြီးလည်း ဆင်ထက်ကကျပြီး အနိစ္စရောက်လေသတဲ့။

ဥဇနာမင်းကြီးဟာ ထီးနန်းစည်းစိမ် (၅) နှစ်၊ သက်တော် (၃၅) နှစ် အရွယ်ငယ်ငယ်နဲ့ အနိစ္စရောက်ရရှာသတဲ့။ မူးယစ်အပျော်လွန်တဲ့ အကျိုးဆက်တွေပေါ့ကွယ်...။

❑

www.burmeseclassic.com

www.burmeseclassic.com

## သီဟသူ၊ ရာဇသင်္ကြန်နဲ့ မင်းခွေးချေး

ကလေးတို့ရေ…

ဥဇနာမင်းကြီးဒလမှာ အနိစ္စရောက်တယ်ကြားတော့ သားတော်ကြီး သီဟသူဟာ သူမင်းဖြစ်မယ်ဆိုပြီး ဘိသိက်ခံဖို့ ပြင်နေသတဲ့။

အဲဒီအခါမှာ ရာဇသင်္ကြန်အမတ်ကြီးဟာ ဥဇနာရဲ့ ရှာပနအခမ်းအနားကို ဒလမှာပဲ ပြင်ထားတယ်။ အမျက်စောမာန်ကြီးတဲ့ သီဟသူသာ မင်းအဖြစ်ရသွားရင် မှူးမတ်နဲ့ ပြည်သူတွေ ညှဉ်းပန်းခံရမှာ မလွဲဘူးလို့ စဉ်းစားပြီး မှူးမတ်တွေနဲ့ တိတ်တဆိတ် တိုင်ပင်ကြတယ်။ မှူးမတ်တွေကလည်း ရာဇသင်္ကြန် အမတ်ကြီးတင်ပြတာ မှန်နေတော့ ဒီအရေးကို အမတ်ကြီးပဲ ကြည့်စီစဉ်ပါလို့ တာဝန်ပုံအပ်သတဲ့။

ဒါ့ကြောင့် အမတ်ကြီးက မင်းသားသီဟသူကို အလိမ္မာနဲ့ လျှောက်တင်သတဲ့။ "အရှင့်သား၊ ယခုနေအခါမှာ ဘိသိက်ခံရင် ခမည်းတော် ရှာပန ဒလမှာ ကျင်းပဆဲမို့ ပြည်သူကဲ့ရဲ့စရာ ဖြစ်ပါလိမ့်မယ်။ ဒါ့ကြောင့် ကျွန်တော် ဒလသွားပြီး ရှာပနပြီးပြေအောင် ဆောင်ရွက်ပြီးမှ အရှင့်သား ဘိသိက်ခံ နန်းတက်တော်မူပါ" လို့ နားတော်လျှောက်သတဲ့။

သီဟသူလည်း "အမတ်ကြီးလျှောက်တင်တာ သဘာဝကျတယ်။ အမတ်ကြီး ဒလသွားပြီး ရှာပနပြီးပြေအောင် ဆောင်ရွက်ပါ" လို့ အခွင့်ပေးသတဲ့။

အမတ်ကြီး ရာဇသင်္ကြန်ဟာ ဒလ ရှာပနအခမ်းအနားမှာ သီဟသူရဲ့ အမျက်ကြီးပုံ၊ လောဘကြီးပုံ၊ စည်းမစောင့်ပုံတွေကို ဖွင့်ချပြီး သိမ်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းသွေးစွန်းအင်္ကျီကို ထုတ်ပြတယ်။ ဒါ့ကြောင့် ဈာပနအခမ်းအနားတက်ရသူ အားလုံး အမတ်ကြီးကောင်းသလို စီမံပါလို့ အပ်ကြသတဲ့။

အမတ်ကြီး ရာဇသင်္ကြိန်ဟာ သတင်းမပေါက်ကြားအောင် အစောင့်အနေ ကြပ်မတ်ထားရှိပြီး မင်းသားခွေးချေးကို နန်းတင်ဖို့ စီစဉ်တော့တယ်။ မနေပြည်တော် ပြန်အရောက်မှာ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ရဲမက်တွေနဲ့ သီဟသူကို ဖမ်းပြီး ညီတော်ခွေးချေးကို နန်းတင်သတဲ့။

ဒါ့ကြောင့် မင်းခွေးချေးဟာ သက္ကရာဇ် (၆၁၇) ခုမှာ မင်းဖြစ်တော်မူတယ်။ ဆိပ်ထိန်းကမ်းဖြူရွာက ခမည်းတော်ကောက်ခဲ့တဲ့ အစောကိုပဲ မိဖုရားမြှောက်တယ်။ မိဖုရားဖွားစောလို့ အမည်တွင်တယ်။ မင်းခွေးချေးလည်း နရသီဟပတေ့မင်းလို့ အမည်တွင်သတဲ့။

နရသီဟပတေ့မင်းဟာ ဘုန်းတန်ခိုးကြီးတယ်။ အမျက်စောင်မာန်အငြူအစူလည်း ကြီးတဲ့ မင်းဖြစ်တယ်။ အိပ်ရာက နိုးရင် မောင်းမတွေကိုတွေ့ရာနဲ့ ပစ်ပေါက်တတ်သတဲ့။ ဒါ့ကြောင့် မိဖုရားဖွားစော အစီအမံနဲ့ မင်းကြီး အိပ်ရာအနီးမှာ လုဗ္ဗနီသီးကို ထားစေသတဲ့။ မင်းကြီးအိပ်ရာက နိုးလို့ မောင်းမတစ်ယောက်ကို လုဗ္ဗနီသီးနဲ့ ကောက်ပေါက်တာ ခါးယမ်းသွားလို့ ခါးရမ်းသီးလို့ တွင်သွားသတဲ့။ မင်းကြီးဟာ ဟင်းခွက် (၃၀၀) ပြည့်မှ ပွဲတော်တည်သတဲ့။

နရသီဟပတေ့မင်းဟာ ထီးနန်းရပြီး မင်းအဖြစ်ကို ရောက်တော့အသောက်အစား အပျော်အပါးနဲ့သာ အချိန်ကုန်ပြီး နန်းတင်ပေးတဲ့ အမတ်ကြီး ရာဇသင်္ကြိန်ကို မေ့လျော့နေသတဲ့။

ဒါ့ကြောင့် တစ်ခုသော ညီလာခံမှာ ရာဇသင်္ကြိန်အမတ်ကြီးဟာ ကွမ်းကလာပ် အပဲ့ယူပြီး ခစားလေသတဲ့။ အဲဒါမင်းကြီးမြင်သွားတော့–

"အဘိုး အဘယ့်ကြောင့် ကွမ်းကလာပ်အပဲ့နဲ့ ကွမ်းစားသနည်း" လို့ မေးသတဲ့။ ဒီအခါ အမတ်ကြီးလည်း ခံပြင်းတာကြောင့် "မင်းကြီး ပန်းပွတ်သည်မြေးတို့ ကောင်းစားနေတာကြောင့် ပန်းပွတ်မည့်သူမရှိတာကြောင့် အပဲ့နဲ့ပဲ ကွမ်းစားနေရပါတယ်" လို့ ဖြေသတဲ့။

ဒီအခါ နရသီဟပတေ့ဟာ သူ့အမျိုး ထိခိုက်ဆိုလို့ ... လုံးထောင်



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးဂူထွတ်ကို တင့်တယ်အောင် ဘယ်သို့ပြုသနည်း" လို့ မေးတယ်။

"မင်းကြီး...ထီးတင်မှ ဂူထွတ်တင့်တယ်တယ်" လို့ အမတ်ကြီး ပြန် လျှောက်တယ်။

"အဘိုး ဂူထွတ်ထီးတင်ရန် ဘယ်သို့ပြုရသနည်း"

"မင်းကြီး ထီးတင်ရန် ငြမ်းဆင်ရပါတယ်"

"အဘိုး ငြမ်းဆင် ထီးတင်ပြီးရင် ငြမ်းကို ဘယ်သို့ပြုသနည်း"

"မင်းကြီး၊ ဂူထွတ်ထီးတင်ပြီးရင် ငြမ်းကို ဖျက်ရပါတယ်"

"အဘိုး ငါကား ထီးနဲ့တူလို့ မင်းဖြစ်ပြီး ငြမ်းနဲ့တူတဲ့ အဘိုးကိုလည်း ဖျက်အံ့။ ဒါ့ကြောင့် ဒလကို ကြွပေတော့" လို့ ဆိုပြီး အဆောင်အယောင်တွေ ရုပ်သိမ်းပြီး ဒလကို ပို့တော်မူတယ်။

ရာဇသင်္ကြန် အမတ်ကြီးကို ဒလပို့တယ် ကြားတဲ့အခါ မစ္ဆဂီရိစားလည်း ပုန်ကန်သတဲ့။ မုတ္တမစားလည်း သောင်းကျန်းလေသတဲ့။ အဲဒီအခါ နရသီဟပတေ့မင်းဟာ တိုင်ပင်ဖော် အမတ်ကြီးမရှိလို့ ငိုင်တွေနေသတဲ့။ ဒီအခါမှာ မိဖုရားစောက

"မင်းကြီး အဘယ်ကြောင့် မှိုင်နေသနည်း။ အမတ်စစ်သူကြီးတွေနဲ့ တိုင်ပင်ပါ။ မနှစ်မြို့က်လျှင် အမတ်ကြီး ရာဇသင်္ကြန်ကို ပြန်ခေါ်တော်မူပါ။ ကြာလျှင် သူပုန်တို့ ပွားစည်းမည်လို့ လျှောက်သတဲ့။ မင်းကြီးလည်း အမတ်ကြီး ရာဇသင်္ကြန်ကို အဆောင်ယောင် ပြန်ပေးပြီး လှေလျှင်နဲ့ အမြန်ခေါ်စေသတဲ့။

ဒလကို လှေရောက်မည့်ညက မုန်တိုင်းလေလာတာကြောင့် သစ်ပင်ကြီးတွေ ကျိုးပဲ့ကုန်သတဲ့။ ပန်းပြားပင်တို့ကား မလဲဘဲ ရှိလေသတဲ့။

အဲဒီအဖြစ်ကို မြင်တဲ့အခါ "ငါကား ပန်းပြားပင်လောက်မှ မလိမ္မာချေ။ သစ်ပင်ကြီးကဲ့သို့ ကျင့်မိချေပြီ" လို့ မြည်တမ်းသတဲ့။

လှေလျှင် အမတ်ကြီးထံ ရောက်တဲ့အခါ ရောက်လာသူအမတ်က ရာဇသင်္ကြန်အမတ်ကြီးကို မူလအဝတ်အဆောင်အယောင်ပေးပြီး မင်းကြီး ပြန်ခေါ်ကြောင်း အကျိုးအကြောင်း တင်လျှောက်လေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီး လှေနှင့်ပြန်အလာ တံငါလှေတစ်ခုမှာ မြယောက်ကို မြင်မိသတဲ့။ လှေကပ်စေပြီး "တံငါတို့…၊ မြယောက်ကို ရောင်းမည်လား" မေးတဲ့အခါ တံငါတို့က "အဘိုး သူငယ်တို့ ကစားရန် ဖြစ်ပါသည်။ အဘိုး အလိုရှိကယူပါ" လို့ ပြောတာကြောင့် အမတ်ကြီးက ပွတ်သပ်ကြည့်ပြီး အဖိုးတန်လှတာကြောင့် ဆုလာဘ်ပေးပြီး မြယောက်ကို ယူခဲ့သတဲ့။

အမတ်ကြီး ရာဇသင်္ကြန်မြစ်ကမ်းရောက်လျှင် တမန်တော်က မင်းကြီးကို လျှောက်တာနဲ့ ဆင်နဲ့ ကြိုစေသတဲ့။ အမတ်ကြီးလည်း ရောက်တဲ့အခါ မင်းကြီးကို မြယောက်ဆက်သတဲ့။ မေးတဲ့အခါ မင်းကြီးရဲ့ ဘုန်းတော်ကြောင့် ရချေသည်" လို့ လျှောက်သတဲ့။ မင်းကြီးကလည်း "အဘိုး သူပွေတို့ ချောစား (ကုန်းတိုက်) လို့သာ မျက်မိတယ်" ဆိုကာ ဆင်၊ မြင်း၊ ထီး၊ စလွယ်၊ ကျေးကျွန်ကစ မူလအတိုင်း ပြန်ပေးသတဲ့။ အသစ် စားကျေးမြို့ရွာလည်း ပေးတယ်။

အမတ်ကြီးရာဇသင်္ကြန်ရောက်ပြီး စစ်သူကြီးတွေကို ကြပ်မတ်ကွပ်ကဲကာ ပုန်စားသူတွေကို နှိမ်နင်းဖို့ စစ်ချီစေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရာဇသင်္ကြန် မုတ္တမကို အောင်မြင်ခြင်း

ကလေးတို့ရေ…

ရာဇသင်္ကြန်အမတ်ကြီးဟာ ပညာရှိရုံသာမက စစ်ဆင်ရေးမှာလည်း လိမ္မာသူဖြစ်တယ်။

မဏ္ဍဂီရိစားနဲ့ မုတ္တမစား ပုန်ကန်ရာကို အမတ်စစ်သူကြီး နှစ်ယောက်ကို ချီစေတယ်။ အတွင်းသင်းမှူး သရေပစ္စပတော့ကိုလည်း မဏ္ဍဂီရိကို ချီစေတယ်။ အဲဒီနေ့မှာပဲ အမတ်ကြီး ရာဇသင်္ကြန်လည်း ရေကြောင်း ကြည်းကြောင်း နှစ်ကြောင်းနဲ့ မုတ္တမကို ချီတက်တယ်။ ပုဂံကနေ မုတ္တမဆိုတော့ ခရီးဝေးလွန်းလှတယ်။

ဒီလိုချီရာမှာ ရာဇသင်္ကြန် ဒဂုံရောက်တဲ့အခါ ပါသမျှ လှေတွေကို ထားခဲ့ခိုင်းတယ်။ ရေကြောင်း ကြည်းကြောင်း စစ်သည်ရဲမက်ပေါင်းပြီး အလုံးအရင်းနဲ့ မုတ္တမကို ကြည်းကြောင်းချီတက်ကြတယ်။

မုတ္တမစား ငရှေ့ဟာ ရာဇသင်္ကြန် စစ်ချီလာပြီဆိုတဲ့ သတင်းကြားတော့ ကျေးလက်အစွန်ရွာဖျားနေသူတွေကို တောင်ထိပ်မြို့ဆီ သွင်းပြီး ခုခံသတဲ့။

ရာဇသင်္ကြန်လည်း စစ်ပရိယာယ်နဲ့ နွားကိုခြံလှောင်ထားသလို ဝိုင်းပတ် ဝန်းရံထားလိုက်တယ်။ တပ်ခိုင် တပ်လုံတည်ပြီး နေ့ညဉ့်မပြတ် ဝီရိယထား ကြပ်မတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မုတ္တမသားတို့ဟာ အပြင်က ဗိုလ်ပါထူထပ် ဝိုင်းရံထားတာကြောင့် မြို့ပြင်လည်း မထွက်သာဘူးပေါ့။ မြို့တွင်းမှာလည်း ကြာတော့ အစာရေစာ ပါးရှားလာတယ်။ တောင်ကကျတဲ့ ရေတောင် မသောက်လောက် ဖြစ်လာတယ်။ မြို့ပြင်မှာလည်း ရာဇသင်္ကြန်တပ်တွေ ဝိုင်းထားတော့ ဘယ်လိုမှ ရေယူဖို့တောင် မလွယ်ဘူး ဖြစ်နေတာပေါ့။ ဒီလိုနဲ့ (၇) ရက် (၈) ရက် ဝိုင်းထားတော့ မုတ္တမသားတို့ ဘယ်လိုမှ တောင့်မခံနိုင်ဘဲ ရာဇသင်္ကြန် တပ်ဆီ လက်နက်ချ ဝင်လာကြတယ်။ အဲဒီအခါ ရာဇသင်္ကြန်ဟာ မုတ္တမမြို့တစ်မြို့လုံးကို ရလိုက်တာပေါ့။

အဲဒီလို ရာဇသင်္ကြန် မုတ္တမကိုအောင်တော့ အလောင်းစည်သူရဲ့ အမတ်အလိမ္မာကြီးရဲ့ မြေးဖြစ်တဲ့ အလိမ္မာအမတ်ကို မုတ္တမမှာ ကျေးစားထားခဲ့ပြီး ပုန်ကန်တဲ့ မုတ္တမစား ငရွှေနဲ့ သားမယား ကျေးကျွန်ဆင်မြင်းအားလုံး သိမ်းယူခဲ့သတဲ့။

နရသီဟပတေ့မင်းကြီးဟာ ရာဇသင်္ကြန် မုတ္တမစားကို ကျေးကျွန်အလုံးအရင်းနဲ့ အပ်တော့ အလွန်အားရတော်မူသတဲ့။ ပွဲလမ်းရသူတွေကို ချီးမြှင့်ရိုးအတိုင်း များစွာသော လာဘ်သပ်ပကာ ချီးမြှင့်သတဲ့။ ရာဇသင်္ကြန် ကြီးမှူးရာမျှ ပါဝင်သူတွေကိုလည်း အသီးသီး ဆုပေးတယ်။

အဲဒီအချိန်မှာ အမတ်ကြီး ရာဇသင်္ကြန်ဟာ မဏ္ဍလီရိုကို တိုက်ဖို့ လွှတ်လိုက်တဲ့ သရေပစ္စပတေ့ အရေးနိမ့်ကြောင်း သတင်းသိပြီးနေပြီလေ။ ဒီသတင်းမင်းကြီးကြားရင် သရေပစ္စပတေ့ ကွပ်မျက်ခံရတော့မှာ ကျိန်းသေဆိုတာ အမတ်ကြီးသိထားတော့ သရေပစ္စရရဲ့ အသက်ကိုလည်း ကယ်ချင်လို့ အခွင့်စောင့်နေတာပေါ့။

မုတ္တမကို အောင်လို့ မင်းကြီးဆုတွေ ချီးမြှင့်ပြီး စိတ်ကြည်သာနေခိုက် အမတ်ကြီးဟာ အလိမ္မာဖက်ပြီး တင်လျှောက်လေသတဲ့။

"ဘုန်းတော်ကြီးလှသော အရှင်. . .၊ကျွန်တော်မျိုးအပါအဝင် အရှင့်ကျေးကျွန်အပေါင်းဟာ အားလုံးနိုင်ငံတွေ၊ အရှင့်နိုင်ငံတော်ချည်း ဖြစ်စေချင်ကြတာ အမှန်ပါပဲ။ တရားတော်မှာကတော့ ဖြစ်တတ်သော သဘောသည် ပျက်တတ်တယ်။ ပျက်တတ်တဲ့ သဘောလည်း ဖြစ်တတ်တယ်။ အေးငြိမ်းရာနိဗ္ဗာန်သာ အမြဲရှိတယ်လို့ တရားတော်မှာ ရှိတယ် မင်းကြီး။

www.burmeseclassic.com

www.burmeseclassic.com



စစ်တို့ရဲ့သဘောဟာလည်း နိုင်မယ်ထင်တဲ့ စစ်လည်း ရှုံးတတ်ပါတယ်။ ရှုံးမယ်ထင်တဲ့ စစ်လည်း နိုင်တတ်ပါတယ်။ ကာလဒေသ ပယောဂဆိုတဲ့ နေ့ရက်၊ အချိန်၊ အရပ်အနေ၊ အစီအမံ လုံ့လဝီရိယသာ အရင်းခံဖြစ်ပါတယ်။ မင်းကြီး သရေပစ္စပတော့ မစ္ဆဂီရိကို ရှုံးခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ သူဟာ သစ္စာရှိသူမို့ မင်းကြီးရဲ့ ခြေတော်ရင်းကို ပြန်ခေါ်သင့်ပါတယ်။ မင်း ကြီး ခန့်မြဲတိုင်း ပြန်ခန့်ပါရင် သူဟာ မင်းကြီးပေးတဲ့အမှုကို ကုန်စင်အောင် ထမ်းဆောင်ပါလိမ့်မယ်'' လို့ အမတ်ကြီးက သရေပစ္စပတော့အတွက် အသနားခံသတဲ့။

''ဒီတော့ နရသီဟပတေ့မင်းကြီးက အမတ်ကြီးကို ပြောသတဲ့။''

''အဘိုးရာဇသကြိန်၊ သရေပစ္စပတော့ဟာ အကွပ်အညှပ် အစီအမံ ပေါ့လျော့တယ်။ ဒါကြောင့် ညဥ့်ဘက် တပ်လန့်ရာမှာ မထိန်းနိုင် မတား နိုင်ဖြစ်တယ်။ စစ်မရောက်ခင် မြားကုန်ဆိုတာလို ဖြစ်လို့ သင်းကို သတ်ဖို့ အမတ်ကြီးရဲ့သား အုတ်လှကို လွှတ်လိုက်ချေပြီ'' လို့ မိန့်တော်မူသတဲ့။

အမှန်တော့ ရာဇသကြိန်အမတ်ကြီးဟာ သူ့သားအုတ်လှကို သရေ ပစ္စပတော့ကို သတ်ဖို့ လွှတ်လိုက်တာ သိသတဲ့။ ဘာကြောင့်ဆိုတော့ သရေ ပစ္စပတော့ကို သတ်ဖို့လာတဲ့ သူ့သားညောင်ဦးအုတ်လှအလာ ရာဇသကြိန်က စစ်အောင်လို့ ဆန်တက်အလာ ကူးခန်းငယ်မြို့မှာ ဆုံကြသတဲ့။ အဲဒီဆုံချိန် မှာ ရာဇသကြိန်က သားအုတ်လှကို ''သားမွန် ငါကစေသူ မရောက်လာ သေးပဲ လက်မလွှန်စေနဲ့'' လို့ အသေအချာ မှာထားခဲ့သတဲ့။

တစ်ဖန် မင်းကြီးက ရာဇသကြိန်ကို မိန့်ပြန်တယ်။ ''အဘိုးရာဇ သကြိန်…စစ်ကိုမထိုးမတိုက်ရသေးဘဲ စစ်ပျက်စစ်သူကြီးမျိုး ထားထိုက် သလော။ ''အုတ်လှကို သတ်ဖို့ စေလိုက်လေပြီ'' လို့ မိန့်သတဲ့။ ''အရှင် မင်းကြီး၊ ကျွန်တော်မျိုး စစ်ရဲ့သဘောကို လျှောက်တင်ပြီးပါပြီ။ သရေပစ္စ ပတော့ဟာ မင်းကြီးအပေါ် သစ္စာမြဲသူပါ'' လို့ ထပ်တင်တယ်။ အဲလို တင် နေတုန်းမှာပဲ သရေပစ္စပတော့ ရောက်လာခစားတယ်။

မင်းကြီးဟာ အမတ်ကြီးကျေးဇူးကိုလည်း သတိရတော်မူတယ်။ လောလောဆယ် မုတ္တမကို အောင်နိုင်သူလည်း ဖြစ်တယ်လို့ နှလုံးသွင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားဖွားစောကို တိုင်ပင်တော်မူသတဲ့။ မိဖုရားဖွားစောလည်း မင်းကြီးကို အကြည်အသာ လျှောက်တင်သတဲ့။

"ဘုန်းတော်ကြီးလှသော မင်းကြီး...သရေပစ္စပတော့ဟာ အရှင်ယုံကြည်တော်မူရသူ ဖြစ်ပါတယ်။ သေကောင်းလေပြီးမှ အရှင်အသက်လွတ်လို့ အရှင့်ကျေးဇူးကြီးလှပါတယ်။ အတွင်းသင်းမှူးနေရာဟာ အခြားသူနဲ့ မသင့်ပါ။ သင်းကို ဒီတစ်ခါ ခွင့်လွှတ်ပြီး ပေးမြဲစားစေပါလော့၊ မှူးမြဲ မှူးစေပါလော့" ဆိုပြီး မိဖုရားဖွားစော လျှောက်တာနဲ့ သရေပစ္စပတော့ဟာ မူလရာထူး ပြန်ခန့်ထားခြင်း ခံရလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်းအုတ်လှ

ကလေးတို့ရေ…

နရသီဟပတေ့အကြောင်း ဆက်ကြည့်ရအောင်…။

မင်းကြီးနရသီဟပတေ့ဟာ ရာဇသင်္ကြန် မုတ္တအောင်လို့ အားရပါရဲ့။ အမတ်ကြီးနဲ့ မိဖုရားစော လျှောက်လို့လည်း သရေပစ္စကတေ့ကို ရာထူးပြန်ခန့်ပြီးပြီ။ ဒါပေမဲ့ မင္ဂလီရိအရေး စိတ်မအေးရသေးဘူးပေါ့ကွယ်။ ဒါကြောင့် ပညာအရာသာမက စစ်ရေးဗျူဟာပါတော်တဲ့ အမတ်ကြီး ရာဇသင်္ကြန်ကိုပဲ အားကိုးအားထားပြုမှ တော်မယ်လို့ နှလုံးသွင်းမိသတဲ့။

ဒါကြောင့် နတော်လရောက်လို့ ပုပ္ပားနတ်ပူဇော်ပွဲက အပြန်မှာ - (၁) ရာဇသင်္ကြန် (၂) သရေဝတ္တနာ (၃) စစ်တုရင်္ဂပို (၄) စစ်တုရင်္ဂသူ စတဲ့ စစ်သူကြီး သုံးဦး၊ ရာဇသင်္ကြန်ပါ လေးဦးကိုခေါ်လို့ ရာဇသင်္ကြန်ခေါင်းဆောင်ကာ မင္ဂလီရိကို ရအောင် စစ်ထိုးလေ" လို့ မိန့်တော်မူတယ်။ တိုက်ဆင် လေးထောင်၊ မြင်း လေးသောင်း၊ စစ်သည်သူရဲ လေးသိန်းနဲ့ ချီစေသတဲ့။

အမတ်ကြီးနဲ့ စစ်သူကြီး သုံးဦးလည်း အလုံးအရင်းကြီးစွာနဲ့ မင္ဂလီရိကို စစ်ချီတက်ကြသတဲ့။ မင္ဂလီရိသို့ ရောက်တဲ့အခါ ကျေးစွန်ရွာလက်တွေကို ထောင်းထောင်းညက်ကျေ ဖျက်ဆီးကြသတဲ့။ သက်တောင်ထက်မှာ မင္ဂလီရိစားခံနှင့်တာကို ပတ်ပတ်ဝိုင်းရံထားလေသတဲ့။ ရာဇသင်္ကြန် အစီအမံနဲ့ တပ်ခိုင်တပ်လုံ ပိတ်ဆို့ထားတာ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် ထွက်ဖို့ မလွယ်ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ သူတို့ချီလာတဲ့ ရဲမက် အလုံးအရင်း များလှတာကြောင့် ရဲမက်တွေလည်း ရရာသစ်ဉသာ စားနေရသတဲ့။ စစ်မှာရက်ကြာလေ စစ်ပန်းလေဖြစ်တတ်တဲ့အတိုင်း ကြုံရတာပေါ့။ အမတ်ကြီးတို့ရဲ့ ပုဂံတပ်တွေသာ ငတ်မွတ်တာ မဟုတ်။ မြို့တွင်းသားတွေလည်း ငတ်မွတ်ကြသတဲ့။ ဖွဲသင်းတောင်မှ စားစရာမရှိ ဖြစ်ကြသတဲ့။

အဲဒီလို အခြေအနေမျိုးကြုံရတော့ မစ္ဆဂိရိစားလည်း အလွန်တုန်လှုပ်ကြောက်ရွံ့လေသတဲ့။ "နောက်နောင် မဖောက်ပြန်ဝံ့ပါ။ အသက်ချမ်းသာပေးပါ" လို့ သိန်းဃိုရောက် မဟာထေရ်နဲ့ မစ္ဆဂိရိစားရဲ့ သားညီတို့ထွက်ကာ တောင်းပန်ကြလေသတဲ့။ သူတို့ အညံ့ခံပါပြီပေါ့။

အဲဒီအခြေအနေ အကျိုးအကြောင်းကို အမတ်ကြီးသား အုတ်လှကို မင်းကြီးထံ လျှောက်တင်ရန် ခြေမြန်စေလွှတ်လိုက်သတဲ့။

အုတ်လှလည်း ဖခင်နဲ့ စစ်သူကြီးတို့စေတဲ့အတိုင်း ခြေမြန်နှင်သတဲ့။ စလင်းအရောက်မှာ လှေလျှင်နဲ့ နေ့ညမနား ဆန်တက်လေသတဲ့။ ခရီးက အလွန်ဝေးကွာလွန်းလှလို့ နေ့ညနားရန် ခရီးဖင့်မှာလည်း စိုးသတဲ့။ မင်းရေးကိစ္စ၊ စစ်ရေးကိစ္စ ဖြစ်နေတော့ အချိန်နဲ့အမျှ အရေးကြီးနေတာကိုး။

နရသီဟပတေ့မင်းကြီးလည်း မစ္ဆဂိရိအရေး စိတ်မအေးဘူးတဲ့။ ဆက်စာတမန် မရောက်တာကြောင့် နေညဥ့်လည် ဆန့်နေရတာပေါ့။ အဲဒီနေ့မှာတော့ မင်းကြီးဟာ နန်းတော်လေသာ ပြတင်းဖွင့်လို့ ဧရာဝတီမြစ်ဘက် မျှော်ကြည့်နေသတဲ့။

အဲဒီအချိန်မှာပဲ လောကနန္ဒာ အမော်ဘက်က လှေလင်းယဉ်ဖွေးဖွေး ရွက်လွှင့်ဆန်လာတာ လှမ်းမြင်ရသတဲ့။ အဲဒီတော့ ယခုလာတဲ့လှေဟာ စစ်က သံတမန်လှေဖြစ်မယ်။ စစ်သတင်း ဘယ်သို့ရှိလေမသိလို့ စိတ်စောနေတာကြောင့် မင်းချင်းတစ်ဦးကို အလျင်စေပြီး သတင်းမေးစေသတဲ့။

လှေဆီကို မင်းချင်းရောက်ရောက်ချင်း သတင်းမေးတဲ့အခါ အုတ်လှဟာ စစ်အရေးအချင်း ခပ်သိမ်းကို မလျှောက်ဘဲ "ကျွန်တော် အုတ်လှ လာသည်" လို့သာ လျှောက်လိုက်သတဲ့။ မင်းချင်းလည်း မင်းကြီးဆီ အလျင်အမြန် ပြန်ပြီး အုတ်လှတင်တဲ့အတိုင်း လျှောက်တာပေါ့။ မင်းကြီးလည်း သူသိချင်တဲ့ စစ်သတင်းအကျိုးအကြောင်း မလျှောက်ဘဲ "ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် အုတ်လှလာသည်’’ သာ လျှောက်ရာသလောဆိုပြီး အမျက်ထွက်ကာ ‘‘အုတ်လှကို သတ်လေ’’ လို့ သူသတ်တို့ကို စေလိုက်သတဲ့။

သူသတ်တို့လည်း အိမ်ခားဖွေးဖွေးကိုင်ပြီး လှေဆီ အပြေးသွား၊ လှေပေါ် ခုန်တက်လေသတဲ့။ အုတ်လှလည်း အလျှင်စလို မေးလိုက်သတဲ့။ သူသတ်တို့လည်း မင်းမိန့်ကို ပြန်တဲ့အခါ အုတ်လှက ‘‘အရှင့်အရေးတော် စစ်မှာ လှကြောင်း လျှောက်ပါရစေဦး။ ပြီးမှ သတ်လိုကသတ်လော့’’ လို့ ဆိုတဲ့အတွက် သူသတ်တို့လည်း အုတ်လှဆိုတိုင်း မင်းကြီးထံလျှောက်လေ သတဲ့။

မင်းကြီးလည်း ‘‘အုတ်လှကို လာစေဦး’’ လို့ မိန့်တော်မူလိုက်သတဲ့။ အုတ်လှဟာ မင်းကြီးရှေ့တော်မှောက် ရောက်ရင်ပဲ ခေါင်းမှာကို ထုပ်ပတ် ထားတဲ့ မျက်သုတ်ကို ဖွင့်လိုက်လေသတဲ့။ အုတ်လှရဲ့ ဆံပင်လည်း သွေးမြည့် လှတာကြောင့် ဦးသျှောင်အုပ်ပေါင်းနဲ့အတူ အထွေးထွေး ကျလေသတဲ့။ ကျတဲ့ဆံပင်မှာ သန်းနဲ့ကျိုကျို ရှိတာကို မင်းကြီးမြင်စေပြီးမှ အုတ်လှက ရဲဝင့်စွာ လျှောက်လေသတဲ့။

‘‘အရှင့်အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ပါသည်ကို အရှင် မြင်တော်မမူ၊ လွယ်လင့်တကူ မလျှောက်သာသောကြောင့် ကျွန်တော်လာ သည်ဟုသာ လျှောက်လိုက်ရပါတယ်’’ လို့ အုတ်လှက မင်းကြီးနားတော် လျှောက်မှ မင်းကြီးက ‘‘ဟုတ်လှပေတယ်’’ လို့ ဆိုပြီး ဝမ်းမြောက်စကား ဆိုသတဲ့။

မောင်းမငယ်တို့ကို အုတ်လှကို သန့်စင်စေ၊ ဆီနံ့သာလိမ်းပြီး ဆံကို ဖြီးသင်ပြီးမှ အုတ်လှဆံပင်ကို ထုံးစေ။ မုတ်ဆိတ်ကိုလည်း ဆတ္တာသည် (ဆံမုတ်ဆိတ်ရိပ်သမား၊ ဆံပင်ညှပ်သူ) ကို စေလေသတဲ့။ အုတ်လှကိုယ် လက်ကိုလည်း အမွှေးနံ့သာ လိမ်းစေပြီးမှ မင်းကြီးရှေ့တော်မှာ ကောင်းမွန် တဲ့ စားမြိန်တို့ကို ပြင်ပြီး ထမင်းစားစေသတဲ့။ မင်းကြီးဟာ သူစိတ်မအေး တဲ့ မစ္ဆရိရိစစ်အောင်တော့ အလွန်ဝမ်းသာအားရလည်း ရှိတယ်။ ဦးဆွေး ဆံမြည့် အမှုထမ်းတဲ့ အုတ်လှယ်ကိုလည်း ဆုလာဘ်များစွာ ချီးမြှင့်လေ သတဲ့။

ပြီးမှ မင်းကြီးဟာ ရာဇသင်္ကြန်အမတ်ကြီးတို့ဆီ အုတ်လှကို ပြန်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ "မစ္ဆာဂီရိစား ကိုယ်မှစပြီး တစ်မြို့လုံးကို သစ္စာပေးစေ" လို့ အမိန့် မတော် မှတ်လိုက်သတဲ့။ အုတ်လှလည်း နေ့ညဥ့်မနား မစ္ဆာဂီရိကို ပြန်သွားရ တာပေါ့ကွယ်။

အုတ်လှရောက်လို့ မင်းမိန့်ကို ကြားတဲ့အခါ စစ်သူကြီး လေးဦးဟာ အမိန့်တော်နဲ့အညီ မစ္ဆာဂီရိစားနဲ့ တစ်မြို့လုံးကို သစ္စာခံစေပြီး ဆင်ကောင်း မြင်းကောင်း ရှိသရွေ့နဲ့ သားညီတို့ကို ယူဆောင်ကာ နေပြည်တော်သို့ ပြန်ခဲ့ ကြသတဲ့။

အမတ်ကြီး ရာဇသင်္ကြန်ဟာ မစ္ဆာဂီရိကိုမရဘဲ ပုဂံကို မပြန်ပြီလို့ မင်းကြီးကို လျှောက်ခဲ့တာကြောင့် အပြီးအစီး ရောက်စေလိုတဲ့ဇော၊ စစ် အောင်စေလိုတဲ့ ဇောကြောင့် စိတ်ရောကိုယ်ပါ အမှုတော်ထမ်းလေသတဲ့။ အသက်ကလည်း (၆၂) နှစ်ရှိပြီ။ စိတ်ဇောကြောင့် နေ့ညမနားဘဲ အမှုဆောင် ရွက်တာကြောင့် ပင်ပန်းမှုဒဏ် မိလေသတဲ့။ ဒါ့ကြောင့် အနေအထိုင် မမှန်၊ ဝမ်းသွေးလည်း ကျတာကြောင့် သမားတော်တို့နဲ့ ကုသပါသော်လည်း ဒလ မြို့အရောက်မှာ ကြမ္မာကုန်ရှာသတဲ့။

မင်းကြီးလည်း အမတ်ကြီး ကွယ်လွန်ကြောင်း ကြားတော့ ရှေးဟောင်း နှောင်းဖြစ် သတိရတော်မူပြီး အလွန်ကြေကွဲ ဝမ်းနည်းလေသတဲ့။

မစ္ဆာဂီရိစားရဲ့သား ဇမ္ဗူက မင်းကြီးရှေ့တော်မှောက် ရောက်လို့ အမှု တော်ကို သက်စွန့်ထမ်းရွက်ပါ့မယ် လျှောက်တဲ့အခါ အိမ်နိမ့်ပါ ကိုယ်လုပ် တော်မှာ ဖွားမြင်တဲ့ သမီးတော်နဲ့ ဆောင်နှင်းပေးလေသတဲ့။

ရာဇသင်္ကြန်ကွယ်လွန်ပြီး သား နှစ်ယောက် အုတ်လှကြီး၊ အုတ် လှငယ်တို့ ဖခင်နာမည်ခံယူဖို့ လုတာကြောင့် မင်းကြီးခေါ်ပြီး မိန့်သတဲ့။ "အုတ်လှတို့ ညီအစ်ကို ရာဇသင်္ကြန်အမည်ခံရုံနဲ့ သူ့ကို ပညာစစ်ရေး ကျွမ်းကာ ကျော်ကြားမည် မဟုတ်။ ဘိုးတော်တို့ လက်ထက်ထင်ရှားတဲ့ စစ်သူကြီးတို့လည်း သူတို့ထမ်းဆောင်ချက်ကြောင့်သာ ထင်ရှားပေတယ်။ ဂုဏ်ကျေးဇူးသာ အရင်းခံဖြစ်တယ်။ သင်တို့ဖခင်အမည်ကို လုကြရာမှာ ဖခင်အမည်ကို မပေးသာ၊ အုတ်လှကြီးကို အနန္တပစ္စည်း၊ ညီ ငယ်ဦးအုတ် လှငယ်ကို ရန္တပစ္စည်းဘွဲ့မည်ယူစေ" လို့ အမိန့်ချမှတ်လေသတဲ့။

❑

www.burmeseclassic.com

# နရသီဟပတေ့နှင့် မိဖုရားများ

ကလေးတို့ရေ…

မင်းခွေးချေး (ခေါ်) နရသီဟပတေ့မင်းကြီးဟာ အမျက်စောင် မာန်ကြီးတယ်။ လောဘကြီးတယ်။ အစားကြူးတယ်ဆိုတာ ပြောခဲ့ပြီနော်။ အခုသူ့ မိဖုရားများအကြောင်း ကြည့်ရအောင်…။

နရသီဟပတေ့ရဲ့ မိဖုရားကြီးကတော့ မိဖုရားဖွားစောပေါ့ကွယ်။ ကိုယ်လုပ်မောင်းမ (၃၀၀၀) တောင်ထားရှိသတဲ့။ ထင်ရှားတဲ့ မိဖုရားငယ်ငါးဦးရှိသတဲ့။ (၁) ဟူးရားဖြူသမီး စောလုံ (၂) မိဖုရားဖွားစောရဲ့ အစ်မသမီး စောနန်း (၃) ရှင်ဘား (၄) ရှင်မောက် (၅) ရှင်ရွှေတို့ဖြစ်သတဲ့။

အဲဒီ မိဖုရားငယ် ငါးပါးဟာ မင်းကြီးကို အလှည့်ကျ စားတော်ဆက်ရသတဲ့။ နရသီဟပတေ့မင်းကြီးဟာ ကျန်းမာရေးကောင်းသူမို့ တစ်ခါမှ ချေးသည် ဆတ်သည် မရှိဘူးတဲ့။ သူ့ရှေ့မှာလည်း မသမ်းရဘူးတဲ့။ သမ်းဝေတာတွေ့ရင် အမျက်တော်ရှသတဲ့။

တစ်ခါမှာတော့ မိဖုရားငယ် တစ်ပါးဟာ ချေချင် ဆတ်ချင်တာနဲ့ ဆီးတားမနိုင်ဖြစ်တာကြောင့်နဲ့ အိုးကြီးတစ်လုံးမှာ မျက်နှာအပ်ပြီး မင်းကြီးမကြားအောင် ချေဆတ်လိုက်မိသတဲ့။ ဟတ်ချိုးဆိုပြီး အိုးကြီးထဲမှာ ချေဆတ်တော့ အသံပိုကျယ်သွားသတဲ့။

မင်းကြီးလည်း “ဘာသံလဲ” လို့ မေးသတဲ့။ ဒီတော့ မိဖုရားစောက “မင်းကြီးရှေ့မှာ မချေဝံ့တာကြောင့် အိုးမှာ မျက်နှာအပ်ပြီး ချေရပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်'' လို့ လျှောက်သတဲ့။ ''ဘာကြောင့်ချေသလဲ'' လို့ မင်းကြီးမေးပြန်သတဲ့။ ဒီတော့ မိဖုရားစောက ''မင်းကြီးချေသည် သမ်းသည်ဆိုရာမှာ ဆနဝုတိအနာမျိုး ဖြစ်တယ်။ မင်းကြီးမှာသာ ချေခြင်း၊ သမ်းခြင်း မရှိဖြစ်ပေတယ်။ လူအပေါင်းတို့ဟာ ချေခြင်း၊ သမ်းခြင်း ဝေဒနာမျိုးနဲ့ မကင်းနိုင်၊ ချုပ်တီးလို့ မရပါ'' လို့ နားတော်လျှောက်သတဲ့။

ဒီတော့ မင်းကြီးက ''အို၊ ငါမသိလို့ အထက်က အမျက်ထွက်မိတယ်'' လို့ ဆိုသတဲ့။ မင်းကြီး အိပ်စက်ရာက နိုးရင် မောင်းမတွေကို တွေ့ရာနဲ့ ကောက်ပေါက်တတ်တာကြောင့် လုမ္ဗနီသီးကိုသာ မင်းကြီးဘေးမှာ မိဖုရားစောက ထားပေးထားရသတဲ့။

နရသီဟပတေ့မင်းကြီးဟာ နွေလအခါတွေမှာ ရေဖျန်းကစားမြဲ ဖြစ်သတဲ့။ မြစ်ဆိပ်မှာ အရိပ်ကြီးအောင် လုပ်ပြီး လူမမြင်အောင် ကာရံထားသတဲ့။ မင်းတဲ လုံခြုံအောင် ဆောက်ပြီး မိဖုရား မောင်းမမိဿံတွေနဲ့ ရေကစားတတ်သတဲ့။ တစ်နေ့ ရေကစားရာမှာ မောင်းမငယ်တစ်ဦးကို စကားထည့်ပြီး မိဖုရားစောလုံကို မျက်စိ၊ မျက်နှာ၊ ဆံပင်တို့ကို ရွှဲရွှဲစိုအောင် ရေပက်စေသတဲ့။

မိဖုရားစောလုံဟာ မောင်းမတွေ၊ မိဖုရားတွေအလယ်မှာ အရှက်ရလို့ မင်းကြီးကို ဒီလိုလုပ်ခိုင်းရမလားဆိုပြီး စိတ်ဆိုးစိတ်နာလေသတဲ့။ ဒါကြောင့် မင်းကြီး စားတော်ဆက်ရာမှာ အဆိပ်ထည့်ပြီး ''စောမောက် ငါကိုယ်မကျန်းဖြစ်တယ်။ မင်းကြီးကို စားတော်ဆက်ဘိ'' လို့ မှာထားသတဲ့။

စောမောက်လည်း ဘာမျှမသိဘဲ မင်းကြီးကို စားတော်ဆက်လေသတဲ့။ မင်းကြီးစားတော်ခေါ်ကာနီးမှာ အောက်က ခွေးချေဆတ်လို့ စားတော်မခေါ်ဘဲ ခွေးကို စားတော်စာချ ကျွေးလေသတဲ့။ ခွေးလည်းစားပြီး သေလေသတဲ့။

မင်းကြီးလည်း ပွဲတော်ဆက်တဲ့ ရှင်မောက်ကို စစ်မေးတော်မူတယ်။ ရှင်မောက်ကလည်း အမှန်အတိုင်း ''စောလုံက ကိုယ်မကျန်းရှိသည်။ ကိုယ်စားဆက်ပါဆိုလို့ ပွဲတော်စာဆက်ရပါတယ်'' လို့ အစစ်ခံသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း စောလုံကိုခေါ်ပြီး မေးသတဲ့။ ဒီတော့ စောလုံက-

"ဟယ် ပန်းပွတ်သည်မြေး၊ နင့်ကို ငါလုပ်ကျွေး မွေးမြူ၍ နင်သူကောင်းဖြစ်ပြီးမှ မောင်းမငယ်ကို နှုတ်ထည့်ပြီး အများတကာရှေ့မှာ အရှက်ရအောင်ပြုသလား၊ နင့်ကို ငါ နှလုံးထောင့်လို့ ကြံစည်တယ်" လို့ ဖြေသတဲ့။

မင်းကြီးလည်း "ပန်းပဲတစ်ထောင်ဆင့်ခေါ်ပြီး ကျပ်တင်စေ" လို့ အမိန့်မှတ်သတဲ့။ စောလုံလည်း သူသတ်တို့ကို ရွှေငွေများစွာ ပေးပြီး သံကျပ်စင်ကို (၇) ရက်ကြာအောင် ဆွဲကာလုပ်စေသတဲ့။ အဲဒီ (၇) ရက်အတွင်းမှာ စောလုံဟာ ဥပုသ်သီတင်းစောင့်သုံးပြီး ရတနာ သုံးပါးကို အာရုံထားကာ ပုတီးစိပ်နေသတဲ့။

(၇) ရက်စေ့တဲ့အခါ အရှင်မိဖုရား အမျက်တော်ကြီးလှတယ် ရက်စေ့ပြီ လာတော်မူလော့" ဆိုပြီး ခေါ်သတဲ့။

စောလုံလည်း ရတနာ သုံးပါး ဂုဏ်တော်ကို ပုတီးစိပ်လျက်နှင့် သံကျပ်စင်ရဲရဲ အပေါ်ကို တက်ရာမှာ သုံးကြိမ် မီးသေလေသတဲ့။ သုံးကြိမ်စေ့ပြီးတဲ့အခါ စောလုံက "ငါသည် ခဏချင်း ကျွမ်း၍ပျောက်စေသော၊ ငါ တောင်းသောဆုအတိုင်း ပြည့်စေသော" လို့ အဓိဋ္ဌာန်ပြုလေသတဲ့။

မင်းကြီးလည်း စောလုံအနီးစွဲရောက်လို့ မကြာခင် စက်ရာက နိုးလာပြီး "စောလုံစောင့်ပါခလှည့်" လို့ ယောင်ယမ်းမိသတဲ့။ မိဖုရားစောလည်း "မင်းကြီးစောလုံကို မျက်တော်မူသည် မဟုတ်တုံလော" ဆိုတော့မှ မင်းကြီးဟာ များစွာ ကြေကွဲလေသတဲ့။

အဲဒီအကြောင်းကို မင်းကြီးရဲ့ဆရာတော်ကြားတဲ့အခါ မင်းကြီးထံကြွလာပြီး "မင်းကြီးမျက်တော်မူပြီး တစ်ဖန်ကြေကွဲတယ်ဆိုတာ မဖြစ်သင့်။ ပြည်ထောင်ဘက်မင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်ပေတယ်" ဆိုပြီး တရားပြတော့မှ မင်းကြီးဖြေဆည်နိုင်သတဲ့။ ပဋ္ဌင်းလူထွက် သိမ္မစည်းကို ဤသို့မိန့်တယ်။ "ငါမျက်သော်လည်း တစ်လ၊ လခွဲကြာထားပြီးမှ သေကောင်းသူကို သေစေ။ မသေကောင်းသူကို လွှတ်စေ" လို့ မိန့်တော်မူသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# နရသီဟပတေ့နှင့် ပြည်စားသီဟသူ

ကလေးတို့ရေ…

နရသီဟပတေ့မင်းကြီးမှာ မိဖုရားစောနဲ့ မိဖုရားငယ် ငါးပါးရှိတာ ပြောခဲ့ပြီနော်။ အခု မင်းကြီးရဲ့သားတော်၊ သမီးတော် အချို့အကြောင်း ပြောပြမယ်နော်။

မင်းကြီးမှာ မိဖုရားစောရဲ့ အစ်မတော် သမီး စောနန်းကနေ သားတော် ဥဇနာကို ဖွားမြင်တယ်။ သားတော်အရွယ်ရောက်တဲ့အခါ ပုသိမ်မြို့ကို ပေးတော်မူတယ်။ မိဖုရားငယ် ရှင်ဘားမှာ သားတော်ကျော်စွာကို ဖွားမြင်သတဲ့။ သားတော်ကျော်စွာ အရွယ်ရောက်တဲ့အခါ ဒလမြို့ကို စားစေသတဲ့။ မိဖုရားငယ် ရှင်မောက်မှာ သားတော်သီဟသူကို ဖွားမြင်တယ်။ အရွယ်ရောက်တဲ့အခါ ပြည်မြို့ကို စားစေတယ်။ မိဖုရားငယ် ရှင်ရွှေမှာ သမီးတော် မိစောဦးကို ဖွားမြင်သတဲ့။ သမီးတော်ကိုလည်း မင်းကြီးချစ်မြတ်နိုးသတဲ့။

မင်းကြီးဟာသားတော်တွေကို ပုန်ကန်သောင်းကျန်းမှာ စိုးတဲ့အတွက် အပါးတော်မှာ နေ့ညဉ့်အလှည့်ကျ ခစားစေသတဲ့။ မင်းကြီးဟာ အစားကြူးတယ်။ အမဲဟင်းမျိုးကို အလိုရှိတယ်။ အမဲဟင်းလျာ၊ ဝက်ပေါင်၊ ဝက်လက်တို့ကို ရှေ့တော်မှာ ပြစေပြီး သားတော် ဥဇနာကို ဝက်လက်ပေးမြဲဖြစ်သတဲ့။ သားတော်ကျော်စွာကိုလည်း ဝက်လက်ပေးမြဲ ဖြစ်သတဲ့။ သားတော်သီဟသူကိုတော့ ဝက်ပေါင်ပေးလေ့ ရှိသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာတော့ သီဟသူရဲ့ မယ်တော်ဟာ သူများသားကို အလက် ပေးတယ်။ ငါ့သားကိုတော့ အပေါင်ပေးတယ်လို့ မရှုဆိတ်ဘဲ သားကင်သည် အကြီးကို တံစိုးပဏ္ဏာပေးကာ ဒလစားကျော်စွာကို ပေးမြဲ အလက်ကို ပြည် စားသီဟသူ၊ ပြည်စားသီဟသူကို ပေးမြဲအပေါင်ကို ဒလစားကျော်စွာကို ပေးစေသတဲ့။

ဒလစားကျော်စွာရဲ့ မိခင်သိတဲ့အခါ မင်းကြီးထံအကြောင်းကို လျှောက်သတဲ့။ မင်းကြီးလည်း "ငါမသိ၊ ဘယ်သူ့အကြံလဲ" လို့ မေးပြီ၊ သိတာနဲ့ သားကင်သည် အကြီးကို ဒဏ်ပေးကာ ရှင်မောက်ကိုလည်း "ဝက် လက်ခိုးမ" လို့ ကျီစယ်သတဲ့။ သီဟသူကိုလည်း စိတ်မလိုတဲ့အခါ "ဝက် လက်ခိုးမသား" လို့ ကျီစယ်ခေါ်သတဲ့။ ကျီစယ်ဖန်များတဲ့အခါ သီဟသူ က ခမည်းတော်ကို နှလုံးနာလေသတဲ့။ ကွယ်ရာမှာ မင်းကြီးကို မကောင်း ပြောသတဲ့။ အဲဒီအကြောင်းကို ပုသိမ်စား ဥဇနာကြားတဲ့အခါ "သင်းတို့ သားအမိဟာ အခွင့်သာရင် မင်းကြီးကို လုပ်ကြံပေလိမ့်မယ်" လို့ နှလုံးပြု မိသတဲ့။

မင်းကြီးဟင်းခွက် (၃၀၀) ပြည့်မှ စားတော်ခေါ်ပြီး စားကြွင်းကို မင်းညီမင်းသား၊ စစ်သူကြီး၊ အမတ်၊ မောင်းမမိဿံတို့ကို ပေးမြဲဖြစ်သတဲ့။ ထိုဟင်းလျာတို့ကို စားတော်သည်တို့ စာရင်းမှတ်ရသတဲ့။ အဲဒီလို စာရင်း မှတ်ရာမှာ မိဖုရားစောကြီးကြပ်ရသတဲ့။

မင်းကြီးဟာ ဥတု သုံးပါးလုံး ကစားပျော်ပါးနေတတ်သတဲ့။ မိုး လအခါ နေပြည်တော်နဲ့ နီးတဲ့ ဥယျာဉ်တော်မှာ ကစားပြီး ဆောင်းလအခါ မှာတော့ အကြေအညာ ပန်းမန်သစ်သီးရှိရာမှာ ကစားသတဲ့။ တပေါင်းလ အခါမှာတော့ တံခါးအရပ်မှာ ဝါးကစားသွားတော်မူသတဲ့။ အဲဒီအလေ့ ဟာ နှစ်စဉ်တိုင်းပဲတဲ့။ ပြည်ရေးရွာအမှုထက် အသောက်အစား အကစား အပျော်အပါးကို လေ့ထုံတတ်တာပေါ့ကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# တရုတ်စစ်နှင့် တရုတ်ပြေးမင်း

ကလေးတို့ရေ…

နရသီဟပတေ့မင်းဟာ သက္ကရာဇ် (၆၃၀) ပြည့်နှစ်မှာ "မင်္ဂလာစေတီ" ကို တည်သတဲ့။ အဲဒီအခါမှာ နိမိတ်တဘောင်ဆိုတာ ပေါ်သတဲ့။ (နိမိတ်တဘောင်ဆိုတာ ရှေ့ဖြစ်ပျက်မယ့်အကြောင်းတွေကို အဆိုတစ်ရပ်အဖြစ် မြို့ရွာထဲမှာ ပြောဆိုကြတဲ့စကားဖြစ်တယ်။ မည်သူက စပြောမှန်းမသိဘဲ၊ အဆိုတစ်ရပ် ပေါ်ပေါက်လာတဲ့ သဘောဖြစ်တယ်။)

တစ်ဘောင်က ဘယ်လိုပေါ်သလဲဆိုတော့ "ဘုရားလည်းပြီး၊ ပြည်ကြီးလည်း ပျက်" ဆိုတဲ့ တဘောင်ဖြစ်တယ်။ အဲဒီတဘောင်အရ "မင်းကြီး ယခုတည်နေတဲ့ မင်္ဂလာစေတီပြီးရင် တိုင်းပြည်ပျက်မယ်" လို့ သမားဟူးရားတို့က ဟောသတဲ့။ အဲဒီစကား မင်းကြီးကြားတဲ့အခါ ဘုရားတည်တာ ရပ်ထားသတဲ့။ ခြောက်နှစ်တောင် ကြာဆိုပဲ။

အဲဒီအခါ သတင်းသီလပြည့်စုံတဲ့ ပံ့သကူမထေရ်က "မင်းကြီး လောဘနိုင်ငံ၊ ဒေါသနိုင်ငံ၊ မောဟနိုင်ငံကိုလိုက်ပြီး တရားကို မရှု။ အလှူကောင်းမှုကို ပြုပြီးမှ ပြည်ပျက်မည်စိုး၍ ဆက်မလုပ်ဘဲထားလျှင် ဤပြည်နှင့်မင်း မသေဘဲနေမည်လော" လို့ မိန့်သတဲ့။ မင်းကြီးလည်း "သခင်မြတ်ဟာ ငါ့သံသရာအကျိုး ရှေ့ရှုပြီး ဟောပေတာပဲ" ဆိုကာ ဘုရားကို ဆက်တည်လေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၆၄၃) ခုနှစ်မှာတော့ မုတ္တမစား အလိမ္မာအမတ်ကို မွန်ဝါရီယူ လုပ်ကြံပြီး မုတ္တမမှာ မင်းပြုသတဲ့။ အဲဒီနှစ်မှာပဲ တရုတ် (မောင်းရွှတ်) ဘုရင်ကူဗလိုင်ခန်က "ရွှေထမင်းအိုး၊ ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေယောက်မ၊ ငွေယောက်မတို့ကို ရှေးက အနော်ရထာမင်းစော ဆက်ဖူးသည်" ဆိုပြီး အမတ်တစ်ကျိပ်နဲ့ မြင်းသည်တစ်ထောင် ပုဂံကို လွှတ်ပြီး နရသီဟပတေ့မင်းကြီးထံ တောင်းသတဲ့။

ရောက်လာတဲ့ တရုတ်သံတွေဟာ မင်းကြီးရှေ့တော်မှာ မခန့်မငြား နေလေသတဲ့။ ဒါကြောင့် မင်းကြီးအမျက်ထွက်ပြီး တရုတ်သံတို့ကို တစ် ယောက်မကျန် သတ်စေ" လို့ အမိန့်ချသတဲ့။

အဲဒီအခါ အနန္တပစ္စည်းအမတ်က မင်းကြီးကို သည်းခံဖို့၊ သံတမန် ကို မသတ်စကောင်း၊ နောင်အမှုများမယ့်အကြောင်း နားတော်လျှောက်သတဲ့။ ဒါပေမဲ့ မင်းကြီးက မနာယူ။ "ငါသို့သော မင်းကို မခန့်မငြား ပြုရာ သလော" ဆိုပြီး အမတ်တွေထားတဲ့ကြားက သံအားလုံးကို သတ်စေသတဲ့။

အဲဒီသတင်းကို ကူဗလိုင်ခန်မင်းကြီး ကြားတဲ့အခါ အမျက်ပြင်းစွာ ထွက်သတဲ့။ အဲဒီမှာတင် တရုတ် (မောင်းဂွတ်) တပ်ကြီး ချီစေသတဲ့။ တရုတ်တပ်ကြီး ချီလာပြီလို့ မင်းကြီးကြားတဲ့အခါ အနန္တပစ္စည်း၊ မဟာပို တို့ ဦးဆောင်စေပြီး ဆင်၊ မြင်း အလုံးအရင်းနဲ့ သွားရောက်တိုက်စေသတဲ့။

စစ်သူကြီးတို့ဟာ ငဆောင်ချမ်းအရပ် ရောက်တဲ့အခါ မြို့ပြ၊ ကျုံး မြောင်း ခိုင်ခံ့အောင် လုပ်သတဲ့။ နောက် ဗန်းမော်မြစ်ကူးကနေ ဆီးကြို တိုက်ကြသတဲ့။ သုံးလတိုင်တိုင် ရဲမက်တွေဟာ ရှုပ်ရှုပ်ချွံချွံ တိုက်ကြ သတဲ့။ ဒါ့ကြောင့် တရုတ် (မောင်းဂွတ်) တပ်ဆုတ်ရသတဲ့။

အဲဒီလိုအခြေအနေမှာ တရုတ် (မောင်းဂွတ်) ဘုရင် ကူဗလိုင်ခန့်က မြင်းစီးမြားစစ်သည်တို့ကို ထပ်တိုးကာ လွှတ်လာသတဲ့။ အင်အားအလုံးအရင်း နဲ့ လာတာပေါ့ကွယ်။ မောင်းဂွတ်မြင်းသည်တော်တွေဟာ လေးမြားအတတ် မှာ အလွန်တော်ကြသတဲ့။

မြန်မာဘုရင် စစ်သည်တွေက ရှေ့က ဆင်တပ် ဦးဆောင်ပြီး နောက် က မြင်းတပ်။ အဲဒီနောက်ကမှ ခြေသည်တပ်တွေနဲ့ စစ်ဆင်တိုက်သတဲ့။ ရဲမက်တွေ အရေးသာမလိုရှိရာက မောင်းဂွတ်မြားစစ်သည်တွေဟာ မြင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



က ဆင်းပြီး သစ်တောတွင်း ပြေးဝင်ကြသတဲ့။ မြန်မာဆင်တပ်တက်အလာစောင့်ပြီး သစ်တောတွင်းကနေ မြားတွေ တရစပ်လွှတ်သတဲ့။ ဆင်တပ်မှာ အကွယ်အကာမပါဘဲ ပစ်ကွင်းထဲ ရောက်နေတာကြောင့် ဆင်တပ် မြားအထိ နာသတဲ့။ ဆင်တွေလည်း ကျိုကျိုကျာကျာ အော်မြည်ပြီး ဝရုန်းသုန်းကားနဲ့ မထိန်းနိုင်ဖြစ်ကာ ကိုယ့်တပ်ကိုယ် ပြန်နင်းမိသတဲ့။ တရုတ် (မောင်းဂွတ်) တပ်တွေဟာ တောထဲကထွက် တရကြမ်း မြင်းတပ်နဲ့ ဖောက်ဝင်လို့ မြန်မာတပ်ကစဥ့်ကလျားနဲ့ ဆုတ်ခွာရသတဲ့။ ငဆောင်ချမ်းကိုလည်း လက်လွှတ်လိုက်ရတာပေါ့။

ငဆောင်ချမ်းပျက်ပြီလို့ မင်းကြီးကြားတဲ့အခါ မှူးမတ်တွေကိုခေါ်ပြီး တိုင်ပင်သတဲ့။ "ယခု ပုဂံမြို့ဟာ ကျဉ်းလှတယ်။ မြို့စောက်လည်း နိမ့်တယ်။ သူ့ရဲ့ဗိုလ်ပါ ဆင်လုံးမြင်းရင်းနေလို့ မခံသာဖြစ်တယ်။ အရှေ့မြစ်ညာ ပတောင်းရွာကနေ တောင်ဘက်ကို အဖြောင့်သွားပြီး ရွာသာမြို့ကို အတွင်းသွင်းကာ ခိုင်လုံအောင် မြို့တည်မယ် ငါကြံတယ်။ ယခု အုတ်ကျောက်အရင် မရတာကြောင့် ဘုရား၊ ဂူပုထိုးတွေကိုဖျက် အုတ်ကိုယူ" လို့ အမိန့်မှတ်သတဲ့။

ဒါ့ကြောင့် နရသီဟပတေ့မင်းမိန့်နဲ့ ဖျက်ကြရာမှာ ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်သောင်း၊ ကုလားကျောင်း သုံးထောင် ဖျက်သတဲ့။ အဲဒီလို ဖျက်ကြရာမှာ ဂူကြီးတစ်လုံးအတွင်းက ကြေးနီပုရပိုက်တစ်ခုရသတဲ့။ "ပုဂံပြည်တွင် သားမြွာဘလက်ထက် တရုတ်ဖျက်၍ ပျက်လတ္တံ့" လို့ ပုရပိုက်စာမှာ ပါသတဲ့။ အဲဒီစာအရ ကိုယ်လုပ်တော်တွေကို စစ်မေးတဲ့အခါ ကိုယ်လုပ်တော်ငယ် တစ်ဦးမှာ သားအမြွာဖွားကြောင်း သိရသတဲ့။

ဒါ့ကြောင့် မင်းကြီးလည်း မြို့တည်လုပ်ခံပေမယ့် ခံနိုင်မယ်။ မထင်ဆိုကာ ရဲလှေသမ္ဗာန် တိုက်လှေတစ်ထောင် ပြင်ဆင်ပြီး ရွှေငွေဘဏ္ဍာတွေ တင်၊ ကုန်လှေတစ်ထောင်မှာ စပါးရိက္ခာတွေ တင်၊ လှော်ကားကြေး လှေတစ်ထောင်မှာ မောင်းမမိသံတွေတင်ပြီး ပုဂံက ထွက်ခွာရန် စီမံသတဲ့။

အဲဒီလို စီမံရာမှာ အတွင်းစေ မိန်းမတွေများတာကြောင့် လှေမဆံ့ဘဲ ဖြစ်နေတော့ ကြိုးတုပ် ရေချ သတ်မယ်အလုပ် မင်းဆရာတော်ရောက်လာပြီး တားမြစ်လို့ ယူလိုသူတွေ ယူကြစေဆိုကာ ထားခဲ့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ရတနာရွှေဖောင်စီးပြီး မွန်ဒေသ ပုသိမ်ကို စုန်လေသတဲ့။

အဲဒီအခါ ပုဂံမြို့သား လူ၊ ရှင်ရဟန်း ပြည်သူတွေဟာ ကိုးကွယ်ရာမဲ့ပြီး တချို့လည်း လယ်တွင်း (၁၁) ခရိုင်ဒေသ၊ တချို့လည်း တောင်တွင်းအရပ်ဒေသ၊ တချို့လည်း ဧရာဝတီမြစ်တစ်ဖက်ကမ်းဆီ ပြေးလွှားပုန်းအောင်းကြရသတဲ့။

စစ်သူကြီး အနန္တပစ္စည်းတို့ဟာ ငဆောင်ချမ်းပျက်တာကြောင့် ဆုတ်ခဲ့ကြသတဲ့။ မလည်တောင်အရပ်မှာ မြို့ နှစ်မြို့တည်ပြီး ခံပြန်သတဲ့။ တရုတ် (မောင်းဂွတ်) တို့ အလုံးအရင်း များလှတာကြောင့် မခံနိုင်ဘဲ ဆုတ်ရပြန်တယ်။ မြန်မာရဲမက်တွေဟာ တကောင်းမြို့ကနေ ကြံ့ကြံ့ခံ တိုက်ပြန်တယ်။ လေးနှစ်ကြာသတဲ့။ အဲဒီလိုနဲ့ တရုတ် (မောင်းဂွတ်) တွေ အင်အားများလှတာကြောင့် ရှိသမျှတပ်ရုံးစုပြီး ဆုတ်ခွာကြရပြန်တယ်။ ပုဂံမှာ မင်းနှင့်တကွ တစ်ပြည်လုံး မွန်တို့ဒေသ ပုသိမ်ကို ဆုတ်ခွာပြေးကြောင်းလည်း .သဲ့သဲ့ကြားသိရသတဲ့။ တရုတ် (မောင်းဂွတ်) စစ်သည်တို့လည်း ဗိုလ်ပါအလုံးအရင်းများနဲ့ ဆက်ချီတက်ကြပြန်သတဲ့။

အဲဒီအခါကစပြီး နရသီဟပတေ့မင်းကြီးကို တရုတ်တပ်အလာ ပြေးတာကြောင့် "တရုတ်ပြေးမင်း" လို့ ခေါ်တွင်သတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ငြိမ်းချမ်းရေးခရီးသည်

ကလေးတို့ရေ…

တရုတ် (မောင်းဂွတ်) တွေဟာ ငဆောင်ချမ်းကို သိမ်းပြီး ဆက်ချီတက်ကြသတဲ့။ ကောင်းစင်အရပ်ကို ရောက်ကာသိမ်းပြန်ပြီး မြန်မာတို့ရဲ့ ခံတပ်မြို့ဖြစ်တဲ့ တကောင်းကိုလည်း စစ်ချီတိုက်ခိုက်ကြသတဲ့။ ပုဂံစစ်သည်တွေလည်း ဆုတ်ကြရပြန်တယ်။

တရုတ် (မောင်းဂွတ်) တပ်တွေ တကောင်းကို သိမ်းပိုက်ပြီးနောက် ဆက်မချီကြဘဲ ရပ်တန့်နေကြသတဲ့။ ဘာကြောင့်လည်းဆိုတော့ မိုးတွင်းကာလ ရောက်လာပြီလေ။ မိုးကုန်မှ ဆက်လက်ချီတက်ကြမှာ ဖြစ်သတဲ့။ ငဆောင်ချမ်းကျပြီး ဆုတ်ဆုတ်လာရတဲ့ စစ်သူကြီးတို့ဟာ ပုဂံရောက်မှ အကျိုးအကြောင်း အလုံးစုံသိပြီး မင်းကြီးရှိရာ အခစားဝင်ကြရသတဲ့။ စစ်သူကြီး အနန္တပစ္စည်းလည်း အကျိုးအကြောင်း အလုံးစုံကို မင်းကြီးထံ တင်လျှောက်သတဲ့။ တရုတ်မောင်းဂွတ်စစ်သည်တွေဟာ မိုးကုန်တာနဲ့ ပုဂံကို ရောက်လာကြမယ်။ မင်းကြီး စိတ်မအေးနိုင်ဘူးပေါ့ကွယ်။

အဲဒါနဲ့ မင်းကြီးဟာ မှူးမတ်တွေနဲ့တိုင်ပင် သံဃာတော်တွေ အကြံဉာဏ်ယူ၊ မိဖုရားစောရဲ့ သဘောထားကိုလည်း နားတော်လျှောက်စေတဲ့။ ပြည်ထဲရေးက အရေးကြီးလာပြီဆိုတော့ လုပ်သင့်လုပ်အပ်ရာ လုပ်ရတော့မယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မင်းကြီးဟာ စစ်ပြေငြိမ်းရေး ကြိုးပမ်းရတော့တယ်။ မင်းမာန်တို့ ခဝါချရတော့တယ်။ ဒါ့ကြောင့် မင်းကြီးဟာ စစ်သူကြီး အနန္တပစ္စည်းနဲ့ အမတ်မဟာမိုလ်တို့ကို တယ်တူ (ပီကင်း) မှာရှိတဲ့ ကူဗလေခန်ဘုရင်ထံ သွားရောက်ကာ ငြိမ်းချမ်းရေးစကားဆိုဖို့ လွှတ်သတဲ့။

ဒီအခါ အနန္တပစ္စည်းက မင်းကြီးကို တင်လျှောက်တယ်။ "မှန်လှပါ၊ ဘုန်းတော်ကြီးတော်မူသော မင်းကြီး...ကျွန်တော်မျိုး တင်လျှောက်လိုပါတယ်။ တိုင်းပြည်အကျဉ်းအကျပ်ရောက်ချိန်မှာ မင်းကြီး စီစဉ်တာ သင့်မြတ်လှကြောင်းပါ။ ဒါပေမဲ့ ဘုရားကျွန်တော်မျိုးတို့ဟာ စစ်ရေးမှာသာ အတွေ့အကြုံရှိပြီး သံတမန်ရေးမှာ မကျွမ်းကျင်လှပါ။ ထို့ကြောင့် ပညာ ဉာဏ်ကြီးပြီး စကားအရာလိမ္မာလှတဲ့ မင်းကြီးရဲ့ဆရာ အရှင်ဒိသာပါမောက္ခ ဆရာတော်ကို ဦးစီးဦးဆောင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါစေရန် တင်လျှောက်အပ်ပါတယ် ဘုရား"

အဲဒီလို အနန္တပစ္စည်း တင်လျှောက်တဲ့အခါ "မောင်မင်းတင်လျှောက်တာ သင့်မြတ်ပေတယ်" လို့ မင်းကြီးလက်ခံပြီး အရှင်ဒိသာပါမောက္ခ ဆရာတော်ကို ပန်ကြားလျှောက်ထားလေတယ်။

ရှင်ဒိသာပါမောက္ခ ဆရာတော်လည်း ဆင်ခြင်စဉ်းစားလေသတဲ့။ အရေးက တိုင်းပြည်အရေးဖြစ်တယ်။ စစ်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင် ဒုက္ခရောက်နေကြရတဲ့ ပြည်သူတွေ အရေးတွေးမိသတဲ့။ မိမိမှာ အသက်အရွယ်ရပြီ။ သွားရမယ့် ခရီးက အလွန်ဝေးကွာလှတယ်။ လမ်းပန်းခက်ခဲလှတယ်။ ရာသီဥတုကလည်း ဆိုးဝါးလေရဲ့။ အရေးဆိုရမယ့် ကိစ္စကလည်း ခက်ခဲလှတယ်။ မိမိတို့ ဘုရင်ဒေါသရှေ့ထားပြီး တရုတ်သံတွေကို သတ်လိုက်တဲ့ အကျိုးဆက်ပေပဲ" ဆရာတော်ဟာ လေးလေးနက်နက် အတန်ကြာ စဉ်းစားနေသတဲ့။ နောက်ဆုံးတော့ ဒုက္ခပင်လယ်ဝေနေတဲ့ ပြည်သူပြည်သားအများသတ္တဝါတွေကို သနားလှတာကြောင့် မင်းကြီးပန်ကြားချက်ကို လက်ခံလိုက်လေသတဲ့။

ဒါ့ကြောင့် ရှင်ဒိသာပါမောက္ခ ဦးဆောင်တဲ့ ငြိမ်းချမ်းရေးသံအဖွဲ့ဟာ မြန်မာသက္ကရာဇ်(၆၄၇) ခု (ခရစ်နှစ် ၁၂၈၅) မှာ ပြည်မြို့ကနေ ထွက်ခဲ့ကြလေသတဲ့။ အဲဒီအချိန်မှာ တရုတ် (မောင်းဂွတ်) တပ်တွေဟာ တကောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ရှိနေသေးတယ်။ ဆရာတော်တို့ တကောင်းရောက်တာနဲ့ တရုတ် (မောင်းဂွတ်) အာဏာပိုင်တွေဟာ ဆရာတော်တို့အဖွဲ့ကို ဖမ်းဆီးချုပ်နှောင်ထားလိုက်သတဲ့။

အဲဒီသတင်းကို နရသီဟပတေ့မင်းကြီး ကြားတဲ့အခါ တကောင်းရှိ တရုတ် (မောင်းဂွတ်) အာဏာပိုင်တွေထံ သဝဏ်လွှာတစ်စောင်ရေးပြီး ခြေမြန်တော်လွှတ် ပို့ဆောင်စေသတဲ့။ သဝဏ်လွှာမှာ ဆရာတော်နဲ့အဖွဲ့ဟာ မိမိလွှတ်လိုက်တဲ့ အဖွဲ့ဖြစ်ကြောင်း၊ ဒါ့ကြောင့် ဖမ်းဆီးချုပ်နှောင်ခြင်း မပြုဖို့ မေတ္တာရပ်ခံစာဖြစ်သတဲ့။

မင်းကြီးသဝဏ်လွှာကို တရုတ် (မောင်းဂွတ်) အာဏာပိုင်တွေ ရတဲ့အခါ ဆရာတော်နဲ့ အဖွဲ့ကို လွှတ်ပြီး တယ်တူ (ပီကင်း) သို့ ခရီးဆက်နိုင်ရေး အကူအညီ ပေးလေသတဲ့။

ဆရာတော်တို့ တကောင်းရောက်ချိန်မှာ တရုတ် (မောင်းဂွတ်) နှစ်သောင်း အင်အားရှိ တပ်ကြီးထပ်ရောက်နေသတဲ့။ အဲဒီတပ်ကြီးနဲ့အတူ တရုတ်ရဟန်းတော်အပါး (၇၀) လည်း ပါလာသတဲ့။ သူတို့ရည်ရွယ်ချက်ကတော့ ပုဂံကိုအခြေပြုပြီး မြန်မာနိုင်ငံ အလယ်ပိုင်းမှာ အုပ်ချုပ်ရေးဌာနတစ်ခု ဖွင့်ဖို့နဲ့ ရဟန်းတော်တွေက ပုဂံမှာ သာသနာပြုရန် ဖြစ်သတဲ့။

အမှန်တော့ တရုတ်ရဟန်းတော်တွေဟာ ပီကင်းကို ပြန်ချင်နေကြပြီ။ ဒါ့ကြောင့် ရှင်ဒိသာပါမောက္ခကို ကူဗလိုင်ခန့်ထံပြောပေးဖို့ ပန်ကြားပြီး သူတို့ပါပြန်လိုက်ခဲ့ကြသတဲ့။

ဆိုကြပါစို့ကွယ်၊ ဆရာတော်နဲ့အဖွဲ့ဟာ တောတောင်၊ မြစ်ချောင်း အမျိုးမျိုးဖြတ်ပြီး ပင်ပန်းကြီးစွာနဲ့ သွားရောက်ကြတာ နောက်ဆုံး ကူဗလိုင်ခန့် မင်းကြီးနဲ့ တွေ့ကြသတဲ့။ ဆရာတော်တို့လာရတဲ့ ခရီးလမ်း ပင်ပန်းမှု၊ ဖွဲလုံ့လ သိက္ခာသမာဓိကို ထောက်ထားပြီး ကောင်းစွာ လက်ခံတွေ့ဆုံသတဲ့။

ဒိသာပါမောက္ခဆရာတော်ရဲ့ ငြိမ်းချမ်းရေးစကားဟာ အလွန်မှ သွားစရာကောင်းလှတယ်။ အချုပ်သဘောကတော့ အရှင်မင်းကြီးရဲ့ တပ်တွေကြောင့် ပုဂံပျက်ခဲ့ပြီ။ စပါးလည်း မစိုက်နိုင်၊ ပြည်သူတွေ အိုးအိမ်စွန့်ထွက်ပြေးကြပြီ။ ဥယျာဉ်စိုက်တဲ့ ယောကျ်ားဟာ အပင်ကို ရေလောင်းပေါင်းသင်တယ်။ အညွန့်ကို မဆိတ်တကား။ ဒါ့ကြောင့် ပုဂံကို စိုက်ပျိုးပါစေဦး၊

www.burmeseclassic.com



စည်ပင်မှ မင်းကြီးရဲ့ တပ်ဝင်လိုကဝင်ပါ" ဆိုတဲ့သဘော ပြောဆိုလို့ ကူဗလိုင်ခန်မင်းကြီး သဘောကျသတဲ့။ အရှင်မြတ်စကားဆိုတာ ငါ့အကျိုးလည်း ပါတယ်ဆိုပြီး သူ့တပ်ကြီးကို ရုပ်သိမ်းစေသတဲ့။

ဒါ့ကြောင့် ပုဂံဟာ တရုတ် (မောင်းဌတ်) စစ်ဘေးဒဏ်က အခိုက်အတန့် သက်သာရာရသတဲ့။ သက္ကရာဇ် (၆၄၈) ခု နွေရာသီမှာ ဆရာတော်တို့အဖွဲ့ မြန်မာနိုင်ငံ ပြန်ကြွခဲ့တယ်။ မိုင်ပေါင်း (၂၅၀၀) ကျော် အသွားအပြန်ဆိုတော့ မိုင်ပေါင်း (၅၀၀၀) ကျော်ပေါ့။ အလွန်ပင်ပန်းလှတာပေါ့ကွယ်။

နရသီဟပတေ့ဟာ အလွန်အားရဝမ်းသာဖြစ်ပြီး ဆရာတော်တို့ကိုလယ်မြေ၊ ကျွဲ၊ နွား စသည်ဖြင့် ကြီးစွာ လှူဒါန်းပူဇော်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## နရသီဟပတေ့နှင့် မိဖုရားစော

ကလေးတို့ရေ…

နရသီဟပတေ့မင်းကြီးဟာ တရုတ် (မောင်းဂွတ်) တပ်တွေ ပြန်ကြပြီ ကြားတဲ့အခါ မွန်ဒေသမှာ ငါးလနေပြီး နေပြည်တော် (ပုဂံ) ပြန်ဖို့ စီစဉ်သတဲ့။ အဲဒီအခါ ပုသိမ်စား သားတော်ဥဇနာက မသင့်သေးကြောင်း၊ သီဟသူကိုလည်း စိတ်မချရကြောင်း မင်းကြီးကို ရှန်ရှာမှာ မြင်သတဲ့။ ဒါကြောင့် ဥဇနာဟာ သီဟသူကိုဖမ်းပြီး သံခြေချင်းခတ်ထားတယ်။

မင်းကြီးသိတော့ သူ့ထံခေါ်ထားသတဲ့။ တစ်ခါမှာတော့ ရွှေဖောင်တော်အနီး လှေတစ်စင်းကပ်လာပြီး သီဟသူရဲ့ကျွန်တွေက သီဟသူကို ကယ်ထုတ်သွားသတဲ့။ သီဟသူလည်း ပြည်ကို ပြန်ပြီး ရဲမက်ဗိုလ်ပါ စုရုံးကာ မြို့ကို အခိုင်အလုံပြုပြီး အသင့်နေနှင့်သတဲ့။

မင်းကြီးလည်း ဟင်းခွက် (၁၅၀) ခန့်နဲ့ ပွဲတော်တည်ရလို့ ငါဆင်းရဲလှတယ်လို့ ဆိုညည်းတွားသတဲ့။ ဒီအခါ မိဖုရားစောက လောကဓံတရားသဘော ပြောပြပြီး မင်းကြီးကို တရားချသတဲ့။ ပုဂံကို ပြန်လိုကြောင်း မင်းကြီးမိန့် တဲ့အခါ မိဖုရားစောက–

"ဆန့်တော်မူမည် စကားလွယ်၏။ ပြည်ထဲအရေးခက်လှသည်။ အလုံးအရင်းမပါဘဲ နေပြည်ပြန်လျှင် ရန်သူ့လက်တွင် အခက်တွေ့ပေမည်။ ပြည်သူပြည်သားတွေလည်း မင်းကြီးအကွပ်အညှပ် ပြင်းတော်မူလှသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ကာ ပြည်တော်သို့ မဝင်ကြသေး။ အရင်အထက်က ကျွန်တော်မ လျှောက်ပါသည်၊အရှင်ယူတော်မမူပါ။

(၁) ပြည့်ဝမ်းကို မဖောက်ရာ၊
(၂) ပြည့်ဦးကင်းကို မနှိမ်ရာ၊
(၃) ပြည့်တံခွန်ကို မလှဲရာ၊
(၄) ပြည့်မျက်စိကို မဖောက်ရာ၊
(၅) ပြည့်စွယ်ကိုလည်း မချိုးရာ၊
(၆) ပြည့်မျက်နှာကိုလည်း မဖျက်ရာ၊
(၇) ပြည့်ခြေပြည့်လက်ကိုလည်း မဖြတ်ရာ၊

ဟူ၍ အထက်က လျှောက်ပါသည်ကို အရှင်ယူတော်မမူ။ ယခု ပြည်ရွာစည်ပင်မည့် အရေးသည် အလွန်ခက်ခဲလှသည်'' လို့ မိဖုရားစော လျှောက်လေသတဲ့။

အဲဒီအခါ မင်းကြီးက "အဲဒီအကြောင်းတွေ လျှောက်ပါဦး'' လို့ မိန့်တာနဲ့ မိဖုရားစောဆက်ပြီး လျှောက်တင်သတဲ့။

(၁) ပြည်ကြီးဝမ်းကို မဖောက်ရာဆိုရာမှာ ပြည်ကြီးဝမ်းနဲ့တူတဲ့ သူဌေးသူကြွယ်တို့ကို အပြစ်မရှိဘဲ အပြစ်ရှာတော်မူပြီး ဥစ္စာရွှေငွေတို့ကို ဖျက်ဆီးသိမ်းယူခြင်း။ သူဌေးသူကြွယ်တို့ ကွယ်လွန်တဲ့အခါ အမွေခံသားသမီးရှိလျက် အမွေမခံရ။ ပစ္စည်းဥစ္စာတို့ကို သိမ်းယူခြင်းဟာလည်း ပြည့်ဝမ်းကိုဖောက်သည် မည်ပါတယ်။

(၂) ပြည့်ဦးကင်းကို မနှိမ်ရာဆိုရာမှာ ပြည့်ဦးကင်းနဲ့တူတဲ့ မှူးကြီးမတ်ရာတို့ကို အမျက်တော်ရှိရာ မထောက်မချင့်၊ မဆင်မခြင် ကွပ်ညှပ်တော်မူသည်ကား ပြည့်ဦးကင်းကို နှိမ်သည် မည်ပါတယ်။

(၃) ပြည့်တံခွန်ကို မလှဲရာဆိုရာမှာ ပြည်ရဲ့ တံခွန်နဲ့တူတဲ့ ရသေ့၊ ပုဏ္ဏား ပညာရှိတို့ကို အမျက်တော်ရှိရာ မစူးမစမ်း၊ မထောက်မရှု မျက်တော်မူခြင်းကား ပြည့်တံခွန်ကို လှဲသည် မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ပြည့်မျက်စိကို မဖောက်ရာဆိုရာမှာ ပြည်ရဲ့ မျက်စိနဲ့တူတဲ့ ပိဋကတ်၊ ဗေဒင်တတ်တဲ့ ပရောဟိတ်တို့ကို အမျက်တော်ရှိရင် ဆီးတားပိတ်ဆို့တော်မမူ၊ ရှုပ်ရှုပ်ချွံချွံ မျက်တော်မူခြင်းသည်ကား ပြည့်မျက်စိကို ဖောက်သည်မည်ပါတယ်။

(၅) ပြည့်စွယ်ကို မချိုးရာဆိုရာမှာ ပြည်ကြီးအစွယ်နဲ့တူတဲ့ မင်းညီမင်းသားတို့ကို အမျက်တော်ရှိရာ ရေ့ကို ထောက်ရှုတော်မမူ၊ မျက်တော်မူခြင်းသည်ကား ပြည့်အစွယ်ကို ချိုးသည်မည်ပါတယ်။

(၆) ပြည့်မျက်နှာကို မဖျက်ရာဆိုရာမှာ ပြည်ရဲ့မျက်နှာနဲ့တူတဲ့ မိဘလင်သားတို့ရဲ့ ကြေးမုံသဖွယ်ဖြစ်တဲ့ သူရဲသားသမီးတို့ကို အနိုင်အထက် ယူတော်မူခြင်းကား ပြည်ရဲ့မျက်နှာကို ဖျက်သည်မည်ပါတယ်။

(၇) ပြည့်ခြေပြည့်လက်ကို မဖြတ်ရာဆိုရာမှာ ပြည်ရဲ့ခြေလက်ဖြစ်တဲ့ သူရဲသူခက်တို့ကို အမျက်တော်ရှိရင် သံသရာ၊ ပစ္စုပ္ပန်နှစ်ပါးကို ထောက်ရှုတော်မမူ၊ သတ်ဖြတ်ခြင်းဟာ ပြည့်ခြေပြည့်လက်တို့ကို ဖြတ်သည်မည်ပါတယ် အရှင်…"

လို့ နားတော်လျှောက်သတဲ့။ ဒီအခါ မင်းကြီးက "ရှင်မိဖုရား…ရေးကဤသို့ လျှောက်တော်မမူ" လို့ မိန့်သတဲ့။ ဒီတော့ မိဖုရားစောက "အရှင်မင်းကြီးသာ မဟုတ်၊ ယခု ပြည်စားသီဟသူလည်း ပြည်ကို ရောက်နေပြီ။ သူပင် အမှုကိုပြုလတ္တံ့." နားတော်လျှောက်လေသတဲ့။

ဒီအခါ မင်းကြီးက "သင်းအစ်ကို သံခြေချင်းနဲ့ သတ်မည်ယူလေသည်ကို ငါယူထားတာကြောင့် အသက်လွတ်တယ်။ ဘယ်မှာ ငါ့ကို ဝံ့လေမလဲ" လို့ မိန့်သတဲ့။ "ပြည်မှာ ဗိုလ်ပါရုံးစုပြီးမှ ပုဂံပြန်မယ်" လို့ ဆက်မိန့်သတဲ့။

အဲဒါနဲ့ မင်းကြီးရဲ့ ရွှေဖောင်တော်ပြည်ကို ဆန်လေသတဲ့။ ပြည့်ဆိပ်ကမ်း ရောက်ရင်ပဲ ပြည်စားသီဟသူဟာ ဖောင်တော်ကို မဆန်ရ တားပြီး အစာမှာ အဆိပ်ခပ်ကာ မင်းကြီးကို "စားတော်ခေါ်ပါ" လို့ ဆက်သတဲ့။

မင်းကြီးဟာ စားတော်မှာ အဆိပ်ပါကြောင်း သိတာနဲ့ မစားဘဲနေ

www.burmeseclassic.com

www.burmeseclassic.com



သတဲ့။ သီဟသူကြားတဲ့အခါ သူရဲ (၃၀၀) ကို အိမ်တံခါးဖွေးဖွေး ကိုင်စေပြီး မင်းကြီးရဲ့ ဖောင်တော်ကို ဝိုင်းစေသတဲ့။

ဒီအခါမှာ မိဖုရားစောလျှောက်လေတယ်။

"မင်းကြီး၊ အကျွန်ုပ် အထက်ကလျှောက်ပါသည်ကို မင်းကြီး ယူတော်မမူသောကြောင့် ဤသို့ဖြစ်ရသည်။ စားလုံ့လက်နက်ဘေးနဲ့ သွေးသံရဲရဲ သေရသည်ထက် ဆေးထည့်တဲ့အစာ စားတော်မူပြီး ကြမ္မာကုန်ရတာ မြတ်ပါတယ်" လို့ လျှောက်သတဲ့။

မင်းကြီးလည်း သားတော် သီဟသူကို စိတ်နာတာကြောင့် "သံသရာမှာ ကျင်လည်လေသမျှ သားယောကျ်ားကို မရလို" လို့ သစ္စာပြုပြီး ဝတ်တော်မူတဲ့ နဝရတ်လက်စွပ်ကို ချွတ်ကာ ရေစက်ချလေတယ်။ မိဖုရားစောလက် လက်စွပ်အပ်ပြီး စားတော်ခေါ်တဲ့ ခဏ အနိစ္စရောက်လေသတဲ့။

တရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်းဟာ ထီးနန်းစည်းစိမ် (၃၅) နှစ် ခံစားပြီး သက်တော် (၅၁) နှစ်မှာ အနိစ္စရောက်သတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မိဖုရားဖွားစောနှင့် ရှမ်းညီနောင် သုံးဦး

ကလေးတို့ရေ···

နရသီဟပတေ့မင်းကြီး အနိစ္စရောက်တဲ့အခါ ပြည်စားသီဟသူဟာ နောင်တော်ဥဇနာကို လုပ်ကြံတယ်။ ညီငယ် ဒလစားကျော်စွာဆီ အလုံး အရင်းနဲ့ ချီပြီး တိုက်တယ်။ အကြိမ်ကြိမ် တိုက်ပေမယ့် မရဘူး။ ဒါကြောင့် ပဲခူး ငပမွန်ကို သွားတိုက်ရာမှာ ကိုယ့်မြားကိုယ်ပြန်ထိပြီး သီဟသူ အနိစ္စ ရောက်တယ်။

သီဟသူမရှိတဲ့အခါ မိဖုရားစောနဲ့ မှူးမတ်တွေ တိုင်ပင်ကြပြီး ဒလစားကျော်စွာကို နန်းတင်တယ်။ ကျော်စွာဟာ ပြည်ထဲရေးကို စိတ်မဝင်စားဘူး။ တိုင်းခရိုင် မြို့ပြအပေါင်းဟာ အသီးသီး ပုန်ကန်ခြားနားကြတယ်။ ရခိုင်ပြည်ဘက်မှာ မင်းထီး၊ အောက်အရပ်-အကြေတွင် ဝါရီယူမင်း၊ အထက်အညာမှာ ရှမ်းညီနောင် သုံးဦးတို့ ထီးပြိုင်နန်းပြိုင် ပြုနေကြတယ်။

နရသီဟပတေ့မင်းကြီးလက်ထက်က ကျေးမွေးသူကောင်းပြုထားတဲ့ ရှမ်းညီနောင် သုံးဦးကတော့ သခ်ယာ၊ ရာဇသင်္ကြန်နဲ့ သီဟသူဖြစ်တယ်။ နာမည်တူပေမယ့် အရင်ကရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ တခြားစီလို့ မှတ်ရမယ်။ ကျော်စွာမင်းက ညီနောင် သုံးဦးဟာ လုပ်ရည်ကြံရည်ရှိတာကြောင့် ဆက်လက်ပြီး အသခ်ယာကို မြင်စိုင်းမြို့၊ ရာဇသင်္ကြန်ကို မက္ခရာမြို့၊ သီဟသူကို ပင်လယ်မြို့ပေးပြီး ဆက်ချီးမြှောက်ထားသတဲ့။

ကျော်စွာမင်းဟာ ကူဗလေခန်မင်းကြီးရဲ့ သစ္စာကိုခံတာကြောင့် ညီနောင် သုံးဦးဟာ ပုဂံကို မလာကြတော့ဘူးတဲ့။

www.burmeseclassic.com



ကျော်စွာမင်းဟာ နန်းတင်ပေးတဲ့ မိဖုရားစောကိုလည်း အတိုင်းအပင်မရှိ မေ့လျော့နေတယ်။ မိဖုရားစောဟာ ကျော်စွာကို နှလုံးထောင့်တာကြောင့် ရှမ်းညီနောင် သုံးဦးကိုခေါ်ပြီး သင်တို့ သုံးဦးကို ငါသူကောင်းပြုမယ်။ သူကောင်းဖြစ်ရင် ငါ့စည်းစိမ်ကို မဖျက်ပါနဲ့၊ ငါ့ထံ သစ္စာခံကြ" လို့ ဆိုတာနဲ့ ရှမ်းညီနောင် သုံးဦး သစ္စာခံကြတယ်။

ဒါ့ကြောင့် မိဖုရားစောက "သင်တို့ သုံးဦး မြင်းစိုင်းအရပ်မှာ ဘုရားဂူကျောင်း ကြီးကျယ်စွာ စီရင်ကြ။ ပြီးရင် ငါ့ကို လျှောက်လာစေ" လို့ မှာတယ်။

ညီနောင် သုံးဦးတို့လည်း မိဖုရားစော ဆိုတိုင်းပြုကြသတဲ့။ ပြီးလျှင် မိဖုရားစောက ကျော်စွာမင်းကြီးကို လျှောက်တယ်။

"အရှင့်ဘေးလောင်းတော် နော်ရထာမင်းစောတည်ခဲ့တဲ့ လယ်တွင်း (၁၁) ရွာဟာ ပဲခူးမြေနဲ့အတူ သာယာလှတယ်။ ကြွရောက်ရှုစားတော်မူပါ။ ပြက်ခရွှေသာလျှောင်းရှင်ကိုလည်း ဖူးပါ" လို့ လျှောက်သတဲ့။

ကျော်စွာမင်းကြီးလည်း ယုံကြည်တော်မူလို့ စစ်အင်္ဂါ လေးပါးနဲ့ တကွ ကြွရောက်လေသတဲ့။ လယ်တွင်းအရပ်သို့ ရောက်ပြီး သာလျှောင်းတောင်သို့လည်း တက်တော်မူတယ်။ အဲဒီတောင်ထိပ်ကနေ ကြည့်မျှော်တဲ့အခါ ရှမ်းညီနောင် သုံးဦးဆောက်တဲ့ ကျောင်းကို မြင်သတဲ့။ မင်းကြီးကျော်စွာ မေးတော်မူတဲ့အခါ မိဖုရားစောက "သိခ်ိဗိုလ်သား အရှင့်ကျွန်တော် ညီနောင် သုံးဦး အရှင့်ဘုန်းရိပ်ခိုလှုံပြီး ကိုယ်စားအလှူတော်ကြီး စီရင်ကြပါတယ်။ မင်းကြီးကြွရောက်ပြီး သာဓုခေါ်တော်မူပါ" လို့ လျှောက်သတဲ့။

ကျော်စွာမင်းကြီးလည်း ယုံကြည်တော်မူလို့ ကြွလေတယ်။

မြင်စိုင်းကိုရောက်တဲ့အခါ ညီနောင် သုံးဦးက မင်းကြီးကို ဖမ်းပြီး ခေါင်းတုံးရိတ်ကာ သင်္ကန်းဝတ်စေပြီး။ ထိုကျောင်းမှာ အစောင့်အရှောက်နဲ့ ထားလေသတဲ့။ ညီနောင် သုံးဦးလည်း အလုံးအရင်း ဆင်မြင်းအများနဲ့ မင်းပြုတော်မူတယ်။

ကျုဗလေခန်မင်းကြီးဟာ မိမိသစ္စာခံ ကျော်စွာမင်းကို ညီနောင် သုံးဦး နန်းချတဲ့ သတင်းကြားတဲ့အခါ "မင်းရိုးကို နန်းတင်ရှု" ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တရုတ် (မောင်းဂွတ်) စစ်သူကြီး လေးဦးကို စစ်သည်ဗိုလ်ပါ အလုံးအရင်းနဲ့ လွှတ်လိုက်သတဲ့။ မောင်းဂွတ်တပ်ကို ရှမ်းညီနောင် သုံးဦးက အလုံးအရင်းနဲ့ ရင်ဆိုင်တယ်။ နောက်ဆုံးမှာတော့- တရုတ် (မောင်းဂွတ်) တပ်စစ်သူကြီးဟာ ညီနောင် သုံးဦးနဲ့ စကားဆိုတယ်။ မင်းရိုးကို နန်းတင်ချေ။ ငါတို့မင်းကြီး အမိန့်ရှိလိုက်တယ်" ဆိုတဲ့အခါ ညီနောင် သုံးဦးက ကျော်စွာကိုသတ်ပြီး ခေါင်းကိုပြကာ မင်းရိုးမရှိဆိုတာနဲ့ လက်ဆောင်ပဏ္ဏာတောင်းပြီး ပြန်မယ်၊ ပြင်တယ်။ ညီနောင် သုံးဦးက ပဏ္ဏာပေးပြီး မြောင်းတူးခဲ့ပါဦးဆိုတာနဲ့ မြောင်းရာပြသတဲ့။ တရုတ်တို့လည်း အင်အားပြလိုတာနဲ့ အလျားအတာ (၇၀၀)၊ အနံ (၂) တာ၊ စောက် (၂) တာရှိ မြောင်းနေ့ချင်းပြီးသတဲ့။ တရုတ်တို့လည်း ပြန်ကြလေသတဲ့။

မိဖုရားစောလည်း ပုဂံကိုပြန်ပြီး သမထီးအရပ်မှာ ကျောင်း၊ ဘုရားတည်ထား ဆောက်လုပ်နေသတဲ့။ ပုဂံမှာ ကျော်စွာမင်းရဲ့ သားတော် နှစ်ပါးမှာ အကြီးစောနစ်ကို နန်းလျှာထားပြီး သားငယ် မင်းရှင်စောကို သရက်မြို့စား တည်တော်မူတယ်။

စောနစ် ပုဂံမှာ မင်းဖြစ်တဲ့အခါ ခမည်းတော်ရဲ့ ကျေးဇူးထောက်ပြီး ညီနောင် သုံးဦးက မနှောင့်ယှက်ဘူးတဲ့။ မြင်မိုင်းသို့ တရုတ် (မောင်းဂွတ်) တို့ လာတာဟာ စောနစ်ပင့်ခေါ်တာကြောင့် ဖြစ်သတဲ့။

တရုတ်တို့ ပြန်တဲ့အခါ မိုးနဲ၊ ညောင်ရွှေ အစရှိတဲ့ အုန်းပေါင်၊ မိုးမိတ် အရှေ့တစ်လွှား ရှမ်းတို့ အသီးသီး ခြားနားကြတယ်။ မြောက်တစ်လွှား မိုးကောင်း၊ မိုးညှင်း၊ ကလေး၊ မိုင်းညောင်း စသည် ခြားနားကြတယ်။ မွန်ဒေသ ပုသိမ် (၃၂) မြို့လည်း ပုန်ကန်ကြတယ်။

စောနစ်မင်း စည်းစိမ် (၂၇) နှစ်၊ သက်တော် (၄၃) မှာ အနိစ္စရောက်တယ်။ စောနစ်မင်း အနိစ္စရောက်ပြီး သားတော်စောမွန်နစ် မင်းပြုတယ်။ ပုဂံရဲ့ တန်ခိုးအာဏာ မရှိတော့ဘူး။ တိုင်းနိုင်ငံ အသီးသီး ခြားနားကြတယ်။ သက္ကရာဇ် (၇၃၀) ခု၊ သက်တော် (၅၈) နှစ်မှာ အနိစ္စရောက်ပြီး ပုဂံမင်းဆက် ပြတ်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဝါရီရှူးဘွဲ့ခံ မဂဒူးမင်း

ကလေးတို့ရေ…

ပုဂံပျက်ခါနီး ကျစွာမင်းစိုးစံနေချိန်မှာ ဝါရီရှူးဘွဲ့ခံ မွန်မင်းမဂဒူးဟာ မုတ္တမမှာ မင်းဖြစ်လေတယ်။ သူ့အကြောင်းကလည်း ဆန်းကျယ်လှတာကြောင့် တင်ပြလိုက်ပါတယ်။

မဂဒူးကို သက္ကရာဇ် (၆၁၄) ခုမှာ ဆင်းရဲသားလယ်သမား မိဘနှစ်ပါးက မွေးဖွားတယ်။ သူမွေးတဲ့အရပ်ကတော့ တကော့ဝန်း (သထုံခရိုင် ဒုံဝန်း) ဖြစ်ပြီး မွန်လူမျိုးဖြစ်တယ်။ မဂဒူးမှာ မွေးချင်းသူပါနဲ့ဆို သုံးဦးရှိတယ်။ ညီက မဂဒါ၊ ညီမက နှင်းဥရိုင်တို့ဖြစ်တယ်။

မဂဒူးအရွယ်ရောက်တဲ့အခါ တကော့ဝန်းကနေ သောက်ကတဲမြို့ကို သွားပြီး ထမ်းပိုးထမ်းနဲ့ ကုန်ရောင်းရတယ်။ အထမ်းဖော်တွေလည်းပါတယ်။ ကုန်ရောင်းသွားလို့ ပြာတောင်းဆိုတဲ့ အရပ်ရောက်တဲ့အခါ အထမ်းသမားတစ်ဦး နာဖျားသတဲ့။ ဖျားသူရဲ့ဝန်ကို ခေါင်းဆောင်ဖြစ်တဲ့ မဂဒူးကပဲ ထမ်းရတာပေါ့။ ပြာတောင်းတောင်ထိပ် ရောက်တဲ့အခါ အချိန်မဟုတ်ဘဲ မိုးကြီးရွာ လျှပ်စီးလက်ပြီး မဂဒူးရဲ့ထမ်းပိုးကို မိုးကြိုးပစ်သတဲ့။ ထမ်းပိုးကျိုးပြီး ဝန်စည်တွေလည်း ချောက်တွင်းကျကုန်တာပေါ့။ မဂဒူးလည်း ရုတ်တရက် မေ့သွားပြီး သတိရလို့ နောက်လှည့်ကြည့်လိုက်တဲ့အခါ တောင်ထိပ်မှာ ရွှေပြာသာဒ်တစ်ဆောင်ကို လျှပ်ရောင်ထဲမှာ မြင်လိုက်ရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မဂဒူးက "ငါ့ဟာ ဘုန်းရှင်ကံရှင်ပဲ" လို့ စိတ်ထဲ စွဲမှတ်လိုက်သတဲ့။ နောက် အဲဒီအရပ်က နိမိတ်ဖတ်တတ်တဲ့ ပညာရှိ စောပဏ္ဍိတ်ကို တွေ့တဲ့အခါ မိမိမှာ ဖြစ်နေတဲ့အကြောင်းကို ပြောပြပြီး မေးသတဲ့။

စောပဏ္ဍိတ်က "သင့်ရဲ့ နိမိတ်က ကြီးလှတယ်။ သင့်အရပ်နဲ့အမျှ ငွေပုံပေးမှ နိမိတ်ကို ဖတ်နိုင်မယ်" လို့ ဆိုတဲ့အခါ မဂဒူးလည်း ဉာဏ်ရှိသူဖြစ်တာကြောင့် ဝါးကို သူ့အရပ်နဲ့ တိုင်းဖြတ်ပြီး ငွေ (၃၀) တင်ကာ ပူဇော်လေသတဲ့။

"အရပ်နဲ့အမျှ ငွေပုံပြီး ပူဇော်ပြီးပါပြီ။ နိမိတ်ကို ဖတ်ကြားတော်မူပါ" လို့ ဆိုလေတယ်။ စောပဏ္ဍိတ်လည်း မဂဒူးဟာ ဘုန်းလည်းရှိတယ်။ ဉာဏ်ပညာလည်း ရှိသူဖြစ်တယ်။ နိမိတ်နဲ့ ညီစွာ ဖြစ်မယ်လို့ ယုံကြည်တဲ့အတိုင်း "သင်ယနေ့ကစပြီး ကုန်မရောင်းနဲ့တော့၊ မင်းထံ ခစားပါ။ သည်နှစ်တွင်ပဲ မင်းဖြစ်မယ်" လို့ ဟောလေတယ်။ မဂဒူးလည်း ဝမ်းမြောက်စွာနဲ့ စောပဏ္ဍိတ်ကို ဦးသုံးကြိမ်ချသွားလေတယ်။

သောက်ထဲသို့ ရောက်တဲ့အခါ ပါတဲ့ကုန်တွေ ရောင်းပြီး ငယ်သားသုံးကျိပ်ကို ပြန်ကြတယ်။ မဂဒူးကတော့ မပြန်ဘဲ မင်းထံ ခစားဖို့ အဝတ်အစား မပြည့်စုံသေးတာနဲ့ အတွင်းဆင်ကဲထံ ဝင်ခစားသတဲ့။ ဆင်ကဲကလည်း မဂဒူးကို မြင်တာနဲ့ ကရုဏာရှိတာကြောင့် ကောင်းစွာ ကြည့်ရှုလေတယ်။ မဂဒူးလည်း လုံ့လဝီရိယထားပြီး နေ့ညမရွေးဘဲ ဆင်စာကျွေး၊ ဆင်ချေးနဲ့ အမှိုက်များ ရှင်းလင်းစသဖြင့် လုပ်ဆောင်လေတယ်။

တစ်နေ့မှာတော့ ရှင်ဘုရင် ဆင်ကြည့်လာတဲ့အခါ ဆင်တင်းကုပ်သန့်ပြန်နေတာကြောင့် မေးတော်မူတဲ့အခါ ဆင်ကဲက 'တကော့ဝန်' အရပ်က မွန်ကလေးတစ်ယောက် မိမိထံ ခစားကြောင်း၊ လုံ့လဝီရိယရှိတာကြောင့် သန့်ပြန့်နေကြောင်း လျှောက်တင်တဲ့အခါ မင်းကြီးလည်း မဂဒူးကို ခေါ်ကြည့်လေတယ်။ ချစ်ခင်နှစ်လိုခြင်းလည်း ရှိလေသတဲ့။

နောက်တစ်ကြိမ် မင်းကြီးဆင်ကြည့်လာတဲ့အခါ ငုံတဲ့ ကွမ်းဖတ်တော်ကို ထုတ်ပြီး ခံတွင်းဆေးလေသတဲ့။ ကွမ်းဖတ်မှာ ကြွေပေါက်တစ်လုံး၊ ရတ်တရက်ပေါ်လာလို့ မဂဒူးကို ခေါ်ပြတယ်။ မဂဒူးလည်း ဦးခိုက်ပြီး ကြွေပေါက်ကို ကောက်ယူလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးပြန်တဲ့အခါ မဂဒူးလည်း "ဤကြွေပေါက်တစ်လုံးကို ခေါ် ပေးတာဟာ ငါရဲ့ လုပ်ရည်ကြံရည်ကို စုံစမ်းတာ ဖြစ်မယ်" လို့ ကြံပြီး ဈေးသွားကာ ထိုကြွေစေ့နဲ့ ဟင်းနုနွယ်စေ့ဝယ်သတဲ့။ ဈေးသည်မက "ကြွေပေါက်တစ်လုံးနဲ့ ငါမရောင်းတတ်၊ လက်ညှိုးချောင်းမှာ တင်သရွေ့ မင်းယူပေတော့" လို့ ဆိုတယ်။ မဂဒူးလည်း ဉာဏ်ရှိသူဖြစ်တာမို့ လက်ညှိုး တစ်ချောင်းလုံးကို ခံတွင်းမှာငုံပြီးမှ ဟင်းနုနွယ်စေ့ပုံတွင်ထိုးပြီး ယူရာ အစေ့များစွာရသတဲ့။ ဈေးသည်မလည်း ဉာဏ်ကြီးပေတယ်လို့ ချီးမွမ်းလေ တယ်။

မဂဒူးလည်း ဟင်းနုနွယ်စေ့ကို ဆင်ချေးနဲ့ရောစိုက်ပြီး ရေကောင်း စွာ လောင်းတာကြောင့် ထွားထွားကျိုင်းကျိုင်း အပင်တို့ပေါက်လေတယ်။ ပြည့်ရှင်မင်း နောက်တစ်ကြိမ် ဆင်ကြည့်လာတဲ့အခါ မဂဒူးက ဟင်းနုနွယ် ပင်တွေရွေးနုတ်ပြီး ရေစင်စင်ဆေးကာ ဆက်လေတယ်။ မင်းကြီးမေးတဲ့ အခါ အလုံးစုံတင်လျှောက်လေတယ်။

မင်းကြီးလည်း မဂဒူးကို သဘောကျတာနဲ့ ဆင်ကဲထံက တောင်းယူ ခေါ်ခဲ့ကာ ဟင်းနုနွယ်ကို မဂဒူးအား ချက်စေသတဲ့။ မဂဒူးလည်း ကောင်းစွာ ချက်ပြီးဆက်ရာ အလွန်အရသာရှိတာကြောင့် စားတော်ကို ကြည့်ရှုစီမံရ သတဲ့။ မဂဒူးလည်း နေ့ညမပြတ် လုံ့လဝီရိယထားကာ စားတော်တို့ကို ဂရုတစိုက် စီမံလုပ်ဆောင်တာကြောင့် ဘုရင့်သဘောကျပြီး ဝင်းမှူးကို ပေးတော်မူပြန်တယ်။ မဂဒူးဝင်းမှူးဖြစ်တဲ့အခါ အစီအမံ အဆောင်အရွက် အရည်အချင်း ထူးလှတာကြောင့် "စောဒိုက်ဒွံရည်" ဆိုတဲ့ အမည်ပေးလေ တယ်။

တစ်ခါမှာတော့ ကျေးစွန်ရွာနား မငြိမ်သက်တာကြောင့် မင်းကြီး ချီတော်မူလေတယ်။ မဂဒူးကို မြို့စောင့်ထားခဲ့တယ်။ မဂဒူးလည်း အတွင်းမှူ၊ အပြင်မှူ မလစ်လပ်ရအောင် ကွပ်ကဲစီမံနေတာကြောင့် အတွင်းကို ဝင်ရဖန် များတဲ့အခါ သောက်ကတဲမင်းရဲ့ သမီးတော် 'မည်းနှင်းသွယ်တာ' နဲ့ ချစ်ကျွမ်းဝင်သတဲ့။ လူသိရှင်ကြားဖြစ်မှ မှူးမတ်တို့က စာဖြင့် မင်းကြီးကို လျှောက်လေတယ်။ မဂဒူးသိတဲ့အခါ မင်းသမီးကို ခိုးယူပြီး မိမိနေရပ် တကော့ဝန်သို့ ပြေးလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တကော့ဝန်ရောက်တဲ့အခါ အလုံးအရင်း စုစည်းပြီး မင်းပြုသတဲ့။ ပညာရှိတို့နဲ့ တိုင်ပင်တယ်။ ပညာရှိတို့ကလည်း မုတ္တမစားဟာ ဘုန်းလက်ရုံးကြီးတယ်။ မိတ်ဖွဲ့မှ အရှည်သဖြင့် ကောင်းမယ်'' လို့ အကြံပေးတာနဲ့ မဂဒူးလည်း နှမနှင်းဥရွှန်ကို အလိမ္မာအမတ်အား ဆက်လေတယ်။ မင်္ဂလာအောင်ပွဲခံတဲ့ညမှာ အလိမ္မာအမတ်က အကောက်ကြံပြီး အစာထဲအဆိပ်ခပ်ထားတာ မဂဒူးသိသွားတယ်။ ဒါကြောင့် အလိမ္မာအမတ်ကို မဂဒူးလုပ်ကြံကာ မုတ္တမမြို့ကို သိမ်းလေတယ်။

သက္ကရာဇ် (၆၄၃) ခုနှစ်မှာ မဂဒူး မုတ္တမကို ရလေတယ်။ မြို့လယ်မှာ တန်ဆောင်းကြီးဆောက်ပြီး ရဟန်းရှင်လူ ပညာရှိများနဲ့ တိုင်ပင်ကာ မမ္မသတ်ကျမ်းကို ပြုစုတော်မူတယ်။ နောင်အခါ မဂဒူးဟာ ''ဝါရီရူ'' ဆိုတဲ့ ဘွဲ့မည်ခံတာကြောင့် ''ဝါရီရူမမ္မသတ်'' လို့ တွင်လေတယ်။ (ဝါရီရူရဲ့ အဓိပ္ပာယ်ကတော့ မိုးကောင်းကင်မှ ယိုကျသည့်မင်းလို့ အဓိပ္ပာယ်ရတယ်''

မဂဒူးဟာ မုတ္တမမြို့ကို အသစ်တည်လေတယ်။ မှူးမတ်သေနာပတိ ရဟန်း၊ ပုဏ္ဏားပညာရှိအများနဲ့ တိုင်ပင်ပြီး မြို့တည်မည့်နေရာ ရွေးတယ်။ တောရှင်းကြရာမှာ ကျားတစ်ကောင်ရတယ်။ ဆရာသာမိအစရှိတဲ့ ပညာရှိဟူးရား သုံးဦးတို့ကို နိမိတ်ဖတ်စေတဲ့အခါ ''ဤမြို့သည် တန်ခိုးကြီးလိမ့်မည်'' လို့ နိမိတ်ဖတ်လေတယ်။

နောက်တစ်ကြိမ် စပါးကြီးမြွေတစ်ကောင် ရပြန်တယ်။ ''ရှေ့အဖို့တွင် ဆင်ဖြူတစ်စီးရမည်'' လို့ နိမိတ်ဖတ်တယ်။ ဟူးရားများကို ဆုလာဘ်များ ပေးလေတယ်။ နောက် သောက်ကတဲ မင်းထံ လက်ဆောင်ပဏ္ဏာများစွာ စီရင်ပြီး အညွှတ်အနူး ပြေပြစ်သော စကားများဖြင့် ဦးခိုက်သဝဏ်မို့လေတယ်။ စေလိုက်တဲ့ တမန်တော်လည်း ချောင်ရှိသေစွာ လျှောက်ထားတာကြောင့် မင်းကြီးဝမ်းမြောက်တော်မူလေတယ်။ မဂဒူးကို ''ဗညားဝါရူး'' ဆိုတဲ့ ဘွဲ့မည်လည်း နှင်းလေတယ်။ ''မင်းကျင့်တရားနဲ့အညီ ကျင့်ဖို့ အမှာတော်ပါးလိုက်လေတယ်။ မင်းမြှောက်တန်ဆာနဲ့ လက်ဆောင်ပဏ္ဏာများလည်း ချီးမြှင့်လိုက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## တစ်စီးရှင် သီဟသူ

ကလေးတို့ရေ…

ရှမ်းညီနောင် သုံးဦးအကြောင်း ပြောခဲ့တယ်နော်။ သူတို့ သုံးဦးဟာ အသီးသီး ကိုယ့်နယ်မှာကိုယ် မင်းပြိုင်ပြုနေကြသတဲ့။

အဲဒီလို မင်းပြိုင်ပြုနေကြလို့ ငါးနှစ်ရှိတဲ့အခါမှာ မက္ခရာမင်း ရာဇသင်္ကြန် အနိစ္စရောက်သတဲ့။ မြင်စိုင်းမင်းဖြစ်တဲ့ အသခိယာမင်းဟာ မင်းပြုလို့ (၁၂) နှစ် ကြာတဲ့အခါ ညီတော် သီဟသူ ဆေးခပ်လို့ အနိစ္စ ရောက်တယ်။

သီဟသူဟာ နောင်တော နှစ်ဦး မရှိတဲ့နောက် မြို့တည်ဖို့ နေရာ ရှာသတဲ့။ အဲဒီအခါ အဝ (အင်းဝ) တည်မယ့်နေရာ သန်လျက်စွန်းနဲ့ တပ် ကြီးဝှမ်းကို ရေရိုန်တဲ့အခါ သန်လျက်စွန်းက မြင့်နေတယ်။ တပ်ကြီးဝှမ်းမှာ ဂူတော်သစ်ဘုရားကို တည်သတဲ့။ သူ့အကြံက ဘုရားတည်ပြီးရင် မြို့တည် မယ်ပေါ့။ မြို့လည်း တည်တယ်။ ရေမြုပ်တယ်။ သုံးကြိမ်တောင် တည်တယ် လို့ ဆိုတယ်။ ရေကြီးလို့ ဘုရားဆပ်သွားဖူးအထိ ရေမြုပ်သတဲ့။

အဲဒီအခါမှာ တဘောင်ပေါ်တယ်။ "ထောင်းလည်း လျှင်လျှင် ထောင်း၊ ရောင်းလည်း လျှင်လျှင်ရောင်း၊ အရေးမသာ ဒက္ခိဏာသို့ ပြောင်း" တဲ့။ အဲဒီ တဘောင်အရ သီဟသူဟာ သန်လျက်ကျွန်း တောင်ဘက်အရပ် မှာ နေရာကြည့်သတဲ့။ ဒါနဲ့ ပင်းယရွှေစည်းခုံဘုရားရဲ့ မြေကို တူးကြည့်ရာ မှာ အခက်အလက် အသီးနဲ့တကွ ရွှေပန်းပင်ကို ရသတဲ့။ (ကြိုပြီး မြှုပ်ထား တာလည်း ဖြစ်နိုင်တာပေါ့) အဲဒါနဲ့ အဲဒီနေရာမှာ မြို့တည်မတ်မှုတယ်။

www.burmeseclassic.com

www.burmeseclassic.com



''ဝိဇယပူရ'' လို့ မြို့အမည် သမုတ်သတဲ့။ ရွှေပန်းပင်ရလို့ ပန်းရလို့ ဧဝါရာက နောင်အခါ ပင်းယလို့ အမည်တွင်သတဲ့။

သီဟသူဟာ မြို့နန်းတည်ပြီး နန်းဖွင့်အစီရင်ကို မသိလို့ မိဖုရား ဖွားစောကို ပင့်ရတယ်။ ဖွားစောရောက်လာတော့ ကြိုဆိုပြီး ဖွားစောအစီအရင်နဲ့ နန်းပွင့်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ဘိသိက်မင်္ဂလာ တစ်ပြိုင်တည်း ပြုသတဲ့၊ စည်းကားလှတယ်။ ဖွားစောကိုလည်း ဘဏ္ဍာအများနဲ့ ပူဇော်သတဲ့။

သီဟသူမင်း ပင်းယတည်ပြီး နှစ်နှစ်ရှိတဲ့အခါ စမုန်မြစ်မှာ ဆင်ဖြူမ တစ်စီး မျောလာတာ မင်းချင်းတစ်ဦး လာလျှောက်လို့ ဆယ်စေသတဲ့။ ဆယ်ထားပြီး ပညာရှိတို့နဲ့ တိုင်ပင်တယ်။ ညွပ်လုပ် စက်ဖြင့် ထူ၊ ရတနာက ဟင်ပြီး မင်းကြီးစီးတော်မူပါလို့ အကြံပေးတဲ့အတိုင်း ပြုသတဲ့။ အဲဒီအခါ ကစလို့ ''တစ်စီးရှင်သီဟသူ''လို့ အမည်တွင်သတဲ့။

သီဟသူဟာ နန်းကျကျော်စွာရဲ့ မိဖုရား မင်းစောဦးကို တောင်နန်း မိဖုရားအဖြစ် ဆက်မြှောက်တယ်။ သားတော်ဥဇနာ၊ ညီတော်ကျော်စွာ၊ ညီတော် နော်ရထာ သား သုံးဦး ထွန်းကားတယ်။ ဥဇနာကို အိမ်ရှေ့ထား တော်မူတယ်။

မြောက်နန်းမိဖုရားကတော့ ပင်လယ်အရပ်ကို တောကစားထွက်ရင်း အပြင်အလျာကောင်းတဲ့ မိန်းမတစ်ဦးတွေ့တယ်။ သဘောကျလို့ စုံစမ်းတော့ သားငယ် နှစ်နှစ်ရွယ်ရှိတဲ့ မုဆိုးမတစ်ဦး ဖြစ်ကြောင်း သိရတယ်။ မင်းကြီး ကောက်တော်မူတယ်။ အဲဒီမိဖုရားကနေ သားတော် အသင်္ခယာစောရွမ်း၊ သမီးတော် စောပုလဲ (ရတနာပုံ) တို့ကို ဖွားသတဲ့။

တစ်ခါမှာတော့ တောင်ငူစားသဝန်ငယ် ဆက်မြဲကပ်မြဲ အခွန်ပဏ္ဏာ မဆက်လို့ သားကြီး ဥဇနာနဲ့ သားလတ်ကျော်စွာကို အလုံးအရင်းနဲ့ ချီစေတယ်။ သဝန်ငယ်ကြောက်လန့်ပြီး ဆီးကြိုပဏ္ဏာဆက်တဲ့အတွက် ပဏ္ဏာကို သိမ်းကာ သစ္စာပေးပြီး ထားခဲ့သတဲ့။

တောင်တွင်းစား ပွင့်လှဦး သီဟပတေ့ ခြားနားပုန်ကန်မယ်ကြံလို့ တစ်စီးရှင် သိတာကြောင့် အရှည်တွေးပြီး သမီးတော် စောပုလဲ (ရတနာပုံ) နဲ့ စုံဖက်ပေးတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာတော့ တစ်စီးရှင် မင်းကြီးသီဟသူဟာ သားတော်တွေကို စုံစမ်းလိုတာနဲ့ ဦးစွာ အိမ်ရှေ့ ဥဇနာကို ခေါ်တော်မူပြီး "သားတော် ဥဇနာ ဆင်မြင်းအလုံးအရင်းလိုသော် ဘယ်မျှရနိုင်သနည်း" လို့ မေးတော်မူတယ်။ ဒီတော့ ဥဇနာက "ကျွန်တော့်တွင် ရှောင်တခင်ထသော် တိုက်ဆင် (၁၀၀)၊ မြင်း (၈၀၀)၊ ချပ်တန်ဆာနှင့်တကွ သူရဲကောင်း (၁) သောင်း ရှိပါတယ် ဘုရား" လို့ တင်တဲ့အခါ မင်းကြီးက "ကောင်းစွ၊ ဤသို့သော အလုံးအရင်းနှင့် ကြံရသော် ဘယ်ပြည်ထောင်ခံနိုင်မည်နည်း" လို့ ချီးမွမ်းတော်မူတယ်။

နောက် သားလတ်ကျော်စွာကို ခေါ်ပြန်တယ်။ "သားတော်မှာ ဆင်မြင်း အလုံးအရင်း ဘယ်မျှရနိုင်မည်နည်း" ဆိုတဲ့အခါ "ကျွန်တော့်တွင် ရှောင်တခင်ထသော် တိုက်ဆင် (၈၀)၊ မြင်း (၆၀၀)၊ ရွေကာကိုင်သူရဲကောင်း (၁) သောင်းမျှ ရှိပါတယ် ဘုရား" လို့ ထင်တယ်။ "ကောင်းစွ" လို့ မင်းကြီး ချီးမွမ်းတယ်။

နောက်တစ်ခါ မြောက်နန်း မိဖုရားဖွားတဲ့ အသခ်ယာစောယွမ်းကို ခေါ်ပြီး ရှေးနည်းတူမေးပြန်တယ်။ ဒီအခါ စောယွမ်းက "ကျွန်တော့်မှာ ရှင်အရည်းတို့ပစ်၍ အထိန်းတို့နှင့်ဆိုလျှင် ရှစ်ကျိပ်မျှ ရှိပါသည်။ ဆင်ခြင်းမရှိ" လို့ တင်လျှောက်တယ်။

ဒီတော့ မင်းကြီးက "ငယွမ်းငယ်၊ ငါမရှိရင် နင့်ကို သူညှဉ်းဆဲစရာဖြစ်တော့မယ်။ နင့်အစ်ကိုတွေရှိတာကြောင့် နင့်ကို ဆင်ကောင်း၊ မြင်းကောင်း အလုံးအရင်း မပေးသာ။ ဆင်မြင်းစားကျေးစားလက်လိုသော် နင့်အစ်ကိုတွေကို ရှေ့နေခေါ်၊ ငါ့ကို လျှောက်တင်လှည့်" လို့ သင်လိုက်သတဲ့။

စောယွမ်းလည်း နောင်တော် ဥဇနာနဲ့ ကျော်စွာတို့ဆီ သွားပြီး "ကျွန်တော့်တွင် ဆင်မြင်းအလုံးအရင်းမရှိ။ နောင်တော်တို့ ခမည်းတော်ကို တင်လျှောက်ပေးမှ ကျွန်တော် ရနိုင်ပါသည်" လို့ ဆိုသတဲ့။

နောင်တော် နှစ်ဦးလည်း မင်းကြီးကို လျှောက်ထားပေးကြတယ်။ ဒီတော့ မင်းကြီးက "ငယွမ်းငယ်၊ ဆင်မြင်းအလုံးအရင်းသည် နင့်အရာမဟုတ်။ ငါ့သားတော်တို့ ပေးလိုက ယူစေ" လို့ မိန့်သတဲ့။ စောယွမ်းလည်း ဆင်ကောင်း၊ မြင်းကောင်းတို့ကို ရွေးယူလေသတဲ့။ စောယွမ်းဟာ ဖခမည်းတော် အကြံပေးတဲ့အတိုင်း နောက်တဖန် နောင်တော်များဆီ သွားပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



"နောင်တော်တို့ ကျေးဇူးတော်ကြောင့် ဆင်မြင်းကားရပြီ။ သို့သော် ကျွန်တော်မှာ စားကျေးစားလက် မရှိသေး။ နောင်တော်တို့ ခမည်းတော်ထံ တင်လျှောက်ပေးပါဦး" လို့ ပူဆာပြန်သတဲ့။ နောင်တော် နှစ်ဦးလည်း စောယွမ်းဆိုတိုင်း မင်းကြီးထံ တင်လျှောက် ပေးပြန်တယ်။ မင်းကြီးက "ငယွမ်းငယ်ကို ငါ ဆင်၊ မြင်းပေးပြီးပြီ။ စားကျေးစားလက်ပေးလျှင် သင်းပုန်ကန်သောင်းကျန်းက မခက်လော" လို့ မိန့်တယ်။

သားတော် နှစ်ပါးက "ကျွန်တော်တို့ရှိရာကို သင်း ဝံ့ရာသလော" လို့ တင်လျှောက်တဲ့အခါ တစ်စီးရှင်မင်းကြီးက "ငါကား မပေး၊ ငါ့သား တို့ ပေးလိုက ယူစေကာမူ" လို့ မိန့်တယ်။ အဲဒီအခါ စောယွမ်းလည်း စား ကျေးစားလက် ရလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## တစ်စီးရှင်၏ ဖခင်ဉာဏ်

ကလေးတို့ရေ…

အသခ်ယာစောယွမ်းဟာ ဆင်မြင်းအလုံးအရင်းနဲ့တကွ စားကျေး စားလက်လည်း ရပြီဖြစ်တဲ့အခါ သက္ကရာဇ် (၆၇၇) ခုနှစ်မှာ စစ်ကိုင်းမြို့ကို တည်ပြီး အခိုင်အခံ့ ပြုနေသတဲ့။ မြောက်တစ်လွှားကိုလည်း လက်နက်နိုင်ငံပြုပြီး ပုန်ကန်ခြားနားလေသတဲ့။ (ဒါလည်း တစ်စီးရှင်ရဲ့ အကြံပေး ချက်ပေလားမသိ)

ဒါနဲ့ တစ်စီးရှင်မင်းကြီးဟာ သားငယ်စောယွမ်းရဲ့ လုပ်ရည်ကြံရည်ကို သိလိုတာနဲ့ သားတော်ကြီး ဥဇနာကို ခေါ်တော်မူပြီး မိန့်သတဲ့။

"ငါ့သားတော်တို့ လျှောက်တင်ချက်ကြောင့်သာ ငယွမ်းငယ်ကို အလုံးအရင်း ဆင်မြင်း စားကျေးစားလက် ပေးတော်မူရတယ်။ ရပြီးလျှင် ငါက ခေါ်တော်မူသည်ကို မလာမရောက် အခိုင်နေတယ်။ အမောင်အလုံး အရင်းနဲ့သွားပြီး သင်းတို့ လင်မယားကို ယူချေ။ သင့် ဆင်မြင်းဗိုလ်ပါကို ထားခဲ့" လို့ မိန့်သတဲ့။

သားတော် ဥဇနာလည်း အလုံးအရင်းနှင့် ရွှေကြက်ယက်ဘက်က ကူးလေသတဲ့။ တစ်စီးရှင်မင်းကြီးလည်း "ငယွမ်းငယ်၊ နှင့်အစ်ကို ဥဇနာ ရွှေကြက်ယက်က ကူးလာလိမ့်မည်။ မြဲမြဲအောင် ခံနိုင်စေ" လို့ ခြေမြန်နဲ့ စာပို့စေလိုက်သတဲ့။

အသခ်ယာစောယွမ်းလည်း အသင့်စီရင်နှင့်ပြီး နောင်တော်အကူးမှာ တိုက်လေသတဲ့။ ဥဇနာတပ်ပျက်လေတယ်။ ဥဇနာလည်း တပ်ပျက်တဲ့အခါ ခမည်းတော်ထံ အမြန်ပြန်လာပြီး "ငယွမ်းငယ် ဆီးကြိုတိုက်တာကြောင့် တပ်ပျက်ခဲ့ကြောင်း" တင်လေသတဲ့။ မင်းကြီးလည်း "ထွီ" ဆိုပြီး ကဲ့ရဲ့ လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးရှင်မင်းကြီးလည်း သားတော်ကြီး ဥဇနာတပ်လန်လာတဲ့အခါ သားတော်အလတ်ကျော်စွာကို ပင်လယ်မြို့ကနေ လာဖို့ခေါ်လိုက်တယ်။ ကျော်စွာ ရောက်လာတဲ့အခါ "သားတော် သင်တို့ညီအစ်ကိုလျှောက်ထားလို့ ငယွမ်းငယ်ကို အလုံးအရင်း ဆင်မြင်းစားကျေးစားလက် ပေးရတယ်။ အခု ငါက ခေါ်တာကို မလာမရောက်နေတယ်။ ဥဇနာကိုစေပေမယ့် ဆီးပြီး အန်တုလေတယ်။ အမောင်သွားပြီး ငယွမ်းငယ်လင်မယားကို ယူချေ။ မိုလ်ပါဆင်မြင်းကို ထားခဲ့" လို့မိန့်သတဲ့။

ကျော်စွာလည်း ဆင်မြင်းအလုံးအရင်းနဲ့ တပယ်ထောက်ရစ်အရပ်က ကူးလေသတဲ့။ တစ်စီးရှင်လည်း "ငယွမ်းငယ်နှင့် အစ်ကို တပယ်ထောက် ရစ်က ကူးလာလိမ့်မယ်။ အရပ်အနေသင့်အောင် စီရင်နှင့်" လို့ ခြေမြန်နှင့် စေလိုက်သတဲ့။

ကျော်စွာလည်း ကူးပြီး စစ်ကိုင်းဘက်ရောက်တဲ့အခါ စောယွမ်းက "အကျဉ်းဝယ်" အရပ်က ဆီးပြီး တိုက်နှင့်လို့ ကျော်စွာတပ်လန်ပျက်တယ်။ ကျော်စွာဟာ ခမည်းတော်ထံ အမြန်ပြန်ဆုတ်လာရသတဲ့။ တစ်စီးရှင်လည်း ကျော်စွာတပ်ပျက်ပြီး ပြန်လာကြောင်း အကျဉ်းဝယ်ကနေ ဆီးတိုက်လို့ တပ်ပျက်ရကြောင်း ကျော်စွာတင်လျှောက်တဲ့အခါ "ထွီ" ဆိုပြီး ကဲ့ရဲ့တော်မူသတဲ့။

အဲဒီနေ့ကစပြီး သားငယ် အသခ်ယာစောယွမ်းကို စိတ်ချတော်မူသတဲ့။ တစ်စီးရှင်ဟာ အလွန်တတ်သိလိမ္မာတော်မူတယ်။ သားတော်တွေကို အလွန်ချစ်သော်လည်း ဝမ်းမနည်းရအောင် ကျင့်တော်မူသတဲ့။ ရတနာသုံးပါးကိုလည်း ဆည်းကပ်တယ်။ ကျမ်းတတ် ရဟန်းတော်တို့ကိုလည်း ပစ္စည်း လေးပါး မပြတ် ထောက်ပံ့ လှူဒါန်းသတဲ့။ နော်ရထာစောလက်ထက်က ကျွမ်းခွက်တော်မှာ ဌာပနာပြီး မင်းစဥ်ကိုးကွယ်တဲ့ သရီရဓာတ်တော် ငါးဆူကိုလည်း ကောင်းမှုတော် ပင်းယ ရွှေစည်းခုံမှာ ဌာပနာလှူဒါန်းသတဲ့။

တစ်စီးရှင် သီဟသူဟာ ထီးနန်းစည်းစိမ် (၂၄) နှစ်စံပြီး သက်တော် (၆၀) မှာ အနိစ္စရောက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းကြီးဥဇနာနှင့် ငါးစီးရှင်ကျော်စွာ

ကလေးတို့ရေ…

တစ်စီးရှင်မင်းကြီး အနိစ္စရောက်တဲ့အခါ သားတော်ကြီး ဥဇနာ (၆၄) ခုမှာ နန်းတက်တယ်။ ဥဇနာမင်းဖြစ်တဲ့အခါ ပင်းကြားအရပ်မှာ စကား (၇) ကျောင်းကို ဆောက်လုပ်လှူဒါန်းတယ်။ တောင်စွန်ကျောင်း အရှေ့ မြောက်မှာ ဗောဓိညောင်ကို ကိုယ်တိုင်စိုက်တော်မူတယ်။ စကား (၇) ကျောင်းကို ဝတ္တကံမိုးမြေနဲ့တကွ အလုပ်အကျွေးတွေပါ လှူတော်မူတယ်။ ခမည်းတော် ကောင်းမှု ရွှေစည်းခုံကိုလည်း ဆက်တည်ပြီး အလှူကြီးပေး လေတယ်။ ညီတော်ကျော်စွာကိုလည်း ပင်းယမြင်း၊ သင်းကြီးမြင်း၊ ညောင်ရမ်းမြင်းစသည် မြင်းများစွာနဲ့ မြင်းကာများကို ပေးစွန့်တော်မူတယ်။

ညီတော်ကျော်စွာ ပင်လယ်ရပ်ကို စားရတဲ့အခါ တောကစားထွက် သတဲ့။ တောကအပြန် ညဘက်မှာ အိပ်မက်မြင်တယ်။ "သင်သည် အပါယ် လေး၌ နစ်မွန်းမည့် ဒုစရိုက်အမှုနှင့်သာ မွေ့လျော်နေသည်။ မသင့်။ နိဗ္ဗာန် မဂ်ဖိုလ်ရကြောင်း ကျင့်လော့။ ဥပုသ်သီတင်းမပြတ် ဆောက်တည်လော့။ ဤဘဝ၌လည်း မြတ်သော ဆင်ဖြူတော်ရောက်လတ္တံ့" လို့ အိပ်မက်သတဲ့။ ကျော်စွာလည်း အဲသည်နေ့မှစပြီး ငြိမ်းခြံစွာ ကျင့်၊ ဥပုသ်သီလစောင့်သတဲ့။

တစ်ခါမှာလည်း လက်တော် ငါးချောင်းကို မစင်လူးတယ် မက် သတဲ့။ များမကြာခင်မှာ စိုင်ဖြူရေတို့ကိုရသတဲ့။ နဂါးပတ်ချွန်းရိုး စိုင်ဖြူ ရေ ရတဲ့အခါ ဆင်ဖြူရမှာလည်း မုချပဲလို့ အားသန်ပြီး ကျွန်တော်တို့အား ရှာစေသတဲ့။

တစ်ခါမှာလည်း လှိုင်းတက်အရပ်မှာ ဆင်ဖြူတွေ့တယ် လျှောက်တင် လာတာကြောင့် ကိုယ်တော်တိုင်ကြွပြီး ကျွန်တော်တို့ကို ရှာစေတယ်။ အင်

www.burmeseclassic.com



တွဲလွှန်နဲ့ ကျော့တော်မူရာ ဆင်ဖြူဟိုင်း တစ်စီးရသတဲ့။ 'ပုလဲတမူး' လို့ အမည်ပေးတယ်။

အဲဒီနောက် မုံတောမြောင်ကျပ်မှာ တံတစ်စီးရတော်မူတယ်။ ထိုဆင်ဖြူကို "မဟာကေသရ" လို့ အမည်ပေးတယ်။ နောက် မြက်တောင်ခြေရင်းကနေ စွယ်စုံ တစ်စီးရတယ်။ ထိုဆင်ဖြူကို "သန်မြန်စွာ" လို့ အမည်ပေးတယ်။ နောက် စမုန်မြစ်ဖျားမှာ ဟိုင်း တစ်စီးရတယ်။ အဲဒီဆင်ဖြူကို "ဥပေါသထ" လို့ ဘွဲ့မည်တပ်တယ်။ နောက်တော့ ကိုင်းရွာမြောက်ဘက်လွန်တဲညွန့်ကျုံးမှ လကျာ် တစ်စီးရသတဲ့။ ထိုဆင်ဖြူကို "ချစ်စွမရဲ" လို့ ဘွဲ့မည်ပေးတယ်။

အဲဒီလို ညီတော်ကျော်စွာ ဆင်ဖြူ ငါးစီးရကြောင်း အမတ်တစ်ဦးက ဥဇနာမင်းကြီးထံ လျှောက်သတဲ့။ မင်းကြီးလည်း အားရတာကြောင့် "ငါ့ညီတော် ဆင်ဖြူရသလား" လို့ မေးတယ်။ အဲဒီအကြောင်း ကျော်စွာကြားတဲ့အခါ ဝမ်းမြောက်လို့ ကြားသူကို ဆင်မတစ်စီး ဆုပေးသတဲ့။ ဘာ့ကြောင့်ဆိုတော့ ဥဇနာမင်းကြီးဟာ (တစ်စီးရှင်မင်းကြီး နန်းကျကျော်စွာရဲ့ မိဖုရားကို ယူတဲ့အခါ ကိုယ်ဝန် သုံးလ ပါလာသတဲ့) တစ်ခါမှ ကျော်စွာလို့၊ ညီလို့ မခေါ်ဖူးဘူး။

ဒါ့ကြောင့် ကျော်စွာလည်း မယုံတာကြောင့် အမတ် တစ်ယောက်ကို လျှောက်စေပြန်တယ်။ ရှေးနည်းတူ "ငါ့ညီတော် ဆင်ဖြူရသလား" လို့ပဲ မိန့်သတဲ့။ ထိုအမတ်ကို ဆင်မ တစ်စီး ဆုပေးတယ်။ နောက်စေသူလည်း ကြားခဲ့တဲ့အတိုင်း အမှန်ပါလို့ ပြန်ကြားသူကိုလည်း ဆင်မတစ်စီး ဆုပေးပြန်သတဲ့။

ညီတော်ကျော်စွာ ဆင်ဖြူ ငါးစီးရတဲ့အခါ ဥဇနာမင်းကြီးလည်း "ငါ့ညီ၊ ငါ့စည်းစိမ်ကို ယူပေတော့။ ငါမူကား ငါ့ကောင်းမှုစကား (၇) ကျောင်းမှာ လှူလိုသမျှ လှူဒါန်းပြီးနေတော့မယ်" ဆိုကာ ထီးနန်းကို လွှဲအပ်တော်မူတယ်။

ဒါ့ကြောင့် သက္ကရာဇ် (၇၀၄) ခုမှာ ညီတော် ငါးစီးရှင် ကျော်စွာမင်းဖြစ်တော်မူလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ငါးစီးရှင်နှင့် ရှင်ယောင်တစ်ယောက်အကြောင်း

ကလေးတို့ရေ…

တစ်ခါမှာတော့ ငါးစီးရှင်ကျော်စွာမင်းကြီးဟာ ပွဲတော်တည်ဖို့ ပြင်နေသတဲ့။ အဲဒီအခိုက်အတန့်မှာ ပရိက္ခရာ ရှစ်ပါးနဲ့ ရဟန်းတစ်ပါး ကြွရောက်လာသတဲ့။ ငါးစီးရှင်လည်း "ဘယ့်ကြောင့် ရပ်လာသနည်း" လို့ မေးတဲ့အခါ "ဆွမ်းအလို့ငှာ ရပ်လာတယ်" လို့ ဖြေတယ်။ ငါးစီးရှင်လည်း စားတော်ခေါ်ဖို့ လက်ဆေးပြီးမှ စိတ်နှလုံး အလွန်ကြည်လင်စွာ ဖြစ်သတဲ့။ ဒါနဲ့ မနှောလင်ပန်းထဲ စားတော်စာအားလုံး ထည့်ပြီး လှူတော်မူလိုက်သတဲ့။ လှူလိုက်ရလို့ ပီတိလည်း ဖြစ်နေသတဲ့။ နောက်စဉ်းစားပြီး အမတ်တို့ကို မိန့်တော်မူသတဲ့။ "အမတ်တို့…ဤရဟန်းသည်ကား ဆွမ်းခံတဲ့အခါလွန်ပြီးမှ မွန်းတည့်လုနီးမှ ဆွမ်းရပ်လာတယ်။ ပုထုဇဉ်ရဟန်းဟုတ်ဟန်မတူ။ အဘိ ညာဉ်ဇာံခိုးနဲ့ ပြည့်စုံတဲ့ ရဟန္တာမြတ်ဖြစ်မယ်။ ငါ့ကို ကုသိုလ်ကောင်းမှုများ စေလိုလို့ ဆွမ်းလာရပ်တာ ဖြစ်နိုင်တယ်" လို့ မိန့်တော်မူပြီး မင်းချင်းတစ်ယောက်ကို နောက်ယောင်ခံ လိုက်ကြည့်စေသတဲ့။

ဒါနဲ့ မင်းချင်းလည်း နောက်ကလိုက်ကြည့်ရာမှာ ရဟန်းဟာ ရှင်ယောင်ဖြစ်နေတာ တွေ့ရသတဲ့။ (ရှင်ယောင်ဆိုတာ ရဟန်းအတုပေါ့ ကွယ်…) သူ့မိန်းမက သပိတ်ကို လှမ်းယူတာ မြင်ရတာကိုး။ အဲဒီမြင်ကွင်း မြင်ရင်တော့ စိတ်ဆိုးဒေါသထွက်မိသတဲ့။ မင်းချင်းဟာ တစ်ဖန် စဉ်းစားသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီးဟာ သူ့ခွမ်းအလှူကို သဒ္ဒါတရားထက်သန်စွာနဲ့ လှူလိုက်တယ်။ ပီတိလည်း ဖြစ်နေတယ်။ ငါမြင်တဲ့အတိုင်း လျှောက်လိုက်ရင် ငါတောင် ဒါလောက် ဒေါသဖြစ်တာ၊ မင်းကြီးဆို ပိုဆိုးလိမ့်မယ်။ ပီတိဖြစ်နေတဲ့ သူ့သဒ္ဒါလည်း ပျက်မှာ အမှန်ပဲ။ ရှင်ယောင်လင်မယားလည်း မုချ မင်းဒဏ်သင့်တော့မယ်။ ငါလည်း မျက်နှာကောင်းရမှာ မဟုတ်။ ငါ့ဆီပါ ဒေါသကူးပြီး ငါလည်း မင်းဒဏ်သင့်နိုင်တယ်" လို့ အဖန်ဖန် စဉ်းစားမိသတဲ့။

ဒါနဲ့ နန်းထဲ ပြန်ရောက်တဲ့အခါ "သင်တွေ့ခဲ့ပုံ လျှောက်ပါဦး" လို့ မင်းကြီးမေးသတဲ့။ ဒီအခါ မင်းချင်းက "မှန်လှပါ၊ ကျွန်တော်မျိုး ရဟန်းနောက်က လိုက်ကြည့်နေစဉ်မှာပဲ ကွယ်ပျောက်လို့ သွားပါတယ် အရှင်မင်းကြီး" လို့ ချောင်ချွာ တင်လျှောက်လိုက်သတဲ့။

မင်းကြီးလည်း "ငါတွေးထင်တဲ့အတိုင်း မှန်လှပေတယ်" လို့ ပီတိဖြစ်ကာ လက်ရုံးတန်းမိသတဲ့။

အဲဒီနေ့မှာပဲ ပင်းယပြည်စိုးက ခွာလုံးပတ် သုံးထွာရှိတဲ့ မြင်းစိုင်ကျော်ကြီး ဆက်လာပြီလို့ ကြားတဲ့အခါ မင်းကြီးက "ငါရဲ့ ကုသိုလ်တော်အကျိုးပေပဲ" လို့ မိန့်သတဲ့။ အဲဒီမြင်းကြီးဟာ ပင်းယပြည်စိုးက နွားနှစ်ကောင်နဲ့ နွားသေး တစ်ကောင်ပေးပြီး တရုတ်ပြည်ကလဲ လာသတဲ့။ အဲဒီမြင်းကြီးကို ငါးစီးရှင်မင်းကြီးကို ဆက်တာပေါ့။ ငါးစီးရှင်လည်း မင်းချင်းတစ်ယောက်ကို ဖောင်းထုပ် (ခေါင်းပေါင်း) အဖြူပေါင်းစေပြီး ပြောင်းတောထဲမှာ စိုင်းနှင်းစေသတဲ့။ အဲဒီအခါ မြင်ရသူအပေါင်းဟာ ဥဇျိုင်းငှက်ပျံတယ်လို့ ထင်ကြသတဲ့။ ပင်းယကနေ တောင်တွင်းကြီးကို ညတွင်းချင်း ရောက်သတဲ့။ အဲဒီမြင်းကို "တိမ်တိုက်ကွန့်မြူး" လို့ ငါးစီးရှင်အမည် မှည့်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးသိသော ခေင်ညို

ကလေးတို့ရေ…

ခမည်းကော်တစ်စီးရှင် သီဟသူရှိစဥ်က သားလတ်ကျော်စွာကို ညီတော် အသင်္ခယာစောယွမ်းကို သွားတိုက်ခိုင်းတာ မှတ်မိရဲ့မဟုတ်လား။ စောယွမ်းကို မနိုင်ဘဲ ကျော်စွာတပ်လန်ခဲ့တယ်လေ။

ငါးစီးရှင်ကျော်စွာ ပင်လယ်ကို စားရတဲ့အခါ သူ့ကျွန်ခေင်ညိုကို စောယွမ်းဆီလွှတ်ပြီး လုပ်ကြံစေသတဲ့။ ခေင်ညိုဟာ သစ္စာရှိတဲ့ လူစွမ်းကောင်းတစ်ယောက်လည်း ဖြစ်တယ်။

သူ့အရှင်စေတာကြောင့် ခေင်ညိုလည်း စစ်ကိုင်းကိုကူးပြီး အရိပ်အခြည်ကြည့်တဲ့အခါ မလုပ်ကြံသာသေးတာကြောင့် တောတွင်းမှာ ပုန်းအောင်းနေရလေသတဲ့။ သုံးရက်ပြည့်တဲ့နေ့မှာ အသင်္ခယာစောယွမ်းဟာ မင်းမဟာဂီရိနတ်ကို ရွှေစလောင်းနဲ့ ထမင်း အမဲဟင်းလျာအပြည့်ထည့်ပြီး နတ်တင်လေသတဲ့။ ခေင်ညိုလည်း အခွင့်သာခိုက် လုပ်ကြံမယ်ဆိုပြီး ညဥ့်ဘက်မှာ နန်းတော်ထက် လျှို့ဝှက်ပြီး တက်လေသတဲ့။

အဲဒီအခါ နတ်တင်ထားတဲ့ ထမင်းနဲ့ အမဲဟင်းလျာကို တွေ့သတဲ့။ သူဟာ သုံးရက် ထမင်းမစားရတာကြောင့် အလွန်လည်း ဆာလောင်မွတ်သိပ်နေတယ်။ အဲဒါကြောင့် နတ်တင်ထမင်းကို စားသတဲ့။ စားပြီးတဲ့အခါ အသင်္ခယာစောယွမ်း အခန်းတွင်းကို ခြေလုံလုံနဲ့ ဝင်ရောက်သတဲ့။ အသင်္ခယာစောယွမ်းဟာ သလွန်ထက်မှာ အိပ်ပျော်နေတယ်။

ခေင်ညိုဟာ စောယွမ်းရဲ့ သလွန်ခေါင်းရင်းမှာ ရောက်နေပြီး ဆောင်ဓားလည်း အသင့်ပဲ။ လုပ်ကြံမယ်ဆိုရင် ခဏတွင်းကိစ္စ ပြီးစီးနိုင်တယ်။ ဒါပေမဲ့ ခေင်ညိုဟာ စဥ်းစားဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံတဲ့ သူ့ရဲ့ကောင်းဖြစ်တယ်။ ဓားရိုးကို ဆုပ်ကိုင်ပြီး ခေင်ညိုစဥ်းစားသတဲ့။ "သည်မင်းသည် ယနေ့ ငါ့ထမင်းရှင်ဖြစ်ခဲ့ပြီ။ ထမင်းရှင်ကို ပြစ်မှားဖို့ကား အလွန်ပင်နိမ့်လေးလှတယ်။ လုပ်ကြံသာလျက် မလုပ်ကြံဘဲ ပြန်လာတယ်လို့ ငါ့အရှင် မျက်

www.burmeseclassic.com



တော်မူလည်း သည့်တစ်သက်သာဖြစ်တယ်။ ထမင်းသခင်ကို ပြစ်မှားချေသော် သံသရာဝယ် အပါယ်လေးပါး၌ ရှည်လျားစွာ ခံရပေလိမ့်မယ်။ အပါယ်မှလွတ်ပြီး လူအဖြစ်ကို ရရင်လည်း ယုတ်မာတဲ့ကိုယ် ဖြစ်ရပေလိမ့်မယ်'' လို့ စဉ်းစားရင်း ဆောင်ဓားကို နုတ်လိုက် ဓားအိမ်ထဲ ပြန်စွပ်လိုက်ဖြစ်နေသတဲ့။

''ငါ့အရှင်သည် စစ်ကိုင်းမင်းထံ မရောက်ဘဲကို ရောက်တယ်လို့ အမိန့်ရှိရင် ရောက်ကြောင်း သက်သေပြရပေလိမ့်မယ်'' လို့ စဉ်းစားပြီး ခမည်းတော်တစ်စီးရှင်မင်းကြီးက သားတော်စောယွမ်းကို ပေးသနားတော်မူထားတဲ့ ပတ္တမြားကျောက်စီဓားကို ယူခဲ့လေသတဲ့။

ခေင်ညိုဟာ ဓားယူပြီး ပြန်ခဲ့တယ်။ ပင်လယ်အရပ်ရောက်တဲ့အခါ ငါးစီးရှင်လည်း ''ကိစ္စပြီးခဲ့ရဲ့လား'' လို့ မေးတော်မူတယ်။ ခေင်ညိုလည်း ပတ္တမြားဓားကို သက်သေအဖြစ်ဆက်ပြီး ရင်ထဲရှိတဲ့အတိုင်း အကြောင်းစုံလျှောက်တင်သတဲ့။ ငါးစီးရှင်လည်း ''ငါ့ကျွန် ခေင်ညိုဟာ ထမင်းတစ်စလောင်းမျှ စားရသည်ကို သူ့ကျေးဇူးကို သိတတ်၏။ ငါနေ့တိုင်းမပြတ်သူ့သားမယားနှင့်တကွ ကျွေးမွေးတဲ့ ကျေးဇူးတော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း'' ဆိုပြီး ချီးမွမ်းတော်မူတယ်။ များစွာသော စည်းစိမ်ချမ်းသာဆုလာဘ်လည်း ပေးသနားတော်မူသတဲ့။

ငါးစီးရှင်မင်းကြီးဟာ ပင်းယမြို့အနောက်တောင်ထောင့်အရပ်မှာ ဘုရားလေးမျက်နှာ တည်တော်မူတယ်။ အုတ် သုံးရစ်ဆင့်မိကာရှိသေးမင်းကြီး နာမကျန်းဖြစ်လေသတဲ့။ ငါးစီးရှင်မင်းကြီးဟာ ဘုန်းလက်ရုံးနဲ့ပြည့်စုံတဲ့ မင်းဖြစ်တယ်။ ထီးနန်းစည်းစိမ် (၉) နှစ်အဝင်၊ သက်တော် (၅၂) နှစ်မှာ အနိစ္စရောက်လေသတဲ့။

မင်းကြီးအနိစ္စရောက်ပြီးနောက် သားတော် ကျော်စွာမင်းနောက် ကျော်စွာမင်းရဲ့ညီ နရသူအသီးသီး နန်းတက်ကြတယ်။ နရသူလက်ထက်မှာ မောရှမ်းတို့ ပင်းယကို တိုက်လာတယ်။ ရှမ်းတို့ ပင်းယကို ရသတဲ့။ ရှမ်းတို့ ပြန်တဲ့အခါ နရသူရဲ့ နောင်တော်ဥဇနာပြောင် နန်းတက်တယ်။ နန်းတက်လို့ သုံးလအကြာမှာ ဥဇနာပြောင်ကို သတိုးမင်းများ လုပ်ကြံလို့ ပင်းယမင်းဆက်ပြတ်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# အင်းဝခေတ်

www.burmeseclassic.com

www.burmeseclassic.com

# သတိုးမင်းဖျား

ကလေးတို့ရေ…

သက္ကရာဇ် (၇၂၆) ခုနှစ်မှာ သတိုးမင်းဖျား နန်းတက်တော်မူတယ်။ သတိုးမင်းဖျားဆိုတာ အသခ်ယာစောယွမ်းရဲ့သမီး စိုးမင်းကိုယ်တော်ကြီးနဲ့ (တကောင်းမင်းရိုးဖြစ်တဲ့) သတိုးဆင်ထိန်းတို့ရဲ့ သားတော်ဖြစ်တယ်။

သတိုးမင်းဖျားရဲ့ မိဖုရားခေါင်ကြီးကတော့ (မင်းကြီးစွာစော်ကဲရဲ့နမတော်) စောဥမ္မာဖြစ်တယ်။ သတိုးမင်းဖျားဟာ ပင်းယဥဇနာပြောင်နဲ့ စစ်ကိုင်းမင်းပျောက်ကို လုပ်ကြံပြီး နန်းတက်လာတာ ဖြစ်တယ်။

သတိုးမင်းဖျားဟာ နန်းတက်တဲ့ နှစ်မှာပဲ အင်းဝကို တည်တယ်။ သူတည်တဲ့နေရာကတော့ တစ်စီးရှင်မြို့တည်လို့ မရတဲ့ နေရာလို့ဆိုတယ်။ ကျည်းအင်း၊ ကျော်မော်အင်း၊ အင်းတူးအင်း၊ ဥန္နဲအင်းတွေကို မြေဖို့ပြီး ရေလမ်းပေးလို့ မြေကို ခိုင်မာအောင်လုပ်ပြီး မြို့တည်လို့ဆိုတယ်။ ကြံရည် ဖန်ရည် ရှိတာပေါ့။ အဲဒီလို အင်းတို့ရဲ့ အဝမှာတည်လို့ "အင်းဝ" လို့ တွင်သတဲ့။ မြစ်ငယ်မြစ်၊ ဧရာဝတီမြစ်တို့ရဲ့ အဝမှာတည်လို့ "အဝ" လို့လည်း ဟိုတုန်းက ခေါ်ကြသတဲ့။

သတိုးမင်းဖျား ကြံရုပ်က အင်းဝတည်ဖို့ စီစဥ်နေစဥ်မှာပဲ မင်းကြီးနေတဲ့ သဘင်တဲတော် တသိမ့်သိမ့်နဲ့ လှုပ်ခါနေသတဲ့။ မြေကိုတူးပြီး ကြည့်တဲ့အခါ စပါးကြီးမြွေကြီးဟာ တဲတော်တိုင်ကို မြေကြီးထဲကနေ ရစ်ပတ်ပြီး လွန့်လူးနေသတဲ့။ ဒါ့ကြောင့် တဲလှုပ်တာကိုး။

သတိုးမင်းဖျားလည်း အဲဒီအဖြစ်အပျက်ကို ဘယ်လိုနိမိတ်လည်း ဆိုတာ ပိဋကတ်ဗေဒင်တတ်တဲ့ "ပထုးကြီး သဃ်ရာဇာ" ကို မေးသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ပညာရှိက "ဤမြစ်ဆုံဝဌ် ပြည်ကြီးဖြစ်၍ သာသနာတော် ထွန်းပရာဖြစ်အံ့၊ ဤပြည်ကြီးကို မှီ၍ အသက်မွေးသော သူတို့သည်လည်း ချမ်းသာလတ္တံ့"။ လို့ နိမိတ်ဖတ်လေသတဲ့။ သတိုးမင်းဖျားလည်း ရွှင်လန်းဝမ်းသာဖြစ်တာပေါ့။ စပါးကြီး မြွေကြီးကိုလည်း အစာရေစာနဲ့တကွ ဘေးမဲ့ရာ လွှတ်စေသတဲ့။

သတိုးမင်းဖျားလည်း အဲဒီညမှာပဲ အိပ်မက်မြင်မက်သတဲ့။ မြင်မက်ပုံက-

(၁) အင်းဝမြို့တည်ရာအရပ်မှာ လက်ပံပင်ကြီးတစ်ပင် ရောက်လာသတဲ့။

(၂) အဲဒီလက်ပံပင်ဖျားမှာ ဆဒ္ဒန်ဆင်ပျံနားလေသတဲ့။

(၃) အဲဒီလက်ပံပင်ရဲ့ ခက်မလေးဖြာမှာလည်း ပရိက္ခရာရှစ်ပါးနဲ့တကွ ရဟန္တာမြတ် လေးပါး သီတင်းသုံးနေသတဲ့။

(၄) အပင်ရင်းမှာလည်း ခြသေ့စောင့်နေလေသတဲ့။

(၅) အမြစ်ဖျားမှာတော့ နဂါးစောင့်နေတယ်တဲ့။

(၆) ခက်မ လေးဖြာမှာ သီတင်းသုံးနေတဲ့ ရဟန္တာ လေးပါး တို့ကို ဂဠုန်သုတ် ချီသွားတယ်လို့ အိပ်မက်မြင်မက်သတဲ့။

သတိုးမင်းဖျားလည်း မိုးလင်းတဲ့အခါ ပထူးကြီး သဃ်ရာဇာကို ပင့်ပြီး အိပ်မက်ရဲ့ အကျိုးအကြောင်းကို မေးလေသတဲ့။ သဃ်ရာဇာလည်း အိပ်မက်အကြောင်းကို ပြန်ဟောသတဲ့။

(၁) လက်ပံတို့သဘောမှာ ထွားကျိုင်း၏။ အနှစ်မရှိ။ သုံးနှစ် တစ်ကြိမ်လည်း အရွက် အပွင့် အသီးတို့နှင့် ပြည့်စုံ၏။ ပြည်တော်၌နေသော သူတို့သည် အကျော်အမော် ရှိမည်။ သို့သော် စည်းစိမ်ဥစ္စာနည်းအံ့။ သုံးနှစ်တစ်ကြိမ်လည်း ထူး၍ သာယာစည်ပင်လတ္တံ့။

(၂) လက်ပံပင်ဖျား ဆင်ပျံနားသည်ကား တရားမင်းကြီးသည် ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံသူဆင်နံ (ဗုဒ္ဓဟူးသား) ဤမြို့ကို တည်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ခက်မလေးဖြာ၌ ရဟန္တာ လေးပါး သီတင်းသုံးသည်ကား နိုင်ငံတော် လေးမျက်နှာစလုံး၌ သာသနာတော် ထွန်းပစည်ပင် မည်။

(၄) ထိုရဟန္တာမြတ် လေးပါးကို ဂဠုန်သုတ်သည်ကား တနင်္ဂနွေ သားမင်းပြုသောအခါ သာသနာတော်ကို သုတ်သင်ချီးမြှောက် အံ့။

(၅) အပင်ရင်း၌ ခြင်္သေ့စောင့်သည်ကား ပြည်ရွာတောင်ဘက် အစ ရှိသော ရန်သူအပေါင်းတို့ ခန့်ညားရှိန်ရှာလတ္တံ့။

(၆) အမြစ်ဖျား၌ နဂါးစောင့်သည်ကား ဤပြည်ဝယ် အဆုံးစွန်သော စနေနံမင်းလက်ထက် မြို့ရွာပြောင်းလွှဲ၍ တည်လတ္တံ့ဟူ၍ အိပ်မက်ကို ဖတ်လေသတဲ့။

သတိုးမင်းဖျားလည်း 'ကောင်းပေစွ' ဟု မိန့်ပြီး 'ဤမြစ်ဆုံဝယ် မင်းဝံတောင်ညွှန့်လည်း ဖြစ်သည်။ ရေကြီးသောအခါ လင်ပန်းတွင် ရေထည့်၍ ဖလားကို မှောက်ဘိသကဲ့သို့ အလယ်ကျွန်းဖြစ်တာကြောင့် ရန်သူတို့ မပှုပ်ရှားနိုင်' ဟု မိန့်ပြီး ပညာရှိတို့နှင့် တိုင်ပင်ကာ တွက်ချက်စေပြီး အချိန်၊ နေ့ရက် သတ်မှတ်ကာ ထိုနှစ်မှာပဲ တည်တော်မူသတဲ့။ သတိုးမင်း ဖျား နန်းတက်တဲ့အခါ 'တြိန်းမစပ်' လို့ မိန့်တော်မူတယ်။ ပညာရှိတို့ ကြား ပဲ့အခါ 'ဤမင်းကား သုံးနှစ်သာ မင်းပြုရမည်' လို့ အဟောထွက်သတဲ့။

သတိုးမင်းဖျားဟာ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ သုံးပြည်ကို ချုပ်ပြီး မင်းပြုတော်မူတယ်။ အဲဒီအခါမှာ ငနွယ်ရှုံစား ဘယကျော်သူ၊ တောင်တွင်း ကြီးစား သီဟပတေ့၊ စကုစားသခ်သူတို့လည်း ပုန်ကန်ခြားနားကြသတဲ့။

သတိုးမင်းဖျားဟာ သက္ကရာဇ် (၇၂၇) မှာ အလုံးအရင်း ဆင်မြင်း အများနဲ့ ရေကြောင်းကြည်းကြောင်းနဲ့ စကုသို့ ချီတော်မူတယ်။ ပုဂံကို ရောက်တဲ့အခါ ရွှေစည်းခုံဘုရားရှေ့ အထုတစ်တောင်ရှိရာမှာနေပြီး စောမွန် နှစ်မင်းကို ခေါ်တော်မူတယ်။ စောမွန်နှစ်လည်း သူငယ်တစ်ယောက်ကိုစေ ပြီး၊ "အဲဒီ မင်းရဲ့အပြင် အခြေအနေကို တစေ့တစောင်းကြည့်ခဲ့" လို့ စေ လိုက်တယ်။ သူငယ်လည်း သွားရောက်အကဲခတ်ပြီး "ခြင်္သေ့ကဲ့သို့ ရှိရင့် ၏" လို့ လျှောက်တဲ့အခါ "ငါမနေသာပြီ" လို့ မိန့်ပြီး လက်ဆောင်ပဏ္ဏာ၊

www.burmeseclassic.com

www.burmeseclassic.com



လက်နက်အများဆက်ပြီး သစ္စာခံလေသတဲ့။ သတိုးမင်းဖျားလည်း ပုဂံကို ရတဲ့အခါ ရွှေစည်းခုံအား ဝတ္တကံမြေနှင့်တကွ အလုပ်အကျွေး လူများပါ ဘုရားသို့ လှူသတဲ့။

သတိုးမင်းဖျားဟာ တစ်ဖန် အလုံးအရင်းနဲ့ စကုကိုချီပြီး မြို့ကို ဝန်းရံကာ အကြိမ်ကြိမ် လုပ်ကြံတော်မူတယ်။ စကုစားသိခ်သူ မြို့ပြနိုင်လှ အောင် စီရင်နှင့်လို့ မရဘဲ ပြန်တော်မူခဲ့သတဲ့။

အဲဒီနှစ်မှာပဲ ရွှေလှံ့ငါးခရိုင်ကို ငနွယ်ရုံစား ဖျက်ဆီးတာနဲ့ သတိုး မင်းဖျားနဲ့ အလုံးအရင်းနဲ့ ချီပြီး လုပ်ကြံတယ်။ ငနွယ်ရုံစား ဘယကျော်သူ ကို ရတဲ့အခါ ကိုယ်တိုင်ကွပ်မျက်ပြီး အလောင်းပေါ်မှာ ပွဲတော်တည်သတဲ့။ မှူးမတ်တို့လည်း အလွန်ကြောက်ရွံ့လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# သူခိုးကြီးငတက်ပြား

ကလေးတို့ရေ…

အင်းဝမှာ သတိုးမင်းဖျား စိုးစံချိန်မှာ စစ်ကိုင်းဘက်မှာ ငတက်ပြား ဆိုတဲ့ သူခိုးကြီးတစ်ယောက် ရှိလေသတဲ့။ အဲဒီသူခိုးကြီးဟာ ညဘက်အချိန် တွေမှာ အင်းဝမြို့ဘက်ကို တိတ်တဆိတ် လှေနဲ့ကူးလာပြီး ပိုက်ဆံကြေး ငွေ ချမ်းသာတဲ့ ဝန်ကြီးမှူးမတ်တွေအိမ်က ပစ္စည်းတွေကိုသာ ဝင်ရောက် ခိုးယူလေ့ရှိသတဲ့။

ငတက်ပြားဟာ အလွန်လည်း အစွမ်းသတ္တိရှိသတဲ့။ ညဘက်လည်း မြန်မြန်၊ အင်းဝဘက် ကူးရောက်တဲ့အခါ မီးသွေးတိုက်ကနေ ဖောက်ဝင် သတဲ့။ သူဟာ ဘယ်တော့မှ ဆင်းရဲသားအိမ်တွေဆီက ခိုးယူလေ့မရှိဘူးတဲ့။ သူဌေးသူကြွယ်တွေ၊ မှူးမတ်တွေက သူတို့အိမ်တွေ အခိုးခံရတာ သိပေမယ့် ငတက်ပြားကို ဘယ်လိုပဲ စောင့်ဖမ်းဖမ်း မမိကြဘူးတဲ့ကွယ်။ မရှိဆင်းရဲသူ အိမ်တွေမှာ သူခိုးလို့ရတဲ့ ဒင်္ဂါးပြားတချို့ကိုတောင် ထားထားလေ့ရှိသတဲ့။

အဲဒီလိုကာလကြာတော့ သူခိုးကြီး ငတက်ပြားက ကြိမ်းဝါးလေသတဲ့။ "ငါ့ကို ဘယ်သူမှ မဖမ်းနိုင်ဘူး။ ငါ့ကို သတိုးမင်းဖျားရလျှင်သာ သတ်ချင် သတ်မယ်၊ ရအောင် ဖမ်းဖို့ ဘယ်သူ့ဝံ့မတုန်း" လို့ ကြုံးဝါးလေသတဲ့။

သူခိုးကြီး ငတက်ပြားရဲ့ စကားဟာ မင်းကြီးနားပေါက်သွားတာပေါ့။ ဒီတော့ သတိုးမင်းဖျားက မိန့်တော်မူတယ်။ "အမတ်စစ်သူကြီးတို့ သင်တို့ ဟာ ဘယ်သူတစ်ဦးတစ်ယောက်မှ သူခိုးကြီး ငတက်ပြားကို မိအောင် မဖမ်းနိုင်ကြဘူး။ ငါကိုယ်တော်တိုင် မိအောင် ဖမ်းပြမယ်" လို့မိန့်သတဲ့။ အမတ်စစ်သူကြီးတွေလည်း ငြိမ်ကုပ်နေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး စဉ်းစားတော်မူတယ်။ “တောက်ပြားကိုတော့ ဒီနည်းနဲ့ ဘယ်လိုမှ ဖမ်းလို့ရမယ် မဟုတ်ဘူး။ ဉာဏ်ဆင်ဖမ်းလေမှ မိနိုင်မယ်” လို့ စဉ်းစားသတဲ့။ ဒါနဲ့ ညအချိန်မှာ သူလည်း သူခိုးတစ်ဦးလို မျက်နှာဖုံး စွပ်ရုပ် ဖျက်ပြီး ဘယ်သူမှမသိအောင် နန်းတော်ထဲက တိတ်တဆိတ် ထွက် ခဲ့လေသတဲ့။ မင်းကြီးဟာ မီးသွေးတိုက်က ထွက်ပြီး ဧရာဝတီမြစ်ကမ်းကနေ သူခိုးကြီး တောက်ပြားအလာကို စောင့်မျှော်နေသတဲ့။

သူခိုးကြီးတောက်ပြားလည်း လာနေကျအတိုင်း စစ်ကိုင်းဘက်ကနေ လှေနဲ့ အင်းဝဘက် ကူးလာသတဲ့။ မီးသွေးတိုက်ဝင်မယ် ကြည့်လိုက်တော့ လူရိပ်တွေ့တာနဲ့ “ဟေ့ ကုန်းပေါ်က ဘယ်သူလဲဟေ့” လို့ လှမ်းမေးလိုက် တယ်။ “ငါ ညဥ့်လူဟေ့” လို့ သတိုးမင်းဖျားက ပြန်ပြောတယ်။ တောက် ပြား ကုန်းပေါ်တက်လာတော့ မင်းကြီးက “ကျွန်တော် ဆရာကြီးနဲ့အတူ လိုက်လိုတာကြောင့် စောင့်နေရခြင်း ဖြစ်ပါတယ်။ တပည့်အဖြစ် လိုက်ခွင့် ပြုပါ” လို့ ပရိယာယ်နဲ့ ဆိုလေသတဲ့။ တောက်ပြားလည်း ငါနဲ့ လုပ်ဖော် တပည့်တစ်ယောက်တော့ ရပြီဆိုပြီး လက်ခံကာ မြို့တွင်း ဝင်ခဲ့ကြသတဲ့။ မှူးမတ်တစ်ဦးအိမ်ဝင်ပြီး ပုတီးနားတောင်း လက်ကောက်စသည် ပစ္စည်းတွေ ယူပြီး မြို့ပြင် မီးသွေးတိုက်ဆီ ပြန်ခဲ့ကြသတဲ့။

မီးသွေးတိုက်ရောက်တဲ့အခါ ဘုရင်က တောက်ပြားကို မြှောက်ပင့် ပြီး အရက်တိုက်တယ်။ စကားတပြောပြောနဲ့ မင်းကြီးက တောက်ပြားကို မူးယစ်သွားအောင် တိုက်တယ်။ တောက်ပြား အမူးလွန် ခေါင်းစိုက်သွားမှ ခြေချင်းခတ်ကာ မီးသွေးတိုက်ထဲ ထည့်ပြီး အပြင်က သော့ခတ်ထားခဲ့သတဲ့။

နံနက်ပိုင်းမှာတော့ ပစ္စည်းပျောက်တယ်ဆိုပြီး မှူးမတ်တွေ အုတ်အုတ် ကျက်ကျက် ဖြစ်ကြသတဲ့။ သတိုးမင်းဖျားလည်း မှူးမတ်တွေရဲ့ လက်စွပ် လက်ကောက် စတာတွေ ဝတ်ဆင်ပြီး ညီလာခံ ကျင်းပတယ်။ မှူးမတ်တွေ လည်း ဘုရင်ဖြစ်တော့ မစွပ်စွဲရဲကြဘူးပေါ့။ ဒါပေမဲ့ “သူတို့ပစ္စည်းတွေ နဲ့ တူလှပါတယ်” လို့တော့ တင်လျှောက်ကြသတဲ့။

ဒီတော့ မင်းကြီးက “နင်တို့ သူခိုးတောက်ပြားကို ဖမ်းပါဆိုတော့ မိအောင် မဖမ်းနိုင်ကြဘူး။ ညက သူ့ကို ငါဖမ်းခဲ့ပြီ။ မီးသွေးတိုက်ထဲမှာ သွားခေါ်ခဲ့ကြ” လို့ မိန့်တော်မူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူခိုးတကက်ပြား ဘုရင့်ရှေ့တော်မှောက် ရောက်လာတယ်။ မင်းကြီးက "တကက်ပြား၊ နင့်ကို ငါ ဖမ်းမိပြီ။ ရဲတင်း၊ ပုဆိန်၊ ဓားလှံ၊ လက်နက် နင်ကြိုက်ရာရွေးပေတော့" လို့ မိန့်သတဲ့။ ဒီတော့မှ ညက သူ့ထံ တပည့်ခံတဲ့ ညဉ့်လူဟာ သတိုးမင်းဖျားဖြစ်မှန်း တကက်ပြားသိသွားတာပေါ့။ တကက်ပြားလည်း နည်းနည်းမှ ကြောက်စိတ်မရှိဘဲ ရဲဝံ့စွာပဲ မင်းကြီးကို တင်လျှောက်သတဲ့။

"အရှင်မင်းကြီး ကျွန်ုပ်ကို ဖမ်းမိမှတော့ သတ်လိုက သတ်ပါ။ ကျွန်ုပ်အကြိုက် လိုတာတင်လျှောက်ရရင်တော့ မင်းကြီးရဲ့ မိဖုရားစောဉမ္မာကို အလိုရှိပါတယ်" လို့ ရဲဝံ့တည်ကြည်စွာ လျှောက်သတဲ့။

သတိုးမင်းဖျားဟာ နည်းနည်းမှ စိတ်မဆိုးဘဲ ငါသို့သော မင်းကိုပင်လည်း မကြောက်မရွံ့ တင်လျှောက်ရဲပေတယ်။ အချည်းနှီး မသေသင့်။ နောက် နောင် တိုက်ပွဲများ ရှိတဲ့အခါ အမှုတော်ထမ်းစေရမယ်လို့ စဉ်းစားပြီး အခွင့် လွှတ်တော်မူတယ်။ အမြော်အမြင် ဉာဏ်ကြီးတယ်လို့ မှတ်ရမယ်။

သက္ကရာဇ် (၇၂၈) ခုနှစ် အရောက်မှာတော့ တောင်တွင်းကြီးစားခြားနားလေတော့ မင်းကြီးဟာ အလုံးအရင်း ဆင်မြင်းတပ်တွေနဲ့ ချီလေသတဲ့။ တောင်တွင်းကြီးစား သီဟပတေ့လည်း မြို့ပြကျုံးမြောင်း အခိုင်ပြုပြီး ခံနေလေတယ်။ မင်းကြီးလည်း တောင်တွင်းရောက်တဲ့အခါ မြို့ကိုဝိုင်းရံလိုက်ပြီး တကက်ပြားကို ညဉ့်အခါ မြို့တွင်းဝင်ကာ လေးသည်ကျော်ကြီးကို လုပ်ကြံစေတယ်။ တကက်ပြားလည်း အမှုတော်ကို ရှပ်ရှပ်ချွံချွံ လုပ်ဆောင်သတဲ့။ တောင်တွင်းကြီးစားလည်း လေးသည်ကျော်ကြီး မရှိတဲ့အခါ အားလျော့ပြီး မင်းကြီးထံ အညံ့ခံလေသတဲ့။ အရေးတော် အောင်ခဲ့တာပေါ့။

တကက်ပြားဟာ စစ်ကိုင်းမှာ "မရှိခဏ" ဘုရားကို တည်ထားသတဲ့။ တကက်ပြားအတွက်မှာတော့ မရှိရင် ခဏပဲ ဖြစ်တာမို့ ဒီနာမည်ပေးတာ ဖြစ်မှာပေါ့။ ယခုတိုင် ထိုဘုရားစေတီ တည်ရှိလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## တွင်းသင်းစား ငနန္ဒ စောဉမ္မာ

ကလေးတို့ရေ…

သတိုးမင်းဖျားဟာ ရက်စက်သူဖြစ်တယ်။ ရတနာ သုံးပါးကိုလည်း ရိုသေမှု မရှိဘူး။ လုပ်ရည်ကြံရည် ရှိတယ်။ အကွပ်အညှပ် ပြင်းတာကြောင့် မှူးမတ်တွေ ကြောက်ရွံ့ခန့်ညားကြသတဲ့။

တစ်ခါမှာတော့ ရဟန်းပျက်တစ်ဦးဟာ မုန့်သည်မအပ်နှံထားတဲ့ ငွေကို ပြန်တောင်းရာမှာ “သင်ဘယ်တုန်းကမှ ငါ့ထံမအပ်၊ ဒါကြောင့် မပေးနိုင်၊ တိုင်လိုရာတိုင်” ဆိုပြီး ဘူးခံတာကြောင့် မုန့်သည်မလည်း မင်းကြီးထံ အကြောင်းကို တင်လျှောက်လေသတဲ့။ သေချာဂဏ သစ္စာဆိုကာ တင်ပြသတဲ့။ ဒါ့ကြောင့် မင်းကြီးဟာ ရဟန်းပျက်ကို ရှေ့တော်မှောက် ခေါ်စစ်မေးတဲ့အခါ မကွယ်ဝံ့တာကြောင့် ဝန်ခံပြီး မုန့်သည်မဆီက ငွေကို မင်းကြီးထံ ဆက်သတဲ့။

မင်းကြီးလည်း “ရဟန်းဖြစ်လျက် သည်သို့ ကျင့်သည်။ ကျင့်ရာသလော” ဆိုပြီး ကိုယ်တိုင် သုတ်သင်သတဲ့။ နောက် အလောင်းကို နန်းကြမ်းဖွင့်ကာ အောက်သို့ ချလေသတဲ့။ မှူးမတ်တွေလည်း အလွန်ထိတ်လန့်ကြသတဲ့။

သက္ကရာဇ် (၇၂၉) ခုမှာလည်း စကုစားသိခ်သူ သောင်းကျန်းပုန်ကန်တယ်။ သတိုးမင်းဖျားလည်း အလုံးအရင်း ဆင်မြင်းအများနဲ့ ချီလေတယ်။ ကြည်းကြောင်း၊ ရေကြောင်းချီပြီး ရောက်တဲ့အခါ မြို့ကိုဝိုင်းထားပြီး အကြိမ်ကြိမ် လုပ်ကြံသတဲ့။ စကုစားသိခ်သူလည်း ပြိုပြကျိုးမြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို နိုင်လုံအောင် လုပ်ထားတာမို့ အကြိမ်ကြိမ် လုပ်ကြံသော်လည်း မအောင်မြင်ဘဲ မြို့ပြင်ကသာ ဝိုင်းရံထားရသတဲ့။

အဲဒီအချိန်မှာပဲ သတိုးမင်းဖျား ကျောက်ပေါက်နာမကျန်း ဖြစ်တာကြောင့် တပ်ဆုတ်ခဲ့ရတယ်။ စွယ်ကြိုဆိပ်ရောက်တဲ့အခါ အပြင်းဖျားလေသတဲ့။ ဒါ့ကြောင့် အတွင်းသင်းမှူး ငနုကို အပါးသို့ ခေါ်တော်မူပြီး "ငနု ငါသည် အနာက သည်းလှတယ်။ ထမြောက်တော် မူနိုင်မယ် မထင်၊ ငါ မရှိရင် ငါ့မိဖုရားကို သူတစ်ပါးမိဖုရား မြောက်တော့မယ်။ ငါနှမြောတော်မူတယ်။ နင် လေ့လျင်နဲ့သွား မိဖုရားကို သတ်ချေ" လို့ စေလိုက်တယ်။

အတွင်းသင်းမှူး ငနုလည်း သံလေ့လက်ပြည့်နဲ့ မင်းကြီး အမိန့်အတိုင်း အပြင်းနှင်လေသတဲ့။ သတိုးမင်းဖျားလည်း ငနုကိုလွှတ်ပြီး မကြာခင် အနိစ္စရောက်တယ်။ နန်းစည်းစိမ် (၃) နှစ်နဲ့ (၇) လသာ စံပြီး သက်တော် (၂၅) နှစ်မှာ အနိစ္စရောက်ခြင်း ဖြစ်တယ်။ သားသမီး မရှိဘူးလို့ ဆိုတယ်။

ငနုလည်း နန်းတော်ရောက်တဲ့အခါ မိဖုရားစောဥမ္မာထံ ဝင်ပြီး မင်းကြီး အခြေအနေနဲ့ အမိန့်ကို တင်လျှောက်တယ်။ "မင်းကြီးအနာသည်း လှပါတယ်။ ထမြောက်မယ် မထင်၊ ငါမရှိက ငါ့မိဖုရား သူသွားယူမည်။ နင်သတ်ခြေလို့ အမိန့်တော်နဲ့ လာခဲ့ကြောင်း လျှောက်တဲ့အခါ မိဖုရားစောဥမ္မာက "ငနုနင်ယောက်ျား မဟုတ်ဘူးလား" လို့ မိန့်သတဲ့။ ငနုလည်း မိဖုရားနဲ့ စိတ်ညီတာကြောင့် စိတ်မညီတဲ့ အထိန်းသမီးတစ်ဦးကို သတ်ပြီး ရှေ့နန်းမှာ လခွဲနေကာ စစ်ကိုင်းကူးပြီး မင်းပြုလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# မရွယ်ဘဲ စော်ကဲမင်းဖြစ်

ကလေးတို့ရေ…

“မရွယ်ဘဲ စော်ကဲမင်းဖြစ်” ဆိုတဲ့ စကားပုံကို ကြားဖူးကြရဲ့လား။ အဲဒါက ဒီလိုကွယ့်။ သတိုးမင်းဖျား အနိစ္စရောက်တဲ့အခါ မှူးမတ်အပေါင်းဟာ စုရုံးတိုင်ပင်ကြပြီး “ရမည်းသင်းစား သီလဝ” ကိုမင်းပြုပါလို့ တင်လျှောက်ကြသတဲ့။ အဲဒီအခါ သီလဝက “ငါဟာ တစ်နေ့နေလို့မှ စကားသုံးလေးခွန်း ပြည့်အောင် မပြော၊ ငါလည်း မင်းအဖြစ်ကို အလိုမရှိ။ အမြင့်မြို့ကို စားရတဲ့ တရဖျားစော်ကဲဟာ သတိုးမင်းဖျားရဲ့ ယောက်ဖလည်း တော်တယ်။ နှလုံးရည် လက်ရုံးရည်လည်း ပြည့်စုံတယ်။ ဒါကြောင့် စော်ကဲကိုသာ မင်းမြှောက်ကြ” လို့ မှူးမတ်တွေကို ပြောလိုက်တယ်။ အံ့သြစရာပါပဲ။ မြန်မာရာဇဝင်မှာ အာဏာရမှ့ကင်းနင်းတက်ပြီး ထီးနန်းလိုချင်ကြလို့ အဖသတ်၊ အစ်ကိုသတ် လုပ်ကြတဲ့မင်းတွေ ရှိသလို သီလဝလို ထီးနန်းကို ငြင်းပယ်သူလည်း ရှိပါကလားလို့ မှတ်ရတာပေါ့။

သီလဝက ဘုရင်မလုပ်ချင်ဘူးလို့ ငြင်းလိုက်တာကြောင့် အင်းဝမှူးမတ်တွေဟာ အမြင့်မြို့စား တရဖျားစော်ကဲ” ကို မင်းမြှောက်လိုက်ကြတယ်။ ဒါကြောင့် “မရွယ်ဘဲ စော်ကဲ မင်းဖြစ်” ဆိုတဲ့ စကားပုံပေါ်လာရတာပဲ။ အမြင့်မြို့စားစော်ကဲ သက္ကရာဇ် (၇၂၉) ခုမှာ မင်းဖြစ်လာတဲ့အခါ “မင်းကြီးစွာစော်ကဲ” လို့တွင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးစွာစော်ကဲလည်း မင်းဖြစ်တဲ့အခါ ပညာရှိတို့နဲ့ တိုင်ပင်တော်မူတယ်။ သက္ကရာဇ် (၇၃၀) မှာ နန်းတက်တဲ့အခါနေတဲ့ ကနားတော်နိမ့်လို့ ခေါင်းနဲ့ထိတယ်။ ဖောင်းတော်မြေသို့ ကျသတဲ့။ မင်းကြီးစွာလည်း ဖောင်းတော်ကို ပြန်စွပ်ပြီး ထန်းရွက်ယက်ကိုင်ကာ နန်းတက်တယ်။ စည်းတစ်ပြစ် ပညာရှိအမတ်ကြီး မြင်တဲ့အခါ အရှင်မင်းကြီး ဖောင်းတော်သိမ်းတော်မမူနိုင်အောင် သက်ရှည်မယ်။ ယပ်ကိုင်ခြင်းကား တစ်ပြည်လုံး အေးချမ်းသာယာမယ်လို့ လျှောက်သတဲ့။ ဒါကြောင့် မင်းကြီးက စည်းတစ်ပြစ်အမတ်ကြီးကို ဆင်မတစ်စီး ဆုပေးတော်မူတယ်။

မင်းကြီးစွာစော်ကဲဟာ သရက်မင်းရှင်စောနဲ့ (တောင်တွင်းရှင် လှဦး သမီးတော်) မိမြတ်လှတို့ရဲ့ သားဖြစ်တယ်။ ညီအစ်ကိုမောင်နှမ ခြောက်ယောက်ရှိရာမှာ စော်ကဲက တတိယမြောက်ဖြစ်တယ်။ သတိုးမင်းဖျားလက်ထက်မှာ အမြင့်မြို့စား ဖြစ်ခဲ့တယ်။

မင်းကြီးစွာစော်ကဲ အင်းဝမှာ မင်းဖြစ်တဲ့အခါ (အတွင်းသင်းမှူး ငနုရဲ့အစ်ကို) ရာဇသင်္ကြန်ငမောက်ကို ခေါ်တော်မူပြီး "အစ်ကို၊ ညီငနုဟာ မိဖုရားနဲ့အတူ ရွှေနန်းမှာ မင်းပြုတယ်လို့ ငါကြားရတယ်။ အစ်ကိုသွားပြီး ဉာဏ်ဆင်ကာ ဖမ်းခဲ့။ ရရင် ငါ့နှမတော် စောဥမ္မာနဲ့ စုံဖက်ပေးမယ်။ ဝါးရင်းတုတ်ရွာနဲ့ တောင်ပြုံးကြီးကိုလည်း ပေးတော်မူမယ်" လို့ မိန့်တော်မူတယ်။

ရာဇသင်္ကြန်ငမောက်လည်း "ကျွန်တော်ရအောင် ဖမ်းပါ့မယ်" လို့ လျှောက်ပြီး သံလှေလက်ပြည့်နဲ့ ဆန်လေသတဲ့။ စစ်ကိုင်းကို ရောက်တဲ့အခါ လှေကို သဲပြင်မှာ ကပ်ဆိုက်ပြီး "ငါတို့ ညီနောင် နှစ်ပါးသာ သားချင်းရှိကြတယ်။ ငါ့ညီမင်းဖြစ်တယ်ကြားလို့ လာခဲ့တယ်။ အခု ငါမကျန်းမာဘူး။ ငါ့ညီလာ ကြည့်စေချင်တယ်" လို့ ငနုဆီ အကြောင်းကြားလိုက်တယ်။ ငနုလည်း ယုံကြည်တာကြောင့် အခြွေအရံတွေနဲ့ အတူလာသတဲ့။ လှေအနားရောက်လာတဲ့အခါ ငမောက်က "ငါမချိမဆန့် ဖြစ်နေတယ်။ ငါ့ညီနဲ့ ကွမ်းစွဲသောက်ရေကိုင် နှစ်ဦးသာ ငါ့လှေပေါ် တက်ခဲ့ပါ" လို့ ခေါ်သတဲ့။

ဒီလိုနဲ့ ငနုနဲ့ သူ့အမှုထမ်းတို့ဟာ ငမောက်လှေပေါ် ရောက်လာတယ်ဆိုရင်ပဲ လှေသမားတွေဟာ ကြိုမှာထားတာကြောင့် လှော်ကြိုးဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အပြင်းလျော်ကြသတဲ့။ ရာဇသင်္ကြန်ငမောက်လည်း "ငါ့ညီငနေ၊ နင့်မိမျိုးလည်း မင်းရိုးမဟုတ်၊ ဘမျိုးလည်း မင်းမျိုးမဟုတ်လို့ဆိုကာ ခြေချင်းခတ်ထား သတဲ့။ ဒါပေမဲ့ လမ်းမှာ ငနေလွတ် ထွက်ပြေးသွားတယ်။ လွတ်လိုက်တာ လည်း ဖြစ်နိုင်တာပေါ့။ ငနေလွတ်သွားပြီး "လားဟူ" ဆိုတဲ့ အရပ်မှာ သွားနေသတဲ့။

မင်းကြီးစွာစော်ကဲဟာ ငနေလွတ်သွားလို့ ကျေတော့ မကျေနပ်ဘူး ပေါ့ကွယ်။ ဒါပေမယ့် သူကတိရှိခဲ့တဲ့အတိုင်း ရာဇသင်္ကြန် ငမောက်ကို နှမတော် စောဥမ္မာနဲ့ လက်ဆက်ပေးပြီး ဝါးရင်းတုတ်ရွာနဲ့ တောင်ပြုံးကြီး ကိုလည်း ပေးခဲ့တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ရမည်းသင်းစား သီလဝ

ကလေးတို့ရေ...

သတိုးမင်းဖျား အနိစ္စရောက်တဲ့အခါ မှူးမတ်တွေက "ရမည်းသင်းစား သီလဝ" ကို အင်းဝမှာ မင်းပြုပါလို့ ပထမဆုံး လျှောက်ခဲ့တာ မှတ်မိရဲ့ မဟုတ်လား။ ဘုရင်မလုပ်ချင်ဘူးလို့ သီလဝ ငြင်းလိုက်တယ်လေ။

အဲဒီရမည်းသင်းစား သီလဝဟာ အလွန်လည်း ဣန္ဒြေကြီးသတဲ့။ စကားလည်း အလွန်နည်းလှတယ်။

သက္ကရာဇ် (၇၅၄) ခုမှာ မိုးညှင်းစား သိုချည်ဘွား ယောက်ဖ သိုဟန်ဘွားဟာ ဆင်မြင်း အလုံးအရင်းများနဲ့ ချီလာပြီး နိုင်ငံတော်ဖြစ်တဲ့ မြေဒူးမြို့ကို တိုက်လေသတဲ့။ အဲဒီအခါ မင်းကြီးစွာစော်ကဲလည်း အလုံးအရင်းနဲ့ ခုခံတယ်။ ဒါပေမဲ့ သိုဟန်ဘွား အလုံးအရင်း အင်အား ပိုကြီးတာကြောင့် ဆုတ်ခဲ့ပြီး စစ်ကိုင်းနဲ့ အင်းဝကနေကာ ခုခံလေသတဲ့။ တောင်ငူစား၊ တောင်တွင်းစား၊ ရမည်းသင်းစား၊ ငတီးစား၊ ညောင်ရမ်းစား၊ ပေါက်မြိုင်စား၊ ပင်လယ်စားတို့ကိုလည်း မင်းကြီးက သည်စစ်ကို ကူညီရန် ဆင့်ခေါ်တယ်။

အဲဒီတိုက်ပွဲမှာ အခြားသူတွေ မရောက်ခင် ရမည်းသင်းစား သီလဝက အရင်ရောက်တယ်။ သီလဝဟာ မင်းကြီးဆင့်ခေါ်တာ သိသိချင်း အပြေးချီပြီး ထီးပေါင်းကားအရပ်က ကူးပြီး စောရဲစွာလို့ခေါ်တဲ့ ဆင်ကို စီးပြီး တိုက်သတဲ့။ အဲဒီအခါ သိုဟန်ဘွားရဲ့ ရှမ်းတပ် (၁၅) တပ်ဦး ပျက်ပြီး

www.burmeseclassic.com



စစ်ကိုင်းကနေ ရွာသစ်တိုင်အောင် ကျဆုံးသူတွေ အထွေးလိုက် အပြန့်လိုက် ရှိလေသတဲ့။

သီလဝဟာ သိုဟန်ဘွားတပ်တွေကို အောင်ပြီး စစ်ကရတဲ့ ဆင်၊ မြင်း၊ သံ့ပန်း လက်နက်ကိရိယာတွေကို မင်းကြီးထံ ဆက်စေတယ်။ သူက တော့ မင်းကြီးထံ မဝင်ဘဲ ရမည်းသင်းကို ပြန်လေသတဲ့။ လိုရင်းအလုပ်ကိုသာ ထိရောက်အောင် ဆောင်ရွက်ပြီး မင်းကြိုက်အောင် မျက်နှာရအောင် မလုပ် လိုတဲ့ သူ့စရိုက်အတိုင်း ကျင့်တာပါပဲ။

မင်းကြီးစွာစော်ကဲကတော့ စစ်အောင်တာ အားရပါရဲ့။ ဒါပေမဲ့ သီလဝသူ့ထံ ခစားမဝင်ဘဲ စစ်လက်ဆောင်တွေသာ ဆက်သွားတာကို သူ့ ကို မခန့်မငြား လုပ်သွားတာ မဟုတ်လားလို့ မှူးမတ်တွေကို မေးတော်မူ တယ်။

အဲဒီအခါ ပညာရှိ စည်းတစ်ပြစ်အမတ်က မင်းကြီးစွာကို လျှောက် လေတယ်။ "အရှင်မင်းကြီး၊ ပသေနဒီကောသလမင်းတွင် သန္တတိအမည် ရှိတဲ့ အမတ်ဟာ ရွာစွန်ရွာဖျား ရွာငယ်တစ်ရွာကို အောင်မြင်ကာမျှဖြင့် ထီး ဖြူ မြောက်စည်နဲ့တကွ မင်းစည်းစိမ်ကို (၇) ရက်မျှ ပေးဖူးပါတယ် အရှင်။ ယောက်ဖတော် သီလဝဟာ လူရေးလူမှုမှာ မကျေပွန်၊ ဘာသာနေတတ်တဲ့ စရိုက်ရှိသူ ဖြစ်ပါတယ် ဘုရား။ ခြေတော်ဦးခိုက် မဝင်ဘဲ သွားမိသော်ငြား လည်း အမျက်တော် မရှိသင့်ပါ" လို့ ပြေပြစ်ချောင်စွာတင်မှ မင်းကြီးအမျက် ပြေပြီး သီလဝဆီ ဆုလာဘ်များစွာ ပို့လေသတဲ့။

ရမည်းသင်းစား သီလဝဟာ တစ်သက်လုံးသော်မှ သုံးခါပဲ ပြုံးရယ် ဖူးသတဲ့။ တစ်ခါတုန်းက တောတွင်းသားတစ်ယောက်ဟာ သီလဝဆီ ကြက် လက်ဆောင်ဆက်မယ်လို့ လာပြီး အိမ်ပေါ်တက်လာတယ်။ သီလဝမြို့စား ကြီးကို မမြင်တာနဲ့ ပြန်ဆင်းသွားတယ်။ ဒါကို သီလဝရဲ့ ဇနီးစောပုလဲ မြင်တဲ့အခါ "ငါဟာ မြို့စားကြီးမယားဖြစ်ပါလျက် ငါ့ကို မဆက်ဘဲ ပြန် သွားတယ်။ ငါတို့ မိန်းမသားဆိုတာ လင်သားဘုန်းရိပ်ကိုသာ မှီပြီး အသရေ မွေးရပေတယ်လို့ စဉ်းစားပြီး သီလဝအိမ်ပြန်လာတဲ့အခါ ရွှေဖလားနဲ့ ဆီး ပြီး ခြေကို ရေဆေးပေးသတဲ့။ အဲဒီအခါ သီလဝက "ငါ့မယားက ယနေ့ အကြောင်း ထူးလှပေတယ်" လို့ စဉ်းစားပြီး ပြုံးလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာလည်း သီလဝဟာ မြို့ထိပ်မှာ နေစာလှုံနေတဲ့အခိုက် ရဟန်းလူထွက်တစ်ယောက်ဟာ ခေါင်းပေါင်းကြီးနဲ့ ကျုံးထဲမှာ ရေငုပ်ပြီး ရေချိုးနေတာ မြင်လို့ သီလဝ ရယ်မိသတဲ့။

တစ်ကြိမ်မှာလည်း ရမည်းသင်းမြို့ ဝန်းကျင်သို့ ရှမ်းစစ်သည်အများ ရောက်လာတာကို သီလဝဟာ ကြက်ပွဲကမထ၊ ဂရုမစိုက်ဘဲ နေသတဲ့။ အဲဒီအခါ ဓနီးသည် စောပုလဲဟာ စိတ်အရမ်းပူပြီး အလွန်စိုးရိမ်စွာနဲ့ ရင်ဘတ်စည်တီး ရင်ဝတ်အကျွတ်ကျွတ်၊ ဦးဆံဖားလျားနဲ့ ရောက်လာပြောလေတယ်။ "ရန်သူအပြည့် မြို့ပြင်မှာ ရှိတာကို အလေးမမူဘဲ ကြက်ပွဲမှာသာ နေလေသလား" ဆိုပြီး ပြေးလာတာကို သီလဝမြင်တဲ့အခါ "ငါ့မယား ဗျာပါကြီးလှလေတယ်" ဆိုကာ ပြုံးရယ်သတဲ့။ ပြီးမှ သူ့အင်အား အလုံးအရင်းနဲ့ ရှမ်းတပ်ကို ထွက်တိုက်တာ အောင်လေသတဲ့။ အာဂသီလဝလို့ ဆိုလောက်ပါရဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဝန်ဇင်းမင်းရာဇာ

ကလေးတို့ရေ…

အင်းဝ နေပြည်တော်ကနေ တောင်ဘက် (၇၂) မိုင်အကွာမှာ မိတ္ထီလာကန်ဆိုတာ ရှိတယ်ကွယ့်။ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ" လို့ မိဘတွေက ရင်သွေးသားသမီးငယ်လေးတွေကို တေးဆိုချော့သိပ်တတ်ကြတယ်။

အဲဒီ မိတ္ထီလာရေကန်ကြီးရဲ့ အောက်အရပ်မှာ ဝန်ဇင်းရွာဆိုတာ ရှိသတဲ့။ အဲဒီဝန်ဇင်းရွာမှာ လယ်သမားလေး မောင်ညိုဆိုတာ ရှိတယ်။ သူဟာ လယ်အလုပ်အားချိန်မှာ ပေ၊ ပုရပိုက်တွေကို ဖတ်မှတ်နေလေ့ရှိသတဲ့။ ဒါ့ကြောင့် သူ့ကို "စာတိုင်ညို" လို့လည်း ခေါ်ကြတယ်။ မောင်ညိုရဲ့ ဖခင်ဟာ (၁၅) ဝါရ ရဟန်းလူထွက် ဦးအုန်းလို့ဆိုတယ်။ ပိဋကတ်၊ ဗေဒင်၊ ဓာတ်ဗိန္ဒော ဆေးပညာတတ်တယ်။ ရွာစဉ်လှည့်လည် ဆေးကုရင်းဝန်ဇင်းရွာသူမချို့နဲ့ အကြောင်းပါကာ မောင်ညိုကို ဖွားမြင်ခဲ့တယ်။

မောင်ညိုဟာ ရွာကျောင်းမှာနေကာ ပညာသင်ကြားပြီး ဆရာတော်၊ ဦးပဉ္ဇင်းတွေကို ခြေဆုပ်လက်နယ်ပြုရင်းလည်း သိလိုတာ မေးလျှောက်လေ့ရှိသတဲ့။ ဆိုကြပါစို့ကွယ်။ မောင်ညိုအရွယ်ရောက်တော့ ဝန်ဇင်းရွာသူကြီးသမီးနဲ့ ချစ်ကြိုက်ကာ အကြောင်းပါလေသတဲ့။

သက္ကရာဇ် (၇၃၀) ခုနှစ်မှာ မိတ္ထီလာကန်ပေါက်တာကြောင့် မင်းကြီးစွာ စော်ကဲဟာ ဆင်မြင်းအလုံးအရင်းနဲ့ ချီလာပြီး ကန်ကို ဆပ်တော်မူသတဲ့။ မြေကို တူးရာမှာ ယိုးဒယား လင်းဇင်းမင်းတို့ရဲ့ သားသမီးတို့ အရပ်ကို ရွှေနဲ့ သွန်းလုပ်ထားတာ ကမ္ပည်းစာနဲ့ တွေ့သတဲ့။ အဲဒီအကျိုး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မင်းကြီးစွာက ဝန်ဇင်းသူကြီးကို ခေါ်မေးတော့ "ကျွန်တော်မျိုးတို့ မသိပါ၊ သမက်တော် မောင်ညိုကတော့ ယာထွန်ချတ်တာနဲ့ ခါးမှာ ပုရပိုက်နဲ့ ပညာရှိရာ ဆည်းကပ်လေ့ရှိသူမို့ အကြားအမြင်နဲ့ ပြည့်စုံပါတယ် ဘုရား" လို့ တင်လျှောက်တဲ့အခါ မောင်ညိုကို ခေါ်စေတယ်။ (မဏိရတနာပုံကျမ်းမှာတော့ ကန်ပေါင်ပေါ်က နတ်ကွန်းစင်က နတ်ရုပ်အကြောင်းမေးရင်း နတ်ရုပ်မဟုတ်ကြောင်း မောင်ညိုတင်လျှောက်ချက်အရ မြေကြီးတူးဖော်ရာမှာ ရွှေရုပ် ငွေရုပ်တွေ့တယ်လို့ ဆိုပါတယ်ကွယ်။)

ဝန်ဇင်းရွာသား မောင်ညိုရောက်လာတဲ့အခါ ကျွန်တော်မျိုး ကြားဖူးပါသည်။ အရှင့်ဘေးလောင်းတော် အလောင်းစည်သူမင်းကြီး တိုင်းခွင်လှည့်လည်တဲ့အခါ ထိုထိုသော မင်းတို့ကို သစ္စာပေးပြီး သားသမီးတို့ကို ယူဆောင်ကာ ခြေရင်းတော်မှာ ခစားရပါတယ်။ တစ်ခါမှာတော့ အလောင်းစည်သူမင်းကြီး မိတ္ထီလာကန်ကို ဆည်တော်မူခိုက် နောက်တော်ပါ မင်းသား၊ မင်းသမီးတို့ ကြမ္မာကုန်ကြပါတယ် ဘုရား။ ဒါကြောင့် လာလတ္တံ့သော မင်းတို့တွေ့မြင်လေသော် သိစေသတည်းဟူ၍ ကမ္ပည်းနှင့်တကွ မြှုပ်နှံထားကြောင်းပါ" လို့ နားတော်လျှောက်လေသတဲ့။ ချက်ကျလက်ကျ ရဲဝံ့ချေင်စွာ လျှောက်တင်တာမို့ မင်းကြီး အားရတော်မူတယ်။ "ငါနန်းတော်ရောက်ရင် ခေါ်လာစိမ့်မယ်" မိန့်တော်မူခဲ့သတဲ့။ အဲဒါကြောင့် မင်းမိန့်နဲ့ ဝန်ဇင်းရွာသားမောင်ညိုဟာ အင်းဝသို့ ရောက်ခဲ့တယ်။ နန်းတော်မဝင်ခင်မှာ အင်းဝ တောင်မြင့် ဘုန်းကြီးကျောင်းမှာ တည်းတယ်။ ကျောင်းနေသူမြတ်တို့ အဲဒီညမှာ အိပ်မက်မြင်မက်သတဲ့။ "ဝန်ဇင်းသား မောင်ညိုထွေးတဲ့ တံတွေးကို ကျောင်းဦးမှာ ကိုးကွယ်တဲ့ ဘုရားရုပ်တုတော် ခံတွင်းဖြင့် ခံသတဲ့" အဲဒီအိပ်မက်ကို ပြောပြတော့ မောင်ညိုက "ကျွန်ုပ်လျှောက်လဲသမျှကို မင်းကြီးယူတော်မူလိမ့်မည်" လို့ အဓိပ္ပာယ်ကောက်လေသတဲ့။ နောက်နေ့ ဘုရင့်အမှာအတိုင်း မောင်ညိုဟာ မင်းကြီးရှေ့မှောက်ခစားရောက်တော့ ကောင်းစွာ လက်ခံတော်မူတယ်။ အပါးတော်မှာ မြဲရသတဲ့။

အဲဒီအခါကစပြီး ဝန်ဇင်းရွာသား မောင်ညိုဟာ မင်းကြီးချီးမြှောက်တော်မူလို့ ဝန်ဇင်းမင်းရာဇာ" လို့ အမည်တွင်လေသတဲ့။

□

www.burmeseclassic.com

www.burmeseclassic.com

## ဝန်ဇင်းမင်းရာဇာ စည်းတပြစ်ဘွဲ့ရခြင်း

ကလေးတို့ရေ…

မင်းကြီးစွာစော်ကဲက ရာဇသင်္ကြန်ငမောက်ကို ''မင့်ညီငနုကို ဖမ်း စေ'' ဆိုပြီး လွှတ်လိုက်တာ မှတ်မိရဲ့ မဟုတ်လား။ ဖမ်းခေါ်လာပြီး လမ်း မှာ လွှတ်လိုက်တယ်လေ။ အဲဒီ လွှတ်ပြေးတဲ့ ငနုဟာ ''လားဟူ'' ဆိုတဲ့ အရပ်ရောက်ပြီး ရဲမက်မိုလ်ပါ စုရုံးတယ်။ နိုင်ငံတော်ရဲ့ ကျေးစွန်ရွာနား တို့ကို ဖျက်ဆီးလေတယ်။

အဲဒီအကြောင်း မင်းကြီးကြားတဲ့အခါ ''ရာဇသင်္ကြန် ငမောက်သည် ညီငယ်ငနုကို လွှတ်ရာသလော'' ဆိုပြီး အမျက်ထွက်သတဲ့။ ငမောက်ကို သူချီးမြှင့်ထားတဲ့ နှမတော် စောဥမ္မာနဲ့ စားကျေးစားလက်ကို ပြန်သိမ်းတော် မူမယ်လို့ ဝန်ဇင်းမင်းရာဇာကို တိုင်ပင်တော်မူတယ်။

ဒီအခါ မင်းရာဇာက ''တိုင်ပင်ခြင်း သုံးပါးရှိပါတယ် ဘုရား။ (၁) ကျွန်ုပ်၏ တိုင်ပင်ခြင်းမျိုး တိုင်ပင်ခြင်း (၂) မင်းတို့ရဲ့ တိုင်ပင်ခြင်းမျိုး တိုင်ပင်ခြင်း (၃) ပညာရှိရဲ့ တိုင်ပင်ခြင်းမျိုး တိုင်ပင်ခြင်းဟူ၍ ရှိပါတယ် ဘုရား'' လို့ နားတော်လျှောက်တယ်။ ဒီအခါမင်းကြီးက ''အဘယ်သို့နည်း'' လို့ မင်းကြီးမေးတယ်။ ဝန်ဇင်းမင်းရာဇာက ''မှန်လှပါ၊ ကျွန်ုပ်တို့ရဲ့ တိုင် ပင်ခြင်းမျိုးကား အရှင့်အကြိုက်ကို လိုက်ပြီး တင်ရမယ် အမှတ်ထားကာ တိုင်ပင်ခြင်း ဖြစ်ပါတယ်။ မင်းတို့ရဲ့ တိုင်ပင်ခြင်းမျိုးကတော့ မင်းတို့အလို ကျ လျှောက်တင်မိသော် သင့်မြတ်ပြီး မင်းတို့နှလုံးတော်နှင့် ဆန့်ကျင်တင် လျှောက်လျှင် မင်းဒဏ်သင့်ပါတယ် ဘုရား။ ပညာရှိတို့ရဲ့ တိုင်ပင်ခြင်းမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ သင့်လျှင်ယူတော်မူပြီး မသင့်သည်ထင်လျှင် တိတ်ဆိတ်ခြင်းသာ နေတော်မူပြီး တင်လျှောက်သူမှာ အပြစ်မရှိရပါ" လို့ ခွဲခြမ်းစိတ်ဖြာတင် လျှောက်လေတယ်။

မင်းကြီးစွာက "ပညာရှိတို့ရဲ့ တိုင်ပင်ခြင်းမျိုးသာ တိုင်ပင်လိုတယ်" လို့ မိန့်လေသတဲ့။

အဲဒီအခါ ဝန်ဇင်းမင်းရာဇာက မင်းတို့မည်သည် ဆင်စွယ်ကဲ့သို့ လည်းကောင်း တက်သစ်စနေမင်းကဲ့သို့ ကျင့်တော်မူထိုက်ကြောင်းများ တရားသဘောတင်လျှောက်ပြီး သာဓကထုံးပုံ ထုတ်ပြသတဲ့။

"အရှင်မင်းကြီး တောင်တွင်းပွင့်လှဦးသီဟပတေ့ဟာ ငွေချက်တတ်တဲ့ ကုလားကို သမီးပေးပြီး ငွေချက်အတတ်ကို သင်ပါတယ်။ ငွေချက်အတတ်ကို အကြွင်းမဲ့တတ်တဲ့အခါ အမတ်တို့က လျှော်သတဲ့။ ငွေအတတ်ကို ရပြီးပြီဖြစ်လို့ သမီးတော်ကို ပြန်သိမ်းသင့်ကြောင့် လျှောက်ရာမှာ သီဟပတေ့က "အမတ်တို့ သည်စကားမဆိုသင့်။ မသင့်တော်တဲ့ အမှုပြုပြီး ဥစ္စာများစွာ ရသော်ငြား တော်တဲ့ မှန်ကန်စွာဖြင့် တစ်ကျပ်မျှရစေ ပိုတန်ဖိုး ရှိပေတယ်။ မတော်မမှန် ကိုယ်ကပြုကျင့်က လူခပ်သိမ်းတို့ အစဉ်ပြောစရာ ဖြစ်ပေမယ်" လို့ မိန့်ပြီး သမီးကို ပြန်မသိမ်းဘဲ ကုလားကို အဆောင် အယောင်နှင့် သူကောင်းပြုဖူးပါသည်" လို့ မင်းရာဇာက တင်လျှောက် လေတယ်။

အဲဒီအခါ မင်းကြီးစွာက "ဝန်ဇင်းမင်းရာဇာ တင်လျှောက်ချက်ဟာ ငါ့ကိုယ်တော်ရေးသာမက သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော် အညွန့်တိုင်အောင် အကျိုးများမယ့်အကြောင်း ဖြစ်ပေတယ်"လို့ မိန့်တော်မူ ပြီ၊ ယခင်စည်းတပြစ် အမတ်နေရာ လပ်ဟာနေတာကြောင့် ဝန်ဇင်းမင်းရာဇာ ကို စည်းတစ်ပြစ် ဘွဲ့မည်နှင့် အဆောင်အယောင်များ ပေးတော်မူသတဲ့။ ပါ့ပြင် ဆင်ပေါက်တစ်စီး၊ ရွှေဖလားတစ်ဆယ်ကျပ်သား ဆုလာဘ်ပေးတော်မူ တယ်။ ရာဇသင်္ကြန် ငမောက်ကို နမတော်စောဥမ္မာနဲ့ စုံဖက်ပြန်ပြီး တောင် ပြုးကြီးနဲ့ ဝါးရင်းတုတ် အရပ်ကို စားမြိုစားစေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကလေးနှင့် မိုးညှင်းအရေး မင်းရာဇာလျှောက်တင်ခြင်း

ကလေးတို့ရေ…

သက္ကရာဇ် (၇၃၂) ခုနှစ်မှာ ဟံသာဝတီ ဆင်ဖြူရှင် ဗညားဦးမင်းက မင်းကြီးစွာစော်ကဲဆီ လက်ဆောင်ပဏ္ဏာနှင့်တကွ နှစ်နိုင်ငံ မိးမသေ၊ ရေမနောက် ချစ်ကြည်စွာ ဆက်ဆံလိုကြောင်း ရွှေပေလွှာနှင့် သံတမန်စေလိုက်သတဲ့။ ထို့အတူပဲ မင်းကြီးစွာက တုံ့ပြန်ကြလို့ မင်းနှစ်ပါး ချစ်ကြည်စွာ တွေ့ဆုံကာ မဟာမိတ်ဖွဲ့ကြတယ်။

အဲဒီနှစ်မှာပဲ ကလေးနဲ့ မိုးညှင်းတိုက်ပွဲ ဖြစ်ကြတယ်။ ကလေးစား သိုချည်ဘွားကလည်း သူ့ကို စစ်ကူဖို့ရလျှင် မိုးညှင်းကို လက်ဆောင်ပေးပါမည်'' လို့ မင်းကြီးစွာထံ သံတမန်စေလွှတ်တယ်။ မိုးညှင်းစားခုံမှိုင်းကလည်း သူ့ကို စစ်ကူပေးပါ။ ကလေးကိုရလျှင် ဆက်ပါမည်လို့မင်းကြီးစွာထံ သံတမန်စေပြန်တယ်။

''ကလေးနဲ့ မိုးညှင်းအရေး ဘယ်သူ့ကို စစ်ကူရမလဲ'' လို့ မင်းကြီးစွာက စည်းတပြစ် အမတ်ကြီးမင်းရာဇာကို တိုင်ပင်တော်မူတယ်။ ထိုအခါ မင်းရာဇာတင်လျှောက်တာက

''အရှင်မင်းကြီး၊ အရေးကိစ္စတို့တွင် အလျင်အမြန် ဆောင်ရွက်ရမည့် အရေး၊ အဖြေးအနှေးမှ ဆောင်ရွက်ရမည့် အရေးလည်း ရှိပါသည်။ ကလေးနှင့် မိုးညှင်းအရေးကား မြော်မြော်မြင်မြင် ပြုမှသင့်ပါမည်။ သူ့တို့ နှစ်ပြည်ထောင် အားတူအင်မျှ ဖြစ်ပါသည်။ ပုံသာဓကတစ်ခုကို လျှောက်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားတစ်ဦးဟာ တောစပ်မှာ လယ်ထွန်နေပါသတဲ့။ အဲဒီအခါ တောကြက် နှစ်ကောင်ခွပ်နေတာကို မြင်ပါတယ်။ သူစဉ်းစားသတဲ့။ ယခုနေ သွားဖမ်းလျှင် ကြက်နှစ်ကောင် မနွမ်းကြသေး။ ဒါ့ကြောင့် ခွပ်ပေစေဦး၊ ငါ့ယာလည်း မညက်သေး။ ဆက်ထွန်ဦးမည်။ ယာနံလည်း ညက်၊ တောကြက် တွေလည်း ပင်ပန်းညှိုးနွမ်းမှ ဖမ်းရင်အလွယ်နဲ့ ရနိုင်တယ်လို့ စဉ်းစားပြီး ယာညက်မှ ကြက်တွေကို အလွယ်တကူ ခြေကိုဆုပ်ဖမ်းယူလေသတဲ့။ အရှင်မင်းကြီး၊ ကလေးနဲ့ မိုးညှင်း အားတူအင်မျှ တိုက်နေကြပါစေ။ နှစ်ပြည် ထောင်လုံး ညှိုးနွမ်းစစ်ပန်းကြမှ ချီတော်မူသော် နှစ်ပြည်ထောင်လုံးရပါအံ့" လို့ တင်လျှောက်တယ်။

မင်းကြီးစွာလည်း စည်းတပြစ် အမတ်ကြီး လျှောက်တဲ့အတိုင်း နောက်မှ ချီတော်မူလေတယ်။ နှစ်ပြည်ထောင်လုံးပင် သိမ်းပိုက်နိုင်ခဲ့လေ သတဲ့။ နှစ်ပြည်ထောင်လုံးရတဲ့အခါ မိုးညှင်းစားခုံမှိုင်းကို တကောင်းအား စားစေပြီး မိုးညှင်းမြို့အား ကျိန်းခန်းကြီးကို ပေးတော်မူတယ်။ စည်းတပြစ် အမတ်ကြီးကိုလည်း မြင်တတ်လှပေတယ်လို့ ချီးမွမ်းပြီး မိုးညှင်းတွင် တစ် မကျေး (ကျေးရွာတစ်ရွာ) ကလေးတွင် တစ်ကျေးဆုပေးတော်မူတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းရေးပြည်ရေးနှင့် စည်းတပြစ် ပညာရှိ၏ အကြံဉာဏ်

ကလေးတို့ရေ…

တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်တွေဟာ တိုင်းပြည်ရေးရာနဲ့ ပတ်သက်တဲ့ အရေးအရာ ပြဿနာအရပ်ရပ်ကို အမတ်ပညာရှိတို့နဲ့ တိုင်ပင်ပြီးမှ လုပ်ဆောင်တတ်ကြတယ်။ ပညာရှိဆိုတာ ရှေ့နောက် ချင့်ချိန်နိုင်းဆလို့ အကျိုးရှိဖွယ်ကိုသာ တင်လျှောက်ကြတယ်။ အဲ… ဘုရင်က ငါဘုရင်ထင်ရာလုပ်မယ်ဆိုပြီး ပညာရှိစကား မနာယူရင် ဘေးတွေ့ရ၊ အကျိုးနည်းရတဲ့ အဖြစ်အပျက်တွေလည်း သမိုင်းရာဇဝင်တွေမှာ တွေ့ရတတ်တယ်။

သက္ကရာဇ် (၇၇၃) ခုနှစ်မှာ မိုးညှင်းသောင်းကျန်း ထကြွပြန်တယ်။ ထိုအရေးမင်းကြီးစွာ ကြားတဲ့အခါ "ငါကား တောသစ်သီးကို တောအုပ်ခဲနဲ့ ပစ်သကဲ့သို့ ရှမ်းကိုပင် ကျေးစားထည့်မိလေတယ်" လို့ မိန့်တော်မူပြီး စည်းတစ်ပြစ် အမတ်ကြီး မင်းရာဇာကို "နိုင်ငံတော်အပိုင်းအခြားနဲ့ မိုးညှင်းမြေ အပိုင်းအခြားမှာ အချက်အချာဆိုပြီး မှတ်တိုင်စိုက်ချေ" လို့ စေတော်မူလိုက်တယ်။

စည်းတပြစ် အမတ်ကြီးလည်း ဘုရင့်အမိန့်အတိုင်း မှတ်တိုင်စိုက်မယ်လို့ ဆိုပြီး သွားလေသတဲ့။ ပထူးကြီးအရပ်ရောက်တဲ့အခါ အတောင့်အကြပ် တင်းကျပ်စွာ အထပ်ထပ် ချထားတာ တွေ့ရတယ်။ ဒါနဲ့ ပြန်ခဲ့တယ်။ မင်းကြီးစွာလည်း ဘာ့ကြောင့် ပြန်လာသလဲလို့ မေးတဲ့အခါ စည်းတပြစ်

www.burmeseclassic.com

www.burmeseclassic.com



တင်ပုံက "အရှင်မင်းကြီး မှတ်တိုင်စိုက်ချေ စေတော်မူရာမှာ ကျွန်တော်မျိုး စိုက်လိုက်ရင် မင်းကြီးရဲ့ သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အဒွန့်တို့ နောင်အခါ ဘုန်းကြီးလာရင် အရှင်မင်းကြီးကိုလည်းကောင်း၊ ကျွန်တော်မျိုး အမတ်ပညာရှိကို လည်းကောင်း ပြောစရာ အပြစ်တင်စရာ ဖြစ်မယ်လို့ ကျွန်တော်မျိုး စဉ်းစားမိတာကြောင့် မှတ်တိုင်မစိုက်ခဲ့ပါ" လို့ တင်လျှောက်တယ်။

မင်းကြီးစွာဟာ "စည်းတပြစ်အမတ် တင်လျှောက်တာ သင့်ပေ တယ်" လို့ မိန့်ပြီး လက်ကောက်တစ်ရံ၊ စလွယ် ငါးသွယ်၊ တိမ်တိုက် ကွန့်မြူးလို့ အမည်ရှိတဲ့ မြင်းကောင်းတစ်စီး ဆုပေးတော်မူတယ်။

သက္ကရာဇ် (၇၃၅) ခုနှစ်မှာလည်း ဓညဝတီ ရခိုင်ဒေသကို အစိုးရ တဲ့ မင်းဘီလူးအနိစ္စရောက်တာနဲ့ မှူးမတ်တို့ စုရုံးတိုင်ပင်ကြသတဲ့။ "ယခု ငါတို့တွင် အုပ်ချုပ်မည့် သူမရှိ၊ အင်းဝကို အစိုးရတဲ့ မင်းကြီးစွာဟာ ဆွေ မျိုး၊ အခြံအရံ ပြည့်စုံတယ်၊ လုပ်ရည်ကိုင်ရည်လည်း ရှိတယ်။ ဒါ့ကြောင့် မင်းကြီးစွာထံမှာ မင်းလောင်းတောင်းရရင် သင့်မယ်" လို့ တိုင်ပင်ကြပြီး လက်ဆောင်လက်နက်အများနဲ့ မင်းလောင်းတောင်းကြသတဲ့။

မင်းကြီးစွာလည်း ရခိုင်က မင်းလောင်းတောင်းလာတဲ့ အရေးနဲ့ ပတ်သက်ပြီး ပညာရှိမှူးမတ်တို့နဲ့ တိုင်ပင်တော်မူတယ်။ ဒီအခါ စည်းတပြစ် အမတ်ကြီးက "အရှင်မင်းကြီး၊ ဓညဝတီရခိုင်ဆိုတာ ဘုန်းတန်ခိုးကြီးတဲ့ မင်းတို့ရဲ့ ရာဇဌာနီဖြစ်ပါတယ်။ နှလုံးရည်၊ လက်ရုံးရည်နဲ့ ပြည့်စုံတဲ့ ဆွေ တော်မျိုးတော် မှူးကြီးမတ်ခိုင်တို့ကို ထည့်မှ သင့်ပါမယ်။ ကျေးဇူးပညာမရှိ တဲ့ ဆွေတော်မျိုးတော်တို့ကို ထည့်မိပါရင် မဖုတ်တဲ့အိုးနဲ့ ဆီကို ထည့်တဲ့ ယောကျာ်းလို အိုးလည်း ဆုံး၊ ဆီလည်း ဆုံးဆိုတာလို အရေးတော်လစ်ဟင်း နိုင်ပါတယ်။

ကျေးဇူးသိပညာအမြော်အမြင်ရှိသူ ဆွေတော်မျိုးတော်တို့ကို ထည့် လျှင် "စာဥကို ဒေါင်းအုပ်သကဲ့သို့ ဖြစ်ပါတယ် ဘုရား။ တစ်ကြောင်းလည်း "အခိုင်လှမှ အဖြီးလှသည်။ အဖြီးလှမှ တင့်တယ်သည်" ဆိုသကဲ့သို့ ပြည်ကြီးရှင်မင်းကြီးလည်း တိုင်းကြီးခရိုင်ကြီးရှိမှ တင့်တယ်သည်။ တစ် ကြောင်းလည်း "ဆင်ချည်သော လွန်ကြိုးသည် ဆင်ကို ချည်မှ မြဲရာသည်၊

www.burmeseclassic.com



ကြက်ကိုချည်သော် ကျွတ်ရာသည်။ ကြက်ကို ချည်သော ကြိုးသည် ကြက်ခြေတွင်မှ မြဲပါမည်။ ဆင်ကိုချည်သော် ပြတ်ရာ၏'' ဟူ၍ လူတို့ဥပမာဆိုကြပါတယ် မင်းကြီး။

''ဓညဝတီရခိုင်ပြည်ကြီးဟာ ဝေးတဲ့အရပ် ဖြစ်ပါတယ်။ မင်းလျာခန့်ရေး မကြန့်ကြာသင့်ပါ။ အမြန်ခန့်မှ သင့်ပါမယ် အရှင်'' စည်းတစ်ပြစ်လျှောက်တင်ချက်အရ ဦးရီးတော်စောမွန်ကြီးကို ရခိုင်သို့ ပေးတော်မူလေတယ်။ မသွားခင်လည်း မှာတော်မူတယ်။

''ပြည်သူရဟန်းရှင်လူကို ချစ်လျှင် ငါ့ကိုချစ်တယ် မည်ပေတယ်။ ပြည်သူရဟန်းရှင်လူတို့ အကျိုးစီးပွားကို ဆောင်လျှင် ငါ့စီးပွားကို ဆောင်တယ်မည်ပေတယ်'' မိန့်ပြီး အဆောင်အယောင် အခမ်းအနားပေးသတဲ့။ ''အသီးအပွင့်မြင်ကာမျှဖြစ်သော နုပျိုသော သစ်ပင်ကို သိမ်းမြန်းသုတ်သင်သကဲ့သို့ ပြုစုတော်မူရမည်'' လို့ စည်းတစ်ပြစ်လည်း နားတော်လျှောက်သတဲ့။ စောမွန်ဘကြီးရခိုင်ကို ရောက်တဲ့အခါ ''ကြက်မတောင်ရှည်အုပ်သကဲ့သို့'' ထိန်းထိန်းသိမ်းသိမ်း အုပ်ချုပ်တော်မူလို့ တောင်စဉ် (၇) ခရိုင်အစရှိတဲ့ ပြည်ရွာမြို့ပြတို့ အလွန်စည်ပင်ဝပြောလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကျည်းဦးဗောင်းနှင့် ပတ်သက်၍ စည်းတပြစ်လျှောက်ချက်

ကလေးတို့ရေ…

စည်းတစ်ပြစ်အမတ်ကြီး ဝန်ဇင်းမင်းရာဇာဟာ မြော်မြင်ဉာဏ်နဲ့ ပြည့်စုံတဲ့ ပညာရှိကြီးဖြစ်သလို သူ့ရဲ့ တင်လျှောက်ချက်၊ ပြောဆိုချက်တွေဟာလည်း အလွန်မှတ်သားဖို့ ကောင်းလှတယ်။

မင်းကြီးစွာ ရခိုင်က မင်းလျာတောင်းလို့ ဦးရီးတော် စောမွန်ကြီးကို ပေးလိုက်တာ မှတ်မိရဲ့ မဟုတ်လား။ တစ်ခါမှာတော့ ရခိုင်မှာ မင်းစဉ်မင်းဆက် သုံးတဲ့ အဖိုးများစွာ ထိုက်တဲ့ ကျည်းဦးဗောင်းနဲ့ မြဆံချပ်ကို တိုက်ဟောင်းတစ်ခုထဲမှာ တွေ့လို့ သဏ္ဍာလပ်ပေါင်း ငါးအုပ်နဲ့အတူ ရခိုင်မင်းက ပို့ဆက်လိုက်တယ်။

မင်းကြီးစွာလည်း ကျည်းဦးဗောင်းကို မြင်တာနဲ့ အားရဝမ်းသာပေါင်းမယ်လို့ ပြင်ပြီးမှ သင့်မသင့် စည်းတပြစ် ပညာရှိကို မေးလေသတဲ့။ စည်းတပြစ်အမတ်ကြီးက နားတော်လျှောက်လေတယ်။

“ဘုန်းတော်ကြီးလှတဲ့ ဘဝရှင်မင်းကြီး၊ ရေမြေ့ရှင်မင်းတို့မည်သည် ဦးတော်ဆံတော်တင်မယ့် ဝတ်စားတန်ဆာတို့ကို မရူးစမ်း မဆင်ခြင်ဘဲ အလျင်တစော တင်တော်မမူသင့်ပါ။ ဘုန်းကျက်သရေ အာနုဘော်သာ မင်းတို့ရဲ့ အကြောင်းရင်း ဖြစ်ပါတယ်။ ဇမ္ဗူဒိပ်မြေပြင်အားလုံးကို အစိုးရတဲ့ ‘‘သီရိဓမ္မာသောက’’ မင်းကြီးဟာ တစ်နေ့ကို အဝတ် သုံးကြိမ် လဲလှယ်တော်မူပါတယ် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သတိပြုအပ်ရာမှာ -

(၁) ကြိုးတန်းအောက်မဝင်ရာ။

(၂) ခြေတော်လက်တော် မဆေးဘဲ စက်တော်မခေါ်ရာ။

(၃) မစုံမစမ်း မမေးမမြန်းဘဲ စားသောက်ဖွယ်ရာတို့ကို မစားရာ။

ရှေးဖြစ်ဖူးတဲ့အကြောင်းများကို နားတော်လျှောက်တင်ပါရစေ။

(၁) ဘေးတော်ဒွတ္တဘောင်မင်းဟာ ပန်ထွာမိဖုရားက ဆက်တဲ့ မျက်နှာသုတ်ပဝါကို မစုံစမ်း မဆင်ခြင် သုတ်မိတာကြောင့် နံ့ဖူးထက်က မှဲ့ရှင်တော်ကွယ်ပြီး ဘုန်းအသရေ ညှိုးခဲ့ရပါကြောင်းပါ။

(၂) ပုဂံဘေးလောင်းတော် နော်ရထာစောလက်ထက်မှာ သထုံမင်း မနူဟာ စကားပြောတဲ့အခါ ခံတွင်းက စက်ပြောင်ပြောင် ထွက်တာကို အနော်ရထာမင်းစော ရွံ့လန့်တာနဲ့ ဘုရားမှာတင်တဲ့ သင်ပုတ်ဆွမ်းကို မနောလင်ပန်းမှာ ပြင်ပြီး မပြတ်ပို့စေပါတယ်။ မနူဟာမင်း မထောက်မချင့် သုံးဆောင်မိတာကြောင့် စက်ကွယ်ဖူးပါတယ် ဘုရား။

ဒါ့ကြောင့် ထောက်ရှုဆင်ခြင် ရွေးချယ်စိစစ်ပြီးမှ သုံးဆောင်တော်မူအပ်ပါတယ် အရှင်လို့ နားတော်လျှောက်သတဲ့။

မင်းကြီးစွာလည်း စည်းတပြစ် အမတ်ကြီးလျှောက်တင်ချက်ကို အားရတာနဲ့ ကျည်းဦးဗောင်းနဲ့ မြဆံချပ်ကို ပေးတော်မူတယ်။

ဒီအခါမှာ စည်းတပြစ်အမတ်ကြီး စဉ်းစားတယ်။ ကျဉ်းဦးဗောင်းနဲ့ မြဆံချပ်ကို လက်ခံယူရင် ဒါလိုလို့ လျှောက်တင်တယ်လို့ အများမြင်လိမ့်မယ်။ မင်းပေးပါလျက် မယူပြန်က မရိုသေရာ ကျလိမ့်မယ်'' လို့ စဉ်းစားပြီး ယူလေတယ်။ နောက် သုံးရက်ရှိတဲ့အခါ ကျည်းဦးဗောင်းနဲ့ မြဆံချပ်ကို ဗိုလ်ရှုသခင်ခံတဲ့ ပွဲအလယ်မှာ မင်းကြီးစွာထံ ဆက်လေသတဲ့။

ဆက်တဲ့အခါ စည်းတပြစ်လျှောက်တာက-

"ရွှေဖဝါးတော်အောက် လျှောက်ထားအပ်ကြောင်းပါ။ ကျွန်တော်မျိုးဟာ အရှင့်ကျေးဇူးကြောင့် ဤကျည်းဦးဗောင်းကို မြင်ဖူးပါတယ် ဘုရား။ ကျွန်တော်ပေါင်းသည်ထက် နောက်နောင် တိုင်းတစ်ပါးသို့ လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တော် ပေးတော်မူတာက ပိုပြီး သင့်ပါတယ် အရှင်။ ဒါ့ကြောင့် ကျွန်တော် အရှင့်အား ပြန်ဆက်ပါရစေ"

မင်းကြီးစွာလည်း စည်းတပြစ်သည် အကျိုးအပြစ် နှစ်ပါးကို မြင်တတ်ပေတယ်လို့ စဉ်းစားပြီး ကျည်းဦးပေါင်းကို အဖိုးအခ ဖြတ်စေကာ အဖိုးငွေကို ပေးလေသတဲ့။

တစ်ခါမှာတော့ မင်းကြီးစွာဟာ ရခိုင်ကို စေတော်မူတဲ့ သံတမန်ကို "ကျည်းဦးဖောင်းအကြောင်းမေးခဲ့" လို့ မှာလိုက်တယ်။ ရခိုင်မင်းစောမွန်ကြီးလည်း "ဤကျည်းဦးဖောင်းသည် ယခင်နန်းကျကြီး၊ နန်းကျငယ် ဘုရင်တို့ ပေါင်းလေပြီးသော ကျည်းဦးဖောင်းတည်း။ တိုက်ထဲတွင် ရှိခဲ့တာ ကြာချေပြီ။ အလုပ်အဆောင် ကောင်းမွန်၍ အဖိုးများစွာ ထိုက်သောကြောင့် အရှင့်အား ဆက်ရခြင်းဖြစ်ကြောင်း" သဝဏ်ဆက်ရှာသတဲ့။

မင်းကြီးစွာဟာ ရခိုင်မင်းဆီက သဝဏ်ဖတ်ပြီး စည်းတပြစ်အမတ်ကြီးကို ခေါ်တော်မူတယ်။ "ပညာရှိတွေးသည်ကို ပညာမဲ့ပြေးကြည့်သော် မတန်" လို့ ချီးမွမ်းတော်မူပြီးမှ လက်ကောက်တစ်ရံ ဆုချတော်မူသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ပညာရှိစကား မနာယူမိသဖြင့် အများတွေ့ရပုံ

ကလေးတို့ရေ…

မင်းကြီးစွာနဲ့ စည်းတပြစ်အမတ်တို့ဟာ ဘုရင်နဲ့ ပညာရှိဖြစ်ကြောင်း သိကြပြီနော်။ ပညာရှိစကား ဘုရင်နာယူလုပ်ဆောင်လို့ အကျိုးရှိကြောင်းများလည်း သိခဲ့ရပြီ။ ဒါပေမဲ့ ဘုရင်ဆိုတာ မင်းစိတ်မင်းမာန် ရှိတတ်တယ်။ အဲဒီလို မာန်ဝင်တဲ့အခါ ငါတကော ကောတတ်တယ်။ ဒါ့ကြောင့်လည်း အများတွေ့ရလေတယ်။

သက္ကရာဇ် (၇၄၂) ခုနှစ်မှာ ရခိုင်ကိုစားတဲ့ စောမွန်ကြီးအနိစ္စရောက်သတဲ့။ အဲဒီအခါ မှူးမတ်များ တိုင်ပင်ပြီး မင်းကြီးစွာထံ မင်းလျှာတောင်းကြပြန်သတဲ့။ ဒီတော့လည်း မင်းကြီးစွာဟာ သူ့ဆွေတော်မျိုးတော်တွေထဲက ဘယ်သူနဲ့ သင့်လေမလဲလို့ စည်းတပြစ် အမတ်ကြီးကို တိုင်ပင်ပြန်တယ်။

စည်းတပြစ်အမတ်ကြီးလည်း အကျိုးသင့် အကြောင်းသင့် နားတော်လျှောက်လေတယ်။

"မှန်လှပါ ဘုရား၊ ယောက်ဖတော် သုံးပါးတွင် (၁) သီဟပတေ့ကို ခန့်တော်မူလျှင် ကြိုးရှည်နှင့် လှန်ကာ စားကျက်တွင်စားသော မြင်း၊ နွားတို့လို ပြည်ရွာမှာနေတဲ့ သူတွေလည်း သစ်ပင်ရိပ်မှာ နေသကဲ့သို့ ဖြစ်ပါမယ်။ မင်းကြီးရဲ့ ကျေးဇူးသတင်း ပြန့်ပွားအောင်ကား မလုပ်နိုင်ပါ။

(၂) သခ်သူစောနှောင်းကို ခန့်တော်မူလျှင် ဘဝရှင်မင်းတရားရဲ့ ကျေးဇူးသတင်းဟာ တစ်ခဏတွင်း သိကြားမင်းရဲ့ ဝရမိန်ကဲ့သို့ အာနုဘော်ကြီးနိုင်ပါတယ် အရှင်မင်းကြီး။ အရှည်စီးပွားကို ရှမျှော်လျှင်လည်း "ကျွန်းထင်းဖော့တွင် လှေချည်သကဲ့သို့" အရာရောက်ပါလိမ့်မယ်။

(၃) ဥဇနာကို ထည့်တော်မူလျှင် "ကြက်မတောင်ရှည်သားကို အုပ်သကဲ့သို့" ပြည်သူခပ်သိမ်းကို ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်ပါတယ် ဘုရား။ အရှင့်ဘုန်းတန်ခိုးလည်း ပြန့်ပွားအောင် တတ်စွမ်းနိုင်ပါလိမ့်မယ်။ အရှင်နဲ့ ဝေးနေသော်လည်း နီးသလို ဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) တုရင်သိမ်းစည်း (၅) ဓေယျဘတ္တရာ (၆) သတိုးသခ်သူတို့ကား "နံ့စုတ်ငှက်ငယ်သည် မြားမှန်လျက် မြားနှင့်တကွ ပျံသည်" ဆိုသကဲ့သို့ ကျွန်တော်မျိုး မတွေးတောနိုင်။ အရှင့်သဘောအတိုင်းသာ ဖြစ်ပါတယ် ဘုရား" လို့ နားတော်လျှောက်လေသတဲ့။

စည်းတပြစ်အမတ်ကြီးရဲ့ တင်လျှောက်ချက်ဟာ နှိုင်းနှိုင်းချိန်ချိန် သုခမိန်စကား အမှန်ဖြစ်ပေတယ်။ မင်းကြီးစွာဟာ ဒီတစ်ခါမှာတော့ သူ့ ဝတ္တရားရှိလို့သာ တိုင်ပင်ရ၊ မေးရပေမယ့် ပညာရှိစကားကို မနာယူလေဘူး။ ဘာကြောင့်လည်းဆိုတော့ မင်းကြီးစွာမှာ ရခိုင်စားခန့်ဖို့ သူ့မှာ လျာထားပြီး သူရှိသတဲ့။ အဲဒီသူကတော့ မင်းကြီးရဲ့ ကျွန်ယုံ တလုပ်မြို့စား စောမည် ဖြစ်သတဲ့။ ဒါကြောင့် မင်းကြီးစွာ အမိန့်တော်ရှိတာက "ငါ့ ကျွန်စောမည်းဟာ ငါနဲ့ ဆိုးတူကောင်းဖက် ကျွန်ဖြစ်တယ်။ ဆင်အတတ် မြင်းအတတ် လည်း သူသင်ဖူးပေရဲ့။ ဒါကြောင့် စောမည်းကို ရခိုင်ကိုစားဖို့ ငါစေလွှတ် တော်မူမည်" လို့ အမိန့်ချသတဲ့။

အဲဒီတော့ ပညာရှိစည်းတပြစ် အမတ်ကြီး လျှောက်တင်တာကို ပယ်လိုက်တာပဲပေါ့။ ဒီတော့ စည်းတပြစ်အမတ်ကြီး တင်လျှောက်လေတယ်။

"ဘုန်းတော်ကြီးတဲ့ ဘဝရှင်မင်းကြီး၊ အရှင်သနားတဲ့ စည်းစိမ်နဲ့ မှန်ယစ်တဲ့ ကျွန်တော်မျိုးတို့ကို ချွန်းသီးဖြင့် နှိမ်တော်မူမှ အမှုတော်လည်း ကုန်မည်။ စီးပွားတော်လည်း များမယ်" လို့ တင်လျှောက်တယ်။ ပညာရှိ စကားဆိုလိုက်တာပါပဲ။ ကျွန်တော့်စကားကို ပယ်တာ ကျွန်တော့်ကို ချွန်သီး နဲ့ ရိုက်တာပါပဲလို့ ဆိုလိုက်တာပါပဲ။ အဲဒီ တင်လျှောက်ချက်ကို ကြည့်ခြင်း အားဖြင့် စည်းတပြစ်အမတ်ကြီး မင်းရာဇာဟာ ပညာဉာဏ်ရှိရုံမက ရဲစွမ်း သတ္တိလည်း ရှိတယ်ဆိုတာ သိနိုင်တယ်။ သူဟာ မင်းလိုလိုက် မင်းကြိုက် တင်တတ်သူ မဟုတ်ဘူးဆိုတာ ထင်ရှားပေတယ်။

မင်းကြီးစွာဟာ စောမည်းကိုခေါ်ပြီး "ထန်းစေ့ထန်းပင်ကဲ့သို့ မကျင့် လေ၊ ညောင်စေ့ညောင်ပင်ကဲ့သို့ ကျင့်လေ" လို့ မှာသတဲ့။ (ဆိုလိုရင်း ကတော့ ထောင်ထောင် ထောင်ထောင် မလုပ်နဲ့၊ အုပ်အုပ်ဆိုင်းဆိုင်းနေ အုပ် ချုပ်လို့ ဆိုလိုတာပါပဲ။) စောမည်းဟာ ဉာဏ်နည်းသူဖြစ်လေတော့ သဘော မပေါက်ရှာဘူး။

www.burmeseclassic.com

www.burmeseclassic.com



စည်းတပြစ်အမတ်ကြီးကလည်း "ကြောင်နှင့် ညောင်ကို ထုံးစံပမာ ပြုကာ ကျင့်ပါ" လို့ မှာလိုက်တယ်။ (ဆိုလိုတာက ကြောင်တွေဟာ အရေး မရှိရင် လက်သည်းကို ဖွက်ထားပြီး အရေးရှိမှ လက်သည်းကို ထုတ်တယ်။ ညောင်ပင်ရဲ့ သဘောကတော့ အုပ်အုပ်ဆိုင်းဆိုင်း သိုသိုသိပ်သိပ် ဖြစ်နေ တယ်။)

စောမည်းဟာ ရခိုင်ကိုရောက်တာနဲ့ မြို့တွင်းမြို့ပြင်မှာရှိတဲ့ ညောင် ပင်တွေကို ခုတ်လှဲပြီး ဆင်ကျွေးသတဲ့။ ကျောင်းတွေ၊ အိမ်တွေမှာရှိတဲ့ ကြောင်တွေကော၊ တောထဲမှာရှိတဲ့ ကြောင်တွေကိုပါ ဖမ်းပြီး သတ်လေသတဲ့။ စောမည်းဟာ ရတနာ သုံးပါးကိုလည်း ရိုသေကိုင်းရှိုင်းမှု မရှိလေဘူး။ ပြည်ရွာကိုလည်း ငြိမ်းချမ်းသာယာအောင် မလုပ်နိုင်ဘူး။ ဒါ့ကြောင့် ရခိုင် ပြည်သူပြည်သားတွေ သောင်းကျန်းပုန်ကန်ကြတယ်။ စောမည်းလည်း စကု ကို လက်လွှတ်ထွက်ပြေးရတယ်။ ရခိုင်သားတို့ဟာ စောမည်းပြေးတာနဲ့ နန်းကျပြီး မြေးကျော်စွာကို သူတို့ဘာသာ နန်းတင်ပြီး ပုန်ကန်ခြားနားလေ သတဲ့။

မင်းကြီးစွာရဲ့ ခြေတော်ရင်းကို စောမည်းရောက်လာတယ်။ ဒါ့ကြောင့် မင်းကြီးဟာ စည်းတပြစ်အမတ်ကြီးကို ခေါ်တော်မူပြီး "ငါ အရှေးမှားပေ တယ်။ စောမည်းကို ဘယ်မြို့ကို ပေးရရင် သင့်လေမလဲ" လို့ မေးတော် မူပြန်တယ်။ ဒီအခါ စည်းတပြစ်အမတ်ကြီးက–

"မှန်လှပါဘုရား"။ အပြေးအသွားမတွင်သေးသော မြင်းကို လက် ကောက်လက်ကျပ် တပ်၍ စီးသကဲ့သို့ "မင်းကြီးထံပါးတွင် မြို့ရွာကို ပေး မှ သင့်ပါမယ်" လို့ နားတော်လျှောက်တယ်။ ဒါ့ကြောင့် မင်းကြီးစွာဟာ စောမည်းကို စစ်ကိုင်းကို ပေးတော်မူတယ်။ နောက်များ မကြာခင်ပဲ ပခန်း ကြီးကို ထပ်ပေးပြန်တယ်။ (စောမည်း ပခန်းကြီးရတဲ့အခါ "ပင်လယ် တံ ပိုးလှိုင်းထဟန်" မြို့ကို တည်သတဲ့။) ပင်လယ်မှာ လှိုင်းတံပိုးထရင် မငြိမ် သက်ပေဘူး။

မင်းကြီးဟာ စစ်ကိုင်းမြို့ကို ရာဇသင်္ကြန်အား ပေးလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မွန်မင်းရာဇာဓိရာဇ်နှင့် စစ်ဖြစ်ခြင်း

ကလေးတို့ရေ…

တိုင်းနိုင်ငံဒေသတွေမှာ မင်းပြိုင်ပြုကြတဲ့အခါ နိုင်ငံချဲ့လိုတဲ့ လောဘ၊ သူ့စည်းစိမ် ဆင်မြင်းအလုံးအရင်း မျိုးမတ်ဗိုလ်ပါကအစ သိမ်းယူလိုတာကြောင့် စစ်ပြုကြတယ်။ လောဘအရင်းခံတာကြောင့် မက်လုံးပေးပြီး သွေးထိုးတဲ့အခါ အလွယ်တကူ ယုံကြည်တတ်ကြတယ်။ လောဘစိတ်မွှန်နေလို့ အကျိုးသင့် အကြောင်းသင့်တင်လျှောက်တဲ့ ပညာရှိစကားကိုလည်း နားမဝင်ဘူးပေါ့။

သက္ကရာဇ် (၇၄၇) ခုနှစ်မှာ မင်းကြီးစွာဟာ သားတော်ဆင်ဖြူရှင်တရဖျားကို ယောက်ဖတော် ရမည်းသင်းစား သီလဝရဲ့ သမီးနဲ့ စုံဖက်ပေးပြီး အိမ်ရှေ့အရာ ထားတော်မူတယ်။ သားတော်အငယ် မင်းဆွေကိုလည်း အဲဒီနှစ်မှာပဲ ပြင်စည်မြို့ကို ပေးတော်မူတယ်။ အဲဒီနှစ်မှာပဲ ပြည်မြို့စားနောင်တော်စောရန်နောင် အနိစ္စရောက်တာကြောင့် နော်တော်အကြီး မြင်စိုင်းရှုနန်းရှင် သားတော် "မျက်နှာရှည်" ကို ပြည်မြို့စားပေးတော်မူတယ်။

မင်းကြီးစွာ အဲဒီလို အိမ်ရှေ့နှင်း၊ မြို့စားတွေပေး ချီးမြှောက်ပြီးနောက် တစ်နှစ် (၇၄၈) ခုနှစ်မှာ ရာဇာဓိရာဇ်ရဲ့ ဦးရီးတော်ဖြစ်တဲ့ မြောင်းမြို့စား လောက်ဖျားက ဘုရင်မင်းကြီးစွာထံ လက်ဆောင်လက်နက်များနဲ့ ရှေ့ပေလျှာရေးကာ ရာဇသံ ဆက်လိုက်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြောင်းမြစားလောက်ဖျား ရှိခိုးသံတော်ဦးတင်ပါသည်။ ဟံသာဝတီ (ပဲခူး) ဆင်ဖြူရှင် ဗညားဦးအနိစ္စရောက်လျှင် သား ဗညားနွဲ့ ဟာ ရာဇာဓိရာဇ်ဘွဲ့မည်ခံ မင်းပြုနေပါသည်။ သူ့ခမည်းတော်ရှိစဉ်ကတည်းက ဒဂုံတွင် လူသူစုရုံးပြီး အဘကို ပုန်ကန်သူဖြစ်ပါသည်။ သူ့လျာတွင်လည်း အစက်ရှိပါသည်။ ယခု သူမင်းပြုစ အင်အားသိပ်မရှိခင် ရွှေနန်းသခင် ချီ တော်မူပါ။ ကျွန်တော်လည်း ပုသိမ်၊ မြောင်းမြအားနှင့်တကွ ရေကြောင်း ကြည်းကြောင်း ချီပါမည်။ ထိုအင်အားဖြင့် ဟံသာဝတီ (ပဲခူး) ကို လုပ်ကြံ လျှင် အလွယ်ရနိုင်ပါသည်။ အလိုတော်ပြည့်လျှင် ဆင်ကောင်း၊ မြင်းကောင်း၊ မှူးကောင်း၊ မတ်ကောင်း ရတနာရွှေငွေ အားလုံး သိမ်းယူတော်မူပါ။ အနွဲ့ ကိုသာ ကျွန်တော့်အား ပေးသနားတော်မူပါ"

တကယ်တော့ မြောင်းမြစား လောက်ဖျားဟာ ဗညားဦးမြှောက်စား ခဲ့သူဖြစ်တယ်။ ဟံသာဝတီထီးနန်းကို ဗညားဦးရဲ့သား ဗညားနွဲ့သိမ်းပြီး မင်းပြုတာကို မနာလိုဘဲ မင်းကြီးစွာထံ သွေးထိုးပေးလိုက်တာပါပဲ။ ဦးရီး တော်ဖြစ်လျက် ရာဇာဓိရာဇ်ကို သစ္စာဖောက်လိုက်တာပါပဲ။

မင်းကြီးစွာဟာ လောက်ဖျားသဝဏ်လွှာဖတ်ရရင်ပဲ လောဘတက် တော်မူတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း စည်းတာပြစ်စတဲ့ မှူးမတ်တွေနဲ့ တိုင်ပင်တော်မူတယ်။ အဲဒီအခါ စည်းတာပြစ်မတင်လျှောက်ခင် သက်တော် (၁၈) နှစ်သာရှိသေးတဲ့ အိမ်ရှေ့မင်းက ခမည်းတော်ကို တင်လျှောက်တယ်။

"မှန်လှပါ ခမည်းတော်၊ ရာဇာဓိရာဇ်သည် မြောင်းမြစားလောက်ဖျား လောက်ကိုမျှ မလုပ်ကြံနိုင်၊ အင်အားနည်းသည်။ ကျွန်တော်တို့ အလုံးအရင်း နှင့် လုပ်ကြံရသော် ခံနိုင်မည် မဟုတ်။ ဒါ့ကြောင့် ကျွန်တော်ချီမည်" လို့ နားတော်လျှောက်တယ်။

မင်းကြီးစွာလည်း သားတော် ဆင်ဖြူရှင်တရဖျားကို ဗိုလ်မင်းစနဲ့ ကာ တပ် (၉) တပ်၊ တိုက်ဆင် (၂၀၀)၊ မြင်း (၅၀၀၀)၊ ဗိုလ် (၇) သောင်း ကို ဦးစီးကွပ်ကဲစေတယ်။

သားတော်မြင်စည်မင်းသား မင်းဆွေဟာ (၁၄) နှစ်အဝင်သာ အရွယ် ငယ်သေးသော်လည်း နောက်ထပ်တပ် (၉) တပ်၊ တိုက်ဆင် (၂၀၀)၊ မြင်း (၅၀၀၀)၊ ဗိုလ် (၆) သောင်းကို ကွပ်ကဲပြီး ချီစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သားတော်အိမ်ရှေ့မင်းဟာ တောင်ငူကြောင်းချီပြီး "ကျောက်မင်းလှ" သို့ ရောက်တဲ့အခါ တပ်လုံးတည်ကာ ပန်းကျော်မြို့ကို လုပ်ကြံလေသတဲ့။ ဝင်တိုက်တာပေါ့ကွယ်။ ဒါကြောင့် ပန်းကျော်စား နန္ဒမိတ်ကျပြီး မြို့ကိုလည်း ရတယ်။ ပန်းကျော်မြို့ကို သိမ်းမိတဲ့အခါ မြေထဲစားကို ဆင်မြင်းအလုံးအရင်းနဲ့ ထားခဲ့ပြီး ညီတော်မင်းခွေကို စစ်ကူရန် ချီတော်မူတယ်။

ညီတော်ပြင်စည်စားမင်းခွေဟာ သာယာဝတီ စစ်ကြောင်းချီပြီး လှိုင်မြို့ကို ရောက်တဲ့အခါ ရှုပ်ရှုပ်ချွံချွံ လုပ်ကြံတိုက်ခိုက်တယ်။ ဒါ့ကြောင့် လှိုင်မြို့ပျက်တယ်။ လှိုင်မြို့စားသမိန်ဗိတ်ပွန်ကိုလည်း ဖမ်းမိတယ်။

စစ်သတင်းနားစွင့်နေတဲ့ ရာဇာဓိရာဇ်ဟာ ပန်းကျော်နဲ့ လှိုင်မြို့ကျပြီ ကြားတဲ့အခါ ဆင်မြင်းအလုံးအရင်း တပ် (၈) တပ်နဲ့ ချီလာပြီး စုတ်ကလိအရပ်မှာ တပ်တည်ကာနေလေသတဲ့။ စစ်ရေးက အရေးက အရေးကြီးလာပြီ မဟုတ်လား။

မင်းခွေလည်း ပင်လယ်စားတစ်တပ်ကို ခွဲပြီး မော်ပီကို ခွဲလွှတ်ချီစေတယ်။ မော်ပီစားလည်း မြို့ကို အခိုင်အလုံပြုကာ သူက မြို့တွင်းတိုက်ယနေကာ ခုခံတိုက်ခိုက်တာကြောင့် ပင်လယ်စားကျလေတယ်။ ရဲမက်တို့လည်း ခေါင်းဆောင် ပင်လယ်စားကျတာကြောင့် တပ်ကို ပြန်ရုံးစုပြီး တပ်ပြန်ဆုတ်ခဲ့ရတယ်။

နောင်တော့်အိမ်ရှေ့မင်းလည်း ညီတော်မင်းခွေ တပ်တွေနဲ့ပေါင်းပြီး ရာဇာဓိရာဇ်တပ်ကို တိုက်ဖို့ ချီလေတယ်။ ရာဇာဓိရာဇ် ကြားတဲ့အခါ ပန်းကျော်ကို အစောင့်ထားတဲ့ မြေထဲစားကို တိုက်လေတယ်။ မြေထဲစားလည်း မြို့ပြကျုံးမြောင်းကို ပြင်ပြီး ကြံ့ကြံ့ခံကာ ရာဇာဓိရာဇ် တိုက်လာကြောင်း အိမ်ရှေ့မင်းထံ ခြေမြန်လွှတ်လျှောက်တင်လေတယ်။

အိမ်ရှေ့မင်းလည်း ညီတော်မင်းခွေ အစရှိတဲ့ မှူးမတ်များနဲ့ တိုင်ပင်တော်မူတယ်။ ဒဂုန်ကို အရောက်ချီပြီး မြောင်းမြစား လောက်ဖျားတပ်နဲ့ ပေါင်းကာ ပြန်တိုက်မယ်လို့ သဘောညီကြတယ်။ အဲဒီအခိုက် မြေထဲစားက လျှောက်လာတာကြောင့် ပန်းကျော်မြို့ဆီပဲ ချီကြတယ်။ ရာဇာဓိရာဇ်နဲ့ အမတ်မဟာသမွန်ဟာ ကင်းတာဝန်ကျတာကြောင့် ညီနောင်တပ်တွေ ချီလာကာ ကျိုက်ခလို့ အရပ်ရောက်နေကြောင်း ရာဇာဓိရာဇ်ထံ အမြန်သတင်းပို့

www.burmeseclassic.com



တယ်။ ရာဇာဓိရာဇ်လည်း ဆင်မြင်းအလုံးအရင်းနဲ့ စည်သံမောင်းသံပေးပြီး တောခြေဝင်ကာ မြေထဲစားတပ်ကို အပြင်းတိုက်လေတယ်။ မြေထဲစားလည်း ကြံ့ကြံ့ခံပြီး မတိုးမဖော့နိုင်တာကြောင့် လွှင်ပြင်ဘက်ဆုတ်ရတယ်။ အိမ်ရှေ့မင်းညီနောင်တပ်တွေ ရောက်လာပြီး ရာဇာဓိရာဇ်တပ်တွေဆီ လိုက်ကြတယ်။

အိမ်ရှေ့မင်း မြင်းတပ်နဲ့ ရာဇာဓိရာဇ်တပ်တို့ တွေ့ကြတဲ့အခါ ရာဇဓိရာဇ်လည်း အဒရောင်အမည်ရှိတဲ့ ဆင်ကိုစီးပြီး မြင်းတပ်ကို တိုက်တယ်။ မြင်းတပ်သားတို့လည်း အထွေးထွေးရှိသတဲ့။ မြင်း ၃-၄ စီးသေးတယ်။ ရာဇာဓိရာဇ်ဘက်က တပ်သား (၃၀၀) လောက်ကျတယ်။ ရာဇာဓိရာဇ်စီးတဲ့ ဆင်လည်း အမြီးပြတ်သတဲ့။

ရာဇာဓိရာဇ်လည်း စစ်ညှပ်ခံရမည်စိုးကာ တပ်ကို ရုပ်ပြီး အပြင်းဆုတ်ရတယ်။ အဲဒီအခါ ပြင်စည်စားမင်းဆွေလည်း ဆင်းမြို့တိုင်အောင် လိုက်တိုက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဆင်းမြို့တိုက်ပွဲ

ကလေးတို့ရေ…

အင်းဝနဲ့ ဟံသာဝတီတို့ စစ်ဖြစ်ကြတဲ့အခါ စစ်ဦးပိုင်းမှာ အင်းဝဘက်က စစ်ရေးသာနေတယ်။ ရာဇာဓိရာဇ်လည်း တပ်ဆုတ်ပြီး ဟံသာဝတီမြို့တွင်းဝင်ကာ အင်အားထပ်ဖြည့်နေသတဲ့။

အဲဒီအခါမှာ ရာဇာဓိရာဇ်ရဲ့ ပရောဟိတ်ပညာရှိက "အင်းဝစစ်သည်တို့ တာလိမ်တွင် တပ်ချသဖြင့် တာလိုင်းဖြစ်၍ တပ်ပျက်လိမ့်မည်။ ကြာပန်းကိန်းနဲ့ ဒိဋ္ဌိနက္ခတ်အလိုအရ အရှင်မင်းကြီး စုတ်လာဘ်ကောင်းတယ်" (ဆိုလိုတာကတော့ ရာဇာဓိရာဇ်ရဲ့ ပရောဟိတ်က အခါပေးတာပါပဲ။ မြန်မာပဲဖြစ်ဖြစ်၊ မွန်ပဲဖြစ်ဖြစ် နှစ်ဘက်စလုံးမှာ နက္ခတ်ဗေဒင် တတ်ကျွမ်းသူတွေက တွက်ချက်ပြီး အခွင့်အခါကောင်းကို ညွှန်ပြတတ်ကြတာ ထုံးစံပါပဲ။)

ရာဇာဓိရာဇ်လည်း သူ့ပရောဟိတ် အခါပေးတာကို ယုံကြည်တော်မူလို့ စိတ်ဓာတ်တက်ကြွလာတယ်။ ဆင်ထက်တက်ပြီး စစ်သည်တစ်သောင်းကျော်နဲ့ မြို့ကထွက်ကာ စစ်ချီလေတယ်။ အဲဒီအခါ ရာဇာဓိရာဇ်ဆောင်းတဲ့ ထီးဖြူလေဖေ့တာကြောင့် မြေပေါ်ကျသတဲ့။ ရာဇာဓိရာဇ်ဟာ အဲဒီနိမိတ်ကြောင့် မတိုက်ဘဲ ရပ်တန့်နေတယ်။ "သည်နိမိတ်ကောင်းလှတယ်။ တိုက်တော်မူက မုချအောင်မယ်" လို့ ရာဇပရောဟိတ်က လျှောက်တင်ပြန်တယ်။ "ဘာကြောင့်လဲ" လို့ ရာဇာဓိရာဇ်မေးတဲ့အခါ "ထီးဖြူမြေသို့ ကျ၍ အုပ်သည်မှာ ရေမြေအားလုံးကို ပိုင်ရမည်ဟု နတ်ဒေဝါတို့က နိမိတ်ပြခြင်းဖြစ်တယ်" လို့ လျှောက်တင်တယ်။ ဒါ့ကြောင့် ရာဇာဓိရာဇ်လည်း အလျင်အမြန် စစ်ချီသတဲ့။ မချီခင်မှာ ရာဇာဓိရာဇ်က သူ့စာရေး ဘောဂရာဇာကို ဆင်းမြို့မှာ တပ်ချနေတဲ့ မင်းဆွေရဲ့ အင်အားကို စုံစမ်းစေခဲ့တယ်။

ရာဇာဓိရာဇ် စစ်ထွက်လာတဲ့အခါ သင်္ဘောဘုရားကနေ ပြည်သူရဟန်းရှင်လူတို့ တက်၍ ကြည့်ကြလေသတဲ့။ မင်းဆွေမြင်တဲ့အခါ နောင်တော် အိမ်ရှေ့မင်းသို့ အကြောင်းကို လျှောက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မွန်တို့သည် ကျွန်ုပ်တို့ကို စစ်အင်မတူ၊ ရာဇာဓိရာဇ်မြို့က ခွာလာတာ အကြောင်းရှိမယ်" လို့ လျှောက်တယ်။ အဲဒီအခါ နောင်တော်အိမ်ရှေ့မင်းက "ညီတော် ဆင်းမြို့ချောင်းကို အလျင်မကူးနဲ့ဦး၊ စစ်ရေးကို ကြည့်ပြီး လုပ်ကြံရစေ" လို့ မှာလိုက်တယ်။ ညီတော်မင်းဆွေလည်း စိတ်လောနေတာကြောင့် နောင်တော်ကို အမျက်ထွက်လေသတဲ့။

"ခမည်းတော်ခြေရင်းကနေ ကျွန်တော်တို့ ဒီထွက်လာရတာ ဘာကြောင့်လဲ။ ရာဇာဓိရာဇ် ထွက်မလာမှာကိုပဲ စိုးရိမ်တယ်။ အခု ထွက်လာပြီ မဟုတ်လော" ဆိုကာ နောင်တော်တားပါလျက် မနာယူဘဲ ဆင်းမြို့ချောင်းကို ကူးသတဲ့။ နောင်တော်ဆင်ဖြူရှင်တရဖျားဟာ မြင်းနဲ့ အပြင်းစိုင်းပြီး ညီကို တားတယ်။ အဲဒီလိုတားရာမှာ ရဲမက်တွေ အကွဲကွဲ ရှိလေသတဲ့။

စစ်သည်ရဲမက်တွေ အကွဲကွဲဖြစ်နေတာကို ရာဇာဓိရာဇ် မြင်တဲ့အခါ စည်သံမောင်းသံပေးပြီး လိုက်တိုက်တယ်။ ပြင်စည်းစားမင်းဆွေရဲ့ စစ်သည်တွေလည်း အစုံအညီ တစ်ဖက်ကမ်း မရောက်သေးဘူးတဲ့။ မင်းဆွေတပ်ချောင်း ဖြတ်ကူးတာကို ချက်ကောင်းယူပြီး ရာဇာဓိရာဇ် ဖြတ်ကာ တိုက်လေသတဲ့။ မင်းဆွေရဲ့ တပ်လည်း ပျက်လေတယ်။

နောင်တော် အိမ်ရှေ့မင်းလည်း စစ်သည် အင်အားချင်း မမျှတာကြောင့် မိမိဘက်က အထွေးထွေး ရှိလေသတဲ့။ မြင်းတပ် ကူမယ် လာလည်း မတတ်နိုင် ချောင်းတွင်းချည့် ကျလေတယ်။ ရာဇာဓိရာဇ်လည်း စစ်ရှေ့တာကို တွေ့တာကြောင့် ထပ်တိုက်လေသတဲ့။ ပြင်စည်းစားမင်းဆွေတပ်လည်း ပျက်လေတယ်။ တပ်မှူးဗိုလ်မှူးအပေါင်းလည်း စစ်ကိုရပ်ပြီး အရုံးအစု မပျက်အောင် သိမ်းဆည်းကာ တပ်ပြန်ဆုတ်ခဲ့ကြလေတယ်။ အင်းဝနဲ့ ဟံသာဝတီစစ်မှာ အင်းဝစစ်ရှုံးခဲ့တာပေါ့။

အင်းဝတပ်တွေ တပ်တွင်းပြန်ရောက်ပြီး ငါးရက်ရှိတဲ့အခါ အိမ်ရှေ့မင်းညီနောင်ဟာ တပ်မှူးဗိုလ်မှူးအပေါင်းတို့နဲ့ တိုင်ပင်တော်မူတယ်။ "ယခု ငါတို့ ချီလာသည်မှာ ငါးလကျော်ပေပြီ။ မိုးလနီးလာပြီး မြောင်းမြစားလောက်ဖျားလည်း ငါတို့နှင့် အကူအညီအဖော်မရ။ ဟံသာဝတီအကြောင်းကိုလည်း ငါတို့သိရပြီ။ နေပြည်တော်သို့ ပြန်၍ ဆင်မြင်းဗိုလ်ပါတို့ကို ဖြည့်တင်း၍ မိုးစဲလေသာကို ချီရသော် ဟံသာဝတီသည် ငါတို့လက်ကလွတ်နိုင်ရာသော သဘောမရှိ" အဲသလို တိုင်ပင်ပြီးမှ နေပြည်တော် ပြန်လာလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မီးမသေသော်လည်း ရေနောက်ရပြီ

ကလေးတို့ရေ…

“မီးမသေ ရေမနောက်” ဆိုတာ တင်စားပြောတဲ့ စကားဖြစ်တယ်။ တစ်ပြည်နဲ့တစ်ပြည် သူ့ကိုလည်း ကိုယ်မနှောက်ယှက်၊ ကိုယ့်ကိုလည်း သူ မကျူးကျော်ကြဘဲ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံကြတာကို တင်စားပြော ဆိုလိုက်တာပဲ။

“မီးမသေသော်လည်း ရေနောက်ရပြီ” ဆိုတာမှာတော့ တစ်ဖက်က အကြည်အသာ ကမ်းလှမ်းပေမယ့် တစ်ဖက်က မနာယူနိုင်တဲ့ အနေကို ပြောတာဖြစ်တယ်။

အင်းဝနဲ့ ဟံသာဝတီ (ပဲခူး) တို့ (၂) နိုင်ငံစစ်ဖြစ်ကြရာမှာ အင်းဝ ဘက်က တပ်ဆုတ် ရုပ်သိမ်းသွားကြတာ ပြောခဲ့ပြီနော်။

အင်းဝ အိမ်ရှေ့မင်းညီနောင် တပ်ရုပ်သွားပြီး နှစ်လခန့်ရှိတဲ့အခါ မွန်မင်းရာဇာဓိရာဇ်ဟာ မှူးကြီးမတ်ရာတို့နဲ့ တိုင်ပင်တော်မူတယ်။ “ရတနာ ပူရ အဝနေပြည်တော်ကြီးဟာ အလုံးအရင်း ဆင်မြင်းဗိုလ်ပါလည်း များ တယ်။ အခုတိုက်ကြတဲ့ စစ်မှာလည်း သူတို့ဘက်က အရပ်အနေ မသင့်လို့ သာ စစ်ရှုံးသွားရတာပဲ။ နောက်တစ်ခါ မင်းကြီးစွာ ကိုယ်တိုင် စစ်ချီလာ ရင် ခက်လိမ့်မယ်” လို့ မိန့်တော်မူပြီး လက်ဆောင်ရတနာ ပိတ်အုပ်ပိတ် ကောင်းများ လက်နက်အများနဲ့ ရွှေပေမှာ သဝဏ်လွှာရေးကာ မင်းကြီးစွာ ထံ ပို့ဆက်စေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် နားတော်လျှောက်ဝံ့ပါသည် ဘကြီးတော် ရွှေနန်းသခင်။ ကျွန်ုပ်၏ ခမည်းတော်မရှိတဲ့အခါ ကျွန်ုပ်တို့အကြား မြောင်းမြစားလောက်ဖျား ကုန်းချောကုန်းတိုက် လုပ်သဖြင့် နှစ်နိုင်ငံ စစ်ဖြစ်ရသည်။ အများသတ္တဝါတို့လည်း ဆင်းရဲပင်ပန်းကြသည်။ လောက်ဖျားသည် ကျွန်ုပ်ခမည်းတော်ရှိစဉ်ကတည်းက ကျေးဇူးကို မထောက်ပုန်ကန်သူဖြစ်ပါသည်။ ဘကြီးတော်မင်းကြီးစွာကိုလည်း ကြာလျှင် ပုန်ကန်ပါလိမ့်မည်။ ကျွန်ုပ်လည်း သင်းကို မနိုင်ဘဲမနေ။ ဘကြီးတော်လည်း ကျွန်ုပ်ခမည်းတော် ရှိစဉ်ကာလကကဲ့သို့ သနားချစ်ကြည်တော် မူပါ" လို့ သာယာချေင်စွာ တင်လျှောက်လိုက်သတဲ့။

အိမ်ရှေ့မင်းညီနောင် နှစ်ပါးအတွက်လည်း ရွှေကြုတ်၊ ရွှေငါးရုပ်၊ ရွှေပုစွန်ရုပ်များနဲ့ ပိတ်ကောင်းများ လက်ဆောင်ပေးကာ ချစ်ကြည်စကားပါးလိုက်လေသတဲ့။ ဟံသာဝတီသံတမန်တို့ မင်းကြီးစွာ ခြေတော်ရင်းရောက်ပြီး တင်လျှောက်ကြ၊ သဝဏ်ရာဇသံဆက်ကြတဲ့အခါ မင်းကြီးက "ထောင်းသည်မနာ၊ ကြိတ်သည်နာ" ဆိုသကဲ့သို့ ငါ့သားများ ရှုံးသည်ကို နှုတ်ရေးနဲ့ နှိပ်စက်ဆိုချေတယ်။ ရှေ့အဖို့မှာ ပုသိမ်၊ မြောင်းမြဟာ မွန်ကလေးတို့ လက်ဝင်ဖြစ်ရှော့မယ်" လို့ သံတမန်တွေရှေ့မှာတင် မိန့်တော်မူပြီး သံတို့ကိုလည်း တစ်လလောက်နေစေကာ လက်ဆောင်ပဏ္ဏာအများ တုံ့ပြန်ပေးတော်မူလေသတဲ့။

ရာဇာဓိရာဇ်က မင်းကြီးစွာထံ လက်ဆောင်အများနဲ့ သဝဏ်လွှာဆက်ကြောင်း မြောင်းမြစားလောက်ဖျား ကြားတဲ့အခါ သူကလည်း လက်ဆောင်အများနဲ့ သဝဏ်လွှာကို မင်းကြီးစွာထံသို့ ဆက်စေပြန်သတဲ့။ သမက်တော် သမိန်ရဲသင်ရန်ကို အမြန်စေလိုက်တယ်။ သူများချစ်ကြည်တာကို လောက်ဖျားသွေးထိုးပြန်တာပေါ့ကွယ်။

လောက်ဖျားရဲ့ စာသဝဏ်ထဲမှာ အိမ်ရှေ့မင်းညီနောင် အညီအညွတ်မရှိခင် ရာဇာဓိရာဇ်တိုက်လို့သာ မင်း နှစ်ပါး ရှုံးရကြောင်း၊ အခိုက်မိ စစ်ကူ ကျွန်တော် မရောက်နိုင်တာ ကျွန်တော့်အပြစ်ဖြစ်ပါကြောင်းတွေ ရေးပြီး-

www.burmeseclassic.com

www.burmeseclassic.com



"သည်တစ်ကြိမ်ထပ်၍ ချီကာ "အလွဲ" ဟူသောအရပ်တွင် နေတော်မူပါ။ ကျွန်တော်မျိုး အရှင့်ခြေရင်းတော်သို့ ရောက်လာပါမည်။ မင်းကြီးရောက်လျှင် လိုင်မြို့ကို တိုက်မည်။ လိုင်ကိုအလိုပြည့်လျှင် မော်ဗီမြို့ကို တိုက်မည်။ မော်ဗီကို နိုင်လျှင် ဒလမြို့ကို တိုက်မည်။ နိုင်လျှင် ဒဂုံမြို့ကို တိုက်မည်။ နိုင်လျှင် ဟံသာဝတီ (ပဲခူး) ကို တိုက်မည်။ သည်ကဲ့သို့ အရှင်မင်းကြီးတိုက်လျှင် ဗညားနွဲ့ (ရာဇာဓိရာဇ်) ကို အလွယ်ရတော်မူမည်" လို့ နားတော်လျှောက်လိုက်ပြန်တယ်။

လောက်ဖျားသွေးထိုးတာကြောင့် မင်းကြီးစွာ ဒုတိယအကြိမ် မွန်တို့ဒေသကို စစ်ချီပြန်တယ်။ "အလွဲ" ဆိုတဲ့ အရပ်ရောက်တဲ့အခါ လောက်ဖျားလည်း အလုံးအရင်းနဲ့ သူ့ဆွေမျိုးတွေစုကာ "ဝေန်ဝ" အရပ်သို့ အရောက်ကြိုလာသတဲ့။ မင်းကြီးစွာတပ်များ၊ လောက်ဖျားတပ်များ စုံညီတဲ့အခါ လိုင်မြို့ကို တိုက်ကြပြန်တယ်။ လိုင်မြို့မှာ ရာဇာဓိရာဇ်နဲ့ စစ်သူကြီးအမတ်ဒိန်မဏိရွတ် ကြံ့ကြံ့ခံတာကြောင့် နှစ်ကြိမ် သုံးကြိမ် တိုက်ပေမယ့် ရသေးဘူး။ဒါကြောင့် မြို့ပြင်ကပဲ ဝန်းရံနေကြတာ တစ်လလောက် ကြာသွားတယ်။

မော်ဗီမြို့မှာလည်း ပင်းယစား၊ ပင်လယ်စားတို့ တပ်နိုင်ပြုနေတယ်။ ရာဇဓိရာဇ်ဘက်ကလည်း တပ် ငါး တပ်နဲ့ ချီလာတယ်။ ပင်းယလစားနဲ့ ပင်လယ်စားတို့ က "မွန်တို့ဘက်က ဟစ်အော်ပြောသတဲ့" နင်တို့ ငါတို့ကို တိုက်ဝံ့သလား၊ တိုက်ဝံ့ရင် မြို့တံခါး ဖွင့်ပေးမယ်" လို့ ဟစ်အော်ပြောတော့ ရာဇာဓိရာဇ် က "နင်တို့တံခါး ဖွင့်ဝံ့ရင် ငါဝင်တိုက်မယ်" လို့ ပြန်အော်ပြောလိုက်တယ်။ ရာဇာဓိရာဇ်တပ်လည်း မြို့တံခါးဖွင့်တာနဲ့ အလုံးအရင်းနဲ့ မြို့တွင်းဝင်တိုက် တယ်။ ပင်လယ်စားက ဆင်နဲ့ ခံတိုက်တယ်။ အင်အားမမျှတာကြောင့် ဆုတ်ရတယ်။ ရာဇာဓိရာဇ်က ပင်လယ်စားတပ်တွေကို မီးတိုက်တယ်။ မော်ဗီပျက် တော့တာပေါ့။

မင်းကြီးစွာလည်း မော်ဗီကျတယ် ကြားတော့ စိတ်မသက်မသာချေဘူး။ လောက်ဖျားလည်း ရှုံ့တာနဲ့ "လိုင်မှာ ရေတိမ်တယ်၊ ရေနက်ရာတပ်ပြောင်းပါရစေလို့ မင်းကြီးစွာကို လျှောက်ပြီး အခွင့်ရတာနဲ့ တပ်ဆုတ်သွားလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာဓိရာဇ်လည်း အင်းဝတပ်သားတစ်ယောက်ကို ဖမ်းပြီး စကားမှာလိုက်သတဲ့။ "ငါက ချစ်ကြည်စွာ သဝဏ်ကမ်းတာတောင် မင်းကြီးစွာထံက စကားတစ်ခွန်းမှ မရ။ သူပုန်လောက်ဖျားစကားကို ယုံမှတ်လေတယ်။ ငါ ယခု အခြားကို မတိုက်ပြီ။ မင်းကြီးစွာကိုပဲ ရည်ရွယ်ပြီး တိုက်မယ် လျှောက်လိုက်" လို့ အင်းဝရဲမက်ကို စကားထည့်ကာ လွှတ်လိုက်လေတယ်။

ရဲမက်လည်း မင်းကြီးစွာထံ အလုံးစုံလျှောက်သတဲ့။ မင်းကြီးစွာက အကြောင်းစုံကြားပြီးတဲ့အခါ "ငါတို့တပ်မှာ လူနာလူဖျားများလှတယ်။ ဒီမှာ ဖြုတ်၊ ခြင်၊ ယင်ရဲ့လည်း များလှတယ်။ တပ်ပြောင်းမယ်" လို့ မိန့်ပြီး တပ်မှူးစစ်ကဲအပေါင်းကို ခေါ်တယ်။ "ယခု ငါဟာ လောက်ဖျားစကားနာပြီး မွန်တို့ဒေသကို ချီလာရတယ်။ လောက်ဖျားဟာ စွမ်းစွမ်းတမံလည်း တာဝန်မထမ်း။ လိုင်မြို့၊ ဒလ၊ ဒဂုံ၊ မော်ပီမြို့တို့ကို ကြိမ်ဖန်များစွာ တိုက်ခိုက်ပေမယ့် မရ။ ယခု မိုးလေကျဖို့ နီးပြီ။ ရဲမက်တို့လည်း အဖျားအနာ များလှတယ်။ နေပြည်တော်ပြန်ပြီး အင်အားဖြည့်တင်းမှ သင့်မယ်" လို့ မိန့်တဲ့အခါ ဗိုလ်မင်းအပေါင်းလည်း "သင့်လှပြီ" လို့ လျှောက်တင်ကာ တပ်စဥ်အတိုင်း နေပြည် ပြန်ကျသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## စစ်နှင့်ငြိမ်းချမ်းရေး

ကလေးတို့ရေ…

အင်းဝနဲ့ ဟံသာဝတီ စစ်ဖြစ်ကြရာမှာ မြှောင်းမြစား လောက်ဖျား သွေးထိုးစကားကြောင့် ဖြစ်ရတယ်။ ကောင်းကျိုးထက် မကောင်းကျိုး ပို ဖြစ်ရတယ်။ တစ်ဖက်က လောဘနှင့် တိုက်ရာမှာ တစ်ဖက်က ဒေါသ နဲ့ တုံ့ပြန်ကြတယ်။ ဘယ်မှာ ငြိမ်းချမ်းရေးရနိုင်ပါတော့မလဲ။ နှစ်ဦးနှစ်ဖက် သင့်မြတ်ကြမှသာ ငြိမ်းချမ်းရေး ရနိုင်ပေတယ်။

သက္ကရာဇ် (၇၅၁) ခုနှစ်မှာ မင်းကြီးစွာဟာ သားတော်မင်းဆွေကို မောမင်းသိုင်ဘွားက ဆက်လာတဲ့ သမီးတော် ရှင်မိနှောက်နဲ့ လက်ဆက် ပေးခဲ့တယ်။ မွန်မင်း ရာဇာဓိရာဇ်လည်း နှစ်နိုင်ငံကြား စစ်ဖြစ်အောင် သွေး ထိုးပေးတဲ့ မြှောင်းမြစား လောက်ဖျားကို ချီတက်တိုက်ခိုက်ပြီး သုတ်သင် လိုက်တယ်။

သက္ကရာဇ် (၇၅၂) ခုနှစ်မှာ မင်းကြီးစွာရဲ့ နိုင်ငံတစ်ခုဖြစ်တဲ့ ဂုထွတ် မြို့ကို မွန်မင်းရာဇာဓိရာဇ်က တိုက်လို့ရသတဲ့။ အဲဒီအခါ သမိန်သံကျယ် ကို ဗိုလ်မှူး၊ သမိန်ရဲသင်ရုံကို စစ်ကဲခန့်ထားကာ တပ်အလုံးအရင်းနဲ့ အခိုင် အခန့်နေကြောင်း မင်းကြီးစွာ ကြားသိရတဲ့အခါ မြန်မာတစ်ပြည်လုံးမှာရှိ တဲ့ မြို့စားပြစားတို့ကို ရုံးစုတော်မူတယ်။ အဲဒီလို အင်အားစုစည်းပြီး သား တော်အိမ်ရှေ့မင်း ဆင်ဖြူရှင်နဲ့ သားငယ်ပြင်စည်မင်း မင်းဆွေတို့ကို ကြည်း ကြောင်းချီစေတယ်။

အိမ်ရှေ့မင်းတပ်၊ မင်းဆွေတပ်တို့အပြင် တောင်ငူစား၊ တောင်တွင်း စား၊ ရမည်းသင်းစား၊ ညောင်ရမ်းစား၊ ပင်လယ်မြို့စား၊ မြင်စိုင်းစား၊ ရေ လွှဲငါးခရိုင်စား၊ ပင်းယစား၊ စစ်ကိုင်းစား၊ ပေါက်မြိုင်စား အားလုံး (၁၂) တပ် ဆင်မြင်း အလုံးအရင်းများစွာ ပါဝင်ကြတယ်။

www.burmeseclassic.com



ရေကြောင်းဘက်မှာလည်း ပြည်စား၊ မြေထဲစား၊ စကုစား၊ စလင်းစား၊ ပုဂံစား၊ တလုတ်မြို့စား၊ ပခန်းကြီးစား၊ ငစဥ့်ကူးစား အားလုံး ရှစ်တပ်အပြင် ဘုရင်မင်းကြီးစွာကိုယ်တိုင် ရွှေဖောင်တော်နဲ့ နောက်က တပ်မ ပြုပြီး ချီတော်မူတယ်။

ပြည်ကိုရောက်ကြတဲ့အခါ အနေအထားသင့်အောင် စီမံ၊ ရိက္ခာပို့ ခန့်ထားပြီး မွန်ဒေသစပ်မှာရှိတဲ့ ဂူထွတ်မြို့ကို ချီတော်မူလေသတဲ့။ အဲဒီလို အင်းဝတပ်များ စစ်ကြောင်းချီလာကြောင်း မွန်မင်းရာဇာဓိရာဇ် ကြားသိရတဲ့အခါ အမတ်မဟာသမွန်တစ်တပ်၊ သမ္ဗတ်ပွန်စည်တစ်တပ် စသည်ဖြင့် တပ် လေးရေကြောင်းချီစေတယ်။ သမိန်ဗြတ်စ၊ အမတ်ဒိန်မဏိရွတ် စသည် ဗိုလ်မှူးစစ်ကဲတို့ ဦးစီးကာ တပ်ပေါင်း (၇) တပ်၊ ရာဇာဓိရာဇ်က နောက်က တပ်မပြုကာ ဆင်မြင်းအလုံးအရင်းများစွာနဲ့ ကြည်းကြောင်းချီကြတယ်။ ကျားနဲ့ ဆင် လယ်ပြင်မှာ တွေ့ကြပြီ ဆိုသလို စစ်ပြုကြတော့မယ်။

ဘုရင်မင်းကြီးစွာ တပ်များ ဂူထွတ်မြို့ရောက်တဲ့အခါ အကြိမ်ကြိမ် တိုက်ပေမယ့် ကြံ့ကြံ့ခံတာကြောင့် မရဘူးတဲ့။ လှေတပ်ချင်းတိုက်ကြရာမှာလည်း အထွေးထွေး ရှုပ်ယှက်ခပ်နေတာပေါ့။ နောက်ဆုံးမှာတော့ မင်းကြီးစွာရဲ့ လှေတော်မှာဆွဲတဲ့ ရွှေကြိုးရွှေပန်းတို့ကို မွန်တို့ဘက်က ရသွားလေသတဲ့။

အဲဒီအခါမှာ မွန်အမတ် သမိန်သံကျယ်တို့ဟာ မင်းကြီးစွာလှေက ရတဲ့ အောင်ကြိုး ရွှေပန်းစသည်တို့ကို စစ်နားတဲ့အခါ မင်းကြီးစွာထံ ဆက်လာသတဲ့။ ဆက်စာဖြင့်လည်း တင်လျှောက်သတဲ့။

“ကျွန်တော်တပ်မှူး၊ စစ်ကဲတစ်စုတို့ ရှိခိုးသံတော်ဦး တင်ပါသည် အရှင်မင်းကြီးဘုရား။ မင်းကြီးစီးတော်မူသော လှေဖြစ်မှန်း ကျွန်တော်မျိုးတို့ မသိတာကြောင့် ထိပါးမိပါသည်။ ထိုသို့ ထိပါးမိကြောင်း တူတော် ရာဇာဓိရာဇ်ကြားလျှင် တို့မှာ အပြစ်မကင်းရှိပေသည်။ အလွဲမြို့၊ ဂူထွတ်မြို့တို့သည်လည်း အရှင်မင်းကြီးစွာ၏ မြို့များဖြစ်ပေသည်။ အလွဲမြို့စား၊ ဂူထွတ်စားတို့ မချောင်တာကြောင့် တူတော်ရဲ့ ကျွန်များက ထွက်သွားသော ကြောင့် တူတော်က အစောင့်အနေထားခြင်းမျှသာ ဖြစ်ပါသည်။ အလွဲမြို့၊ ဂူထွတ်မြို့တို့ကို မင်းကြီးသိမ်းယူတော်မူပါ။ နှစ်နိုင်ငံ “[illegible]မသေ ရေ

www.burmeseclassic.com

www.burmeseclassic.com



မနောက်'' ရွှေတစ်ပြားတည်းဖြစ်မှ သတ္တဝါအပေါင်း ချမ်းသာရာရမည့် အကြောင်း ရှိခိုးသံတော်ဦး တင်ဝံ့ပါသည် ဘုရား'' လို့ လျှောက်စာမှာ ပါသတဲ့။

ထိုအခါ မင်းကြီးစွာမိန့်တော်မူတယ်။

''ရာဇာဓိရာဇ်ဟာ (၁၆) နှစ်သားကပင် အဘကို ပုန်စားလေတယ်။ အဘမရှိတဲ့အခါ မွန်ဒေသ နှစ်ရပ်လုံးကို ရုံးစုပြီး ငါ နှစ်ကြိမ် ချီပေမယ့် မရ။ အခု ငါချီတော်မူရတာလည်း ငါ့နိုင်ငံတော် ကျေးစွန်ရွာနားကို သိမ်း ယူတာကြောင့် ငါချီရတယ်။ ငါ့မြို့ပြည်ကိုဆက်လျှင် ငါရန်ပြုဖို့ မရှိပြီ။ သူ့မြို့ကိုလည်း ငါမလိုချင်။ ငါလည်း သက်တော်ရွယ်တော် ကြီးပြီ။ ကုသိုလ်ကောင်းမှုများမယ့် အကြောင်းသာ အလိုရှိပေတယ်။ ခပ်သိမ်းသတ္တဝါ တို့ ဘေးဖြစ်စေမယ့် အရေးကို ငါမလို။ ငါ့မြို့ကိုဆက်လျှင် အရေးကြီးတော့ တယ်'' လို့ မှာတော်မူလိုက်တယ်။

ရာဇာဓိရာဇ်ရဲ့ အမတ်မဟာသမွန်၊ သမိန်ဗြပိုက်၊ သမိန်အဲကောင်း ပိန်၊ သမိန်မွန်စည် စတဲ့ အမတ်တွေလည်း လက်ဆောင်လက်နက်အများနဲ့ မင်းကြီးစွာထံ ဆက်လေတယ်။ အင်းဝရဲမက် သုံ့ပန်းတို့ကိုလည်း အကုန် ဆက်တယ်။ မင်းကြီးလည်း မွန်ရဲမက်သုံ့ပန်းတို့ကိုလည်း တစ်ယောက်မကျန် ပြန်ပေးတော်မူတယ်။ မွန်အမတ် လေးယောက်ကိုလည်း ဆင်ပေါက်တစ်စီး စီ သနားလိုက်သတဲ့။

သားတော်အိမ်ရှေ့မင်းတပ်တို့ ချီရာမှာလည်း ရာဇာဓိရာဇ်တပ်နဲ့ ပန်းကျော်အရပ်မှာ တိုက်ကြရာမှာလည်း တစ်ဖက်နဲ့တစ်ဖက် မတိုးဖွေ့ နိုင် ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေကြတယ်။ အဲဒီအခါ အရေးတော်ပြီး ပြေခဲ့ကြောင်း မွန်အမတ်တို့ ရာဇာဓိရာဇ်ထံ လျှောက်လာသတဲ့။ ရာဇာဓိရာဇ် လည်း ဘုရင်မင်းကြီးစွာနဲ့ အရေးတော်ပြီးပြေကြောင်း အိမ်ရှေ့မင်း ဆင်ဖြူ ရှင်တပ်သို့ တမန်စေလိုက်တယ်။ အရေးကြီးကြောင်း အိမ်ရှေ့မင်းသိရတဲ့ အခါ တစ်ပါးကိုတစ်ပါး လက်ဆောင်ပဏ္ဏာ ပေးကြပြီး အသီးသီး ပြန်ကြ သတဲ့။ ဘုရင်မင်းကြီးစွာလည်း ဂုဏ္ဍတ်မြို့၊ အလွဲမြို့တို့ကို ရတဲ့အခါ ဓေယျ ကာမဏိကို တပ်မှူး၊ ရာဇနော်ရထာကို စစ်ကဲ ဆင်လုံးမြင်းရင်းနဲ့ ခန့်ထား ခဲ့ပြီး ပြန်တော်မူလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## သိုဟန်ဘွားအရေး

ကလေးတို့ရေ…

အင်းဝနဲ့ ဟံသာဝတီ ငြိမ်းချမ်းရေးရပေမယ့် သိုဟန်ဘွားအရေးက ပေါ်လာပြန်တယ်။ သက္ကရာဇ် (၇၅၄) ခုမှာ မိုးညှင်းစား သိုချည်ဘွား ယောက်ဖသိုဟန်ဘွားဟာ ဆင်မြင်းအလုံးအရင်းများနဲ့ ချီလာပြီး မင်းကြီး စွာနဲ့ နိုင်ငံဖြစ်တဲ့ မြေဒူးမြို့ကို တိုက်ခိုက်လာတယ်။

အဲဒီအခါ မင်းကြီးစွာလည်း မြောက်ဘက်တစ်လွှားမှာရှိတဲ့ မြို့စား အပေါင်းနဲ့ သိခ်သူစောနှောင်း အင်းယည်တုရင်း စတဲ့ စစ်ကဲတွေကို ဆင် လုံးမြင်းရင်း အများနဲ့ ကြည်းကြောင်း ချီစေတယ်။ မင်းကြီးစွာကိုယ်တိုင် လည်း ရေကြောင်းတိုက်လှေ (၁၀၀၀)၊ ကြော့လှေ (၈၀၀) နဲ့ တကောင်းထိ တိုင်အောင် ဆန်တက်ချီတော်မူတယ်။

ကြည်းကြောင်းချီစေရာမှာ ဖြစ်ပုံက မင်းကြီးကွပ်ကဲစေလိုက်တဲ့ သိခ်သူစောနှောင်း၊ အင်းယည်တုရင်တို့ဟာ မြင်းရေးသာ ကျွမ်းကျင်ပြီး ဆင်မှာ မကျွမ်းကျင်ဘူးတဲ့။ လယ်ကိုင်း ခေရာသား ငရွှေတို့လည်း ဒိုင်းကာ ကိုသာ ကျွမ်းကျင်တယ်။ မြင်းမှာ မကျွမ်းကျင်တာကြောင့် တိုက်ပွဲမှာ အရေးမလှပဘူး။ ဒါ့ကြောင့် ရှမ်းသိုဟန်ဘွားတပ်က အင်းဝတပ်တွေ အဆုတ်မှာ အမီလိုက်ပြီး ထပ်တိုက်တယ်။ အင်းဝရဲမက်တွေ ဆုတ်ခဲ့ရပြန် တယ်။ နောက်စစ်ကိုင်းကနေ ခံစစ်တိုက်ပြန်တယ်။ သိုဟန်ဘွားတပ်ဟာ စစ်ကိုင်းမြို့ပြင်မှာရှိတဲ့ ဘုန်းကြီးကျောင်းနဲ့ လူနေအိမ်များကို မီးရှို့ဖျက်ဆီး ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိုဟန်ဘွားဟာ ရတနာ သုံးပါးကိုလည်း မရှိသေဘူး။ စစ်ဦးဘီလူး ဆိုတဲ့အတိုင်း ဘီလူးစိတ်ရှိသူသာ ဖြစ်တယ်။ အဲဒီ စစ်သတင်းအထောက် တော် လျှောက်လာတဲ့အခါ မင်းကြီးစွာလည်း ရှမ်းတို့အရေး စိတ်မအေးတာ ကြောင့် တကောင်းကနေပြီး အင်းဝကို အပြင်းစုန်ခဲ့ရပြန်တယ်။ အင်းဝ ရောက်တဲ့အခါ မြို့ပြ၊ ကျုံးမြောင်း၊ ကတုတ်၊ ရင်တားခိုင်ခန့်အောင် စီရင် ပြီး ဆင်လုံးမြင်းရင်း မြို့တွင်းသွင်းကာ ခံစစ်ပြင်တော်မူနှင့်တယ်။ တောင် ပူစား၊ တောင်တွင်းစား၊ ရမည်းသင်းစား၊ စတီးစား၊ ညောင်ရမ်းစား၊ ပေါက် မြိုင်စား၊ ပင်လယ်စားတို့ကိုလည်း အလျင်အမြန် အင်းဝကို ခေါ်တော်မူ တယ်။

တခြားမြို့စားတွေ ရောက်မလာခင် အစောဆုံး ရောက်လာသူက ရမည်းသင်းစား သီလဝပဲ။ သီလဝဟာ စကားနည်းပြီး လုပ်ရည်ကြံရည်ရှိ သူပေပဲ။ (သူ့အကြောင်း အစောပိုင်းမှာ ပြောခဲ့ပြီ) စီမံခန့်ခွဲမှုမှာလည်း ကျွမ်းကျင်သူမို့ ရဲမက်၊ ဗိုလ်မင်းတွေကို သူ့ကျွမ်းကျင်မှုအလိုက် အံကျဖြစ် အောင် စီမံတယ်။

ဒါ့ကြောင့် သိခ်သူစောနှောင်းကို မြင်းတင်ပြီး လက်ျာကြောင်းနေ စေတယ်။ အင်းယဉ်တုရင်ကိုလည်း မြင်းတင်ကာ မြင်းတပ်ကို ကွပ်ကဲစေ ပြီး လက်ဝဲစစ်ကြောင်းက နေစေတယ်။ ငရွှေနဲ့ တိတလမယားယံ့တို့ကို ဗိုင်းကာ ကိုင်ကာ ချီစေတယ်။ ရမည်းသင်းစား သီလဝကိုယ်တိုင်ကတော့ စောရဲစွာဆိုတဲ့ ဆင်ကို စီးပြီးထွက်တယ်။ ငခရာသားငရွှေကာနဲ့ ခုန်တာ တစ်တပ်လုံး ဖိန့်ဖိန့်တုန်သတဲ့။ ကျွမ်းကျင်ရာလိမ္မာဆိုတာ ဒါပဲပေါ့။

သီလဝစီမံတဲ့အတိုင်း သိုဟန်ဘွားရှမ်းတပ်တွေကို အပြင်းအထန် ကိုက်တာ (၁၅) တပ်လုံး ဖရိုဖရဲ ပြိုကွဲလေသတဲ့။ သီလဝဟာ ရှမ်းတပ် ကို အောင်တာနဲ့ သိမ်းဆည်းရမိတဲ့ ဆင်မြင်းလက်နက်၊ သုံ့ပန်း အားလုံး မင်းကြီးစွာထံ ဆက်စေပြီး သူကတော့ မင်းကြီးထံ ဝင်မခစား‌ဘဲ ရမည်း သင်းသို့ ပြန်လေသတဲ့။

မင်းကြီးစွာလည်း သိုဟန်ဘွားတပ်တွေကို အောင်နိုင်လို့ အားရတော် မူတယ်။ ဒါပေမဲ့ သီလဝသူ့ထံ အခစားမဝင်ဘဲ ပြန်သွားတာဆိုတော့ မကျေနပ်လေဘူး။ သီလဝဟာ သူ့တာဝန်ကို အလေးဂရုပြုကာ ရှုပ်ရှုပ်ချွံချွံ

www.burmeseclassic.com



တာဝန်ကျေအောင် ထမ်းရွက်သူဖြစ်တယ်။ မင်းကြီးထံ မျက်နှာရအောင် လုပ်တတ်သူမျိုး မဟုတ်တဲ့ကြောင်း စည်းတပြစ်အမတ်ကြီး ကျိုးကြောင်းလျှောက်တင်လို့ မင်းကြီးစိတ်ပြေကာ သီလဝထံ လက်ဆောင်ပဏ္ဏာများစွာ ပို့စေသတဲ့။

သက္ကရာဇ် (၇၅၇) ခုမှာ သီလဝကြွမှာ ကုန်တယ်။ ဒါ့ကြောင့် မင်းကြီးစွာက ညီမဟာပြောက်အား ရမည်းသင်းမြို့ကို စားစေသတဲ့။ တိုက်ဆင် (၆၀)၊ မြင်း (၈၀၀)၊ ရဲမက်ဗိုလ်တစ်သောင်းနဲ့တကွ ပေးသတဲ့။

ဘုရင်မင်းကြီးစွာလက်ထက်မှာ အကျော် လေးပါး ထွန်းသတဲ့။

(၁) ရမည်းသင်းစား သီလဝ (၂) သိခ်သူစောနှောင်း (၃) အင်းယည်တုရင် (၄) လက်ကိုင်းငခရာသား ငရွှေတို့ဖြစ်တယ်။ မင်းကြီးအမှုကို စွမ်းစွမ်းတမံ ထမ်းရွက်ကြတဲ့ သူရဲကောင်းတွေပေါ့ကွယ်။

မင်းကြီးစွာဟာ အပေးအကမ်းလည်း ရက်ရောတယ်။ ပညာရှိကိုလည်း ချစ်တတ်တယ်။ မင်းကြီးရဲ့ ကောင်းမှုတော်တွေက အဝရွှေစည်းခုံနဲ့ ကျောင်းတော်။ ညောင်ရမ်းစည်းခုံနဲ့ ကျောင်းတော်၊ ပေါင်းဝစည်းခုံနဲ့ ကျောင်းတော်မြောက်ဘက် ကန်စွမ်းနိမ့်စည်းခုံနဲ့ ကျောင်းတော်အမြင့်မြို့ သာသနာပိုင်ကျောင်း၊ အင်းဝထန်းတောစည်းခုံနဲ့ ကျောင်းတော်၊ မြင်းမူစည်းခုံနဲ့ ကျောင်းတော်၊ တပ်ကြီးအရပ် ရတနာ့ဂူဘုရားတို့ ဖြစ်ကြတယ်။ မင်းကြီးစွာဟာ ထီးနန်းစည်းစိမ် (၃၃) နှစ် စံစားပြီး သက်တော် (၇၀) မှာ အနိစ္စရောက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်မင်းခေါင်

ကလေးတို့ရေ…

ဘုရင်မင်းခေါင်ဆိုတာ တခြားလူမဟုတ်ဘူး။ မင်းကြီးစွာစော်ကဲနဲ့ ကန်စွန်းနိမ့်ရှာသူ မိဖုရား စောဘောဇာတို့ သင့်မြတ်ရာက မွေးဖွားလာသူဖြစ်တယ်။ သားတော် ပြင်စည်စားမင်းဆွေဟာ ဘုရင်မင်းခေါင် ဖြစ်လာတာပါပဲ။ ညီတော်စစ်ကိုင်းစား ရှင်သိဒ္ဓတ်၊ နှမတော်က မင်းလှမြတ်တို့ ဖြစ်ကြတယ်။

မင်းကြီးစွာဟာ မင်းဆွေတို့ ညီအစ်ကိုကို သားတော်ကြီး အိမ်ရှေ့မင်း ဆင်ဖြူရှင် နှိပ်စက်မှာစိုးလို့ ငယ်ငယ်က ထွန်းတုံးပုတက်ဆိုတဲ့ အရပ်မှာ အထိန်းတော် နှစ်ယောက်နဲ့ သွားထားတယ်။ အဲဒီနောက် တောင်တွင်းကျောက်စစ်မှာထားတယ်။ နောက် ပတိမ်းမဘဲဆိုတဲ့ အရပ်မှာ ထားပြန်တယ်။ နေရာတွေ ပြောင်းပြောင်းပြီး ထားတာပေါ့။

ပတိမ်းမဘဲမှာနေစဉ်အခါက အထိန်းတော် ငခင်ညိုက ငြင်းတူရိယာ အထိန်းတော် ငခင်ဘားက စည်းစုပ်တီးမှုတ်လို့ နတ်ကနားကရသတဲ့။ အဲဒီ ကရတဲ့ ငွေကြေးနဲ့ မင်းသား နှစ်ပါးကို မွေးမြူရသတဲ့။ မင်းဥဒိန်လည်း လိုက်ပြီး လုပ် ကျွေးမွေးမြူရသတဲ့။ နောက်တော့ မင်းဥဒိန်ဟာ ဦးရီးတော်ဆီမှာသွားပြီး အပါးမှာ ခစားလေသတဲ့။ ဒါ့ကြောင့် မင်းသား နှစ်ပါးကို အထိန်းတော် ငခင်ညိုနဲ့ ငခင်ဘားသာ လုပ်ကျွေးရတာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မင်းကြီးစွာက ပြန်ခေါ်လေပြီး ပင်လယ်ကျေးသယ်ရာဇာထံမှာ အပ်ကာ စာပေသင်ယူစေသတဲ့။ မင်းဆွေက (၉) နှစ်ရှယ်။ မင်းသိင်္ခတ်က (၇) နှစ်ရှယ်ပေါ့။

ဘုန်းတော်ကြီး သယ်ရာဇာဟာ ပိဋကတ်ဗေဒင်မှာ ကျွမ်းကျင်သူဖြစ်တာကြောင့် မင်းသားတို့ဇာတာကို တွက်ကြည့်ရာမှာ မင်းဆွေမင်းဖြစ်မှာကို မြင်သတဲ့။ မင်းဆွေ (၁၂) နှစ်သားအရွယ်မှာ အိပ်မက်မက်တယ်။ သူ့ရဲ့ အူတွေ ဝမ်းထဲက ထွက်ပြီး အင်းဝမြို့အလုံးကို ရစ်ပတ်တယ်လို့ အိပ်မက်တယ်။ သန်းခေါင်ကျော်ချိန်မှာ မင်းဆွေလည်း ဆရာတော်ကို နှိုးပြီး သူ့အိပ်မက်ပုံ ပြောပြတဲ့အခါ ရုတ်တရက် ဆရာတော်က ခြေနဲ့ထကန်လေသတဲ့။ "ဘာကြောင့်ပါလဲ ဘုရား" လို့ လျှောက်တဲ့အခါ ဆရာတော်က

"ငါ ပဥ္စင်းဖျို ငါးဝါရှိစဉ်က တောင်ဘီလူးပရက္ကမ မှာ စာသင်တယ်။ လေ့လာရာမှာ ဦးထုပ်ကျလာတာ ခြေနဲ့ နင်းမိတယ်။ ဒါ့ကြောင့် ငါ မင်းဆရာဖြစ်မယ် မုချလို့ သိတယ်။ မင်းဆရာဖြစ်တဲ့အခါ တံတားဦးကို ယက်မလျှိုအမိုးနဲ့ တံတားလုပ်မယ် အဓိဋ္ဌာန်ရှိတယ်။ မင်းသားမက်တဲ့ အိပ်မက်အရ မင်းဖြစ်မှာ သေချာတယ်။ မင်းဖြစ်ရင်မေ့မှာစိုးလို့ ငါခြေနဲ့ ကန်တယ်။ မင်းသားမင်းဖြစ်လျှင် တံတားဦးကို ယက်မလျှို အမိုးနဲ့ တံတားလုပ်ရမယ်" လို့ မိန့်တော်မူတယ်။ မင်းဆွေလည်း "စိုးရိမ်တော်မမူပါနဲ့၊ အလိုတော် ပြီးလိမ့်မည်" လို့ လျှောက်သတဲ့။

ခမည်းတော်မင်းကြီးစွာလည်း မင်းဆွေ (၁၂) နှစ်ရှိတဲ့အခါ အဆောင်အယောင်များနဲ့တကွ ပြင်စည်မြို့ကို ပေးတော်မူတယ်။ ပြင်စည်အသည်သား (ဆင်းရဲသား) (၃၃) ယောက်ကိုလည်း မင်းသားထံမှာ ခစားစေတယ်။ မင်းဆွေ မင်းဖြစ်တဲ့အခါ အသည်သား (၃၃) ယောက်ကို မြင်း (၃၃) စီးဖွဲ့ကာ မိမိတို့ရွာကို ပေးတော်မူတယ်။

မင်းဆွေမင်းဖြစ်လာပုံကို ပြောရရင် မင်းကြီးစွာ အနိစ္စရောက်ပြီး အိမ်ရှေ့မင်းဆင်ဖြူရှင် နန်းတက်တယ်။ မင်းဖြစ်လို့ ငါးလရှိတဲ့အခါ တောကစားထွက်ရင်း ဖော်ဂျီနဲ့ တွေ့လို့ စိတ်နောက်လာတယ်။ အထိန်းတော်သား ငနောက်ဆံလုပ်ကြံလို့ အနိစ္စရောက်ရတယ်။ ငနောက်ဆံ နန်းတက်တာ မကြည်ဖြူလို့ မှူးမတ်တို့က လုပ်ကြံပြန်တယ်။ အဲဒီအခါ မင်းဆွေကို နန်း

www.burmeseclassic.com

www.burmeseclassic.com



တာင်တော့ သူ့မှာ ဆင်မြင်းအလုံးအရင်း မရှိလို့ ဦးရိုးတော် မဟာပြောက်ကို နန်းတင်ပါဆိုတာကြောင့် မှူးမတ်တွေဟာ ရမည်းသင်းစား မဟာပြောက်ကို မင်းလာလုပ်ပါလို့ လျှောက်တင်လေတယ်။

အဲဒီအခါ မင်းဆွေရဲ့ ညီ မင်းသိင်္ခတ်က မကျေနပ်ဘူး။ "ကိုယ်စားမယ့် စည်းစိမ်သူများပေးရမလား" ဆိုပြီး မဟာပြောက်အလာမှာ ရတဲ့မင်းအားနဲ့ လမ်းက ဖြတ်တိုက်တာကြောင့် မဟာပြောက် ကြမ္မာကုန်လေတယ်။ အဲဒီမှာ မင်းဆွေမင်းဖြစ်လာတာပါပဲ။ ညီရဲ့ကျေးဇူးပေါ့။

သက္ကရာဇ် (၇၆၃) မှာ မင်းဆွေမင်းဖြစ်တယ်။ ပုဂံရွှေစည်းခုံကို သွားရာမှာ အရှေ့တောင်ထောင့်က ခြသေ့ံရုပ်ကြီးဟာ နားရွက်ထောင့်၊ မြီးချီပြီး ရှင်မြူးဟန်ပြသတဲ့။ အဲဒီညမှာပဲ "မင်းခေါင်" ဘွဲ့မည်ခံလေးလို့ အိပ်မက်ပေးတာကြောင့် "ဘုရင်မင်းခေါင်" ရယ်လို့ ဖြစ်လာရတာပဲ။ နန်းတက်ချိန်မှာ မိဖုရား ရှင်မိနှောက်ကရှိပြီးသား ဖြစ်တယ်။ မင်းခေါင်ရဲ့ မိဖုရား လေးပါးရှိတယ်။ ဆင်ဖြူရှင်နှမ စောခွေး၊ ညီမတော် မင်းပျို၊ သိုစံဘွားသမီး ရှင်မိနှောက်၊ သိခ်သူငယ်သမီး ရှင်ဘို့မယ်တို့ ဖြစ်တယ်။ အဲဒီ မိဖုရားတွေထဲမှာ ရှင်မိနှောက်မှာသာ သားသမီး လေးဦး ထွန်းကားသတဲ့။ (၁) သားတော် မင်းရဲကျော်စွာ (၂) နှမတော် ရွှေပြည်ချမ်းသာ (၃) မောင်ကော် သီဟသူ (၄) ညီတော် မင်းသားညိုတို့ ဖြစ်သတဲ့။ မင်းခေါင်နန်းတက်ချိန်မှာ သားတော်မင်းရဲကျော်စွာ (၁၀) နှစ်သား ရှိနေပါပြီ။

□

www.burmeseclassic.com

www.burmeseclassic.com

## မင်းခေါင်အမေး၊ စည်းတပြစ်အဖြေ

ကလေးတို့ရေ…

ဘုရင်မင်းခေါင် နန်းတက်တော်မူတဲ့အခါ စည်းတပြစ်အမတ်ကြီးကို ခေါ်တော်မူပြီး မေးလေတယ်။

"အဘိုး…? အဘယ်သို့ကျင့်သော် ပြည်ထဲအရေး ငြိမ်းချမ်းသာယာ ဝပြောမည်နည်း" လို့ မေးသတဲ့။ ဒီအခါ စည်းတပြစ် ပညာရှိအမတ်ကြီး ဖြေဆိုတာက -

"အရှင်မင်းကြီး

* မင်းတို့၏ ကျေးဇူးသော်ကား သည်းခံခြင်း၊ နိုးကြားခြင်း၊ လုံ့လထကြွမှုရှိခြင်း၊ ဝေဖန်ခြင်း၊ သနားခြင်း၊ ကြည့်ရှုစောင့်မခြင်း ဤသည်လျှင် မင်းတို့၏ အကျိုးစီးပွားတည်း။
* အရှင်မင်းကြီး…၊ နူးညံ့လွန်းသော မင်းကို သူတို့ နှိပ်စက်တတ်သည်။ ထက်လွန်းသောမင်းကို အများမုန်းတတ်သည်။ ထို့ကြောင့် မနူးညံ့လွန်း၊ မပြင်းထန်လွန်းသော အကျင့်ကို ကျင့်ရာ၏။
* စင်စစ်နူးညံ့လွန်းသဖြင့် လည်းကောင်း၊ ထက်လွန်းသဖြင့် လည်းကောင်း မိမိကိုယ်ကို ကြီးမြတ်သောအဖြစ်၌ တည်စိမ့်သောငှာ မတတ်နိုင်ချေ။ မညံ့မပြင်းပြုသော အကျင့်သည်သာလျှင် ကြီးမြတ်သောအဖြစ်၌ တည်စေနိုင်ချေသည်။
* အရှင်မင်းကြီး…၊ သူ၏အမှုကို ချစ်မြတ်နိုးသဖြင့် လည်းကောင်း၊ သူ၏အမွေအနှစ် အတုတ်အခွန်၌ မြို့ရွာထုံးနည်းရှိရာ ဈေး ဆိပ်တံခါး၊ ကင်းစသည်တို့၌ အဆက်ဆက်သော မင်းတို့ထက် ဆင်ချင်ရှုတ်ချ၍ ကျင့်သဖြင့် လည်းကောင်း၊ အမှန်အကာ

www.burmeseclassic.com

www.burmeseclassic.com



အတော်အဖြော င့် သုံးစွဲသဖြင့် လည်းကောင်း၊ ပေးကမ်းစွန့်ကြဲခြင်း၌ ရက်ရောသဖြင့် လည်းကောင်း၊ ချစ်ခင်နှစ်လိုဖွယ် ပြုမူသဖြင့် လည်းကောင်း၊ သာယာချေင်စွာ ပြောဆို ခေါ်ငင် စိစစ်သဖြင့် လည်းကောင်း ပြုကျင့်အပ်၏။

* စစ်မြေပြင်၌ ပြင်းစွာထိုးခုတ်ခြင်း၌ အောင်ရာအရပ်ကို သိတတ်သော သူရဲကောင်းတို့ကို လည်းကောင်း၊ အချင်းခပ်သိမ်း ရန်သူတို့ကို ငြိမ်းအောင် ပြုတတ်သော ပညာရှိသော သူတို့ကို လည်းကောင်း၊ ထင်ရှားပြီးသော အမတ်စစ်သူကြီးတို့ကို လည်းကောင်း ချစ်မြတ်နိုးအပ်၏။ ဆိုသာ၊ မိန့်သာ၊ လျှောက်သာအောင်လည်း ကျင့်အပ်၏။ ဤသည်လျှင် ဝပြောစည်ပင်ရာသော အကြောင်းတည်း။ တစ်နည်းတုံ -
* အရှင်မင်းကြီးသားတည်း မကောင်းမှုကို ပြုမူကား ဘမိလည်း မကောင်းမှု ပြုသည်မည်၏။ တပည့်တည်း မကောင်းမှုကို ပြုမူကား ဆရာလည်း မကောင်းမှုကို ပြုသည်မည်၏။
* ပြည်သူတို့ မကောင်းမှုကို ပြုမူကား မင်းလည်း မကောင်းမှုကို ပြုသည်မည်၏။ မင်းတည်း မကောင်းမှုကို ပြုမူကား ပရောဟိတ်လည်း မကောင်းမှုကို ပြုသည်မည်၏။
* ခပ်သိမ်းသောသူတို့သည် ကောင်းမှု၊ မကောင်းမှု နှစ်ပါးကို ပြုကုန်ကြသည်တွင် ခြောက်စု စု၍ တစ်စုသည် မင်းခံရ၊ စံရလေကုန်၏။ ယင်းသို့သောကြောင့် မကောင်းမှုကို ရှောင်ကြဉ်၍ ကောင်းသောအမှုကို ပွားစေလျက် လူအပေါင်းကို အဖန်တလဲလဲ ဆုံးမရာ၏။
* အရှင်မင်းကြီး၊ လူမိုက်၏ အသက်သည် နည်း၏။ (အသက်တို၏) ပညာရှိတို့၏ အသက်သည် များ၏။ (အသက်ရှည်၏။)
* လူအပေါင်းတို့၏ အသက်သည် မင်းသာလျှင်တည်း။ မင်းတို့၏ အသက်သည် မင်းကျင့်တရားသာလျှင်တည်း။
* အရှင်မင်းကြီး၊ အကြီးမရှိသော ရွာသည်လည်း ပျက်စီးတတ်၏။ အကြီးများလွန်းလျှင်လည်း ပျက်စီးတတ်၏။ မိန်းမအကြီးပြု

www.burmeseclassic.com

www.burmeseclassic.com



သော ရွာသည်လည်း ပျက်စီးတတ်၏။ သူငယ်အကြီးပြုသော ရွာသည်လည်း ပျက်စီးတတ်၏။

* မိုက်လွန်းလျှင်လည်း အမှုမကုန်ရှိတတ်၏။ လိမ္မာလွန်းလျှင် လည်း အမှုကုန်လွန်၍ ပျက်တတ်၏။

* နှိုင်းရှိဆင်ခြင်တတ်သော သူသည်သာလျှင် အရှင့်စီးပွားကို ဖြစ်စေတတ်၏။

* နို့မရှိသော လိပ်မ၊ ငါးမ၊ ကြက်မတို့သည် များစွာသော သားငယ် တို့ကို ကျွေးမွေးတတ်သည် ဖြစ်သကဲ့သို့ မင်းတို့သည်လည်း အမတ်စစ်သူကြီးတို့အား ကျွေးမွေးသုတ်သင်ရာ၏။

တစ်နည်းတုံ-

* အရှင့်သား…၊ ပြည်ကြီးတံခွန်တည်းဟူသော မြို့ပြပြည်ရွာတို့ကို မညစ်မနွမ်းရအောင် ထူထောင်မ,စသဖြင့် လည်းကောင်း၊
  - ပြည်၏ ဝမ်းတည်းဟူသော ကိုင်းကျွန်းလယ်ယာ အတုတ် အခွန်တို့ကို မဖောက်မဖျက်ဆီးသဖြင့် လည်းကောင်း၊
  - ပြည်၏မျက်စိတည်းဟူသော ဝန်ကြီးတံတိုင်းကြီးတို့ကို မျက် မုန်းမကျိုးသဖြင့် လည်းကောင်း၊
  - ပြည်စွယ်တည်းဟူသော အမှုထမ်းတို့ကို မချိုးမနှိပ်စက် သဖြင့် လည်းကောင်း၊
  - ပြည်၏ ကျေးဇူးတည်းဟူသော အမတ်၊ သေနာပတိ အစရှိ သည်တို့၏ ကျေးဇူးကို မထိမ်မြုံသဖြင့် လည်းကောင်း၊
  - အရပ်ထက်ဝန်းကျင်မှလာသော ကုန်သည်တို့ကို အကောက် အစားတည်းဟူသော ပြည်၏ တံခါးကို မပိတ်သဖြင့် လည်း ကောင်း၊
  - ပြည်၏ ဦးကင်းတည်းဟူသော တိုင်းစွန်မြို့နား၊ နိဂုံး ဇနပုဒ် တို့ကို နှိပ်စက်ညှဉ်းဆဲ မပြုသဖြင့် လည်းကောင်း ပြည်၏ အရေးဝပြောသာယာ၏။ အရှင်မင်းကြီး။ တစ်နည်းတုံ-

* ပြည်ကို ပြုစုသော မင်းတို့ကား အသီးရှိသော သရက်ပင်ကြီး၏ စိမ်းသောအသီးကို ဆွတ်၍ စားချေသော် အရသာလည်း မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



မျိုးစေ့လည်း မရသကဲ့သို့ သစ်ပင်ကြီးနှင့်တူသော ပြည်တိုင်းကား၌နေသော အမျိုးလေးပါးတို့သည် မစည်မပင် မပြန့်မပွားဘဲကို ပြည်ရွာတို့၏ ကျေးဇူးကို ခံဘိမှုကား အကျိုးလည်း ရမ်းရမ်းလွှ့လွှ့ (ကောင်းစွာ) မခံရ။ ပြည်ရွာလည်း မစည်ပင်နိုင်ဖြစ်သည်။

- မှည့်သောအသီးကို ဆွတ်၍ စားသည်ရှိသော်ကား အရသာလည်း ရှိ၏။ မျိုးစေ့လိုသော် ရသကဲ့သို့ ပြည်ရွာစည်ပင်၍ ပြန့်ပြောသည်ဖြစ်မှုကား အကျိုးလည်း ကောင်းစွာ ခံစားရ၏။ ပြည်ရွာလည်း ငြိမ်သက်တည်ကြည်သည် ဖြစ်ရာ၏။
- ပြည့်ရှင်မင်းတို့၏ မူလအရင်းခံကား မိုးနတ်သားကဲ့သို့ ပြည်သူတို့၏ အစီးအပွားကို ပြည်ရွာငြိမ်သက်အောင် ဆောင်ရာ၏။
- ထိုသို့ ဆောင်ပြီးမှ နေနတ်သားကဲ့သို့ မိမိစီးပွားကို အများကြောက်ရွံ့အောင် ဆောင်ရာ၏။
- ယမမင်းကဲ့သို့ ချစ်သောသူ၊ မုန်းသောသူ၊ ဆွေရင်းမျိုးချာ၊ သူစိမ်းပြင်ပဟူ၍ မရှိ။ တွေးဆ၍ အပြစ်အတိုင်းလျှင် ဆုံးမကွပ်ညှပ် (နှိပ်ကွပ်) ရာ၏။

ထို့ပြင်လည်း စည်းတပြစ်အမတ်ကြီးသည် အထူးထူးသော ထုံးပုံပြင်တို့ကို ပြောပြပြီးလည်း မင်းကြီးကို တင်လျှောက်လေတယ်။ မင်းကျင့်တရားနှင့်အညီ ကျင့်လျှင် တိုင်းကားပြည်ရွာ သာယာကြောင်း၊ ပြည်သူတို့ လရောင်ရိပ်ဝယ် နေရသကဲ့သို့ လည်းကောင်း ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ကြောင်း၊ ပြည်ရွာငြိမ်းချမ်းသာယာမှ သာသနာ၏ စီးပွား အရှင်မင်းကြီး၏ စီးပွား၊ သားတော် အစဉ်၊ မြေးတော်အဆက်၊ မြစ်တော် အညွန့်တို့ စီးပွားများတော်မူရာသည်'' ဟူ၍ နားတော်လျှောက်လေသတဲ့။

ဘုရင်မင်းခေါင်လည်း စည်းတပြစ်အမတ်ကြီးရဲ့ တင်လျှောက်ချက်များကို ကြားတော်မူတဲ့အခါ အလွန်အားရတော်မူတာကြောင့် ''ရာဇ'' ဟူသော ဘွဲ့မည်နဲ့ အဆောင်အယောင်များ ပေးအပ်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# စစ်သူကြီးမင်းရဲကျော်စွာ

ကလေးတို့ရေ…

ဘုရင်မင်းခေါင် မင်းဆွေဘဝ ထီးနန်းမရခင်တည်းက ခမည်းတော် မင်းကြီးစွာက မောမင်းသိုင်ဘွားသမီး ရှင်မိနှောက်နဲ့ လက်ဆက်ပေးခဲ့လို့ မင်းဆွေ ထီးနန်းစိုးစံချိန်မှာ ရှင်မိနှောက်နဲ့ရတဲ့ သားတော် မင်းရဲကျော်စွာ ဟာ (၁၀) နှစ်ရွယ် ရောက်နေပြီပေါ့။

သက္ကရာဇ် (၇၆၅) ခုနှစ်မှာတော့ ရခိုင်ဘုရင် ထောရာကြီးဟာ နိုင်ငံတော်ဖြစ်တဲ့ ယော၊ ဆော၊ လောင်းရှည်မြို့တို့ကို ထိပါးနှောင့်ယှက် ဖျက်ဆီးလာတယ်။ ဘုရင်မင်းခေါင် ကြားတဲ့အခါ မှူးမတ်တွေနဲ့ တိုင်ပင်ပြီး အဲဒီ စစ်ကြောင်းချီဖို့ သားတော်မင်းရဲကျော်စွာကို ဗိုလ်မှူးခန့်တော်မူတယ်။ မင်းရဲကျော်စွာဟာ အဲဒီအချိန်မှာ (၁၂) နှစ်ကျော် (၁၃) နှစ်အရွယ်ပဲ ရှိသေးတယ်။

ပုခန်းစား၊ ပုဂံစားစတဲ့ မြို့စားတွေကို စစ်ကဲခန့်ကာ တပ်တစ်တပ်စီ ဦးစီးစေတယ်။ မင်းရဲကျော်စွာတပ်နဲ့ဆိုရင် အားလုံး (၁၀) တပ် ရှိတယ်။ မင်းရဲကျော်စွာတပ်မှာတော့ မြို့လှစားကို စစ်ကဲခန့်တော်မူတယ်။

အဲဒီ (၁၀) တပ်မှာ တိုက်ဆင် (၄၀၀)၊ မြင်း (၅၀၀၀)၊ စစ်သည်သူရဲ တစ်သိန်းနဲ့ ရခိုင်ကို ချီလေတယ်။ မင်းရဲကျော်စွာကတော့ တပ်ချနေတုန်း သူငယ်ဖော်များနဲ့ ကျည်းသားရိုက်၊ ဂျင်ပေါက်ကစားနေသတဲ့။

အဲဒီအချိန်မှာ ရခိုင်ဘုရင် ထောရာကြီးဟာ ရဲမက်ဗိုလ်ပါ ဆင်လုံး မြင်းရင်းများစွာနဲ့ နန္ဒင်းတောင် ကကြိုပြီး စစ်ပြင်နေသတဲ့။ မင်းရဲကျော်စွာ ဦးစီးတဲ့ တပ်တော်ကြီး နန္ဒင်းတောင်ရောက်တဲ့အခါ တပ်မှူးစစ်ကဲအပေါင်းက မင်းရဲကျော်စွာကို နားတော်လျှောက်တယ်။

"အရှင့်သားတော်၊ သူတို့ချီလာတဲ့ စစ်သည်အင်အား များလှတယ်လို့ သိရပါတယ်။ သူတို့စစ်အင်အားကို ကြည့်ပြီးမှ တိုက်ပါမယ်၊ အရှင် ကြည့်ပြီးတော့သာနေပါ။ စိတ်မာန်အလိုက် သူတို့နီးလာတဲ့အခါ လုပ်ကြံတော်

www.burmeseclassic.com

www.burmeseclassic.com



မမှုပါနဲ့'' လို့ လျှောက်ကြတဲ့အခါ မင်းရဲကျော်စွာလည်း ဘယ်လိုမှ မမိန့်တဲ့ တိတ်ဆိတ်စွာနေသတဲ့။

စစ်ကဲတပ်မှူးများ ပြောဆိုလျှောက်တင်နေစဉ်ပဲ အဝေးက စစ်ချီလာသံတွေ ကြားရသတဲ့။ ရန်သူတွေ နီးလာတဲ့အခါ မင်းရဲကျော်စွာ မိန့်တော်မူတယ်။

"သူတို့ စစ်အင်အားနဲ့ ငါတို့အင်အား ကွာတယ်။ ငါတို့ ရဲမက် (၁၀) တပ်သားတို့ကို သုံးစုခွဲတိုက်မှ သူတို့ပျက်လွယ်မယ်'' လို့ အမိန့်ပေးတာကြောင့် တပ်မှူးစစ်ကဲတို့လည်း မင်းရဲကျော်စွာ အလိုလိုက်ကာ သုံးစုခွဲရတယ်။ "အရှင့်သားနဲ့ တပ် လေးတပ် အလယ်ကြောင်းနေတော်မူ။ ကျွန်ုပ်တို့လက်ဝဲ သုံးတပ်၊ လက်ျာ သုံးတပ် သင်းတို့အလယ်ကို ခွဲပြီး တိုက်မယ်'' လို့ တောင်တွင်းစား သိန်ပတေ့နဲ့ စည်ပုတ္တရာစား ရာဇ သင်္ကြိန်တို့က လျှောက်ပြီးတဲ့အခါ ပုဂံစားဥဇနာတစ်တပ်၊ စလင်းစား နော်ရထာတစ်တပ်၊ စည်ပုတ္တရာစား ရာဇသင်္ကြိန်တပ်တို့ကို လက်ျာကြောင်း ချီစေတယ်။

စဉ့်ကူးမင်း ဘယကာမဏိတပ်၊ တလုတ်မြို့စား ရာဇသူတပ်၊ တောင်ယျင်းစားတပ်တို့ကို လက်ဝဲကြောင်း ချီစေတယ်။

မြောက်မြင်းမှူး စောနစ်တပ်၊ ပေါက်မြိုင်စား စည်သူတပ်၊ ပုခန်းစား တရဖျားတပ်၊ မင်းရဲကျော်စွာ တပ်တို့ဟာ အလယ်ကြောင်းက ချီကြတယ်။

ရခိုင်ဘုရင်ထောရာကြီးလည်း အင်းဝစစ်သည်များ ချီလာပြီဆိုတာ သိတာကြောင့် သူ့တပ်ကို တပ်လှန့်ကာ အသင့်စောင့်ကြို တိုက်မယ် ပြင်ဆင်နေသတဲ့။ ဟိုတုန်းက စစ်ချီကြရာမှာ စိတ်တက်ကြွဖွယ် စစ်စည်စစ်မောင်းသံ ပေးပြီး ချီတက်လေ့ရှိတယ်။

ရင်ဆိုင်ဖို့ အခြေအနေမှာ မင်းရဲကျော်စွာက ရဲမြတ်စွာဆိုတဲ့ ဆင်တော်ကို စီးပြီး မြင်းစစ်သည် (၃၀၀၀) နဲ့ ရန်သူ့တပ် အလယ်ကြောင်းကို တရကြမ်း ချီကာ တိုက်လေသတဲ့။ အင်းဝတပ်မှူးတို့ဟာ မင်းရဲကျော်စွာ တိုက်တဲ့အခါ သူတို့လည်း မနေသာဘူး။ ဗိုလ်မှူးဖြစ်သူ မင်းရဲကျော်စွာက ရှိရှိရင့်ရင့် တိုက်တော့ သူတို့လည်း ရှပ်ရှပ်ချွံချွံ တိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်စွာ တရကြမ်း ဝင်တိုက်ရာမှာ ရန်သူဘက်က ဆင် ၄-၅ စီးလည်း သေတယ်။ မင်းရဲကျော်စွာလည်း ရခိုင်ဘုရင်ထောရာကြီးစီးတဲ့ ဆင်ဆီကို သူ့တိုက်ဆင် ရဲမြတ်စွာကို ချွန်းဖွင့်ပြီး အပြင်းဝင်တိုက်တယ်။ ရခိုင်ဘုရင်ထောရာကြီးလည်း သူ့ဆင်ဘက်က အားမတန်တာနဲ့ ဆင်ကို ရှောင်ပြီး ဆင်ပေါ်ကနေ ဆင်းကာ မြင်းပေါ်ကူးပြီး မြင်းတပ်အင်အား ငါးသောင်းနဲ့ ခံသတဲ့။ အင်းဝမြင်းစစ်သည်တို့လည်း တရကြမ်းဝင် ထိုးခုတ် တိုက်ခိုက်ကြတယ်။

စစ်ပွဲအတွင်း သူ့ဘက်ကိုယ့်ဘက် တိုက်ကြရာမှာ မြောက်ဘက်မြင်း မှူးစောနစ်ဟာ ရခိုင်ဘုရင်နဲ့ ထိပ်တိုက်တွေ့ပြီး စီးချင်းတိုက်ကြရာမှာ ရခိုင်ဘုရင့်ခေါင်းကို စောနစ်ဖြတ်လိုက်နိုင်တယ်။ ရခိုင်ဘုရင်ကျတာ မြင်တာနဲ့ ရခိုင်စစ်သည်တို့လည်း ဖရိုဖရဲဖြစ်ကာ တပ်ပျက်ပြီး ပြေးကုန်ကြတယ်။ ရခိုင်ဘုရင်ဘက်က အကျအဆုံးလည်း များတယ်။ ဆင်မြင်းသံ့ပန်းအများ လည်း မင်းရဲကျော်စွာဘက်က ရလိုက်တယ်။

မင်းရဲကျော်စွာလည်း ထောရာကြီးကျပြီး ရခိုင်တပ်ဆုတ် ပြေးရာ လိုက်တိုက်တယ်။ ရခိုင်ကို အရောက် စစ်ချီလေတယ်။ မြို့တွင်းက ကြံ့ကြံ့ ခံတာကို မင်းရဲကျော်စွာနဲ့ စစ်သည်များ ရှုပ်ရှုပ်ချုံချုံ လုပ်ကြံကြတယ်။ တစ်မြို့လုံးကို ရတော်မူတယ်။ ရခိုင်မြို့ကို မင်းရဲကျော်စွာ သိမ်းတဲ့အခါ ရခိုင်တောင်စဉ် (၇) ခရိုင်စားတို့လည်း မနေဝံ့ဘဲ လက်ဆောင် လက်နက် အများ ဆက်သလာပြီး သစ္စာခံကြတယ်။

အဲဒီ စစ်သတင်းအကြောင်းအရာတွေ ဘုရင်မင်းခေါင်ကြားတဲ့အခါ အလွန်အားရတော်မူတယ်။ ကလေးမြို့ကို စားတဲ့ အနော်ရထာစောကို မင်း မြွှာက်တန်ဆာ ငါးပါးနဲ့ ရခိုင်မြို့ကို ပေးတော်မူတယ်။ သားတော်မင်းရဲ ကျော်စွာနဲ့ စစ်သည်ရဲမက်တို့လည်း အောင်ပွဲရပြီး နေပြည်တော် ပြန်ခဲ့ကြ တယ်။ (နော်ရထာစော- ရခိုင်မြို့ကို စားလို့ တစ်နှစ်ပြည့်တဲ့အချိန်မှာ ဘုရင်မင်းခေါင်ရဲ့ (၁၃) နှစ်ရွယ် သမီးတော် ရွှေပြည်ချမ်းသာနဲ့ စုံဖက်ပေး တော်မူလေသတဲ့။)

ရခိုင်ကို လုပ်ကြံသော ပွဲကား စစ်သူကြီး မင်းရဲကျော်စွာရဲ့ ဦးဖြစ် ပေးတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အုန်းပေါင်စော်ဘွား အရေး မင်းရာဇာ လျှောက်ချက်

ကလေးတို့ရေ…

ဘုရင်မင်းခေါင်ဟာ ရခိုင်အရေးကြီးပြေလို့ ဝမ်းမြောက်အားရ ဖြစ်တော်မူဆဲ။ အဲဒီနှစ်မှာပဲ အုန်းပေါင်စော်ဘွားဟာ နိုင်ငံတော်ဖြစ်တဲ့ ထွန်ကုံးပူတက်ကို ထိပါးလာတယ်။ အဲဒီအရပ်ကို မှတ်မိကြသေးရဲ့လား။ ဘုရင်မင်းခေါင် မင်းဆွေဘဝ ငယ်စဉ်က နေခဲ့ရတဲ့ ဒေသပေါ့။

ဘုရင်မင်းခေါင်လည်း အုန်းပေါင်စော်ဘွားအရေးကို စည်းတပြစ်အမတ်ကြီးမင်းရာဇာနဲ့ တိုင်ပင်တော်မူတယ်။ အဲဒီအခါ မင်းရာဇာလျှောက်ကာက

ဘုန်းတော်ကြီးသော ဘဝရှင်ဘုရား -

ဟူးဟူးပြောင်ပြောင် လောင်တတ်သော မီးသာလျှင် သူ၏ အသက်ကို သေစေတတ်သည် မဟုတ်။ မြစ်မ ရေချမ်းသည်လည်း သူ၏အသက်ကို သေစေတတ်ပါ၏။

အုန်းပေါင်စော်ဘွား မီးနှင့်အတူ ကျင့်သည်ကို ရေချမ်းဖြင့် သတ်တော်မူပါလော့။

အုန်းပေါင်စားသိုကြောင်ဘွားသည် အနိမ့်အကျကို မသိ၍ မီးကဲ့သို့ပြုကျင့်လေငြားသော်လည်း မီးကို ရေဖြင့်ဖျန်းပက်၍ ငြိမ်းစေသကဲ့သို့ အမြိတ် အစွန် (ဘုရင့်ဆွေမျိုး အဖျားအနား) တော်နှင့် သူကောင်းပြု၍ ကျွန်ပြုတော်မူမှ နောက်နောင် အမှုတော်ကို ထမ်းစေရမည်" လို့ နားတော်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လေတယ်။ ဘုရင်မင်းခေါင်လည်း ယောက်ဖတော် ဥဇနာယော်ရဲ့ သမီး အမြိတ်အစွန်တော်နဲ့ ငါသူကောင်းပြုတော်မူမယ်။ မင်းရာဇာသွားပြီး စကားဆိုချေ" လို့ မိန့်တော်မူတာနဲ့ မင်းရာဇာဟာ အုန်းပေါင်စော်ဘွားဆီကို သွားလေတယ်။ ရောက်တဲ့အခါ ဘုရင်မင်းခေါင်ရဲ့ ဆန္ဒတော်ကို အကြောင်းပြန်ကြားလိုက်တယ်။ "သင့်ကို ဘုရင်မင်းခေါင်ရဲ့ ဆန္ဒတော်ကို အကြောင်းပြန်ကြားလိုက်တယ်၊ သင့်ကို ဘုရင်မင်းခေါင် သူကောင်းပြုတော်မူမယ်" လို့ မင်းရာဇာဆိုတဲ့အခါ အုန်းပေါင်စားသိုကြောင်ဘွားဟာ ဝမ်းသာအားရဖြစ်ပြီး လက်ဆောင်လက်နက် တရုတ်ပုဆိုး၊ ကတိုးနံ့သာ၊ ကော်ဇောတို့ကို လက်ဆောင်တော်များ ဆက်သလိုက်လေတယ်။

"အမြိတ်အစွန်တော်နှင့် သူကောင်းပြုပါလျှင် မင်းကြီးအမှုတော်ကို အသက်နှင့်အမျှ (အသက်ထက်ဆုံး) ထမ်းရွက်ပါမည်" လို့ နားတော်လျှောက်စေတယ်။ မင်းရာဇာလည်း အုန်းပေါင်စော်ဘွားဆီက ဆက်သလိုက်တဲ့ လက်ဆောင်တော်များကို သိမ်းပြီး ဘုရင်မင်းခေါင်ထံ ဆက်သကာ စော်ဘွားလျှောက်ချက်ကို ပြန်ပြောင်းလျှောက်တင်လေတယ်။

ဘုရင်မင်းခေါင်လည်း အုန်းပေါင်စော်ဘွားကို ခေါ်တော်မူပြီး လက်ထပ်အိမ်ဆောက်စေကာ တူမတော်နဲ့ ထိမ်းမြားပေးလေတယ်။ အုန်းပေါင်စော်ဘွားလည်း အဲဒီနေ့ကစပြီး မင်းကြီးထံ သစ္စာခံကာ ကတ္တီပါ၊ ပိုးဖဲ၊ မြင်းယာဉ် စသည့် လက်ဆောင်ပဏ္ဏာများ နှစ်စဉ် ဝတ်မပျက် ဆက်လေသတဲ့။

ဘုရင်မင်းခေါင်လည်း အဘိုးရာဇာကို "မြင်တတ်ပေတယ်။ အဘိုးရာဇာ လျှောက်တင်ချက်ကြောင့်သာ အမှုတော် ငြိမ်းချမ်းစွာ ပြီးပြေလေတယ်" ဆိုကာ လက်ဆောင်ပဏ္ဏာအများနဲ့ ပူဇော်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မင်းကံစီ

ကလေးတို့ရေ…

ဟံသာဝတီမှာ ဆင်ဖြူရှင် ဗညားဦးစိုးစံစဉ် ကာလကပေါ့။ ဆင်ဖြူရှင် ဗညားဦးဆိုတာ (နောင် ရာဇာဓိရာဇ် ဖြစ်လာမယ့်) ဗညားနွဲ့ရဲ့ဖခင် မွန်ဘုရင်ဖြစ်တယ်။

တစ်ခါမှာတော့ ဗညားနွဲ့ဟာ သူကောင်းသားတို့ ဂလီရိုက်နေတာ လာကြည့်တယ်။ သူကောင်းသားဆိုတာ မှူးမတ် စစ်သူကြီးတို့သားတွေ ဖြစ်နိုင်တာပေါ့။ သူတို့ဟာ မြို့ရိုးကျုံးနဲ့ ဉသဇုတ်ဘုရားကြားမှာ ဂလီရိုက် လေ့ရှိတယ်။ ဂလီရိုက်တာ ဗညားနွဲ့လာကြည့်တဲ့အခါ အနောက်ဘက်မှာ သူများထက် အဝတ်အစား ထူးခြားတဲ့ လူတစ်ယောက်ကို တွေ့သတဲ့။ အဲဒီ လူဟာ ဘုရားခြေတော်ရင်းမှာ ပေါင်းမြက်နုတ်နေသတဲ့။ ဒါနဲ့ ဗညားနွဲ့ အဲဒီလူဆီကို လျှောက်လာခဲ့တယ်။ "ဒီနေရာကို မကြာခဏ ငါရောက် တယ်။ သင့်ကို အရင်က မမြင်ဖူးပါ။ ဘယ်အရပ်မှာ သီတင်းသုံးပါသလဲ" လို့ ဗညားနွဲ့က မေးတယ်။

ထိုလူက "အရှင်မင်းသား သိလိုရင် ပြောပါ့မယ်။ တောအစွန်အဖျား မှာရှိတဲ့ နိဂြောဓဂေဟာဆိုတာ ငါ့ရဲ့ သီတင်းသုံးရာဌာနပါပဲ။ အခု ဒီကို အရှင်မင်းသားနဲ့ စကားပြောဆိုလိုလို့ လာခဲ့တာပဲ" လို့ ဆိုတဲ့အခါ ဗညားနွဲ့ က "နောင်ကို ကျွန်ုပ် ဘယ်သို့ဖြစ်လေမလဲ" လို့ မေးတယ်။ ထိုလူက "အနောက်အရပ်မှာ သင်မင်းသား မိတ်ဆွေကောင်းတစ်ဦးကို တွေ့လိမ့် မယ်။ သူဟာ နွားကျောင်းသားတစ်ကြိမ်ဖြစ်ပြီး ရဟန်း နှစ်ကြိမ် ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ ပုဂ္ဂိုလ်ထူးပေးပဲ။ သူဟာ ဗလာရအရပ်မှာ စကားထူး သုံးခွန်း ပြော လိမ့်မယ်။ ထိုစကားများကို သင်မင်းသားဖြေနိုင်လျှင် ရာမညတိုင်း မွန်ပိုင်း သုံးရပ်ကို အုပ်စိုးရတဲ့ ဧကရာဇ် မင်းဖြစ်မယ် မုချပဲ'' လို့ဆိုပြီး ကွယ် ပျောက်သွားသတဲ့။

ထိုပုဂ္ဂိုလ်ခြေရာများ လှုပ်ရှားတဲ့နေရာမှာ ဖုံတထောင်းထောင်း ထ တာကို မြင်ရတဲ့အခါ ဗညားနွဲ့ ကြက်သီးမွေးညင်း ထမိသတဲ့။ သူ့နံဘေး မှာ မသောက် (နောင် လဂွန်းအိမ်) တစ်ယောက်သာ ရှိသတဲ့။ သူတို့ ဆင်စီး ပြီး ပြန်ကြတယ်။ အိမ်ရောက်တဲ့အခါ ဗညားနွဲ့က ''ဘုရားခြေရင်းမှာ ငါ့ စကားဆိုသူဟာ ဧကန္တ နတ်ဖြစ်မယ်'' လို့ ဆိုတယ်။

''ဒဂုန်မင်း အကျဉ်းသားလွှတ်တဲ့ အရပ်ဟာ ဘယ်အရပ်လဲ'' ဗညား နွဲ့မေးတဲ့အခါ မသောက်က ''ဗလာရ အရပ်ပဲ'' လို့ ဖြေတယ်။

''အဲဒီအရပ်ကို မင်းသိရင်သွားချေ။ ရဟန်းနွယ်ဖြစ်သူ ပြောမယ့် စကားထူးကို မှတ်သားခဲ့'' လို့ ဗညားနွဲ့ဆိုတာနဲ့ မသောက်လည်း ဒဂုန်ကို ဆင်းပြီး အဲဒီအရပ်ကို သွားလေတယ်။ ဗလာရမွေ့နွန်းရွာကို ရောက်ပြီး မသောက်ဟာ ဈေးမှာ နားနေပြန်တယ်။ အဲဒီအနားမှာ ရွာသူကြီးနဲ့ ရွာသား တစ်ဦး ကြက်တိုက်နေလေတယ်။ အဲဒီနေရာကို ဆရာတော်မဟာသာမိရဲ့ တပည့် ကိုရင်ဗုဒ္ဓညာဏ ရောက်လာတယ်။

သာမဏေကို မြင်တဲ့အခါ ''ဘယ်သွားမလို့လဲ'' လို့ ရွာသားက မေးတယ်။ ကိုရင်က ''ငါ့ဆရာလွှတ်လို့ ကျောင်းဒကာ နာမကျန်းဖြစ်တာ သွားကြည့်မလို့'' လို့ ဖြေတယ်။ ''ကိုရင်ပြန်လာရင် လူနာအခြေအနေကို သိပါရစေ'' လို့ ရွာသားက မှာတယ်။ ကိုရင်လည်း လူနာသွားကြည့်ပြီး ပြန်လာတဲ့အခါ ရွာသားကို ပြောလေတယ်။

''ကျောင်းဒကာနာတာ ရာဟုဆိုလည်း ရာဟုမဟုတ်။ ရှစ်အင်္ဂါ ဆိုလည်း ရှစ်မဟုတ်။ တစ်နည်းပြောရရင် ကျွဲထွန်ယောက်ျား ကန်သင်း ထောင့်ရောက်လျှင် လှင်တဲ (ကြိမ်လုံး) ကို လှည်းမောင်းသလို ဆီးကင်းကို ရေးချတာနဲ့ တူတယ်'' လို့ ဖြေတယ်။

''ကိုရင့်စကားက စကားဆန်းဖြစ်တယ်။ ငါတို့ နားမလည်'' လို့ ရွာသားကိုဆိုတယ်။ ''သူ့ဆရာတော်က သူ့ကို ဟူးရာ၊ ဗေဒင်အလုံးစုံတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ချီးမွမ်းတယ်။ သင်တို့ နားမလည်ရင် မမှတ်နဲ့" လို့ ရှာသူကြီးက ပြောတယ်။ ထိုအခါ မသောက်လည်း စဉ်းစားသတဲ့။ "ဗညားနွဲ့ပြောလိုက်တာ၊ ဒီကိုရင်ပဲ ဖြစ်မှာပဲလို့ စဉ်းစားကာ စကားအလုံးစုံမှတ်ပြီး ပဲခူး (ဟံသာဝတီ) ကို ပြန်ခဲ့သတဲ့။ ဗညားနွဲ့ကို ပြန်ကြားတဲ့အခါ ဗညားနွဲ့စကားစဉ်ကို စဉ်းစားကာနောက်ဆုံး "ကျောင်းဒကာရဲ့ အနာသည် ယနေ့ကို မလွန်ပြီ" လို့ အဓိပ္ပာယ်ရသတဲ့။ ဟုတ် မဟုတ် မသောက်ကို ဒဂုန်လွှတ်ကာ သွားကြည့်စေတဲ့အခါ မှန်ကြောင်းသိရသတဲ့။ ကျောင်းဒကာ ဆုံးချေပြီ ဖြစ်တယ်။

ဗညားနွဲ့လည်း သူ့အဖြေမှန်လို့ ဝမ်းသာသတဲ့။

တစ်ခါမှာတော့ ရှာသူကြီးထံက ကိုရင်ငွေချေးတာ မဆပ်နိုင်လို့ သူ့မိခင်ကို ဖမ်းတယ်။ ဒါကြောင့် ကိုရင်လူထွက်ပြီး မိခင်ကိုယ်စား ရှာလူကြီးထံမှာ ကျွန်ခံသတဲ့။ သူ့အမည်ကို "မင်းကံစီ" လို့ ခေါ်ကြတယ်။

တစ်ခါမှာတော့ နွားပျောက်လို့ မင်းကံစီ ညောင်ပင်ပေါ် တက်ကြည့်သတဲ့။ သူငယ်ချင်းတွေက "နွားကို မြင်ရဲ့လား" လို့ မေးတယ်။ မင်းကံစီက "ပျောက်တဲ့နွားမှာ အနီးတွင်နေ၍ ငါမမြင်၊ အဝေးတွင်နေမှ ငါမြင်တယ်။ သစ်ပင်တက်စဉ်က ငါမမြင်၊ ဆင်းတဲ့အခါမှ ငါမြင်တယ်။ တက်တဲ့လမ်းက ငါမဆင်းရ။ တခြားလမ်းက ဆင်းခဲ့ရတယ်" လို့ ဖြေတယ်။

"မင်းဆိုသည့်စကား တို့နားမလည်ပါ" လို့ သူငယ်ချင်းတွေက ဆိုကြတယ်။ မသောက်ကြားလို့ အလုံးစုံ ပြန်ပြောတဲ့အခါ ဗညားနွဲ့က "ပျောက်တဲ့နွားဟာ ချိုင့်တွင်းမှာ ဆင်းစားနေလို့ အနီးက မမြင်ရ။ အဝေးက ကြည့်မှ မြင်ရလေတယ်။ တက်သည့်လမ်းက မဆင်းရ။ တခြားလမ်းက ဆင်းရတယ်ဆိုတာ သစ်ပင်ပေါ် သစ်ခေါင်းမှာ မြွေတွင်းရှိရမယ်။ တက်သွားစဉ်က ထိုမြွေကို မမြင်ရ။ ပြန်ဆင်းလာမှ မြင်ရတယ်။ ဒါ့ကြောင့် မြွေမရှိတဲ့ သစ်ကိုင်းဘက်က ပြန်ဆင်းခဲ့ရတယ်"

မသောက်ကို စုံစမ်းစေတဲ့အခါ ဗညားနွဲ့အဖြေမှန်တာ တွေ့ရသတဲ့။ နောက်တော့ မင်းကံစီကို ဦးလေးဖြစ်သူက ရှာလူကြီးဆီမှာ ငွေပေးချေလို့ ကျွန်ဘဝက ပြန်လွှတ်ပြီး ကိုရင် ပြန်ဝတ်လေသတဲ့။ တစ်ခါမှာတော့ ဆရာတော် သိမ်ဘုရားမှာ တံမြက်စည်းလှည်းနေစဉ် ကိုရင်ရောက်လာသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရင် သင်းပိုင်ထဲမှာ ဘာတွေထုပ်ခဲ့သလဲ" လို့ မေးတဲ့အခါ ကိုရင်က "မွန်စကားမှာ (သျှဝ) နှင့် (ကွန်) နှစ်လုံးကို မြန်မာလိုပြန်တာကို ဝိုက်ခဲ့ပါတယ်" လို့ ဖြေတယ်။ ဆရာတော်က ပြုံးသတဲ့။

အခြေအနေ စကားဆန်းကို စောင့်နားထောင်နေတဲ့ မသောက်ဟာ ဗညားနွဲ့ထံ အလုံးစုံ ပြန်ကြားလေတယ်။ ဗညားနွဲ့ကြားတဲ့အခါ အဖြေကို စဉ်းစားပြီး "မွန်စကား (သျှဝ) မြန်မာက (ဟင်) လို့ခေါ်တယ်။ မွန်စကား (ကွန်) ကတော့ မြန်မာက (သာ) လို့ ဆိုတယ်။ ဒါ့ကြောင့် ကိုရင့်သင်းပိုင်ထဲက "ဟင်းသာ" ဖြစ်မယ်လို့" ဖြေတယ်။ ဟုတ် မဟုတ် မသောက်ကို စုံစမ်းစေတဲ့အခါ ဗညားနွဲ့ အဖြေမှန်ကြောင်း သိရတယ်။

ဒါ့ကြောင့် စကားဆန်း သုံးခွန်းလုံး ဖြေနိုင်တာကြောင့် ဗညားနွဲ့ အလွန်ဝမ်းသာလေတယ်။ ဆရာတော်ထံ မသောက်ကိုလွှတ်ပြီး ပိတ်ကောင်း တစ်အုပ် လှူစေကာ ကိုရင်ကို ငါဆွေးနွေးလိုကြောင်း ဆရာတော်ကို လျှောက်၊ ငွေလိုသေးရင် ငါ့အမိမွေ့အဲလောဆီက ယူသွား၊ ပါအောင် ခေါ်ခဲ့" လို့ မှာလိုက်တယ်။

မသောက်ဒဂုန်သွားပြီး နိဗ္ဗာန်ခြံကျောင်း ဆရာတော်ထံ လှူဖွယ် ဆက်ကပ်ပြီး အလုံးစုံလျှောက်တဲ့အခါ "ကိုရင် ဗုဒ္ဓညာဏကို မင်းသား ဗညားနွဲ့တောင်းခံတာ ငါဝမ်းသာလှတယ်။ ငါလည်း အသက်ကြီးသွားလို့ နို့မဟုတ်ရင် လူထွက်ပြီး မင်းသားထံမှာ အမှုထမ်းတယ်။ ခုတော့ သာသနာရေးပဲ အားစိုက်တော့မယ်။ ကိုရင်ဟာ တခြားသူမဟုတ်။ ငါ့အစ်မရဲ့သား ဖြစ်တယ်။ စာပေကျမ်းဂန် အလွန်တတ်မြောက်တယ်။ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတယ်။ အရှင့်သားနဲ့ ထိုက်တန်ပါပေတယ်" လို့ မှာလေတယ်။ မသောက်လည်း ကိုရင် ဗုဒ္ဓညာဏကို လူထွက်စေကာ ဗညားနွဲ့ထံ ခေါ်ဆောင်ခဲ့လေသတဲ့။

ဆရာတော်မိန့်တဲ့အတိုင်း မင်းကံစီဟာ နောင်အခါ ဗညားနွဲ့ (ရာဇာဓိရာဇ်) အားကိုးအားထားရတဲ့ တိုင်ပင်ဖော် ပညာရှိအမတ်ကြီး ဖြစ်လာလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မွန်ကေရာဇ် ရာဇာဓိရာဇ်

ကလေးတို့ရေ…

မွန်မင်းရာဇာဓိရာဇ်ကို မှတ်မိကြရဲ့လား။ မင်းကြီးစွာစော်ကဲနဲ့ မဟာမိတ်ဖွဲ့ခဲ့တဲ့ မွန်မင်းဗညားဦးဟာ ရာဇာဓိရာဇ်ရဲ့ ခမည်းတော် (ဖခင်) ပဲ။ ဗညားဦးနဲ့ မိဖုရားမွေ့ဒေါက မွေးတဲ့ သားဟာ (နောင်အခါ ရာဇာဓိရာဇ် ဖြစ်လာမယ့်) အပသုံပေါင်စက်လို့ ငယ်စဉ်က အမည်ရှိတယ်။ မွေးဖွားစဉ်ကတည်းက သားတော်ဟာ ရုပ်ရည်ကြမ်းတမ်းလို့ ဖခင်ဗညားဦးက မနှစ်သက်ဘူး။ နောက်သူ့လျှာမှာလည်း အစက်ပါတယ်တဲ့။ ပသုံပေါင်စက်ကို မွေးပြီး သူ့မိခင်လည်း ဆုံးလေတယ်။

ဒါကြောင့် ပသုံပေါင်စက် ငယ်စဉ်က အရီးတော် မဟာဒေဝီက ပြုစုမွေးမြူခဲ့ရတယ်။ နို့တိုက် အထိန်းတော်ကတော့ "မွေ့အဲလော" လို့ ခေါ်တယ်။ ပသုံပေါင်စက်ကို နောက်တော့ ဗညားနွဲ့လို့ ခေါ်ကြတယ်။

ဗညားနွဲ့ လူလားမြောက်လို့ (၁၅) နှစ် အရွယ်ရောက်တဲ့အခါ အဖေတူ အမေကွဲ နှမတော် တလမေဒေါကို ခိုးပြေးတယ်။

ဖခင်မွန်ဘုရင် ဗညားဦးက အလွန်ဒေါသထွက်တာပေါ့။ ဒါ့ကြောင့် ဗညားနွဲ့ကို လက်ရဖမ်းစေပြီး အကျဉ်းချထားတယ်။ အရီးတော် မဟာဒေဝီဟာ ဗညားနွဲ့ကို ငယ်စဉ်ကတည်းက မွေးမြူခဲ့ရလို့ သံယောဇဉ်ရှိတယ်။ ဒါ့ကြောင့် အရီးတော်က ဗညားနွဲ့လွတ်မြောက်အောင် မွန်ဘုရင် ဗညားဦးထံ အသနားခံ လျှောက်တာကြောင့် ဗညားနွဲ့အကျဉ်းက လွတ်မြောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်ပဲ အရီးတော် မဟာဒေဝီက ကြပ်မတ်ပြီး တလမေဒေါနဲ့ လက်ထပ်ပေးခဲ့တယ်။

ဗညားနွဲ့ဟာ တလမေဒေါနဲ့ သားတစ်ယောက်ရတယ်။ ဗောလောကျန်းတောလို့ အမည်မှည့်သတဲ့။ သားတစ်ယောက်ရတယ်ဆိုရင်ပဲ ဗညားနွဲ့ဟာ ဒဂုန် (ရန်ကုန်) ကို ထွက်ပြီး လူသူအင်အားစုပြီး ဖခင်ကို ပုန်ကန်ပါရော။ အဲဒီအချိန်မှာ မွန်ဘုရင်ဗညားဦးဟာ နာမကျန်းဖြစ်နေတယ်။ ဒါ့ကြောင့် နိုင်ငံအုပ်ချုပ်ရေးကို အရီးတော်ကပဲ စီမံနေလေတယ်။

သို့ပေမယ့် မကြာခင်ပဲ အရီးတော် မဟာဒေဝီဟာ တူမတော် တလမေသီရိရဲ့ ခင်ပွန်း သမိန်မရူနဲ့ ငြိစွန်းတယ်လို့ သတင်းထွက်လာတယ်။ ဗညားဦး ကွယ်လွန်ရင် သမိန်မရူကို နန်းတင်မယ်လို့ မဟာဒေဝီ ကြံထားတယ်။ သူက မိဖုရားကြီး လုပ်မယ်ပေါ့။

အဲဒီ သတင်း ဗညားနွဲ့ထံ ပေါက်ကြားတယ်။ သမိန်မရူကလည်း ဗညားနွဲ့ကို အကောက်ကြံဖို့ နှစ်ကြိမ်၊ သုံးကြိမ်ဆိုသလို တောကစားထွက်ဖို့ ခေါ်လေတယ်။ ဗညားနွဲ့ကို ဇနီးသည် တလမေဒေါကလည်း သတိပေးတယ်။ နို့တိုက်မိခင် မွေ့အဲလောကလည်း သတိပေးတယ်။ ဗညားနွဲ့ကလည်း သတိရှိပေတယ်။

ဗညားနွဲ့မှာ သမိန်မရူအပြင် ရန်သူတစ်ယောက် ရှိသေးတယ်။ ဦးရီးတော် မြောင်းမြစားလောက်ဖျားဖြစ်တယ်။ လောက်ဖျားမှာက ဆင်မြင်းအလုံးအရင်းရှိလို့ ဗညားနွဲ့ကိုလည်း မနာလိုသူဖြစ်တယ်။ ဒါ့ကြောင့် ဗညားနွဲ့ ရာဇာဓိရာဇ်ဘွဲ့ခံပြီး မွန်ဘုရင်ဖြစ်လာတဲ့အခါ မင်းကြီးစွာကို သွေးထိုးပြီး ရာဇာဓိရာဇ်ကို စစ်ပြုစေခဲ့တာ ဖြစ်တယ်။

ဗညားနွဲ့ဟာ ဖခင် ဗညားဦးရှိစဉ်ကတည်းက ဒဂုန်မှာ လူသူဆင်မြင်းအလုံးအရင်း စုဆောင်းထားတယ်။ ဟံသာဝတီ အခြေအနေ နန်းတွင်းရေးတွေလည်း အမြဲ အထောက်တော်တွေနဲ့ ထောက်လှမ်းနေတယ်။ မှူးကြီးမတ်ရာတွေလည်း သူ့ဘက်ပါကြအောင် စည်းရုံးထားတာကြောင့် ဖခင် ဗညားဦး ကွယ်လွန်တာနဲ့ ထီးနန်းကို ဆက်ခံနိုင်ခဲ့တယ်။ အမတ်ဒိုက တံခါးတစ်ချပ်သာ ဖွင့်ပေးတယ်။ သူ့မျက်စိထဲက ပြောင့်တင်ခုဖြစ်တဲ့ သမိန်မရူကိုလည်း ကွပ်မျက်တော်မူတယ်။ အရီးတော် မဟာဒေဝီကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှိလို့ မသတ်လေဘူး။ ဗညားနွဲ့ဟာ ရာဇာဓိရာဇ်ဘွဲ့ ခံချိန်မှာ (၁၆) နှစ်သာရှိသေးတယ်။

အမတ်ဒိန်တို့၊ ဗိုလ်မင်းမြတ်ဇတို့ကို အားကိုးရတဲ့ အမတ်၊ စစ်သူကြီးတွေလည်း သူ့မှာရှိတာ တအားပါပဲ။ မင်းကြီးစွာနဲ့ စစ်ခင်းပြီးနောက်ပိုင်းမှာ မြောင်းမြစား လောက်ဖျားကိုလည်း တိုက်ပြီး သုတ်သင်တော်မူခဲ့တယ်။ တလမေဒေါ်နဲ့ ရတဲ့သားကိုလည်း မယုံလို့ သတ်လိုက်တယ်။ အင်းဝနဲ့ ဟံသာဝတီစစ်ဟာ မင်းကြီးစွာစော်ကဲ လက်ထက်ကနေ သားတော် ဘုရင်မင်းခေါင် လက်ထက်တိုင်ပဲ စစ်ခင်းကြတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မွန်ပညာရှိ အမတ်ဒိန်

ကလေးတို့ရေ…

ဗညားနွဲ့ဟာ ရာဇာဓိရာဇ်အမည်နဲ့ သက္ကရာဇ် (၇၄၅) ခုနှစ်မှာ ဟံသာဝတီ ထီးနန်းကို သိမ်းပိုက်တယ်။ သူ့ရဲ့ ရန်ဆူးရန်ငြောင့်တွေကို ရှင်းလေတယ်။ မျက်စိစပါးမွေးစူးသူထဲမှာ အမတ်ဒိန်လည်းပါတယ်။ အမတ်ဒိန်ဟာ မှူးမတ်ပညာရှိတစ်ဦးဖြစ်တယ်။ ရာဇာဓိရာဇ်ရဲ့ ဖခင်ဗညားဦးလက်ထက်ကတည်းက အမှုထမ်းခဲ့သူဖြစ်တယ်။ ဗညားဦး အားကိုးရတဲ့သူလည်း ဖြစ်တယ်။

ရာဇာဓိရာဇ်နန်းတက်လို့ မကြာခင်ဘဲ "အမတ်ဒိန်ငယ်" ကို သတ်စေ အမိန့်ချတယ်။ ဒီအခါ အမတ်ဒိန်က ပြန်လျှောက်လေတယ်။ သေဒဏ်ချပေမယ့် မတုန်လှုပ်လေဘူး။

"အကျွန်ုပ်ကို ကွပ်မျက်မယ်ဆိုတာ အပြစ်ကို ပြတော်မူပါ။ အပြစ်စင်စစ် ရှိသူကိုသာ ကွပ်မျက်တဲ့ မင်းသာ ဘုန်းအာနုဘော်ကြီးရာ ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့အပြစ်ကို ပြပါဦး" လို့ တင်လျှောက်တယ်။

ရာဇာဓိရာဇ်ကလည်း "မောင်မင်းအပြစ်ဟာ ငါဘုရင်ဖြစ်ရန် ကြိုးစားနေစဉ်က အခြားမှူးမတ်များဟာ ကိုယ်တိုင်ရောက်သူ ရောက်ကြတယ်။ ကိုယ်စားလွှတ်သူ လွှတ်ကြတယ်။ အကြံဉာဏ်ပေးသူ ပေးကြတယ်။ သင်ဟာ အဲဒီလိုမဟုတ်ဘူး။ ငါအခု ဘုရင်ဖြစ်မှသာ နှုတ်လက်ချိုပြား ပြုဟာတယ်။ အဲဒါ သင်ရဲ့အပြစ်ပဲ" လို့ မိန့်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ဒိန်လည်း ပြန်လျှောက်လေတယ်။ “ကျွန်တော် ရှိခိုးသံတော်ဦးတင်ဝံ့ပါတယ်။ ကျွန်တော်သည် အရှင့်ခမည်းတော်ရဲ့ ကျွန်ရင်းဖြစ်ပါတယ်။ ကျွန်တော် လူကောင်းဖြစ်လို့ အမတ်ဒိန်အမည်နဲ့ သန်လျင်မြို့ကို စားစေပါတယ်။ ကျွန်တော်ဟာ ထီးဖြူဆောင်းတဲ့ ဘုရင်စစ်ကိုသာ ခ,စားပါတယ်။ ထီးဖြူမဆောင်းသေးတဲ့ မင်းကို မခ,စားတတ်ပါ။ အမျက်တော်ရှလို့ ကွပ်မျက်ရင် ကျွန်တော် သေရပါမယ်။ အမှန်ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်ထဲရေးကတော့ ပျက်လေမယ်။ အကြောင်းက နောင်အခါ လူများအထင်အယူ မှားကြမယ်။ အမတ်ဒိန်ငယ်ဟာ ထီးဖြူဆောင်းတဲ့ မင်းကိုသာ ခ,စားတယ်။ သောင်းကျန်းတဲ့သူပုန်မင်းကို မခ,စား မဆည်းကပ်။ မကျည်းတာကြောင့် ပုန်ကန်သူ မင်းအဖြစ် ရောက်တဲ့အခါ အဲဒီအမတ်ဒိန်ငယ်ကို သတ်လေတယ်။ ဒါကြောင့် အဲဒီအမတ်လို မပြုလေနဲ့လို့ အယူမှားကြရင် အရှင်မင်းကြီးလည်း ပင်ပန်းဆင်းရဲတော်မူမယ်။ ပြည်ထဲရေးလည်း ပျက်ပေမယ်။ အဲဒီအကြောင်းတွေ မြင်တာကြောင့် အရှင့်ထံဆောင်ထားနေစဉ်က မရောက်ဖြစ်ပါ” လို့ ခြေခြေမြစ်မြစ် အမတ်ဒိန်တင်လျှောက်တဲ့အခါ ဘုရင်မှာစာခိရာဇ် ဆိတ်ဆိတ်နေလေတယ်။

အဲဒီအခါ မပိုင်ဆရာနဲ့ မင်းကံစီတို့က “အမတ်ဒိန်ငယ်ရဲ့ စကားဟာ မှန်လှပေတယ်” လို့ လျှောက်တယ်။ ထိုအခါကျမှ ဘုရင်က အမတ်ဒိန်အမည်ရင်းနဲ့ သန်လျင်မြို့ကိုပဲ ထပ်ပေးလေတယ်။ ဝင်တော်မူကာနီးတဲ့အခါ အမတ်ဒိန်ကို စည်တော်နဲ့ အိမ်သို့ ပို့စေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အမတ်ဒိန်နဲ့ ဘုရင်မင်းခေါင်

ကလေးတို့ရေ…

ရာဇာဓိရာဇ် နန်းတက်တဲ့အခါ အစဉ်အဆက် ထုံးစံအတိုင်း အင်းဝဘုရင်မင်းခေါင်ထံ ပညာရှိအမတ်ဒိန်အား စေလွှတ်ကာ ချစ်ကြည်ရေး ရာဇသံနှင့် လက်ဆောင်ပဏ္ဏာများကို ဆက်ကပ်စေတယ်။ ဘုရင်မင်းခေါင်လည်း ကောင်းစွာ ဆီးကြိုလေတယ်။

ရွှေတော်သို့ အမတ်ဒိန်ရောက်တဲ့အခါ ပညာအတိမ်အနက်ကို အကျစ်အလျစ်ကို သိလိုတာကြောင့် ထမင်းပွဲ တည်ကျွေးလေတယ်။ ထမင်းပွဲမှာ ငါးဟင်း၊ အကင်၊ အဖုတ်တို့ကို မမြင်သာအောင် အပြည့်မြှုပ်ပြီး ထည့်ထားပြီး တည်တယ်။ ဆားလှော်ကန်တော့ကို ထမင်းပွဲအလယ်မှာ မြှုပ်ပြီး ထည့်ထားတယ်။ အမတ်ဒိန်လည်း အဲဒီငါး ဟင်းတို့ကို ကျစ်လျစ်စွာ တစ်စစီသတ်လျက် ငါးကင်၊ ငါးဖုတ်တို့ကို နှစ် ဖက်လုံး အသားကိုထွင်ပြီး ထမင်းနဲ့ စားလေတယ်။

အဲဒီလို စားပုံသေသပ်ကျစ်လစ်တာ မြင်တဲ့အခါ ဘုရင်မင်းခေါင်က မေးလေတယ်။

"အမတ်ဒိန်… ဟံသာဝတီမှာ ငါးရခဲ့သလား"

"ဘုန်းကြီးပါသော အရှင်မင်းကြီး၊ အရှင့်နောင်တော် (ရာဇာဓိရာဇ်)ရဲ့ ပြည်မှာ ငါးအမျိုး (၄၀) ရှိပါတယ်။ ထူးထူးဆန်းဆန်းလည်း ရှိပါတယ်။ လဂွန်းတိုင်ဆိုတဲ့ မြို့မှာ ချောင်းတစ်ဖက်က သရက်တောရှိပါတယ်။ ချောင်းတစ်ဖက်က ကြံတောရှိပါတယ်။ ဒါကြောင့် အဲဒီချောင်းက ငါးတွေဟာ တစ်ဖက်က ချဉ်ပြီး တစ်ဖက်က ချိုပါတယ်။ 'သံ' ဆိုတဲ့ မြို့မှာတော့

www.burmeseclassic.com



သစ်ပင်ထက်တက်တဲ့ ငါး၊ ရေပေါ်သွားတဲ့ ငါး၊ ဆင်ရုပ်၊ တံခွန်ရုပ်၊ မြင်းရုပ်၊ တီရုပ်၊ ဆီမီးတိုင်ရုပ်၊ ကွမ်းကျပ်ရုပ်ဆိုတဲ့ ငါးတို့လည်း ရှိပါတယ် အရှင်။ သာယာမည်တဲ့မြို့မှာကား ငါးပိနဲ့ အရောင်းအဝယ် လုပ်ပါတယ်။ 'မဟာဂံ' ဆိုတဲ့ မြို့မှာတော့ ဆင်နဲ့ အရောင်းအဝယ်ပြုပါတယ်။ မုတ္တမမြို့မှာတော့ ကြေးနဲ့ အရောင်းအဝယ် ပြုပါတယ်။ ရန်စစ်မြို့မှာတော့ မြေကိုတူးရင် ရွှေဖြစ်ပါတယ်။ အဲဒီလို နောင်တော် (ရာဇာဓိရာဇ်) ရဲ့ ပြည်မှာ အထူးအဆန်း များပြားလှပါတယ်'' လို့ တင်လျှောက်လေတယ်။

ဒီအခါ ဘုရင်မင်းခေါင်က ''အမတ်ဒိန်၊ ငါ့မှာ သံပုရာသီးတစ်လုံးကို နှစ်ပိုင်းပိုင်းပြီး အသားကို ထွင်းပြီး ပင်ကန့်၊ တကူတပ်ကာ ငါနဲ့ မိဖုရားအင်းအလယ်မှာ စီးပြီး ကစားကြတယ်။'' အဲဒီအခါ အမတ်ဒိန်က-

''အရှင်မင်းကြီး မိန့်တော်မူတိုင်း ဟုတ်မှန်ပါလိမ့်မယ်။ နောင်တော်ရာဇာဓိရာဇ်မှာလည်း ကန်စွန်းတစ်ဆစ်ကိုခွဲပြီး ပင်ကန့်၊ တကူတပ်ကာ နောင်တော်မင်းက ပဲ့၊ မရီးတော်က ဦးစီးပြီး ဧကြပ်အင်းမှာ ကစားကြပါတယ် အရှင်'' လို့ တင်လျှောက်လေတယ်။

ဘုရင်မင်းခေါင်လည်း လက်ခုပ်တီးပြီး ရယ်သတဲ့။ ထိုအခါ အမတ်ဒိန်က ''အရှင်မင်းကြီး၊ ယခု သံပုရာသီးနဲ့ ကန်စွန်းကိုနယ်ပြီး လက်သုတ်လုပ်စားရသော် အလွန်အရသာရှိတော် မမူသလော'' လို့ လျှောက်လေတယ်။

''အမတ်ဒိန်၊ ဟံသာဝတီမှာ မင်းကဲ့သို့ မှူးကြီးမတ်ရာ မည်မျှလောက်ရှိသလဲ''

''အရှင်နောင်တော်မင်းမှာ ကျွန်ုပ်ထက်မက အရေးအရာတတ် လိမ္မာတဲ့ မှူးမတ်ကြီးများ အလွန်များလှပါတယ်။ ကျွန်ုပ်မှာ စာရေးမျှသာ ဖြစ်ပါတယ်'' လို့ လျှောက်တယ်။ အဲဒီအခါ မင်းခေါင်က ထန်းရွက်နဲ့ ကညစ်ပေးလေတယ်။ အမတ်ဒိန်လည်း ထန်းရွက်မှာ စာရေးပြီး ဆက်လေတယ်။ ကောင်းမွန်သေသပ်တဲ့ လက်ရေးနဲ့ တစ်ရွက်လုံး အပြည့်ရှိလေတယ်။ မင်းကြီးလည်း ''အိမ်း...စာရေးဖြစ်တန်ရာ၏'' လို့ မိန့်တယ်။ အဲဒီလို မေးမြန်းကြပြီးတဲ့အခါ တဲအုံ ကနားရိက္ခာ အပြည့်အစုံနဲ့ အမတ်ဒိန်ကို ဧကောင်းဇွာထားသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## အမတ်ဒိန်ဆုံးဖြတ်တဲ့ မိကျောင်းတရား

ကလေးတို့ရေ···

တစ်ခါမှာတော့ မွန်တစ်ယောက်နဲ့ မြန်မာတစ်ယောက်ဟာ လှေစီးပြီး ကုန်ရောင်းကုန်ဝယ် ပြုကြသတဲ့။ မြစ်မှာ မိကျောင်းပေါ်တာကို နှစ်ယောက်လုံး မြင်တဲ့အခါ မြန်မာက "မိကျောင်း" လို့ ဆိုတယ်။ မွန်က "ကျာမ်း" လို့ ဆိုတယ်။ ဒါနဲ့ နှစ်ယောက်သား သူပြောတာ မှန်တယ်၊ ငါ ပြောတာ မှန်တယ်လို့ အငြင်းအခုံဖြစ်ကြတဲ့အခါ "မှန်သူက ရှုံးသူဆီက ရှိပစ္စည်းကို သိမ်းယူပြီး ကျွန်ပြုစတမ်း" လို့ အလောင်းအစားပြုကာ မင်းကြီးထံ ရောက်လာကြသတဲ့။ အမတ်တစ်ယောက်ကို ဆုံးဖြတ်စေတာ မပြီးတာနဲ့ အမတ်ဒိန်ကို ဆုံးဖြတ်စေတယ်။ အမတ်ဒိန်က "သင်တို့နှစ်ယောက် မိကျောင်းကို အဘယ်အရပ်မှာ မြင်လေသလဲ" လို့ မေးတဲ့အခါ "မွန်တို့ဒေသမှာ မြင်ကြ၊ လောင်းကြပါတယ်လို့ ဖြေလေတယ်။ အမတ်ဒိန်က "မွန်ဒေသမှာ မြင်လို့ လောင်းတယ်ဆိုရင် မွန်အခေါ်နဲ့ လောင်းသူနိုင်ထိုက်တယ်။ ဒါ့ကြောင့် မြန်မာက ပစ္စည်းနဲ့ ကိုယ်အစား ရွှေတစ်ပိဿာ မွန်ကို ပေးစေ" လို့ ဆုံးဖြတ်လေတယ်။ ထိုဆုံးဖြတ်ချက်ကို ဘုရင်မင်းခေါင် အလွန်ဝမ်းမြောက်တာကြောင့် အမတ်ဒိန်အား ဆုလာဘ်များစွာ ပေးသတဲ့။

ရှေရတဲ့မွန်က သူရတဲ့ ရွှေကို မွန်ရွာအစပ်က ညောင်ပင်တစ်ပင်ရင်းမှာ တူးမြှုပ်တာကြောင့် ထိုညောင်ပင်ကို ရွှေညောင်ပင်လို့ ယခုတိုင် ခေါ်ကြသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## အမတ်ဒိန်ဆုံးဖြတ်တဲ့ သားသတ်မှု

ကလေးတို့ရေ…

အမတ်ဒိန် အင်းဝဘုရင်ဆီမှာ တည်းနေစဉ်အတွင်း အမှုတွေ ဆုံးဖြတ်ပေးဖို့ ဘုရင်မင်းခေါင် တောင်းပန်ထားတာကြောင့် ဆုံးဖြတ်ပေးရလေတယ်။

တစ်ခါမှာတော့ ယောကျ်ားတစ်ယောက်ဟာ မယား နှစ်ယောက် ယူထားသတဲ့။ မယားကြီးက ကလေးမရ။ မယားငယ်ကတော့ သားယောကျ်ားလေး ဖွားမြင်သတဲ့။ ဒါပေမဲ့ သားမဖွားတဲ့ မယားကြီးကိုပဲ လင်ယောကျ်ားက ပိုချစ်တာကြောင့် မယားငယ်က သူ့သားကို သူသတ်ပြီး မယားကြီး သတ်တယ်လို့ဆိုမှ မယားကြီးကိုမုန်းကာ သူ့ကို ပိုချစ်လိမ့်မယ်လို့ ကြိတ်ကြံသတဲ့။ ဒါနဲ့ ရေခပ်သွားတဲ့အခါ သူ့သားကို ရေတွင်းထဲ တွန်းချလေသတဲ့။ အဲလိုသတ်ပြီးတဲ့အခါမှာ မိမိသားငယ်ကို မယားကြီး သတ်ပါတယ်လို့ မင်းကြီးထံလျှောက်သတဲ့။ ဘုရင်မင်းခေါင်က အမတ်ကြီးလေးယောက်ကို စစ်ဆေးပေးဖို့ အမိန့်ချသတဲ့။

အမတ်ကြီး လေးယောက် စစ်ဆေးစီရင်ရာမှာ မပြီးနိုင်တာကြောင့် မင်းကြီး အမျက်တော်ရှပြီး အမတ်လေးဦးကို အကျဉ်းချထားလေတယ်။ နောက် အမတ်ဒိန်ဆီကို အမှုလွှဲအပ်လေသတဲ့။

အမတ်ဒိန်လည်း မယားကြီးနဲ့ မယားငယ်ကို အမျိုးမျိုး စစ်ဆေးပေမယ့် နှစ်ယောက်လုံးက မသတ်ပါလို့ အမျိုးမျိုး အကြောင်းပြ ထွက်ဆိုကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ အမတ်ဒိန်က မယားကြီးကို ဆိတ်ကွယ်ရာခေါ်သွားပြီး "သင်မသတ်ဘူးလို့ သေချာရင် အများတကာ ရှေ့မှာ ထဘီချွတ်ဝံ့ပါ့မလား"၊ ချွတ်ဝံ့ရင် သင့်ကို တရားမစွဲဘူး၊ သေဒဏ်လည်း မပေးဘဲ ထားမယ်" လို့ ဆိုရာ မယားကြီးက "သခင်ဘုရား၊ ကျွန်မတို့မှာ ရှေးဘဝက ကုသိုလ်ကံနည်းပါးတာကြောင့် မိန်းမဖြစ်လာရုံမျှမက လင်ကို တစ်ပိုင်းသာ ရပါတယ်။ အဲလို ကုသိုလ်နည်းတဲ့ မိန်းမဖြစ်လာပြီးမှ အသရေကို စွန့်ကာ ထဘီချွတ်ရမယ်ဆိုတာ ဘယ်မှာ ကောင်းနိုင်ပါတော့မလဲ။ အကျွန်ုပ်ရဲ့ အသက်ကို သတ်လျှင်လည်း ခံရမည် ဖြစ်ပါတယ်။ အသရေကိုတော့ မထိခိုက်ပါနဲ့။ သားကိုလည်း ကျွန်ုပ်မသတ်ပါ" လို့ ဆိုလေတယ်။

အဲဒီနောက် အမတ်ဒိန်က မယားအငယ်ကို ဆိတ်ကွယ်ရာကို ခေါ်သွားပြန်တယ်။ အထက်ကနည်းအတိုင်းဆိုတဲ့အခါ ထဘီကို ချွတ်ဝံ့ပါတယ် ဆိုကာ ပရိသတ်ရှေ့မှာ တကယ်ပဲ ချွတ်ချလေသတဲ့။

အမတ်ဒိန်ဟာ မယားငယ်ရဲ့ အရှက်အသရေမရှိတဲ့ အပြစ်ကို သိပြီးမှ မယားငယ် သတ်တန်ရာတယ်လို့ မုချတွက်ပြီး မယားငယ်ကို စစ်ဆေးတဲ့အခါ မယားငယ်လည်း ဟုတ်မှန်ကြောင်း ဝန်ခံရလေတယ်။ ဘုရင်မင်းခေါင် ထိုဆုံးဖြတ်ချက်ကို ကြားရတဲ့အခါ ပရိသတ်ရှေ့မှောက်မှာပဲ အမတ်ကြီးကို ဆုလာဘ်များစွာ ချီးမြှင့်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## အမတ်ဒိန်ဆုံးဖြတ်တဲ့ လက်ကောက်အမှု

ကလေးတို့ရေ…

ပညာရှိအမတ်ဆိုတာ တိုင်းရေးပြည်ရေး၌သာမက ပြည်သူတွေထဲက ဖြစ်ကြတဲ့ အမှုအခင်းတွေကိုလည်း တရားလမ်းမှန်ရောက်အောင် ဆုံးဖြတ်နိုင်စွမ်း ရှိကြတယ်။ ဒါ့ကြောင့် ရှေးက မြန်မာမင်းတွေဟာ အမတ်ပညာရှိများကို ဆည်းကပ်အကြံဉာဏ် ယူကြရလေတယ်။

တစ်ခါမှာတော့ အင်းဝနေပြည်တော်မှာ မုန့်အိုးကင်းကပ် လုပ်တဲ့မိန်းမတစ်ယောက်ဟာ ပတ္တမြား၊ နီလာ စီခြယ်ထားတဲ့ လက်ကောက် (၁၅) ကွင်းကို အိတ်တစ်ခုထဲထည့်ပြီး ပေါင်ပေါ်မှာထားကာ မုန့်လုပ်နေသတဲ့။ အဲဒီအခါ ရဟန်းတစ်ပါးဟာ မုန့်အလှူခံလာတယ်။ ထိုမိန်းမက လှူမယ်လို့ ရုတ်တရက် ထလိုက်တဲ့အခါ လက်ကောက်အိတ်ကျတာကို ရဟန်းမြင်လို့ ခြေနဲ့ ညှပ်ယူပြီး သင်းပိုင်ကြားမှာ ဝှက်ယူသွားသတဲ့။

မုန့်သည်မလည်း သတိရလို့ ကြည့်တဲ့အခါ လက်ကောက်များ ပျောက်ကြောင်း သိရတာနဲ့ သည်းထန်စွာ ငိုကြွေးပြီး မင်းကြီးထံ လျှောက်လေသတဲ့။ မင်းကြီးလည်း ထိုအမှုကို အမတ်ဒိန်အား အပ်လေတယ်။

အမတ်ဒိန်လည်း မုန့်သည်မအား စစ်မေးတဲ့အခါ မိမိအနားသို့ ရဟန်းတစ်ပါး အလှူခံလာကြောင်း ပြောပြလေတယ်။ အဲဒီရဟန်းကိုလည်း သိကြောင်းပြောတဲ့အခါ ရဟန်းနေတဲ့ကျောင်းကို ပြခိုင်းပြီးသွားသတဲ့။ အမတ်ဒိန်လည်း ရဟန်းကို ပင့်ပြီး မေးလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားကို အဆင်းအရောင် လှပတင့်တယ် တယ်ကြားလို့ ပင့်ပါတယ်။ ကြားတဲ့အတိုင်း ကြည်ညိုဖွယ်ရှိလှပါတယ်။ စာပေကျွမ်းဝင် တတ်ပါသလော"

"ငါဟာ (၇) နှစ်ရွယ်ကပင် သင်္ကန်းဝတ်တာမို့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ လောကီလောကုတ္တရာ စုံအောင် သင်ပါတယ်" လို့ ရဟန်းက ဖြေတယ်။

"ကောင်းလှပါတယ် ဘုရား" ဆိုပြီး ရဟန်းအား ကျောင်းကို ပြန်ပို့တယ်။ နောက်တစ်ခါ အမတ်ဒိန်က ဒုတိယအကြိမ် ပင့်ပြီးလျှောက်ထား ပြန်တယ်။ "အရှင်ဘုရား၊ နေပြည်တော်မှာ မင်းကျောင်း (၃၀၀) ရှိတဲ့ အနက် တစ်ကျောင်းမှာ ကျောင်းထိုင်ပုဂ္ဂိုလ်လိုနေပါတယ်။ သင့်လျော်တဲ့ ရဟန်းတစ်ပါး ရှာပေးဖို့ တပည့်တော်ထံ ဆိုလာပါတယ်။ တပည့်တော် အလိုက အရှင်ဘုရားကို ကြည်ညိုတာကြောင့် အရှင်ဘုရားသာ ရစေချင် ပါတယ်" လို့ ဆိုတယ်။ ထိုအခါ ရဟန်းက -

"မြို့အရှေ့မြောက်ထောင့်မှာ ကျောင်းတစ်ကျောင်း လစ်လပ်တာ မှန်ပေတယ်။ အဲဒီကျောင်းကို ရအောင် အမတ်ကြီး ကြံပေးမယ်ဆိုရင် သင့်ကို လက်ဆောင်များစွာ ပေးပါ့မယ်" လို့ ဆိုလေတယ်။

ထိုအခါ အမတ်ဒိန်က "ရအောင် ကြံပါ့မယ်။ ဘာလက်ဆောင် များ အရှင်ဘုရားက ပေးမှာပါလဲ" လို့ မေးတဲ့အခါ ရဟန်းက သူခိုးထားတဲ့ လက်ကောက်များကို ထုတ်ပြလေသတဲ့။ အမတ်ဒိန်လည်း "ဒီလက်ကောက် တွေ ပေးမယ်ဆိုရင် မုချ ကျောင်းရပါစေမယ်ဆိုတဲ့အခါ ရဟန်းလည်း ပေး လိုက်လေဟယ်။

အမတ်ဒိန်လည်း လက်ကောက်များရတဲ့အခါ မုန့်သည်မကို ပြလေ တယ်။ မိမိပစ္စည်း မှန်ကြောင်းဆိုလေမှ လက်ကောက်များနဲ့ မုန့်သည်မရယ်၊ ရဟန်းကိုအားလုံးကို မင်းကြီးလက်အပ်လေတယ်။

ဘုရင်မင်းခေါင်လည်း အမတ်ဒိန်အား လက်ဆောင်များစွာ ချီးမြှောက် ပူဇော်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ စစ်ပြိုင်ခြင်း

ကလေးတို့ရေ…

မင်းကြီးစွာစော်ကဲနဲ့ ရာဇာဓိရာဇ်တို့ရဲ့ စစ်ပွဲတွေအကြောင်း ပြောခဲ့ပြီနော်။ နောက် နှစ်ဖက်တူညီလို့ ငြိမ်းချမ်းရေး စကားတွေလည်း ဆိုခဲ့ကြတယ်။ အင်းဝနဲ့ ဟံသာဝတီ မွန်-မြန်မာစစ်ပွဲဟာ မင်းကြီးစွာရဲ့ သားတော် ဘုရင်မင်းခေါင်လက်ထက်မှာလည်း ဆက်ဖြစ်ကြပြန်တာပါပဲ။ ဘယ်လိုစဖြစ်သလဲဆိုတာ ကြည့်ရအောင်…။

သက္ကရာဇ် (၇၆၆) ခုနှစ်မှာ မွန်ဘုရင် ရာဇာဓိရာဇ်ဟာ စစ်သူကြီးအမတ်ဒိန်မဏိရွတ်၊ သမိန်ဗြတ်စ၊ သမိန်အဝနိုင်၊ သမိန်ဇိတ်ဗြ စတဲ့ အမတ်စစ်ကဲတပ်မှူးတွေနဲ့အတူ အင်အားတစ်သိန်းခြောက်သောင်းကျော် ခြံရံပြီး ကရဝိက် ရွှေဖောင်တော်နဲ့ ရေကြောင်းက ချီလာတယ်။

အဲဒီအကြောင်း ဘုရင်မင်းခေါင် ကြားတဲ့အခါ ရေဝတီမြစ်စဉ်တစ်လျှောက် မြို့တွေမှာရှိတဲ့ မြို့စားပြစားတွေ ဆင်မြင်းအလုံးအရင်းသွင်းပြီး အခိုင်အခံ့ နေစေတယ်။ ပြည်၊ မြေထဲ၊ စကု၊ စလင်း၊ ပုခန်းငယ်၊ စလေ၊ ပုဂံ၊ တလုတ်မြို့၊ ပုခန်းကြီး၊ စစ်ကိုင်း၊ စဥ့်ကူ စသည်ဖြင့် မြို့တွေကို အခိုင်အလုံ ပြုနေကြဖို့ တပ်လှန့်ထားတယ်။ အင်းဝနေပြည်တော်မှာလည်း ဆင်မြင်း အလုံးအရင်းသွင်းပြီး ကတုတ်၊ ရင်တား၊ တပ်ထောင်းတာ ခိုင်ခံ့အောင် စီရင်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မွန်မင်းရာဇာဓိရာဇ်ကလည်း သမက်တော် မဟာရတ်ကို သမီးတော် တလမဲကြီးနဲ့တကွ ခေါင်းလောင်းကျုံအရပ်မှာ အခိုင်အခံ့ ဆင်မြင်းအများနဲ့ နေစေတယ်။ ရာဇာဓိရာဇ် ဟံသာဝတီကနေ အလုံးအရင်းနဲ့ ချီလာပြီ သတင်းကြားတာနဲ့ ဂူထွတ်စား၊ လိုင်စား၊ သာယာဝတီစားတို့လည်း ဆင်မြင်းအလုံးအရင်း ယူပြီး ပြည်မြို့က လက်ျာပျံချီနဲ့နေပြီး စစ်ခံဖို့ ပြင်ထားလေတယ်။

ရာဇာဓိရာဇ်လည်း ပြည်မြို့ကို စတိုက်တယ်။ အကြိမ်ကြိမ် လုပ်ကြံပေမယ့် ပြည်မြို့တွင်းက ပြောင်းသေနတ်၊ အမြောက်နဲ့ ပစ်ခတ်တာကြောင့် မြို့ကို မတက်ဝံ့။ မွန်တပ်တွေလည်း အကျအဆုံးများကြတယ်။ ဒါ့ကြောင့် ပြည်ကခွာပြီး မြေထဲမြို့ဘက် ဆန်တက်ချီလေတယ်။ မြေထဲမြို့ကို ရာဇာဓိရာဇ်တပ်တွေ ဝိုင်းရံတိုက်ကြတယ်။ မြေထဲမြို့စားလည်း တက်လာတဲ့ မွန်တပ်ကို မြို့ထိပ်ကနေ ပြောင်းသေနတ်နဲ့ ပစ်ခတ်ခုခံတယ်။ အဲဒီလို ပစ်ခတ်ရာမှာ ရာဇာဓိရာဇ်ရဲ့ အမတ်ဥပါကောင်း သေနတ်ထိကာ ကျဆုံးလေတယ်။

ရာဇာဓိရာဇ်လည်း မြေထဲကနေ ဆန်ပြီး မြစ်စဉ်တစ်လျှောက် တွေ့သမျှ လှေတွေကို မီးတိုက်ပစ်ခဲ့တယ်။ အဲလိုနဲ့ ပုဂံမြို့ ရောက်ခဲ့တယ်။ ပုဂံကို တိုက်မယ် ပြင်တယ်။ ဒါပေမဲ့ ပုဂံစားဟာ အစီအမံခိုင်ခံ့တာကြောင့် မတိုက်ဘဲ ဆန်တက်ပြန်တယ်။ အင်းဝကို ရောက်လာတယ်။ အင်းဝကို အခြေအနေ အကဲခတ်ကာ မတိုက်သေးဘဲ စစ်ကိုင်းမြို့ ရေဝန်မှာ တပ်ချနေလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ပင်းယစကြိုသူမြတ်

ကလေးတို့ရေ…

မြန်မာ့သမိုင်းမှာ ထူးချွန်ထက်မြက်ပြီး ကျမ်းတတ်ပုဂ္ဂိုလ်များစွာ ရှိ
ကြတယ်။ ရဟန်းပုဂ္ဂိုလ်တွေဟာ ပြည်သူတွေကို တရားဓမ္မ ဟောကြားဆုံးမ
ရုံသာမက နိုင်ငံ့အရေးမှာလည်း အကျဉ်းအကျပ်တွေ့တဲ့အခါ ပြေလည်အောင်
ဖျှမ်းဆောင်တော်မူနိုင်ကြတယ်။ ပုဂံခေတ် တရုတ်ပြေးမင်းလက်ထက်
မောင်းဂွတ်တပ်တွေ စစ်ပြုမယ့်အရေး ဆရာတော် အရှင်ဒိသာပါမောက္ခက
(တယ်တူ၊ ပီကင်း) ကို ခရီးရှည်ကြီးသွားပြီး ကူဗလိုင်ခန်မင်းကြီးနဲ့ စကား
ဆိုခဲ့လို့ ငြိမ်းချမ်းရေးရကာ မောင်းဂွတ်တပ်ကြီး ပြန်လှည့်သွားခဲ့ရတယ်
မဟုတ်လား။

အခုလည်း အင်းဝနဲ့ ဟံသာဝတီ နှစ်ဖက်စစ်ရေး ပြင်နေကြပြီ စစ်
ကြီးဖြစ်ပွားလာရင် ပြည်သူတွေကြားထဲက မြေဇာပင်လို နင်းချေခံရကာ
အသက်အိုးအိမ် ဆုံးရှုံးကြရတော့မယ်။ သားတကွဲ မယားတကွဲနဲ့ စစ်ပြေး
ကွသည် ဖြစ်ကြတော့မယ်။

အဲဒီအရေးတွေ တွေးပြီး မွန်မင်းရာဇာဓိရာဇ် အလုံးအရင်းနဲ့ ချီလာ
တော့ အင်းဝဘက်ကလည်း နိုင်ငံတစ်ဝှန်းတပ်လှန့်ထားပြီး ခံစစ်ပြင်ရတယ်။
ရင်မင်းခေါင်ဟာ တိုင်းရေးပြည်ရေး အရေးကြီးလာတဲ့အခါ မှူးမတ်တွေ
နဲ့ တိုင်ပင်ရတော့တယ်။ ရဟန်းသံဃာတော်တွေကိုလည်း ပင့်ရလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ယခု မွန်မင်းအရေး နှုတ်ရေးနဲ့ လည်းကောင်း၊ လက်ရေးဖြင့် လည်းကောင်း သူတို့ပြန်လေအောင် မည်သို့စီရင်သင့်ပါသနည်း" လို့ မေး တဲ့အခါ မှူးမတ်တွေလည်း နှုတ်ဆိတ်နေကြတယ်။ ဒီအခါမှာ ပင်းယစကြို သူမြတ်က "မွန်မင်းအရေးကို မဆိုထားနှင့်၊ ဇမ္ဗူဒိပ်မြေပြင် မင်းအပေါင်း လာသော်လည်း နှုတ်ရေးဖြင့်ပြန်အောင် ငါစွမ်းဆောင်နိုင်တယ်" လို့ ဆိုတဲ့ အခါ ဘုရင်မင်းခေါင် အလွန်အားရသတဲ့။

အဲဒီအခါ စကြိုသူမြတ်ဟာ သက်တော် (၃၁) နှစ်၊ ပဥ္စင်းဝါ (၁၁) ဝါ ရှိပြီဖြစ်တယ်။ စကြိုသူမြတ်ဟာ မွန်မင်းရာဇာဓိရာဇ်ထံ ရှေးဦးစွာ "စကြိုသူမြတ်၊ နေ့ညမပြတ်၊ မေတ္တာရည်သွန်း၊ ပို့သွန်းအပ်သော သာသနာ့ ဒါယကာမင်းကြီး" အစချီ မေတ္တာစာကို ဦးစွာ ပို့ဆက်စေတယ်။ မေတ္တာ စာရဲ့ အနှစ်ချုပ်သဘောကတော့ တရားမင်းမြတ်ကို တွေ့လိုမြင်လိုပါကြောင်း အပြေအပြစ် ရေးသားထားတယ်။

ရာဇာဓိရာဇ်လည်း စကြိုသူမြတ်ရဲ့ မေတ္တာစာကို ရတဲ့အခါ "ငါ ယခု ချီလာတာ ရဟန်းပုဂ္ဂိုလ်တစ်ဦးမှ မတွေ့ရသေးဘူး။ ဤရဟန်းတော် ငါ့ကို တွေ့ချင်ဟန်တူတယ်။ ငါက မတွေ့ချင်ဘူးဆိုရင် ရိုင်းရာကြတော့ မယ်" လို့ စဉ်းစားပြီး "ငါ့ဆရာကို ငါလည်း မြင်ဖူးလို၏" လို့ ပြန်စာ ပေးပို့ ကွမ်းဖိတ်လျှုတော်မူလိုက်တယ်။

ပြန်စာရတယ်ဆိုရင်ပဲ စကြိုသူမြတ်က ဘုရင်မင်းခေါင်ကို လက် ဆောင်ပဏ္ဏာ အများစီရင်စေပြီး အခြံအရံများနဲ့ ထွက်တော်မူဖို့ ပြင်တယ်။ စကြိုသူမြတ်က ဆင်ဟိုင်း ငါးတောင်ပြည်ကို ရွှေကတင်ကာ စီးတော်မူ ပြီး ရာဇာဓိရာဇ်ထံ အခမ်းအနားနဲ့ ထွက်ကြွလေတယ်။

စကြိုသူမြတ်နဲ့ ရာဇာဓိရာဇ်တွေကြတဲ့အခါ သာယာစွာ နှုတ်ခွန်းဆက် ကြပြီး ပြောဆိုကြတဲ့အခါ အထူးထူးသော စကားကို ဆိုကြတယ်။

ရာဇာဓိရာဇ်က သူချီလာရတဲ့အကြောင်း လေးချက် ပြဆိုတယ်။

(၁) အထူးထူးသော အရပ်ကို ကြည့်ဖို့၊ (၂) သူ့ဘုန်းလက်ရုံးကို ပြဖို့။

(၃) သူတိုင်းနိုင်ငံ ပိုကျယ်ဝန်းစေဖို့၊ (၄) ဘုရားဖူးဖို့ စတဲ့အကြောင်း ဆိုတဲ့အခါ စကြိုသူမြတ်က တစ်ချက်ချင်း အကျိုးအကြောင်း သင့်၊ မသင့်

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန် သုံးသပ်ပြတယ်။ ရာဇာဓိရာဇ်ရဲ့ ဖခင် ဗညားဦးလက်ထက်ကတည်းက နှစ်နိုင်ငံ မီးမသေ ရေမနောက် နေထိုင်ခဲ့ကြပုံမှစပြီး ရာဇဝင်ထုံးပုံ၊ ပြည်ရွာမြို့ပြအရေး ရာဇကြောင်း၊ ဓမ္မကြောင်း အထူးထူး အပြားပြား စကားဆိုတဲ့အခါ မင်းမာန်ကြွနေတဲ့ ရာဇာဓိရာဇ်ဟာ စိတ်နှလုံးနူးညံ့လာပြီး သူ့တပ်ကို ပြန်လှည့်စေတယ်။

"ငါသည် မြန်မာနိုင်ငံကို လုပ်ကြံမယ်ဆိုပြီး ချီခဲ့တယ်။ ခု ငါ့ဆရာ တရားပြလို့ ငါပြန်တော့မယ်" ဆိုကာ စိတ်မာန်ကို နှိမ်ချတော်မူလေတယ်။ ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားက ဘုရားဝတ်ဆောင်ကြသူ ကျွန်သီးတွေကိုလည်း ပြန်လွှတ်ပေးလိုက်တယ်။ ရွှေကြက်ယက်ဘုရားမှာလည်း ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပြီး စကြိုသူမြတ်နဲ့ ရဟန်းအပါး (၁၀၀) ကိုလည်း ဇရပ်မှာ ဆွမ်းလုပ်ကျွေးတယ်။ စကြိုသူမြတ်ကိုလည်း ပုဂံအထိ ပင့်ကာ လှည့်ပြန်လေတယ်။ စကြိုသူမြတ်ရဲ့ ဖွမ်းဆောင်ချက်ဟာ မြင့်မြတ်လှတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်မင်းခေါင်၏ မင်းစိတ်မင်းမာန်

ကလေးတို့ရေ...

ပင်းယစကြိုသူမြတ်က လိမ္မာပါးနပ်စွာ စကားဆိုပြီး တရားပြခဲ့လို့ ရာဇမာန်ထကြွတဲ့ မွန်မင်းဟာ ပြန်လှည့်သွားပေမယ့် တစ်ခါဘုရင်မင်းခေါင်က မင်းစိတ်မင်းမာန် ကြွလာပြန်တယ်။ "ငါ့နိုင်ငံ၊ ငါ့ဒေသမှာ သူက ဘာမို့လို့ ဇရပ်ဆောက်သတဲ့လဲ" လို့ ဒေါထတော့တာပါပဲ။

ဒေါသဦးစီးတဲ့အခါ အကောင်းလုပ်ပေမယ့် အကောင်းလို့ မမြင်နိုင်ပေဘူး။ ရာဇာဓိရာဇ် သူ့တပ်ကို ပြန်ခေါက်လို့ ကျောက်တစ်လုံးအရပ်ကို ရောက်တယ်ဆိုရင်ပဲ ရွှေကြက်ယက်ဘုရားမှာ ရာဇဓိရာဇ် ဆောက်ခဲ့တဲ့ ဇရပ်ကို ဘုရင်မင်းခေါင် မီးတိုက်လေတယ်။ ရာဇာဓိရာဇ်ဟာ မီးခိုးတွေကို မြင်တဲ့အခါ "ငါ့ကောင်းမှုကို ဖျက်တယ်၊ အင်းဝကို မလုပ်ကြံဘဲ ပြန်တာ စကြိုသူမြတ် ဆုံးမတော်မူလို့ ဖြစ်တယ်။ အခုပဲ လှေတက်အပေါင်း လှေဦးပြန်လှည့်ကြ" လို့ အမိန့်ပေးသတဲ့။

အဲဒီအခါမှာ စကြိုသူမြတ်နဲ့ မွန်စစ်သူကြီး သမိန်ဖြတ်စ၊ အမတ်ဒိန်မဏိရွတ်တို့က "ကောင်းမှုတော်ကို ဖျက်လျှင် ဖျက်သူမှာသာ အပြစ်ရှိတယ်။ အရိယာ သံဃာတော်တို့ ခွင့်ပြုတော်မူပြီးဖြစ်လို့ တိုက်ဖို့ မသင့်ပြီ။ လုပ်ကြံတော်မူလိုလျှင် ကျွန်တော်တို့ ပြည်ရွာနဲ့ စပ်တဲ့ မြို့ပြတို့ကို အရင်တိုက်ပါဦး။ ပြီးမှ အင်းဝကို တိုက်ပါ" ဆိုတာနဲ့ လှေဦးကို လှည့်ပြီး စုန်တော်မူလေတယ်။

အဲဒီအခါ ဘုရင်မင်းခေါင်က မှူးမတ်တွေကို ခေါ်ပြီး "မွန်မင်းရာဇာဓိရာဇ် ချီတော်မူလာရာမှာ "စားမကျိုး၊ လုံမကျိုး" ပြန်ရလေတယ်။ နောက်နောင်သည်လို ရေအား၊ ကြည်းအား ချီလာရင် အရေးများလိမ့်မယ်။ အခု ငါတို့လိုက်ပြီး တိုက်မှ သင့်မယ်" လို့ မိန့်ပြီး စစ်သူကြီး သင်္ခယကာမဏိနဲ့ ရာဇသင်္ကြန်ကို ဦးစီးစေကာ မြင်းစစ်သည် (၃၀၀၀) နဲ့ ချီစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းရွက်ချူး၊ ထင်းခွေသူမျှ မတက်ရအောင် အရှေ့ဘက်ကြောင်း ပြည်မြို့တိုင်အောင် ချီရလေတယ်။ ဘယကာမဏိတို့လည်း အပြင်းတရကြမ်းချီပြီး ဆီးဆို့တိုက်လေသတဲ့။

ရာဇာဓိရာဇ်လည်း အပြင်းစုန်ပြီး ပုဂံရောက်တဲ့အခါ တန့်ကြည့်တောင် မြတ်စွာဘုရားအပေါ်မှာ ကျောင်းဆောက်ကာ ပစ္စည်း လေးပါးနှင့်တကွ စကြိုသူမြတ်ကို လှူလေတယ်။

အင်းဝစစ်သူကြီး ဘယကာမဏိနဲ့ ရာဇသင်္ကြန်လည်း ပုဂံအထိချီပြီး မြင်းတပ်ကို (၁၀၀) စု၊ (၂၀၀) စု၊ (၃၀၀) စု အစုစုခွဲပြီး မြင်းရေးစီးကာ ပြလေသတဲ့။

အဲဒီလို မြင်းရေးပြတာကို မွန်စစ်သည်တို့ မြင်ရတဲ့အခါ မြင်းတစ်သောင်း၊ ကိုးထောင်ထင်ပြီး မြစ်ဆိပ်တွင်မှ မဆိုက်ဝံ့ဘဲ အပြင်းလှော်ခတ်စုန်လေသတဲ့။ အဲသလို စုန်ရင်း စလေအရပ်ကို မွန်တပ်ရောက်တဲ့အခါ အနော်ရထာမင်းကြီးလက်ထက်က မွန်ဒေသက သိမ်းယူခဲ့တဲ့ ဘုရားဆင်းတုတော် တစ်ဆူ တွေ့သတဲ့။ မှူးမတ်တို့လျှောက်တဲ့အခါ စလေမှာ မှူးမတ်အများခန့်ထားခဲ့ပြီး ဆင်းတုတော်ကို ပင့်ဆောင်ခဲ့လေတယ်။ စလေမှာလည်း တိုက်ပွဲဖြစ်တယ်။

ရာဇာဓိရာဇ်လည်း အပြင်းစုန်ခဲ့တယ်။ ပြည်မြို့ကို ရောက်တဲ့အခါ တွေ့ရတဲ့ ဖြစ်ရပ်တွေက ရာဇာဓိရာဇ်ရဲ့ သမက်တော် မဟာရတ် အလုံးအရင်းနဲ့ ခံတာကို အင်းဝစစ်က ပြည်စားပုံချီနဲ့ စလင်းစားနော်ရထာ ပူးပေါင်းပြီး အလုံးအရင်းနဲ့ ဝင်တိုက်သတဲ့။ အဲဒီအချိန်က ရာဇာဓိရာဇ်အညာ (အထက်) အရပ်မှာ ရှိခိုက်ဖြစ်တယ်။ သမက်တော် မဟာရတ်ဟာ မခံနိုင်လို့ မြင်းတစ်စီးနဲ့ ကိုယ်လွတ်ရုန်းပြေးရသတဲ့။ မဟာရတ်ရဲ့မယား တလမဲကြိုးကို ပုံချီတို့ရပြီး ဘုရင်မင်းခေါင်ကို ဆက်သတဲ့။

အဲဒီအကြောင်းတွေကို ရာဇာဓိရာဇ် သိရတဲ့အခါ ဟံသာဝတီကို အပြင်းစုန်ပြီး ရောက်တာနဲ့ မဟာရတ်ကို သတ်တော်မူတယ်။

အဲဒီစစ်ပွဲတွေဟာ ဘုရင်မင်းခေါင်လက်ထက် အင်းဝနဲ့ ဟံသာဝတီ နှစ်နိုင်ငံကြား ဖြစ်ကြတဲ့ အကျယ်အကျယ် မငြိမ်းဖွယ် အရေးတော်တွေပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘတစ်ပြန် ကျားတစ်ပြန်

ကလေးတို့ရေ…

ဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ရဲ့ ဘတစ်ပြန်ကျားတစ်ပြန် တိုက်ကြတဲ့ စစ်ပွဲတွေဟာ သမိုင်းမှာ အထင်ကရ ရှိလှတယ်။ နှစ် (၄၀) ကြာတယ်လို့ ဆိုတယ်။ အမှန်က (၃၈) နှစ်သာဖြစ်သတဲ့။ ကိန်းပြည့်သဘော မှတ်လွယ်အောင် နှစ်လေးဆယ်လို့ သုံးနှုန်းကြတာပါပဲ။

တောက်လျှောက်ကြီး တိုက်နေကြတာတော့လည်း မဟုတ်ပေဘူး။ မိုးတွင်းအခါလိုမျိုး၊ စစ်နားတာမျိုး၊ နှစ်ဖက်အင်အားစုရင်း ကြာတဲ့ နှစ်တွေလည်း ရှိမှာပေါ့။

ရွှေကြက်ယက်က ရာဇာဓိရာဇ်ရဲ့ ကောင်းမှုဇရပ်ကို ဘုရင်မင်းခေါင် မီးတိုက်ပြီး အင်းဝတပ်တွေ ဆက်လိုက်တိုက်ကြတယ်။ ရာဇာဓိရာဇ် ဟံသာဝတီကို အပြင်းစုန်သွားပြီးနောက်ပိုင်း အနေအထားကြည့်ရအောင်။ သက္ကရာဇ် (၇၆၇) အဲဒီနှစ်အတွင်းမှာပဲ ရာဇာဓိရာဇ်ဟာ အလုံးအရင်း ဆင်မြင်းအများနဲ့ ရေကြောင်း၊ ကြည်းကြောင်း ချီပြန်တယ်။ မကျေပွဲ နွှဲမယ်ပေါ့။ ဘုရင်မင်းခေါင်ရဲ့ နိုင်ငံဖြစ်တဲ့ အလွဲမြို့၊ ဂူထွတ်မြို့တို့ကို တိုက်ပြန်တယ်။ အဲဒီအခါ အလွဲစားတုရင်ပုည၊ ဂူထွတ်စား ဘယကျော်သူတို့ဟာ ရာဇာဓိရာဇ်တပ်တွေရဲ့ တိုက်ခိုက်မှုကို ကြံ့ကြံ့မခံနိုင်တာကြောင့် စာလုံးအရင်း စုစည်းပြီး လိုင်မြို့မှာ သွားပေါင်းကာ သုံးမြို့ စုစည်းပြီး ခံစစ်နဲ့ ပြန်ရင်ဆိုင်တယ်။

ရာဇာဓိရာဇ်လည်း လိုင်မြို့ကို ကြည်းကြောင်း၊ ရေကြောင်း ဝန်းရံတိုက်ပြန်တယ်။ လိုင်မြို့တွင်းကလည်း ပြောင်းသေနတ်နဲ့ ပြန်ခုခံတာကြောင့် မွန်တပ်တွေ အထိအရှ များလှတယ်။ မြို့ရိုးကိုကျော်ပြီး မတက်နိုင်ကြဘူး။

အဲဒီအခါ ရာဇာဓိရာဇ်ရဲ့ စစ်သူကြီး သမိန်ဗြတ်စ၊ အမတ်ဒိန်မဏိရွတ်တို့က နားတော်လျှောက်ကြတယ်။ "အရှင် လိုင်မြို့ဟာ ပြောင်းသေနတ်

www.burmeseclassic.com

www.burmeseclassic.com



များပုံရတယ်။ ဒါကြောင့် တိုက်ရတာ ခက်လှတယ်။ ကိုယ့်ဘက်ကလည်း အကျအဆုံး များလှတယ်။ လိုင်မြို့ကိုထားပြီး ပြည်မြို့ကို တိုက်ခိုက်မှ သင့်မယ်။ ပြည်မြို့ကိုရရင် လိုင်မြို့ဟာ ကျွန်တော်တို့လက်က ပြေးမလွတ်နိုင်ရာပါ"

အမတ်စစ်သူကြီးတွေ တင်လျှောက်ချက်အရ ရာဇာဓိရာဇ်ဟာ လိုင်မြို့ကနေ တပ်နုတ်ပြီး ပြည်မြို့ကို ချီတက်ပြန်တယ်။ ပြည်စားပျံချီလည်း မြို့ပြကျုံးမြောင်း ကတုတ်၊ ရင်တား ခိုင်ခံ့အောင် စီရင်ထားတယ်။ ဆင်လုံးမြင်းရင်း ရဲမက်အင်အား အများအပြားကိုလည်း မြို့တွင်းသွင်းထားတယ်။ စစ်ပြင်ထားတာပေါ့။

ရာဇာဓိရာဇ်လည်း ရေအား၊ ကြည်းအား အလုံးအရင်းများနဲ့ ပြည်မြို့ကို ဝန်းရံပြီး တရကြမ်းတိုက်တယ်။ မြို့တွင်းက ပြောင်းသေနတ်တွေနဲ့ ခုခံပစ်ခတ်တာကြောင့် မြို့ရိုးကို မကျော်တက်နိုင်ချေဘူး။ ချဉ်းကပ်ဖို့ တိုးလိုက် ပြောင်းသေနတ် ကျည်ထိလိုက်နဲ့ အကျအဆုံး များလှတယ်။ ဓား၊ လှံ၊ လေးမြားခေတ်မှာ ပြောင်းသေနတ် သုံးနိုင်တာဟာ စစ်ရေးမှာ တစ်ပန်းသာလှတယ်။

ဒါနဲ့ ရာဇာဓိရာဇ်လည်း သူ့တပ်နဲ့ မြို့ပြင်ကသာ ပတ်ပတ်လည်ကိုင်းရံကာ တပ်ကို ခိုင်ခိုင်ချထားတော့တယ်။

ပြည်မြို့တွင်းမှာလည်း ရဲမက်ဗိုလ်ပါ အလုံးအရင်းများလှတာကြောင့် နှစ်လခန့်ကြာတဲ့အခါ ရိက္ခာပြတ်လပ်ပြီး ငတ်မွတ်လာတယ်။ အဲဒီ အခြေအနေအကြောင်းရပ်တွေကို အထောက်တော် ခြေမြန်တော်တွေဆီက ဘုရင်မင်းခေါင် ကြားသိရတဲ့အခါ မြို့လှစားသတိုးကို တပ်မှူးခန့်ပြီး မြင်း (၂၀၀၀) နဲ့ ဆန်သွင်းစေတယ်။ တပ်မှူးဟာ မြင်းတစ်ကောင်၊ ဆန်နှစ်တင်းကျစီတင်ပြီး သန်လျင်စွာဆိုတဲ့ ဆင်ကိုစီးကာ ဝိုင်းရံထားတဲ့ အရံတပ်ကို တိုက်ဖောက်ပြီး ပြည်မြို့တွင်းကို မြင်း (၂၀၀၀) ကို သွင်းတော့တယ်။ အဲဒီတော့မှ ပြည်မြို့တွင်း ရဲမက်တွေနဲ့ မြို့သူမြို့သားတွေ အသက်ဆက်နိုင်ကြတယ်။ မြို့လှစားသတိုးဟာ ဆန်သွင်းပြီးတာနဲ့ မြင်း (၂၀၀၀) အားနဲ့ အရံတပ်ကို ပြန်ဖောက်ထွက်ခဲ့တယ်။ သတိုးရဲ့ လုပ်ရည်ကိုင်ရည်မှာလ ည်း ပြောင်မြောက်လှတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းခေါင်ထံ ရိက္ခာထောက် သတိုးပြန်လျှောက်တဲ့အခါ အခြေအနေ အရပ်ရပ် လျှောက်တင်တာကြောင့် ပြည်မြို့ကို စစ်ကူအင်အား ထပ်ဖြည့်လွှတ်တော်မူတယ်။ ပုခန်းစား၊ ပုဂံစား၊ တောင်ဟွင်းစား၊ တလုတ်မြို့စား၊ မြို့လှစား စသည်ဖြင့် ပေါင်း ငါးတပ် တိုက်ဆင် (၂၀၀)၊ မြင်းစစ်သည် (၃၀၀)၊ ဗိုလ်ငါးသောင်း အလုံးအရင်းနဲ့ အပြင်းချီစေတယ်။

ဘုရင်မင်းခေါင်ရဲ့ စစ်ကူတပ်တွေ ချီလာပြီလို့ ရာဇာဓိရာဇ် ကြားတဲ့အခါ ဗိုလ်မင်းသမိန် ဗြတ်စ၊ သမိန်အဝနိုင်၊ သမိန်ဇိတ်ဗြဲ၊ သမိန်ပေါကျော်၊ သမိန်ဗြပိုက်၊ ဥပါကောင်းခံ၊ လဂွန်းအိမ်တို့ ဦးစီးကွပ်ကဲတဲ့ အားလုံး (၇) တပ်၊ တိုက်ဆင် (၁၀၀)၊ မြင်းစစ်သည် (၈၀၀၀)၊ ဗိုလ်ခြေ (၄) သောင်း အင်အားနဲ့ လဂွန်းအိမ်ကို ကွပ်ကဲစေပြီး အင်းဝတပ်တွေအလာကို စစ်ကြို နေလေတယ်။

ဘုရင်မင်းခေါင်တပ်တွေ နီးလာပြီလို့ မွန်ကင်းစောင့်လာ လျှောက်တင်တဲ့အခါ လဂွန်းအိမ်တောတွင်းဝင်ပြီး အသင့်စောင့်တယ်။ ဗိုလ်မှူးသမိန်ဗြတ်စက "စစ်ဖျားမလွန်စေနဲ့၊ မြန်မာစစ်သည်တွေ လွင်ပြင်ထဲရောက်မှ အင်အားကြည့်တိုက်မယ်" လို့ လဂွန်းအိမ်တပ်ကို အကြောင်းကြားတယ်။

ဘုရင်မင်းခေါင်ရဲ့ စစ်သည်တွေလည်း ပုခန်းစားရှေ့ချီ မြင်းတပ်ကို လဂွန်းအိမ် ထွက်တိုက်တယ်။ မြင်းသည်တွေ ရှေ့လေတယ်။ လွင်ပြင်ရောက်မှ ပုခန်းစားလိုက်တိုက်တယ်။ လဂွန်းအိမ် တပ်ပျက်လေတယ်။ နောက် လေးတပ်လုံးကိုလည်း ပုခန်းစားတိုက်ပြန်တယ်။ မွန် လေးတစ်လုံးပျက်လို့ တောတွင်းရှောင်ကြတယ်။ နောက်တပ်တွေလည်း လိုက်ပြီးထပ်တိုက်ပြန်တာကြောင့် မွန်တို့ရဲ့ ဆင်၊ မြင်း၊ သုံ့ပန်း (စစ်အတွင်း ဖမ်းမိသူ) အများရလိုက်တယ်။

ဘုရင်မင်းခေါင်ရဲ့တပ် ငါးတပ်လုံးဟာ စစ်အောင်ပြီး ပျော်ကာ သတိလက်လွှတ်နေကြတယ်။ အဲဒီအခါ ရာဇာဓိရာဇ်ရဲ့ အမတ်စစ်သူကြီး သမိန်ဗြတ်စ၊ သမိန်အဝနိုင်တပ်တွေက မြန်မာစစ်သည်တွေကို အလစ်ဝင်တိုက်တယ်။ မြန်မာရဲ့မက် ငါးတပ်လုံး ကစဥ့်ကလျားနဲ့ ပျက်လေတယ်။ စစ်တို့ရဲ့သဘောမှာ အောင်ပြီဆိုပြီး သတိလစ်တာနဲ့ တစ်ဖက်ရန်သူဟာ အငိုက်ဖမ်းတိုက်တော့ ခံလိုက်ရတာပေါ့။ အနိုင်ကနေ အရှုံးဖြစ်သွားရတယ်။

အင်းဝစစ်သည်တွေ ပြန်စုရုံးပြီး တပ်ခိုင်ပြုပြီး အရေးတော်မလှ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဘုရင်မင်းခေါင်ထံ လျှောက်စေရတယ်။ စစ်သတင်းကြားတာနဲ့ ဘုရင်မင်းခေါင်လည်း စော်ဘွားစော်ကန်များကို ချက်ချင်းဆင့်ခေါ်ပြီး တိုက်ဆင် (၃၀၀)၊ မြင်းစစ်သည် (၇၀၀၀)၊ ဗိုလ်ခြေ တစ်သိန်းနှစ်သောင်းနဲ့ ချီပြန်တယ်။

ဘုရင်မင်းခေါင်တပ် အလုံးအရင်း အင်အားအများအပြားနဲ့ အပြင်းချီလာကြောင်း ရာဇာဓိရာဇ် ကြားတဲ့အခါ ပြည်မြို့မှာ မနေဝံ့ဘဲ တလည်းစီးအရပ်ဒေသဘက်ကိုကူးပြီး သစ်လုံးခံတပ်လုပ်ပြီး တပ်ချလေတယ်။ "အဲဒီအရပ်ကို 'ဗာရာဏသီ' လို့ မှည့်ခေါ်ကာ ရေတပ်သားတွေကို လှေတက်အများနဲ့ မြစ်ဆိပ်မှာနေစေတယ်။

ရာဇာဓိရာဇ်လည်း စိတ်မအေးတာကြောင့် မှူးမတ်စစ်သူကြီးတွေနဲ့ တိုင်ပင်တယ်။ သမိန်ဗြတ်စ လျှောက်တင်တာက "နဝင်းဘက်မှာ ချထားတဲ့ တပ် သုံးတပ် ပြန်ရုပ်ပြီး အနောက်ဘက်မှာနေစေမှ သင့်မယ်။ ဘုရင်မင်းခေါင် အင်အားများလှတယ်" လို့ လျှောက်တယ်။ တပ်မှူး သုံးယောက်ကလည်း "ကျွန်တော်တို့ ပြည်မြို့ကို တိုက်တာ လေးငါးလရှိပြီ၊ အကြောင်းမထူး။ ပြည်မြို့လည်း အုတ်တံတိုင်းကာမြို့ဖြစ်တယ်။ ကျုံးလည်း ကျယ်ပြီး နက်လှတယ်။ ကျွန်ုပ်တို့က သစ်တပ်သာဖြစ်တယ်။ ကျုံးငယ်ပြီး တိမ်လှတယ်။ ဘုရင်မင်းခေါင်တပ် ရောက်တော်မူလျှင် ရပ်ခံနိုင်မည် မထင်ပါကြောင်း" နားတော်လျှောက်ကြလေတယ်။

"ကျွန်တော်တို့ကို စစ်ကူထပ်ဖြည့်ပါ၊ ခံနိုင်အောင် ခံမည်" လို့လည်း လျှောက်ပြန်တယ်။ ရာဇာဓိရာဇ်လည်း "ငါစစ်ကူထပ်ဖြည့်ပေးမယ်။ မင်းတို့ သုံးတပ်ညီကြစေ" လို့ မိန့်တယ်။ ရဲမက်တွေကိုလည်း ကျုံးမြောင်းဟပ်တောင်တာ ထပ်ချဲ့စေတယ်။

ဘုရင်မင်းခေါင်လည်း ညဥ့်သန်းခေါင်ကျော်တာနဲ့ မြေထဲမြို့ကနေ မျိုတော်မူတယ်။ မလင်းခင်ပြည်ကို ရောက်တဲ့အခါ နဝင်းရပ်မှာ ခံနေတဲ့ မွန်တပ်ကြီး သုံးတပ်ကို ဆင်လုံးမြင်းရင်း အင်အားအများနဲ့ ဝိုင်းရံတယ်။ တချို့ကို ကျုံးကို ဖြတ်ကူးစေတယ်။ တချို့ကို လှေကားထောင်ပြီး သစ်သုံးတပ်ကို တက်စေတယ်။ ဆင်လုံးမြင်းရင်းနဲ့ မွန်တပ်ကို ပေါက်အောင် တရကြမ်း ညာသံပေးပြီး တိုက်တယ်။ ရှုပ်ရှုပ်ချွံချွံ တိုက်ကြလို့ မွန် သုံးတပ်လုံး ပျက်လေတယ်။ သမိန်ပေါကျော်နဲ့ သမိန်ဗြပိုက်တပ်မှူး နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း တိုက်ပွဲကျတယ်။ "သမိန်ဇိတ်ဖြ"ကို လက်ရဖမ်းမိတယ်။ မွန် သုံးတပ် ဆင်လုံးမြင်းရင်း အဖျားရတော်မူတယ်။

မွန်ရဲမက်တွေလည်း ကစဥ့်ကလျား ရေကူးပြီး အနောက်ဘက် ပြေး ကြတယ်။ ရာဇာဓိရာဇ်လည်း အဲမွန်ဒရာအား ပြေးသူတွေကို လိုက်သတ် ခိုင်းတယ်။ ရဲမက်တွေမှာ အပြစ်မရှိကြောင်း မှူးမတ်တွေလျှောက်မှ လှေ နဲ့ လိုက်ဆယ်တင်စေတယ်။

ဘုရင်မင်းခေါင်လည်း မွန် သုံးတပ်လုံးကို အောင်တဲ့အခါ ပြည်မြို့ နဲ့ တစ်လျှောက်တည်း သစ်တပ်မြို့ ခိုင်ခန့်အောင်လုပ်ပြီး နေလေသတဲ့။ ရာဇာဓိရာဇ်လည်း မှူးမတ်တွေနဲ့ တိုင်ပင်ပြန်တယ်။ ဘုရင်မင်းခေါင် တပ် အင်အားကြီးသော်လည်း ရိက္ခာမလုံလောက်။ ဒါကြောင့် ရိက္ခာတပ် အလာ လမ်းက ဖြတ်တိုက်မည်လို့ သဘောညီကြတာကြောင့် ဘုရင်မင်းခေါင်ရဲ့ ရိက္ခာတပ်ကို မွန်တပ်တို့လမ်းက ဖြတ်တိုက်တယ်။

ဘုရင်မင်းခေါင်တပ်တွေ ရိက္ခာပြတ်လပ်တာကြောင့် ရာဇာဓိရာဇ် ထံ သံတမန်စေရတယ်။ စစ်ကို ငြိမ်းပြေလိုကြောင်း ဗိုလ်မင်းသမိန်ဖြတ်စ ရဲ့ သဘောအရ ရာဇာဓိရာဇ် အရေးမပေးနိုင်ကြောင်း ရာဇသံပြန်တယ်။

ဒီအခါ ဘုရင်မင်းခေါင်က ရယ်တော်မူပြီး ဖမ်းမိထားတဲ့ မွန်အမတ် သမိန်ဇိတ်ဖြကို သမီးတော် မိဖုရား နှစ်ပါးထံ စာရေးစေတယ်။ ရာဇာဓိ ရာဇ် အရေးပေးမှ ဖခင်အသက်ရှင်မည်။ ဖခင့်စာ မိဖုရား နှစ်ပါးရတဲ့အခါ ရာဇာဓိရာဇ်ထံ ငိုယိုတောင်းပန်တယ်။ မွန်ဘုရင်ကလည်း စစ်သူကြီးတွေ စကား ငါမပယ်ရှားသာဆိုတာနဲ့ မိဖုရားတို့ စစ်သူကြီးသမိန်ဖြတ်စကို ရွှေ (၁) ပိဿာ၊ ငွေခွက် (၁၀) နဲ့ လာဘ်ထိုးပြန်တယ်။ စစ်သူကြီးက ပယ်ပြန် တယ်။ မိဖုရားတွေ ငိုယိုကာ မင်းကြီးထံ လျှောက်ပြန်တာနဲ့ မင်းကြီးလည်း စစ်သူကြီးနဲ့ ညှိရပြန်တယ်။ "သမိန်ဇိတ်ဖြဟာ အသက်ကြီးပြီးနောက် ဗိုလ် မင်းရဲ့ တိုက်ဖက်ရောင်းရင်း မဟုတ်လော" လို့ ဆိုတာနဲ့ နောက်ဆုံးမင်း ကြီး သဘောပါ လျှောက်တာကြောင့် ဘုရင်မင်းခေါင်ထံ အရေးပေးရလေ တယ်။ ရှေးကကဲ့သို့ နှစ်နိုင်ငံ မီးမသေ၊ ရေမနောက် နေကြမယ်လို့ သဘော ညီကြပြန်တယ်။ ပြည်ရွှေဆံတော်ဘုရားမှာ သစ္စာဆိုကြပြီး အသီးသီး ကိုယ့် နိုင်ငံကိုယ်ပြန်ကြသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းနှစ်ပါး ချစ်ကြည်ရေးနှင့် ပညာရှိနှစ်ဦး တွေ့ဆုံပွဲ

ကလေးတို့ရေ…

ဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ မြန်မာ-မွန်မင်း နှစ်ပါးတို့ ချစ်ကြည်ရေးရလာတဲ့ အခြေအနေဟာ ဝမ်းသာစရာပါပဲ။ စစ်အတန့်ငယ် ပမ်းပန်းလာတာလည်း ပါတာပေါ့။ ရာဇာဓိရာဇ်က အင်းဝနဲ့ ဟံသာဝတီ မှောင် အရှည်သဖြင့် ချစ်ကြည်ကြအောင် ယခုကပင် ဆက်ဆံထားသင့်တယ်လို့ ယူဆပြီး လက်ဆောင်ပဏ္ဏာအများနဲ့ ဘုရင်မင်းခေါင်ဆီ ရာဇသံစေတော်မူ တယ်။

"အင်းဝနဲ့ ဟံသာဝတီ မဟာမိတ်ဖြစ်ကြရင် အခြားတစ်ပါး ရန်သူ မထိပါးနိုင်။ ဒါကြောင့် ငါ့သမီး တလမည်းကြိုးလည်း ဘုရင်မင်းခေါင် မှေပါးမှာရှိပြီ။ ငါနှင့် ရွှေနန်းသခင်ရဲ့ နှမတော် မင်းလှမြတ်ကိုလည်း စုံဖက် ပေးစေလိုပါကြောင်း" လို့ ရာဇသံမှာပါရှိတယ်။

ဘုရင်မင်းခေါင်လည်း အကြောင်းစုံသိရတဲ့အခါ အမတ်ကြီးမင်း ရာဇာနဲ့ တိုင်ပင်တော်မူတယ်။ ထိုအခါ မင်းရာဇာက "မြဟ္မဒတ်မင်းကြီး ဟာ သမီးတော် သမုဒ္ဒဇာကို နဂါးမင်းနဲ့ စုံဖက်ပြီး ကျွန်မြပုံ" ကို လျှောက် ကင်တယ်။ အဲဒီအခါ အဖိုးရာဇာပဲ သွားစီမံပါလို့စေတယ်။

မင်းရာဇာဟာ အခြွေအရံများစွာနဲ့ မွန်ပြည်ကို သွားရောက်ပြီး ကော ဟိယမြို့မှာ လက်ထပ်တဲ့ နန်းဆောက်ကာ ဘုရင်မင်းခေါင်ရဲ့ နှမတော်

www.burmeseclassic.com



""မင်းလှမြတ်"" နဲ့ မွန်ဘုရင်ရာဇာဓိရာဇ်ကို စုံဖက်ပေးလေတယ်။ မင်းလှမြတ်ကို ""သုပဘာဒေဝီ"" လို့ ဘွဲ့မည်ပေးတယ်။ ပြီးတဲ့အခါ ဖိုးရာဇာနဲ့ မွန်ပညာရှိ အမတ်ကြီး သီဟပတေ့တို့ဟာ သစ်ကညင်ဆိုတဲ့ အရပ်မှာ တွေ့ဆုံကြတယ်။ ပညာရှိ နှစ်ဦးတို့ရဲ့ စကားကို ကြားနာဖို့ လူများစွာလည်း လိုက်လာကြတယ်။ နှစ်ဦးဆုံမိကြတဲ့အခါ မွန်ပညာရှိက အတန်ငယ်တာကြောင့် နေရာနိမ့်ကနေပြီး ဆောင်ယူလာတဲ့ ကြံဖြူကို မင်းရာဇာအား ဆက်ကပ်လေတယ်။ နောက် ပြောဆိုလေတယ်။

""အရှင်မင်းရာဇာ…၊ လောကမှာ သမီးရတနာ၊ ကြံ၊ ပညာရှိသူတော်ကောင်းတို့ရဲ့ စကား၊ အဲဒီသုံးပါးဟာ အတုမရှိတဲ့ အရသာ သုံးပါးလို့ ဗေဒင်ဆရာတို့ ဆိုကြပါတယ်။ ထို သုံးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ ကြံကို အလွန်သုံးဆောင်စေလိုတာကြောင့် ဆက်ကပ်ခြင်း ဖြစ်ပါတယ်"" လို့ ဆိုလေတယ်။

ဖိုးရာဇာလည်း အစားအသောက် ပေးဆက်တာကို ပယ်လျှင် မင်္ဂလာမရှိ၊ မပယ်အပ်ပေဘူးလို့ စဉ်းစားကာ သတိပြုစားလေတယ်။ အဲဒီလို စားရာမှာ တရွေ့ရွေ့တိုးပြီး အရသာခံလိုတာကြောင့် နီတိကျမ်းကို အမှီပြုကာ ကြံကို အဖျားကစလို့ စုပ်လေသတဲ့။ သီဟပတေ့မြင်တဲ့အခါ -

""အရှင်မင်းရာဇာ…၊ အတုမရှိ ပညာရှိဖြစ်ပါလျက် အဘယ်ကြောင့် ကြံကို အဖျားက စပြီး စုပ်ပါသလဲ"" လို့ မေးတယ်။ ဒီအခါ ဖိုးရာဇာက -

""ငါဟာ ဗေဒင်ကျမ်းကို မှီပြီး တရွေ့ရွေ့ အရသာတိုးကာ ခံစားလိုတာကြောင့် ကြံကို အဖျားက စပြီး စုပ်ပေတယ်"" လို့ ဖြေတယ်။ ဒီအခါ သီဟပတေ့က -

""အရှင်မင်းရာဇာ…၊ ဘုရားတရားတော်အရ ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် အနိစ္စဖြစ်တတ်ပါတယ်။ အရသာကောင်းတည်ရာ အရင်းသို့ မရောက်မီ အနိစ္စဖြစ်လျှင် အရသာကို မခံစားရဘဲ ရှိလေရာတယ်"" လို့ ပြောဆိုတယ်။ ထိုအခါ ဖိုးရာဇာက ""သီဟပတေ့…၊ ငါကား ဗေဒင်ကျမ်းကိုသာ မှီပြီးစားတယ်။ သင်ကား ဘုရား တရားတော်ကိုမှီပြီးဆိုတာကြောင့် ငါ့စကားထက် သင့်စကားက ပိုပြီး သင့်လှပေတယ်"" လို့ အကြည်အသာ ပြောဆိုလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သီဟပတေ့က "အော်၊ ငါ့ကား အတုမရှိတဲ့ ပညာရှိသူတော်ကောင်းကို တွေ့ရပေတယ်" လို့ နှစ်လိုဝမ်းမြောက်ဖြစ်ကာ မိမိကွမ်းစားတဲ့ ရွှေအုပ်တစ်ရှာငါးဆယ်ခုတ်ကို ကွမ်းနဲ့တကွ မင်းရာဇာကို ဆက်ကပ်လှူကာ ရှိခိုးလေတယ်။ ပြီးနောက် စကားဆိုလေတယ်။

"အရှင်မင်းရာဇာ…၊ အချို့ပညာရှိသော သူတို့ဟာ မိမိဆိုမိသော စကား ကို အနိုင်ရဖို့ အမျိုးမျိုးကြံဖန်ပြီး မဟုတ်မမှန်တာကို ဟုတ်မှန်ယောင်ဖြစ်အောင် ဆိုလေ့မြဲဖြစ်တယ်။ အလွန်အရှုံးခံ ခဲပါတယ်။ ယခုလို ပညာရှိသူတော်ကောင်းကို ကျွန်ုပ် အလွန်တွေ့ရခဲပါတယ်။ စင်စစ်အရှင်မင်းရာဇာရဲ့ စကားကို အမှားလို့ မဆိုနိုင်ပါ။ သုံးစွဲရိုးလည်း ဖြစ်တာကြောင့် လုံးလုံး ပယ်ထိုက်တယ်လို့ မဆိုသာပါ။ တရားတော်နဲ့ ကွဲလွဲရုံမျှသာ ကျွန်ုပ်ဆိုရပါတယ်" ဆိုလေတယ်။ ဖိုးရာဇာကလည်း -

"သီဟပတေ့၊ လောကဝတ်နဲ့ ဓမ္မဝတ်တို့ဟာ တူညီတဲ့နေရာလည်း ရှိတယ်။ မတူညီသော နေရာလည်း ရှိပေတယ်။ သုံးကျွန်းလုံးကို တစ်ပြိုင်နက် ထွန်းပစေနိုင်တဲ့ နေမင်းဟာ ဝါးဆစ်တွင်းရှိ ဝါးလုံးခေါင်းငယ်အတွင်း၌ မထွန်းနိုင်ကာမျှဖြင့် အရောင်အဝါ မရှိလို့ဆိုမလား။ တစ်နေ့တစ်ခဏမျှ သုံးစွဲစရာ ငွေမရှိတာနဲ့ စကြာဝတေးမင်းကို သူဆင်းရဲလို့ ဆိုရလေမလား။ ဒေဝဒတ်အား ငါသည် နိဗ္ဗာန်ကို မပေးတတ်ဆိုကာမျှဖြင့် ဘုရားရှင်သည် နိဗ္ဗာန်ကို မပေးတတ်လို့ ဆိုရမလား" လို့ ဆိုလေတယ်။

ပညာရှိနှစ်ဦးတို့ဟာ ဤသို့ဖြင့် တစ်ယောက်ကျေးဇူးကို တစ်ယောက် ချစ်ကြည်စွာ ဟောပြောကြလေသတဲ့။

ထိုသို့ ပြောဆိုကြပြီး သီဟပတေ့သည် ရာဇာဓိရာဇ်အား ဖိုးရာဇာနဲ့ စကားကျေးဇူးဂုဏ်တို့ကို လျှောက်လေတယ်။ အဲဒီအခါ ဖိုးရာဇာအား ပင့်ခေါ်ကာ "အဖိုးရာဇာ…၊ ပစ္စုပ္ပန် သံသရာ အကျိုးများအောင် မည်သို့ ကျင့်ရမည်နည်း" လို့ ရာဇာဓိရာဇ်က မေးလေတယ်။ ဒီတော့ ဖိုးရာဇာက "အရှင်မင်းကြီး…၊ မင်းကျင့်တရား (၁၀) ပါး၊ အပရိဟာနိယတရား (၇) ပါး တို့ဟာ ပစ္စုပ္ပန် (မျက်မှောက်ကာလ) အတွက် အကျိုးများပေတယ်။ သူတော် ကောင်းဥစ္စာ (၇) ပါးသည် သံသရာ (နောင်ရေး) အတွက် အကျိုးများစေတယ်။ အဲဒီတရားတွေကို အရင်းပြုတော်မူပါ" လို့ တင်လျှောက်လေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

သုပဘာဒေဝီကလည်း "မိဖုရားများအတွက်လည်း ဟောပြောခဲ့ပါအဘိုး၊ (သီရိမဟာမာယာကမင်းကြီးရဲ့ သားနဲ့သမီး) မဟိန္ဒကဲ့သို့သော သားထူးသားမြတ်၊ သင်္ဃမိတ္တာကဲ့သို့သော သမီးထူးသမီးမြတ်များရအောင် မည်သို့ကျင့်ဆောင်ရပါမည်လဲ" ဟု မိဖုရားက မေးလေတယ်။

ထိုအခါ ဖိုးရာဇာက "အရှင်မိဖုရားမြတ် ထူးမြတ်သော သားသမီးကိုရလိုသော် သီရိ သုံးပါး၊ ဂါရဝ သုံးပါး၊ ဝါရသုံးပါးတို့ကို ဆောက်တည်ပါ"

သီရိ သုံးပါးဆိုသည်မှာ (၁) ကြိုးတန်း၊ ကြိမ်တန်းအောက်ကိုမလျှိုးရာ၊ မဝင်ရာ၊ (၂) အဝတ်ပုဆိုးတို့ကို အောက်အထက် ပြန်လှန်မဝတ်ရာ။ (၃) ခြေမဆေးဘဲ အိပ်ယာသို့မဝင်ရာ။

ဂါရဝ သုံးပါးဆိုရာမှာ (၁) အမိအဖ၊ (၂) ယောက္ခမ၊ (၃) မိမိ၏လင်ယောကျ်ား ဤ (၃) ဦးကို မြတ်နိုးစွာ ရိုသေရာ၏။

ဝါရ သုံးပါးဟူသော်ကား (၁) အခါး၊ (၂) အစပ်၊ (၃) အဖန်။ ဤသုံးမျိုးကို ပဋိသန္ဓေ (ကိုယ်ဝန်) ရှိသောအခါ၌ မစား၊ မသုံးရာ။

ဤအချက်များကို ကျင့်ဆောင်ပါက ထူးမြတ်တဲ့ သားသမီးရနိုင်ပေတယ်" လို့ တင်လျှောက်လေတယ်။

မွန်မင်းရာဇာဓိရာဇ်လည်း အားရလှတာကြောင့် ဖိုးရာဇာအား ဆုလာဘ်များစွာနဲ့ မွန်အမတ်သမီးတစ်ယောက်ကို ပေးလေတယ်။ ဟံသာဝတီမှာလည်း ငါးလလောက်ထားပြီးမှ အင်းဝသို့ ပြန်ပို့လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းခေါင်နှင့် ရှင်သိဒ္ဓတ်

ကလေးတို့ရေ…

ဘုရင်မင်းခေါင် ထီးနန်းမရခင် မင်းဆွေဘဝမှာ ခမည်းတော် အနိစ္စရောက်လို့ မှူးမတ်တွေက နန်းတင်တာကို လက်မခံဘဲ ဦးရီးတော်ကိုသာ တင်ပါဆိုတာ မှတ်မိကြရဲ့လား။ ညီတော်ရှင်သိဒ္ဓတ်က မခံနိုင်လို့ ဦးရီးတော် မဟာပြောက်ကို လမ်းတစ်ဝက်မှာ တိုက်ခိုက်လုပ်ကြံပြီး ဦးရီးတော်သေမှ နောင်တော်မင်းဆွေကို နန်းတင်ခဲ့တယ်။ ညီတော်ရဲ့ ကျေးဇူးဟာ ကြီးမားလှတယ်။

သူ့ဒီလောက် ကျေးဇူးပြုတာကို နောင်တော်ဘုရင်ဖြစ်ရင် ညီတော်ကို အိမ်ရှေ့မင်းအရာပေးလိမ့်မယ်လို့ ယူဆထားတာ ရှင်သိဒ္ဓတ် မလွန်ပါဘူး။ ဒါပေမဲ့ ဘုရင်မင်းခေါင်ဟာ ညီတော်ကို အိမ်ရှေ့မပေးဘဲ သားတော်မင်းရဲကျော်စွာကို သက္ကရာဇ် (၇၆၈) ခုမှာ ပုခန်းစားသမီးစောမင်းလှနဲ့ စုံဖက်ပြီး အိမ်ရှေ့အရာ ပေးတော်မူတယ်။ ဆင်ကောင်း၊ မြင်းကောင်း အလုံးအရင်းနဲ့ ချီးမြှင့်တယ်။

ညီတော် ရှင်သိဒ္ဓတ်ဟာ အဲဒီအချိန်မှာ သီရိဇေယျသူရဘွဲ့မည်နဲ့ စစ်ကိုင်းစားဖြစ်နေတယ်။ သားတော်ကို အိမ်ရှေ့နှင်းအပ်တဲ့ သတင်းညီတော်ကြားတော့ "ငဆွေ…၊ ငါသူကောင်းပြုလို့ သူကောင်းဖြစ်တယ်" ဆိုတဲ့ မချေ မငံ စကားဆိုလေတယ်။ မှူးမတ်တို့ ကြားတဲ့အခါ ဘုရင်မင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com



နား တော် လျှောက်လေတယ်။ “သားမရှိသေသော် ကျွန်မ ရှိသေ၊ ကျွန်မ ရှိသေ သော် အိမ်နီးချင်း မရှိသေဖြစ်မယ်” လို့ လျှောက်တယ်။

ဘုရင်မင်းခေါင်လည်း စည်းတပြစ်အမတ်ကြီး မင်းရာဇာကို ခေါ်တော်မူပြီး “စစ်ကိုင်းစားကို အဆိုးနိုင်အောင် ဆုံးမပါ” လို့ မိန့်လေတယ်။

မင်းရာဇာလည်း “စစ်ကိုင်းစားဟာ အမျက်စောင် မာန်ကြီးလှတယ်။ အသိပညာလည်း မရှိ။ တိုက်ရိုက်ဆုံးမဖို့ မသင့်။ ဖြားယောင်းခေါ်ငင် ဆုံးမရမှ သင့်မယ်” လို့ စဉ်းစားလေတယ်။ ဒါနဲ့ စစ်တုရင်္ဂဆိုတဲ့ အမတ်ငယ်ကို ခေါ်ပြီး “စစ်ကိုင်းစားတက်လာလို့ ငါနဲ့ ဟောပြောနေစဉ်မှာ ပုဂံမှာ ဖြစ်ဖူးတဲ့ တရုတ်ပြေးမင်းနဲ့ အမတ်ကြီးရာဇသင်္ကြန်အကြောင်းကို စုံစေ့အောင် ငါ့ကိုမေးလှည့်” လို့ စကားထည့်မှာကြားထားတယ်။

စစ်ကိုင်းစားလည်း မင်းရာဇာထံ ရောက်လာတယ်။ တွေ့ဆုံကြတဲ့အခါ စစ်တုရင်္ဂလည်း စကားထည့်ထားတဲ့အတိုင်း မင်းရာဇာထံ လျှောက်လေတယ်။ မင်းရာဇာလည်း တရုတ်ပြေးမင်း မာန်မာနကြီးတဲ့ အကြောင်း၊ ပညာရှိကို မရိုသေဘဲ ဒလပို့တဲ့အကြောင်းတွေ စုံစေ့အောင် ပြောပြတယ်။ တကယ်တော့ စစ်ကိုင်းစား ရှင်သိခ္ခတ်ကို သွယ်ဝိုက်ဆုံးမတာပါပဲ။ ကိုယ်နှုတ်နှလုံး ယဉ်ကျေးဖို့ကို ရည်ညွှန်းပြောဆိုတာပါပဲ။

စစ်ကိုင်းစား ရှင်သိခ္ခတ်လည်း မင်းရာဇာဟောပြောနေစဉ်မှာပဲ-

“ဒါဟာ အမတ်၊ အမှုထမ်း၊ အရာထမ်း စကားသာ ဖြစ်တယ်” လို့ ပြောပြီး ထသွားလေသတဲ့။ စစ်ကိုင်းကို ရောက်တဲ့အခါ မြောက်ဘက်မြင်း ကိုးသင်းလုံးကို သိမ်းယူပြီး ပုခန်းဆက်ကူးကာ ပုဂံကို သွားလေတယ်။ ကျောင်းဖြူမင်းရဲ့ ထီးဖြူ၊ မြွောက်စည်တို့ကို ယူပြီး အလုံးအရင်းအများနဲ့ အင်းဝကို ချီလာတယ်။ စစ်ကိုင်းစား ညီတော်ဟာ နောင်တော်ဘုရင်ကို ပုန်ကန်လေတယ်။ ဘုရင်မင်းခေါင်ထံ ဆက်မြဲ အကောက်ခွန်တို့ကိုလည်း မဆက်ဘဲနေသတဲ့။

ရှင်သိခ္ခတ်ဟာ အင်းဝတောင်ဘက် ထောက်ရှည်ကန်မှာ တပ်ချပြီး ဘုရင်မင်းခေါင်ထံ စေလိုက်တယ်။ “မင်းဆွေသည် နန်းကို တည်းပေးမည်လော၊ စီးချင်းတည်းတိုက်မည်လော” လို့ စာသဝဏ်ကမ်းလိုက်တယ်။

ဘုရင်မင်းခေါင်လည်း ညီတော်မို့ ခပ်အေးအေးပင် မိန့်လိုက်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



"စစ်ကိုင်းစားဟာ သံကို သံချေး ဖျက်သလို မိမိအကျင့်ဟာ မိမိကိုယ်ကို ဖျက်လေတယ်။ ငါသည် ပြည်ထဲရေးကိုသာ ကြည့်မည်။ ညီဖြစ်လို့ ညှာမှာ မဟုတ်။ လောရကျီးမင်းသည် နွားနှင့်သားကို အညီကျင့်ဖူးသကဲ့သို့ လည်းကောင်း၊ ဘုရားလောင်း သမင်မင်းသည် ဝမ်းတွင် အသက် နှစ်ခုနှင့် ဖြစ်သော သမင်မကိုယ်စား ခံဖူးလေသကဲ့သို့လည်းကောင်း၊ အသက်ကို စွန့်ကာ ပြည်ကို ချစ်ရမည်။ စစ်ကိုင်းစားက စီးချင်းတိုက်မည် ဆိုရာမှာ အမတ်ဗိုလ်ပါတို့ ကြည့်နေကြစေ၊ ငါစီးချင်းတိုက်မည်" လို့ မှာတော်မူလိုက်တယ်။ စစ်ကိုင်းစားဟာ နော်တော်ဘုရင့် အမှာစကားကြားတဲ့အခါ "သင့်လှပြီ" လို့ ဆိုတယ်။

ဘုရင်မင်းခေါင်လည်း ဆင်ကဲကို ဆင့်ခေါ်ပြီး "စစ်ကိုင်းစားစီးတဲ့ သန်လျင်စွာကို ဘယ်ဆင်နိုင်လဲ" လို့ မေးတယ်။ ဆင်ကဲလည်း "ဟိုင်းနီလာ" ဆင်ဟာ ငယ်နိုင်လို့ နားတော်လျှောက်တယ်။

ဘုရင်မင်းခေါင်ဟာ မိုးသောက်လင်းတာနဲ့ ဟိုင်းနီလာကို က,တင်စေပြီး ရာဇသကြံန်ကို ကုန်းလယ်တင်ကာ မှူးမတ်ဗိုလ်ခြေ အလုံးအရင်း ခြံရံလျက် ထွက်တော်မူတယ်။ ညီတော်စစ်ကိုင်းစားလည်း 'သံလျင်စွာ' ကို စီးပြီး အခြံအရံနဲ့ တပ်က ထွက်လာတယ်။ မင်း နှစ်ပါး ဆင်ဦးချင်း ယှဉ်ပြီး တိုက်မယ် ဆိုင်ကြတဲ့အခါ သန်မြန်စွာဟာ ဟိုင်းနီလာကို ငယ်ကြောက်ဖြစ်တာမို့ ဆင်ချင်းမဆိုင်ဘဲ ဟည်းကာ ပြေးလေတယ်။ ဘုရင်မင်းခေါင်လည်း လိုက်တိုက်ပြီး လက်ရဖမ်းတယ်။ စစ်ကိုင်းစားကို ဆင်နဲ့ ကကွရလေတယ်။ နောက်ပဲ့နဲ့ ကုန်းလယ်စီးကို ကွပ်မျက်ပြီး စစ်ကိုင်းစား ညီတော်ကို နှောင်အိမ်သွင်းထားလိုက်တယ်။

အဲဒီအခါ အမတ်ကြီး မင်းရာဇာ လျှောက်လေတယ်။

"ညီတော် စစ်ကိုင်းစားဟာ အသိပညာနည်းလို့ အရေးအရာ မှားပေတယ်။ အပြစ်ပြုတော်မမူသင့်ပါ။ မင်းကြီးအပေါ် ကျေးဇူးကြီးသူ ဖြစ်ပေတယ်။ သင်းဟာ မင်းကြီးကို အရောင်အဝါ ညှိုးအောင် ပြုပေမယ့် မင်းကြီးမှာ အရောင်အဝါ မညှိုးနွမ်းစေပါ။ ပိုလို့ပင် ထွန်းပြောင်ပါတယ်။ ထုံ ပုံပြင်တစ်ခု တင်လျှောက်ပါရစေ အရှင်မင်းကြီး။ "ရှေးအခါက ဝဒ်တစ် ကောင်ဟာ ပတ္တမြားဂူမှာ နေပါတယ်။ တစ်ခါမှာတော့ ခြင်္သေ့မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



အခြွေအရံနဲ့ ပတ္တမြားဂူအနီးက သွားတယ်။ ခြသေ့်မင်းရဲ့ အရိပ်ဟာ ပတ္တမြားဂူမှာ ထင်လာတယ်။ ဝက်လည်း အလွန်ကြောက်လန့်တာကြောင့် ပတ္တမြားဂူက အရိပ်ပျောက်ကွယ်အောင် မိမိကိုယ်ကို ရှုံ့ညှဲ့လူးပြီး ဂူနံရံကို လူးလေတယ်။ ပတ္တမြားဂူကို ဝက်ကိုယ်နဲ့ ပွတ်ဖန်များတဲ့အခါ ဂူမှာ အရောင်အဝါ မညှိုးပါ။ ပွတ်လေ တိုးပြီး အရောင်ထွန်းပြောင်လေ ဖြစ်ပါတယ်။ အဲဒီပမာအတိုင်းပါပဲ။ ညီတော် စစ်ကိုင်းစားက မင်းကြီးကို အရောင်ညှိုးအောင် ပြုပေမယ့် မင်းကြီးမျာ တိုးလို့သာ ဂုဏ်ပြောင်ပါတယ်။ မင်းကြီးရဲ့ ဘုန်းလက်ရုံး အာဏာဟာ တက်သစ်စ နေရောင်ကဲ့သို့ ရှိပေတယ်'' ညီတော်ကို အကျဉ်းအမြောင်း မရှိစေသင့်ပါ'' လို့ နားတော် လျှောက်တယ်။

ဘုရင်မင်းခေါင်လည်း အမျက်တော်ပြေပြီး ညီတော်ကို လွှတ်စေတယ်။ စစ်ကိုင်းစားလည်း နှောင်အိမ်က လွှတ်တာနဲ့ ယောက်ဖတော် ရာဇာမိရာဇ်ထံ ပြေးသွား ခိုလှုံလေတော့တယ်။ ရာဇာမိရာဇ်လည်း ယောက်ဖတော် ခိုလှုံလာတဲ့အခါ အဆောင်အယောင်များနဲ့တကွ မြို့ကြီးပြကြီးကို ပေးတော်မူတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်ချီ လာပြန်ချေသေး

ကလေးတို့ရေ…

ဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ် နှစ်နိုင်ငံ ချစ်ကြည်စွာနေပါတော့မယ်လို့ သစ္စာပြုခဲ့ကြတာ မှတ်မိရဲ့လား။ “မင်းမှာ သစ္စာ၊ လူမှာ ကတိ” ဆိုတဲ့ စကားလည်းရှိတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ငြိမ်းချမ်းရေးစကား ဆိုခဲ့ပေမယ့် လောဘ၊ ဒေါသတွေနဲ့ အာဏာမာန်ရစ်သူတွေဟာ ပြုပြီး ကတိသစ္စာတွေကို ချိုးဖောက်တတ်ကြတာပါပဲ။

အဲဒီနှစ် (သက္ကရာဇ် ၇၆၈ ခုနှစ်) မှာပဲ ရာဇာဓိရာဇ်ဟာ ရခိုင်ကို ချီတက်လုပ်ကြံတယ်။ ရခိုင်စား ကြံ့ကြံ့ခံပေမယ့် အင်းဝက စစ်ကူမရောက်တာကြောင့် ရခိုင်ကို ပေးလိုက်ရတယ်။ ရာဇာဓိရာဇ်ဟာ ရခိုင်စားကို ကွပ်မျက်ပြီး သူ့ဇနီး (ဘုရင်မင်းခေါင်သမီး) ရွှေပြည်ချမ်းသာကို ယူကာ မိဖုရားမြှောက်တယ်။ ရခိုင်မှာတော့ (တောရာကြီးရဲ့သား) နရမိတ်လှကို နန်းတင်ခဲ့တယ်။

အဲဒီအကြောင်း ဘုရင်မင်းခေါင် ကြားတဲ့အခါ အလွန်ဒေါသထွက်တယ်။ မျိုးမတ်တွေနဲ့ တိုင်ပင်တဲ့အခါ ရခိုင်ဟာ ယွန်းပြည်ဇင်းမယ်နဲ့ နီးတယ်။ သူတို့ နှစ်နိုင်ငံ ပေါင်းစည်းရင် တိုက်ရခက်မယ်။ ဒါ့ကြောင့် ဇင်းမယ်ဘုရင်ဆီ ဘုရင်မင်းခေါင် မဟာမိတ် အရင်ဖွဲ့စေတယ်။ သံတမန်လွှတ်တယ်။ တောင်ငူကြောင်း လွှတ်လိုက်တာ ခရီးမှားပြီး မွန်ဒေသ ဇရပ်မြို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်။ ခရီးမှာ သံအဖွဲ့ကို ဖမ်းပြီး ရာဇာဓိရာဇ်ထံ ဆက်တယ်။ သံအကြီး နှစ်ယောက်ကို ပြန်လွှတ်ပြီး ကျန်လူတွေကို ဖမ်းထားတယ်။

သံအကြီး နှစ်ယောက် ဘုရင်မင်းခေါင်ထံ ပြန်ရောက်တဲ့အခါ အကြောင်းစုံတင်လျှောက်လို့ ဘုရင်မင်းခေါင် အလွန်ဒေါသဖြစ်ရပြန်တယ်။ မြန်မာပြည်အလုံးရှိသမျှ တပ်တွေ စုရုံးပြီး ဒီလပဲ ချီမယ်လို့ မိန့်တယ်။ ထိုအခါ မင်းရာဇာက မိုးလနီးလို့ မသင့်ကြောင်း လျှောက်တင်ပေမယ့် နားမဝင်ဘူး။ ဟံသာဝတီကို အလုံးအရင်းနဲ့ စစ်ချီလေတယ်။

ရာဇာဓိရာဇ်လည်း အင်းဝတပ်ကြီး ချီလာပြီ ကြားတဲ့အခါ တပ်ပြင်ပြီး သကျင်မြို့ကနေ စစ်ခံတိုက်တယ်။ အားမတန်တာကြောင့် မွန်တပ်တွေ ပန်းကျော်အထိ ဆုတ်ရတယ်။ အင်းဝတပ်တွေလည်း ပန်းကျော်အထိ လိုက်တိုက်တယ်။ အကြိမ်ကြိမ် တိုက်ပေမယ့် မရဘူး။ အပြင်ကပဲ ဝိုင်းထားရတယ်။ သုံးလခန့်ကြာပေမယ့် ပန်းကျော်ကို မရချေဘူး။ ဘုရင်မင်းခေါင် တပ်ကြီးမှာ အလုံးအရင်းများလှတာကြောင့် ရိက္ခာကလည်း ပြတ်ပြီ။ ရိက္ခာပို့တပ်ကိုလည်း မွန်တပ်တွေ ဖြတ်တိုက်လို့ တပ်မကြီးဆီ ရိက္ခာရောက်မလာဘူး။ ယခုတော့ ဘုရင်မင်းခေါင်တပ်ကြီးက သကျင်ကို အောင်ပါလျက် ပန်းကျော်ကျမှ ဒုက္ခတွေ့ရပြီ။ ကြာရင် ခက်ချေမည်ဆိုပြီး ဘုရင်မင်းခေါင် ရာဇာဓိရာဇ်ထံ အင်းပဲစားကို လွှတ်ကာ စေ့စပ်ရတော့တယ်။ အင်းပဲစား သတိုးဟာ ထက်မြက်သူဖြစ်တယ်။

ဘုရင်မင်းခေါင်ရဲ့ ရာဇသံ အချုပ်သဘောကတော့ "ရခိုင်က သင် သိမ်းသွားတဲ့ ငါ့သမီးကို ပြန်ပေးပါ။ သင့်သမီးကို ပေးလျှင် ငါ့သားတော်နဲ့ ထိမ်းမြားပေးမယ်။ နောင်တော်သမီးကို အလိုရှိရင် ငါပို့ပေးမယ်။ ယခုတော့ ငါ့သမီးပြန်ပေးပါ၊ ငါပြန်မယ်" လို့ စာသဝဏ်ပါးလိုက်တယ်။

အင်းပဲစားသတိုး ရာဇာဓိရာဇ်ထံ ရောက်လို့ ရာဇသံကို ဆက်ပြီး အကြောင်းကို လျှောက်တဲ့အခါ ရာဇာဓိရာဇ်က မှူးမတ်တွေနဲ့ တိုင်ပင်တယ်။ အမတ်တွေရဲ့ တင်လျှောက်ချက်အရ "ဘုရင်မင်းခေါင်ဘက်က အမတ်ကြီး (၁၀) ယောက်၊ ရာဇာဓိရာဇ်ဘက်က အမတ်ကြီး (၁၀) ယောက် ကျိုက်ထိုဘုရားမှာ သစ္စာပြုကြမယ်" လို့ စာပြန်လိုက်တယ်။ ရာဇာဓိရာဇ် အကြံက သစ္စာပြုပွဲမှာ အင်းဝအမတ်တွေကို လုပ်ကြံမယ်လို့ မှူးမတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့အတွင်းကျိတ်ကြံထားပြီး ဖြစ်တယ်။ သူ ရခိုင်က သိမ်းယူထားတဲ့ ဘုရင်မင်းခေါင်သမီး ရွှေပြည်ချမ်းသာကို အင်းပဲစားမြင်စေလိုတာကြောင့် ရာဇာဓိရာဇ် စားတော် ကွမ်းတောင်းလို့ ထွက်လာဖို့ ရတယ်။ ရာဇာဓိရာဇ်က အင်းဝတမန် အင်းပဲစားသတိုးကို "မင်းတို့ ဘုရင့်သမီး သူ့ဖခင်ထံ ဘာမှာမလဲ၊ မင်းနာခံကြည့်ပါ" လို့ မိန့်တယ်။

ဒီအခါ အင်းပဲ စားသတိုးက "ကျွန်တော့်ကို စေလိုက်သည်မှာ မင်း နှစ်ပါး အကြည်အသာဖြစ်လေမှ ပြည်သူတို့ ချမ်းသာမယ့်အကြောင်းသာ အရင်းခံ ဖြစ်ပါတယ်။ မင်းကြီးသမီးအမှာကို နာခံဖို့ မပါပါ" လို့ ရဲဝံ့စွာ မပ်ရှင်းရှင်း တင်လျှောက်တယ်။ ရာဇာဓိရာဇ်လည်း တင်ပြပုံ ကျစ်လျစ်ပြီး မင်းရေးမင်းရာ သိတတ်လှတဲ့ အင်းပဲစားကို ဆုလာဘ်ပေးပြီးမှ လွှတ်တော်မူလိုက်တယ်။

ဘုရင်မင်းခေါင်ထံ အင်းပဲ စားပြန်ရောက်လို့ စေ့စုံစွာ တင်တဲ့အခါ ဘုရင်မင်းခေါင်က မှူးမတ်တွေကို တိုင်ပင်တယ်။ မင်းရာဇာ လျှောက်တာက "မွန်တို့ဟာ ပရိယာယ် များလှပါတယ်။ သတိကြီးစွာထားပြီး သစ္စာဆိုပွဲ နွဲကြမှ တော်မယ်" လို့ လျှောက်တယ်။ အင်းဝ မပြန်နိုင်ခင်မှာ သစ္စာဆိုပွဲကို မဖြစ်မနေ လုပ်ရတော့မယ်။

❑

www.burmeseclassic.com

## မွန်-မြန်မာ သစ္စာပြုပွဲ

ကလေးတို့ရေ…

စစ်အတွင်းကာလဆိုတာ တစ်ဖက်နဲ့တစ်ဖက် သူ့ငါမယုံ၊ ငါ့သူမယုံ စိတ်မချနိုင်တာ ဓမ္မတာပါပဲ။ အခု မွန်-မြန်မာ သစ္စာပြုကြတဲ့ ပွဲမှာလည်း နှစ်နိုင်ငံလုံးက ထိပ်သီးမှူးမတ်တွေ ဖြစ်တယ်။

ဘုရင်မင်းခေါင်ဟာ မနက်မိုးလင်းတယ်ဆိုရင်ပဲ (၁) မင်းရာဇာ၊ (၂) သီဟပတေ့၊ (၃) သရေစည်သူ၊ (၄) တရဖျား၊ (၅) ဥဇနာ၊ (၆) ဘယသကြိန်၊ (၇) နော်ရထာ၊ (၈) ရာဇသကြိန်၊ (၉) ကျေးတောင်ညို၊ (၁၀) အင်း ပဲစား သတိုး အဲဒီ (၁၀) ယောက်ကို လက်ရွေးစင် ရွေးလိုက်တယ်။ နှုတ်မှုရေးရာ ကျွမ်းကျင်တဲ့ အမတ်ကော၊ လုပ်ရည် ကြံရည်ရှိတဲ့ စစ်သူကြီးတွေ၊ မြို့စားတွေချည်းပဲ။ တစ်နည်းဆိုရရင် နှလုံးရည်ကော၊ လက်ရုံးရည်ပါရှိကြသူတွေ ဖြစ်တယ်။ အမတ်ကြီးတွေကို ဆင်စီးပြီး အခြွေအရံနဲ့ ထွက်စေတယ်။

ရာဇာဓိရာဇ်ဘက်ကလည်း (၁) သမိန်ဗြတ်စ၊ (၂) အမတ်ဒိန်၊ (၃) ဓိတ်ဖြု၊ (၄) သမိန်အဝနိုင်၊ (၅) သမိန်ရဲသင်ရုံ၊ (၆) သမိန်မောခွင်၊ (၇) သမိန် သံကျယ်၊ (၈) သမိန်ဥပါကောင်း၊ (၉) သမိန်ဓိတ်မွန်၊ (၁၀) လဂွန်းအိမ် မွန်တို့ဘက်ကလည်း နှလုံးရည်၊ လက်ရုံးရည် ပြည့်ဝသူတွေပါပဲ။ မွန်အမတ် တို့လည်း ဆင်စီးပြီး ပန်းကျော်ချောင်း တစ်ဖက်စီသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘက်က နောက်ဆုံးကနေရတာက သတိုးသူက ခြေခွင်တယ်။ မွန်ဘက်က နောက်ဆုံးနေရတာက လဂွန်းအိမ်။ သူကလက်ခွင်တယ်။ အတွဲညီဘက်ညီလို့ ဆိုရမယ်။ အမတ်ကြီးတွေလည်း သူတို့အတွဲကြည့်ပြီး ရယ်ကြတယ်။

မွန်ဘက်က ရာဇာဓိရာဇ်ရဲ့ အစီအမံအတိုင်း ပန်းကျော့ချောင်းသောင်ပြင်မှာ လက်နက်တွေ ဗိုက်ထားတယ်။ သစ္စာပြုပြီးလို့ အပြန်မှာ မြန်မာအမတ်တွေကို လုပ်ကြံကြဖို့ပဲ။

အဲဒီလို ရောက်လာရင်း သတိုးက လဂွန်းအိမ်ကို ယွန်းလက်ဖက်ဗူး လက်ဆောင်ပေးတယ်။ လဂွန်းအိမ်ကလည်း သတိုးကို ပုဝါ နှစ်ပိုင်း ပြန်လက်ဆောင်ပေးတယ်။ သူတို့ နှစ်ယောက်လုံးဟာ သူရဲကောင်းတွေပဲ။ ရောက်လာကြရင်း သတိုးက မေးတယ်။ "ရောင်းရင်း…၊ မင်းလည်း သူရဲ ကောင်း ငါလည်း သူရဲကောင်း။ အခုပြုမယ့် သစ္စာဟာ ဖြောင့်မှန်မယ် ထင်သလား" လို့ မေးတဲ့အခါ လဂွန်းအိမ်က "ဟယ် သတိုးအရှူး စစ် အတွင်းပြုကြတဲ့ သစ္စာဆိုတာ ဘယ်မှာ မှန်နိုင်ပါ့မလဲ။ မင်းဦးရင် ငါ့ကို သတ်မယ်၊ ငါဦးရင် မင်းကိုသတ်မှာ မုချပဲ" လို့ ဆိုတယ်။ အင်းပဲစား သတိုးဟာ အကင်းပါးသူ ဖြစ်တယ်။ လဂွန်းအိမ် ဖွင့်မပြောခင်တည်းက သူမသင်္ကာ ဖြစ်ပုံရတယ်။

သတိုးလည်း မင်းရာဇာ၊ မင်းစည်သူတို့ထံသွားပြီး "ယခုပြုမည့် သစ္စာသည်မမှန်၊ မွန်တို့ အကောက်ကြံလိမ့်မယ်" ဆိုတာကြောင့် မြန်မာ မှူးမတ်တွေလည်း မွန်တို့ အရိပ်အခြည်ကြည့်ကာ ဘုရားမတက်ကြဘဲ လှည့်ပြန်ကြတယ်။ မြန်မာတို့ပြန်တာ မြင်လျှင် မွန်တို့လည်း လှည့်ပြန်ကြလေတယ်။ သစ္စာဆိုပွဲလည်း ပျက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အာဂ၊ သံယောဇဉ်နှင့် ကံကြမ္မာ

ကလေးတို့ရေ…

မွန်-မြန်မာ သစ္စာဆိုပွဲ ပျက်တာကြောင့် မွန်အမတ်တွေလည်း ကိုယ့်တပ်ကို ပြန်ခဲ့ကြတယ်။ "ဘာကြောင့် ပြန်ခဲ့သလဲ" လို့ ရာဇာဓိရာဇ် မေးတဲ့အခါ မွန်အမတ်တွေက "လဂွန်းအိမ်ဟာ မိုးညှင်းသတိုးကို အထွေထွေ စကားဆိုတာကြောင့် မြန်မာအမတ်တွေ ရိပ်မိပြီး ပြန်ကြပါတယ် အရှင်" လို့ နားတော်လျှောက်တယ်။ "နင်ဘာကြောင့်ဆိုသလဲ" လို့ ရာဇာဓိရာဇ် မေးတဲ့အခါ လဂွန်းအိမ်က "ကျွန်တော်တို့ ဟံသာဝတီပြည်ကြီးသည် သာသနာတော်တည်ရာ ရာဇဌာနီ ဖြစ်ပါတယ်။ ယခု မြန်မာတပ်များ ရိက္ခာကုန်လို့ ပြန်ချင်နေပြီ။ ကျွန်တော်တို့တပ်နဲ့ နီးလှတာကြောင့် မခွာဝံ့တဲ့ အရေးတောင်းလာခြင်း ဖြစ်ပါတယ်။ အဲလို အနေအထားမှာ ကျွန်တော်တို့ သူ့ကို အကောက်ကြံပြီး သတ်မယ်ပြုရာမှာ သူတော်ကောင်းတို့ အကြံ မဟုတ်ပါ။ သူယုတ်တို့ရဲ့ အကြံမျိုးသာ ဖြစ်ပါတယ်။ နောက်နောင် ကမ္ဘာ မကျေသရွေ့ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော် အညွန့်တိုင်အောင် မွန်တို့ဟာ ကောက်ကျစ်သူတွေ ဖြစ်တယ်လို့ မော်ကွန်းတွင်ရစ်မှာ စိုးလို့ ကျွန်တော် ပြောရခြင်း ဖြစ်ပါတယ်" လို့ တင်လျှောက်တယ်။

ရာဇာဓိရာဇ်လည်း "သည်အရေး နင်ဖျက်တာ ဖြစ်တယ်" လို့ မိန့်ပြီး အဲမွန်ဒရာကို ခေါ်ကာ "လဂွန်းအိမ်ကို သတ်လေ" လို့ စေတော်မူတယ်။ အဲမွန်ဒရာ ခေါ်ထုတ်သွားတယ်။ အဲဒီအခါ ဗိုလ်မင်ဖြတ်စကား ရာဇာဓိရာဇ်ကို

www.burmeseclassic.com



နားတော်လျှောက်တယ်။ "သည်အရေးကို ဘုရင်မင်းခေါင်ကြားရင် သူ့ကို မမြှောက်သကဲ့သို့ ဖြစ်ပါလိမ့်မယ်။ လဂွန်းအိမ်ကို ကျွန်တော် မေးပါရစေ။ အမှုတော်ကို အသက်စွန့်ထမ်းမယ်ဆိုရင် ယခုပင် ထမ်းစေရပါမယ်။ သို့ မဟုတ်ရင်တော့ ကွပ်မျက်ပါ" လို့ လျှောက်တာကြောင့် ရာဇာဓိရာဇ်လည်း ဆိတ်ဆိတ်နေသတဲ့။ သမိန်ဗြတ်စလည်း အဲမွန်ဒရာကို လိုက်ခေါ်ရတယ်။

"လဂွန်းအိမ်...၊မင်းအသက်လွတ်လိုရင် ဘုရင်မင်းခေါင် ညဘက် ဆင်စီးပြီး တပ်ကို လှည့်ကြည့်မြဲဖြစ်တယ်။ မင်းဆင်စီးပြီး ဘုရင်မင်းခေါင် ကို တိုက်ပါ။ ရရင် မင်းအသက်လွတ်မယ်" လို့ အင်းဝဘုရင်ကို လုပ်ကြံ မိုင်းတယ်။ လဂွန်းအိမ်လည်း "ဆင်တော်ဗကမတ်ကိုသာ စီးခွင့်ပေးပါ။ ရဲမက် (၅၀၀) နဲ့ ကျွန်တော်ရအောင် တိုက်မယ်။ ဒါပေမဲ့ ဘုရင်မင်းခေါင် ကို မမြင်ဖူးပါ။ သိသူထည့်ပေးပါ။ ကုန်းလယ်ကစီးပြီး ပြပါစေ" လို့ မလျှောက်တာကြောင့် အသက်လွတ်ရတယ်။

ရာဇာဓိရာဇ်လည်း "ဆင်တော်ဗကမတ်ကို မင်းစီး၊ ငါလည်း ဆင်နဲ့ ကူမယ်။ "ဘုရင်မင်းခေါင်ကို ပြဖို့ သူ့ညီတော် ရှင်သိဒ္ဓတ်ကို ထည့်ပေး မယ်"လို့ မိန့်ပြီး ညချမ်းထွက်တိုက်ဖို့ တပ်ကို စီမံလေတယ်။

ညချမ်းဘုရင်မင်းခေါင် သူ့တပ်လှည့်ကြည့်ခိုက် လဂွန်းအိမ်တို့ စစ်စည်စစ်မောင်း တီးထွက်တိုက်ကြတယ်။ ရာဇာဓိရာဇ်လည်း ဆင်တော် ရဲမြတ်စွာ စီးပြီး နောက်တပ်ချီလိုက်တယ်။ လဂွန်းအိမ်က တောကွယ်ပြီး အကွက်ချောင်း စောင့်နေတယ်။ ဘုရင်မင်းခေါင် ထွက်လာတာ မြင်တဲ့အခါ ဆင်ကို ချွန်းဖွင့်တိုက်လေတယ်။ ဆင်ချင်းအစွယ်မယှက်ခင် ရှင်သိဒ္ဓတ် လည်း နောင်တော်ဘုရင်ကို အော်ပြောတယ်။

"ကေရာဇ်မင်းဖြစ်ရက်နဲ့ အမှုးအမတ်များနဲ့ ဆင်စီးချင်း တိုက်ရ သတဲ့လား၊ နောက်က ဆင်အကူလည်း များလှတယ်။ ထီးဖြူလှဲထားလေ" ဆိုတာနဲ့ ဘုရင်မင်းခေါင်လည်း ဆင်ချွန်းဖွင့်ပြီး ခွာတော်မူလေတယ်။

လဂွန်းအိမ်လည်း ဆင်နဲ့လိုက်တဲ့အခါ ရမည်းသင်းစား၊ ပုခန်းစား၊ မကျူးတောင်ညီနဲ့ သတိုးတို့ ဆင်အစီး (၅၀) ခန့်နဲ့ လဂွန်းအိမ်ကို ဝိုင်းတိုက် တာကြောင့် လဂွန်းအိမ် ဆုတ်ခွာသွားတယ်။ ပြန်ဆုတ်လို့ ပန်းကျော် ချောင်းအနားရောက်တဲ့အခါ ရာဇာဓိရာဇ် ထွက်အလာနဲ့ ဆုံကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါအကူလာမယ် ပြောထားရက်နဲ့ ဘာကြောင့် ပြန်ခဲ့သလဲ" လို့ ရာဇာဓိရာဇ် မေးတဲ့အခါ "ယောက်ဖတော် စစ်ကိုင်းစား သူ့နောင်တော်ကို စကားဟစ်ဆိုတာကြောင့် ကျွန်တော်မတိုက်ရ။ ဘုရင်မင်းခေါင်ခွာတော်မူတယ်" လို့ လဂွန်းအိမ်လျှောက်တယ်။ ရာဇာဓိရာဇ်လည်း ရှင်သိဒ္ဓတ်ကို "ယောက်ဖတော် ဘာကြောင့်ဆိုသနည်း" လို့ မေးတဲ့အခါ "ကျွန်ုပ်အစ်ကို ဘေးဖြစ်မယ် စိုးရိမ်လို့ဆိုပေတယ်" လို့ လျှောက်တယ်။ "ငါ သင့်ကို ငါ့ထံ ခိုလှုံလာလို့ သူကောင်းပြုမယ် ကြံထားရက်နဲ့ ငါ့ထက် အစ်ကို ကို ချစ်ပေတယ်။ နောင်အခါ အတွင်းရန်သူဖြစ်မယ်" ဆိုကာ ရှင်သိဒ္ဓတ်ကို ကွပ်မျက်စေသတဲ့။ ညီနောင်သံယောဇဉ်ကြောင့် အသတ်ခံရပေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မွန်သူရဲကောင်း လဂွန်းအိမ်ရဲ့ ဆုလာဘ်

ကလေးတို့ရေ…

မွန်-မြန်မာ စစ်ပွဲတွေအတွင်းမှာ သူရဲကောင်းတွေ ပေါ်ထွက်လာတယ်။ မြန်မာဘက်မှာ မြန်မာသူရဲကောင်းတွေ ရှိသလို မွန်ဘက်မှာလည်း မွန်သူရဲကောင်းတွေ ရှိကြတယ်။ မွန်သူရဲကောင်းတွေထဲမှာ "လဂွန်းအိမ်" ဟာ ပြောစမှတ်ပြုရတဲ့ သူရဲကောင်းတစ်ဦးဖြစ်တယ်။

'လဂွန်းအိမ်' ဆိုတဲ့ အမည်ဟာ ဘုရင်ပေးတဲ့ ဘွဲ့အမည်ဖြစ်တယ်။ အဓိပ္ပာယ်ကတော့ "သိကြားမင်းကဲ့သို့ အစွမ်းရှိသူ" လို့ အဓိပ္ပာယ်ရတယ်။ လဂွန်းအိမ်ရဲ့ အမည်ရင်းကတော့ "မသလုံ" လို့ ခေါ်တယ်။

တစ်ခါမှာတော့ မွန်ဘုရင် ရာဇာဓိရာဇ်ဟာ လဂွန်းဗျည်းမြို့မှာ တပ်ချနေသတဲ့။ အဲဒီအချိန်မှာ သံမောက်မြို့စား မင်္ဂြိုင်းဟာ သစ္စာမစောင့်ဘဲ အပြင်ကတပ်ကို ညအခါ စစ်သူရဲ (၅၀၀၀) နဲ့ တိုက်ခိုက်လာတယ်။ တပ်ကို မီးလောင်တဲ့အခါ ထမ်းစဉ်ထက်မှာ မင်္ဂြိုင်းကိုယ်တိုင် ဦးစီးကွပ်ကဲနေတာကို ရာဇာဓိရာဇ် မြင်သတဲ့။ မင်္ဂြိုင်းတပ်နဲ့ဆိုရင် ရာဇာဓိရာဇ်တပ်က အင်မြင်းအလုံးအရင်း သုံးဆလောက် ပိုကြီးတာပေါ့။

ရာဇာဓိရာဇ်က "ဒီကျွန်ပျက် မင်္ဂြိုင်းငယ်ကို ဘယ်သူရဲအောင် ယူနိုင်မလဲ" လို့ ဆိုတဲ့အခါ မသလုံက သူရဲဖြောင် ယူပေးမယ်ဆိုကာ ဓား

www.burmeseclassic.com



ကို ထက်မြည့်နေအောင် သွေးသတဲ့။ ပြီးတဲ့အခါ ဓားနဲ့ လွှားကိုင်ပြီး ထွက်တယ်။ မြေထမင်းအိုးဟောင်းတစ်လုံးလည်း ခြင်းနဲ့ ထည့်ယူခဲ့သတဲ့။

မဂြိုင်းရဲ့ တပ်တွေလည်း လဂွန်းမြည်းအရံတပ် ပျက်တာနဲ့ ကိုယ့်တပ်ကိုယ် ပြန်ကာ သောက်စားနေကြလေတယ်။ အဲဒီအချိန်မှာ မသလုံဟာ မဂြိုင်းတပ်ထဲ မှောင်ရိပ်ခိုကာ ဝင်ခဲ့တယ်။ မွန်ရဲမက်ချင်းဖြစ်နေတော့ မှောင်ထဲမှာ သူ့ငါမသိ ငါ့သူမသိ ဖြစ်နေမှာပေါ့။ (လဂွန်းအိမ်) မသလုံ မဂြိုင်းအနားရောက်တဲ့အခါ ရန်သူ့ခေါင်းဆိုပြီး အိုးဟောင်းကိုပြတော့ အားလုံး မသလုံရဲ့ခြင်းထဲ ကဲကြည့်ကြတယ်။ အဲဒီအခိုက်မှာ မသလုံဟာ မဂြိုင်းရဲ့ ဦးခေါင်းကို လျှပ်တစ်ပြက် ဖြတ်ယူကာ ခြင်းထဲထည့်ပြီး ခုန်ထွက်လာခဲ့တယ်။

အလွန်လျင်မြန်လှတာကြောင့် ရုတ်တရက် အငိုက်ခံလိုက်ရတာပဲ။ ပြီးမှ ဆူညံအုတ်ကျွက်ဖြစ်ကာ လိုက်ကြတယ်။ အဲဒီအချိန်မှာ မသလုံတစ်ပြင်ရောက်နေပြီ။ သူ့တပ် ပြန်ရောက်တဲ့အခါ ရာဇာဓိရာဇ်တို့ ဗိုင်းထဲ မဂြိုင်းခေါင်းကို လှိမ့်သွင်းလိုက်သတဲ့။ ရုတ်တရက်တော့ ရာဇာဓိရာဇ် လန့်သွားတာပေါ့။ "မဂြိုင်းရဲ့ခေါင်းပါ" လို့ လျှောက်မှ မီးတိုင်နဲ့ ယူကြည့်တော့ "မဂြိုင်းခေါင်းအစစ်ပဲ"၊ "ကောင်းတယ်" လို့သာဆိုပြီး ဘာဆုမှ မပေးဘဲနေသတဲ့။ မသလုံလည်း မလျှောက်ရဲလို့ ဆိတ်ဆိတ်သာ နေသတဲ့။

ဒီလိုနဲ့ ရာဇာဓိရာဇ်ဟာ သံမောင်မြို့၊ တရည်မြို့၊ လဂွန်းဗျည်းမြို့၊ ဝန်မြို့၊ မုတ္တမ၊ မော်လမြိုင်မြို့များကို ရပြီး အမတ်သူရဲကောင်းတွေကိုလည်း ဆုလာဘ်နဲ့အတူ ရာထူးရာခံတွေလည်း ထိုက်သင့်သလို ချီးမြှင့်လေသတဲ့။

မသလုံကို ချီးမြှင့်ပုံကတော့ အခြားသူတွေနဲ့ မတူလေဘူး။

ရာဇာဓိရာဇ် တိုက်ကုလားမြို့ကို ရောက်တဲ့အခါ ငါးဆောင်ပြိုင်အိမ်ကြီးဆောက်စေသတဲ့။ ဝန်မြို့စားရဲ့ သမီး ကိုယ်လုပ်တော်နှင်းကေသရာကိုလည်း အဲဒီအိမ်ကြီးမှာနေစေတယ်။ ပြီးမှ ဗိုလ်မင်းဖြတ်စကို ခေါ်ပြီး "မသလုံကို သင့်အိမ်ကို ခေါ်သွား၊ အရက်မူးယစ်အောင်တိုက်။ လူမသိအောင် မူးတော့မှ ထမ်းစင်နဲ့ ယူသွား။ ငါးဆောင်ပြိုင် အိမ်ကြီးထဲက သလွန်ပေါ်မှာ တင်သိပ်ထား။ "လဂွန်းအိမ်" ဆိုတဲ့ ဘွဲ့သာဖူးရယ်၊ တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကုလားမြို့နဲ့ ဆင်ပေါက် ငါးစီးကို ပေးပြီး ငါ့ကိုယ်လုပ်တော် နှင်းကေသရာနဲ့ ဆောင်နှင်းပေး။ အမူးအယစ်ပြေမှ သိပစေ” လို့ မိန့်မှာလေတယ်။

ဗိုလ်မင်းဖြတ်စလည်း အမိန့်အတိုင်း လုပ်ဆောင်ကာ စောင်းငြင်းပြီးမှ အတီးအမှုတ်နဲ့တကွ နှင်းကေသရာကို အလုံးစုံ မှာကြားထားခဲ့တယ်။

ဒါနဲ့ မသလုံလည်း အမူးပြေပြီး အိပ်ရာက နိုးလာလေတယ်။ ရာဇာမိရာဇ်ရဲ့ သလွန်ထက်တက်ပြီး မူးမူးနဲ့အိပ်မိပြီ ထင်မှတ်ကာ ဆင်းပြေးဖို့ အလုပ် နှင်းကေသရာက ဖမ်းဆွဲထားသတဲ့။ နှင်းကေသရာက “အို သူ့ရဲကောင်း…၊ သလွန်ထက် မှားအိပ်မိတာ မဟုတ်ပါ။ အရှင်မင်းကြီးဟာ ကိုက် ကုလားမြို့ရယ်၊ လဝွန်းအိမ်” ဆိုတဲ့ ဘွဲ့သရဖူနဲ့ ဆင်ပေါက် (၅) စီး ရယ်၊ နောက် ကျွန်ုပ်ကိုလည်း သင့်ဇနီးအဖြစ် သိမ်းပိုက်ဖို့ ပေးတော်မူခဲ့ပါတယ်” လို့ ပြန်ကြားတော့မှ သူဆုရကြောင်းသိကာ နဖူးလက်ဝါးနဲ့ ရိုက်ပြီး မင်းကြီးရှိရာ လက်အုပ်ချီ ဦးခိုက်လေသတဲ့။

❑

www.burmeseclassic.com

## လဂွန်းအိမ်ရဲ့ အချစ်စမ်းပွဲ

ကလေးတို့ရေ…

လဂွန်းအိမ် ဘယ်သူ့ကိုများ အချစ်စမ်းလေသလဲ။

မွန်မြန်မာစစ်ပွဲတွေမှာ သူ့ပိုင်နက် ငါတိုက်၊ ငါ့ပိုင်နက် သူတိုက်နဲ့ တစ်ပြန်စီ စစ်တိုက်နေကြတယ်။ အင်အားချင်းပြိုင်၊ စစ်ဆင်ရေးဗျူဟာချင်း လည်း ပြိုင်ကြတယ်။ သူ့အနေအထား၊ ကိုယ့်အနေအထား အခြေအနေ စောင့်ကြည့်နေတတ်ကြတယ်။

မွန်ဘုရင် ရာဇာဓိရာဇ် မြောင်းမြကို တိုက်စဉ်က ပုသိမ်သားတို့ဟာ လှေတက် အင်အားအများနဲ့ မြောင်းမြဘက်ကို လာကူတိုက်မယ်လို့ ကြား တာကြောင့် ပုသိမ်သားတွေကို နှိမ်နင်းဖို့ လဂွန်းအိမ်ကို စေတော်မူတယ်။ လဂွန်းအိမ်ကို ကြိုးစားပြီး အားတက်စေလိုတာကြောင့် ရာဇာဓိရာဇ်က သူ့ မိဖုရား တလသုတမာယာကို ကွမ်းခွက်တော်နဲ့ ကွမ်းထည့်ပြီး လဂွန်းအိမ် ဆီကို ပေးပို့စေတယ်။

လဂွန်းအိမ်လည်း စဉ်းစားတယ်။ "အခုတိုက်မယ့် တိုက်ပွဲဟာ ပုသိမ်သားတွေက လှေတက်အင်အားများတယ်။ ငါတို့က သူ့ထက် အင်အားနည်းတယ်။ ငါတို့ သခင်ရဲ့စိတ်တော်ကို စုံစမ်းဦးမယ်။ ဘုရင် ငါ့အပေါ် အမှန် ချစ်တယ်ဆိုတာ မှန်မှ ငါအသက်စွန့်တိုက်မယ်" ဆိုပြီး စောင်ခေါင်းမြီးခြုံ ကာ အိပ်နေလေသတဲ့။

နံနက်မိုးသောက်လင်းတဲ့အခါ လဂွန်းအိမ်ဟာ တပ်ထွက်ဖို့ စစ်အင် ကျင်းရာကို မသွားဘဲ နေလေတယ်။ ကွပ်ကဲတိုက်ရမယ့် လဂွန်းအိမ် ရောက်

www.burmeseclassic.com

www.burmeseclassic.com



မလာတာကြောင့် အမတ်ဒိန်နဲ့ သမိန်ဖြတ်စတို့က လာပြီး စုံစမ်းကြတယ်။ ဒီတော့ လဝွန်းအိမ်က "အရှင်နေ့က မိဖုရားတလသုတမာယာ ကွမ်းခွက် လာပေးစဉ်က ရင်ဝတ်တော်လျှောကျတာကို အမှတ်မထင် မြင်မိတာကြောင့် ကျွန်ုပ်မစားနိုင်၊ မသောက်နိုင် ဖြစ်နေရတယ်။ သွားလည်း သေတယ်၊ နေလည်း သေတယ်။ အတူတူပဲဖြစ်တာကြောင့် ဒီအတိုင်းပဲ နေ တော့မယ်" လို့ လဝွန်းအိမ်က ဉာဏ်ဆင်ကာ ပြောလိုက်လေတယ်။ "ငါတို့ မင်းပြော တဲ့အတိုင်းပဲ ဘုရင်ကို လျှောက်လိုက်ရမှာလား" လို့ သမိန်ဖြတ်စတို့ ပြောတဲ့အခါ "အမှန်ပါပဲ၊ သည်အတိုင်း လျှောက်ချေပါ" လို့ ဆိုတာကြောင့် အမတ်ဒိန်နဲ့ သမိန်ဖြတ်စလည်း ခေါင်းယမ်းကာ စိတ်ပျက်ပျက်နဲ့ ဘုရင် ရှေ့မှောက် ခစားကြတယ်။ "လဝွန်းအိမ် တပ်မထွက်ပါ" လျှောက်တဲ့အခါ "ဘာကြောင့်လဲ" လို့ ရာဇာဓိရာဇ်က မေးတယ်။ "ကျွန် စဉ်းလဲရဲ့စကားကို မလျှောက်ပါရစေနဲ့" လို့ အမတ်ဒိန်က တင်လေတယ်။ "ဆိုသာဆိုပါ" လို့ ဘုရင်မိန့်တာကြောင့် လဝွန်းအိမ် ပြောလိုက်တဲ့အတိုင်း ပြန်လျှောက်တင်ရ တော့တယ်။

အဲဒီအခါ ရာဇာဓိရာဇ်က "မိဖုရားကို ငါမနှမြော၊ သင်းကိုသာ နှမြောတယ်" လို့ဆိုကာ သူ့မိဖုရားကိုခေါ်ပြီး နားချဆုံးမလေတယ်။ မိဖုရား တလသုတမာယာလည်း ဘုရင့်ခြေတော်ဦးခိုက်ကာ ငိုလေတယ်။ ပြီးမှ မိဖုရားကို ရွှေလောင်းလှေပေါ်တင်ပြီး လဝွန်းအိမ်ထံ ပို့စေတယ်။ အမတ် ဒိန်နဲ့ ဗိုလ်မင်းဖြတ်စလည်း နောက်တော်က လိုက်ရတယ်။

လဝွန်းအိမ်လည်း မိဖုရားလာချေပြီလို့ ကြားတဲ့အခါ လှေဆိပ်သို့ လက်ဆောင်ပဏ္ဏာအများနဲ့ ဆင်းလာကာ မိဖုရားကို ဦးခိုက်လေတယ်။

"ကျွန်ုပ်သခင်ရဲ့ စိတ်တော်ကို စမ်းခြင်းမျှသာ ဖြစ်ပါတယ်။ ကျွန်ုပ် ကို ချစ်သနားကြောင်း သိရပါပြီ။ အရှင်မိဖုရား၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ" လို့ လျှောက်သတဲ့။

အဲဒီနောက် လဝွန်းအိမ်ဟာ တပ်ကို ကွပ်ကဲပြီးချီကာ ပုသိမ်သားတို့ ကို ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်တာကြောင့် သူတို့လှေတပ်ကို အောင်နိုင်လေ တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## လဂွန်းအိမ်၏ စွန့်စားခန်း

ကလေးတို့ရေ…

ရာဇာဓိရာဇ်ဟာ ကျိုက်ထိုဘုရားမှာ မွန်–မြန်မာ သစ္စာပြုပွဲပျက်တာကြောင့် လဂွန်းအိမ်ကို သတ်မယ်လုပ်တယ်။ ဗိုလ်မင်းဖြတ်စတင်လျှောက်လို့ ဘုရင်မင်းခေါင်နဲ့ ဆင်စီးချင်းထိုး လုပ်ကြံခိုင်းတယ်။ ရှင်သိဒ္ဓတ်ကြောင့် မအောင်မြင်လို့ ရှင်သိဒ္ဓတ်ကို သတ်ခဲ့တယ်။ လဂွန်းအိမ်ကိုလည်း မကျေနပ်သေးဘူး။ ဒါကြောင့် ရာဇာဓိရာဇ်ဟာ လဂွန်းအိမ်ကို စေပြန်တယ်။

"လဂွန်းအိမ် ဘုရင်မင်းခေါင်ကို ရအောင် တိုက်မယ်ဆိုလို့ နင့်ကိုငါ မသတ်ဘူး။ ဘုရင်မင်းခေါင်ကိုလည်း မရ။ နင်ဘယ်လိုကြံမလဲ" လို့ မေးတယ်။

"ကျွန်တော်မျိုး ဘုရင်မင်းခေါင် အိပ်ရာတော်တိုင်အောင် ညဉ့်ဘက်ဝင်ပြီး လုပ်ကြံမယ်" လို့ လဂွန်းအိမ်လျှောက်တယ်။ နောက် သူ့ရဲ့ ကောင်း (၁၂) ယောက် ဓားလှံကိုင်ကာ အတူလိုက်စေပြီး ညဉ့် နှစ်ချက်တီးကျော်မှာ မြန်မာတပ်ကို လှည့်ကြည့်တယ်။ မြောက်ဘက်မျက်နှာ ကျုံးလည်း တိမ်တယ်။ အဲဒီဘက်မှာ တပ်လည်း မခိုင်၊ တပ်စောင့်လည်း နည်းတာကြောင့် တပ်အပြင်က ပိန္နဲပင်ကခိုပြီး တပ်သစ်လုံးတိုင် နှစ်ချောင်းကို နုတ်ကာ ခြေသံဖျောက်ဝင်ကြတယ်။

လဂွန်းအိမ်တို့တပ်တွင်း ရောက်တယ်။ သူ့ရဲကောင်း သုံးယောက်ကို ခုနဲ့ပင်မှာ ထားရစ်တယ်။ နောက် သုံးယောက်ကို စစ်ကဲ သူရေနန်သူထလျှင် ခုတ်လို့ မှာတယ်။ နောက် သုံးယောက်ကို လူနိုးလျှင် ဆင်ထူးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်လို့မှာကာ ဆင်တင်းကုပ်မှာထားတယ်။ လဝွန်းအိမ်နဲ့ ကျန်သုံးယောက်က ဘုရင်မင်းခေါင်ရဲ့ တဲနန်းဆောင်အောက်ဝင်ပြီး လဝွန်းအိမ် က လူနှစ်ယောက် ပခုံးနင်းတက်ကာ ကြမ်းကွပ်တယ်။ ကြမ်းကို ဖွင့်ပြီး မှ အထက်အိပ်ခန်းဆီ တက်တယ်။ ဘုရင်မင်းခေါင် အိပ်နေတဲ့ အနီး လဝွန်းအိမ်ရောက်တဲ့အခါ ရွှေကွမ်းခွက်တော်ကို ယူပြီး အောက်ကလူကို ကမ်းပေးတယ်။ နောက် သလွန်တော်အနားမှာရှိတဲ့ ဘုရင်မင်းခေါင်ရဲ့ လက်သုံးတော်ပတ္တမြား ကျောက်စီဓားကိုယူပြီး အိပ်နေတဲ့ ဘုရင်ကို လုပ်ကြံမယ်ပြင်တယ်။ အဲလို ပြင်စဉ်မှာပဲ အပါးတော်က ဉာဉ်စောင့်ကိုယ်လုပ်တော် တစ်ယောက်နိုးပြီး ဆီမီးရောင်မှာ မြင်တာကြောင့် "မွန်သူခိုး" လို့ ဟစ်အော်လေတယ်။ လဝွန်းအိမ်လည်း ကြမ်းပေါက်က ခုန်ချပြေးလေတယ်။

ဘုရင်မင်းခေါင်လည်း နိုးလျှင် ကိုယ်ရံတော်တွေ သောသောညံညာ သံ ပေးလိုက်ကြတယ်။ ဆင်တင်းကုပ်က လူ သုံးယောက်လည်း ဆင်ထူးတွေကို ဖြတ်လိုက်တာနဲ့ ဆင်အများထွက်လာတယ်။ အင်းဝရဲမက်တွေလည်း ဆင်လွတ်လို့ လန့်တာဖြစ်မယ်ဆိုကာ နေလေတယ်။ လဝွန်းအိမ်တို့လည်း ပြေးထွက်ပြီး အပြင်ရောက်၊ လူစစ် (၁၂) ယောက်စေမှ ပြန်ခဲ့တယ်။ မြန်မာ ကပ်ထဲမှာလည်း သောသောညံတပ်လန့်လေတယ်။

လဝွန်းအိမ်တို့ ပြန်ရောက်တဲ့အခါ ရာဇာဓိရာဇ်က "ကိစ္စပြီးခဲ့ရဲ့လား" လို့ မေးတော်မူတယ်။ လဝွန်းအိမ်က "လျှောက်ပါရစေ အရှင် ဘုန်းကြီးတဲ့ ဧကရာဇ်မင်းတို့ကို လုပ်ကြံသောသူဟာ အသက်လည်း မရှည်၊ ဘုန်းလည်း မကြီးနိုင်လို့ မိဘတို့ ပြောဖူးတာကြောင့် အသက်ရှည်မှ အမှုတော်ကို ထမ်းရမည်ကြံကာ မလုပ်ကြံခဲ့ပါ။ ဘုရင်မင်းခေါင်ထံပါးရောက်ကြောင်းကို သက်သေဖြစ်ရာ ကွမ်းခွက်တော်နဲ့ လက်သုံးတော်ဓား ယူခဲ့ပါတယ် အရှင်" လို့ လျှောက်တင်တဲ့အခါ ရာဇာဓိရာဇ်က ဘုရင်မင်းခေါင် သမီးတော်ကို ပြတဲ့အခါ သမီးတော်ကလည်း "ခမည်းတော်ပစ္စည်း မှန်ပါတယ်" ဆိုကာ ငိုလေသတဲ့။

ရာဇာဓိရာဇ်လည်း အားရတော်မူတာကြောင့် လဝွန်းအိမ်ကို "နင့်အသက် ငါလွှတ်တော်မူတယ်" လို့ မိန့်တော်မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်မင်းခေါင်တပ်ဆုတ်ခြင်း

ကလေးတို့ရေ…

သူ့ရဲကောင်းတွေဟာ လုပ်ရည်ကြံရည်သာမက သစ္စာလည်း ရှိကြ တယ်။ သူ့ကျေးဇူးသိတတ်တဲ့ ပုဂံခေတ်အခါက သူရဲကောင်း ခေင်ညို အကြောင်း ပြောခဲ့ပြီးပြီ။ မွန်သူရဲကောင်း လဂွန်းအိမ်လည်း မိဘစကား နာယူခဲ့တာကြောင့် အခွင့်ရပါလျက် ဘုရင်မင်းခေါင်ကို မလုပ်ကြံခဲ့ဘူး။ ချီးကျူးဖွယ် ဖြစ်ပေတယ်။

ဘုရင်မင်းခေါင်ဟာ အပါးတော်ထိ မွန်သူရဲကောင်းတွေ ရောက်ပေ တယ်လို့ စိတ်မချမ်းမသာ ဖြစ်လေတယ်။ နံနက်မိုးလင်းတဲ့အခါ ကွမ်းခွက် တော်နဲ့ လက်သုံးတော်ဓား ပျောက်မှန်းသိရတော့ ပိုပြီး ထိတ်လန့်တော်မူ တယ်။ ရဲမက်ဗိုလ်ပါတွေလည်း ဝေ်လုပြီ။ ဒါ့ကြောင့် မှူးမတ်တွေနဲ့ တိုင် ပင်ပြန်တယ်။ "စေ့စပ်ရေးလည်း ပျက်၊ အရေးမရပြီ။ ဘယ့်နှယ်ကြံကြ မတုန်း"။ အဲဒီအခါ စစ်သူကြီးရမည်းသင်းစည်သူက "ကျွန်တော်တို့ တစ် ကြိမ် ရှစ်တပ် နောက်ကနေ ခံပေးမယ်။ ကိုယ်တော်ရှေ့က ချီတော်မူနှင့်ပါ။ မြားထိပင်ပန်းနေတဲ့ ဆင်လေး၊ မြင်းလေးတွေနဲ့ ဖျားသူနာသူ၊ မစွမ်းသန်သူ တို့ကို ယခုညချင်း အရင်လွှတ်တော်မူပါ။ မိုးသောက်လျှင် အရှင်ချီတော်မူ ပါ" လို့ လျှောက်တင်တယ်။

ဘုရင်မင်းခေါင်လည်း နောက်ခံတပ်ရှစ်တပ်ကို လက်ရွေးစင်ရွေး ချယ်ကာ တိုက်ဆင် (၂၀၀)၊ မြင်း (၈၀၀၀)၊ ရဲမက်ဗိုလ်ခြေ (၈) သောင်းနဲ့ နောက်ချန်နေစေပြီး ပြန်ဆုတ်ခွာတော်မူတယ်။

ရာဇာဓိရာဇ်လည်း တပ်ခြောက်တပ်ကို ခန့်ခွဲပြီး ဘုရင်မင်းခေါင်ရဲ့ နောက်ခံတပ်တွေကို တိုက်မယ့်ဟန် စစ်ပြိုင်စေတယ်။ ဘုရင်မင်းခေါင် လည်း နောက်တော်က ခံတပ်ရှိလေတယ်လို့ အမှတ်မဲ့ ချီလေတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အခါ လဝွန်းအိမ်က တောထဲက ထွက်ပြီး ဘုရင်မင်းခေါင်တပ်ကို အလစ် ဝင်တိုက်တယ်။ ဘုရင်မင်းခေါင်လည်း ဆင်တော်ရဲမြတ်စွာကို စီးပြီး စစ် သူရဲ (၅၀၀၀) နဲ့ လဝွန်းအိမ်တပ်ကို လိုက်တိုက်တယ်။ လဝွန်းအိမ်တပ် ပျက်လေတယ်။ နောက် မွန်ဥပါကောင်းတပ်ကို တိုက်ပြန်တယ်။ ဥပါကောင်း တပ်လည်း ပျက်လေတယ်။

အဲဒီအချိန်မှာ အထိန်းတော်လကျ်ာကြီး မြင်းနဲ့ ပြေးလာပြီး လျှောက် တယ်။ "အရှင်မင်းကြီး စစ်ဖျားပေါ်တာကို တိုက်ရင် နိုင်ပါမည်။ နောက် က သူ့လူတွေ များလှတယ်။ မွန်မင်းတပ်လည်း နောက်ပါလိမ့်မယ်။ ဆင် မြင်းခြေသည် များလှပါတယ်။ သူနီးလာလို့တိုက်လျှင် မခွာနိုင်ရှိပါလိမ့် မယ်။ တပ်သားတွေလည်း ရွှေ့လို့ အဝေးမှာ ရှိပေတယ်။ ကျွန်ုပ်သာ အပြင်း နှိုင်းခဲ့လို့သာ အထောက်ရှိရပါတယ်။ အရင်ခွာမှ သင့်မယ်" လျှောက်လေ တယ်။

ဘုရင်မင်းခေါင်လည်း ဆင်တော်ရဲမြတ်စွာ ပင်ပန်းလှတာကြောင့် ဆင်ကဲကို စီးစေတယ်။ ကိုယ်တိုင်မှာ ဆင်မတော် နလံမကို စီးကာ အပြင်း ခွာတော်မူတယ်။ လဝွန်းအိမ်နဲ့ ဥပါကောင်းတို့လည်း မွန်ဒေသ မြေခြား ကိုင်အောင် လိုက်တိုက်ပြန်တာကြောင့် သုံ့ပန်းလူသူအများ ဖမ်းမိသွားတယ်။

ဘုရင်မင်းခေါင်လည်း စားတော် သုံးနပ် မစားရ။ ခွာတော်မူပြီး မစုစည်းနိုင်ခင် ဝါးအစည်းပြေသလို ကစဥ့်ကရဲ ရှိလေတယ်။ စစ်ရွှေ့ရာ မှာ မိဖုရားရှင်မိနောက်ကိုလည်း ဆင်ရွှေပေါင်းဝန်းနဲ့တကွ မွန်တို့ရလေ တယ်။

ဘုရင်မင်းခေါင်ရဲ့ တောင်နန်းမိဖုရားရှင်ဘို့မယ်ရဲ့ အခြေအနေလည်း မသိရသေး။ ဘုရင်မင်းခေါင် စိတ်မအေးဘူးပေါ့။ ဘုရင်မင်းခေါင်လည်း မွန်ဒေသကနေ အင်းဝတိုင်အောင် အပြင်းချီတာ (၇) ရက်နဲ့ ရောက်လေတယ်။ စစ်သည်တွေလည်း စွမ်းသန်သူသာ ကျန်ပြီး နာသူတို့ကို မွန်တို့ရလေတယ်။

နောက်ခံ ရမည်းသင်းစည်သူတို့ တပ်ကြီး ရှစ်တပ်လည်း ဘုရင်မင်း ခေါင်တို့ စစ်ရွှေ့ပြီ ကြားတာနဲ့ အရှုံးအစုမပျက် စည်းကြပ်ကာ ဆုတ်ခွာခဲ့ တယ်။ မွန်တပ်တွေလည်း မတိုက်ဝံ့တာကြောင့် ပြန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ကဲနဲ့ ရှင်ဘို့မယ်

ကလေးတို့ရေ…

ရှေးကဘုရင်တွေ စစ်ချီရာကို မင်းညီမင်းသား၊ မင်းသမီးများနဲ့ မိဖုရားများ ပါလိုက်ကြရတာဟာ အဲဒီခေတ်ထုံးစံပဲ ဆိုပါတော့…။ စစ်ရေး လှရင် တော်ရဲ့၊ အရေးမလှလို့ တပ်ဆုတ်ရတဲ့အခါ ကစဉ့်ကရဲ ရှိလှတယ်။ ဘုရင်မင်းခေါင်ရဲ့ မိဖုရားနဲ့ မိနောက်ကို မွန်တွေရသွားလို့ ရာဇာဓိရာဇ်က မိဖုရားမြှောက်လေတယ်။

ဘုရင်မင်းခေါင်အနေနဲ့ ကြည့်ရင်လည်း ကိုယ့်မိဖုရား သူ့နောက်ပါ သွားတာ နာသာခံခက် ဖြစ်လိမ့်မယ်။ ရှင်ဘို့မယ်ရဲ့ အခြေအနေလည်း ဘုရင်မင်းခေါင် စိတ်မအေးဘူးပေါ့။

မိဖုရားရှင်ဘို့မယ်ဟာ မင်းကြီးစွာစော်ကဲရဲ့ မြေးတော်ဖြစ်တယ်။ ဘုရင်မင်းခေါင်နဲ့ဆို တူမတော်တာပေါ့။ တူမကို မိဖုရားတောင်နန်းစံအဖြစ် တင်မြှောက်ထားတာပါပဲ။

တကယ်တော့ ရှင်ဘို့မယ်ဟာ ပန်းကျော်ချောင်းသဲပြင်မှာ စစ်ဆုတ် ရင်း ဆင်ထက်က ကျကျန်ရစ်တယ်။ မွန်တို့ဘက်က မတွေ့ခင်မှာ နောက် ကျန်နေတဲ့ ဆင်ကဲတွေ့လို့ ကောက်တင်ခဲ့တယ်။ ဆင်တော်ရဲ့မြတ်စွာ နာရေ လို့ ဖြည်းဖြည်းလာရတာကြောင့် မိဖုရားကို တွေ့ရတာပါပဲ။ ဆင်ကဲဟာ စခန်းချတိုင်း ညဥ့်အခါမှာ ဆင်ဦးစီးကို စောင့်စေတယ်။ နေ့ဘက်မှာ ဆင် ပေါ်တင်ပြီး ခရီးဆက်တယ်။ ရွာစခန်းကြုံရင် မိဖုရားကို အိမ်ပေါ်မှာ အိပ် စေပြီး သူတို့က မြေကြီးမှာ အိပ်ကြတယ်။ အဲဒီအချိန်မှာ ဘုရင်မင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com



ဖိုက်မအေးနိုင်ဘဲ မြင်းသည်ကျော် (၂၀) ကို ပြန်ရှာစေတယ်။ တစ်ယောက်မှ မတွေ့ကြ။ "နောက်မှာ ဘယ်သူရှိသလဲ" လို့ ဘုရင်မေးမှ "ဆင်ကဲရှိပါတယ်။ ဆင်တော်လေးလို့ နောက်ကျနေတယ်" လို့ လျှောက်ကြတယ်။ (၁၀) ရက်လောက်ကြာမှ ဆင်ကဲနဲ့ မိဖုရားရှင်ဘို့မယ်တို့ အင်းဝကိုပြန်ရောက်ကြတယ်။ မြို့ပြင်မှာ မိဖုရားကို ဦးခံလျှော်စေပြီးမှ နန်းတွင်းဝင်ကြတယ်။

ဆင်ကဲလည်း အကြောင်းစုံကို ဘုရင်အား လျှောက်တင်လေတယ်။ ဘုရင်မင်းခေါင် အားရတာကြောင့် ဆင်ကဲကို ဆုလာဘ်များစွာ ပေးတယ်။ ပြဿနာက နန်းတော်ရောက်လို့ (၁၅) ရက်ခန့်အကြာမှာ ရှင်ဘို့မယ် ကွမ်းစားဖို့လုပ်ရာမှာ ကွမ်းညှပ်လွတ်ကျသွားတော့ "အို ဆင်ကဲလေ" လို့ ယောင်မိသတဲ့။ အဲဒီအခါ ဘုရင်မင်းခေါင် သံသယဖြစ်တာနဲ့ ဆင်ကဲကို စစ်မေးမြန်းတယ်။ ဆင်ကဲလည်း အကြောင်းစုံလျှောက်တင်တယ်။

"မိဖုရားကို ကယ်မိကတည်းက ကျွန်တော် သေရမည်ကို သိပါတယ်။ တွေ့ရက်နဲ့ မကယ်ရင် မွန်ဘက်က ရသွားမယ်။ တွေ့ရက်က မကယ်ကောင်းဟားဆိုပြီး မင်းကြီးမျက်မယ်ဆိုတာ အသိပါပဲ" လို့ လျှောက်တယ်။ ဘုရင်မင်းခေါင် သံသယမပြေဘဲ "စကားတတ်လှတယ်" ဆိုကာဆင်ကဲကို ကွပ်မျက်လေတယ်။ ပြီးမှ ဆင်ဦးစီးကို စစ်မေးတဲ့အခါ ဆင်ကဲလျှောက်တာနဲ့ တစ်ထပ်တည်း ဖြစ်နေတယ်။

ဒီတော့မှ "ငါ့ကျွန်ကို ငါသတ်မိပြီ" ဆိုပြီး ဘုရင်မင်းခေါင် နောင်တရလေတယ်။ ဒါကြောင့် ဆင်ကဲရဲ့သားကို ခေါ်ကာ သူ့အဘစားရတဲ့ ကျေးရွာမြို့ပြနဲ့တကွ ဆင်ကဲခန့်တော်မူတယ်။ ဘုရင်မင်းခေါင်ဟာ စစ်ရေးမလှလို့ မိဖုရားလည်း သူနောက်ပါရတယ်။ ညီတော်လည်း အသတ်ခံရတယ်။ ဆင်ကဲကိုလည်း စိတ်လောပြီး သတ်မိလေတယ်လို့ ကြေကွဲတာကြောင့် စက်တော်မခေါ်၊ စားတော်မဝင် ရှိလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင့်သောကနှင့် မင်းရာဇာလျှောက်ထုံး

ကလေးတို့ရေ…

စည်းတပြစ်အမတ်ကြီး ဝန်ဇင်မင်းရာဇာကို မှတ်မိရဲ့ မဟုတ်လား။ မိတ္ထီလာဝန်ဇင်းရွာသား လယ်သမားလူငယ်ဟာ စာပေအမြဲ လေ့လာတာကြောင့် အသိအမြင်များလေတယ်။ ဒါကြောင့် မင်းကြီးစွာစော်ကဲ ချီးမြှောက်ကာ စည်းတပြစ်အမတ်ကြီး ဖြစ်လာရတယ်။ ဝန်ဇင်းမင်းရာဇာရဲ့ တင်လျှောက်ချက်ဟာ ကြောင်းကျိုးကျနပြီး ရာဇဝင်းထုံးပုံ သာဓကတွေနဲ့ အလွန်မှတ်သားဖွယ် ကောင်းလှတယ်။ "မဏိရတနာပုံ လျှောက်ထုံး" ဆိုပြီး မြန်မာစာပေမှာ အထင်ကရ ရှိလေတယ်။

ဘုရင်မင်းခေါင် သောကစိတ်ဖိစီးနေတဲ့အခါ မင်းရာဇာတင်လျှောက်လေတယ်။ (အကျဉ်းချုပ်တင်ပြလိုက်ပါတယ်။)

"ဘုန်းတော်ကြီးသော အရှင်၊ ကျွန်တော်မျိုးအထက်က လျှောက်ပါသည်ကို အရှင် မယူပါသောကြောင့် သည်သို့ ဖြစ်ရပေတယ်။ နောက်နောင် ကျွန်တော် လျှောက်သည်ကို ယူတော်မူပါ။ စစ်တို့ရဲ့ သဘောသည် အင်အားများသည်ဟူ၍ မလေးမစား မပြုရာပါ။ ကျွန်တော် သာဓကပြထုံးပုံတင်လျှောက်ပါအံ့။

(၁) နံ့စုတ်ငှက်ငယ်တစ်ကောင်သည် နွားခြေရာတစ်ခုကို အမှီရလေတာကြောင့် စွန်ရဲကို အောင်မြင်ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ကြောင်တစ်ကောင်သည် ဈာန်အဘိညာဉ်နှင့် ပြည့်စုံသော ရသေ့၏ ထိုင်စရာအောက်ကို အမှီရလေသောကြောင့် ကေသ ရာဇာ ခြသေ့်မင်းကို အောင်မြင်ဖူးလေသည်။

(၃) ပုစွန်တစ်ကောင်သည် အိုင်ငယ်တစ်ခုကို အမှီရလေသောကြောင့် ဆင်ပြောင်ကြီးကို စားရဖူးလေသည်။

(၄) ကစ္ဆပမည်သော လိပ်တစ်ကောင်သည် ချောင်းငယ်တစ်ခုကို အမှီရလေသောကြောင့် ကျားထီးကို အောင်မြင်ဖူးလေသည်။

စစ်တို့၏ သဘောသည် ကာလ၊ ဒေသ၊ ပယောဂသာ အရင်းခံဖြစ်သည်။ ဘုရားတရားတော်၌လည်း ဘုံသုံးပါး၌ ကျင်လည်သော သတ္တဝါအပေါင်းတို့သည် နာနာဘာဝ၊ ဝိနာဘာဝမှ မကင်းသာချေလာသည်'' လို့ လျှောက်လေသတဲ့။

ဘုရင်မင်းခေါင်လည်း စိတ်နှလုံးသက်သာရာရတာကြောင့် မင်းရာဇာကို လက်ကောက်တစ်ရံ၊ ဆင်မတစ်စီး ဆုပေးတော်မူသတဲ့။

သက္ကရာဇ် (၇၇၀) ခုနှစ်မှာတော့ သားတော်သီဟသူကို စစ်ကိုင်းကို စားစေသတဲ့။ (မူလစစ်ကိုင်းစား ညီတော်က ကွယ်လွန်ခဲ့ပြီကိုး။) မင်းသခ်ယာကို ဝတီမြို့ကို ပေးတော်မူတယ်။ ငယ်စဉ်က ဆင်းရဲဘက် အထိန်းတော် ခင်ညိုကိုလည်း တောင်ငူလစ်လပ်နေတာနဲ့ ပေးတော်မူတယ်။ စဥ့်ကူးလစ်လပ်နေတာကြောင့် ဘယကာမဏိကို ပေးတော်မူတယ်။ ရာဇသင်္ကြန်ကိုတော့ အမြင့်မြို့ကို ပေးတော်မူသတဲ့။

အဲဒီလို ချီးမြှောက်သင့်သူတွေကို ချီးမြှောက်ရတာကလည်း ဘုရင်မင်းတွေကို တစ်နည်းအားဖြင့် စိတ်ချမ်းမြေ့စေပါတယ်။

ဘုရင်မင်းခေါင်ဟာ ဆင်မတော် ''တိုးခေါင်ယင်းမာ'' ကိုစီးပြီး အင်းဝ ကနေ ပုဂံရွှေစည်းခုံဘုရားကို တစ်လ နှစ်ခေါက် သွားရောက်ဖူးမြော်တော်မူလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းရဲကျော်စွာနှင့် လဂွန်းအိမ် အားစမ်းပွဲ

ကလေးတို့ရေ…

ဘုရင်မင်းခေါင်ဟာ ပန်းကျော်တိုက်ပွဲမှာ အကျအဆုံးများစွာနဲ့ အထိ နာပြီး စိတ်မသက်မသာ ဖြစ်ရတယ်။ ရင်ထဲမှာလည်း အခဲမကျေလေဘူး။ ဒါကြောင့် သက္ကရာဇ် (၇၇၁) ခုမှာ မွန်ဒေသကို စစ်ချီပြန်တယ်။ ဘတစ် ပြန် ကျားတစ်ပြန်ပါပဲ။ ငါးလခန့်ကြာပြီး မိုးလနီးတာကြောင့် အင်းဝပြန် ခဲ့တယ်။ နေပြည်တော်ရောက်တော့ မိဖုရားရှင်ဘို့မယ်ကို မယုံလို့ အဆောင် အယောက် နုတ်သိမ်းတယ်။ မင်းရာဇာ ကျိုးကြောင်းပြ တင်လျှောက်လို့ ပြန်အရာခန့်ပြန်တယ်။ အဖိုးရာဇာကို ရှင်ဘို့မယ်က ပူဇော်လေတယ်။

နောက်နှစ်မှာ သားတော်မင်းရဲကျော်စွာ မွန်ဒေသကို စစ်ချီပြန်တယ်။ မြောင်းမြတိုက်ပွဲ၊ ပုသိမ်၊ ခဲပေါင်မြို့များတိုက်ပွဲ၊ ရခိုင်တိုက်ပွဲ၊ သန္ဒွဲတိုက် ပွဲ၊ ပြည်မြို့တိုက်ပွဲကြီး စသည် မင်းရဲကျော်စွာနဲ့ ရာဇာဓိရာဇ်ဘက်က မွန် သူရဲကောင်းတွေရဲ့ တိုက်ပွဲတွေဟာ တခြိမ့်ခြိမ့်ဖြစ်နေကြတယ်။ အဲဒီဖြစ်ရပ် ပေါင်းများစွာထဲကနေ မင်းရဲကျော်စွာနဲ့ လဂွန်းအိမ်တို့ အားစမ်းပွဲအကြောင်း ကြည့်ရအောင်။

မင်းရဲကျော်စွာဟာ မင်းပျိုမင်းလွင်ဖြစ်တယ်။ စိတ်ထက်တယ်။ ရဲစွမ်းသတ္တိရှိသူဖြစ်တယ်။ မွန်ဘက်မှာလည်း ဥပါကောင်း၊ လဂွန်းအိမ် တို့လို သူရဲကောင်းတွေ ရှိတယ်။ အားကိုးရတဲ့ ဗိုလ်မင်းခြော်စပာ စစ် အတွင်းမှာ ကွယ်လွန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်တိုက်ပွဲကြီးအတွင်း နှစ်ဖက်စစ်နားနေချိန် အသီးသီး အင်အားဖြည့်တင်းအားယူနေကြချိန်မှာ မင်းရဲကျော်စွာ အစီအစဉ်တစ်ခု လုပ်တယ်။ ''ငါတို့တပ်တွေ အသင့်ပြင်ထား။ ဘကြီးတော် (ရာဇာဓိရာဇ်) စစ်သည်တွေ နားနေတုန်း ပြန်တိုက်မယ်။ မတိုက်ခင် လှေစီးချင်း ကျီစယ်ကြမယ်။ ငါတို့စီးချင်းတိုက်နေစဉ် နှစ်ဖက်စစ်သည်တို့ ကြည့်နေစေမယ်'' လို့ မင်းရဲကျော်စွာက ရဲမက်ငနတ်တော်ကို ရာဇာဓိရာဇ်ထံ အကြောင်းကြားဖို့ စေလိုက်တယ်။

ငနတ်တော် ရာဇာဓိရာဇ်ထံမှောက်ရောက်လို့ အကြောင်းစုံသိရတဲ့အခါ ရာဇာဓိရာဇ်က သူ့မှူးမတ်တွေကို ကြည့်တော်မူတယ် ''စီးချင်းထိုးဖို့ ဘယ်သူထွက်မလဲ'' ပေါ့။ မှူးမတ်တွေ အသံတိတ်နေကြတယ်။ အဲဒီအခါ လဂွန်းအိမ်ရှေ့ထွက်လာတယ်။ ''ယောကျ်ားဖြစ်က လှေသော်တစ်စင်း၊ မြင်းသော်တစ်စီး၊ ခြေသော်ကားတစ်ယောက်ချင်း၊ ဇမ္ဗူဒိပ်ဝယ် ကျွန်ုပ်မရှောင်'' လို့ ရဲဝံ့စွာ တင်လျှောက်တယ်။

အဲဒီအကြောင်းတွေကို ငနတ်တော် မင်းရဲကျော်စွာထံ ပြန်လျှောက်တယ်။ ''မွန်မင်းမှာ ဗိုလ်မင်းဖြတ်စနဲ့ လဂွန်းအိမ်သာ သူရဲကောင်းဖြစ်တယ်။ ဗိုလ်မင်းဖြတ်စ သေလေပြီးကြားတယ်။ လဂွန်းအိမ်ကို ငါရရင် မွန်မင်း ငါ့လက်က မလွတ်နိုင်။ လဂွန်းအိမ်ဟာ ယောကျ်ားကောင်းဖြစ်ပစေ လှေစင်းချင်းကိုသာ နိုင်မယ်။ ငါက လှေ (၄) စင်းအုံပြီး တိုက်ရင် သင်း ဘာမို့ခံနိုင်မလဲ။ စစ်တို့ရဲ့သဘောမှာ အနည်းအများကို မဆိုသာ နိုင်သည်သာ ကျေးဇူး'' လို့ မင်းရဲကျော်စွာ မိန့်တယ်။

ဒါကြောင့် (၁) အံ့စရာ စုတ္တတေး၊ (၂) မြင်စိုင်းစား၊ (၃) ဥဇနာ၊ (၄) စစ်တုရင်တို့ သူရဲကောင်း၊ လေးယောက်ကို မင်းရဲကျော်စွာ ရွေးတယ်။ မားရေး၊ လုံ့ရေး ကျွမ်းသူတွေ ဖြစ်တယ်။ လှေလှော်သားတွေကလည်း ရဲမက်ကောင်းတွေ ဖြစ်တယ်။ လှေပေါ်ကို တီးမှုတ်စရာ စည်၊ နရည်း၊ ခရာ တင်တီးစေပြီး ထွက်တယ်။

မင်းရဲကျော်စွာနဲ့ စုတ္တတေးက လှေအံ့စရာကြီးကို စီးတယ်။ ကျန်သုံးစင်းကို အနောက် ဘက်ကမ်းထောင့်က ကွယ်ပြီးနေစေတယ်။

မွန်တို့ဘက်ကလည်း စီစဉ်စရာရှိတာ စီစဉ်လေတယ်။ ရာဇာဓိရာဇ်က ရဲလှေကို လဂွန်းအိမ်နဲ့ မရှုသမိန်ဖြဲကို ပေးတဲ့အခါ သမိန်အဝနိုင်က ''

www.burmeseclassic.com

www.burmeseclassic.com



သည်အရေးသည် စစ်ကြီးမဟုတ်၊ လူငယ်တို့ အရေးသာမို့ သူတို့ချင်းစမ်းပါစေ။ လဝွန်းအိမ်နိုင်လည်း မြန်မာတို့ပျက်မယ် မဟုတ်။ ရှုံးချေသော်သည် လှေအတုလုပ်လို့ ပြီးမှာမဟုတ်'' လို့ လျှောက်တာနဲ့ လဝွန်းအိမ်က ခပ် ပြတ်ပြတ်ဆိုလေတယ်။

''ကျွန်ုပ်နိုင်သော် အင်းဝတိုင်အောင် လိုက်တော်မူ၊ ရှုံးရင် ပဲခူးကို လမ်းဖြောင့်ရာပြေးတော်မူ၊ ရဲလှေကိုစီးမယ့်သူ အရည်အသွေး ကျွန်ုပ်မမြင်'' လို့ လျှောက်ပြီး စီးနေကျ (၂၂) လံ မိချောင်းရုပ်လှေကို စီးတယ်။

ဒါနဲ့ စည်မောင်းတီးကာ နှစ်ဆက်ထွက်လာပြီး တိုက်ကြတယ်။ မင်းရဲကျော်စွာရဲ့လှေက လဝွန်းအိမ်လှေထက် နှစ်တောင်ခန့် မြင့်တယ်။ မင်းရဲကျော်စွာက လှေချင်းနီးတာနဲ့ သံကြိုးပစ်ပြီး လှေချင်းတွဲမယ် လုပ်စဉ် ပဲ။ ကမ်းထောင့်က ရဲလှေ သုံးစင်းထွက်လာတယ်။ ရဲလှေ လေးစင်းဝန်းရံ တိုက်ကြတယ်။ အင်းဝမြင်းစစ်သည် (၂၀၀၀) ပြည်မြို့ဘက်က လိုက်နေရတယ်။ အရိပ်အခြည် ကြည့်တာပေါ့။

မွန်လှေစီးသူရဲကောင်းတွေလည်း ရေမှာကျကာ အထွေးထွေး ရှိလေတယ်။ ဒါပေမဲ့ လဝွန်းအိမ်က ရှုပ်ရှုပ်ချုံချုံ တိုက်နေဆဲ ပေါင်ခြံကို လှံ ချက်ထိလေတယ်။

မင်းရဲကျော်စွာလည်း ''မသေစေနဲ့၊ မသေစေနဲ့'' ဟစ်အော်တာကြောင့် သူ့လှေကို ဆွဲယူခဲ့ကြတယ်။ ဘုရင်မင်းခေါင် ကြားတဲ့အခါ ''စစ်ကို လိုလားတဲ့ မင်းဧကရာဇ်သားဟာ သူရဲကောင်းကို အသေသတ်ရသလား။ ရှင်အောင်ကုကြ'' လို့ မိန့်တယ်။ မင်းရဲကျော်စွာလည်း လဝွန်းအိမ် ထားရာဆီလာပြီး ''ထမင်းစားမလား'' မေးတယ်။ ''ကျွန်ုပ်တော်သေခါမှ အရှင် နှစ်ပါး ထမင်းမသွင်းပြီ'' လို့ ဆိုတယ်။ ''ကွမ်းစားမလား'' မေးတဲ့အခါ ''ကွမ်းစားမယ်၊ ရေသောက်မယ်'' ဖြေတယ်။ ဒါကြောင့် လိုရာပေးရတယ်။ ''ရွှေနန်းရှင် သားတော်ရဲ့ ကွမ်းနဲ့ ရေကို သောက်စားမိပြီ။ တစ်ပွဲတစ်လမ်းမှ ကျေးဇူးတော်ကို မဆပ်ခဲ့ရ။ တစ်ခုမှာခဲ့မည်''။ သင့်ဘကြီးတော် (ရာဇာဓိရာဇ်) ကို လှေချင်း၊ ဆင်ချင်း၊ မြင်းတစ်စီးချင်း ရင်မဆိုင်ပါနဲ့။ ဝဲယာဆင် (၃၀) သားတို့ဟာ ခွေမျိုးချည့်ဖြစ်တယ်။ ကျုပ်တို့ အရှင်ဟာ ဘီလူးသဘာက်ပမာ ရန်သူကို ရန်သူ မမှတ်၊ တိုက်စွမ်းရည် ရှိလှ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မယုံသော် အရေးကြုံလျှင် သိစိမ့်မည်'' လို့လျှောက်တယ်။ ''လဝွန်းအိမ် ဟာ သေကာနီးတောင် အဆိပ်မပျက်တဲ့ မြွေလိုပါပဲလား'' ဆိုကာ မင်းရဲကျော်စွာ ပြုံးလေတယ်။

ညဉ့်သန်းခေါင်မှာ လဝွန်းအိမ် ဆုံးတယ်။ ဘုရင်မင်းခေါင် သိတဲ့အခါ ''သူ့အလောင်းကို သူသခင်ဆီ မျှောလိုက်'' လို့ မိန့်တာနဲ့ ငှက်ပျောတုံးဖောင်ပေါ်တင် ပုဆိုးဖြူအုပ်၊ ခေါင်းရင်းက ဆီမီးထွန်းလျက် မျှောလိုက်လေတယ်။ ရာဇာဓိရာဇ်သိလျှင် ဆယ်ယူစေပြီး ''ဗိုလ်မင်းဖြတ်စလည်း ငါ့ကိုစွန့်ပြီး၊ ယခု ငါ့ကို မင်းဖြစ်သွားပြန်တယ်။ အစွယ် နှစ်ချောင်း ကျွတ်တာနဲ့ တူလှတယ်။ နောင်သော် ငါကြံဖော်မရပြီ'' ဆိုပြီး ငိုလေတယ်။ နောက်တပ်ဆုပ်ဖို့ ချက်ချင်းစီစဉ်တယ်။

မကြာခင် တပ်စောင့်မွန်တို့ သူတို့တပ် မီးရှို့သွားတာ မြင်လို့ မင်းရဲကျော်စွာ အလုံးအရင်းနဲ့ လိုက်တိုက်တယ်။ တရုတ်မော်အရပ်မှာ အင်းဝစစ်သည်တွေကို သမိန်အဝနိုင်ခံတိုက်တယ်။ အင်းဝလှော်ကားလှေ လေးစင်း နစ်မြုပ်တယ်။ မင်းရဲကျော်စွာလည်း အုံ့စရာကြီး လှေကို စီးပြီးတိုက် တယ်။ မွန်ဘက်က ရဲလှေ လေးစင်း၊ လှော်ကားလှေ (၁၀) စင်းနဲ့ လူ (၃၀၀၀) ကျော်သေလေတယ်။ မြန်မာဘက်ကလည်း ပြည်စားလက်ျာပုံချီ နဲ့ ရဲမက်တွေ ကျလေတယ်။

ရာဇာဓိရာဇ်လည်း အပြင်းခုန်သွားတယ်။ မွန်စစ်ကဲ သံလိုက်ကို ခံစစ်တိုက်ဖို့စေတယ်။ အင်းဝတပ်လည်း ရှုပ်ရှုပ်ချုံချုံတိုက်တယ်။ မင်းရဲကျော်စွာလည်း တရကြမ်း လိုက်တိုက်တာကြောင့် မွန်စစ်ကဲ လှေပေါက်တယ်။ သံလိုက်လည်း လှေကိုစွန့်ကာ ကြည်းကြောင်းတက်ပြီး ပြေးလေတယ်။ အားစမ်းပွဲကနေဆက်တဲ့ စစ်ပွဲလည်း ဖြစ်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သမိန်ဗရမ်းနှင့် ကာမဏိ စီးချင်းထိုးပွဲ

ကလေးတို့ရေ…

စစ်ဆိုတာ သူသေကိုယ်ရှင်၊ ကိုယ်သေသူရှင် တိုက်ရတဲ့ပွဲပဲ။ စစ်အတွင်းမှာ ရန်သူဘက်က ဖမ်းမိရင် သုံ့ပန်းဖြစ်တယ်။ ဆင်မြင်း လက်နက်သုံ့ပန်းနိုင်တဲ့ဘက်က သိမ်းယူတာပါပဲ။ ရှုံးရင်လည်း အားလုံးလိုလို ဆုံးရတာ ခမ္မတာပါပဲ။ ကောင်းကျိုးထက် ဆိုးကျိုးက ပိုများလေတယ်။

မွန် - မြန်မာ တိုက်ပွဲတွေဟာ များလှတယ်။ မင်းရဲကျော်စွာဟာ ဒလတိုက်ပွဲပြီးတဲ့နောက် ပဲခူးထိ စစ်ချီတယ်။ ရာဇာဓိရာဇ်က ဘုရင်မင်းခေါင်မှာ တိုက်ရည်ခိုက်ရည်ရှိတဲ့ မင်းရဲကျော်စွာလို သားရှိတယ်။ ငါ့သား သုံးယောက်လုံးကတော့ အသုံးမကျလေဘူးဆို အပြစ်တင်တော်မူတယ်။

မင်းရဲကျော်စွာ ဒေလနင်ရှာတိုက်ပွဲမှာ အရေးနိမ့်တယ်။ သန်လျင်မှာလည်း မြန်မာတပ်ကို မွန်တပ်တွေ ဝင်တိုက်တယ်။ မင်းရဲကျော်စွာ နိုင်တာများတယ်။ မွန်ဘက်က စစ်ကူတောင်းလို့ သေဝီစော်ဘွားက အင်းဝနားအစွန်ရွာဖျားတွေကို ဝင်တိုက်ကြောင်း စေလာတာနဲ့ မြန်မာတပ်တွေ အင်းဝပြန်ကြတယ်။

သက္ကရာဇ် (၇၇၅) ခုနှစ်မှာ မြေဒူးမြို့ကို မော်တုံမော်ကယ်စား ရှမ်းတို့ထိပါးလာကြတယ်။ မင်းရဲကျော်စွာ အလုံးအရင်းနဲ့ တိုက်လို့ မော်တုံမော်ကယ်စား တပ်ပျက်ပြီး တရုတ်ပြည်သို့ ပြေးဝင်လေတယ်။ မင်းရဲကျော်စွာလည်း မွန်ဒေသကို စစ်ချီပြန်တယ်။ ပန်းကို တိုက်ပွဲမှာ မွန်သူရဲကောင်း

www.burmeseclassic.com

www.burmeseclassic.com



သမိန်ဗရမ်းကို လက်ရဖမ်းမိလို့ အင်းဝပြန်ပို့စေပြီး ချုပ်နှောင်ထားစေတယ်။ အဲဒီနောက် ပုသိမ်၊ မြောင်းမြကို ချီတယ်။ ရာဇာဓိရာဇ်ကလည်း မုတ္တမကို ချီလေတယ်။

အဲဒီအခြေအနေမှာ အင်းဝမှာ စာရေးဆရာပေါ်တာပါပဲ။

တရုတ်ပြည် ဥတည်ဘွားဆီ ပြေးဝင်တဲ့ မော်တုံမော်ကယ်စားဟာ ဥတည်ဘွားကို ကျိုးကြောင်းလျှောက်ပြီး ဘုရင်မင်းခေါင်ထံက သူတို့သားမယားကို ပြန်တောင်းပေးဖို့ ပန်ကြားလေတယ်။ ဒါကြောင့် ဥတည်ဘွားက အဝေးအနီး စော်ဘွားတွေကို ဆင့်ခေါ်ပြီး အင်းဝဘုရင်ထံ တပ်တွေနဲ့ လွှတ်လိုက်တယ်။ ဆင်မြင်းခြေသည် အလုံးအရင်းလည်း များလှတယ်။ အင်းဝဒေသ အဝန်းအဝိုင်းထဲ ရောက်တဲ့အခါ ယောဝကသည် တပ်ကြီးနောက် ကြေးမြင်တိုင်၊ တောင်ပလူ၊ လုံးတော်ပေါက်တိုင်အောင် တပ်ကြီးချထားတယ်။

အဲဒီအချိန် ဘုရင်မင်းခေါင်လည်း ပဲခူးမှာ မင်းရဲကျော်စွာနဲ့ အမှုးအမတ်စစ်သည်တွေ တွဲချေတယ် ကြားတာကြောင့် မြို့ပြကျုံးမြောင်းကို အခိုင်အခံ့ ပြင်ဆင်ထားလေတယ်။ တရုတ်တပ်တွေ အင်းဝကို ဝိုင်းထားကာလည်း တစ်လရှိပြီ။ မျိုးရိက္ခာလည်း ပြတ်လာပြီ။ ဒါကြောင့် ဘုရင်မင်းခေါင်ထံ ရာဇသံစေလေတယ်။

"မော်တုံမော်ကယ်စား သားမယားကိုလည်း မပေး။ တို့ကိုလည်း ထွက်မတိုက်။ ဒီလိုဆိုရင် သုံးနှစ်လောက် တို့ဝိုင်းထားမယ်။ ထွက်ပြီး အရေးမဆိုရင် တို့က မြင်းတစ်စီး၊ ဘုရင်က မြင်းတစ်စီး၊ စစ်သူရဲတစ်ယောက်ချင်း ထွက်လာစေ။ တို့ရှုံးလျှင် ပြန်မယ်။ သင်တို့ ရှုံးလျှင် မော်တုံမော်ကယ်စား သားမယားကို ပြန်ပေးပါ" လို့ စေလာတယ်။

တရုတ်တို့စကားကို ဘုရင်မင်းခေါင်ကြားတဲ့အခါ အကျပ်ရိုက်တော့တယ်။ မြင်းစီးသူရဲကောင်းတွေဟာ သားတော်မင်းရဲ ကျော်စွာနဲ့အတူ မွန်ဒေသရောက်နေလေတယ်။ ကျန်မှူးမတ်တွေ မေးသော်လည်း တစ်ဦးမှ မထွက်ဝံ့ဖြစ်လေတယ်။ ထိုအခါ ပေါင်းတည်စားက တင်လျှောက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



“အရှင်မင်းကြီး…၊ ရာဇာဝိရာဇ်ရဲ့သမက် သမိန်ဗရမ်းဟာ လက်ဖျံ တစ်ချောင်းတည်းလို့ သိရပါတယ်။ ထိုသူကို အရှင့်သားရတော်မူလို့ သံချေ ချင်းခတ်နှောင်အိမ်သွင်းထားပါတယ်။ သူ့ကို မေးလျှင် သင့်ပါမယ်” လို့ လျှောက်တယ်။ ဒါကြောင့် သမိန်ဗရမ်းကို မေးရလေတယ်။ သမိန်ဗရမ်း လည်း “ကျွန်ုပ်ကို သံခြေချင်းနဲ့ထားထားလို့ ကျဉ်းမြောင်းလှတယ်။ သူရဲ ကောင်းချင်း၊ ဓားတစ်စင်းချင်း၊ လွှားတစ်ချပ်ချင်း၊ ဆင်စီးချင်း၊ မြင်းစီးချင်း တစ်ယောက်ချင်းတွေ့လျှင် ဇမ္ဗူဒိပ်မြေပြင်မှာ ကျွန်ုပ်ကို ယှဉ်နိုင်သူမမြင်” လို့ လျှောက်တာကြောင့် သံခြေချင်းကို ချွတ်ပေးကာ ခေါင်းဆေးစေပြီး စားဖွယ်များ ကျွေးမွေးလေတယ်။ “တရုတ်စစ်သူရဲကို နိုင်ရင် မွန်မင်းပေး သည်ထက်ပိုပြီး သူကောင်းပြုမယ်” လို့ အင်းဝဘုရင်မိန့်တာကြောင့် သမိန်ဗရမ်းလည်း ဦးနိုက်ကာ အာမခံလေတယ်။

တရုတ်သူရဲကာမဏိလည်း ဆင်စီးချင်း၊ မြင်းစီးချင်း၊ ယောက်ျား ချင်းတူလျှင် ပြိုင်ဖက်မရှိဆိုကာ မြင်းနီကြီးကို ရွှေက တင်ကာ စီးလေတယ်။ ကာမဏိက သံချပ်ကာဝတ်ပြီး မျက်နှာမည်းဓားကို ပတ္တမြားအပြည့်စီကာ စွဲပြီး ရွှေလှံအောင်း (၇) ဆင့်နဲ့ ကိုင်လေတယ်။ တရုတ်တို့က နတ်စစ်သည် လို့ မှတ်လေသတဲ့။

ဘုရင်မင်းခေါင်လည်း သမိန်ဗရမ်းကို အင်းဝမှာရှိသမျှ မြင်းတွေကို ပြလေတယ်။ တစ်စီးမျှ မကြိုက်။ နောက်မှ ကျုံးနားမှာစားနေတဲ့ မြင်းနီ မန်ကျည်းစေ့ရောင်တစ်စီးကို မြင်မှကြိုက်ပြီး အလေ့အထသိအောင် (၇) ရက် စီးလေတယ်။ (၇) ရက်စေ့တာနဲ့ ယောက်ျားကောင်းချင်းတွေ့မယ်လို့ တရုတ်တို့ဆိုတယ်။ ကာမဏိလည်း သောက်စားကြုံးဝါးနေသတဲ့။

ချိန်းရက်နေ့ရောက်လျှင် ဘုရင်မင်းခေါင်က “သူရဲ့ အမျိုးအမတ် တို့တွင် တံခိုးသတင်း ရဲရင့်ပေတယ်လို့ အကြားနဲ့ ညီပေတယ်” လို့ သမိန် ဗရမ်းကို ချီးကျူးပြီး လက်သုံးတော် ပတ္တမြားကျောက်စီဓားကို ပေးတော် မူတယ်။ “ငါ့သား၊ သည်တစ်ခါ မြဲမြဲအောင် နှလုံးပြုပါ” လို့ မှာလေတယ်။ သမိန်ဗရမ်းလည်း “ချိတ်စရာချွန်းနှင့် ထည့်စရာ ခြင်းတစ်လုံး၊ ကာမဏိ ဦးခေါင်းဖြတ်ကာ ထည့်ဖို့ပေးပါ” လို့ တောင်းလေတယ်။ “ယုန်မရခင် သံပုရာရှာပေတယ်” လို့ မြန်မာတို့ဆိုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမိန်ဗရမ်းလည်း ဘုရင်မင်းခေါင်ကို ဦးခိုက်ပြီး မြင်းစီးကာ ကွင်းပြင်သို့ ထွက်လေတယ်။ တရုတ်ဘာသာတတ်သူတို့က ဝန်းရံလိုက်ရတယ်။ မြို့ဘက်ကလည်း ရဟန်းရှင်လူအပြည့် ထွက်ကြည့်နေကြလေတယ်။

သမိန်ဗရမ်းလည်း မြင်းနီ မန်ကျည်းစေ့ကို စီးပြီး ရွှေတံခါးက ထွက်တာမြင်လျှင် တရုတ်ကာမဏီလည်း မြင်းနီကြီးစီးကာ သူ့တပ်က ထွက်လာလေတယ်။ ရွှေတံခါးပြင် ကျုံးနားတိုင်အောင်လာကာ စကားဆိုကြလေတယ်။

"ငါတို့ နှစ်ယောက် အမှုုအမတ်ကောင်း ဖြစ်ကြတယ်။ ခြေကာလက်ကာ စနှောင့်စနင်း မပြုနဲ့၊ အများကြည့်ကြပါစေ" လို့ ကာမဏီဆိုတဲ့အခါ သမိန်ဗရမ်းလည်း ကိုယ်ကိုချုံပြီး မြင်းအရင်စီးလေတယ်။ ကာမဏီလည်း တုပြီး စီးပြန်တယ်။ သမိန်ဗရမ်းလည်း လက် နှစ်ဖက်ဆန့်စီးတယ်။ ကာမဏီလည်း ဆန့်စီးပြန်တယ်။ သို့စီးရာမှာ ချပ်တစ်ဖက်ကြိုးပြတ်နေတာကို သမိန်ဗရမ်း မြင်လေတယ်။ "ငါတို့ နှစ်ယောက် မြင်းရေးစီးကြတာ သုံးကြိမ်စေ့ပြီ၊ ယခုတိုက်ကြစို့"။ သမိန်ဗရမ်းဆိုပြီး လှံကို နောက်ထားကာ လက်တစ်ဖက် ဆန့်ပြီး စီးတယ်။ ကာမဏီလည်း လက်ကိုဆန့်ပြီး လိုက်တယ်။ သမိန်ဗရမ်းလည်း ကာမဏီအနားရောက်တာနဲ့ မြင်းကို ချက်ချင်းလှည့် လက်ယာပတ်လေတယ်။ ကာမဏီလည်း ဓားကိုမြှောက်ကာ ခုတ်မယ်မိုးရာမှာ ဆန့်တဲ့လက်အောက် ချပ်ကြိုးဖြတ်ပြီး နံစပ်အသား လက် လေးသစ်မျှ လပ်သတဲ့။ သမိန်ဗရမ်းလည်း သူ့လက်အမြှောက် ရုတ်တရက်လှံနဲ့ ထိုးလိုက်ရာ လက်ဝဲကနေ လက်ျာထိ ပေါက်လေတယ်။ ကာမဏီ မြင်းပေါ်ကကျတာနဲ့ သမိန်ဗရမ်းက ချွန်းနဲ့ ခေါင်းဖြတ်ပြီး ခြင်းတောင်းထဲထည့်ကာ မြို့တွင်းဝင်လေတယ်။

တရုတ်တို့လည်း ရုတ်ရုတ်သဲသဲဖြစ်ကာ "ဒါ လူမဟုတ်၊ နတ်ဖြစ်မယ်" လို့ ဆိုကြသတဲ့။ ဘုရင်မင်းခေါင်လည်း အားရလှတာကြောင့် ဆုလာဘ်များစွာ ပေးပြီး တလုတ်မြို့စားရာဇသူရဲ့ သမီးငယ်နဲ့ စုံဖက်ကာ မင်းညီမင်းသားတို့ အဆောင်အယောင်နဲ့ လယ်ကိုင်းမြို့ကို စားစေတယ်။ ပြည်သူတို့ကလည်း ကောင်းချီးပေးကြတယ်။ တရုတ်တပ်လည်း သူတို့ကတိအတိုင်း တပ်ပြန်ရုပ်ကာ ပြန်ကြလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အဲမွန်ဒရာ၏ လှည့်ဖြားဉာဏ်

ကလေးတို့ရေ…

မင်းရဲကျော်စွာဟာ တိုက်ပွဲတွေမှာ အောင်နိုင်တာကြောင့် သူ့ခမည်းတော် ဘုရင်မင်းခေါင်ဆီ စာရေးလိုက်သတဲ့။ ရာဇာဓိရာဇ် မုတ္တမကို ပြေးတာ သူ့ကို ကြောက်လို့ဖြစ်တယ်တဲ့။ သားတော်ရဲ့စာကို ဖတ်ရတဲ့အခါ ဘုရင်မင်းခေါင် ရယ်တော်မူတယ်။ "ရာဇာဓိရာဇ်ကို အထင်မသေးလေနဲ့။ မင်းကိုမင်းချင်း၊ ဆင်ကိုဆင်ချင်း၊ မြင်းကိုမြင်းချင်း၊ လှေကိုလှေချင်း သူ လုပ်ရည်ကိုင်ရည် စွမ်းလှတယ်။ ဓာတာမသန့်လို့သာ မုတ္တမချီတာ ဖြစ်မယ်။ သတိမပေါ့လေနဲ့၊ မင်းညီတော် သီဟသူနဲ့သတိုးတို့ကို တောင်ငူကြောင်း ချီလာစေမယ်" လို့ ခြေမြန်နဲ့ မှာလိုက်တယ်။

ပဲခူးမှာလည်း စစ်ဘေးကြောင့် ငတ်မွတ်နေပြီး ဒလတွင်လည်း ဟင်းရွက်မျှမစားရ။ ရာဇာဓိရာဇ်လည်း တပို့တွဲလကျမှ ပဲခူးကို ပြန်ရောက်လေတယ်။ ဗေဒင်ဓာတ်ဟူးရား လေးဦးကို မေးရာ တန်ခူးလဆန်း၊ ဗုဒ္ဓဟူးနေ့တိုက် မင်းရဲကျော်စွာကို နိုင်မယ်လို့ တစ်ညီတည်းဆိုကြတယ်။ မင်းရဲကျော်စွာ ထွက်လာမှဖြစ်မယ်။ မထွက်လာရင် အရေးနိမ့်ဖို့ ရှိမယ်လို့ ဆိုစကား အမတ်ဒိန်ကြားတဲ့အခါ ကျွန်ုပ်စွမ်းဆောင်နိုင်တယ်လို့ လျှောက်တယ်။ မင်းရဲကျော်စွာ ထွက်တိုက်အောင် စစ်မြူမယ်ပေါ့။

"ယခု ဒလကို ငါချီမယ့်အကြောင်း၊ မြို့တွင်း ဘသူသွားဆိုမလဲ" မေးတဲ့အခါ အဲမွန်ဒရာက သူသွားမယ်ဆိုလေတယ်။ "အပြင်မှာတိုင်းထားတာ နင်ဘယ်လိုဆိုမလဲ" မေးတဲ့အခါ မုတ္တမကနေ မွန်ဘုရင် ပဲခူးပြန်ရောက်ပြီ။ ဒလမှာ သမိန်အဝနိုင်တို့လည်း ရုံလို့သာနေသည်။ ဘာမျှ မတတ်နိုင်။ အမတ်ဒိန်လည်း သေနာပတိဆိုသည် မည်ကာမတ္တ။ မွန်မင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကို မယုံကြည်၍ အရှင့်ထံ ခ,စားပါသည်" လို့ လှည့်စားဆိုမယ်" လို့ တင်တဲ့အခါ "မင်းအကြံကောင်းတယ်" ဆိုကာ ဆုပေးပြီး လွှတ်လေတယ်။ ဒလမြို့ပြင်က မင်းရဲကျော်စွာ တပ်ဝိုင်းထားတာကြောင့် မြို့တွင်းဝင်နိုင်ရန် အယုံသွင်းရပေမယ်။ အဲမွန်ဒရာလည်း ကျွန် လေးယောက်နဲ့အတူ ဒလသို့ သွားတယ်။ မြန်မာတို့လည်း ကြည်းကြောင်း၊ ရေကြောင်း အထပ်ထပ်ပင် ရှိလေတယ်။ အဲမွန်ဒရာလည်း ဒလရောက်တဲ့အခါ ဒလခြသေ့ဆိပ်မှာ ပန်းပဲထောင်မှူးနဲ့ မြို့တောင်စားအနီးမှာ ရပ်နေလေတယ်။ မြို့တောင်စားမြင်တဲ့အခါ "ဘယ်သူလေလဲ" လို့ မေးတယ်။

အဲမွန်ဒရာလည်း "ငါ့သခင်ကို ငါဝမ်းနည်းတာကြောင့် အရှင့်သားထံမှာ ကျွန်ခံမယ်လာတယ်" လို့ ဖြေတယ်။ မြို့တောင်စားလည်း သေချာအောင် ထပ်မေးပြီး ပုဆိုး၊ အင်္ကျီ၊ ဖောင်းထုပ်ပေးကာ မင်းရဲကျော်စွာထံဆက်လေတယ်။ အဲမွန်ဒရာလည်း မြို့တောင်စားကို ဆိုခဲ့တဲ့အတိုင်း လျှောက်လေတယ်။ ရာဇသင်္ကြန်ကြားတဲ့အခါ အဲမွန်ဒရာဟာ ဘကြီးတော် (ရာဇာဓိရာဇ်) ထံမှာ အမှုထမ်းသူရဲကောင်း ဖြစ်တယ်။ လျှောက်တဲ့အတိုင်း မှန်ရင် ပဲခူးကိုရတဲ့အခါ သူကြိုက်တဲ့မြို့ကို စားပါစေ" လို့ လျှောက်လေတယ်။

အဲမွန်ဒရာလည်း "ကျွန်ုပ်အရှင့်ခြေရင်း ရောက်လာပြီ၊ ဓာတ်တူမွန်တို့ကိုခုတ်မှ ယုံတော်မူမည် သိပါသည်။" လျှောက်တာကြောင့် မင်းရဲကျော်စွာ ဆုလာဘ်ပေးတော်မူတယ်။ မိုးလင်းတဲ့အခါ တံခါး၊ ကျုံးပြင်တွင် မွန်တို့ထွက်နေတာကို မြန်မာတို့မြင်တဲ့အခါ ဝင်ခုတ်လေတယ်။ မြန်မာတို့နှင့်အတူ အဲမွန်ဒရာရဲ့လူ လိုက်လာပြီး မွန် နှစ်ယောက်ကို ခုတ်မိလျှင် ကွဲကာ မြို့တွင်းဝင်လေတယ်။

တစ်နေ့မှာတော့ အဲမွန်ဒရာကို ဆင်ဦးစီးစေပြီး စလင်းမင်းက ကုန်းလယ်မှာ စီးကာ တပ်ကနေ မြို့ကျုံးနားလှည့်လာတာကို မြို့ထဲက မွန်တို့ထွက်တိုက်လေတယ်။ စလင်းမင်းမှာပါတဲ့ မွန်မြန်မာအားလုံး ပြေးလေတယ်။ အဲမွန်ဒရာ မြင်တဲ့အခါ "ငါ ဆင်းခုတ်မယ်" ဆိုကာ ဆင်က ဆင်းပြီး မွန်တို့ကို လိုက်ခုတ်ဟန်ပြုတယ်။ မခုတ်ဘဲ ဓားကို ပစ်ချခဲ့ပြီး မြို့တွင်းဝင်ပြေးလေတယ်။

စလင်းမင်းလည်း အဲမွန်ဒရာ ဒလမြို့တွင်းပြေးဝင်ပုံ လျှောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ မင်းရဲ့ကျော်စွာ စိတ်မသက်မသာ ရှိလေတယ်။ "ဒါကြောင့် မင်းရဲ့ကျော်စွာက မြို့တွင်းမှာရှိတဲ့ မွန်ဘုရင်သားတော် စစ်ကဲဗညားဒလကို ဟစ်အော်ပြောလေတယ်။ "အဲမွန်ဒရာ ငါတို့ကို လှည့်ဖြားကာ မလေးမစားပြုတယ်။ အဲမွန်ဒရာ ဒလကထွက်ပြီး ဘကြီးတော် (ရာဇာဓိရာဇ်) ထံ ပြန်နိုင်ရင် ငါက ဆုလာဘ်များစွာ ပေးမယ်" လို့ ဟစ်ကာ ဆိုလေတယ်။

ဗညားဒလလည်း အဲမွန်ဒရာကို ပြောကြားတဲ့အခါ အဲမွန်ဒရာက မြို့တွင်းကနေ ပြန်ဟစ်ပြန်တယ်။ "အရှင့်သားတော် စောင့်ကြည့်နေပါ။ အဲမွန်ဒရာ နက်ဖြန် ပဲခူးကို ပြန်ဖြစ်အောင် ပြန်မယ်" လို့ ပြန်ဟစ်လေတယ်။

မြန်မာဘက်ကလည်း ပြန်ဟစ်တယ်။ "အဲမွန်ဒရာ နင်အတောင်ရှိလို့ ပျံမှာလား၊ နဂါးလို မြေလျှိုးမလား။ နင်လှည့်စားလို့သာ မြို့တွင်းဝင်ရတယ်မှတ်" လို့ ပြန်အော်ပြောတယ်။ အဲမွန်ဒရာလည်း "ငါထွက်မယ်၊ နင်တို့ စောင့်ဖြစ်အောင် စောင့်ကြ" လို့ ဆိုတာကြောင့် မြန်မာတပ်တွေလည်း ကြည်းကြောင်း၊ ရေကြောင်း အထပ်ထပ် စောင့်ကြည့်လေတယ်။

အဲမွန်ဒရာလည်း ရာဇာဓိရာဇ်ပေးလိုက်တဲ့ ရွှေ ငါးပိဿာကို သားတော် ဗညားဒလထံ ဆက်ပြီး အမှူးအမတ်မြို့သားတို့ကို ဝေစေတယ်။ မိုးမလင်းခင် ငှက်ပျောတုံး ဖောင်လုပ်စေပြီး လက်စွဲတော်များကို ငှက်ပျောတုံးထဲ ဝှက်ကာ အဲမွန်ဒရာကို လူသေကောင်ဟန်ပြုပြီး နံ့နှင်းပါး နားလိမ်းစေတယ်။ ပြီး သပေါ့ဖျာစုတ်နဲ့ပတ်ကာ မိန်းမ ၄-၅ ယောက်ကို ဆံပင်ဖားလျားချကာ ရင်ဘတ်စည်တီး ငိုစေတယ်။ "သူများလင်မှာ သားမယားနဲ့ မကောင်းအတူ သည်စစ်ကြီးအတွင်းမှာ ဝေါ်မွှတ်ခံရတယ်။ မင်းကတော့ ငါတို့ကို ပစ်သွားပြီ။ ဝေါ်မွှတ်ဘေးကို ငါတို့ သားမယားတွေ ဘယ်လိုတတ်နိုင်ပါ့မလဲ" လို့ ဖက်ပြီး ငိုစေတယ်။ အဲလို ငိုကြတာကို ရှမ်းသေတဲ့ခါ အနီးအပါးမှာ ရှိကြတဲ့ မြန်မာရဲမက်တွေလည်း ကြည့်နေကြတယ်။ အဲမွန်ဒရာမသာကို ဖျာပတ်ပြီး ငှက်ပျောဖောင်ပေါ် တင်လေတယ်။ မြေပန်းကန်နဲ့ ဆန်တစ်ခွက်၊ ကြက်ငယ်တစ်ကောင် ခေါင်းရင်းမှာထားကာ မီးကိုထွန်းပြီး ဖောင်ကို ချောင်းလယ်ဆီ တွန်းမျှောလိုက်တယ်။ မိန်းမများကလည်း "ငါတို့ကို မင်းပစ်သွားပြီလား" ဆိုကာ ဟစ်အော်ငိုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်မျောလို့ မြန်မာတို့ လှေတပ်နားရောက်တဲ့အခါ "လူသေကောင်ပါလား" ဆိုကာ ဝါးနဲ့ တွန်းထုတ်ကြတယ်။ ရေတက်လည်း ပြင်းတာကြောင့် ဖောင်မျောလေတယ်။ တပေါ့တငေါက်ဆိုတဲ့ အရပ်ရောက်တဲ့အခါ မြန်မာတို့လှေတပ်ကို လွန်လာပြီဖြစ်လို့ ငှက်ပျောတုံးက ဓားကို ဆွဲထုတ်ကာ အဲမွန်ဒရာ ပဲခူးသို့ တက်ခဲ့သတဲ့။

နေအတော် မြင့်လာတဲ့အခါ မြန်မာရဲမက်တွေက "အဲမွန်ဒရာ…၊ ထွက်မယ်ဆို ထွက်ခဲ့ပါတော့လား။ ဘာ့ကြောင့် ထွက်မလာသလဲ" လို့ ဟစ်အော်ကြတယ်။ မြို့တွင်းကလည်း "အဲမွန်ဒရာ မနက်ကပဲ ပဲခူးကို တက်သွားပြီ" ဆိုကာ ပြန်ဟစ်ကြတယ်။ မြန်မာတို့လည်း မယုံတာကြောင့် ဟက်ဟက်ပက်ပက် ရယ်ကြလေတယ်။

မိုးချုပ်တဲ့အခါ မင်းရဲကျော်စွာက ဘုရင့်သားတော် ဗညားဒလနဲ့ သမိန်အဝနိုင်တို့ဆီ လူစေလိုက်တယ်။ "အဲမွန်ဒရာ ပဲခူးတက်မယ်လို့ ငါတို့မိုးချုပ်ထိ စောင့်တယ်။ ဘာ့ကြောင့် မတက်သလဲ" လို့ မေးလေတယ်။

ဗညားဒလက "နောင်တော် မင်းရဲကျော်စွာ မသိသလော၊ မနက်ကပင် အဲမွန်ဒရာ ပဲခူးသို့တက်လေပြီ" လို့ တင်လျှောက်လိုက်တယ်။ မင်းရဲကျော်စွာလည်း မယုံတာကြောင့် ရာဇာဓိရာဇ်ကိုဆက်ရန် မြင်းကောင်းတစ်စီး၊ ပတ္တမြားလက်ကောက်တစ်ရံ ဆက်လိုက်သည့်ပြင် "အဲမွန်ဒရာ ရောက်မရောက် ကြည့်ခဲ့၊ တွေ့ရင် မြင်းရွှေကနဲ့တကွ ကတ္တီပါဝတ်လုံကို ဆုအဖြစ်ပေးခဲ့" လို့ မှာကာ လက်ျာထောင်မှူးကို စာနဲ့ ပဲခူးကို လွှတ်လိုက်လေတယ်။ ရောက်လျှင် ရာဇာဓိရာဇ်ကို မင်းရဲကျော်စွာရဲ့ လက်ဆောင်နဲ့စာကို ဆက်လေတယ်။ ရာဇာဓိရာဇ်က "ငါ့တူတော် ပဲခူးကို မတက်လာနဲ့၊ ငါ့ကို ခံနိုင်အောင်သာ အသင့်ပြင်ထား၊ ငါဆင်းလာခဲ့မယ်" လို့ မိန့်တယ်။ လက်ျာထောင်မှူးက အဲမွန်ဒရာ ပဲခူးကို တကယ်ရောက်၊ မရောက် သိလိုပါကြောင်း လျှောက်တဲ့အခါ မင်းကြီးက အဲမွန်ဒရာကို ခေါ်ပြလေတယ်။

လက်ျာထောင်မှူးလည်း အံ့ဩကာ မင်းရဲကျော်စွာ ပေးလိုက်တဲ့ လက်ဆောင်များကို ဆက်လေတယ်။ လက်ျာ်ထောင်မှူးကိုလည်း ရာဇာဓိရာဇ်က ပုဆိုးကောင်းနဲ့ ရွှေဖလားပေးတော်မူလို့ ဒလကို ပြန်ခဲ့လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဆင်လိမ္မာဗကမတ်

ကလေးတို့ရေ…

မြန်မာစစ်ပွဲဟာ သမိုင်းမှာ ထင်ရှားလှတယ်။ အနှစ် (၄၀) လုံးလုံး သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်နေကြတာ မပြီးနိုင်တော့ဘူး။ စစ်ဖြစ်နေ တော့ ပြည်သူတွေဟာ လယ်ယာကိုလည်း မထွန်ယက်နိုင်။ ရောင်းဝယ် ဖောက်ကားမှုလည်း မလုပ်နိုင်ဘဲ ဘေးလွတ်ရာ စစ်ရှောင်နေရတာနဲ့ ပင်ပန်း ဆင်းရဲလှတယ်။

ရာဇာဓိရာဇ် ပဲခူးပြန်ရောက်ပြီ ကြားတာနဲ့ ဘုရင်မင်းခေါင်ဟာ သားတော် သီဟသူ၊ သတိုး၊ တုရင်ကျော်တို့ ဦးစီးတဲ့ တပ် သုံးတပ်ကို ဆင်မြင်း ရဲမက် အင်အားအလုံးအရင်းနဲ့ စစ်ချီစေပြီး စရပ်မြို့ကို တိုက်စေ တယ်။

ရာဇာဓိရာဇ်လည်း မင်းရဲကျော်စွာ တပ်ဝိုင်းထားရာ ဒလကို အလုံ အရင်းနဲ့ စစ်ချီပြန်တယ်။ သားတော် ဗညားဓမ္မ၊ ဗညားရံတို့လည်း ပါတယ်။ ရာဇာဓိရာဇ် ချီလာပြီ ကြားတဲ့အခါ မင်းရဲကျော်စွာဟာ မှူးမတ်တွေနဲ့ တိုင် ပင်ပြီး စစ်ညပ်မှာစိုးတာနဲ့ ဒလကို ဝိုင်းရံထားတဲ့ တပ်ကို ဖြုတ်ကာ ရေတာပ် ကြည်းတပ် စုရုံးပြီး "ဓပဲသျှက်" ဆိုတဲ့ အရပ်ကို ဆုတ်ပြီး တပ်ခိုင်တ လုံ ပြုနေသတဲ့။

ရာဇာဓိရာဇ်လည်း "ကျုတ်တလည်" အရပ်မှာ တပ်ချပြီး ဆင်ပေါက် စီးကာ ရဲမက် (၁၀၀၀) လောက်နဲ့ မြို့တွင်းဝင်တယ်။ မြို့တွင်းတစ်ခေ

www.burmeseclassic.com



လည်း ပိုအားရှိသွားတာပေါ့။ မင်းရဲကျော်စွာကို ထွက်လာအောင် စစ်မြူမယ် တိုင်ပင်ကြတယ်။ ကွမ်းရေကိုင် သွယ်လကွန်းဆန်ကို ရဲမက် (၃၀၀၀) လောက်နဲ့ စစ်မြူစေတယ်။ "မင်းရဲကျော်စွာ ထွက်တိုက်ရင် ခံမတိုက်နဲ့၊ လိုက်လာအောင် စစ်မြူခဲ့" ဆိုပြီး သေချာကျနမှာလိုက်တယ်။

မင်းရဲကျော်စွာလည်း ကလေးမြို့စားကို ဦးစီးစေပြီး မြင်းစစ်သည် (၁၀၀၀) လောက်နဲ့ ထွက်တိုက်စေတယ်။ သွယ်လကွန်းဆန်လည်း မြင်းတပ်ထွက်လာတာ မြင်လို့ ပြန်ဆုတ်တယ်။ မြင်းတပ်လိုက်လာတော့ ပြန်တိုက်ခိုက်တယ်။ သူ့ဆင်အထိ နာလှတယ်။ လုံချက် (၁၀၀) လောက်ထိတယ်။ မြန်စစ်ကဲဟာ ဒေါသဖြစ်ပြီး ပြန်မဆုတ်ဖြစ်ဘူး။ ဒါကြောင့် ဒလမြို့တွင်း ပြန်ရောက်တဲ့အခါ ရာဇာဓိရာဇ်က "အမိန့်လွန်ဆန်တယ်" ဆိုပြီး သွယ်လကွန်းဆန်ကို သတ်စေတယ်။ သမိန်အဝနိုင် တောင်းပန်မှ အသက်လွှတ်ပြီး သံခြေချင်း ခတ်ထားလေတယ်။

ရာဇာဓိရာဇ်ဟာ ဆင်လိမ္မာ ဇကမတ်ကို တိုက်ပွဲမှာ မြန်မာတို့ ရသွားတာကြောင့် ပြန်ရအောင်လုပ်ဖို့ မှူးမတ်တွေနဲ့ တိုင်ပင်တယ်။ ဒီအခါ ဆင်ဦးစီး ငပျန်က အချက် နှစ်ချက် တင်လျှောက်တယ်။ "လုံချက်နာနေတဲ့ ဆင်မ လေးကောင်ယူပြီး တိုက်ပွဲမှာ ဇကမတ်ကို ပြန်ပါအောင် လုပ်မယ်။ ကျွန်ုပ်အသံကြားရင် ဆင်မကို သူမဖော့ပါ။ ယှဉ်မိလျှင် ဇကမတ်စီးတဲ့ မြန်မာမှူးမတ်တွေကို လုံနဲ့ထိုးချပြီး ဆင်လိမ္မာကိုပါ အောင်ယူပါ့မယ်။ နောက်တစ်နည်းက ညဥ့်အခါဝင်ပြီး ဇကမတ်ဖိနပ် နှစ်ဘက်ကို တပ်က မယ္ဂက်နိုင်အောင် သံမှိုနှက်မယ်"

ရာဇာဓိရာဇ်ဟာ ဒုတိယနည်းကို ပိုကြိုက်တာကြောင့် ငပျန်လည်း ကြံ သုံးချောင်းကိုသတ်ကာ ဆင်လုပ်သား လူ နှစ်ယောက်ခေါ်ပြီး ညဥ့်အခါ မြန်မာတပ်တွင်း ခိုးဝင်းလေတယ်။ မြန်မာရဲမက်တွေ အိပ်ပျော်နေစဉ် ငပျန်တို့ ဇကမတ်ထားရာ ဆင်တင်းကုပ်ထဲ ရောက်တယ်။ ဆင်လိမ္မာဇကမတ်လည်း လေအနံ့ရှူပြီး သူ့အထိန်းဟောင်းမှန်း သိသတဲ့။ ငပျန်ဟာ ယူခဲ့တဲ့ ကြံ သုံးချောင်းကို ကျွေးတယ်။ နောက်ဆင်လိမ္မာကို ပြောလေတယ်။

"အခု ငါတို့ လာရတာက မင်းရဲ့ဖိနပ်ကို သံမှိုနှက်ဖော့ဘုရင်က ခိုင်းလို့လာရတာပဲ။ အခု မင်းကို ငါမြင်ရတော့ ငါမလုပ်ရက်ဘူး။ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



အခုပါလာတဲ့ မင့် ညီ နှစ်ယောက်ကိုချစ်ရင် နက်ဖြန် မြန်မာတွေ ထွက်တိုက်တဲ့အခါ မင်းက အကပ်မခံနဲ့။ မင့်ကျောပေါ် စီးစရာက, တင်မခံနဲ့။ တပ်တွင်းက ဆင်မြင်းလူသူ အားလုံးကို လိုက်ဖော့ပါ။ ငါတို့ သုံးယောက်ကိုချစ်ရင် ပြောတဲ့အတိုင်းလုပ်ပါ။ ဒါမှ ငါတို့ အသက်လွတ်မယ်'' လို့ ဗကမတ်ရဲ့ နားနားကပ်ပြီး ပြောလေတယ်။ အဲဒီအခါ ဆင်လိမ္မာဗကမတ်လည်း ခေါင်းညိတ်သတဲ့။ မျက်ရည်လည်း ယိုသတဲ့။

ငပျန်နဲ့လိုက်လာတဲ့ ဗောကဒိုးနဲ့ မပို့ဆိုတဲ့ ဆင်လုပ်သား နှစ်ယောက်က ''ငပျန်ဘုရင့်အမိန့်အတိုင်း မဆောင်ရွက်တာ မင့်တာဝန်ပဲ။ ဘုရင်မျက်ရင် ငါတို့နှစ်ယောက်ကို ဆွဲမထည့်ပါနဲ့'' လို့ ဆိုလေတယ်။

ရာဇာဓိရာဇ်လည်း မအိပ်ဘဲ စောင့်နေတယ်။ ငပျန်တို့ ပြန်ရောက်လာတဲ့အခါ အမိန့်အတိုင်း ပြီးစီးခဲ့ရဲ့လား'' မေးတော်မူတယ်။ ဆင်ဦးစီး ငပျန်က ဆင်လိမ္မာကို သူပြောခဲ့တဲ့အတိုင်း ပြန်လျှောက်တင်တယ်။ ရာဇာဓိရာဇ်က ငပျန်ရဲ့ပါးကို ပုတ်ပြီး ''ငါ့အမိန့်အတိုင်း လုပ်ခဲ့ရင် ငါသူကောင်းပြုမယ် ကြံထားတယ်။ အခုနင်ဆိုတဲ့အတိုင်း ဖြစ်မလာရင် သားမယားနဲ့တကွ နင့်ကို မီးတိုက်ပစ်မယ်'' လို့ ကြိမ်းမောင်းပြီး ငပျန်ကို အကျဉ်းချထားတော်မူတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဒလတိုက်ပွဲကြီး

ကလေးတို့ရေ…

မွန်-မြန်မာစစ်ပွဲဟာ အနှစ် (၄၀) ကြာတယ်ဆိုတာ ပြောခဲ့ပြီနော်။ အစောပိုင်းမှာ ဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ် တိုက်ကြပေမယ့် နောက်ပိုင်းကာလ မင်းရဲကျော်စွာ (၁၃) နှစ်ရွယ်ကစပြီး သူဦးစီးတိုက်တဲ့ စစ်ပွဲတွေကလည်း မနည်းလှပေဘူး။ နောက်ပိုင်းတော့ ရာဇာဓိရာဇ်လည်း သူ့သားတော် သုံးပါးကို စစ်ရေးမှာ ပါဝင်လာစေတာ တွေ့ရတယ်။

ဒလတိုက်ပွဲကြီးဟာ မင်းရဲကျော်စွာရဲ့ နောက်ဆုံးတိုက်ပွဲကြီးလည်း ဖြစ်တယ်။ စစ်မချီခင်မှာ နှစ်ဖက်စလုံးက စနစ်ကျနအောင် စစ်ခင်းဗျူဟာတွေကို စီမံကြတယ်။ ဗေဒင်တတ်ဟူးရားတွေ၊ ပညာရှိမှူးမတ်တွေကိုလည်း တိုင်ပင် အကြံဉာဏ်ယူကြတယ်။ မင်းရဲကျော်စွာဟာ ငယ်သူဖြစ်လို့ မှူးမတ်တွေစကား နားမထောင်ဘဲ စိတ်လိုက်မာန်ပါ လုပ်ဆောင်တာတွေ ရှိတယ်။

ရာဇာဓိရာဇ်ဟာ မုတ္တမကို ချီပြီးကတည်းက ဓာတာတော်ကို စစ်ဆေးတယ်။ သူ့ရဲ့ ပညာရှိဟူးရား လေးဦး တစ်ညီတည်းဟောတာကို သူလက်ခံပြီး မင်းရဲကျော်စွာကို မုချရမယ်လို့ ဟောတဲ့ အဲဒီနှစ်မှာပဲ တန်ခူးလဆန်း (၄) ရက် ဗုဒ္ဓဟူးနေ့မှာ အရတိုက်မယ်။ သတ်မှတ်ရက်မကျော်အောင် အမတ်ဒိန်က မင်းရဲကျော်စွာ ထွက်လာအောင် စစ်မြူမယ်လို့ တာဝန်ယူထားတယ်။ သူဘယ်လိုစစ်မြူမှာလဲ။

မင်းရဲကျော်စွာဟာ ရာဇာဓိရာဇ် "ကျပ်တလည်" မှာ တပ်ချနေတယ်လို့ ကြားတဲ့အခါ "တိုင်ပင်ပွဲ" တန်ဆောင်းကြီးထဲမှာနေပြီး မှူးမတ်တွေနဲ့ တိုင်ပင်တယ်။ စည်ပုတ္တရာစား အမတ်ရာဇသင်္ကြန်က "စစ်ရေးဟာ ကြက်ဥထဲက ကြက်သူငယ်လို အဖြူအမည်း မသိနိုင်တာကြောင့် အလောမကြီးပါနဲ့၊ တပ်မင်းတွေနဲ့ တိုင်ပင်ပါဦး" လို့ နားတော်လျှောက်တယ်။ စလင်းစားနဲ့ တုရင်သိန်းစည်းတို့ကလည်း ရာဇသင်္ကြန် တင်လျှောက်တာ သဘောတူကြတယ်။ စစ်ရေးမှာ အလောတကြီး မလုပ်သင့်ဘူးပေါ့။ မင်းရဲကျော်စွာလည်း ဘာမှမဆိုဘဲ သောက်စားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာဓိရာဇ်လည်း သူ့တပ်တွေကို အစီအမံ အကွပ်အကဲ လုပ်ပြီး အမတ်ဒိန်ကို "မင်းအာမခံတဲ့အတိုင်း မင်းရဲကျော်စွာ ထွက်လာအောင် လုပ်တော့" လို့ မိန့်တယ်။ အမတ်ဒိန်လည်း ဆင်မရွှေကကို စီးပြီး ထီးနီဖြန့်ကာ ဆင်မ ငါးစီး၊ လူ (၈၀၀) ခန့်၊ ခြင်း၊ တူရွင်း၊ မား၊ ဝါး၊ ကြိုးနဲ့အတူ ယူပြီး မင်းရဲကျော်စွာရှိတဲ့ "ဖပဲသကံ" ကို သွားတယ်။ တပ်နဲ့ မနီးမဝေး မှာရပ်ပြီး တာထိုးကာ ကြိုးတန်းစေပြီး ပန္နက်တိုင်စိုက်တယ်။

မင်းရဲကျော်စွာဟာ မွန်တို့ လုပ်ကိုင်ပုံတွေကို တန်ဆောင်းထဲကနေ မြင်တယ်.. မေးတဲ့အခါ မွန်အမတ်က "ဒို့ဘုရင်စေလို့ တာတုပ်ဖို့လာတယ်။ မင်းရဲကျော်စွာ တပ်ကိုဝိုင်းမလို့" ဆိုကာ မင်းရဲကျော်စွာ မခံချင်အောင် ပြောလိုက်တယ်။

မင်းရဲကျော်စွာလည်း မှူးမတ်တွေခေါ်ပြီး "ယခု မွန်မင်းက ငါတို့ကို လုပ်ကြဲဖို့ ဝိုင်းမယ် ကြံတယ်။ ငါတို့ ငြိမ်ခံနေမလား၊ ငါအရင်ထွက်တိုက်မယ်။ မင်းတို့ မီအောင်လိုက်ခဲ့ကြ" လို့ ဆိုကာ ဆင်တော် ငချစ်နိုင်ကို စီးတယ်။ ဆင်တော်ကိုလည်း ခါတိုင်းထက်ပိုပြီး အရက်တိုက်ထားတယ်။ သူကိုယ်တိုင်လည်း ခါတိုင်းထက် ပိုသောက်ထားတယ်။ "ငါ့ ဆင်တော် ရဲမြတ်စွာ" ကြိုးကြာသံမြည်တယ်။ အဲလို မြည်သံပြုရင် နိုင်နေကျပဲ" ဆိုကာ ထွက်တယ်။ မှူးမတ်တွေလည်း အလျှင်စလို ထွက်တာ မကြိုက်ပေမယ့် ဒေါသဖြစ်နေတဲ့ မင်းပျိုကို မတားရဲကြဘူး။

မင်းရဲကျော်စွာလည်း မြေဒူးစားကို မွန်တို့ဆီက ရထားတဲ့ ဆင်လိမ္မာဗကမတ်ကို စီးစေတယ်။ တပ်မှူး၊ စစ်ကဲတွေ နေ့မနေနဲ့ ငါ့ကို မီအောင်လိုက်ခဲ့" လို့ မှာပြီး ထွက်လေတယ်။ အမတ်ဒိန်ရဲ့ ကြံစည်ချက် အောင်မြင်တာပေါ့။

မင်းရဲကျော်စွာနဲ့အတူ ရှမ်းရဲမက် (၁၀၀၀) သင်တိုင်းအမည်းလက်တို ဝတ်စေတယ်။ ရှမ်းမိုးညှင်းသားတွေကိုလည်း ရွှေဒိုင်း (၁၀၀၀)၊ လှံတို သုံးစင်းစီ ကိုင်စေတယ်။ မြန်မာရဲမက် (၁၀၀၀) မှာလည်း ရွှေမောက်တို၊ ရွှေ လှား၊ ဒေါင်းမြီးတပ်လှံတို့ သုံးချောင်းစီကိုင်၊ မောက်တိုမျဉ်းနက်ပြောက်ဝတ် (၁၀၀၀)၊ မြင်းသည် ကျွဲရုပ်ဆောင်းသူရဲ (၃၀၀၀) အသီးသီးမိုက်ပါစေပြီး စည်တော် သုံးခါ ရှမ်းပြီး ထွက်တယ်။

မင်းရဲကျော်စွာထွက်လျှင် ကလေးမင်း၊ ရခိုင်မင်း၊ စလင်းမင်း၊

www.burmeseclassic.com

www.burmeseclassic.com



မြေဒူးစားတို့လည်း ပြင်ဆင်ကြတယ်။ မြေဒူးစား ဆင်လိမ္မာ ဇကမတ် တက်စီးတဲ့အခါ ဆင်ခါချလို့ အောက်ကျတယ်။ တပ်တွင်းရှိတဲ့ ဆင်မြင်း လူသူတို့ကိုလည်း လိုက်ဖော့လို့ ပရမ်းပတာ ပြိုကွဲတာကြောင့် နောက်တပ် တွေ ကြန့်ကြာနေကာ မင်းရဲကျော်စွာကို လိုက်မမီနိုင် ဖြစ်ရတယ်။ ဆင် လိမ္မာဇကမတ်ဟာ မွန်တို့ ဆင်ဖြစ်တယ်။ သူ့သခင် ငပျန်ရဲ့စကားကို နား ထောင်ပြီး ငပျန်ခိုင်းခဲ့တဲ့အတိုင်း လုပ်ဆောင်တာကို တွေ့ရတယ်။

ရာဇာဓိရာဇ်လည်း "ရဲ" ဆိုတဲ့ ဆင်တော်ကို စီးပြီး ဆင်ဦးကင်းထက် မှာ သစ္စာဆိုတယ်။ သာသနာစောင့်နတ်တွေကို တိုင်တည်တယ်။ "ဘုရင် မင်းခေါင်ရဲ့ဖခင်မင်းကြီးစွာနဲ့ သူ့ဖခင် ဗညားဦး သန်လျင်မှာ သစ္စာဆိုဖူး တယ်။ အရေးတော်ပြီးတယ်။ ဘုရင်မင်းခေါင်နဲ့ ငါလည်း ပြည်ရွှေဆံတော် မှာ သစ္စာဆိုဖူးတယ်။ မှန်တာဆိုခဲ့လို့ရှိရင် ဒီပွဲမှာ မင်းရဲကျော်စွာကို နိုင်ပါ စေ။ မမှန်ရင် ငါရှုံးပါစေ" လို့ သစ္စာပြုပြီး နတ်ရေသွန်းတယ်။

မင်းရဲကျော်စွာ ထွက်ပြီး မြန်မာတပ်တွေလည်း အမီလိုက်ကြတယ်။ ကလေးကျေးတောင်ညိုစီးတဲ့ ဆင်ဟာ မုန်ယိုနေတာကြောင့် နောက်က မြင်းကတောင်သံ (မြင်းစစ်သည်တို့ စစ်ချီဆိုသံ) ကို ကြားတဲ့အခါ နောက် ပြန်ပြီး ဖော့လေတယ်။ မြင်းတွေလည်း ပြိုကာ အထွေးထွေး ရှိကြတယ်။ ခြေလျင်ရဲမက်၊ မြင်းသည်ရဲမက်တွေ အလဲလဲအပြိုပြို ဖြစ်တာကြောင့် မင်း ရဲကျော်စွာကို မမီကြဘူး။

မင်းရဲကျော်စွာဟာ မွန်မင်းသား ဗညားမွေ့ရာဇာတပ်ကို တိုက်တယ်။ မွန်တပ် ပျက်တယ်။ နောက် မွန်မင်းသား ဗညားရဲတပ်ကို တိုက်တယ်။ မွန်တပ်ပျက်ပြန်တယ်။ နောက် မွန်မင်းသား ဗညားကျန်းတပ်ကို တိုက်တယ်။ မွန်တပ်ပျက်ပြန်တယ်။ နောက်ရာဇာဓိရာဇ်တပ်ကို တိုက်တယ်။ မွန်တပ် ပျက်ပြန်တယ်။ မွန်သားတော် သုံးပါးလည်း တပ်ပျက်တာနဲ့ တောတွင်း ဝင်ပြေးကြတယ်။

မင်းရဲကျော်စွာ နောက်တစ်ခါ သမိန်အဝနိုင်တပ်ကို တိုက်ပြန်တယ်။ သူ့ဆင် ငချစ်ခိုင်လည်း ပန်းလှပြီ။ ဒါ့ကြောင့် ဆက်မထိုးဘဲ ရပ်လေတယ်။ နောက်က မြန်မာဆင် ဘပ်၊ မြင်းတပ်လည်း အချိန်မီ ရောက်မလာသေးဘူး။ ဆင်တော်မှာ လှံချက် (၁၀၀) လောက် ထိထားလို့ မခံနိုင်ဘဲ ဆင်ခါလိုက် တဲ့အခါ မင်းရဲကျော်စွာ ဆင်ထက်က ပြုတ်ကျလေတယ်။ ဆင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်နင်းမိသွားတယ်။ ဒါ့ကြောင့် မတ်တတ်မရပ်နိုင်ဘူး။ မင်းရဲကျော်စွာဟာ တွားသွားပြီး ပိန္နဲပင်အောက် ဝင်လေတယ်။

ကုန်းလယ်စီး အနန္တသူရိယလည်း တိုက်ပွဲမှာ ကျလေတယ်။ မြင်းသည် ခြေသည်တွေလည်း အထိအရှ အသေအပျောက် များလှတယ်။

မွန်တို့ဟာ ဆင်ထက်မှာ မင်းရဲကျော်စွာကို မမြင်တာကြောင့် တောထဲက ထွက်ပြီး ဆင်ကို ဝိုင်းဖမ်းတယ်။ နောက်ထိုင်ငနတ်တော်ကို မင်းရဲကျော်စွာ ဘယ်မှာလဲ မေးကြတယ်။ ကျွန်ုပ်မသိလို့ ဖြေတဲ့အခါ ရာဇာဓိရာဇ်က "ငါ့တူတော်ကို အပြစ်မပြု၊ သားအမှတ်ထားတယ်" လို့ ပြောမှ ငနောက်တော်က "ကျွန်ုပ်အရှင်ကို တွေ့လိုလျှင် သစ်ငုတ်သစ်ပင်တိုင်းကို ကြိုးတန်း တိုက်ရှာကြည့်ပါ" လို့ လျှောက်တဲ့အခါ မွန်တို့ပြောတဲ့အတိုင်း ကြိုးတန်း ဆွဲကာ ပိုက်စိပ်တိုက်ရှာလေတယ်။

မင်းရဲကျော်စွာလည်း ဆင်ထိအနာ ပြင်းတာကြောင့် ထမလျှောက်နိုင်ချေဘူး။ ဒါ့ကြောင့် မွန်တို့ တွေ့သွားပြီး ရာဇာဓိရာဇ်ထံ မင်းရဲကျော်စွာကို ဆက်လေတယ်။ ရာဇာဓိရာဇ်လည်း "မင်းသားသူငယ်ဖြစ်သူကို ငါ နှလုံးခံစားမှု အထူးမရှိ။ ဝမ်းမနည်းဘူး၊ ဝမ်းလည်း မသာဘူး။ အမောင် ဆေးဝါးကုသခံကာ ထမင်းစားပါ။ ကျန်းမာလို့ ငါ့ဆီမှာနေရင် ငါ့သမီးတော်နဲ့ ထိမ်းမြားပြီး အိမ်ရှေ့အရာပေးမယ်။ အင်းဝကို ပြန်လိုစိတ်ရှိရင်လည်း အမှူးအမတ်တွေကို ပို့စေမယ်" လို့ ဆိုကာ ဆေးပေးတော်မူတယ်။

မင်းရဲကျော်စွာလည်း "မွန်တို့ ထမင်း ငါမစားပြီ။ ဆေးဝါးလည်း မမှီဝဲလို။ ဟံသာဝတီ (ပဲခူး) ကို မရဘဲ ငါမပြန်လို၊ ငါမိဋ္ဌာန်ရင်း ရှိတယ်။ အခုအခြေအနေမှာ သူ့ကျွန်အဖြစ် မခံပြီ။ ငါအသက်ရှင်တာထက် သေသော် မြတ်တယ်၊ စီရင်တော့" လို့ ဆိုတယ်။

ရာဇာဓိရာဇ်လည်း "မင်းရဲကျော်စွာဟာ သေကာနီးတောင် စိတ်ကို မလျှော့။ နောင်အခါ ငါ့အသက်ကိုပင် ကြံနိုင်တယ်" လို့ မိန့်ပြီး အဲဒီညဉ့်တွင်ပဲ လုပ်ကြံလိုက်လေတယ်။ မိုးလင်းတဲ့အခါ ဆင်ထိတဲ့ အနာသည်းလို့ အနိစ္စရောက်ဟန် မှူးမတ်တို့ကို ကောင်းစွာ သင်္ဂြိုဟ်စေတယ်။ အရိုးကို "ကျပ်တလည်" မှာ ကောင်းစွာ မြှုပ်စေတယ်။

ဒလတိုက်ပွဲကြီးဟာ မင်းရဲကျော်စွာရဲ့ နောက်ဆုံးတိုက်ပွဲ ဖြစ်ပေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာတို့ရဲ့ဇာတိမာန်

ကလေးတို့ရေ…

မင်းရဲကျော်စွာ ဒလတိုက်ပွဲမှာ မှူးမတ်တို့စကားကို မနာယူဘဲ စိတ်လောအားကြီးတာကြောင့် နောက်တပ်တွေနဲ့ အဆက်ပြတ်ပြီး ရေတိမ်နစ်ရရှာတယ်။ မင်းရဲကျော်စွာကျပြီးနောက်ပိုင်းမှာ ဘာတွေဆက်ဖြစ်ကြသလဲ။

မြန်မာတပ်မှူးစစ်ကဲအပေါင်းဟာ မင်းရဲကျော်စွာ ဆုံးပြီးနောက်နေ့မနက်မှာ ဘုရင်မင်းခေါင်ထံ အင်းဝကို စားစေတယ်။ စာစေပုံက ပင်လယ်ကျေးသံဃရာဇာ မွေးထားတဲ့ လင်းတရဲ့လည်မှာ စာခွေစွပ်ပြီး လွှတ်လိုက်တယ်။ အင်းဝကို ညနေ သုံးချက်တီးအချိန်မှာ ရောက်တယ်။ ဘုန်းကြီးရဲ့လင်းတဆိုတော့ ဘုန်းကြီးကျောင်း ရောက်တာပေါ့။ ဘုန်းတော်ကြီးက ဘုရင်မင်းခေါင်ထံ စာဆက်လေတယ်။

မွန်တို့ရဲ့ ဆင်လိမ္မာဗကမတ်ဟာ မြေဒူးစားကို ခါချ၊ မြန်မာတပ်တွင်းရှိတဲ့ ဆင်မြင်းလူသူတွေ လိုက်ဝှေ့ပြီး မွန်တပ်တွင်း ပြေးဝင်လေတယ်။ ရာဇာဓိရစ်ဟာ ဆင်လိမ္မာဗကမတ်ရဲ့ လုပ်ရပ်ကို မြင်တဲ့အခါ ဆင်ဦးစီးငပျံ့ကို သံခြေချင်းခတ်ရာက လွှတ်ပြီး ဗကမတ်ကို ကြိုစေတယ်။ ဆင်လိမ္မာဟာ ဦးစီးငပျံ့ကို မြင်တာနဲ့ နှာမောင်းနဲ့ ပွေ့ပိုက်ချီပြီးမှ တပ်တွင်းဝင်တယ်။ ရာဇာဓိရစ်လည်း အားရတာကြောင့် ဆင်လိမ္မာကို ကြို ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com



ကျေးမွေးပြီး စစ်တောင်းကျေးတကောင်းကို ပေးတယ်။ (ငပျွန်ကိုလည်း နာဂ ပတ္တိဆိုတဲ့ အမည်နဲ့ ဓာလမန်ဆိုတဲ့ ရွာကို ပေးလေတယ်။)

နောက် ရာဇာဓိရာဇ်ဟာ "ဟန်နရဲ" ကိုခေါ်ပြီး စရပ်မြို့ကို ဘုရင်မင်းခေါင်ရဲ့ သားလတ်သီဟသူ ပိုင်းရုံထားတာကို သွားတိုက်ခိုင်းတယ်။ သူ့မှာ အလုံးအရင်းမရှိဆိုတဲ့အခါ နတ်တော်စားကို ခေါ်သွားစေကာ အရေးဆိုခိုင်းတယ်။ သူ့နောင်တော် မင်းရဲကျော်စွာ ကျဆုံးကြောင်း လျှောက်လို့ သီဟသူလည်း အင်းဝပြန်လေတယ်။

သီဟသူ ပြန်ပေမယ့် စလင်းစားက ဒလမှာ ကြည်းရေ အလုံးအရင်းနဲ့ တပ်ခိုင်ပြုနေလို့ ရာဇာဓိရာဇ်က နှစ်ကြိမ် သုံးကြိမ် တိုက်ပေမယ့် မရလေဘူး။ ဒါ့ကြောင့် အမတ်ဒိန်က "ယခုသူတို့အရှင့်သား မရှိပေမယ့် မြန်မာမှူးမတ် စစ်ကဲတွေ ကြွံခိုင်လှတယ်။ လုပ်ရေးကြံရေး ထက်မြက်သူတွေချည်း ဖြစ်တယ်။ ဒါ့ကြောင့် စလင်းစားထံ စာသဝဏ်စေပြီး သိမ်းသွင်းရမယ်" လို့ အမတ်ဒိန်လျှောက်ချက် ရာဇာဓိရာဇ် သဘောတွေ့တော်မူလို့ တမန်စေလေတယ်။

"ငါမိန့်တော်မူတယ် စလင်းစား···၊ မင်းတို့မင်းသား ဆုံးရတာဟာ မင်းတို့တပ်တွေ အဆက်ဖြတ်လို့ မကူညီလို့ ဖြစ်ရတယ်။ အခု မင်းတို့ ဆက်ပိုင်းနေလည်း အချည်းနှီးပဲ။ မင်းတို့ခွာဖို့လည်း ခက်တယ်။ မင်းတို့ ငါ့ထံ ခစားရင် မြောင်းမြကို ပေးမယ်" လို့ စေလိုက်တယ်။ တကယ်တော့ ရာဇာဓိရာဇ်ဟာ ဒလမှာ မြန်မာတပ်ပိုင်းထားလို့ ဒလသားတွေကော မွန်တပ်တွေပါ အခက်တွေ့နေတယ်။ ဘုရင်မင်းခေါင်တပ် ထပ်ချီပြီး ပဲခူးကို လုပ်ကြံမှာလည်း ရွံ့တယ်။ ဒါ့ကြောင့် ဉာဏ်ဆင်ပြီး စလင်းစားကို သိမ်းသွင်းတာပါပဲ။

စလင်းစားလည်း ပဲခူးက လွှတ်လိုက်တဲ့ သံတမန်ကို တပ်ကိုလှည့်ပြပြီး "ငါတို့တပ်တွေ အင်အား မင်းအမြင်ပဲ။ ဟို့အရှင့်သားဟာ မင်းသားမည်ကာ မဟုတ်။ တိုက်ရည်ခိုက်ရည် သတ္တိရဲစွမ်း ဘယ်သူမှ မယှဉ်နိုင်။ တို့အရှင့်သား အရေးမှားလို့ လက်တော်ရောက်တယ်ဆိုတာ ငါမယုံ။ မင်းတို့ ဘုရင် နှစ်ခါ၊ သုံးခါ ငါတို့ကို တိုက်တယ်၊ မရ။ မကြာခင် ဘုရင်မင်းခေါင် ချီလာမယ်။ ငါတို့ဟာ မြန်မာမင်းရဲ့ သစ္စာခံဖြစ်တယ်။ နည်းနည်းမျှ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်မှာမဟုတ်။ တို့ဘုရင်ရဲ့ ကျေးဇူးတော် မဆပ်ရသေး။ မင်းတို့ဘုရင်ကို လျှောက်လိုက်။ ငါတို့ကို နားငြီးအောင် လာမလုပ်နဲ့” လို့ပြောပြီး၊ ပဲခူးတမန်ကို ကောင်းစွာ ကျွေးမွေးကာ လက်ဆောင်ပေးပြီး ပြန်လွှတ်လိုက်တယ်။

စေသူရောက်လာပြီး စလင်းစား စကားကို ကြားရတဲ့အခါ “သူတို့တပ်မှူးစစ်ကဲတွေဟာ အလွန်နှလုံးခိုင်လှတယ်” လို့ ရာဇာဓိရာဇ် ဆိုလေတယ်။

မင်းရဲကျော်စွာ အစောင့်ထားတဲ့ တောင်ခုတ်စားလည်း ပုသိမ်က ခွာပြီး ဘိုးခေါင်ကြောင်းချီကာ ပြည်မြို့ကို သွားလေတယ်။ ဒလကို ဝိုင်းထားတဲ့ တပ်မှူးတွေလည်းဘုရင်မင်းခေါင်ဆီ စာစေတယ်။ သားတော် ကျဆုံးရပုံအကြောင်းနဲ့ ဘုရင်မင်းခေါင်း စစ်ချီလာဖို့ ရေးလိုက်တယ်။ စာနဲ့အတူ မင်းရဲကျော်စွာရဲ့ မိဖုရား ရှင်မင်းလှကိုလည်း အမတ် နှစ်ယောက်နဲ့အတူ လှော်ကားလှေနဲ့ တင်ပို့လိုက်တယ်။

ဘုရင်မင်းခေါင်လည်း အလုံးအရင်းနဲ့ စစ်ချီလာတယ်။ ရှင်မင်းလှတို့နဲ့ တရုတ်မော်အရပ်မှာ ဆုံတယ်။ အကြောင်းစုံ သေချာသိရလို့ စိတ်ထိခိုက်လေတယ်။ ရာဇာဓိရာဇ်လည်း စီစဉ်စရာရှိတာ စီမံခန့်ခွဲမှာထားကာ ဘုရင်မင်းခေါင်ချီလာပြီကြားလို့ စစ်ညပ်မှာစိုးတာနဲ့ ပဲခူးကို ပြန်လေတယ်။

ဘုရင်မင်းခေါင် အလုံးအရင်းနဲ့ ချီလာလို့ ဒလအနားနီးတဲ့အခါ လှေခတ် သံကြားလို့ ရာဇာဓိရာဇ်ရဲ့ သား နှစ်ယောက်လည်း လက်လွှတ်ထွက်ပြေးလေတယ်။ မြန်မာရဲမက်တို့ လိုက်လံဖမ်းဆီးလို့ သုံ့ပန်း လူသူအများ ရလိုက် တယ်။

ဘုရင်မင်းခေါင်လည်း သားတော်ရဲ့ သင်္ချိုင်းကိုသွားပြီး အရိုးကို ယူကာ ရွှေအိုးနဲ့ထည့်ပြီး ရဲမက်အပေါင်းကို ပူဇော်စေပြီး လှော်ကားလှေနဲ့ တင်ပြီး “မထီးအဝ” မှာ ချလေတယ်။

ဘုရင်မင်းခေါင် အလုံးအရင်းနဲ့ ချီပြီး မြောင်းမြကို လုပ်ကြံတယ်။ မြောင်းမြစားသမိန်သံလိုက် ထွက်ပြေးတယ်။ မြောင်းမြကိုရလျှင် ပုသိမ်ကို ဆက်ချီတယ်။ ဘုရင်မင်းခေါင် ပုသိမ်စားကို မြင်လိုတယ်ဆိုလို့ ထွက်တွေ့ရတယ်။ လက်ဆောင်များ ဆက်လေတယ်။ ဘုရင်ရှေ့တော်ရောက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲကျော်စွာရဲ့ သား မင်းငယ်ကျော်ထင်ရဲ့ ကျွန်းတပ်သား ငမြတ်တော်က ပုသိမ်စား သမိန်အဝနိုင်ကို လှံနဲ့ လှမ်းထိုးတယ်။ ဝေးလို့မထိ။ မြို့စီးကုလားတို့ မြင်တဲ့အခါ မြို့ထိပ်က လှေတော်ကို စိန်ပြောင်းနဲ့ ပစ်တယ်။ သမိန်အဝနိုင်က ဘုရင်မင်းခေါင် ဉာဏ်ဆင်ခေါ်လေသလားလို့ ထင်မိတယ်။

ဘုရင်မင်းခေါင်လည်း မြေးတော်ကို ခေါ်စစ်တယ်။ သူမထိုးနိုင်းပါဖြေတယ်။ ငမြတ်တော်ကို စစ်တော့ "ကျွန်ုပ်တို့ အရှင့်သားတော်ကျတာကို မကျေနပ်လို့ သူ့သဘောနဲ့သူ လှံနဲ့ထိုးတယ်လို့ ဖြေတယ်။ ငမြတ်တော်ကို သမိန်အဝနိုင် လက်အပ်ကာ ကွတ်မျက်စေတယ်။ ငမြတ်တော်မှာ သူရဲကောင်း လက္ခဏာရှိတယ်။ အချည်းနှီး မသေသင့်၊ အခွင့်လွှတ်ပေးဖို့ မွန်အမတ်လျှောက်လို့ အသက်လွှတ်လိုက်တယ်။

ဘုရင်မင်းခေါင် ပုသိမ်မှာ သုံးရက်နေပြီး ရေအား၊ ကြည်းအားပြတော်မူပြီး ပြန်လေတယ်။ မွန်တို့လည်း ဝတ်လှတာကြောင့် မလိုက်ဝံ့ကြ။

❑

www.burmeseclassic.com

www.burmeseclassic.com

# စစ်ဘုရင်တို့ရဲ့နေဝင်ချိန်

ကလေးတို့ရေ…

သက္ကရာဇ် (၇၇၈) ခုနှစ်မှာ ရာဇာဓိရာဇ်က သားတော် ဗညားဓမ္မရာဇာကို ဗိုလ်မှူးခန့်ကာ တပ် (၇) တပ်၊ တိုက်ဆင် (၃၅၀)၊ မြင်းစစ်သည် (၅၀၀၀)၊ ခြေလျင်စစ်သည် (၇) သောင်းနဲ့ တောင်ငူမြို့ကို တိုက်ခိုင်းတယ်။

ဘုရင်မင်းခေါင် ကြားတဲ့အခါ သားတော်ပြည်စားသီဟသူကို တပ်ရှစ်တပ်ကို ဦးစီးစေပြီး အလုံးအရင်းနဲ့ တောင်ငူကို ချီစေတယ်။ သားတော်နှစ်ပါး ရင်ဆိုင်တိုက်ကြတဲ့အခါ မွန်တပ် (၇) တပ်လုံး ပျက်လေတယ်။ ရဲမက် (၃၀၀၀) ကျော်သေလေတယ်။ တိုက်ဆင် (၃၀)၊ မြင်း (၅၀၀)၊ လူ (၃၀၀၀) ကျော်ရလိုက်တယ်။

မွန်တို့ကို အောင်လျှင် သားတော် သီဟသူကစပြီး စစ်ကဲတပ်မှူးအားလုံးကို ဘုရင်မင်းခေါင်က ပြန်ခေါ်လို့ အင်းဝပြန်ကြတယ်။ ရောက်တဲ့အခါ အားရတော်မူလို့ သားတော်ပြည်စားသီဟသူကို မင်းရဲကျော်စွာနဲ့ မိဖုရားရှင်မင်းလှနဲ့ စုံဖက်ပေးတော်မူတယ်။ အိမ်ရှေ့အရာလည်း ပေးတော်မူတယ်။ ဗန့်ကျီ (၁၀) တိုက်၊ ရဲလှေ (၁၀) စင်းနဲ့တကွ ဗဒုံမြို့ကို ပေးတော်မူပြီး၊ ပြည်မြို့ကိုတော့ မင်းရဲကျော်စွာရဲ့ သစ္စာတော်ခံ စောရွှေခက်ကို ပေးလေတယ်။

သက္ကရာဇ် (၇၇၉) မှာတော့ စလင်းစား နော်ရထာလျှောက်တာကြောင့် အိမ်ရှေ့မင်းသီဟသူ ဟံသာဝတီ (ပဲခူး) ကို ရေအား၊ ကြည်းအားအလုံးအရင်းနဲ့ ချီပြန်တယ်။ ဒလကို လုပ်ကြံရာ မွန်မင်းသား နှစ်ပါးအခိုင်အလုံ ခံတာကြောင့် ဒဂုန်ကို ဆက်ချီတယ်။ ဒဂုန်ပျက်တာကြောင့် မွန်မင်းသားတော် ဗညားစက်နဲ့တကွ တစ်မြို့လုံးကို ရတော်မူတယ်။

ရာဇာဓိရာဇ်လည်း စွယ်ရတောကို ဆင်ဖမ်းထွက်ပြီး မုတ္တမကို သွားပြန်တယ်။ မွန်တို့လည်း မြို့ကိုသာ အခိုင်အလုံပြုပြီး ထွက်မတိုက်ဝံ့ကြ။ သီဟသူလည်း ဆက်ဝိုင်းထားလျှင် ဆင်မြင်းဗိုလ်ပါ ညှောင်းညာတာကြောင့် ဗညားစက်နဲ့ အမှူးအမတ် (၃၀၀၀) ကျော်ကို ယူပြီး အင်းဝပြန်လေတယ်။ ဘုရင်မင်းခေါင်အားရတော်မူ၍ အိမ်ရှေ့မင်းကို စားတော်ခွမ်းခွက်၊ လက်

www.burmeseclassic.com

www.burmeseclassic.com



ဖက်အိုး၊ သောက်ရေတော် တကောင်းဖုံးအစုံ ချီးမြှင့်တယ်။ မွန်မင်းသားတော် ဗညားစက်ကို လည်းကောင်း စွာပြုစုပြီး အဝတ်အစား အစေအပါး ပေးတော်မူပြီး မပြတ်ခ,စားစေတယ်။

ဘုရင်မင်းခေါင်လည်း "မွန်မင်းသားတော် ဗညားစက်ကို ရလို့ ငါ နှလုံးတော်ပြေပြီ။ မွန်နှင့် ငါတို့ နောက်ကို ခိုက်ရန် မပြုတော့ပြီ" လို့ မိန့်တော်မူတယ်။

ထိုအခါမှစပြီး ဘုရင်မင်းခေါင်ဟာ ကောင်းမှုကိုပဲ အာရုံပြုလုပ်ဆောင်တော့တယ်။ သက္ကရာဇ် (၇၈၃) မှာ ပညာရှိအမတ်ကြီး မင်းရာဇာ ကွယ်လွန်လေတယ်။ မင်းရာဇာဟာ မင်းကြီးစွာစော်ကဲ လက်ထက်မှစပြီး သားတော်ဆင်ဖြူရှင်တရဖျား၊ ညီတော် ဘုရင်မင်းခေါင်လက်ထက်မှစပြီး သားတော်ဆင်ဖြူရှင်တရဖျား၊ ညီတော် ဘုရင်မင်းခေါင်လက်ထက် ထီးမင်း သုံးဆက် အမှုထမ်းခဲ့လေတယ်။ နှစ်ပေါင်း (၅၃) နှစ်တိုင်တိုင် ကြွံခိုင်တဲ့ သမာဓိ၊ ပညာတွေနဲ့ အကျိုးပြုခဲ့လေတယ်။

ဘုရင်မင်းခေါင်စစ်မပြုဘဲ ကောင်းမှုလုပ်ကာ ပြည်သူ့အရေး ရှေးရှုတော်မူတာကြောင့် စစ်ငြိမ်းကာလများမှာ ပြည်သူတွေ ဝပြောစည်ပင် ရှိကြလေတယ်။ ပင်းယရန်အောင်မြင်ဘုရားနဲ့ ကျောင်းတော် သိမ်တော်လည်း တည်တော်မူတယ်။ နန်းစံ (၂၁) နှစ်၊ သက်တော် (၄၉) နှစ်မှာ ဘုရင်မင်းခေါင် အနိစ္စ ရောက်တော်မူတယ်။

ဘုရင်မင်းခေါင် ကြမ္မာကုန်ပြီ ကြားတဲ့အခါ ရာဇာဓိရာဇ်ကို သူ့မိဖုရားများက အင်းဝကိုချီပြီး ဘုရင်မင်းခေါင်ရဲ့ မိဖုရားတွေကို သိမ်းပါလား လို့ ကျီစယ်တဲ့အခါ "ညဲတို့ ကျီစယ်ကြပေတယ်။ ငါ စစ်မပြုပြီ။ ပခုံးတစ်ဖက်နဲ့ ညည်းတို့ကို ငါလုပ်ကျွေးမယ်။ ကျန်ပခုံးတစ်ဖက်နဲ့ သံသရာအကျိုး စီးပွားကို ဆောင်ရွက်တော့မယ်" မိန့်လေတယ်။

အဲဒီနောက်တော့ ရာဇာဓိရာဇ်ဟာ သပွတ်သလွတ်တောမှာ ဆင်ဖမ်းရင်း လွန်ကျေးရာမှာ လွန်ထိတာကြောင့် ပဲခူးရောက်အောင် လမ်းဖြောင့်ရှာကာ သယ်ယူကြတယ်။ လမ်းမှာတင် ဆုံးလေတယ်။ မင်းခေါင်နဲ့ ရာဇာဓိရာဇ် ကံကုန်ကြပေမယ့် မွန်-မြန်မာစစ်ကတော့ မပြီးဆုံးသေးပေဘူး။

❑

www.burmeseclassic.com

www.burmeseclassic.com

## စစ်နဲ့ အချစ်ကြားက သီဟသူ

ကလေးတို့ရေ…

ဘုရင်မင်းခေါင်နဲ့ ရာဇာဓိရာဇ် ကွယ်လွန်သွားကြပေမယ့် မွန်-မြန်မာ စစ်ပွဲဟာ မပြီးဆုံးနိုင်သေးဘူး။ ဘာ့ကြောင့်လည်းဆိုတော့ ဘုရင်မင်းခေါင်ရဲ့ မျိုးဆက်နဲ့ ရာဇာဓိရာဇ်ရဲ့ မျိုးဆက်တွေ လက်ထက်မှာ စစ်ပွဲတွေ ဆက်ကြပြန်တယ်။

အင်းဝမှာ ဘုရင်မင်းခေါင် အနိစ္စရောက်တဲ့အခါ သားတော်အိမ်ရှေ့မင်းသီဟသူ သက္ကရာဇ် (၇၈၃) မှာ နန်းတက်တယ်။ သီဟသူမင်းဖြစ်တဲ့အခါ အထိန်းတော် မြေဒူးစားက ဆင်ဖြူတစ်စီး ဆက်လာတယ်။ ဒါပေမဲ့ (၇) လပဲခံတယ်။ ဆင်ဖြူတော် သေလေတယ်။ နောက်တစ်ခါ ပြည်စားစောရွှေခက်က ဆင်ဖြူတစ်စီးရလို့ ဆက်ပြန်တာကြောင့် ဆင်ဖြူရှင် သီဟသူလို့ တွင်လေတယ်။

သီဟသူဟာ မိန်းမကျူးသူဖြစ်တယ်လို့ ဆိုတယ်။ ပဒေသရာဇ် ရှင်ဘုရင်တွေမှာ မိဖုရားများကြတာ အစဉ်အလာလို ဖြစ်နေတယ်။ ဒါပေမဲ့ ဆင်ဖြူရှင်သီဟသူကျမှ ဒီလို နာမည်ထွက်ရသလဲ။

သီဟသူမှာ ဘုရင်မင်းခေါင် ထိမ်းမြားပေးခဲ့တဲ့ (ဖေါင်းရဲကျော်စွာရဲ့ မိဖုရား) စောမင်းလှ။ နောက် သီဟသူနန်းတက်တော့ (ခမည်းတော်ရဲ့ မိဖုရား) မိထွေးတော် ရှင်ဘို့မယ်ကို မိဖုရားဆက်မြှောက်တယ်။ ဆင်ဖြူရှင်

www.burmeseclassic.com

www.burmeseclassic.com



သီဟသူဟာ ရှင်ဘို့မယ်ကိုပဲ ဂရုစိုက် ယုယနေလို့ မိဖုရားစောမင်းလှဟာ ရွှေစေတီအနောက်မှာ တန်ဆောင်းကြီး ဆောက်ပြီးနေတော့တယ်။ တန်ဆောင်းရှင်လို့ အမည်တွင်တယ်။

အဲဒီအချိန် မွန်ဒေသ ဟံသာဝတီမှာလည်း ရာဇာဓိရာဇ်ဆုံးပြီး သားတော်ဗညား ဓမ္မရာဇာမင်းပြုတယ်။ ညီတော်တွေဖြစ်တဲ့ ဗညားရံကို အိမ်ရှေ့ပေးတယ်။ ဗညားကျန်းက နောင်တော်ကို ပုန်ကန်ပြီး ဒဂုန်မှာ သွားနေတယ်။

(ရာဇာဓိရာဇ် ပေးခဲ့တဲ့) ဒလကို နောင်တော်လုယူတာကြောင့် သူ့ကို စစ်ကူပေးပါလို့ ဒဂုန်မှာနေတဲ့ ဗညားကျန်းက ဆင်ဖြူရှင်သီဟသူကို အကူအညီတောင်းလို့ သီဟသူက စစ်သူကြီး ရာဇသင်္ကြန်နဲ့ တုရင်ပုညကို အလုံးအရင်းနဲ့ ချီစေကာ တိုက်စေတယ်။ ဒလကို ရတယ်။ ဒလမှာရှိတဲ့ သူဌေးသူကြွယ်တွေရဲ့ ပစ္စည်းဥစ္စာတွေပါ အားလုံးသိမ်း၊ မြို့နေသူများကိုလည်း ထွက်ခွာစေဖို့ လှေပေါ်တက်စေတယ်။ ဗညားကျန်းက ဒလမြို့စား သမိန်မွန်စည်၊ သမိန်မောခွင်တို့ကို သဟ်တယ်။ မြို့နေလူတွေကို ပစ္စည်းပဲယူပါ။ လူတွေကို မသိမ်းဖို့ တားရာမှာ အင်းဝစစ်ကဲတွေနဲ့ အချင်းများလို့ တစ်ခါဗညားကျန်းက ပဲခူးက နောင်တော်ဘုရင်ဆီ အကူအညီတောင်းပြန်တယ်။ ဗညားဓမ္မရာဇာက စစ်ကူလွှတ်လို့ တိုက်ကြရာမှာ အင်းဝစစ်သူကြီး တစ်ယောက်ကျတယ်။ မြန်မာစစ်သည်များလည်း ထိပါးယိုယွင်းကြတယ်။ ဗညားကျန်းက မုတ္တမသို့ ကူးလေတယ်။ အိမ်ရှေ့မင်း ဗညားရံက နောင်တော် ဓမ္မရာဇာကို ပုန်ကန်တယ်။

အဲဒီလို မွန် သုံးရပ်လုံး မညီမညွတ်ဖြစ်နေချိန် ဆင်ဖြူရှင်သီဟသူက မိုးညှင်းသတိုးကို ဗိုလ်မှူးခန့်ကာ ကြည်းကြောင်း၊ ကလေးကျေးတောင်ညိုကို ဗိုလ်မှူးခန့်ကာ ရေကြောင်းအလုံးအရင်းများစွာနဲ့ ဟံသာဝတီကို ချီပြီး ခဲပေါင်မြို့ကို လုပ်ကြံစေတယ်။ အောင်မြင်လေတယ်။ မြို့စားခန့်ခဲ့ပြီး ပုသိမ်ကို တိုက်တယ်။ အောင်မြင်လို့ စလင်းစား နော်ရထာကို မြို့စားခန့်တယ်။ နောက် ဒလကို သိမ်းပြန်တယ်။

အဲဒီအချိန်မှာ ဆင်ဖြူရှင်သီဟသူဟာ တပ်ကြီး ငါးတပ်နဲ့ ဒဂုံမြို့ကို ကြည်းရေဝိုင်းပြီး တိုက်တယ်။ ရတ်တရက် မရ။ တစ်လခန့် ဝိုင်းထားမှ

www.burmeseclassic.com

www.burmeseclassic.com



ဗညားရံက နှမတော်ရှင်စောပုကို အမတ်သမီး ကိုယ်လုပ်တော် သုံးကျိပ်နဲ့ အတူ သီဟသူသို့ ဆက်လာတယ်။ ဆင်ဖြူရှင်ရဲ့ ဖောင်တော်ဆီကို မွန်အမတ်၊ မြန်မာအမတ်တို့ ကြီးကြပ်ကာ ပို့ဆက်လာတာကြောင့် ဆင်ဖြူရှင်သီဟသူ လက်ကမ်းကြိုကာ ရှင်စောပုကို မိဖုရားကြီးအရာ ထားလေတယ်။ (၇) ရက်တိုင်တိုင် မင်္ဂလာပွဲနွှဲကာ ကျွေးမွေးပြီးမှ အင်းဝသို့ ပြန်တော်မူတယ်။

အဲဒီအချိန်အခါဟာ မွန်-မြန်မာ နှစ် (၄၀) စစ်ပွဲကြီး ပြီးဆုံးတဲ့အချိန် လည်း ဖြစ်ပါတယ်။ ရှင်စောပုဟာ ရှုချင်စဖွယ် တင့်တယ်တာကြောင့် ဆင်ဖြူရှင် သီဟသူဟာ ရှင်ဘို့မယ်ကို မေ့လျော့ထားကာ ရှင်စောပုကိုပဲ မြတ်နိုးတနာ ရှိနေလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူရှင်သီဟသူနဲ့ ရှင်ဘို့မယ်ရဲ့ကြံစည်ချက်များ

ကလေးတို့ရေ…

ဆင်ဖြူရှင်သီဟသူဟာ အင်းဝကိုအပြန် သာယာဝတီကို ရောက်တဲ့အခါ ဆင်ကောင်းပေါ်တယ် လျှောက်တာကြောင့် ဆင်အစီး (၁၀) ကျော်ကို ရဲမက်ဗိုလ်ပါတို့ စီးစေပြီး တောထဲဝင်လေတယ်။ ဆင်ကို တွေ့ပေမယ့် အကျော့အဖမ်းမခံဘဲ ပြေးတာကြောင့် လိုက်ရင်းနဲ့ နောက်ပါအခြံအရံတွေနဲ့ အဆက်ပြတ်ကာ မွန်သူရဲကောင်း သမိန်ဗရမ်းနဲ့ ဘုရင် နှစ်ဦးတည်းသာ ရှိလေတယ်။ သမိန်ဗရမ်းက "သူဟာ ဟံသာဝတီမှာရှိတဲ့ မိသားစုကို ခွဲထားပြီး အင်းဝဘုရင်ဆီမှာ အမှုထမ်းတာ ကြာပြီ၊ သွားပါရစေတော့" လို့ လျှောက်ပြီး ဆင်တစ်စီးနဲ့ ဟံသာဝတီကို ပြေးလေတယ်။ သူ့နောက်လိုက်ဖမ်းစေပေမယ့် မမီတော့တာနဲ့ အင်းဝကိုပဲ ပြန်ခဲ့တော့တယ်။

ရှင်ဘို့မယ်ဟာ ရှင်စောပုရောက်ကတည်းက သူ့ကို မေ့လျော့ထား တာကြောင့် နလုံးနာပြီး အုန်းပေါင်လယ်သံဘွားထံ တမန်စေပြီး ဆင်ဖြူ ရှင် အောင်ပင်လယ်အရပ်မှာ လယ်ချောင်းလုပ်ကာ ကိုယ်လုပ်တွေနဲ့ ပျော် ပါးနေတဲ့အခိုက် အမေ့အလျော့ရှိနေချိန်မှာ အခွင့်ကြည့်ပြီး လုပ်ကြံချေ" လို့ မှာလိုက်တယ်။ သီဟသူမရှိရင် အင်းဝရွှေနန်းကို တက်ပြီး မင်းလုပ်ပါ" လို့လည်း ဆိုလိုက်တယ်။ ရှင်ဘို့မယ် အချစ်ကြီးလို့ အမျက်ကြီးလေရော့ သလား။

အဲဒါနဲ့ အုန်းပေါင်သံလယ်ဘွားဟာ အလုံးအရင်းနဲ့ ချီပြီး ည ဘက်မှာ တောထဲဝင်ကာ အရိပ်အခြည်ကြည့်ပြီး လုပ်ကြံလေတယ်။ ဆင်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



ရှင်က ရဲခက်စံလှဆိုတဲ့ ဆင်စီးပြီး ခံတိုက်တယ်။ အုန်းပေါင်းသံလယ်ဘွား က ဆင် သုံးလေး စီးနဲ့ ဝိုင်းတိုက်တာကြောင့် ဆင်ဖြူရှင်မြား သုံးချက်ထိ လေတယ်။

အဲဒီအခါ အသက် ၁၄ နှစ်သာ ရှိသေးတဲ့ အင်းပဲစားက ဆင်နဲ့ လာ ပြီး၊ ဘုရင်ကို ကူလေတယ်။ သူ့ဆင်ပေါ်တက်ပါဆိုတာ မတက်ဘဲ "ငါ့ ကံနဲ့ ငါရှိပစေ၊ မင်းလွတ်အောင်သွားတော့" လို့ ဆိုတာနဲ့ အင်းပဲစားခွာ ထွက်ရတယ်။ ရှမ်းတို့ ဝိုင်းတိုက်တာကြောင့် ဆင်ဖြူရှင်သီဟသူ ကံတော် ကုန်လေတယ်။ နန်းစံ လေးနှစ်၊ သက်တော် (၃၁) နှစ်သာ ရှိလေတယ်။

အင်းဝမှူးမတ်စစ်ကဲတွေဟာ အုန်းပေါင်လယ်ဘွားရှမ်းတပ်ကို တွန်း လှန်တိုက်ခိုက်လို့ ရှမ်းတပ်မခံနိုင်ဘဲ ဆုတ်ပြေးလေတယ်။ ဒါကြောင့် ဆင် ဖြူရှင်ကျပေမယ့် ရှင်ဘို့မယ်ရဲ့အကြံ မအောင်ပြန်ဘူးပေါ့။

ဆင်ဖြူရှင် ကွယ်လွန်တော့ သက္ကရာဇ် (၇၈၇) မှာ (သီဟသူနဲ့ တန်ဆောင်းရှင် မိဖုရားတို့ရဲ့ သားတော်) မင်းလှငယ် နန်းတက်တယ်။ အသက်က ကိုးနှစ်ရှယ်ပဲ ရှိသေးတယ်။ ဒါနဲ့ ရှင်ဘို့မယ်ဟာ မလိမ်မိုး မလိမ္မာကလေးရှယ်ကို နန်းတင်ရမလားလို့ အခဲမကျေ ရှိပြန်တယ်။ ရှင်ဘို့ မယ်နဲ့ တန်ဆောင်းရှင်တို့ဟာ ရန်စောင်သူချင်းဖြစ်တာမို့ တန်ဆောင်းရှင်ရဲ့ သားမင်းဖြစ်တာ ရှင်ဘို့မယ် ဘယ်ကျေနပ်နိုင်မလဲ။

ဒါနဲ့ ရှင်ဘို့မယ်ဟာ သူနဲ့ရည်ငံရင်းရှိတဲ့ ကလေးကျေးတောင်ညိုကို မျိုလာဖို့ တမန်စေပြန်တယ်။ နန်းတွင်းမှာတော့ ဘုရင်လေးမင်းလှငယ်ကို ရှင်ဘို့မယ် ဆေးခပ်လုပ်ကြံလို့ နန်းသက် သုံးနှစ်သာရှိသေးတဲ့ မင်းလှငယ် ကံကုန်ပြန်တယ်။ အဲဒီအခါ ကလေးကျေးတောင်ညို မင်းဖြစ်လာပြန်တာ ပေါ့။ ဒီတစ်ခါတော့ ရှင်ဘို့မယ် အကြံအောင်လေတယ်။ သူဟာ မိဖုရား ကြီးပါပဲ။ ပဒေသရာဇ်မင်းတို့ရဲ့ ထုံးစံအတိုင်း ရှင်စောပုနဲ့ တန်ဆောင်းရှင် တို့ဟာလည်း ကလေးကျေးတောင်ညိုမင်းရဲ့ မိဖုရားတွေ ဖြစ်ပြန်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မိုးညှင်းသတိုး

ကလေးတို့ရေ…

သတိုးကို မှတ်မိရဲ့လား။ မွန်-မြန်မာ သစ္စာပြုပွဲ သွားကြရာမှာ မြန်မာဘက်က သတိုးက ခေါင်းဆောင်၊ မွန်ဘက်က လဂွန်းအိမ်က လက်ခွင်ခွင် အတွဲညီကြလို့ သူတို့အတွဲကို လူကြီးတွေက သဘောကျကာ ရယ်ကြတယ်လေ။ သူတို့ နှစ်ဦး စကားစပ်မိရင်း အမှုမမှန်ကန်တာ သိရလို့ သစ္စာပြုပွဲလည်း ပျက်ခဲ့ရတယ် မဟုတ်လား။

မြန်မာမျိုးမတ်တွေ သတိုးကြောင့် မွန်တို့ လက်ချက်နဲ့ အသက်မဆုံးခဲ့တာ ဖြစ်တယ်။ မိုးညှင်းသတိုးလို့ အမည်တွင်ရတာက မိုးညှင်းမြို့ကို စားရတဲ့အခါမှ တွင်လာတဲ့အမည်ဖြစ်တယ်။ သူ့အမည်ရင်းက ''မင်းနံ့စီ'' ဖြစ်တယ်။ နောက်တော့ မင်းဥဒိန်အမည်နဲ့ အင်းပဲကို စားရတယ်။ နောက်တော့ သတိုးအမည်နဲ့ မြို့လှကို စားရတယ်။ အဲဒီတော့ ''မြို့လှသတိုး'' ဖြစ်ပြန်တာပေါ့။ သတိုးဆိုတာ မင်းပေးတဲ့ဘွဲ့ဖြစ်တယ်။ သတိုးဟာ လုံ့လဝီရိယ ရှိတယ်။ သတ္တိဗျတ္တိ လုပ်ရည်ကိုင်ရည်ရှိတယ်။ အမှုကို စွမ်းစွမ်းတမံ ဆောင်ရွက်တတ်တယ်။ အင်းဝရဲ့ တပ်မှူးကောင်းလည်း ဖြစ်တယ်။

တစ်ခါမှာ ပြည်မြို့ကို ရန်သူဝိုင်းနေတာကြောင့် ဘုရင်မင်းခေါင် ဟာ သတိုးကို တပ်သား (၁၀၀၀) နဲ့ စေလွှတ်တယ်။ သတိုးဟာ မွန်တပ် တွေကို ထိုးဖောက်ကာ ပြည်မြို့တွင်းဝင်၊ ရိက္ခာပေးပြီး မွန်တပ်ကို ပြန်ဖောက် ထွက်ခဲ့တယ်။ သတိုးရဲ့ ရဲစွမ်းနဲ့ စွမ်းဆောင်ချက် ပေါ်လွင်လှတယ်။

ဘုရင်မင်းခေါင် ဟံသာဝတီကို စစ်ချီရာမှာလည်း အင်းပဲစား သတိုး ရဲ့တပ် ပါဝင်ခဲ့တယ်။ ဟံသာဝတီကို ရောက်တဲ့အခါမှာလည်း ပစ်သံအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



႔ တပ်နှစ်ဖက်ကြား လှုပ်ရှားခဲ့တယ်။ ရာဇာဓိရာဇ်က ရာဇပရိယာယ်နဲ့ "မင့် သခင်သမီးတော် ဘာမှာမလဲ နာခံပါဆိုတော့ "မင်းကေရာဇ်နှစ်ပါး ချစ် ကြည်ရေးသာစေတော်မူပါတယ်။ ကျွန်ုပ်တို့ သခင့်သမီးအမိန့် နာခံဖို့မစေ။ ကျွန်တော် ခံတွက်မရှိ" လို့ ရဲဝ့စွာ ပြန်ဖြေခဲ့တယ်။

သတိုးဟာ စစ်သံမှူးအနေနဲ့သာမက စစ်သူကြီးအဖြစ်လည်း အရည် အချင်းရှိသူ၊ တိုက်ရည်ကောင်းသူ ဖြစ်တာကြောင့် ဘုရင်မင်းခေါင် အင်းဝ ပြန်ရောက်တဲ့အခါ မိုးညှင်းမြို့ကို ထပ်မံချီးမြှင့်ပြီး တောင်တွင်း သီဟပတေ့ ရဲ့သမီး ရှင်မြတ်လှနဲ့ ထိမ်းမြားပေးခဲ့ပါတယ်။

ဘုရင်မင်းခေါင် နတ်ရွာစံပြီးနောက် သားတော် သီဟသူ နန်းတက် လာစဉ်မှာလည်း သတိုးဟာ အားထားရတဲ့ စစ်သူကြီး ဖြစ်ခဲ့ပါတယ်။

သက္ကရာဇ် (၇၈၇) ကလေးကျေးတောင်ညို အင်းဝမှာ နန်းတက်ပြီး တပေါင်းလမှာ မိုးညှင်းသတိုးဟာ ရေအား၊ ကြည်းအားနဲ့ မိုးညှင်းကနေ အင်းဝကို ချီလာတယ်။ ကလေးကျေးတောင်ညိုက ရှင်စောပုကို ပုခန်းတရ ပျားအားပေးပြီး အင်းဝမြို့က ခံစေတယ်။ အခြားတပ်မှူးတွေကိုလည်း ဆုလာဘ်တွေ များစွာပေးပြီး မိုးညှင်းသတိုးကို ခုခံစေတယ်။ အုန်းပေါင် လယ်သံဘွားရှမ်းတပ်ကိုလည်း လက်ဆောင်လက်နက် အများပေးပြီး အင်းဝ အရှေ့ဘက် တပ်ကြီးအရပ်ကနေ အလုံးအရင်းနဲ့ ခံစေတယ်။ သရေစည်သူ၊ သရေပုညာတို့ တပ်တွေကိုလည်း ကြွံကြွံခံစေတယ်။

မိုးညှင်းမင်းရဲ့ သားတော် မိုးရွှေစား၊ ဝန်းသိုစားတို့လည်း ကလေး ကျေးတောင်ညိုလွှတ်တဲ့ လှေတပ်ကို ရှုပ်ရှုပ်ချွံချွံ လုပ်ကြလို့ လှေတပ်ပျက် လေတယ်။ မိုးရွှေစား ဝန်းသိုစားတို့ဟာ သူတို့ခမည်းတော် (မိုးညှင်းမင်း) မရောက်သေးလို့ သစ်ဆိမ့်မှာ (၁၀) ရက်ခန့် ငံ့ဆိုင်းနေပြီး ခမည်းတော်ထပ် ရောက်လာတဲ့အခါ ရေအား၊ ကြည်းအား ချီတော်မူတယ်။ ဝတ်ချက်မှာ ခံ တဲ့ လှေတပ်ကို တိုက်တယ်။ အင်းဝလှေတပ် ပျက်ပြန်တယ်။ လူ (၁၀၀၀) ကျော်နဲ့ တိုက်လှေ (၁၀၀) မိုးညှင်းတပ်ရတယ်။

မိုးညှင်းမင်းက အုန်းပေါင်စော်ဘွားဆီလည်း တမန်စေတယ်။ ကလေး ကျေးတောင်ညို ပေးတာထက် ပိုပေးမယ်ဆိုကာ ရွှေ သုံးပိဿာနဲ့ ငွေခွက် (၅၀) ပို့လိုက်တာကြောင့် အုန်းပေါင်စော်ဘွား တပ်ပြန်ခေါက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးညှင်းမင်းဟာ သားတော် နှစ်ပါးကို အလုံးအရင်းများနဲ့ ရွှေကြက်ယက်က ကူးစေပြီး အင်းဝအရှေ့ဘက်မှာ တပ်နိုင်တပ်လုံ တည်စေတယ်။ မိုးညှင်းမင်းကိုယ်တိုင်ကတော့ မင်းသားကျွန်းကနေ လုံးတော်ပေါက်တိုင်အောင် လှေတပ်နဲ့ အခိုင်နေတယ်။ စီစဉ်လုပ်ကြံမှု ကောင်းတာကြောင့် တောင်ငူစောလူးသခံယာတပ် တောင်တွင်းသီဟပတေ့တပ်တို့လည်း တပ်ဆုတ်သွားကြတယ်။ ပုခန်းတရဖျားလည်း ရှင်စောပုကိုယူပြီး ပုခန်းပြန်ခေါက်လေတယ်။ သူတို့နေရာ ပြန်ရောက်တာနဲ့ သုံးတပ်လုံး အင်းဝကို ပြန်ပုန်ကန်လေတယ်။

အင်းဝအားနည်းနေတာကြောင့် ကလေးကျေးတောင်ညိုဟာ အမတ်ဘယဂါမဏိတို့နဲ့ တိုင်ပင်ပြီး ညဘက်မှာ ရှင်ဘို့မယ်ကို ယူပြီး အင်းဝကနေထွက်ပြေးလေတယ်။ ရခိုင်ဘက်ကို တက်လေရာမှာ မရောက်ခင် ပဲလွန်တောင်အရပ်မှာ နာမကျန်းဖြစ်ပြီး ကလေးကျေးတောင်ညိုမင်း အနိစ္စရောက်လေတယ်။ မင်းစည်းစိမ် (၇) လသာ နန်းစံပြီး သက်တော် (၄၂) နှစ်မှာ ကံကုန်ခြင်းဖြစ်တယ်။

မိဖုရားရှင်ဘို့မယ်လည်း ရခိုင်ကိုမဝင်ဘဲ မွန်ပြည်သို့ဝင်မယ် မိန့်တယ်။ ဘယဂါမဏိက ဘိသိက်ခံ မိဖုရားကို နောက်တက်မယ့် မင်းတို့မရှုတ်မချဖူးပါ လျှောက်တာကြောင့် မန်းစက်တော်ရာမှာ တပ်ချနေလေတယ်။

မိုးညှင်းသတိုးအင်းဝကိုရတော့ ပုခန်းစားကို အင်းဝမှာ အိမ်နဲ့ထားခဲ့တယ်။ မိုးညှင်းမင်းတရားလို့ ဖြစ်လာချိန်မှာလည်း ချီးမြှောက်သင့်သူတွေကို ချီးမြှောက်တယ်။ သေဒဏ်ကျသူတွေကိုလည်း အပြစ်လွှတ်ခဲ့တာ အကြိမ် (၁၅၀) ရှိသတဲ့။ ကိုယ်လုပ်တော်တွေကိုလည်း ချစ်ကြိုက်သူနဲ့ထိမ်းမြားပေးတယ်။ အမှုုအမတ် မင်းမှုထမ်းတွေကိုလည်း ငွေကြေးလိုသမျှ ထုတ်ယူစေတယ်။

ရှင်ဘို့မယ်ကိုလည်း အခေါ်တော်လွှတ်ခဲ့တယ်။ နန်းတော်အဝင် ဆီးကြိုတော့ "ကျွန်စော်နံတယ်" လို့ ရှင်ဘို့မယ်ပြောတာကို သည်းခံခဲ့တယ်။ ရှင်စောပုကိုလည်း ပုခန်းစားလို့ လုပ်ကြံပြီး ပြန်သိမ်းခဲ့တယ်။ မိုးညှင်းမင်းတရားလက်ထက်မှာ ပြေးခွင့်သာတာနဲ့ ရှင်စောပုဟာ သူဆည်းကပ်တဲ့ ရဟန်း နှစ်ပါး ခေါ်ပြီး ဟံသာဝတီကို ပြေးလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ရာဇသင်္ကြန်နှင့် ပုခန်းရဲမက် သုံးဦး

ကလေးတို့ရေ…

မိုးညှင်းမင်းတရားဟာ အင်းဝရွှေနန်းကို သက္ကရာဇ် (၇၈၈) ခုမှာ သိမ်းပိုက်ပြီး နန်းတက်တော်မူတယ်။ အဲဒီအခါ ရဲမက်တော်တွေက မဟာဂီရိ နတ်ကို ပူဇော်မယ်လို့ နွားပြင်သတဲ့။ အဲဒီအခါ နွားသေလေတယ်။ နွားသား ရေဆုတ်ပြီးမှ တွန့်သံ (၇) ကြိမ် ကြားရသတဲ့။

မိုးညှင်းမင်းတရားကြားတဲ့အခါ အဲဒီနိမိတ်ကို ငါဖတ်မယ်ဆိုပြီး "ယခုနိမိတ်ဟာ ငါရဲ့ သားတော်အစဉ်၊ မြေးတော်အဆက် (၇) ဆက်တိုင်အောင် မင်းချည်းဖြစ်လိမ့်မယ်" လို့ မိန့်တော်မူတယ်။

အဲဒီနှစ် တော်သလင်းလမှာ ပုခန်းတရဖျားကိုတိုက်ဖို့ သားတော် [illegible]မ်ရှေ့မင်း မိုးရွှေစား (မင်းရဲကျော်စွာလို့လည်း အမည်ပေးထား) ဆင်မြင်း [illegible]လုံးအရင်းနဲ့ စစ်သည်တစ်သောင်းကျော်ကို ကွပ်ကဲစေကာ တောင်ဘက် [illegible]ကြောင်း တလုတ်မြို့ကနေ မင်းကွန်းဆိပ်ကို ချီစေတယ်။ သားတော်ငယ် [illegible]န်းသိုစား (နော်ရထာဟု အမည်ပေးထား) ကို အလုံးအရင်းနဲ့ မြောက်ဘက် [illegible]ကြောင်း အမြင့်မြို့ဆီချီဖို့ အနိမ့်က ကူးစေတယ်။ မင်းကြီးကိုယ်တိုင်ကတော့ [illegible]ရကြောင်းချီ[illegible]ယ်။ ပုဂံစား၊ စလေစား၊ ပုခန်းငယ်စား၊ စကုစား၊ [illegible]လင်း[illegible] ဖြည်းစားတို့ကိုခေါ်ကာ အလုံးအရင်းနဲ့ ချီစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်တူးကို ရောက်တဲ့အခါ စစ်သူကြီး ရာဇသင်္ကြန်ကို ပုခန်းမြို့ကို ရဲမက် (၃၀၀) ခန့်နဲ့ ညဘက်မှာ သွားစုံစမ်းချေလို့ စေတယ်။ ပုခန်းသား တို့လည်း လူနည်းမှန်းသိလို့ လိုက်တိုက်တယ်။ ရာဇသင်္ကြန်ရဲ့ ရဲမက်တွေ လည်း ပြိုကွဲလေတယ်။ ရာဇသင်္ကြန်ကိုလည်း ဝိုင်းမိသွားတယ်။ ရာဇသင်္ကြန် လည်း လယ်ထဲကို မောင်းတံနဲ့ ရေသွင်းတဲ့ ရေတွင်းထဲ ခုန်ချလေတယ်။ ပုခန်းစားရဲမက် သုံးဦး မြင်တဲ့အခါ ရေတွင်းဝကနေ ငုံ့ကြည့်ပြီး ရာဇသင်္ကြန် ခေါင်းကို သူယူမယ် ငါယူမယ် ငြင်းနေကြသတဲ့။

ရာဇသင်္ကြန်လည်း "ငါတွင်းထဲကတက်မှ ငါ့ခေါင်းကို ယူကြပါ။ ငါတက်မယ်၊ လှံကမ်းပေးပါ" လို့ တွင်းထဲက အော်ပြောတာနဲ့ ရဲမက် သုံးယောက်က ဦးအောင် လှံကမ်းသတဲ့။ ကမ်းတဲ့လှံကို ဆောင့်ဆွဲပြီး ရဲမက် တစ်ဦး တွင်းထဲကျလာတဲ့အခါ ခေါင်းဖြတ်ပြီး "ရှေ့ဟော့ ရာဇသင်္ကြန် ခေါင်း" ဆိုကာ တွင်းပေါ်ပစ်တင်ပေးပြီး သူကလှံထောက်ကာ တွင်းပေါ် ခုန်တက်ခဲ့တယ်။

တွင်းပေါ်က ရဲမက် နှစ်ဦးဟာ ရာဇသင်္ကြန် ဦးခေါင်းထင်ပြီး လု နေကြတုန်း ရာဇသင်္ကြန်တပ်ကို အမြန်ပြန်လေတယ်။ မိုးညှင်းမင်းတရား လည်း အကြောင်းစုံသိတာနဲ့ အားရတော်မူလို့ ဆုလာဘ်များစွာ ပေးလေ သတဲ့။

မိုးညှင်းမင်းတရားဟာ သားတော် နှစ်ပါး ရောက်လာတဲ့အခါ ပုခန်းမြို့ကို တိုက်တော်မူတယ်။ ပုခန်းကို အောင်မြင်လို့ တရဖျားနဲ့ မင်း ငယ်ကျော်ထင်ကို ယူပြီး ပြန်တော်မူတယ်။ ရောက်တဲ့အခါ တရဖျားကို ရွှေစည်းခုံတောင်ဘက်ရှိ ဆင်ကျုံးအရပ်မှာ အိမ်ပေးပြီး နေစေတယ်။ မှန် မင်းသမီး ရှင်စောပုကိုလည်း နန်းတွင်းမှာ အိမ်တော်ဆောက်ကာ သက်သာ စွာနေစေဟယ်။ မင်းငယ်ကျော်ထင်ကိုလည်း သစ်ဆိမ့်မှာနေစေသတဲ့။ ပုခန်းကြီးမြို့ကိုလည်း တူတော် သီရိဇေယျာသူရ" ကို ပေးတော်မူတယ်။ အခြားသူများကိုလည်း ထိုက်သင့်ရာ ချီးမြှင့်လေတယ်။

မင်းကြီးဟာ တောင်ငူစား စောလူးသင်္ချာကိုလည်း အရေးအခါတော် မူပေမယ့် နောက်ပိုင်းမှာ စောလူးသင်္ချာ ပုန်ကန်လေတယ်။ မင်းငယ် ကျော်ထင်လည်း မင်းကြီးကို ပုန်ကန်တယ်။ မင်းကြီးလည်း သီဟပတေ့

www.burmeseclassic.com



ရာဇသင်္ကြန်၊ ညီတော် မြောက်ဘက်မြင်းမှူးတို့ကို တပ် သုံးတပ်ကို ကွပ်ကဲစေကာ ရေနံ့သာကိုတိုက်ပြီး သိမ်းတော်မူတယ်။ နောက်ပိုင်းစစ်ကဲ သီဟပတေ့ မင်းကြီးကို ပုန်ကန်လေတယ်။

နောက်ပိုင်းမှာတော့ မိုးညှင်းမင်းတရားဟာ တိုင်းပြည်အရေး အေးဆေးအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ မွန်မင်းဗညားရံနဲ့လည်း အဆင်ပြေအောင် ဆက်ဆံနိုင်ခဲ့တယ်။ ကောင်းမှုတော်တွေလည်း အများအပြားပြုတော်မူခဲ့တယ်။ အပေးအကမ်းလည်း ရက်ရောတယ်။ မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်တာကြောင့် တိုင်းပြည်လည်း စည်ပင်လေတယ်။

မင်းကြီးဟာ ထီးနန်းစည်းစိမ် (၁၃) နှစ်၊ သက်တော် (၆၀) တွင် ကံကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘယဂါမဏိ

ကလေးတို့ရေ…

ဘယဂါမဏိဆိုတဲ့ သူရဲကောင်းစစ်သူကြီးကို သတိထားမိကြရဲ့လား။ သူဟာ အင်းဝမိုးညှင်းမင်းတရားကြီး အားကိုးရတဲ့ လက်ရုံးတစ်ဆူလည်း ဖြစ်တယ်။

တစ်ခါမှာတော့ ဘယဂါမဏိကို ကွပ်ကဲစေပြီး သူရဲ ဆင်ခြေဖုံး (၁၀၀၀) နဲ့ ဆင်တံခွန်လှဲပြီး ထွက်သတဲ့။ ရှမ်းတို့က သူတို့ဘက်ကို ဝင်မယ် မထင်တာကြောင့် အမှတ်မဲ့နေတဲ့အခိုက် ဘယဂါမဏိ ဝင်တိုက်လို့ ရှမ်းတပ်ပျက်လေတယ်။ မိုးညှင်းမင်းတရားလည်း အားရတာကြောင့် ပုံထားတဲ့ ရွှေပုံကနေ တစ်နေ့တစ်ကြိမ် (၇) ရက်လည်အောင် ကျုံးစေသတဲ့။ အဆောင်အယောင်နဲ့တကွ စဥ့်ကူးမြို့ကိုလည်း ပေးတော်မူတယ်။ ဘယဂါမဏိဟာ အောင်ပွဲ (၃၀) တိုင်အောင် ရဖူးသတဲ့။

တစ်ခါမှာတော့ ဘယဂါမဏိ စစ်ရှုံးပြီး ပြန်လာတယ်။ လမ်းမှာ လင်မယား နှစ်ယောက် ရန်ဖြစ်လို့ လင်က ထွက်ပြေးသတဲ့။ မယားက "မိန်းမကြောက် လာလေရဲ့" လို့ ဟစ်သတဲ့။ အဲဒီအခါ ယောကျ်ားက "ငါ့ကို အဲလိုဆိုရသလား၊ စစ်သူကြီး ဘယဂါမဏိတောင် အရပ်အနေ မသင့်ရင် စစ်ရှုံးရသေးတာပဲ" လို့ ပြောလိုက်တာကို ဘယဂါမဏိ ကြားလိုက်ရသတဲ့။ ဘယဂါမဏိဟာ ရှက်လှတာကြောင့် အဲဒီနေ့ကစပြီးနောက်ဆို စစ်ပွဲမှာ မနိုင်ဘဲမပြန်" လို့ အဓိဋ္ဌာန်ပြုလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မှာလည်း စစ်ထွက်ပြီး နှစ်စခန်းလောက်ရောက်မှ မယားကိုမယုံလို့ ရုပ်ဖျောက်ကာ ညဘက် ပြန်ကြည့်တယ်။ မိမိမယားဟာ လင်ငယ်နဲ့အတူ အခန်းထဲမှာ အိပ်နေတာ တွေ့ရသတဲ့။ ဓားနဲ့ခုတ်မယ်ပြုပြီးကာမှ စိတ်ကိုချုပ်ကာ မခုတ်ဘဲ တိတ်တဆိတ် ပြန်သွားလေသတဲ့။ ဘယဂါမဏိ စစ်ပွဲက ပြန်လာတဲ့အခါ စည်းစိမ်နဲ့တကွ မယားကို ထိုလင်ငယ်အားပေးလေတယ်။ ဘယဂါမဏိ အောင်သမျှ ပွဲတွေထဲမှာ အဲဒီမယားပွဲသာ အမွန်မြတ်ဆုံးပွဲပေပဲလို့ ပညာရှိသူမြတ်တို့ ချီးမွမ်းကြကုန်သတဲ့။

ဘယဂါမဏိမှာ ညီအစ်ကို သုံးယောက်ရှိတယ်။ ဘယဂါမဏိက အကြီး၊ ရာဇသင်္ကြိန်က အလတ်၊ ရန်လိုကျွဲက အငယ်ဆုံးဖြစ်တယ်။ တောင်ငူကို ဝိုင်းထားတုန်းက အိမ်ရှေ့မင်းနဲ့ သူတို့ ညီအစ်ကို သုံးဦး တပ်တွေကို ကွပ်ကဲရတယ်။ ဘယဂါမဏိတို့ ညီအစ်ကို သုံးယောက် ကျုံးထိပ်မှာ ထမင်းစားကြတဲ့အခါ မြို့တွင်းက လုံပျံတစ်စင်းဟာ ထမင်းပွဲအလယ်ကို ကျလာတယ်။ အဲဒီအခါ ဘယဂါမဏိက ထယောင်သတဲ့။ ရာဇသင်္ကြိန်က လက်ကို ရုပ်မယောင်ပြုသတဲ့။ ညီအငယ်ဆုံး ရန်လိုကျွဲကတော့ ထမင်းစားမပျက်ဘဲ ရှိလေသတဲ့။ ညီအစ်ကို သုံးယောက်လုံး သူရဲကောင်းချည်းဖြစ်ကြတယ်။ ရာဇသင်္ကြိန်ဟာ ပွဲ (၃၅) ပွဲရသူဖြစ်သတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## သူရဲကောင်းပေါက်လှ

ကလေးတို့ရေ…

အင်းဝဘုရင် နရပတိလက်ထက်မှာ မြေးတော်က လုပ်ကြံတာကြောင့် သားတော်ရှိရာ ပြည်မြို့ကို ပြေးလေတယ်။ အဲဒီအခါ ရာဇသင်္ကြန်နဲ့တို့ သား အဖလည်း ပါလေတယ်။ ဖြစ်ပုံက ဘုရင်နရပတိရဲ့ မြေးတော်သတိုးကျော် က သူနဲ့ စစ်ကိုင်းမင်း သမီးတော်တို့ ရည်ငံနေတာကို စုံဖက်ပေးဖို့ ဘိုးတော် ဘုရင်နဲ့ ဘွားတော်တို့ကို အကြိမ်ကြိမ် တင်လျှောက်လေတယ်။ သဘောမတူ လို့ ဘိုးတော် ဘုရင်နရပတိဟာ ညအခါ စောင့်ဖမ်းတယ်။ တွေ့လေတော့ မြေးတော်ကို ရိုက်နှက်၊ ရင်ဝကို ဖနောင့်နဲ့ ပေါက်တာကြောင့် မြေးတော်က သူ့လူတွေနဲ့ သူ့ဖခင်အမကိုလည်း မီးတိုက်၊ နန်းတွင်းမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်တော့ ဘုရင်နရပတိကို ဓားနဲ့ လိုက်ခုတ်တာ နံဘေးကို ဓားထိလေတယ်။

ဘုရင်နရပတိလည်း သားလတ်ရှိရာ ပြည်မှာသွားနေမယ်ဆိုပြီး ရေ ဆိပ်ကို ထွက်အလာ ရာဇသင်္ကြန် သားအဖနဲ့ တွေ့လေတယ်။ ရာဇသင်္ကြန် က မြေးမိုက်ကိုရအောင် ဖမ်းပြီး သတ်မယ် လျှောက်တဲ့အခါ ဘုရင်နရပတိ က "ငါသည်မှာ မနေလို၊ ပြည်ကိုသာ ပို့ပါ"ဆိုလို့ ပြည်ကို ထွက်လာကြ တယ်။

ပြည်ကိုရောက်တဲ့အခါ ရာဇသင်္ကြန်နဲ့ သားပေါက်လှတို့ဟာ ပြည် မင်း မင်းကြီးစွာကို မပြတ်ခစားကြတယ်။ ဒါပေမဲ့ ပြည်ဘုရင် မင်းကြီး စွာက သူတို့သားအဖကို "မင်းတို့သားအဖ အင်းဝမှာ သူရဲကောင်းလို့ ငါ ကြားတယ်။ ငါက ဆင်စီးတိုက်မယ်။ မင်း မြင်းနဲ့ခံဝံ့ပါ့မလား" လို့ရာဇ သင်္ကြန်ကို မေးတယ်။ တစ်ကြိမ်၊ နှစ်ကြိမ် ရာဇသင်္ကြန်က ဘာမှပြန်မလျှောက် ဘဲ ရှိခိုးလို့သာနေသတဲ့။ သုံးကြိမ်မြောက်မေးတဲ့အခါ ကျတော့ ပေါက်လှက

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လိုချင်တဲ့ မြင်းကို ရရင်ခံတိုက်မယ်" လို့ ရဲရဲဝံ့ဝံ့စွာ ဆိုလေတယ်။ "ဒါဆို ကြိုက်တဲ့ မြင်းရွေး" ဆိုပြီး ဘုရင်က မြင်းဇောင်းထဲက မြင်းတွေကို ရွေးစေတယ်။ ပေါက်လှအကြိုက်မတွေ့။ လျှောက်ကြည့်တော့ မြို့ရှေ့ကျုံးနံဘေးမှာ မြက်စားနေတဲ့ မြင်းနက်တစ်စီးကို တွေ့လို့ ကြိုက်တာကြောင့် ဖမ်းပြီး ရက်လည်အောင် စီးလေသတဲ့။

စိတ်ကြိုက်မြင်းကို ရတဲ့အခါ ပေါက်လှက "နက်ဖြန်တိုက်တော်မူလော့။ ကျွန်တော်မြင်းနဲ့ ခံတိုက်မယ်" လို့ ဘုရင်ကို လျှောက်လေတယ်။ ဖခင်ရာဇာသင်္ကြန်ကတော့ အထုပ်အပိုး အသင့်ပြင်ထားသတဲ့။ ဘုရင်က စတင်စိမ်ခေါ်တဲ့ ပွဲမှာ နိုင်လည်း အသတ်ခံရမယ်။ ရှုံးလည်း အသတ်ခံရမယ်။ ဒါ့ကြောင့် ကြိုတင်ပြင်ကာ တစ်နေရာက အသင့်စောင့်နေလေတယ်။

နောက်နေ့မှာ ပြည်ဘုရင်က ဆင်တော် ရောဟုကို စီးပြီး ထွက်လာတယ်။ ပေါက်လှလည်း ကျုံးနဖူးရောက်လာကာ ဘယ်ပြောင်းညာပြန် မြင်းကို ကျင်လည်စွာ စီးပြီး ထိုးလှံရှည်အသင့်ကိုင်ကာ လယ်ပြင်ဘက်ကို သွေးဆောင်ခေါ်ခဲ့သတဲ့။ တဲဆိုးတစ်ခုကို အမှီပြုပြီး ခံစစ်ပြင်သတဲ့။ ပြည်ဘုရင်လည်း ဒေါသထွက်ပြီး ပေါက်လှနောက်ကို ဆင်ချွန်းဖွင့်ကာ လိုက်လေတယ်။ ချောင်းအကူးမှာ ပေါက်လှကပြန်ပြီး လှံနဲ့ ထိုးလိုက်တယ်။ ဆင်တော်ရောဟု လက်ကိုထိုးမိပြီး ထုတ်ချင်းပေါက်ကာ မြေကို တစ်တောင်လောက် လှံစိုက်ဝင်သတဲ့။ ဆင်တော်ရောဟုလည်း နာလှတာကြောင့် ရှေ့ဆက်မလိုက်နိုင်ရှိနေဆဲ ရာဇသင်္ကြန်သားအဖဟာ သူတို့အခြွေအရံတစ်စုနဲ့ အင်းဝဘက်ကို ပြေးလေသတဲ့။

ပြည်ဘုရင်လည်း အလုံးအရင်းနဲ့ လိုက်စေတယ်။ ဘုရင့်တပ်လိုက်လာကြောင်း သိတဲ့အခါ ပေါက်လှကတွေ့တဲ့ ကညင်ပင်ကို လှံနဲ့ ထိုးလိုက်တာ ထုတ်ချင်းပေါက်လေတယ်။ ကညင်ပင်ဟာ လူတစ်ဖက်စာလောက် လုံးပတ်ရှိသတဲ့။ နောက်က လိုက်လာတဲ့ ပြည်ဘုရင်ရဲ့ ရဲမက်တွေလည်း ပေါက်လှထိုးခဲ့တဲ့ လှံချက်ကို တွေ့ကာ ဆက်မလိုက်ရဲဘဲ ပြန်ဆုတ်ခဲ့သတဲ့။

ပြည်ဘုရင်လည်း "ပေါက်လှ သားအဖကို ရအောင် မဖမ်းကောင်းလော" လို့ မိန့်ပြီး ခေါင်းအကြီးအကဲတို့ကို သတ်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်မကြီးရှင်စောပု

ကလေးတို့ရေ…

မြန်မာ့သမိုင်းမှာ "ရှင်စောပု" ဟာ တစ်ဦးတည်းသော ဘုရင်မကြီးပဲ။ ရှင်စောပုဟာ မွန်ဘုရင်ရာဇာဓိရာဇ်နဲ့ မိဖုရား တလသုတမာယာတို့ရဲ့ သမီးတော်ဖြစ်တယ်။ ရှင်စောပု ရှစ်နှစ်ကျော်အရွယ်မှာ သူ့မိခင် မိဖုရားအရာက ကျမလို ဖြစ်ခဲ့တယ်။ သူ့အသက် (၂၀) အရွယ်မှာတော့ ခမည်းတော်ဟာ တူတော်သမိန်စည်သူနဲ့ လက်ဆက်ပေးခဲ့တယ်။ သမီး နှစ်ယောက်၊ သား တစ်ယောက် မွေးဖွားပြီး သမိန်စည်သူ ဆုံးခဲ့တယ်။ နောက်သုံးနှစ်အကြာမှာ ခမည်းတော် ရာဇာဓိရာဇ် ကွယ်လွန်ခဲ့တယ်။

ခမည်းတော် ကွယ်လွန်ပြီးစမှာ သားတော်တွေ အချင်းချင်း မညီမညွတ် ဖြစ်ကြတယ်။ သီဟသူ လာတိုက်တော့ မွန်ဘက်က အရေးမလှဖြစ်ခဲ့တယ်။ နောက် ဒဂုံမှာ နောင်တော် ဗညားရံ မခုခံနိုင်တာကြောင့် ညီမရင်းဖြစ်သူ ရှင်စောပုကို သီဟသူဆီ ဆက်သလိုက်တယ်။ သားသမီးတွေကိုထားခဲ့ရပြီး ရှင်စောပု အင်းဝကို လိုက်ခဲ့ရတယ်။

ရှင်စောပုဟာ ဘုရင်သီဟသူရဲ့ မြတ်နိုးမှုကို ခံရပါတယ်။ ဒါ့ကြောင့်လည်း ရှင်ဘို့မယ်တို့က မလိုတမာ ဖြစ်ခဲ့တာပေါ့။ အငြိုးအတေး ထားမှာပါပဲ။ ရှင်ဘို့မယ်အကောက်ကြံလို့ သီဟသူ ကွယ်လွန်ပြီး။ မင်းလှငယ်နန်း တက်တော့ ရှင်စောပု မင်းလှငယ်ရဲ့ မိဖုရား ဖြစ်ပြန်တယ်။ မင်းလှငယ်ဆေးခပ်ခံရပြီး ကွယ်လွန်တော့ ကလေးကျေးတောင်ညို မင်းပြုတယ်။ ရှင်စောပု ကျေးတောင်ညိုရဲ့ မိဖုရားဖြစ်ရပြန်တယ်။

တစ်ခါ အင်းဝကို မိုးညှင်းတပ်တွေ ချီလာတော့ ကျေးတောင်ညိုဟာ ပုခန်းတရဖျားကို ရှင်စောပုနဲ့ လာဘ်ထိုးပြီး မိုးညှင်းတပ်ကို ခုခံစေ

www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် မိဖုရားအဖြစ်က အဆင့်လျှော့ပြီး ပုခန်းစားရဲ့ဇနီး ဖြစ်ရပြန်တယ်။

နောက် မိုးညှင်းမင်းအင်းဝကို ရတော့ ပုခန်းစားကို လုပ်ကြံပြီး ရှင်စောပုကို ပြန်သိမ်းတာကြောင့် မိဖုရားဘဝပြန်ရောက်ရပြန်တယ်။ ပဒေသရာဇ်ခေတ် မိဖုရားဖြစ်ရတာ မိန်းမသားတစ်ယောက်အနေနဲ့ စိတ်ချမ်းသာမှုရှိမယ် မထင်ပါ။

ရှင်စောပုဟာ သူ့သားသမီးတွေကို လွမ်းဆွတ်သတိရမှာပါပဲ။ အဲဒီအချိန် အညာအရပ်မှာ ပိဋကတ်စာပေ လာရောက်လေ့လာသင်ယူနေတဲ့ မွန်အမျိုးသား ရဟန်း နှစ်ပါးနဲ့ ရှင်စောပု ဆက်သွယ်မိတယ်။ ရှင်စောပုဟာ သူမကျန်းမာဘူးဆိုပြီး မိုးညှင်းမင်းကြီး ယုံကြည်အောင် လုပ်ကာ ရဟန်းနှစ်ပါးထံ ဆည်းကပ်ခွင့်ရခဲ့တယ်။ အခွင့်သာတာနဲ့ ရေကြောင်းကနေ ဟံသာဝတီကို ထွက်ပြေးခဲ့တယ်။ မိုးညှင်းမင်းသိသွားတော့ လိုက်ဖမ်းဖို့ ကြိုးစားသေးတယ်။ နောက်အမီမလိုက်နိုင်လို့ လွှတ်ထားလိုက်လေတယ်။

ရှင်စောပု ဟံသာဝတီ ပြန်ရောက်ချိန်မှာ သူ့မောင်တော်ရင်း ဗညားရံမင်းပြုနေတယ်။ မောင်တော်က ဝမ်းသာအားရ ကြိုဆိုပြီး အိမ်တော်နဲ့ ထားပေးတယ်။ ငယ်ငယ်ကတည်းက ခွဲခဲ့ရတဲ့ သားတော် ဗညားဗရူက ရှင်စောပုကို မမှတ်မိလေဘူး။ ရှင်စောပုဟာ အင်းဝက ထွက်ပြေးဖို့ သူ့ကို ကူညီခဲ့တဲ့ ရှင်ဓမ္မဓရနဲ့ ဓမ္မဉာဏတို့ကို ပို့ပြီး ကိုးကွယ်ဆည်းကပ်ခဲ့တယ်။

ရှင်စောပုဟာ ထီးနန်းရေးရာတွေကို သုံးသပ်နိုင်ခဲ့တယ်။ မောင်တော် ဗညားရံဟာ အဖေတူ အမေကွဲ နောင်တော်ကို အဆိပ်နဲ့လုပ်ကြံပြီး ထီးနန်းယူခဲ့တာ သူတစ်နည်းနည်းနဲ့ သိမှာပါပဲ။ မွန်ဘုရင် ဗညားရံဟာ နမတော်ရှင်စောပု ပြန်ရောက်ပြီး (၁၆) နှစ်အကြာမှာ ကွယ်လွန်ခဲ့တယ်။ နောင်တော် ဗညားဓမ္မရာဇာရဲ့ သားတော် ဗညားကျန်းဟာ ဘုရင့်ကိုယ်လုပ်တော် တစ်ဦးနဲ့ ချစ်ကြိုက်မိတာ ပေါက်ကြားသွားလို့ အင်းဝဘက် ထွက်ပြေးတိမ်းရှောင်သွားလေတယ်။

ဗညားရံရဲ့ အရိုက်အရာကို ရှင်စောပုရဲ့သား ဗညားဗရူက ဆက်ခံတယ်။ မင်းဖြစ်ပြီး လေးနှစ်အရမှာ လုပ်ကြံခံရတယ်။ အင်းဝဘက် ဒိုလှုံသွားတဲ့ ဗညားကျန်း ဟံသာဝတီမှာ ထီးနန်းဆက်ခံတယ်။ ရှိနှစ်သက် သုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ်မှာ ကွယ်လွန်မြန်တယ်။ သူ့သား လိတ်မွတ်ထော နန်းတက်ပြန်တယ်။ ပြည်သူပြည်သားတွေကို နှိပ်စက်တဲ့ မင်းဖြစ်လို့ (၇) လသာ နန်းစံခွင့်ရခဲ့တယ်။ ဟံသာဝတီသားတွေဟာ စစ်မက်ကို ငြီးငွေ့နေကြပါပြီ။ ဒါ့ကြောင့် အသက်အရွယ်ရပြီး ဘာသာတရား ကိုင်းရှိုင်းတဲ့ ရှင်စောပုကို ဘုရင်မကြီး အဖြစ် တင်မြှောက်ကြလေတယ်။

ရှင်စောပုလက်ထက်မှာ တိုင်းပြည်အေးချမ်းသာယာပြီး ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးလို့ တိုင်းပြည်ရဲ့ စီးပွားရေးလည်း တိုးတက်လာခဲ့တယ်။ ရွှေတိဂုံစေတီနဲ့ ရွှေမော်ဓောစေတီတို့ကိုလည်း တင့်တယ်အောင် ပြုပြင်မွမ်းမံခဲ့တယ်။

ရှင်စောပုဟာ အင်းဝကနေ ပြေးဖို့ ကူညီခဲ့တဲ့ ရဟန်း နှစ်ပါးအနက် ရှင်ဓမ္မစေရကို လူဝတ်လဲစေပြီး နန်းလျှာထားမယ်လို့ မှူးမတ်တို့နဲ့ တိုင်ပင်တယ်။ မှူးမတ်များက နန်းရိုးမဟုတ်လို့ ကန့်ကွက်ကြတယ်။

ဒါ့ကြောင့် ရှင်စောပုဟာ လူများသွားလာနေတဲ့ တံတားအောက်က ယက်မကို ယူပြီး ဘုရားရုပ်တု ထုစေတယ်။ နောက်ရွှေချ အနေကဇာတင်ပြီး မှူးမတ်များကို ပြခဲ့တယ်။ မှူးမတ်တို့ ရှိခိုးဖူးမြော်ကြတယ်။ အဲဒီတော့မှ ရုပ်ပွားတော်ရဲ့ မူလကို ရှင်စောပု ပြောပြခဲ့တယ်။ အဲဒီလိုပဲ ရှင်ဓမ္မစေရဟာ ဆင်းရဲသားမှုဆိုးမသားဖြစ်ပေမယ့် ကျမ်းဂန်တတ်တယ်။ ရဟန်းလူထွက် ဖြစ်ပါစေ။ အရည်အချင်းနဲ့ ပြည့်စုံသူဖြစ်လို့ ရှင်ဘုရင်ဖြစ်ရင် လက်ခံကြမှာပဲလို့ မှူးမတ်တွေကို ပြောပြတယ်။

ဓမ္မစေရဟာ ရှင်စောပုကို စွန့်စားကူညီခဲ့သူဖြစ်လို့ လိုအပ်ရင် လက်ရုံးရည်လည်း ရှိမယ်လို့ ယုံကြည်တော်မူတယ်။ ဒါကြောင့် လူထွက်စေပြီး သမီးတော် မိပကာထော်နဲ့ ထိမ်းမြားပေးတယ်။ ရှင်စောပုနန်းစံ (၇) နှစ်အရမှာ သမက်တော်ကို ထီးနန်းလွှဲပေးလေတယ်။ ဓမ္မစေတီမင်းလို့ အမည်တွင်လေတယ်။

ရှင်စောပုဟာ (၈၁၅) ခုမှာ နန်းတက်ပြီး (၈၃၄) ခုမှာ ကွယ်လွန်ခဲ့လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မစေတီမင်း

ကလေးတို့ရေ…

မွန်ဘုရင်ဓမ္မစေတီမင်းဟာ နန်းစဉ်မျိုးဆက် မဟုတ်ပေမယ့် ဘုရင်မကြီး ရှင်စောပုက အရည်အချင်းကို ကြည့်ကာ မှူးမတ်များကို ကျိုးကြောင်းပြပြီး တင်မြှောက်လိုက်တဲ့ မင်းဖြစ်တယ်။ ရှင်စောပုရဲ့ သမက်တော်လည်း ဖြစ်တယ်။

ဓမ္မစေတီမင်းဟာ သက္ကရာဇ် (၈၃၃) ခုနှစ် ဟံသာဝတီမှာ နန်းတက်လေတယ်။ မိဖုရားကြီးကတော့ ရှင်စောပုရဲ့ သမီးတော် မိပကာထော် ဖြစ်တယ်။ ဓမ္မစေတီမင်းဟာ ပိဋကတ်ကျမ်းဂန် တတ်ကျွမ်းသူလည်း ဖြစ်တာကြောင့် သူ့လက်ထက်မှာ သာသနာတော်ကိုလည်း ကောင်းစွာ ပြုစုလေတယ်။ ဘုရားပုထိုးများစွာကိုလည်း တည်တော်မူတယ်။ သီဟိုဠ်ကို သံဃာတော်များ စေလွှတ်တယ်။ ဓမ္မကျမ်းဂန်များ စိစစ်သင်ယူစေတယ်။ သံဃာတော်တွေကို သိက္ခာချပြီးမှ ကလျာဏီမြစ်မှာ သိက္ခာအသစ်တင်စေတယ်။

သီဟိုဠ်ကို လွှတ်တဲ့ သံဃာတွေ ပြန်ရောက်တဲ့အခါ ဟံသာဝတီမြို့ အနောက်မှာ ကလျာဏီသိမ်တည်ပြီး ကမ္ပည်းကျောက်စာနဲ့ မှတ်တမ်းတင်လေတယ်။ နိုင်ငံတော်အတွင်းရှိ သံဃာများလည်း ကလျာဏီသိမ်မှာ ရဟန်းအသစ်ခံကြတယ်။

ဓမ္မစေတီမင်းလက်ထက် သီဟိုဠ်ကို ကူးတဲ့ ရဟန်းတော်တွေထဲမှာ ပါဝင်တဲ့ ရှင်ဗုဒ္ဓဃောသမထေရ်ဟာ ဝါရီရူဓမ္မသတ်ကို မြန်မာဘာသာ ပြန်ဆိုတော်မူတယ်။ ဓမ္မစေတီမင်းဟာ တရားဓမ္မ စီရင်ရာမှာလည်း ခြေဖြာနှံ့မတ်

www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် နှောင်အခါ စုဆောင်းပြီး ဓမ္မစေတီ ဖြတ်ထုံးရယ်လို့ ပြုစုထား ကြတယ်။

ဓမ္မစေတီမင်းဟာ သီဟိုဠ်မင်း၊ ကျည်းမင်းတို့နဲ့လည်း အပြန်အလှန် ချစ်ကြည်ရေး ရာဇသံစေပါးတယ်။ ဓမ္မစေတီမင်းဟာ သူရဲကောင်းတို့ကို လည်း ချီးမြှောက်လေ့ရှိတယ်။ သူ နန်းတက်စမှာပဲ လက်ဖျံတစ်လုံးတည်း ဖြစ်တဲ့ ငညီတုံးကို သမိန်ဗရမ်းဆိုတဲ့ ဘွဲ့အမည်ပေးပြီး စစ်တောင်းမြို့ကို ပေးတော်မူတယ်။ ဓမ္မစေတီမင်းဟာ သမိန်ဗရမ်း လျှောက်တာကြောင့် တရုတ်ပြည်ကျေးစပ် ခန္တီးမြို့ကို စစ်သည် (၄၀,၀၀၀) လေးသောင်းနဲ့ နယ် ခြားသံတိုင် စိုက်စေတယ်။

ဓမ္မစေတီမင်းဟာ နိုင်ငံတော် ဖွံ့ဖြိုးစည်ပင်ရေးကို ရှေးရှုပြီး ကုးသန်း ရောင်းဝယ်ရေးကိုလည်း အားပေးတော်မူတယ်။ နိုင်ငံခြားသားများနဲ့ ဆက် ဆံရေးကိုလည်း ဂရုထားလေတယ်။ အာရပ်လူမျိုး၊ အိန္ဒိယလူမျိုး၊ တရုတ် လူမျိုးများ လာရောက် ရောင်းဝယ်ဖောက်ကားကြတယ်။

တစ်ခါမှာတော့ ဓမ္မစေတီမင်းဟာ နိုင်ငံတွင်း အမြို့မြို့အိမ်ရှိ စာရင်း ကို ကောက်ယူစေဖို့ အမတ် လေးဦးကို တာဝန်ပေးတယ်။ အမတ် လေးဦး ဟာ စာရင်းကောက်ယူရုံမက ယုံမှတ်ကြေးလည်း ကောက်ရမည်ထင်ပြီး ကောက်ယူလေတယ်။ ကြေးတစ်သန်း ရှစ်သိန်းရမှ မင်းကြီးထံ ဆက်လေ တယ်။

ဓမ္မစေတီမင်းလည်း "အိမ်ရှိကိုသာ သိလိုတာကြောင့် စာရင်း ကောက်စေတာ၊ ဆင်းရဲသားတို့ဆီက ကြေးကို ခံယူကောင်းသလား" ဆို ကာ အမတ် လေးယောက်ကို အပြစ်ဒဏ်ပေးပြီး အသီးသီး ပြန်ပေးစေတယ်။ အဲဒီအခါ အမြို့မြို့ ကျေးလက်သားတို့က "ကျွန်တော်တို့ ပြန်မယူလိုပါ။ တော်သင့်ရာ ကောင်းမှုတစ်စုံတစ်ခု ပြုတော်မူပါ" လျှောက်တာကြောင့် ဒဂုံဆံတော်ရှင်မှာ ဆွဲလှူဖို့ ခေါင်းလောင်းကြီးသွန်းလုပ်စေတယ်။ ဗညားအိမ် အမတ်ကြီးကို ကြပ်မတ်လုပ်ဆောင်စေတယ်။

အမတ်ကြီးလည်း ဆောက် (၁၂ )တောင်၊ အဝ (၇)တောင်ရှိ ခေါင်း လောင်းကြီးကို သွန်းလုပ်တယ်။ သွန်းလုပ်ပြီး ဒဂုံဆံတော်ရှင်မှာ ဓမ္မစေတီ မင်းက ဆွဲလှူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မွန်ပညာရှိအမတ်သမိန်ဗရမ်း

ကလေးတို့ရေ…

မွန်အမတ် သမိန်ဗရမ်းဟာ နှလုံးရည်ကော၊ လက်ရုံးရည်ပါ ပြည့်စုံသူ ဖြစ်တာကြောင့် တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ရဲ့ အားထားရတဲ့သူတစ်ဦး ဖြစ်တယ်။

တစ်ခါမှာ ဓမ္မစေတီမင်းဟာ ပညာရှိအမတ် သမိန်ဗရမ်းကို တမန်အဖြစ် သီဟိုဠ်မင်းထံ စေလွှတ်လေတယ်။ ပိဋကတ်သုံးပုံမှာ ခက်ခဲတဲ့ အနက်သာရတွေ စုပေါင်းပြီး ဓမ္မစေတီမင်းက ကျမ်းပြုထားတယ်။ အဲဒီကျမ်းစာအုပ်ကို အခြားပဏ္ဏာလက်ဆောင်များနဲ့အတူ သီဟိုဠ်မင်းထံ ဆက်ဖို့ သမိန်ဗရမ်းကို တမန်စေလိုက်တာပါပဲ။

သီဟိုဠ်မင်းထံရောက်လို့ ဆက်သတဲ့အခါ ကျမ်းစာအုပ်ကို ကြည့်ပြီး မှူးမှူးမတ်တွေကို ပြလေတယ်။ "ဤစာမျိုးကို သင်တို့ တွေ့ဖူးသလား" လို့ မေးတဲ့အခါ မှူးမတ်တွေ ဘာမှ မပြောနိုင်ကြဘူးတဲ့။ အဲဒါနဲ့ သီဟိုဠ်မှာရှိတဲ့ ကျမ်းတတ်ဆရာတော်တွေကို ပင့်ပြီး ဓမ္မစေတီမင်းရဲ့ ကျမ်းစာအုပ်ကို ကြည့်စေကာ မေးလေသတဲ့။

အဲဒီအခါ သံဃာတော်တွေက ကျမ်းကို သေချာစွာ စစ်ဆေးပြီး "ဤကျမ်းမှာ ပါရှိတဲ့ အကြောင်းအရာတွေဟာ ပိဋကတ်မှာပါတဲ့ ခဲရာ

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်တွေပဲ။ မှန်ကန်ပြီး ပိဋကတ်တော်နဲ့ ညီညွတ်ပေတယ်'' လို့ မိန့်ပြီး ''ဤကျမ်းကို အညီအညွတ်'' လို့ အမည်မှည့်ရင် ကောင်းမယ်လို့ မြွက်ဟလေတယ်။

သီဟိုဠ်မင်းလည်း ဓမ္မစေတီမင်းကို ချီးကျူးပြီး ''သမိန်ဗရမ်း၊ ရွှေတိဂုံဘုရားတည်ရှိရာ သိင်္ဂုတ္တရတောင်မှာ ဘုရားလေးဆူကို ထားတဲ့ အထိမ်းအမှတ်ရာဟာ တစ်ခုတည်းလား၊ တခြား တခြားနေရာတွေ ရှိသေးလား'' လို့ မေးတယ်။

သမိန်ဗရမ်းက ''အရှင်မင်းကြီး…၊ တစ်ခုတည်းသာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဘုရား သုံးဆူတို့ရဲ့ အမှတ်ရာဟာ ယခု မရှိတော့ပါ။ ဂေါတမ ဘုရားရဲ့ အထိမ်းအမှတ် ဆံတော်သာ ရှိပါတယ်။ ဒါပေမဲ့ မမြင်နိုင်ပါ'' လို့ လျှောက်လေတယ်။

သီဟိုဠ်မင်းလည်း သမိန်ဗရမ်းကို ကြည်ညိုတာကြောင့် ဆုလာဘ် ပေးပြီး ဆက်မေးလေတယ်။ ''ဂေါတမဘုရားရဲ့ ဆံတော်ကိုထားတဲ့ အစီအရင် ဘယ်လိုရှိသလဲ ပြောပါဦး'' လို့ မေးတယ်။

''အရှင်မင်းကြီး…၊ ဆံတော်ထားတဲ့ တွင်းအနက်ဟာ (၅၇) တောင် ဖြစ်ပါတယ်။ အစောက် (၄) တောင်မျှစီ လုပ်ပြီး အုတ်တစ်ထပ်၊ သံတစ်ထပ်၊ ရွှေတစ်ထပ်၊ ငွေတစ်ထပ်စီ ပြုလုပ်ထားပါတယ်။ တွင်းအဝန်းပတ်လည်က (၄၃) တောင် ရှိပါတယ်။ တွင်းထဲမှာ တဖုဿ၊ ဘလ္လိက ညီနောင်တို့ အရှင်ကို ဆံတော်ရွက်စေပြီး သိကြားစက်ရှင် (၇) ထပ် ခြံရံလျက်။ အထက်မှာလည်း လုံခြုံအောင် လုပ်ပြီး အပေါ်က ကျောက်ဖျာနဲ့ ပိတ်ထားပါတယ်။ ပြီးမှ အတောင် (၈၀) ရှိတဲ့ ရတနာစေတီကို တည်ထားပါတယ်'' လို့ သမိန်ဗရမ်းက သေချာစွာ လျှောက်ထားလေတယ်။ သီဟိုဠ်မင်းက ဆက်လက်ပြီးလည်း ပဲခူးပြည်ရဲ့ အကျယ်အဝန်း။ ဓမ္မစေတီမင်းရဲ့ အလုံးအရပ် ရုပ်သွင်ပုံပန်းတွေကို မေးလို့ သမိန်ဗရမ်း ကောင်းစွာဖြေဆိုခဲ့တယ်။ သမိန်ဗရမ်း အပြန်ကိုလည်း လက်ဆောင်ပဏ္ဏာ အများလည်း ပါးလိုက်လေတယ်။

သမိန်ဗရမ်း ပဲခူးပြန်ရောက်ပြီး မင်းကြီးထံ အကြောင်းစုံ လျှောက်ထားတဲ့အခါ ဓမ္မစေတီမင်းလည်း သဘောကျသတဲ့။ ဒါပေမဲ့ ''မင်းရှင် ပါးကို နှိုင်းယှဉ်ရာမှာ သီဟိုဠ်မင်းက လပြည့်ဝန်းကဲ့သို့၊ မွန်မင်းက ဆန်းစလ

www.burmeseclassic.com



ကဲ့သို့၊ သီဟိုဠ်မင်းက နေ ကဲ့သို့၊ မွန်မင်းက လ ကဲ့သို့လို့ တင်လျှောက်တာ သီဟိုဠ်ထက် ငါက နိမ့်ကျမနေဘူးလား” လို့ မေးတော့ သမိန်ဗရမ်းက

“မှန်လှပါ…၊ လပြည့်ဝန်းက ပြည့်ပြီး ဆက်ပြီးဆုတ်ဖို့သာ ရှိပါတယ်။ ဆန်းစလက ရှေ့ဆက်ပြည့်ဖြိုးဖို့သာ ရှိလို့ အရှင်က သာပါတယ်။ သီဟိုဠ်မင်းကို နေနဲ့ နှိုင်းတာက အခြံအရံ မရှိဘူးလို့ ဆိုလိုပါတယ်။ လမင်းကတော့ ကြယ်အပေါင်း ခြံရံတာမို့ မှူးမတ်အခြွေအရံတွေ ပေါတယ်လို့ ဆိုလိုတာ ကြောင့် အရှင်မင်းကြီးက သာလွန်ပါတယ်” လို့ လျှောက်တင်လေမှ မဗ္ဗစေတီမင်းလည်း အားရကာ ဆုလာဘ်များစွာ ပေးလေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## သမိန်ဗရမ်းနဲ့ စလုံကျော်ခေါင် စီးချင်းတိုက်ပွဲ

ကလေးတို့ရေ…

ဓမ္မစေတီမင်း နန်းတက်စက ရဲစွမ်းသတ္တိရှိတဲ့ လက်ဖျံတစ်လုံးတည်း ရှိတဲ့ မင်းညီတုံးကို သမိန်ဗရမ်းအမည်နဲ့ စစ်တောင်းမြို့ကို ပေးတာ မှတ်မိရဲ့ မဟုတ်လား။

သမိန်ဗရမ်းဟာ မင်းကြီးဆီက ရဲမက် (၄၀,၀၀၀) လေးသောင်း တောင်းပြီး တရုတ်နယ်စပ် ခန္တီးမြို့နယ်ခြား ကျောက်တိုင်စိုက်ဖို့ သက္ကရာဇ် (၁၈၉) ခုနှစ်မှာ ချီတက်လေတယ်။ သမိန်ဗရမ်းဟာ အရပ် (၇) တောင် မြင့်တဲ့ ဆင်တော်ချစ်နှောင်ရင်းကို စီးပြီး ထွက်လေတယ်။ သူဟာ ရမည်းသင်းကို ရောက်ပြီး ကင်းတားရေငန် အရပ်ကို တက်တယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ ခန္တီးရောက်ပြီး ကျောက်တိုင်စိုက်နိုင်ခဲ့တယ်။

တရုတ်မင်း ဥတည်ဘွားကြားတဲ့အခါ မြေခြားသံတိုင်ကို နုတ်ပစ်စေတယ်။

သမိန်ဗရမ်းဟာ နယ်ခြားသံတိုင် စိုက်ပြီး ပြန်အလာမှာ ကြုံးဝါးလေတယ်။ "ဘယ်သူစွံမလဲ" ဆိုတဲ့ သဘောဖြစ်မှာပေါ့။ အဲဒီသတင်းကို အင်းဝဘုရင် မဟာသီဟသူရ ကြားတဲ့အခါ သားတော်အိမ်ရှေ့မင်း သားတော်လတ်နဲ့ သားတော်ငယ်တို့ကို ဦးစီးစေပြီး အလုံးအရင်းများစွာနဲ့ ရမည်းသင်းကနေ ဆီးကြိုကာ သမိန်ဗရမ်းတပ်ကို တိုက်စေတယ်။ အင်းဝတပ်တွေ အလုံးအရင်းများတာကြောင့် သမိန်ဗရမ်းတပ် ပျက်လေတယ်။ ဆင်

www.burmeseclassic.com

www.burmeseclassic.com



တော် ချေစ်ခိုင်ကို ဆင် (၃၀) နဲ့ တစ်ဖက်က ဝိုင်းတိုက်တာကြောင့် ဆင်လည်း ပန်းလှတယ်လို့ မနည်းရှောင်ထွက်ရတယ်။ နောက် အင်းကြီးတစ်ခု တွေ့တာကြောင့် ရေကို ဆင်းနေလေတယ်။

အင်းဝတပ်လည်း အင်းကို ဝိုင်းရံထားတယ်။ သမိန်ဗရမ်းလည်း ထမင်း သုံးနပ် ငတ်တာကြောင့် နွမ်းလျနေတယ်။ နောက်ဆုံး အင်းဝတပ်က ဝိုင်းဖမ်းလို့ မိသွားတယ်။ အင်းဝအိမ်ရှေ့မင်းက ကောင်းမွန်စွာ ဆက်ဆံပြီး ထမင်းကျွေးကာ အင်းဝသို့ ယူဆောင်သွားလေတယ်။ အင်းဝမင်းလည်း သမိန်ဗရမ်းကို အဝတ်အစားပေးကာ အပါးမှာ ခစားစေတယ်။

ဥတည်ဘွားရဲ့ တရုတ်တပ်ကြီးဟာ နယ်ခြားကျောက်တိုင်ကို နုတ်ပြီး အင်းဝကို ဆက်ချီလာတယ်။ အမတ်တစ်ဦးကို မြင်းစီးစစ်သည်တစ်သောင်းနဲ့ ပေါင်းမြင်းစီးနှစ်သိန်း၊ ခြေလျင်စစ်သည်တစ်သိန်း အင်အား ရှိသတဲ့။

တရုတ်တပ်ကြီးဟာ အင်းဝကို ဝိုင်းထားပြီး အင်းဝမင်း မဟာသီဟသူရထံ တမန်စေတယ်။ ရှေးပုဂံနော်ရထာမင်းကြီးလက်ထက်ကလို ရွှေပေါင်းချောင်၊ ငွေပေါင်းချောင် စသည် ပဏ္ဏာများဆက်ဖို့ ရာဇသံစေတယ်။ အင်းဝမင်းက အဲဒီလို ပေးရိုးမရှိဆိုကာ ငြင်းလေတယ်။ မြင်းစီးသူရဲကောင်း တစ်စီးချင်း စီးချင်းထိုးမယ်။ အင်းဝဘက်က နိုင်ရင်တပ်ခေါက်ပြန်မယ်။ တို့နိုင်ရန် တောင်းတာပေးရမယ်လို့ တရုတ်ဘက်က အရေးဆိုလာလေတယ်။

မင်းကြီးက သားတော်တွေ၊ မှူးမတ်တွေနဲ့ တိုင်ပင်တဲ့အခါ တရုတ်သူရဲကို ယှဉ်နိုင်ဖို့ မွန်အမတ် သမိန်ဗရမ်းကို ခေါ်ပြီး စုံစမ်းကြည့်ဖို့ လျှောက်တာကြောင့် ခေါ်ရလေတယ်။ သမိန်ဗရမ်းက "ဆင်လည်း တစ်စီးချင်း၊ မြင်းကို တစ်စီးချင်း၊ ခြေလျင်တစ်ယောက်ချင်း ယှဉ်ရလျှင် ဇမ္ဗူဒိပ်မြေပြင်ဝယ် ကျွန်ုပ် ကြောက်သူမရှိ" လို့ တင်တာကြောင့် ကြိုက်တဲ့ မြင်းရွေးစေတယ်။ မြင်းဇောင်းရှိ မြင်း (၇၀၀) တစ်ကောင်မှ မကြိုက်။ ဒါ့ကြောင့် နောက်မြို့ကို လှည့်ကြည့်စုံစမ်းရာ မုဆိုးမတစ်ယောက်ရဲ့ မြင်းနီမနက်ကျည်းစေ့ရောင်ဟာ ကြမ်း သွန်းလို့ မစီးဝံ့ဘဲ လွှတ်ထားရတာ သိရတယ်။ စစ်သည်သူရဲတို့လည်း မြင်. ၈ ကိုက်တတ်တယ်ဆိုကာ မဖမ်းရဲကြ။ သမိန်ဗရမ်းလည်း မြင်းနီမအာစပ်ကိုင် ဇက်ကို ခွဲ့ကာ တက်စီးလေတယ်။ မြင်းကြမ်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက်ကာ အမျိုးမျိုးခါချကာ မရတော့ တအားစွတ်ပြေးလေတယ်။ သမိန်ဗရမ်းလည်း မြင်းအလိုလိုက်ကာ စီးပြီး မြင်းမောလေမှ သူ့စိတ်ကြိုက် စီးလေတယ်။

ဘုရင်မဟာ သီဟသူရလည်း အားရလှတာကြောင့် "တရုတ်မြင်းစီးသူရဲ စလုံကျော်ခေါင်ကို ရအောင်ယူနိုင်ရင် ခြေရင်းတော်မှာ မှူးကြီး မတ်ကြီးအရာထားပြီး ခရိုင်မြို့ပြကို ပေးမယ်။ ဟံသာဝတီ ပြန်လိုကလည်း ငါ လွှတ်တော်မူမယ်" လို့ မိန့်လေတယ်။ သမိန်ဗရမ်းက စလုံကျော်ခေါင်ကို ရဖို့ အာမခံလေတယ်။ သို့ဖြင့် တရုတ်နဲ့ စီးချင်းထိုးဖို့ ချိန်းကြတယ်။ ရက်စေ့တဲ့အခါ မင်းကြီးက သူ့လက်စွဲ ပတ္တမြားဓား၊ မြင်းကုန်းနှီး ပတ္တမြားကာ၊ ရွှေဖျင်ဝတ်လုံ စသည်တို့ကို ဝတ်ဆင်ကာ ကိုင်စွဲစေတယ်။ သမိန်ဗရမ်းလည်း ဘုရင်ကို ဦးသုံးကြိမ် ချပြီး တရုတ်စကားပြန်ကိုခေါ်ကာ စီးချင်းထိုးဖို့ ထွက်ခဲ့လေတယ်။

တရုတ်အမတ် မြင်းစီးသူရဲ စလုံကျော်ခေါင်လည်း မြင်းဖောင်းဝတ်ကို စီးပြီး အချိန် သုံးပိဿာခန့်လေးတဲ့ အဲမောင်း (အရှည်ဆယ်ပေးခွဲ၊ လုံးသွား၊ သုံးလမခွဲရှိ အောင်းမွေးရစ်ထားသည့် အဝေးပစ်လှံရှည်) ကို ကိုင်ကာ ထွက်လာတယ်။

နှစ်ဦးဆုံကြတဲ့အခါ စလုံကျော်ခေါင်က "အစ်ကိုလည်း မြင်းစီးသူရဲကောင်း၊ ငါလည်း မြင်းစီး သူရဲကောင်း။ သုံးကြိမ်စေ့အောင် မြင်းရေးစီးပြီး လက်ဝါးပြကာ တိုက်မယ်" ဆိုလေတယ်။ မြင်းရေးပြစီးပြီးတဲ့အခါ သမိန်ဗရမ်းလည်း တိုက်တော့ဆိုကာ မြင်းကို ဇက်ကုန်လွှတ်တယ်။ နီးတဲ့အခါ စလုံကျော်ခေါင်လည်း ဓားပြားလက်ဝါးလောက်ကို ကိုင်ပြီး ခုတ်မယ်လို့ မိုးလိုက်တယ်။ စလုံကျော်ခေါင်လက်ကို မိုးတဲ့အခါ သံချပ်ကြိုးပြတ်တာကိုမြင်လို့ လျင်မြန်စွာ သမိန်ဗရမ်းက လှံနဲ့ထိုးလိုက်တယ်။ လျှပ်တစ်ပြက်ဖြစ်လို့ စလုံကျော်ခေါင် မြင်းထက်က ကျလေတယ်။

သမိန်ဗရမ်းလည်း ခေါင်းကိုဖြတ်ကာယူပြီး မြင်းကို ဇက်ကုန် လွှတ်စီးကာ မြို့တွင်းဝင်လေတယ်။ မြို့ထိပ်ကျုံးနားက ကြည့်နေကြတဲ့ ရဟန်းရှင်လူအပေါင်းဟာ ဝမ်းမြောက်လွန်းလို့ ဦးပေါင်းမြှောက်သူ မြှောက်ကြနဲ့ ဩဘာပေးကြလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်းဝဘုရင် မဟာသီဟသူရလည်း "ဘုရင်မင်းခေါင်လက်ထက် မွန်မင်းရာဇာဓိရာဇ်ရဲ့ သမက် တရုတ်ဂါမဏိနဲ့ စီးချင်းတိုက်ရာ တရုတ် အမတ်ခေါင်းကို ရတယ်လို့သာ ကြားဖူးတယ်။ အခု ကိုယ်တွေ့မြင်ရပြီး အားရတော်မူတယ်။ ငါ့ကတိအတိုင်း ဆောင်ရွက်မယ်၊ လိုရာပြော" ဆိုတာ နဲ့ သမိန်ဗရမ်းလည်း "အရှင်မင်းကြီး သနားပါမှ ကျွန်တော့် သားသမီးများ ရဲ့ မျက်နှာကို မြင်ရပါမယ်" လျှောက်တာကြောင့် မင်းကြီးလည်း အဆောင် အယောင်များစွာပေးကာ လှေကားလက်ပြည့်လှေနဲ့ ဟံသာဝတီကို ပို့စေ တယ်။ ဓမ္မစေတီမင်းလည်း အားရလှတာကြောင့် ပို့လာသူတွေကို လက် ဆောင်ပဏ္ဏာများစွာနဲ့ တုံ့ပြန်ပေးတော်မူလိုက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စလက်သေတ္တာကြီး

ကလေးတို့ရေ…

ဟံသာဝတီမှာ ဓမ္မစေတီမင်း စိုးစံစဉ် ရှိန်းတူပြည်က ထူးဆန်းတဲ့ သေတ္တာကြီးတစ်လုံး လက်ဆောင်ပို့လိုက်သတဲ့။

အဲဒီသေတ္တာကြီးဟာ အလျားစတုရန်း အတောင် ငါးတောင် ရှိသတဲ့။ သေတ္တာဖွင့်လိုက်တာနဲ့ သေတ္တာ ခြောက်မျက်နှာစလုံး ပွင့်ပြီး အဆိပ်လူးမြားတွေ တစ်ပြိုင်တည်းထွက်အောင် စက်လှည့်ခလုတ် တပ်ထားသတဲ့။ အဲဒီလို လုပ်လားပြီး အပြင်ကနေ လှပအောင် အရောင်တွေ ခြယ်ထားသတဲ့။ သော့ကို အပြင်ကဆွဲဖွင့်တဲ့နေရာမှာ "ကာ-ပ-ရောင်-က" လို့ အက္ခရာ လေးလုံး ထင်ရှားအောင် ရေးထားသတဲ့။ သံအကြီး လေးယောက်၊ လူငါးကျိပ်နဲ့ ပုသိမ်သင်္ဘောဆိပ်ကတစ်ဆင့် ရောက်လာပြီး ဓမ္မစေတီမင်းကို ဆက်လေတယ်။

မင်းကြီးလည်း တုရင်ဒေသ၊ ပုညသာရီ စတဲ့ ဆရာတော်တွေကို ပင့်ပြီး ဆွမ်းလုပ်ကျွေးတော်မူတယ်။ ပြီးမှ ဆရာတော်တွေနဲ့ မှူးမတ်စုံညီ ရှေ့မှာ သေတ္တာကြီးကိုပြပြီး ဝိုင်းကြည့်ကြသတဲ့။ ဖွင့်မယ့်နေရာက အက္ခရာ လေးလုံး မြင်တဲ့အခါ မင်းကြီးက "သည်သေတ္တာဟာ ထူးဆန်းလှတယ်၊ ရုတ်တရက် မဖွင့်နဲ့။ ကာမရောင်ကဆိုတဲ့ အက္ခရာ လေးလုံးကို ဆင်ခြင်ကြည့်ရင် ကာပကို လ ရှေ့တည်၍ ပ ခေါ်ရမည်။ ပလလို့ ဖြစ်မည်။ ရောင်ကဆိုတာ ငါးမျှော်ကြည့်သည့် အဓိပ္ပာယ်ဖြစ်တယ်။ ငါးမျှော်ကြည့်တာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဗျိုင်းဖြစ်တယ်။ ဗျိုင်းကို မွန်ဘာသာနဲ့ (ပေါ်) လို့ ခေါ်တယ်။ အားလုံးပေါင်းတဲ့အခါ (ပလပေါ်) လို့ ရတယ်။ အဓိပ္ပာယ်က "အန္တရာယ်ပြုမည့် သေတ္တာ"လို့ ဆိုလိုတယ်။ ဒါကြောင့် သတိနဲ့ ဖွင့်သင့်တယ်" လို့ မိန့်တယ်။

အဲဒီနောက်မှာတော့ မင်းကြီးက လူရှင်းတဲ့ကျူးနဖူးမှာ ထန်းတစ်များခန့်ရှိတဲ့ ငြမ်းကို ဆင်စေတယ်။ သားရေချပ် ကိုးထပ်ခင်းပြီးမှ သေတ္တာကို ငြမ်းအောက်ကထားကာ ငြမ်းအထက်ကနေ လူ (၁၉) ယောက်တို့က အုတ်ကျောက်ကြီးများကို သေတ္တာပေါ် ပစ်ချစေတယ်။

မင်းကြီးစေတဲ့အတိုင်း ပစ်ချတဲ့အခါ သေတ္တာကြီးကွဲပြီး မီးခိုးလိုအခိုးတွေ အောက်အထက် လေးမျက်နှာထွက်လာတယ်။ မြားတံတွေလည်း မရေတွက်နိုင်အောင် ထွက်လာတယ်။ အထက်က အုပ်ထားတဲ့ သားရေချပ် ၄-၅ ချပ် ပေါက်လေတယ်။ လေးမျက်နှာက ထွက်တဲ့ မြားတွေလည်း အနီး အနားကရှိတဲ့ သစ်ပင်တို့ကို တွဲလဲတန်းလန်း စိုက်ကုန်တယ်။ အောက်ဘက် မြေကိုလည်း မြားများစွာ စူးနစ်လေတယ်။

အဲဒီလို အချင်းအရာတွေကို မြို့သူမြို့သားတို့ မြင်တဲ့အခါ "ရှိန်တူပြည်သားတွေဟာ ငါတို့ တစ်မြို့လုံး သေအောင်လုပ်တာပဲ။ ပညာဉာဏ်ကြီးကျယ်တဲ့ အရှင်မင်းကြီးကြောင့်သာ သတ္တဝါတို့ အသက်ချမ်းသာပေတယ်" လို့ ဓမ္မစေတီမင်းကြီး ကျန်းမာချမ်းသာ သက်တော်ရှည်စေကြောင်း ဆုမွန်တောင်းကြလေတယ်။

ရှိန်းတူပြည်သား သံအမတ်ကြီးများလည်း မင်းကြီးရဲ့ ပညာဉာဏ်ကို ချီးမွမ်းကာ ဆက်သလိုက်တဲ့ စည်သုံးလုံးကို တီးမှုတ်သူများနဲ့ တကွ မိမိတို့မြို့ကဖြစ်တဲ့ အဝတ်တန်ဆာများကိုပါ ဓမ္မစေတီမင်းကြီးအား ဆက်သပြီး ပြန်ကြသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းညီတုံးနှင့် လူဝံတိုက်ပွဲ

ကလေးတို့ရေ…

သမိန်ဗရမ်းနဲ့ စလုံးကျော်ခေါင်တို့ ပွဲပြီးတဲ့အခါ နောက်တိုက်ပွဲတစ်ခု လာသေးတယ်။ ထူးထူးဆန်းဆန်း တိုက်ပွဲလို့ ဆိုရပေလိမ့်မယ်။

မဇ္ဈိမစေတီမင်းလက်ထက်မှာပဲ သင်္ဘော (၇) စင်းနဲ့ ကုလားတွေ ဒဂုံမြို့ကြီးသို့ ဆိုက်ရောက်တယ်။ အဲဒီမှာ ဟံသာဝတီမင်းနဲ့ သူ့ သူ့ရဲကောင်းအကြောင်းကို ကြားရသတဲ့။ ဒါနဲ့ ဟံသာဝတီကို လာခဲ့ကြတယ်။ "မွန်ပြည်ကြီးဟာ ရွှေငွေရတနာ ပေါတယ်။ ရဲမက်ဗိုလ်ပါ လူစွမ်းကောင်း ပေါတယ်။ မွန်မင်းလည်း ဘုန်းကြီးသည်လို့ ကြားတာကြောင့် လာပါတယ်။ သူ့ရဲကောင်းတစ်ယောက်ချင်း တိုက်လိုပါတယ်။ ကျွန်တော်တို့က ရှုံးရင် ပါလာတဲ့ ကုန်အပြည့်နဲ့ သင်္ဘော (၇) စင်းကို သိမ်းတော်မူပါ။ ကျွန်တော်တို့နိုင်ရင် သင်္ဘောနဲ့ ကုန်တန်ဖိုးပေးပါ" လို့ အရေးဆိုလာတယ်။

အဲဒီအခါ လက်ဖျံရိုးတစ်ချောင်းတည်းရှိတဲ့ မင်းညီတုံးက အများရှေ့မှာ ဘုရင်ကို ဦးချပြီး "ကျွန်တော်တိုက်ပါမယ်" လို့ လျှောက်တယ်။ ဘုရင်က ခွင့်ပြုတဲ့အခါ ဝတ်စားဆင်ယင်ပြီး ဓား၊ လှံ၊ လွှား၊ ကာ ကိုင်ဆွဲပြီး ထွက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားတို့ဟာ လူဝံကြီးတစ်ကောင်ကို သံကြိုးချည် ယူလာတာကို မင်းမှူးမတ် စစ်သူကြီးတို့ မြင်ကြတဲ့အခါ "လူသားချင်းသာ တိုက်ရမယ်။ တိရစ္ဆာန်နဲ့ ဘယ်လိုတိုက်မလဲ" ဆိုပြီး ဆီးတားဟန့်ကြတယ်။ ဒီအခါ မင်းညီတုံးက "လူချင်းပင်မက သင်း တိရစ္ဆာန်ဆိုးကိုလည်း ကျွန်တော် တိုက်ဝံ့ပါတယ်။ တိုက်ပါ့မယ်" လို့ လျှောက်တယ်။

အဲဒီအခါ ကုလားတို့က "ကျွန်တော်တို့ သူရဲကောင်းက လက်ချည်းဖြစ်ပါတယ်။ ဤ သူရဲကောင်းမှာက လက်နက်ပါပါတယ်။ ကျွန်တော်တို့ မတိုက်ဝံ့ပါ" လို့ ဆိုပြန်တယ်။ အဲဒီအခါ "ကောင်းပြီ" လို့ ဆိုပြီး မင်းညီတုံးက ပါတဲ့ လက်နက်တွေ ချထားခဲ့ပြီး လူချည်းဝင်လေတယ်။ ကုလားတွေက လူဝံကို သံကြိုးဖြေလွှတ်လိုက်တယ်။

လူဝံကြီးလည်း မင်းညီတုံးဆီ အပြေးလာလေတယ်။ မင်းညီတုံးက လက်တစ်ဖက်ကို ကမ်းပေးတယ်။ လူဝံကြီးက ကိုက်မယ် အပြင်လိုက်မှာ အောက်မေးစပ်ကိုဆွဲပြီး လက်နဲ့လွဲပစ်လိုက်ရာ လူဝံကြီး လဲကျတယ်။ အဲဒီအခါ မင်းညီတုံးက လူဝံကြီးရဲ့ ရင်ဘတ်ကြားကို အင်အားကြီးစွာနဲ့ ခြေနဲ့ပေါက်ချလိုက်တာ လူဝံကြီး သေလေသတဲ့။

ကုလားတို့လည်း အံ့အားသင့်လေတယ်။ "ကျွန်တော်တို့ အမြို့မြို့ လှည့်လည်တိုက်လာတာ နိုင်တာများလှတယ်။ ဒီမြို့မှ ရှုံးရတယ်" လို့ ဆိုပြီး သဘော်နဲ့ကုန်များကို ဆက်လေသတဲ့။ ဓမ္မစေတီမင်းလည်း သဘော်လေးစင်းကို မင်းညီတုံးအား ပေးပြီး ကျန် သုံးစင်းကိုတော့ ကုလားတွေကို ပြန်ပေးလိုက်တယ်။

ဓမ္မစေတီမင်းလည်း မင်းညီတုံးကို သမိန်ဗရမ်းဘွဲ့အမည်နဲ့ စစ်တောင်းမြို့ကို ပေးတော်မူတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာရှိသူနှင့် သစ္စာမဲ့သူ

ကလေးတို့ရေ…

ဓမ္မစေတီမင်းမှာ သူနန်းတက်စဉ်ကတည်းက ကျွေးမွေးပြုစုလာတဲ့ မိန်းမစိုး နှစ်ယောက်ရှိသတဲ့။ မိန်းမစိုးဆိုတာ နန်းတွင်းမှာရှိတဲ့ မောင်းမ ကိုယ်လုပ်တော်တွေကို ကြပ်မတ်ရတဲ့သူပဲ။ မိန်းမလျှာတွေလည်း ဖြစ်တယ်။ ဘုရင် အလွန်ယုံကြည်ရသူတွေလည်း ဖြစ်တယ်။

သက္ကရာဇ် (၈၃၂) ခုနှစ်မှာ မွန်ဘုရင် ဓမ္မစေတီဟာ မြင်းသရိုက် နာစွဲကပ်လေသတဲ့။ နာတာရှည်ရောဂါမျိုး ဖြစ်တာကြောင့် စဖြစ်တဲ့အချိန် ကစပြီး ဘုရင့်အခန်းထဲကို မိန်းမစိုးကြီး နှစ်ယောက်ပဲ တစ်လှည့်စီဝင်ကာ ပြုစုရသတဲ့။ အခြားသူများ မည်သူမှ မဝင်ရလို့ အမိန့်ထုတ်ထားလေတယ်။

အဲဒီလိုအမိန့်ထုတ်ထားတာကို ဓမ္မစေတီမင်းရဲ့ သားတော် ဗညားရံ က မကျေနပ်ဘူး။ ဒါကြောင့် နာမကျန်းဖြစ်နေတဲ့ ခမည်းတော်ကို လုပ်ကြံ ဖို့ ကြံစည်လေသတဲ့။ သူ့အကြံကို အကောင်အထည်ဖော်ဖို့ မိန်းမစိုး နှစ်ဦးကို ချဉ်းကပ်မှပဲလို့ အကြံရတယ်။ ဒါနဲ့ အိပ်လှည့်မကျတဲ့ မိန်းမစိုးတစ် ယောက်ကို တိတ်တဆိတ် အိမ်ကိုခေါ်ပြီး ခမည်းတော်ဟာ အသက်လည်း ကြီးပြီ။ အခုဖြစ်နေတဲ့ အနာကလည်း လွတ်နိုင်မှာ မဟုတ်ဘူး။ အဲဒီလို ဆင်းရဲကြီးစွာ ခံနေရတာထက် သေတာက မြတ်တယ်။ ဒါကြောင့် သင့် အလှည့်ကျတဲ့အခါ မြင်းသရိုက်ကို ဓားနဲ့ လှီးဖြတ်လုပ်ကြံပါ။ ငါ မင်းဖြစ် တဲ့အခါ သင့်ကို ကြီးစွာချီးမြှောက်မယ်'' လို့ ဆိုလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ မိန်းမစိုးက "အရှင့်သား၊ အရှင့်ဘိုးတော်လက်ထက်က ပင် အသက် ၇ နှစ်၊ ၈ နှစ်အရွယ် ကျွန်တော်တို့ ရောက်လာပြီး အတွင်းတော် မှာ လူယုံအဖြစ် စေပါးခြင်း ခံရပါတယ်။ အရှင့်ဘိုးတော်နတ်ရွာစံပြီး အရှင့် ခမည်းတော် နန်းတက်တဲ့အခါမှာလည်း သင့်ရာသင့်ရာ ကျွေးရှာပေးပြီး မျိုးမြှောက်တာ ခံရပါတယ်။ အရှင့်ခမည်းတော်ဟာ ကျွန်တော်တို့ နှစ်ယောက် ကို အထူးနှစ်သက်တော်မူလို့ အပါးမှာ အမြဲ ခစားရပါတယ်။ အဝတ်အစား စားဖွယ်တို့ကို ကျွန်တော်တို့ကိုယ်တိုင် ဆက်ကပ်မှ စားတော် ခေါ်ပါတယ်။ သုံးစွဲပါတယ်။ အမိန့်သားလို ယခုတိုင် အသက်ရှည်သမျှ မကွဲမကွာ ရှိကြ ပါတယ်။ ယခု မင်းကြီးရဲ့ အဆုံးစွန်မှာ သည်လို ကျွန်တော် မပြုရက်ပါ။ အရှင့်သားသတ်လျှင်လည်း သေရပါမယ်။ ကျွန်တော်သာ အသေခံပါ့မယ်" လို့ ချေင်စွာ လျှောက်တင်တာကြောင့် ဗညားရံလည်း "ကောင်းပြီး…၊ မင်းနဲ့ငါသာ ဆိုတဲ့ စကား ဘယ်သူ့ကိုမှ မပေါက်ကြားစေနဲ့။ ပေါက်ကြားရင် ဆွေ (၇) ဆက် သတ်ပစ်မယ်" လို့ ကြိမ်းလေတယ်။ မိန်းမစိုးလည်း "အရှင့်သား စိတ်ချတော်မူပါ၊ ကျွန်တော်ကတိပေးပါတယ်" လို့ အာမခံလေ သတဲ့။

အိမ်ရှေ့မင်း ဗညားရံဟာ ကျွန်မိန်းမစိုးတစ်ယောက်ကိုလည်း ယခင် နည်းအတိုင်း ပြောဆိုတဲ့အခါ "အရှင့်သားခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်" ဆိုပြီး မင်းကြီးကို လုပ်ကြံလေသတဲ့။

ဗညားရံဟာ ခမည်းတော်အလောင်းကို သင်္ဂြိုဟ်ပြီးတဲ့အခါ "ဟတ္ထိ ရာဇာ" အမည်နဲ့ နန်းတက်လေတယ်။ ရက်လည်တဲ့အခါ မင်းညီမင်းသား မှူးမတ်စစ်သူကြီး ရှိသမျှတို့ကို ရှေ့တော်သို့ ဝင်စေသတဲ့။

အမိန့်အတိုင်း မင်းကြီးကိုလုပ်ကြံတဲ့ မိန်းမစိုးဟာ အဝတ်သစ်သစ် လွှင်လွှင်ဝတ်ပြီး ကြီးစွာသော အချီးမြှင့်ခံရတော့မယ်လို့ ဝမ်းမြောက်ရွှင် လန်းနေလေတယ်။ အမိန့်ကို မနာခံဘဲ သစ္စာရှိတဲ့ မိန်းမစိုးဘိမ္ဗသူရ မြို့စား ကတော့ သူ့အသက်ခံရတော့မယ်လို့ တွေးပြီး အဝတ်ခပ်နွမ်းနွမ်း ဝတ်ကာ ညှိုးငယ်နေလေတယ်။

မှူးမတ်ဗိုလ်ပါအားလုံး စုံညီတဲ့အခါ ဘုရင်အသစ် ဗညားရံက မိန့် လေတယ်။ "မှူးမတ်အပေါင်းတို့…၊ ဤမိန်းမစိုး နှစ်ယောက်ဟာ ဘိုးတော်

www.burmeseclassic.com

www.burmeseclassic.com



လက်ထက် သူတို့ ငယ်စဉ်ကပဲ နန်းထဲရောက်တယ်။ အဲဒီနောက် ခမည်း တော်ထံမှာ ဆက်လက်ခစားပြီး အထိုက်အလျောက် ချီးမြှောက်ခြင်းခံရတဲ့ အပြင် ယုံကြည်တော်မူတာကြောင့် ကိုယ့်ကိုပင် အပ်နှင်းထားလေတယ်။ နောက် ခမည်းတော် မကျန်းမာလို့ အနိစ္စရောက်လုဆဲမှာ ငါဟာ အကုသိုလ် စိတ် နှိုးဆော်တာကြောင့် မအပ်မရာ ကြံမိပြီး မိန်းမစိုး ဘိမ္မသူရမြို့စားကို ခမည်းတော်အား လုပ်ကြံပါ။ သင့်ကို မြို့စားရွာစား ဆုလာဘ်များစွာ ပေး မယ်လို့ ခိုင်းတယ်။ ဒါပေမဲ့ သူက ခမည်းတော် ချီးမြှောက်ခဲ့တာ ယခု အသက် (၅၀) ကျော်ပြီ။ ယခုမှ မကြံရက်ပါ။ အရှင့်သားသတ်ရင်လည်း အသေခံပါ့မယ်လို့ဆိုတယ်။ နောက် မိန်းမစိုးတစ်ယောက်ကတော့ ဆုလာဘ် ပေးမယ်။ ခမည်းတော်ကို လုပ်ကြံပါဆိုတာနဲ့ သစ္စာတရားကို မစောင့်ဘဲ ခမည်းတော်ကို ဘီလူးသဘက်ကဲ့သို့ ရက်စက်စွာ လုပ်ကြံလေတယ်။ ဤ လူမျိုးကို မထားသင့်" လို့ မိန့်တော်မူတာနဲ့ အာဏာသားများက အဝတ်သစ် ဝတ်ထားတဲ့ မိန်းမစိုးကို ဆွဲထုတ်ကာ ကွပ်မျက်လိုက်လေတယ်။

သစ္စာတရားစောင့်ထိန်းတဲ့ ဘိမ္မသူရမြို့စား မိန်းမစိုးကိုတော့ အများ ရှေ့မှာ ချီးမွမ်းပြီး သူမြတ်အဖြစ် ဒလမြို့ကို ပေးသနားလေတယ်။ ဓမ္မစေတီ မင်းဟာ သာသနာရေးအတွက် များစွာ လုပ်ဆောင်ခဲ့တယ်။ သူ့လက်ထက် မှာ တိုင်းပြည်လည်း စည်ပင်ခဲ့တယ်။ ရဟန်းရှင်လူ ကြည်ဖြူတဲ့ မင်းဖြစ် ပေတယ်။ သက္ကရာဇ် (၈၅၄) ခုနှစ်မှာ အနိစ္စရောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယမင်းခေါင်

ကလေးတို့ရေ…

အင်းဝမင်းဆက် တတိယခေတ်ပိုင်းမှာ ပြည်စုမင်း သီဟသူ အနိစ္စရောက်ပြီးတဲ့အခါ သားတော်ဒုတိယမင်းခေါင်ဟာ သက္ကရာဇ် (၈၄၂) ခုနှစ်မှာ နန်းတက်တော်မူတယ်။ (ပထမမင်းခေါင်ကတော့ ရာဇာဓိရာဇ်နဲ့ စစ်ခင်းခဲ့တဲ့ ဘုရင်မင်းခေါင်ပဲ။)

ဒုတိမင်းခေါင်လက်ထက်မှာ ညီတော်စလင်းမင်း၊ ရမည်းသင်းမင်း၊ ဘထွေးတော်ပြည်မင်းတို့ အသီးသီး ပုန်ကန်ကြလေတယ်။ မြောက်ဘက်ပိုင်းမှာလည်း မြေဒူးမင်းကို ရှမ်းတို့လာရောက်တိုက်ခိုက်ကြတယ်။

ဒုတိယမင်းခေါင်ဟာ တောင်ငူစားစည်သူထင်ကို အဂ္ဂမဟာသေနာပတိခန့်ပြီး သူပုန်သူကန်တွေကို နှိမ်နင်းစေတယ်။

တစ်ခါမှာတော့ ယောကျ်ားတစ်ယောက်က သူငယ်တစ်ယောက်ကို 'မင်းကြီးသတိုးစလင်းက ဆိုလာတယ်' ဆိုပြီး အပြောင်အပျက် ခြိမ်းခြောက်တယ်။ အဲဒီစကားများသွားပြီး ပြည်သူတွေ အထိတ်တလန့်ဖြစ်ကြသတဲ့။ ဒါနဲ့ စည်သူကျော်ထင်ဟာ သည်စကားဘယ်ကလာသလဲ စုံစမ်းရာမှ အပြောင်အပျက်ပြောတဲ့ ယောကျ်ားကို ဖမ်းမိလေတယ်။ စည်သူကျော်ထင်လည်း ထိုယောကျ်ားကို စစ်ဆေးပြီး 'ပျားတစ်စက်ကြောင့် ပြည်ပျက်သည်၊ ဆန်ကောဖျက်၍ ပြည်ပျက်သည်' ဆိုတဲ့ အကြောင်းတွေ နင့် မကြားဘူးသလော' လို့မေးပြီး ထိုယောကျ်ားကို ကွပ်မျက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမင်းခေါင်ရဲ့ ညီအလတ်နဲ့ ညီအထွေး ပုန်ကန်ခြားနားတာကို စည်သူကျော်ထင် သွားရောက်တိုက်ခိုက်ရာမှာလည်း အရေးတော် ပြီးခဲ့တယ်။ အောင်ခဲ့တယ်။ တောင်ငူစားစည်သူကျော်ထင်ကို သက္ကရာဇ် (၈၄၇) ခုနှစ်မှာ တူတော်မင်းကြီးညို လုပ်ကြံပြီး မင်းပြုလေတယ်။ ဒုတိယမင်းခေါင်ထံကိုလည်း ဆင်ပေါက် နှစ်စီးနဲ့တကွ လက်ဆောင်ပဏ္ဏာတွေ ဆက်သတယ်။ မင်းကြီးဟာ ရာဇမာယာမှာ လိမ္မာသူဖြစ်တာကြောင့် ဘယ်လိုမှ မိန့်တော်မမူဘဲ နေလေတယ်။

ဒုတိယမင်းခေါင်ဟာ သားတော်ကို မဟာသီဟသူရအမည်နှင့် မင်းမြှောက်ပြီး နန်းတစ်ခုထဲမှာ ထီးဖြူဆောင်းစေကာ မင်းပြိုင်ပြုလေတယ်။ ဒုတိယမင်းခေါင်ဟာ ပညာရှိသူတွေကိုလည်း ချီးမြှောက်တော်မူတယ်။ သူ့လက်ထက်မှာ မြန်မာစာပေ ပရိယတ္တိ၊ ပရိပတ္တိ၊ ပျို့၊ ကဗျာ၊ လင်္ကာရေးသားမှုတွေလည်း ထင်ရှားတိုးပွားလာတယ်။ ထင်ရှားတဲ့ စာဆိုတွေကတော့ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အဂ္ဂသမာဓိတို့ ဖြစ်ကြတယ်။

ဒုတိယမင်းခေါင်ဟာ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူတယ်။ အဇ္ဈာရသဟူသမျှလည်း တတ်မြောက်လေတယ်။ လေးအတတ်၊ မြင်းစီးအတတ်မှာ သူ့ကိုမီသူမရှိလို့ ကျော်ကြားတယ်။ မြင်းစီးရေး (၁၇) ရပ်ရှိတယ်။ မြင်းပြေးနေစဉ်မှာ ခြေစုံရပ်ပြီးစီးတယ်။ ခြေတစ်ဖက်ရပ် စီးတယ်။ မှောက်ခုံ၊ အလျားမြင်းကမှာ ဝပ်စီးတယ်။ မြင်းပေါ်မှာ ပက်လက်လဲလျောင်းစီးတယ်။ ပြေးနေစဉ်မြင်းပေါ်မှာ မတ်တတ်ရပ်ပြီး ချပ်ဝန်တန်ဆာဝတ်ဆင်တယ်။ ဓား၊ လှံ လက်နှစ်ဖက်ပြောင်းပြီး စီးတယ် စသည်ဖြင့် အမျိုးစုံ မြင်းရေး (၁၇) ရပ် ကျွမ်းကျင်တော်မူလေတယ်။ ဆင်အတတ်လည်း ကျွမ်းကျင်တယ်။

တောင်တွင်းက ရောက်လာတဲ့ ရှင်မဟာသီဝံသကို ထူပါရုံဘုရားမြောက်ယွန်းယွန်းမှာ ရတနာဗိမာန်ကျောင်း ဆောက်လှူတယ်။ တံတားဦးအရပ်မှာ မင်္ဂလာစေတီနဲ့ ရွှေကျောင်းတော်၊ အခြားကောင်းမှုကုသိုလ်တွေလည်း များစွာရှိလေတယ်။ ဒုတိယမင်းခေါင်ဟာ သက္ကရာဇ် (၈၆၂) ခုနှစ်နှစ်ကုန်မှာ အနိစ္စရောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ရွှေနန်းကြော့ရှင်နရပတိ

ကလေးတို့ရေ···

ထီးပြိုင်မင်းပြိုင်ပြုကြတဲ့ခေတ်မှာ “ပြည်တစ်ခုတစ်မင်း” ဆိုသလို မင်း ပြုကြတယ်။ ပိုအင်အားကြီးအောင်၊ နယ်ပယ်ကျယ်အောင်လည်း တိုက်ခိုက်တတ် ကြတယ်။

သက္ကရာဇ် (၈၆၃) ခုနှစ်မှာ ဒုတိယမင်းခေါင်ရဲ့သားတော် ဘုရင်နရပတိ နန်းတက်တော်မူတယ်။ သူဟာ အလွန်ကျစ်လျစ်လှပတဲ့ နန်းတော်ဆောက်လုပ် နန်းစံတာကြောင့် ရွှေနန်းကြော့ရှင်လို့ အမည်တွင်လေတယ်။

တစ်ခါမှာတော့ (မဟာသီဟသူရရဲ့သား ရွှေနော်ရထာနဲ့) ကျွန်ဖြစ်တဲ့ ငသောကြာက ရွှေနန်းကြော့ရှင်ကို အမှတ်တမဲ့ ဓားနဲ့ခုတ်လိုက်တယ်။ ဒါပေမဲ့ ထီးဖြူအရိုးကိုပဲ ခုတ်မိလို့ ထီးရွက်အုပ်မိကာ ဘုရင်ကို မထိမိလေဘူး။ အဲဒီမှာတင် အထိန်းတော်သား ရေနံ့သာစား ငရွှေကျိုင်းက ငသောကြာကို အမိအရ နောက်ကနေ သိမ်းဖက်ပြီး ဖမ်းချုပ်လိုက်တယ်။ ငသောကြာလည်း ဓားကိုင်လျက်ရှိန်းတဲ့အခါ နှစ်ယောက်စလုံး ပက်လက်လဲကျတယ်။ ငရွှေကျိုင်းက ‘အရှင်···၊ ငသောကြာလွှတ်ရင် အရေးတော်ပျက်မယ်။ ကျွန်တော် မသေချင်သေပါစေ···၊ ခွပ်မျက်တော်မူ’ လို့ လျှောက်တာကြောင့် ဘုရင်ဟာ ငသောကြာကိုပဲရွေးပြီး ခွပ်မျက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကောင်းတာကြောင့် သူ့သခင်ရွှေနော်ရထာကို ရေမှာဖျောက်တယ်။ (ခဲဆွဲကာ ရေနှစ်သတ်တယ်။) ရွှေနော်ရထာရဲ့ကျွန် ရှင်ထွေးနာသိန်စတဲ့ သူရဲကောင်းတွေလည်း အလုံးအရင်းနဲ့ တောင်ငူသို့ ပြေးဝင်ခိုလှုံလေတယ်။

ရွှေနန်းကြောင့်ရှင်လက်ထက်မှာ မြောက်ဘက် မြေဒူးနယ်ကို မိုးညှင်းရှမ်းတို့ အကြိမ်ကြိမ်တိုက်ခိုက်လာတယ်။ ပြည်ဘုရင်သတိုးမင်းစော၊တောင်ငူဘုရင်မင်းကြီးညိုတို့လည်း ရွှေနန်းကြော့ရှင်ကို ပုန်ကန်ကြတယ်။ နိုင်ငံတော်တွင်း မြို့ရွာတွေကိုလည်း အကြိမ်ကြိမ် တိုက်ခိုက်ဖျက်ဆီးကြတယ်။

(၈၆၇) ခုနှစ်မှာလည်း ယင်းတော်၊ ရှစ်ရှားစား မင်းတုံးတာ၊ မင်းပြည့်ဝတို့ဟာ တောင်ငူမင်း၊ ပြည်မင်းတို့နဲ့ပေါင်းပြီး စလေမြို့ကို တိုက်ခိုက်လာတယ်။ ရွှေနန်းကြော့ရှင်ဟာ ကုန်းဘောင်စော်ဘွားနဲ့ပေါင်းကာ ပြန်တိုက်တယ်။ ပုံတောင်အရပ်မှာ စစ်ကြီးကို ရွှေနန်းကြော့ရှင် အနိုင်ရတယ်။ အဲဒီအကြောင်းကို ရှင်မဟာရဋ္ဌသာရက 'ပုံတောင်နိုင်မော်ကွန်း' လို့ ဖွဲ့ဆိုခဲ့တယ်။

နောက်ထိပ် ပုခန်းကြီး၊ စကုစတဲ့ နိုင်ငံတွင်း မြို့စားတွေလည်း ပုန်ကန်ကြတယ်။ ရွှေနန်းကြော့ရှင် အကြိမ်ကြိမ်နှိမ်နင်းရတယ်။ ဘိုးတော်၊ ညီတော်စတဲ့ မင်းဆွေမျိုးရိုးတို့ကလည်း သစ္စာမစောင့်ကြဘူး။ ကုန်းဘောင်စော်ဘွားတစ်ဦးပဲ မဟာမိတ်အနေနဲ့ စစ်ရေးအခင်းရှိတိုင်း ရွှေနန်းကြော့ရှင်ကို လာရောက်ကူညီလေတယ်။

(၈၈၆) ခုနှစ်မှာ မိုးညှင်းစလုံတို့ စစ်ကိုင်းကို ချီလာပြီး ကျောင်းကန်၊ အိမ်ရာတို့ကို မီးတိုက်တယ်။ ရောဝတီမြစ် အနောက်တစ်လွှား မြို့ရွာတို့ကိုလည်း တိုက်ခိုက်သိမ်းယူကြတယ်။ သရက်ထိတိုင်ရောက်ပြီး ပြည်သတိုးမင်းစောတို့နဲ့ပေါင်းကာ ရေကြောင်း၊ မိုးညှင်းစလုံက ဧရာဝတီ အရှေ့ကကူးပြီး ကြည်းကြောင်းပေါင်းကာ အင်းဝကို ချီတက်လေတယ်။

ရွှေနန်းကြော့ရှင်က ကုန်းဘောင်စော်ဘွားနဲ့ပေါင်းပြီး ပြန်ခုခံတယ်။ တစ်ဖက်က အင်အားများတာကြောင့် ဆင်ကောင်းဝက်ဝံ (မေမြို့အနီး) ထိ ဆုတ်ရတယ်။ ဒါ့ကြောင့် စလုံတို့လည်း သတိုးမင်းစောကို အင်းဝ၌ နန်းတင်ခဲ့ပြီး ဆင်ကောင်း၊ မြင်ကောင်းတို့ကို သိမ်းယူကာ ပြန်လေတယ်။ ရဟန်းရှင်လူတို့ကိုလည်း သိမ်းတာကြောင့် စာဆိုရှင်မဟာရဋ္ဌသာရလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့ကို ရောက်ပြန်တယ်။ အဲဒီစစ်မှာ ရှင်အဂ္ဂသမာဓိရဲ့ ခမည်းတော် နတ်မောက်မြို့စား ဘယကျော်သူလည်း ကျဆုံးလေတယ်။

အင်းဝကို မိုးညှင်းရှမ်းတို့ တိုက်ကြောင်းကြားတဲ့အခါ တောင်ငူမင်းကြီးညို ချီလာပြီး တောင်ဘက်တစ်လွှား မြို့ရွာတွေကို သိမ်းယူလေတယ်။ အဲဒီသတင်းရတဲ့အခါ ရွှေနန်းကြော့ရှင်နဲ့ ကုန်းဘောင်စော်ဘွားခုံမှိုင်းတို့ တောင်ငူကို ချီလာကာ အကြိမ်ကြိမ် တိုက်ခိုက်ကြတယ်။ မရချေ။

ရွှေနန်းကြော့ရှင်ဟာ အင်းဝပြန်ပြီး အင်အားအသစ်စုဆောင်းလေတယ်။ အဲဒီအတွင်း သက္ကရာဇ် (၈၈၈) ခုမှာ မိုးညှင်းစလုံနဲ့ သားသိုဟန်ဘွားတို့ အလုံးအရင်းများစွာနဲ့ ချီလာပြန်တယ်။ ပုခန်းနယ်ကနေ ရှမ်းတို့ကို ခုခံတိုက်ခိုက်တဲ့ အိမ်ရှေ့မင်းလည်း စစ်အတွင်းမှာနာပြီး အနိစ္စရောက်လေတယ်။ မိုးညှင်းစလုံလည်း အင်းဝကို ဝိုင်းပြန်တယ်။ မြို့လည်း ပေါက်လေတယ်။ ရွှေနန်းကြော့ရှင်ဟာ နရပတိ ဆင်နဲ့ ထွက်တဲ့အခါ အမြောက်ဆံသင့်ပြီး ဆင်းရဲဦး ကင်းပေါ်တွင် အနိစ္စရောက်လေတယ်။

မိုးညှင်းစလုံလည်း သားသိုဟန်ဘွားကို အင်းဝမှာ မင်းပြုစေတယ်။ အလုံးအရင်းပေးခဲ့ပြီး သူက မိုးညှင်းသို့ ပြန်လေတယ်။

သက္ကရာဇ် (၈၈၈) မှာ အင်းဝဘုရင် ရွှေနန်းကြော့ရှင်၊ ပြည်ဘုရင် သတိုးမင်းစော၊ ဟံသာဝတီမင်း ဗညားရံတို့ အနိစ္စရောက်ကြလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သိုဟန်ဘွားနှင့် မင်းကြီးရန်နောင်

ကလေးတို့ရေ…

မြန်မာရာဇဝင်မှာ မင်းကောင်းမင်းမြတ်တွေရှိသလို မင်းဆိုးမင်းညစ်တွေလည်း ရှိကြတယ်။ မင်းကောင်းတွေရဲ့ လုပ်ဆောင်ချက်၊ တိုင်းပြည်စည်ပင်ထွန်းကားအောင် ဆောင်ရွက်ချက်တွေကို စံပြုအတုယူပြီး မင်းဆိုးတွေရဲ့ လုပ်ရပ်ကိုတော့ ရှုတ်ချပြီး သင်ခန်းစာယူကြရမှာ ဖြစ်တယ်။

အင်းဝမှာ ရှေ့နန်းကြော့ရှင်မရှိတော့ အဲဒီနှစ် (၈၈၈) ခုမှာပဲ မိုးညှင်းစလုံရဲ့သား သိုဟန်ဘွား နန်းတက်လေသည်။ သိုဟန်ဘွားဟာ လူကြမ်း၊ စိတ်ကြမ်းမို့ ထီးနန်းရေးရာ၊ ယဉ်ကျေးမှုတွေလည်း မသိလေဘူး။ ဒါကြောင့် သိုဟန်ဘွားကို သွန်သင်ပေးဖို့ မိုးညှင်းစလုံက မင်းကြီးရန်နောင်ကို အမတ်ကြီး ခန့်ခဲ့တယ်။

သိုဟန်ဘွားဟာ နိုင်ငံတော်အတွင်း မြန်မာအမတ် ရှမ်းအမတ်တွေကို မြို့စားရွာစားခန့်ထားလေတယ်။ သိုဟန်ဘွားရဲ့ ကျွန်မခံလိုတဲ့ မြန်မာအမတ်တွေကတော့ အင်းဝကထွက်ခွာပြီး ပြည်၊ တောင်ငူ စသည်ဖြင့် သွားပေါင်းကြလေတယ်။

သိုဟန်ဘွားဟာ ပြည်၊ တောင်ငူတို့ကို သိမ်းယူမယ်လို့ မင်းကြီးရန်နောင်ကို တိုင်ပင်တယ်။ မင်းကြီးရန်နောင် စဉ်းစားလေတယ်။ "ကျုပ်မင်းသားတိုက်ရင် ပြည်၊ တောင်ငူ ခံနိုင်မှာ မဟုတ်။ မခံနိုင်ဘဲပျက်လျှင် မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မရှိပြီ။ ကျန်သည့်နိုင်ငံ ကျန်ပါစေ’ လို့ စဉ်းစားပြီး ‘ပြည်၊ တောင်ငူတို့ကို တိုက်ခိုက်ဖို့မလိုကြောင်း အင်းဝကိုရပြီး စိုးစံနေပြီဖြစ်လို့ သူတို့အလိုလို ဦးညွှတ်လာကြလိမ့်မယ်’ လို့ အကြံပေးတယ်။

ပြည်၊ တောင်ငူ မင်းတို့ဆီကိုလည်း မင်းကြီးရန်နောင်က ‘အားမတန်သေးသည့်အခါ စော်ဘွားနှင့် ချစ်ကြည်လေးမြတ်ရှိအောင် ပြုသင့်ကြောင်း’ အတွင်းစာပို့လေတယ်။ ပြည်၊ တောင်ငူမင်းတို့ကလည်း လက်ဆောင်ပဏ္ဏာအများပို့ပြီး စော်ဘွားနဲ့ အသင့်အတင့် ရှိကြလေတယ်။

သိုဟန်ဘွားဟာ ရက်စက်ကြမ်းကြုတ်တဲ့ မင်းဖြစ်တယ်။ ရတနာသုံးပါးကို မရိုသေ။ စေတီပုထိုးတွေကိုဖောက်ပြီး ဌာပနာတွေကို ယူလေတယ်။ ရဟန်းသံဃာတို့ကိုလည်း “သူတို့ဟာ တပည့်တပန်း အခြွေအရံတွေနဲ့ ဖြစ်တယ်။ တစ်ချိန်မှာ သောင်းကျန်းပုန်ကန်နိုင်တယ်” လို့ ယူဆလေတယ်။

သက္ကရာဇ် (၉၀၁) ခုနှစ်မှာတော့ တောင်ပလူလယ်ပြင်မှာ မဏ္ဍပ်အဆောင်ဆောင်ဆောက်ပြီး ဆွမ်းလုပ်ကျွေးမယ့်ဟန်နဲ့ စစ်ကိုင်း၊ ပင်းယ၊ အင်းဝပတ်လည်ရှိ ရဟန်းသံဃာတွေကို ပင့်ကာ ဆင်မြင်းဗိုလ်ပါဝိုင်းရံပြီး သတ်လေတယ်။ အချို့ရဟန်းများ ပြည်၊ တောင်ငူသို့ ပြေးကြရတယ်။ ပြည်သူ ပြည်သားတွေလည်း အထိတ်တလန့်လန့် ဖြစ်လေတယ်။ ကျောင်းတွေမှာရှိတဲ့ စာပေကျမ်းဂန် ပေပုရပိုက်တွေကိုလည်း သိုဟန်ဘွားက မီးတိုက်လေတယ်။ ကျောင်းတွေကိုလည်း မီးရှို့လေတယ်။

သိုဟန်ဘွားဟာ ရှမ်းအမတ်၊ မြန်မာအမတ်တွေကိုလည်း နှိပ်စက်လေတယ်။ ညှဉ်းပန်းနှိပ်စက်ဖန်များတဲ့အခါ မြန်မာတို့သည် မခံနိုင်ကြဘဲ အညီအညွတ် တိုင်ပင်ပြီး မင်းကြီးရန်နောင်ထံလာကာ “မင်းကြီး မကြံပါက ကျွန်တော်တို့ သေရတော့မယ်” လို့ လျှောက်ကြတယ်။ မင်းကြီးရန်နောင်က အမတ်တို့ရဲ့ စိတ်ကိုသိလိုတာကြောင့် ဆိတ်ဆိတ်နေလေတယ်။ အမတ်တို့လည်း အကြိမ်ကြိမ်တင်လျှောက်ကြတယ်။

အဲဒီအခါ မင်းကြီးရန်နောင်က “အစ်ကိုတို့ ဤအရေး အပြီးတိုင်ရှောအောင် စွန့်နိုင်မှ ကောင်းမယ်၊ စွန့်နိုင်ပါ့မလား” လို့ မေးတဲ့အခါ မှူးမတ်များက “မင်းကြီးသာ ကြံပါ”၊ ‘ကျွန်တော်တို့ စွန့်နိုင်ပါတယ်” လို့ ကတိပေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၉၀၄) ခုမှာတော့ သိုဟန်ဘွားလက်ကလွတ်ဖို့ အကြောင်းဖန်လာတယ်။ ထိုနှစ်မှာ သိုဟန်ဘွား မနော်ရမန်ဥယျာဉ်မှာ ယာယီနန်းစံတော်မူမည်။ ထိုသတင်းကို မင်းကြီးရန်နောင်က မှူးမတ်တွေကို တိတ်ဆိတ်ရာခေါ်ပြီး "အစ်ကိုတို့ ယာယီစံနန်းကို အခစားဝင်ရလိမ့်မယ်။ ကိုယ့်နေရာကိုယ်မှတ်ပြီး ဓားမြှုပ်ထားကြပါ။ ငါထရင် ဓားကိုနုတ်ပြီး သိုဟန်ဘွားဘက်သားတွေကို ခုတ်ကြ" လို့ စကားထည့်ထားလေတယ်။

ယာယီနန်းပြီးတဲ့အခါ သိုဟန်ဘွားဟာ မင်းကြီးရန်နောင်အား အခမ်းအနားသဘောကို မေးတော်မူတယ်။ "မှူးမတ်တို့ဟာ ဘာသာအလိုက်ဝတ်စားဆင်ယင်ပြီး လက်နက်မပါ၊ အယဉ်အကျေးခစားကြရပါတယ်" လို့ လျှောက်လေတယ်။ လျှောက်တဲ့အတိုင်း စီမံစေတယ်။ မှူးမတ်တို့လည်း မင်းကြီးရန်နောင်စကားထည့်ထားတဲ့အတိုင်း ကိုယ့်ဓားမြှုပ်ထားရာမှာ ကိုယ်နေပြီး ခစားနေကြတယ်။

မင်းကြီးရန်နောင်လည်း မိမိလက်မှာ ဓားမရှိတာကြောင့် ဓားရအောင် သိုဟန်ဘွားနဲ့ ဓားကောင်းကြောင်းကို ဆွေးနွေးပြောဆိုလေတယ်။

သိုဘဟန်ဘွားက "နရပတိမင်းရဲ့ဓားဟာ ဆင်ပေါ်ကလူကိုခုတ်ရင် ဆင်နှင့်တကွ လူကိုပြတ်ပြီး ဆင်ကိုထိတယ်ဆိုတယ်။ အဲဒီဓားကို သိသလား" လို့ မေးတော့ မင်းကြီးရန်နောင်က "မြင်ရင်သိပါတယ်" လို့ လျှောက်တာကြောင့် သိုဟန်ဘွားက မင်းစဉ်သုံးဓားစုကိုယူပြီး ပြလေတယ်။

မင်းကြီးရန်နောင်လည်း နရပတိရဲ့ ဓားကိုကောက်ယူပြီး "သည်ဓားပဲဖြစ်ပါတယ်" လို့ ညွှတ်ကာကမ်းဟန်နဲ့ သိုဟန်ဘွားကို ခုတ်လေတယ်။ ဝါးပိုးတိုင်နဲ့ကြမ်း ငါးချောင်းပါပြတ်သတဲ့။ သိုဟန်ဘွားဘက်တော်သားတွေ ရုတ်ရုတ်သဲသဲ ဖြစ်စဉ်မှာပဲ မင်းကြီးရန်နောင်ရဲ့ အပေါင်းပါမှူးမတ်တို့က မြှုပ်ထားတဲ့ဓားကိုယ်စီနုတ်ပြီး ခုတ်ကြတယ်။ အရေးတော်အောင်မြင်လေတာကြောင့် အင်းဝနိုင်ငံသားတို့ မင်းဆိုးမင်းညစ်လက်က လွတ်မြောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယမြန်မာနိုင်ငံတော်

www.burmeseclassic.com

www.burmeseclassic.com

# မင်းတရားရွှေထီး

ကလေးတို့ရေ…

ပထမမြန်မာနိုင်ငံတော်ကြီးကို ပုဂံ-အနော်ရထာမင်းကြီး တည်ထောင်ခဲ့တာ ပြောခဲ့ပြီ။ ပုဂံတရုတ်ပြေးမင်းလက်ထက်မှာ ပထမနိုင်ငံကြီး ပျက်ပြားပြီးနောက် နိုင်ငံတစ်ဝန်လုံး အစိတ်စိတ်အမြွှာမြွှာဖြစ်ကာ တိုင်းငယ်မင်းငယ်တို့ များစွာပေါ်ပေါက်လာကြတယ်။ အဲဒီကမှတစ်ဖန် တောင်ငူမင်းတရားရွှေထီးလက်ထက်မှာ ဘုန်းကံကြီးမားထက်မြက်တဲ့ မင်းဖြစ်လို့ ဒုတိယမြန်မာနိုင်ငံကြီး စတင်တည်ထောင်ပြန်လေတယ်။ တပင်ရွှေထီးနှင့်အတူ ဘုရင့်နောင်ကျော်ထင်နော်ရထာရဲ့ စွမ်းဆောင်ချက်များကိုလည်း မေ့ချန်ထားလို့ မရနိုင်ဘူး။ တပင်ရွှေထီးကို တော်ငူမင်းကြီးညိုနဲ့ မိဖုရား ရာဇဒေဝီ (ငနွယ်ကုန်းသူကြီးသမီး) တို့က သက္ကရာဇ် (၈၇၈) ခုနှစ်မှာ ဖွားမြင်လေတယ်။ တပင်ရွှေထီးဟာ မွန်ဘုရင်မမွစေတီမင်းရဲ့ သားတော်မင်းရဲကျော်စွာ ဝင်စားတယ်လို့ အဆိုရှိပေတယ်။

ခမည်းတော်မင်းကြီးညို နတ်ရွာစံပြီး သက္ကရာဇ် (၈၉၂) ခုတွင် တပင်ရွှေထီး နန်းတက်လေတယ်။ နန်းတက်ချိန်ကာလ အင်းဝမှာ သိုဟန်ဘွားပြည်မှာရွှေနန်းကြော့ရှင် နရပတိ၊ ဟံသာဝတီမှာ သုရှင်တကာရွတ်ပိ မင်းတို့ အုပ်စိုးနေချိန်ဖြစ်တယ်။ မြန်မာနိုင်ငံကြီး ကွဲပြားညက်ကျေနေတဲ့ ခေတ်ဆိုးလည်း ဖြစ်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် တပင်ရွှေထီးဟာ နိုင်ငံကြီးတစ်စည်းတစ်လုံးတည်းဖြစ်အောင် ကြံရွယ်ရင်းရှိတာကြောင့် ရဲမက်စသည်တို့ကို စုဆောင်းပြင်ဆင်လေတယ်။ (၈၉၄) ခုနှစ် သက်တော် (၁၇) နှစ်အဝင်မှာ နားထွင်းသင့်ကြောင်း၊ မှူးကြီးမတ်ကြီးတို့ လျှောက်တာကြောင့် ပဲခူး၊ ရွှေမော်ဓောဘုရားမှာ နားထွင်းမယ်လို့ မိန့်တော်မူတယ်။ ရွှေမောဓောစေတီဟာ ရာမညတိုင်းကြီးစေတီတစ်ဆူဖြစ်တယ်။ မွန်၊ ဗမာ၊ ရှမ်း၊ ကရင်တို့ အလွန်ကြည်ညိုတဲ့ စေတီလည်းဖြစ်တယ်။ တပင်ရွှေထီးဟာ သတ္တရုဓေယျဆိုတဲ့ မြင်းကို ပတ္တမြားက တင်ကာစီးပြီး အမတ် (၄၀)၊ မြင်းရံ (၅၀၀) နဲ့ ရန်သူနယ်မြေဖြစ်တဲ့ ဟံသာဝတီ ပဲခူးကို ချီလေတယ်။ ရောက်တဲ့အခါ မြင်းစီးသူရဲ (၅၀၀) ကို ဘုရားပတ်လည်မှာ ဝန်းရံစေပြီး တပင်ရွှေထီးက ဘုရားရင်ပြင်ပေါ်တက်ကာ သျှောင်ထုံးခြင်း၊ နားထွင်းခြင်းပြုလေတယ်။ ထိုသတင်းကို မွန်မင်း သုရှင်တကာရွတ်ပိကြားတဲ့အခါ အထိန်းတော် ဗညားလော၊ ဗညားကျန်းတို့ ကွပ်ကဲကာ ဆင်မြင်း အလုံးအရင်းနဲ့ ဝိုင်းထားလေတယ်။

နားထွင်းပြီးတဲ့အခါ မြင်းတော်ကိုစီးပြီး "ငါ မင်းတရားရွှေထီး၊ နင်တို့ဝံ့ရဲလား" လို့ ကြုံးဝါးပြီး မြင်းကိုဇက်ကုန်လွှတ်ကာ မြင်း (၅၀၀) နဲ့ အတင်းဖောက်ထွက်လေတယ်။ မွန်တပ်လည်း တစ်ယောက်မှ မလိုက်ဝံ့၊ အံ့သြရင်း ကျန်ရစ်လေတယ်။ မင်းတရားရွှေထီးလည်း သုံးရက် လေးရက်နဲ့ ကေတုမတီ (တောင်ငူ) ကို ရောက်လေတယ်။

မင်းတရားရွှေထီး ညာလက်ရုံးလို အားကိုးရတဲ့ စစ်သူကြီးကတော့ "ဘုရင့်နောင်ကျော်ထင် နော်ရထာ (ငယ်အမည်ရှင်ရဲထွဋ်) ဖြစ်တယ်။ နောင်အခါ မင်းတရားရွှေထီးက နှမတော် မင်းသမီးခင်ကြီးနဲ့ စုံဖက်ပြီး "ဘုရင့်နောင်ဘွဲ့" ပေးအပ်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းတရားရွှေထီး ဟံသာဝတီကို စစ်ချီခြင်း

ကလေးတို့ရေ…

မင်းတရားရွှေထီးရဲ့ ပထမဆုံးပစ်မှတ်က ဟံသာဝတီ (ပဲခူး) ဖြစ်တယ်။ ဒါကြောင့် တိုက်ဆင် (၄၀)၊ မြင်း (၈၀၀)၊ စစ်သည်သူရဲ (၄၀,၀၀၀) လေးသောင်းနဲ့ ကျော်ထင်နော်ရထာကို ရှေ့တပ်ခန့်ကာ သက္ကရာဇ် (၈၉၆) မှာ ဟံသာဝတီသို့ ချီစေတယ်။ ရောက်တဲ့အခါ 'ဆင်မြို့' မှာ တပ်ချပြီး မြို့ကို အကြိမ်ကြိမ်တိုက်ခိုက်လေတယ်။မွန်ဘုရင်သုရှင်တကာရွတ်ပိ ရဲ့ အထိန်းတော်ဗညားလောနဲ့ အချီတော် ဗညားကျန်းတို့ရဲ့ အစီအမံအကွပ် အကဲကောင်းမှုကြောင့် မရလေဘူး။ မိုးကျကာနီးမှာ ပြန်ဆုတ်ခဲ့ရတယ်။

နောက်နှစ် (၈၉၇) ခုနှစ်မှာ တစ်ကြိမ်၊ (၈၉၉) ခုနှစ်မှာတစ်ကြိမ် ဟံသာဝတီကို မင်းတရားရွှေထီး ချီတက်လုပ်ကြံပေမယ့် အစီအမံ ခိုင်ခံ့လှတာကြောင့် မအောင်မြင်လေဘူး။ ဒါကြောင့် မင်းတရားရွှေထီးဟာ မှူးမတ်တွေနဲ့ တိုင်ပင်ပြီး အကြောင်းရင်းကို ဆန်းစစ်တဲ့အခါ မွန်ဘုရင်ရဲ့ အထိန်းတော်နဲ့ အချီတော် နှစ်ဦးဖြစ်တဲ့ ဗညားလောနဲ့ဗညားကျန်းတို့ရဲ့ စီမံကွပ်ကဲပုံကောင်းတာကြောင့် ဟံသာဝတီကို မအောင်ကြောင်းကို ဆန်းစစ်သိရှိလာတယ်။

(၈၉၉) ခုနှစ်မှာပဲ မွန်ဘုရင်သုရှင်တကာရွတ်ပိက မင်းတရားရွှေထီးထံ "ရေးကကဲ့သို့ မီးမသေ၊ ရေမနောက်၊ ငြိမ်းချမ်းစွာနေဖို့" ရွေ့ပေမှာရေးသား

www.burmeseclassic.com

www.burmeseclassic.com



ကာ သံစေလေတယ်။ အထိန်းတော် ဗညားလော၊ ဗညားကျန်းတို့ကလည်း မင်းရဲသိခ်သူ၊ သတိုးဓမ္မရာဇာတို့ထံ တစ်ပါတည်း သံစေလိုက်တယ်။ လက်ဆောင်ပဏ္ဏာများလည်း ပေးပို့လိုက်တယ်။

မွန်မင်းသံတို့ ကေတုမတီ (တောင်ငူ) ရောက်တဲ့အခါ ရွှေပေလွှာနဲ့ လက်ဆောင်များကို ဆက်လေတယ်။ ကွမ်းတစ်ယာညက်ခန့် နေစေပြီးမှ လွှတ်လိုက်တယ်။ ဝင်းပြင်ရောက်မှ ဗညားလောနဲ့ ဗညားကျန်းသံတို့ကို ခေါ်တော်မူကာ "ရွှေသစ္စာပွင့် နှစ်ပွင့်" ကို ပေးလိုက်တယ်။ ပြီးမှ သံတဲကို သွားစေတယ်။ ခွဲခြားဆက်ဆံလိုက်တာပါပဲ။

မွန်သံတမန်တို့ ဟံသာဝတီရောက်တဲ့အခါ အကြောင်းစုံတင်လေတယ်။ ထိုအခါ မွန်မင်းလည်း ဗညားကျန်းနဲ့ ဗညားလောတို့ကို သံသယဖြစ်တော်မူလေတယ်။ မင်းတရားရွှေထီးနဲ့ ပထမပစ်မှတ်ဟာ ဒက်ထိရောက်တယ်ဆိုရမယ်။ မွန်မင်းရင်ထဲ သူ့အထိန်းတော်တို့ကို မယုံကြည်အောင် သံသယသွင်းပြီးမှ နောက်တစ်ကြိမ်ကြံစည်တာက မွန်အထိန်းတော် နှစ်ဦးထံ မင်းတရားရွှေထီးလက်ဆောင်နဲ့ စာပါးလိုက်ခြင်း ဖြစ်တယ်။ စာမှာ "ဦးရီးတော်တို့မှာသည့်အတိုင်း အရေးတော်ပြီးလျှင် ဦးရီးတော်ဗညားကျန်းကို ဟံသာဝတီကို စားစေပြီး၊ ဦးရီးတော်ဗညားလောကို မုတ္တမကို စားစေမယ်။ စိတ်ချပါ" ဆိုတဲ့စာကို တံဆိပ်လက်ယာနဲ့သွပ်ပြီးမှ ဝါးကျည်တောက်ထဲ ထည့်ကာ ကတ္တီပါ၊ ပိတ်အုပ်၊ ရွှေဖျင်အများကို စာနဲ့အတူ ယူစေပါတယ်။ ပြီးမှလူယုံနှစ်ယောက်ကို စကားထည့်ကာ မင်းတရားရွှေထီးစေလေတယ်။

မှာပုံက "မင်းတို့ ဟံသာဝတီကျေးလက်တစ်ရွာ နှစ်ရွာဝင်သွား၊ နောက်ရွာသားတွေနဲ့ အချင်းများအောင်လုပ်၊ ရန်ပွဲဖြစ်ရင် စာနဲ့ပိတ်အုပ်တွေ စွန့်ပြီး ပြေးခဲ့" ဆိုကာ စကားထည့်လေတယ်။ လူယုံ နှစ်ယောက်လည်း မင်းတရားရွှေထီးမှာတဲ့အတိုင်း လုပ်ဆောင်ပြီး ပြန်ပြေးခဲ့လေတယ်။

ဟံသာဝတီ ကျေးလက်သူကြီးတို့လည်း ပိတ်အုပ်တွေနဲ့ စာကိုမွန်မင်းထံ ဆက်လေတယ်။ မွန်ဘုရင်သုရှင်တကာရှတ်ပီလည်း အထိန်းတော် နှစ်ဦးကို သံသယဝင်နေရာက တပင်ရွှေထီးရဲ့ စာကိုတွေ့ရတဲ့အခါ ပိုမယုံမကြည် ဖြစ်ကာ သစ္စာဖောက်သူများလို့မြင်ပြီး မစုံစမ်းမဆင်ခြင်ဘဲ ဗညားလောနဲ့ ဗညားကျန်းကို ကွပ်မျက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီသတင်းမင်းတရားရွှေထီးကြားတဲ့အခါ ယောက်ဖတော်ကျော်ထင်နော်ရထာက "ဟံသာဝတီအားလျော့ပြီ။ နိမိတ်ထူးတွေလည်း ဖြစ်တယ်ကြားတယ်။ ယခုအချိန်ချီလျှင် ဟံသာဝတီကို မုချအောင်မယ်။ ဟံသာဝတီ (၃၂) မြို့ရလျှင်၊ မုတ္တမ (၃၂) မြို့၊ ပုသိမ် (၃၂) မြို့တို့လည်း လက်နက်နိုင်ငံချည်း ဖြစ်ရလိမ့်မယ်" လို့ တင်လျှောက်လေတယ်။

မင်းတရားရွှေထီးလည်း တင်လျှောက်ချက်သဘောကျတာကြောင့် ဘုရင်ရာဇာတုရင်ဗလ၊ စစ်တုရင်္ဂသူ၊ တုရင်ယော်ဓာတို့ ကွပ်ကဲကာ မြင်းလေးတပ် ရှေ့ကချီစေတယ်။ နောက်ကတပ်မကြီးအနေနဲ့ တိုက်ဆင် (၁၂၀)၊ မြင်း (၈၀၀) စစ်သည် သူရဲ (၇၀,၀၀၀) ခုနစ်သောင်း ကြည်းကြောင်းနဲ့ လှေတပ်မှာ တိုက်လှေ (၂၀၀)၊ အမြောက်ကြီး မြတပ္ပ၊ လက်နက်များနဲ့ ရိက္ခာဆန်ရေတင်ပြီး ရေကြောင်းစစ်သည် (၁၀,၀၀၀) တစ်သောင်းနဲ့ ချီစေတယ်။ သက်ရှည်ကျော်ထင်နဲ့ သခ်ယာကို မြို့စောင့်ထားခဲ့တယ်။

မွန်ဘုရင်သုရှင်တကာရွတ်ပိလည်း မင်းတရားရွှေထီးချီလာပြီ ကြားတဲ့အခါ မနေဝံ့ဘဲ ရေကြောင်းဖောင်တော်စီး အဲမွန်တရာသမိန်စည်သူ၊ သမိန်သံကျယ်၊ ပိုက်နရံစသည် ဦးစီးစေလျက် လှော်ကားသံလှေ (၇၀၀)၊ စစ်သူရဲ (၄၀,၀၀၀) လေးသောင်းနဲ့ ယောက်ဖတော်ရှိရာ ပြည်သို့ဆန်ကာ သွားပူးပေါင်းလေတယ်။

မင်းတရားရွှေထီးလည်း မွန်ဘုရင် ပြည်သို့ဆန်လေပြီ ကြားတာနဲ့ ဟံသာဝတီကို ချီတက်လုပ်ကြံလေတယ်။ အလွယ်နဲ့ပင် ရလေတယ်။ 'မြို့ကိုအခိုင်ပြု၊ ရိက္ခာသွင်းကာ၊ မွန်မင်းပြန်လာလည်း တိုက်မယ်။ မလာလည်း လူသူအင်အား ဖြည့်တင်းထားမယ်' လို့ သုဓမ္မရာဇာ လျှောက်လေတယ်။ ရှေ့ကိုမိုးလေစဲရင် မုတ္တမကို တိုက်မယ်။ မုတ္တမကိုရရင် အလုံးအရင်းအားနဲ့ ပြည်ကိုချီမယ်၊ စီစဉ်ကြလေတယ်။

ဟံသာဝတီမြို့ကို မင်းရဲသိခ်သူနဲ့ စစ်သူရဲ (၁၀,၀၀၀) တစ်သောင်းကျော် အစောင်းထားခဲ့လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင့်နောင်ရဲ့ နောင်ရိုးတိုက်ပွဲ

ကလေးတို့ရေ…

မင်းတရားရွှေထီး ဟံသာဝတီကိုအောင်ပြီး ပြည်မြို့ကို အလုံးအရင်းများစွာနဲ့ ချီလေတယ်။ ချီရာမှာ မင်းတရားရွှေထီးက ရေကြောင်းနဲ့ နောက်က ချီပြီး ဘုရင့်နောင်ကျော်ထင်နော်ရထာက ကြည်းကြောင်းနဲ့ ရှေ့က ချီလေတယ်။

ဘုရင့်နောင်တို့ နောင်ရိုးချောင်းသို့ရောက်တဲ့အခါ မွန်ဘုရင်နဲ့ အမတ်ဗညားဒလတို့ နောင်ရိုးတစ်ဖက်ကမ်းမှာ တပ်ချနေတာ တွေ့ရတယ်။ ရဲမက်တစ်ယောက်ကို သစ်ပင်ပေါ်တက်ကြည့်စေကာ အင်အားကို ခန့်မှန်းစေတယ်။ ရဲမက်က "မွန်တို့မှာ တိုက်ဆင် (၂၀၀) ကျော်၊ မြင်း (၈၀၀) ကျော်၊ ဗိုလ် (၈၀,၀၀၀) ရှစ်သောင်းခန့်ရှိမယ်" လို့ လျှောက်တဲ့အခါ ဘုရင့်နောင်က ရဲမက်တွေကို ဖောင်များဖွဲ့စေတယ်။ နောင်ရိုးချောင်းကို ဆင်မြင်းဗိုလ်ပါတို့နဲ့ ကူးဖြတ်စေတယ်။ တစ်ဖက်ကမ်းသို့ရောက်တာနဲ့ ရဲမက်ဗိုလ်ပါတွေကို စိတ်နှစ်ခွမဖြစ်ရအောင် ဖောင်ကိုဖျက်စေတယ်။ တပ်မှူးစစ်ကဲအပေါင်းတို့က "ကျွန်တော်တို့မှာ ဆင်မြင်းဗိုလ်ပါနည်းလှတယ်။ သူတို့ဟာ ကျွန်တော်တို့ထက် ဆယ်ဆခန့် ပိုများတယ်။ မအောင်လို့ ဆုတ်ရသော် ဖောင်မရှိတော့ မခက်လော့" လို့ လျှောက်လေတယ်။

ဘုရင့်နောင်က "ဘုန်းတော်ကြောင့် အောင်မြင်လိမ့်မယ်။ အစ်ကိုတို့ မစိုးရိမ်နဲ့" လို့ မိန့်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အခြေအနေမှာ မင်းတရားရွှေထီးက "သူ့လူကိုတွေ့ရင် မတိုက်နဲ့ဦး၊ ငါရောက်မှ တိုက်တော်မူမယ်" လို့ ဘုရင်ရာဇာကို မြင်း (၁၀) စီးနဲ့ စေတော်မူလိုက်တယ်။ စေသူတို့ရောက်လာတဲ့အခါ ဘုရင့်နောင်က "ဘုန်းတော်ကြောင့် အောင်မြင်လေပြီ" လို့ လျှောက်လိုက်တယ်။ ထိုအခါ အမတ်ထောမှိုင်းရဲက "ကျွန်တော်တို့ သူ့ကိုမအောင်မြင်သေး။ အောင်ပြီလို့လျှောက်လိုက်ရာမှာ အကယ်၍ အရပ်အနေမသင့်လို့ မအောင်မြင်ခဲ့သော် အပြစ်တင်မခံရလော" လို့ လျှောက်တဲ့အခါ ဘုရင့်နောင်က "သည်စစ်ကို အောင်မြင်လျှင်လည်း အသက်ရှင်မယ်။ မအောင်မြင်ရင် ငါတို့သေရမယ်။ သေလေပြီးသူကို ဘယ်သူအပြစ်တော်တင်မလဲ" လို့ တပ်မှူးစစ်ကဲတို့ စိတ်နှစ်ခွမရှိရအောင် မိန့်တော်မူလေတယ်။

ထို့နောက် ဘုရင့်နောင်စီမံခန့်ခွဲလေတယ်။ "ထောမှိုင်းရဲနဲ့ဆင်စီး အမတ် (၁၅)၊ မြင်း (၂၀၀)၊ သူရဲ (၃၀၀၀) တို့ လက်ယာကြောင်းခွဲတိုက်။ ဘယသကြံနဲ့ ဆင်စီးအမတ် (၁၅)၊ မြင်း (၂၀၀)၊ စစ်သည်သူရဲ (၃၀၀၀) လက်ဝဲကြောင်းဝင်တိုက်" လို့ အမိန့်ပေးလေတယ်။ ဘုရင့်နောင်ကိုယ်တိုင်က "စွယ်လမန်" ဆိုတဲ့ဆင်ကိုစီးကာ ဆင်စီးအမတ် (၂၀)၊ စစ်သည်သူရဲ (၄၀၀၀) လေးထောင်နဲ့ အလယ်ကြောင်း ဝင်တိုက်မယ်လို့။ စီမံလေတယ်။ ပြီးမိန့်ပြန်တယ်။ "စစ်တို့သဘောဟာ အင်အားနည်းတယ် များတယ်မဆိုရ။ လုပ်ရည်၊ ကြံရည်၊ ရဲစွမ်းသတ္တိသာ အရင်းခံဖြစ်တယ်။ ဘဝရှင်မင်းတရားကြီး ကျေးဇူးသစ္စာတော် နှစ်ပါးကို ဦးထိပ်ရွက်ပြီး သည်ပွဲမှာ အစ်ကိုတို့ အသက်စွန့် အမှုထမ်းရမယ်" လို့ မိန့်ပြီး စစ်သုံးကြောင်း ချီလေတယ်။

မွန်အမတ် ဗညားဒလနဲ့မင်းရဲအောင်နိုင်တို့လည်း မြန်မာတို့ စစ်အင်အားနည်းမှန်းသိတဲ့အခါ မကြောက်ရွံ့ဘဲ စစ်မျက်နှာ ဖြန့်ကြိုလေတယ်။

ဘုရင့်နောင်လည်း ဆင်ကိုချွန်းဖွင့်ဝင်တယ်။ မွန်တို့ ဆင်ပုံ၊ မြင်းပုံကို ရောက်တဲ့အခါ ဗညားဒလစီးတဲ့ ဆင်ကို စူးစိုက်တိုက်လေတယ်။ ဗညားဒလလည်း ဆင်ထက်ကဆင်းကာ မြင်းကိုစီးပြီး ဆုတ်ခွာလေတယ်။ လက်ဝဲကြောင်း၊ လက်ယာကြောင်းချီတဲ့ ဆင်စီးအမတ်တွေလည်း ဆင်ချွန်းဖွင့်တိုက်လေတယ်။ မွန်တို့ လေးစုကွဲပြီး တပ်ပျက်လေတယ်။ မွန်ဘက်က မင်းရဲအောင်နိုင်လည်း ဆင်ဦးတွင်ပင် ဆုံးတယ်။ မွန်ဘက်က အသေအပျောက်များလေတယ်။ ဆင် မြင်း သုံ့ပန်းအများလည်း မြန်မာဘက်က ရလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်နောင်တို့ စစ်အောင်ပြီး နောက်နေ့မှ မင်းတရားရွှေထီး ရောက်လာတယ်။ "ငါ့ပွဲကို နင်ဖျက်တယ်" လို့ အပြစ်တင်တဲ့အခါ ဘုရင့်နောင်က "ဤပွဲသည် အရှင်နဲ့မတန်ပါ။ ကျွန်ုပ်တို့ကျွန်နဲ့သာ ထိုက်တန်တာမို့ တိုက်နှင့်ပေတယ်။ တိုက်ခိုက်ဖို့ များစွာကျန်ပါသေးတယ်" လို့လျှောက်ပြီး သို့ပန်း ဆင် မြင်းတို့ကိုဆက်တဲ့အခါမှ မင်းတရားရွှေထီးလည်း အားရတာကြောင့် ဝတ်တော်မူသော လက်စွပ်၊ ပတ္တမြားလက်ကောက်ကို ဆုချလေတယ်။ ဘုရင့်နောင်အမည်နဲ့ လှိုင်မြို့ကိုလည်း ပေးလေတယ်။ ပွဲလမ်းရသူတို့ကိုလည်း အထိုက်အလျောက် စားကျေးစားလက် ပေးတော်မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ပြည်လှေတပ်တိုက်ပွဲ

ကလေးတို့ရေ···

မင်းတရားရွှေထီးတို့ ဘုရင့်နောင်တို့ ရင်ဆိုင်ရတဲ့ တိုက်ပွဲတွေဟာ တိုက်ပွဲကြီးတွေ ဖြစ်တယ်။ ရဲရင့်စွန့်စားပြီး စီမံကွပ်ကဲမှုကောင်းလို့သာ အောင်နိုင်ကြရတာပဲ။

မွန်မင်းသုရှင်တကာရွတ်ပိဟာ နောင်ရိုးမှာခုခံတဲ့ မိမိတပ်ပျက်တာကြောင့် ပန်းမတီးဝ အရပ်မှာမနေဝံ့တော့ဘဲ ပြည်ဘုရင်နရပတိနဲ့ပေါင်းဖို့ ကြံရွယ်ပြီး ပြည်သို့ဆန်တက်လေတယ်။ ပြည်ဘုရင်နရပတိကလည်း ဆီးကြိုလေတယ်။ မင်းတရားရွှေထီး စစ်ကိုရင်ဆိုင်နိုင်ဖို့ တိုင်ပင်ပြီး အညာမှာ စော်ဘွားများကို စစ်ကူဖို့ခေါ်ရလေတယ်။ စော်ဘွားများလည်း အလုံးအရင်းနဲ့ ရောက်လာကြတယ်။

ပြည်ကိုအရောက်ညီကြတဲ့အခါ ပြည်မင်း၊ အင်းဝမင်း၊ ဟံသာဝတီမင်းတို့ ဟံသာဝတီကို ကြည်းကြောင်း၊ ရေကြောင်းချီပြီး မွန်မင်းကို ပြန်ပြီး နန်းတင်မယ်လို့ စိုင်းပြင်းကြတယ်။

မင်းတရားရွှေထီးလည်း ရေအား၊ ကြည်းအား အလုံးအရင်းများစွာနဲ့ ပြည်သို့ ချီတော်မူတယ်။ အင်ပျော်ကျွန်းအရောက်မှာ တပ်ခိုင် တပ်ကိုတည်ပြီး ကြည်းရေအင်အားစုံနဲ့ စစ်ထိုးဖို့ စိုင်းပြင်းလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ဘုရင်၊ အင်းဝဘုရင်၊ မွန်ဘုရင်နဲ့ စော်ဘွားများဟာ မင်းတရားရွှေထီးပြည်ကို ချီလာပြီကြားတဲ့အခါ ပြည်က စစ်ခံဖို့ပြင်ကြတယ်။ အင်ပျောကျွန်းမှာ မင်းတရားရွှေထီးလည်း ဘုရင့်နောင်နဲ့ တိုင်ပင်ရာမှာ ဘုရင့်နောင်က "တိုက်လှေကြီးအပေါင်းကို အမြောက်၊ မြတပူ၊ စိန်ပြောင်း လက်နက်များကို တင်ပြီး အင်ပျောကျွန်းနောက် မြစ်နားနှစ်ဖက်မှာ အသင့်နေစေပြီးမှ ညသို့ နက်နက်ကို စစ်ရေးငင်မယ်၊ မျှားခေါ်မယ်။ သူ့လှေတပ် ထပ်ပြီးလိုက်လာတဲ့ အခါ သူကျွံလာတာနဲ့ ထွက်တိုက်မယ်" လို့ တင်တဲ့အခါ မင်းတရားရွှေထီး သဘောကျတာကြောင့် သူက စစ်ရေးငင်မယ်" မိန့်ကာ ရွှေလှော်ကား နှစ် စင်းနဲ့ ဗုံမောင်းနဲ့ခရာတင်ပြီး မတီးစေဘဲ ညဘက်ကို ပြည်မြို့ရင်းရောက် အောင် ဆန်လေတယ်။ ပြည်မြို့ရင်းရောက်မှ နှဲခရာဗုံမောင်းတို့ကိုင တစ်ပြိုင် နက် တီးစေတယ်။ ဘုရင့်နောင်လည်း တိုက်လှေကြီးများကို အသင့်ပြင်ကာ အင်ပျောကျွန်းက စောင့်နေလေတယ်။

ပြည်က လှေတပ်သားတို့လည်း မင်းတရားရွှေထီးလှေတပ်မပါတာကို မြင်တဲ့အခါ အကြောက်ရွံ့မရှိ၊ မြစ်လုံးပြည့်မျှ လှေတပ်နဲ့ လိုက်လေတယ်။ ပြည်အမတ်၊ အင်းဝအမတ်၊ ပေါင်းတည်စား၊ ပန်းတောင်းစား၊ ကျွန်းဆုံစား၊ မွန်အမတ်၊ ဗညားဒလစသည် အမတ်ခြောက်ဦး ကွပ်ကဲကာ တိုက်လှေကြီးတွေနဲ့ မင်းတရားရွှေထီး လှေနောက် လိုက်ကြတယ်။ မင်းတရား ရွှေထီးလည်း မဝေးမကွာစေဘဲ မျှားခေါ်ခဲ့လေတယ်။ အင်ပျောကျွန်းရောက်တဲ့အခါ ဘုရင့် နောင်တို့လည်း ပြည်လှေတပ် အကျွံကိုထွက်တိုက်ကြလေတယ်။ ပြည်ကလှေ တပ်ဖျက်လေတယ်။ လှေနဲ့တကွ အမတ် ခြောက်ဦးကိုရတဲ့အပြင် တိုက်လှေ အစင်း (၂၀၀)၊ သုံ့ပန်းလူ မွန်၊ မြန်မာ၊ ရှမ်း (၅၀၀၀) ကျော် ရလေတယ်။ ပြည်လှေတပ်ဘက်က အကျအဆုံးလည်း များလေတယ်။

လှေကနေ ကုန်းပေါ်တက်ပြေးသူတွေကိုလည်း မင်းတရားရွှေထီး ကြည်းတပ်သားများက ဆီးဆို့ပြီး လုပ်ကြံကြတယ်။ မင်းတရားရွှေထီးသည် ပြည်ရေကြောင်းတပ်ကို အောင်မြင်ပြီးနောက် ဟံသာဝတီမှာ အနေအထားမကျ သေးတာကြောင့် အလျင်ပြန်တော်မူလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မွန်မင်း၊ အင်းဝမင်း၊ ပြည်မင်းတို့နဲ့ စော်ဘွားများလည်း ဟံသာဝတီကိုချီပြီး မှန်မင်းသုရှင်တကာရွတ်ပိကို ပြန်နန်းတင်ဖို့ စိုင်းပြင်းကြပြန်တယ်။

မွန်မင်းဟာ လူသူအင်အားစုရုံးဦးမည်ကြံကာ ပြည်ကနေ အင်္ဂပူရတပ်ကို ပြန်လေတယ်။ အင်္ဂပူရောက်တဲ့အခါ ဆင်ကောင်းပေါ် တပ်လျှောက်လာတာနဲ့ တိုက်ဆင် (၇၀)၊ မိုလ် (၁၀၀၀) ခန့်နဲ့ ဆင်ကျော့ဖို့ တောထဲသွားလေတယ်။ ဆင်ကိုတွေ့တာကြောင့် အားစိုက်လိုက်ရင်း နောက်ပါတွေနဲ့ပြတ်ပြီး တစ်စီးတည်း ဆင်နောက်လိုက်ရာမှာ တောမှားပြီး ထိတ်လန့်ဖျားနာကာ အနိစ္စရောက်လေတယ်။ ပြည်ဘုရင်နရပတိ၊ အင်းဝဘုရင်သိုဟန်ဘွားတို့လည်း အင်္ဂပူရတပ်ကိုသွားပြီး မွန်မင်းကို သင်္ဂြိုဟ်ပေးပြီး မွန်မင်းအမွေ ဆင်မြင်းလူသူတို့ကို သိမ်းယူကာ ပြည်သို့ပြန်လေတယ်။ သိုဟန်ဘွားလည်း မွန်မင်းရဲ့ သမီးတော်နဲ့ သားတော် နှစ်ပါးကိုယူပြီး အင်းဝ ပြန်လေတယ်။ မွန်မင်းအနိစ္စရောက်တဲ့အခါ မွန်မှူးမတ်အပေါင်းလည်း ဟံသာဝတီသို့လာပြီး မင်းတရားရွှေထီးထံ သစ္စာခံကြလေတယ်။ မင်းတရားရွှေထီးလည်း ထိုက်သင့်ရာ အဆောင်အယောင် စားကျေးစားလက်ပေးကာ ချီးမြှောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းတရားရွှေထီးရဲ့ မုတ္တမတိုက်ပွဲကြီး

ကလေးတို့ရေ…

တစ်ပြည်တစ်မင်း အစိတ်စိတ်ကွဲနေတဲ့ တိုင်းငယ်ပြည်ငယ်တွေကို စည်းလုံးတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် မင်းတရားရွှေထီးဟာ ဘုရင့်နောင် ကျော်ထင်နော်ရထာနဲ့တွဲပြီး တိုက်ခိုက်ကြတာဟာ သမိုင်းမှာ ထွန်းပြောင်လှပေတယ်။

မင်းတရားရွှေထီးဟာ ဟံသာဝတီကိုသိမ်းပြီး မွန်ပြည် အနောက်တစ်လွှား ပုသိမ် (၃၂) မြို့ကို အနှောင့်အယှက်မရှိရအောင် အလုံးအရင်းနဲ့ ကြေးစားထည့်တော်မူပြီး ကင်းရှည်၊ ကင်းတိုထားတော်မူတယ်။ ဟံသာဝတီမြို့သစ်ကိုလည်း တည်တော်မူတယ်။ မင်းရဲသိင်္ခကိုလည်း မင်းမြောက်တန်ဆာငါးပါးပေးပြီး ကေတုမတီ (တောင်ငူ) မှာ ဘုရင်ခံထားတော်မူတယ်။ အဲဒီလို စီမံခန့်ခွဲ လုပ်ဆောင်ပြီးမှ သက္ကရာဇ် (၉၀၂) ခုမှာ မုတ္တမကို ချီလေတယ်။

အဲဒီအချိန်က မုတ္တမမှာ မွန်ဘုရင်ရဲ့ ယောက်ဖ "စောဗညား" စိုးစံနေလေတယ်။ သူ့မှာ ဆင်လုံးမြင်းရင်းလည်း များလှတယ်။ သင်္ဘောဆိပ်မြို့ဖြစ်တာကြောင့် ကုလားပန်းသေးတို့လည်း အဝင်အထွက်ရှိတယ်။ သူတို့ဆီက စိန်ပြောင်း၊ မြတပူစတဲ့ လက်နက်တွေလည်းရတယ်။ မင်းတရားရွှေထီး မုတ္တမကို ချီတက်စဉ်က မြို့အရှေ့မှာ လက်နက်အပြည့်အစုံနဲ့ သင်္ဘော (၇) စင်း ကျောက်ဆူးချနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အခြေအနေမှာ မင်းတရားရွှေထီးဟာ တိုက်ဆင် (၁၃၀)၊ မြင်း (၂၁၀)၊ စစ်သည်သူရဲ (၁၃၀,၀၀၀) ပါဝင်တဲ့ တပ်ပေါင်း (၁၂) တပ်နဲ့ ချီလေတယ်။ မုတ္တမကို အကြိမ်ကြိမ်ကြဲပေမယ့် မြို့ကိုမတက်နိုင်ဘူး။ ကုလားသင်္ဘောတွေပေါ်ကလည်း အမြောက်၊ စိန်ပြောင်းနဲ့ပစ်တာကြောင့် တိုက်လှေတွေလည်း ကွဲပျက်လေတယ်။ မြို့စီးပြစီးများကလည်း လက်နက်ထူထပ်တာကြောင့် မင်းတရားရွှေထီးဘက်မှာ ရဲမက်တွေ အထိအရှမျိုးလှတယ်။

ဒါနဲ့ မျိုးရိက္ခာသွင်းမရအောင် ဘုရင့်နောင်ကို ပိတ်ဆို့စေပြီး အပြင်ကပဲ ဝိုင်းရံနေရတယ်။ မုတ္တမစားဟာ သူ့မြို့ငတ်ပေမယ့် လက်နက်မချလေဘူး။ မင်းတရားရွှေထီးဟာ စစ်ကြာရှည်လာလို့ ယောက်ဖတော် မော်လမြိုင်ဗညားဦးထံ စစ်ကူတောင်းရလေတယ်။ ဗညားဦးလျှောက်လိုက်တဲ့ စာရတဲ့အခါ သမိန်ဗရူးကိုခေါ်ကာ မုတ္တမကို လုပ်ကြံပြန်တယ်။ မရလေဘူး။ "မြစ်ကြောင်းကျယ်တာကြောင့် မျိုးရိက္ခာ ညဘက်သွင်းဟန်ရှိတယ်။ သင်္ဘော (၇) စင်းကိုလည်း ဖျက်နိုင်မှ မြို့အရှေ့မျက်နှာက နိမ့်တယ်။ သင်္ဘောတွေပျက်ရင် အဲဒီကတက်မယ်" လို့ ဆွေးနွေးကြရင်း သမိန်ဗရူးလျှောက်တာကြောင့် သမိန်ဗရူးကို လှေတပ်ဝန်ချုပ် ခန့်တော်မူတယ်။

သမိန်ဗရူးက မုတ္တမမြစ်ညာရှိ လဝန်းမြို့သွားကာ သစ်ဝါးခုတ်စေတယ်။ နောက်ဖောင်အဝ အလံ (၅၀)၊ အလျားအလံ (၁၀၀) ဖွဲ့ပြီး မီးရှူးဝါးကို စီးစေကာ အတောင် (၂၀) ကျော် အထပ်ထပ်ဖောင်ပေါ်တင်စေတယ်။ ညဥ့်ဘက်မှာ အဲဒီဖောင်ကို မျှောခဲ့ကာ မုတ္တမအညာမနီးမဝေးမှာ ဆိုက်ထားလေတယ်။ နောက်တစ်ဖောင်မှာလည်း အဝ အလံ (၅၀)၊ အလျားအလံ (၃၀၀) ကို ခိုင်ခံ့အောင်လုပ်ပြီး မုတ္တမမြို့ထက်မြင့်အောင် သစ်တပ်တည်ကာ ပြလက်ရန်း၊ သူရဲပြေးနိုင်အောင် လုပ်စေတယ်။ အဲဒီအပေါ် အမြောက်သေနတ်အပြည့်စီစဥ်ပြီး မုတ္တမမြစ်ညာမှာ ဆိုက်ထားလေတယ်။ အဲဒီလုပ်ဆောင်ပြီး ဖောင်နှစ်ဖောင်ပေါ်မှာ မီးစာတင်ထားတဲ့ ဖောင်ငယ်ကိုတင်ပြီး ဒီရေတက်ချိန်မှာ ဖောင်ငယ်ကို မထားလေတယ်။ မိုးလင်းကာနီး ဒီရေကျချိန်မှာ မီးရှူးပုံကို မီးညှိပြီးတဲ့အခါ တစ်ပြိုင်နက် မီးရှူးပုံမီးတောက်ကာ မီးလျှံထန်းတစ်ဖျားခန့်ရှိမှ ဖောင်ကို သင်္ဘောဆီ တည့်တည့်မျှောလိုက်တယ်။ ဖောင်ဖိမိလို့

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကို မီးစွဲလောင်လေတယ်။ မုတ္တမမြို့တွင်းသားတွေလည်း သင်္ဘော မီးစွဲလောင်တာမြင်တဲ့အခါ မြို့ကထွက်ပြီး လှေကြီးလှေငယ်နဲ့ ထွက်လာကြတယ်။ မီးစွဲရာငြိမ်းဖို့ ဖြစ်တယ်။ အဲဒီအခါမှာ ထွက်လာတဲ့ လှေတွေကို မင်းတရားရွှေထီးရဲ့တပ်က လိုက်တိုက်လေတော့ မြို့တွင်းပြန်ဝင်ပြေးကြလေတယ်။

မီးရှူးဖောင်ဟာ သင်္ဘောကြီး လေးစင်းကို ဖိမိပြီး မီးလောင်တယ်။ ကျောက်ဆူးကြိုးတွေလည်း ပြတ်ကုန်တယ်။ သင်္ဘောသားတွေလည်း မီးလောင်ခံရတယ်။ တချို့ရေထဲ ဆင်းသူတွေကိုလည်း ဘုရင့်နောင်ရဲမက်တွေက ထိုးခုတ်တိုက်ခိုက်တယ်။ သင်္ဘော (၇) စင်းမရှိတဲ့အခါ မြို့အရှေ့မျက်နှာ လပ်လေတယ်။ လုပ်ထားတဲ့ ဖောင်ကြီးကို ဒီရေအကျမှာ မျှောလိုက်ပြီး မုတ္တမမြို့ရှေ့မှာ ကပ်ထားလေတယ်။ ဖောင်က မြို့ထက်မြင့်တာကြောင့် ရဲမက်တွေဟာ မြို့တွင်းကိုအမြောက်၊ စိန်ပြောင်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်ကြတယ်။ မြို့တွင်းက တပ်သားတွေလည်း မြို့ထိပ်မှာမနေရဘဲ ဆင်းပြေးလေတယ်။

မင်းတရားရွှေထီးတပ်တွေဟာ မြို့တွင်းတရကြမ်းဝင်ကာ တိုက်ခိုက်လေတယ်။ စောဗညားကိုလည်း ဆင်နဲ့တကွ ရလေတယ်။ မင်းတရားရွှေထီး မုတ္တမကို အောင်တဲ့အခါ အားလုံးကိုတဲနန်းထဲခေါ်ပြီး "သမိန်ဗရူး" ကိုလည်း ချီးမွမ်းလေတယ်။ စောဗညားကို မသတ်ဘဲ အဆောင်အယောင်နဲ့တကွ မြောင်းမြကို ပေးတယ်။ စောဗညားကို ဆင်စီးချင်းထိုး အနိုင်တိုက်တဲ့ ရဲမက်ကိုလည်း ဘုရင့်နောင်အားရာစေတယ်။ နန္ဒကျော်သူကိုပြတဲ့အခါ စောဗညားက သူပဲလို့ဝန်ခံတာကြောင့် ဘုရင့်နောင်ကိုလည်း ကြီးကြပ်ပုံကောင်းကြောင်း ချီးမွမ်းလေတယ်။ နန္ဒကျော်ကိုလည်း မင်းကျော်ထင်အမည်နဲ့ အဆောင်အယောင်၊ ဆင်မြင်းကျေးကျွန်၊ ရွှေခွက် ငွေခွက်များစွာ ချီးမြှင့်လေတယ်။ မုတ္တမရှိ သူဌေးသူကြွယ်တို့လည်း မင်းတရားထံ ရွှေငွေလက်ဆောင်များစွာ ဆက်လေတယ်။ တိုက်ပွဲဝင်မှူးမတ်၊ အကြပ်၊ တပ်သားတွေကိုလည်း ထိုက်သင့်ရာ ချီးမြှင့်လေတယ်။ မုတ္တမမြို့ကိုလည်း မွန်ဘုရင်ရဲ့ အရီးတော်သားစောလဂွန်းအိမ်ကို အဆောင်အယောင်နဲ့တကွ ပေးလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ပြည်မြို့သိမ်း တိုက်ပွဲကြီး

ကလေးတို့ရေ…

မင်းတရားရွှေထီးရဲ့ တိုက်ပွဲတွေဟာ မပြီးဆုံးသေးဘူး။

သက္ကရာဇ် (၉၀၃) ခုနှစ်မှာတော့ မင်းတရားရွှေထီးဟာ ရေအား၊ ကြည်းအားနဲ့ ပြည်မြို့ကိုတိုက်ဖို့ ချီပြန်တယ်။ ပြည်မှာက ပြည်ဘုရင်နရပတိ အနိစ္စရောက်ပြီး သူ့ညီရှင်သရက်ဟာ "မင်းခေါင်" နာမည်ခံပြီး ပြည်မှာ မင်းပြုနေလေတယ်။ မင်းတရားရွှေထီးချီလာပြီ ကြားတဲ့အခါ ပြည်ဘုရင် မင်းခေါင်ဟာ အင်းဝမင်း သိုဟန်ဘွား၊ ကုန်းဘောင်ခုံမှိုင်းစတဲ့ အညာစော်ဘွားတွေနဲ့ ရခိုင်မင်းဆီပါ စစ်ကူတောင်းရလေတယ်။

စစ်အတွင်းမှာ သူ့သတင်းကိုယ့်သတင်း အမြဲထောက်လှမ်းနေကြရတယ်။ အင်းဝသိုဟန်ဘွား ကုန်းဘောင်ခုံမှိုင်း၊ မိုးညှင်း၊ မိုးမိတ်စော်ဘွားတွေ အလုံးအရင်းနဲ့ ပြည်ကိုစစ်ကူဖို့ ချီတက်လာပြီကြားတဲ့အခါ ဘုရင့်နောင်ကျော်ထင်နော်ရထာက လမ်းကနေဖြတ်တိုက်တယ်။ စော်ဘွားတပ်တွေပျက်ပြီး ဆုတ်ကြရတယ်။ ဆင်၊ မြင်း၊ လက်နက်၊ သုံ့ပန်းအများရလေတယ်။ ရခိုင်ဘုရင်၊ ရေကြောင်းကြည်းကြောင်းနဲ့ ပြည်ကိုကူဖို့ချီလာတာကိုလည်း ဘုရင့်နောင်က လမ်းကနေဖြတ်တိုက်ပြန်တယ်။ သူတို့ချင်းမပေါင်းမိခင် ဖြတ်တိုက်နိုင်တာ တစ်ပန်းသာတာပေါ့။ ရခိုင်ရေကြောင်း တပ်အရေးနိမ့်ပြီး ပြန်ဆုတ်သွားရတယ်။ ဘုရင့်နောင်ရဲ့ အစီအမံတိုက်ရည် ခိုက်ရည်ကောင်းမှုကြောင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်တပ်တွေကို အောင်နိုင်တာဖြစ်ကြောင်း မင်းတရားရွှေထီး ချီးမွမ်းကာ ဘုရင့်နောင်ကို အိမ်ရှေ့မင်းအရာ ပေးလေတယ်။

မင်းတရားရွှေထီးလည်း ရခိုင်စစ်ကိုအောင်ကြောင်း စာရေးပြီး မြို့တွင်းကို စေလေတယ်။ ရခိုင်အမတ်တစ်ယောက်ကိုလည်း ထည့်လိုက်ပြီး ပြည်မြို့ကို ဝိုင်းထားလိုက်တယ်။

ပြည်ဘုရင်လည်း စစ်ကူလာတဲ့ ဇော်ဘွားများနဲ့ ရခိုင်ကစစ်ကူလည်း ပျက်ကြောင်း သိလေတယ်။ ဒါပေမဲ့ မိုးကျလျှင် မင်းတရားရွှေထီး ထပ်နေနိုင်မှာ မဟုတ်ဆိုပြီး မြို့ပြကိုသာ အခိုင်ပြုနေလေတယ်။

မင်းတရားရွှေထီးလည်း ရဲမက်တွေကို မြို့ကိုတက်စေတယ်။ အမြောက်၊ သေနတ်၊ လက်နက်ထူထပ်တာကြောင့် အရှုံးအနများလေတယ်။ ဒါ့ကြောင့် မင်းတရားရွှေထီးက ဘုရင့်နောင်ကို တိုင်ပင်ပြန်တယ်။ ဘုရင့်နောင်က "ကျွန်တော်တို့မြို့ကို ရံနေတာ ငါးလ၊ ခြောက်လခန့်ရှိပြီ။ ပြည်မြို့က ငယ်တယ်။ ကျိုကြဘဏ္ဍာနည်းတယ်။ ဒါပေမဲ့ စားလူကများတယ်။ ဒါ့ကြောင့် ရိက္ခာဟင်းတစ်ရွက်မျှ မသွင်းရအောင် ပိတ်ဆို့မယ်။ ဟံသာဝတီကို မျိုးရိက္ခာ မှာပြီး ကျွန်တော်တို့ စပါးစိုက်လယ်လုပ်မယ်။ ဝိုင်းမြဲဝိုင်းထားမယ်" လို့ လျှောက်လေတယ်။

မင်းတရားရွှေထီးလည်း ဘုရင့်နောင် စိတ်တိုင်းကျ စီမံစေတယ်။ ကြည်းတပ်၊ ရေတပ်လည်း ထပ်ချတယ်။ စပါးတစ်လုံး၊ ဆန်တစ်စေ့မျှ မြို့တွင်းမသွင်းရအောင် ပိတ်ဆို့လေတယ်။ ဘုရင့်နောင်လည်း နေ့ညမပြတ် ကွပ်ကဲလုပ်ဆောင်လေတယ်။

နောက်တစ်လခန့်ရှိတဲ့အခါ မြို့တွင်းသားတို့ ငတ်မွတ်လှတာကြောင့် မြို့တွင်းကနေ အပြင်တပ်သို့ဝင်လာလေတယ်။ ဝင်ဖန်များတဲ့အခါ မြို့စီးပြစီး နည်းပါးလာတာကြောင့် ပြည်ဘုရင်မင်းခေါင် ထိတ်လန့်လာတယ်။ ဒါ့ကြောင့် အသက်ကို အခွင့်လွှတ်စေဖို့ လက်ဆောင်ပဏ္ဏာအများယူကာ "နဂဝရ" ဆင်ကောင်းနဲ့ ဆရာတော် ရှင်မဟ္မဂါလဂုရု၊ ရှင်တိသာသန ဘုန်းတော်ကြီး နှစ်ပါးကို မင်းတရားရွှေထီးထံ ပန်ကြားစေတယ်။

မင်းတရားရွှေထီးလည်း လူ့အသက်ရခဲပေတယ်လို့ ပြည်ဘုရင်ကို မသတ်ဘဲ ခွင့်လွှတ်လေတယ်။ ပြည်ဘုရင်မင်းခေါင်လည်း မူးတော်မတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဟို့နှင့်တကွ မြို့တွင်းကထွက်ကာ မင်းတရားရွှေထီးထံ ကိုယ်ကိုအပ်လေတယ်။ မင်းတရားရွှေထီးလည်း မင်းခေါင်နှင့်တကွ မိဖုရားကို ကေတုမတီ၊ (တောင်ငူ) မှာ နေစေတယ်။ မောင်မမိသံ၊ ဆင်ကောင်း၊ မြင်ကောင်း၊ မှူးတော်၊ မတ်တော်တို့ကို အားလုံးသိမ်းယူပြီး ဟံသာဝတီသို့ ပို့တော်မူတယ်။ ပြည်မြို့ကိုတော့ အထိန်းတော်သတိုးဓမ္မရာဇာကိုပေးပြီး မင်းပြုစေတယ်။

ကျေးစွန်ရွာလက်တို့ကို ခန့်ထားကာ ကင်းတို၊ ကင်းရှည်ထားပြီးမှ ဟံသာဝတီသို့ ပြန်တော်မူလေတယ်။ ပြည်တိုက်ပွဲကြီးကား ဘုရင့်နောင်ကျော်ထင်နော်ရထာရဲ့ အစီအမံ အကွပ်အကဲ၊ လုပ်ရည်ကိုင်ရည် တိုက်စွမ်းရည်ထင်ရှားလှသော တိုက်ပွဲကြီး ဖြစ်ပေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## စော်ဘွားတပ်ပေါင်းစုကို ဖြိုခွင်းခြင်း

ကလေးတို့ရေ…

ပြည်ဘုရင်စစ်ကူးတောင်းလို့ စော်ဘွားတပ်တွေချီအလာမှာ ဘုရင့်နောင်လမ်းကဖြတ်ပြီး ဆီးကြိုတိုက်တာကြောင့် စော်ဘွားတပ်တွေပျက်ပြီး ပြန်ဆုတ်သွားရတဲ့ အကြောင်းပြောခဲ့ပြီနော်။ ပြည်မှာလည်း မင်းပြောင်းမင်းလွှဲ ဖြစ်ခဲ့တယ်။ မင်းတရားရွှေထီးရဲ့ သစ္စာခံဘုရင် ဖြစ်သွားတယ် မဟုတ်လား။

အဲဒီလိုဖြစ်တာကို စော်ဘွားတွေက မကျေနပ်ဘူး။ အင်းဝမှာလည်း သိုဟန်ဘွားကို မင်းကြီးရန်နောင် လုပ်ကြဲဖို့ ကုန်းဘောင်ခုံမှိုင်းကို နန်းတင်ကြတယ်။ နောက်တစ်ခါ ပြည်ကိုချီတက်လုပ်ကြဲဖို့ စော်ဘွားတွေ တိုင်ပင်ကြပြန်တယ်။ ဟိုတစ်ခါ အရောက်မညီကြလို့သာ သူတို့ဆုံးရှုံးရတယ်လို့ သုံးသပ်ကြတယ်။ ဒါ့ကြောင့် ခုတစ်ခါ ချီတက်ရာမှာ အင်းဝဘုရင်ခုံမှိုင်းနဲ့ညီ၊ မိုးမိတ်၊ မိုးကောင်း၊ ဗန်းမော်၊ ညောင်ရွှေ၊ သိန္နီ၊ မိုးညှင်း၊ မိုးနဲ စသည် တစ်ပေါင်းတစ်စည်းတည်း စော်ဘွားတပ်တွေပေါင်းပြီး ကြည်းကြောင်း၊ ရေကြောင်းနှစ်ပိုင်း တိုက်ရင် ပြည်ဘုရင်ခံနိုင်မှာလားဆိုကာ စစ်ချီဖို့ ပြင်ကြတယ်။ ဆင်လုံး၊ မြင်းရင်း၊ တိုက်လှေ၊ ဗိုလ်ခြေတို့ကို ပိုနိုင်ခဲ့အောင် စီမံကြလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းစော်ဘွားတပ်ပေါင်းစုကြီး ပြည်သို့လာပြီကြားတဲ့အခါ ပြည်စားသတိုး သုဓမ္မာရာဇာက ခြေမြန်လွှတ်ပြီး မင်းတရားရွှေထီးထံ အကြောင်းကြားလေတယ်။

မင်းတရားရွှေထီးလည်း ဆင်၊ မြင်း၊ ကြည်း၊ ရေ အလုံးအရင်းများစွာနဲ့ စော်ဘွားတပ်တွေကို နှိမ်နင်းဖို့ ပြည်ကိုစစ်ချီပြန်တယ်။ ပြည်မြို့နဲ့နီးတဲ့ တရုတ်မော်၊ ဂူထွတ်၊ ဟသ်ာတ၊ မနုဖြူ၊ လိုင်၊ မော်ပီ၊ သာယာဝတီစတဲ့ မြို့တွေပါ အခိုင်ပြုကာ အမြောက်၊ မြတပူ၊ စိန်ပြောင်း စသည် လက်နက်များနဲ့ ပြည်မြို့တွင်း မျိုးရိက္ခာတွေသွင်းပြီး ပြည်မြို့စားကို စစ်ခံဖို့ စီစဉ်လေတယ်။

စော်ဘွားတပ်ကြီးလည်း ပြည်အထိချီလာပြီး ရေးအား၊ ကြည်းအားနဲ့ ပြည်မြို့ကို လုပ်ကြံတယ်။ မြို့ထိပ်က အမြောက်၊ စိန်ပြောင်း လက်နက်ပစ်ခတ်ကူထပ်တာကြောင့် မတက်နိုင်ဘဲ ရှမ်းတပ်တွေ အသေအပျောက်များလှတယ်။ ရေကြောင်းဘက်က ရှမ်းတပ်လှေတွေလည်း လက်နက်ကြီးတွေထိတာကြောင့် လှေတွေကွဲပျက်၊ နစ်ကြပြီး အသေအပျောက်များလေတယ်။ ဒါ့ကြောင့် မြို့ကခွာပြီး ပြည်မြို့မြောက်တစ်တိုင်ကျော် အရပ်မှာ တပ်ခိုင်ပြုပြီး ဝိုင်းရံထားရလေတယ်။

မင်းတရားရွှေထီးလည်း ဘုရင့်နောင်အပါအဝင် မုတ္တမစားစောလဂွန်းအိမ်၊ မြောင်းမြသမိန်ဗရူးစတဲ့ အမတ်တွေနဲ့ တိုင်ပင်ပြီး တပ်တွေကို အထူးကြပ်မတ်စေတယ်။ ပြီးမှ မင်းကရားကိုယ်တိုင် ရေကြောင်းအုပ်ချုပ်၊ ကြည်းကြောင်းကိုတော့ ဘုရင့်နောင်အုပ်ချုပ်ကာ ပြည်ကို တောင်ငူကြောင်း၊ သာယာဝတီကြောင်း ချီလေတယ်။

ရေကြောင်းဘက်မှာ တိုက်လှေကြီးတွေပေါ် လက်နက်ကြီးတွေတင်ပြီး အနောက်ဘက်ကြောင်းကနေ လုပ်ကြံတာကြောင့် ရှမ်းတပ်လှေအများ ပျက်ယွင်းနစ်မြုပ်ကုန်ကြတယ်။ အညာက မျိုးရိက္ခာပို့တပ်တွေကိုလည်း ဘုရင့်နောင်တပ်တွေက စကု၊ စလင်းကနေ ဆီးဆို့တိုက်ခိုက်တာကြောင့် ရှမ်းတပ်ရိက္ခာ ပြတ်လေတယ်။

ရှမ်းတပ်တွေ ဆုတ်ခွာတဲ့အခါ ဘုရင့်နောင်က စစ်ကြောင်းဖြင့်လိုက်ဟိုက်လေတယ်။ ရှမ်းတပ်စစ်ခံယောင်ပြုနေလေရာ ဘုရင့်နောင်ခင်ချွန်းဖွင့်ကာ ဆင်ကူအစီး (၃၀) နင့်ဖိပြီး တိုက်တာကြောင့် ရှမ်းတပ် လေးစုကွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



ပျက်လေတယ်။ စလင်းစားစည်သူကျော်ထင်၊ ပုဂံစားသတိုးတို့လည်း ရှမ်းတပ်နဲ့အတူ အင်းဝသို့ ပါလေတယ်။

မင်းတရားရွှေထီးလည်း ဧရာဝတီ အရှေ့အနောက် ပုဂံ၊ စကု၊ စလင်း၊ လယ်ကိုင်းစတဲ့ မြို့ပြကျေးလက်အပေါင်းကိုသိမ်းပြီး မြို့စားပြစား၊ ကင်းတို၊ ကင်းရှည်အားလုံး စီမံပြီးမှ ဟံသာဝတီသို့ ပြန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## စည်သူကျော်ထင်နှစ်ယောက် စီးချင်းတိုက်ပွဲ

ကလေးတို့ရေ…

မင်းတရားရွှေထီး ရောဝတီအရှေ့အနောက်တစ်လွှားသိမ်းပြီးနောက် ပိုင်း သက္ကရာဇ် (၉၀၆) ခုနှစ်မှာ ဟံသာဝတီအနောက်ဘက် မုန်ကျောင်း အရပ်မှာ ကျောင်းရဲ (၇၀) နဲ့တကွဆောက်ပြီး မွန်ဆရာတော်ကို မဟာသံဃ ရာဇာဆိုတဲ့ ဘွဲ့တံဆိပ်နဲ့ သာသနာပိုင် ခန့်တော်မူတယ်။ ကောင်းမှုတွေလည်း ပြုလေတယ်။

အဲဒီနှစ်မှာပဲ စလင်းစား အချီတော်စည်သူကျော်ထင်ကို အရင်စလင်း စားရဲ့ ကျွန်လုလင်ကျော်မှူးဟာ အင်အားစုပြီး ပုန်ကန်လေတယ်။ တောင်ငူကို ချီတက်လာလေတယ်။ မင်းတရားရွှေထီးခန့်ထားတဲ့ ပဲခူးစည်သူကျော်ထင် ပြေးတဲ့အခါ လုလင်ကျော်မှူးဟာ သူ့အရှင်စည်သူကျော်ထင်ကို အင်းဝကနေ ချီပင့်ပြီး စလင်းမြို့ကို စားမြဲစားစေတယ်။

အဲဒီအကြောင်း မင်းတရားရွှေထီးကြားတဲ့အခါ တောင်ငူမင်း၊ ပြည် မင်၊ မြေထဲမင်း၊ စည်သူကျော်ထင်တို့ အသီးသီးကို တပ် လေးတပ်နဲ့ ကိုက်ဆင် (၁၅၀)၊ မြင်း (၂၀၀၀)၊ စစ်သည် (၇) သောင်း ဆင်လုံးမြင်းရင်းပေးပြီး စလင်းကို ချီစေတယ်။ ဟံသာဝတီက စစ်သည်တွေရောက်ကြောင်း သိတဲ့ အခါ စလင်းစည်သူကျော်ထင်က ဆင်တော်ချစ်မြတ်ကဲကိုစီးပြီး လူ (၅၀၀၀)၊ မြင်း (၃၀၀) နဲ့ ထွက်လာလေတယ်။ ပဲခူးစည်သူကျော်ထင်က ဆင်တော်ပေါက်

www.burmeseclassic.com



ကျော်ဇေယျကိုစီးပြီး ရင်ဆိုင်တိုက်ကြရာ ပဲခူးစည်သူကျော်ထင် အရပ်အနေ မသင့်တာကြောင့် ရှုံ့လေတယ်။

အဲဒီအခြေအနေမှာ စလင်းစည်သူကျော်ထင်က ညာဘက်မှာ ပဲခူးစည်သူကျော်ထင်ကြားအောင် တပ်အပြင်ကနေ "နက်ဖန်နင်စည်သူ ထွက်ခဲ့၊ ဆင်စီးချင်း တိုက်မယ်" လို့ စိမ်ခေါ်လေတယ်။ ပဲခူးစည်သူကလည်း "ငါ စည်သူ၊ ထွက်ဖြစ်အောင် ထွက်ခဲ့မယ်" လို့ ပြန်ဟစ်လေတယ်။

မနက်မိုးလင်းချိန်မှာပဲ ပဲခူးစည်သူကျော်ထင်က သူ့ဆင်အထိအရှများ တာနဲ့ မနုဖြူစားရဲ့ဆင်ကိုစီးပြီး ထွက်တယ်။ မြင်း (၃၀၀) ကျော်၊ လှံရှည်ကိုင် (၃၀၀၀) ပါလေတယ်။ စလင်းစည်သူကျော်ထင်လည်း ဆင်ချစ်မြတ်ကဲကိုစီးပြီး ရှင်မန်အောင်ကို ကုန်းလယ်စီးစေတယ်။ လှံရှည်ကိုင် (၃၀၀)၊ မြင်း (၃၀၀) နဲ့ထွက်လာလေတယ်။ ဆီးအုပ်အရပ်မှာ စစ်ဆိုင်တိုက်ကြတယ်။ စလင်းဘက်က ရှင်မောက်ကျော်ကျတာကြောင့် ကစဉ့်ကရဲ ဖြစ်လေတယ်။ အဲဒီအခါ ပဲခူးစည်သူက စလင်းစည်သူဆင်ကိုအပြင်လိုက်တိုက်လေတယ်။ စလင်းစည်သူဆင် အားမတန်တာကြောင့် လည်ပြီးပြေးလေတယ်။ ပဲခူးစည်သူလည်း လိုက်တိုက်တယ်။ လှံလွှတ်လိုက်ရာ စလင်းကုန်းလယ်စီး ရှင်မာန်အောင်ကိုထိပြီး ဆင်ပေါ်က ကျတယ်။ စလင်းစည်သူပြန်တိုက်ရာ ပဲခူးစည်သူရဲ့ မောက်လူမောက်တိုကို ဖောက်ပြီး နဖူးမှာ စပါးလုံးတစ်ထောက်စာ ထိလေတယ်။ ပဲခူးစည်သူမျက်နှာမှာ သွေးဖြာကျပေမယ့် မလျှော့ဘဲ စလင်းစည်သူကို ဖိတိုက်လေတယ်။ စလင်းစားမခံနိုင်တာကြောင့်ကို လွတ်ခွာရလေတယ်။

စလင်းစည်သူလည်း နောက်ပါတွေနဲ့ပြတ်ပြီး တစ်ဦးတည်းတောထဲ ရောက်သွားလေတယ်။ အလွန်ပင်ပန်းလှတာကြောင့် ဆင်ထက်ကဆင်းပြီး ရေကန်မှာ ဆင်းရေသောက်လေတယ်။ အဲဒီအချိန်မှာ သူ့ဆင်က အကပ်မခံဘဲ လိုက်ထိုးတာကြောင့် ကိုယ်လွတ်ထွက်ပြေးရတယ်။ နောက်မှ စလင်းစည်သူကို ချင်းလူမျိုးတို့တွေ့ပြီး မိုးညှင်းစလုံထံ ဆက်လေတယ်။ မိုးညှင်းစလုံနဲ့ သွေးသောက်ဖွဲ့ကာ၊ မိုးညှင်းစလုံက မစိုးရိမ်နဲ့ ငါအင်းဝကို အရတိုက်ပြီး ပြန်အပ်ခင်း တင်ပေးမယ်လို့ ဆိုလေတယ်။

❑

www.burmeseclassic.com

## မင်းတရားရွှေထီးနှင့် ရခိုင်အရေး

ကလေးတို့ရေ...

မင်းတရားရွှေထီးဟာ သက္ကရာဇ် (၉၀၈) ခုမှာ မြန်မာထုံးစံ၊ မွန်ထုံးစံတို့နဲ့အညီ ရာဇာဘိသိက်ခံတော်မူတယ်။

အဲဒီနှစ်မှာပဲ ရခိုင်ဘုရင်အနိစ္စရောက်တာကြောင့် သားတော်အိမ်ရှေ့ဥပရာဇာမင်းပြုတာကို ရခိုင်ဘုရင်ရဲ့ ညီသံတွဲစားက မကျေနပ်တာကြောင့် ပုန်ကန်လေတယ်။ အဲဒီအခါ သံတွဲစား အရေးနိမ့်တာကြောင့် မင်းတရားရွှေထီးကို ကူမပါမယ့်အကြောင်း ချီပင့်လေတယ်။ မင်းတရားရွှေထီးလည်း ရေအား၊ ကြည်းအားနဲ့ ရခိုင်ကို ချီတော်မူလေတယ်။

မင်းတရားရွှေထီးရဲ့ ရေတပ်တော်ကြီး ရခိုင်မရောက်ခင် နှစ်စခန်းလောက်ကနေ ရခိုင်ဘုရင့်သားလည်း ရေအား၊ ကြည်းအားနဲ့ ကြိုတိုက်လေတယ်။ စစ်ဖျားချင်းတိုက်မိတဲ့အခါ ရှုပ်ရှုပ်ချွံချွံ တိုက်ကြတယ်။ ရခိုင်စားရဲ့ စစ်သည်တို့လည်း ခံတိုက်တယ်။ အတန်ကြာတဲ့အခါ ဆင်ခင်း၊ မြင်းခင်း မသာတာကြောင့် ရခိုင်သားတို့ လွင်လဟာကို ထွက်ကြတယ်။ ဘုရင့်နောင်တပ်ရောက်လာပြီး ထပ်ထပ်တိုက်တဲ့အခါ ရခိုင်သားတို့ တပ်ပျက်လေတယ်။ ဘုရင့်နောင်တို့ ဆင်၊ မြင်း၊ လက်နက်၊ သုံ့ပန်းအများရလိုက်တယ်။ ကြည်းတပ်ပျက်တဲ့အခါ ရေကြောင်းသား မခံဝံ့တာကြောင့် ရခိုင်သို့ ဆုတ်လေတယ်။

မင်းတရားရွှေထီးလည်း ရခိုင်ထိ လိုက်တိုက်တယ်။ ရခိုင်မြို့ဟာ တောင်ထိပ်မြို့ ဖြစ်တယ်။ မြို့လည်းခိုင်တယ်။ ကျုံးလည်းကျယ်တယ်။ လက်နက်လည်း ထူထပ်လှတာကြောင့် အကြိမ်ကြိမ်လုပ်ကြံပေမယ့် မရလေ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါ့ကြောင့် မင်းတရားရွှေထီးရဲ့ တပ်တွေဟာ အပြင်ကပဲ ဝန်းရံနေတယ်။ မင်းတရားက သစ်တပ်ခိုင်ခိုင်ဆောက်စေပြီး ပြလက်ရန်းပေါ်ကနေ စိန်ပြောင်း၊ မြတပူလက်နက်တွေနဲ့ မြို့တွင်းကို နေ့စဉ်ပစ်လေတယ်။

မင်းတရားရွှေထီးတပ်ဟာ အလုံးအရင်း ဆင်၊ မြင်း၊ လက်နက်အင်အားကြီးလှတာကြောင့် ကြာရင်ခံနိုင်မှာမဟုတ်ဘူးဆိုကာ ရခိုင်ဘုရင့်သားလည်း ဆရာတော် လေးပါးကို လက်ဆောင်ပဏ္ဏာများစွာနဲ့ မင်းတရားထံ မေတ္တာရပ်ခံ အရေးတောင်းခံလေတယ်။ ရခိုင်ဆရာတော်တို့က အကြောင်း ငါးရပ်နဲ့ တင်ပြကြတယ်။

(၁) ရခိုင်ဘုရင့်သားနဲ့ မညီညွတ်တာကြောင့် မင်းတရား ချီလာရတယ်။ ရခိုင်မှာ အဖပြီးရင် သားပဲဆက်ခံရတဲ့ ထုံးစံရှိပါတယ်။ ညီတော်သံတွဲစားဟာ ထုံးစံဖျက်သူဖြစ်တယ်။ ဒါ့ကြောင့် သူ့ကို မကူညီသင့်ပါ။

(၂) ရခိုင်ပြည်ဟာ စစ်သည်၊ ဆင်၊ မြင်း အလုံးအရင်းများလှတယ်။ ရခိုင်ဘုရင်နဲ့ မြဲဘုရင်ဟာ သမီးယောက်ဖရင်း ဖြစ်တယ်။ မြဲဘုရင်ချီလာပြီး လုပ်ကြံရင် မင်းတရားစစ် နှစ်ဖက် ညပ်ပါလိမ့်မယ်။

(၃) မင်းတရားရဲ့ နယ်ပယ်ဝန်းကျယ်လှတယ်။ တချို့ မြို့ရွာတွေ အတည်မကျသေး။ တစ်ကြောင်းလည်း ဇော်ဘွားတို့ မင်းတရားရဲ့ မြို့စွန်ရွာနားထိ ပါးစရာရှိလေတယ်။ မင်းတရားတပ်ရခိုင်ရောက်နေလို့ အမြန်ပြန်ရန်မဖြစ်နိုင်၊ ခရီးကြာပါလိမ့်မည်။

(၄) ဝါဆိုဝါခေါင်ရောက်လျှင် တောင်လေပြင်းလာပါမည်။ အရှင့်နိုင်ငံတော်ကို သူတစ်ပါးလုပ်ကြံသော် အမြန်ပြန်နိုင်မည် မဟုတ်။ မိုးကြီးလေကြီးလျှင် ရေကြောင်းခက်လှတယ်။ ချောင်းမြောင်းပြည့်လျှံလျှင် ဆင်ကြောင်း၊ မြင်းကြောင်း မသာယာနိုင်ပါ။

(၅) ထိုအကြောင်းများကြောင့် ရခိုင်ဘုရင့်သားက သူ့ဘထွေးတော် သံတွဲစားဆီက လုယူထားတဲ့ ဆင်၊ မြင်း စည်းစိမ်တို့ကို မင်းတရားထံဆက်စေပြီး သံတွဲစားကို သူ့စည်းစိမ်နှင့် တောင်စဉ် (၇) ခရိုင်ကို ပေးသည်ရှိသော် သား၊ ဘထွေး နှစ်ဦးချစ်ကြည်လျက် အရှင်က သူကောင်းပြုသည် မည်ပါတယ်။

ရခိုင်ဆရာတော်တို့ရဲ့ တင်လျှောက်ချက်ကို မင်းတရားရွှေထီးဘုရင့်နောင်နဲ့ တိုင်ပင်ကာ၊ ရခိုင်ဘုရင့်သားအမှန် ပဏ္ဏာများဆက်လာတာ သစ္စာခံမှု

www.burmeseclassic.com

www.burmeseclassic.com



အရေးပေးမည့်အကြောင်း ပြန်ကြားလိုက်လေတယ်။ ဆရာတော်များ တင်လျှောက်တဲ့အတိုင်း ရခိုင်ဘုရင့်သား သစ္စာခံကာ ဆက်တာကြောင့် သံတွဲစားကို စည်းစိမ်နဲ့ (၇) ခရိုင်ကို စားစေကာ တူဘုရင်နဲ့ ဘထွေး ချစ်ကြည်ကြစေတယ်။

အဲမွှန်ဒရာတပ်နဲ့ မင်းကျော်ထင်တပ်တို့ကို ငြိမ်ဝပ်အောင် သံတွဲ၌သုံးလနေစေကာ ထားခဲ့ပြီး မင်းတရားရွှေထီး နေပြည်တော် ဟံသာဝတီသို့ ပြန်ဖို့ ပြင်ဆင်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မင်းတရားရွှေထီး ယိုးဒယားသို့ စစ်ချီခြင်း

ကလေးတို့ရေ…

မင်းတရားရွှေထီး ရခိုင်အရေးလုပ်ဆောင်နေစဉ်မှာပဲ ယိုးဒယားမင်း စစ်သည်တွေဟာ ဆင်လုံးမြင်းရင်းနဲ့ ထားဝယ်ကို ထိပါးလာတယ်။ ထားဝယ်စားမြို့ကနေ စစ်ခံပေမယ့် မခံနိုင်တာကြောင့် ရေးမြို့ထိ ဆုတ်ခွာရတဲ့ အကြောင်း မော်လမြိုင်စား ဗညားဦးက မင်းတရားရွှေထီးထံ လျှောက်လာ လေတယ်။ မင်းတရားရွှေထီးလည်း ရေကြောင်း၊ ကြည်းကောင်း၊ တပ်များကို ခန့်ခွဲပြီး ထားဝယ်ကို ချီလေတယ်။

ယိုးဒယားတပ်လည်း မင်းတရားရွှေထီးတပ်ကြီး ချီလာပြီကြားတဲ့အခါ တနင်္သာရီသို့ ဆုတ်ခွာလေတယ်။ ထားဝယ်ကိုရတဲ့အခါ ထားဝယ်စားကိုပဲ ပြန်ခန့်ထားခဲ့ပြီး ဆက်လက်ချီတက်လေတယ်။ သက္ကရာဇ် (၉၁၀) ခုမှာ မင်းတရားရွှေထီး ယိုးဒယားသို့ ချီလေတယ်။ စစ်ချီရာလမ်းကြောင်းမှာ မုတ္တမကနေ မော်လမြိုင်သို့ လှေတံတားဖွဲ့ကာ ကူးလေတယ်။ အဲဒီကမှ အတ္တရံမြစ်ကို ဆန်တက်ကာ ဘုရားသုံးဆူလမ်းကနေ ယိုးဒယားနယ်သို့ ကူးလေတယ်။

နောက် မဲခေါင်မြစ်ကြောင်းကနေ ကံပူရီ၊ အဲဒီကမှ အယုဒ္ဓယမြို့ထိ ချီလေတယ်။ မင်းတရားရွှေထီးချီလာပြီကြားတဲ့အခါ ယိုးဒယားဘုရင်က ထွက်လာကာ ကြိုပြီးတိုက်လေတယ်။ နှစ်ဖက်ရင်ဆိုင်တိုက်ကြရမှာ ယိုး

www.burmeseclassic.com

www.burmeseclassic.com



ဒယားမင်းရဲ့သားနဲ့ညီကို မြန်မာဘက်က ရရှိလေတယ်။ သူ့မိဖုရား ဆူရိယိုး ယိုင်နဲ့ သမီးတော်တစ်ပါးလည်း ဆုံးပါးလေတယ်။

မင်းတရားရွှေထီးဟာ တစ်လခန့် ယိုးဒယားကို လုပ်ကြံတယ်။ လက်နက်စိန်ပြောင်းနဲ့ ပေါ်တူဂီလူမျိုး မြို့စီး ပြစီး ထူထပ်သောကြောင့် အယုဒ္ဓယကို မရလေဘူး။ ဒါ့ကြောင့် ယိုးဒယား မြို့ရှင်းကခွာပြီး ကမန်ပိုက်သို့ ချီလေတယ်။ ယိုးဒယားတို့က နောက်ကလိုက်လာတဲ့အတွက် ရပ်တန့်ကာ ပြန်တိုက်လေတယ်။ ယိုဒယားတို့ ရှုံးနိမ့်ပြန်တာကြောင့် ဆုတ်ခွာသွားလေတယ်။ ယိုးဒယားဘုရင့်သမက်နဲ့တကွ အမတ်များ၊ တိုက်ဆင်ကြီးများကို မြန်မာဘက်က ရလိုက်တယ်။

မင်းတရားရွှေထီးဟာ ကမန်ပိုက်ကို ဆက်ချီတယ်။ ကမန်ပိုက်စား မခံဝံ့တာနဲ့ ပြေးတာကြောင့် ကမန်မပိုက်ကို မတိုက်ရဘဲ အလွယ်နဲ့ရလေတယ်။ အဲဒီနောက် သောက်ကတဲ၊ ပိတ်သလောက်မြို့များကို ဆက်တိုက်သိမ်းဖို့ စီစဉ် ဆဲမှာ ယိုးဒယားတို့က "နှစ်စဉ်တိုက်ဆင် (၃၀)၊ ငွေ (၃၀၀)၊ ကနုသ်ာရီ အကောက်ခွန်တို့ကို ဆက်ပါမယ်။ ညီ၊ သား၊ သမက်တော်တို့ကို ပြန်လွှတ်ပေးပါ"လို့ ပန်ကြားပြီး မြတ်ကြီးမြတ်ငယ် ဆင်နှစ်စီးနဲ့ လက်ဆောင်တော်များ ဆက်လာတာကြောင့် စစ်ပြေငြိမ်းကာ ဟံသာဝတီပြန်ဖို့ စီစဉ်လေတယ်။

ယိုးဒယားနဲ့ တိုက်တဲ့ပွဲမှာ ဘုရင့်နောင်နဲ့ သားတော်၊ အသက် (၁၃) နှစ်သာရှိသေးတဲ့ "ဇေယျသီဟ" ရဲ့ဝံ့စွာတိုက်တာကြောင့် အမည်အရည်နဲ့ ဆုလာဘ်များစွာ မင်းတရားရွှေထီးက ချီးမြှင့်တော်မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အပေါင်းများ၏ အသက်ဆုံးရပုံ

ကလေးတို့ရေ…

မင်းတရားရွှေထီး ယိုးဒယားကအပြန်မှာ မုတ္တမစားက မုတ္တမဆိပ်ကို စစ်ရှုံးပြီးရောက်လာတဲ့ ပိစ္စရာဇ်မင်းတူ ပေါ်တူဂီကုလားနဲ့ လူ (၃၀၀) ကို ဖမ်းထားကာ မင်းတရားရွှေထီးသို့ ဆက်လေတယ်။ အဲဒီ ပိစ္စရာဇ်မင်းတူ ပေါ်တူဂီဟာ သနားကမားရှိတာကြောင့် မင်းတရားဟာ နေပြည်တော်ခေါ်ဆောင်ခဲ့ကာ အိမ်ပေးထားလေတယ်။ မင်းတရားတောကစားထွက်ရာ ကုလားကိုလည်း ခေါ်သွားတယ်။ တောသို့ရောက်တဲ့အခါ စစ်တိုင်မှာ စကားပွင့်တင်ပြီး ကုလားကို သေနတ်နဲ့ ပစ်ခိုင်းတယ်။ ကုလားကလည်း ချက်တိုင်းမှန်အောင်ပက်နိုင်တာနဲ့ မင်းတရားသဘောကျတော်မူတယ်။ ဒါ့ကြောင့် အတွင်းစေကိုယ်လုပ်တစ်ဦးနဲ့ စုံဖက်ပေးလေတယ်။

ကိုယ်လုပ်တော်လည်း ကုလားနဲ့အတူနေတဲ့အခါ ကုလားအစားအစာတွေကို ကောင်းစွာချက်ပြုတ်ကျွေ်လှော်တတ်လာတယ်။ ကုလားအစားအသောက်များစီမံပြီး မင်းတရားထံ ဆက်လေတယ်။ ဒါ့ပြင် ယစ်မူးစေတတ်တဲ့ စပျစ်ရည်ကိုလည်း စီရင်ပြီး ဆက်လေတယ်။ မင်းတရားကြီးလည်း အလွန်ကြိုက်နှစ်သက်တာကြောင့် ကုလားကို နန်းထက်ခေါ်ပြီး အတူစားသောက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သောက်စားနေကြပြီး ကုလားဟာ အရက်ကို ပိုကောင်းအောင် ပြန်ချက်ကာ ပျားရည်နဲ့စီရင်ပြန်တယ်။ မင်းတရားတပင်ရွှေထီးလည်း ယစ်ရွှေရည်ကို အလွန်ကြိုက်တာကြောင့် အလွဲလွဲအမှားမှား အမှုကိစ္စတွေ စီရင်မိတယ်။ မနာလိုလို့ ကုန်းချောတာကိုယုံပြီး မဆင်မခြင် ကွပ်မျက်တာတွေ လုပ်လေတယ်။

မင်းတရားရဲ့ ဖောက်လွဲဖောက်ပြန်လုပ်ရပ်တွေကို ဘုရင့်နောင်က အကြိမ်ကြိမ်သတိပေးလေတယ်။ မရဘူးလေ။ မင်းတရားက "အမှုကိစ္စတွေ ငါ့ကို မလျှောက်နဲ့တော့၊ ဘုရင့်နောင်ပဲ စီစဉ်ပါ" လို့ လွှဲအပ်ပြီး သောက်စားယစ်မူးကာသာ နေတော့သည်။

ဘုရင့်နောင်လည်း ပြည်ရေးရွာမှုတွေကို ကောင်းစွာစီမံကွပ်ကဲဆောင်ရွက်လေတယ်။ ကြာတဲ့အခါ မြန်မာအမတ်၊ မွန်အမတ်တို့ တိုင်ပင်ပြီး ဘုရင့်နောင်ကို ထီးနန်းစံဖို့ ပန်ကြားကြတယ်။ ဘုရင့်နောင်က လက်မခံလေဘူး။ မင်းတရားရဲ့ ကျေးဇူးသစ္စာကို စောင့်သိဖို့သာမိန့်ပြီး တိုင်းရေးပြည်ရာကို ပိုဂရုစိုက် စီမံဆောင်ရွက်လေတယ်။

သက္ကရာဇ် (၉၁၁) ခုနှစ်မှာ သမိန်ထောရာမ အင်အားစုပြီး သန်လျင်ကို တိုက်တာကြောင့် ဘုရင့်နောင် ချီတက်ရလေတယ်။ တောင်ငူစား သီဟသူလည်း ဟံသာဝတီမှာရှိခိုက် ဖြစ်တယ်။ ဘုရင့်နောင်က မင်းတရားကို ဂရုစိုက်ဖို့တော့ စောလဂွန်းအိမ်၊ သမိန်စောထွတ်၊ သီဟသူတို့ကို မှာထားခဲ့တယ်။ ဘုရင့်နောင်သန်လျင်ကို လုပ်ကြံရာ အောင်မြင်လို့ သမိန်ထောရာမ ထွက်ပြေးလေတယ်။ ဘုရင့်နောင်လည်း ဒလမှာတပ်ခိုင်ပြုပြီး တပ်ချနေတယ်။

မင်းတရားရွှေထီးလည်း ဇာတာတော်မသန့်လို့ ပညာရှိတွေလျှောက်တာနဲ့ ဟံသာဝတီကနေ ပန်းတရော်တပ်ကို ပြောင်းရွှေ့စံလေတယ်။ မင်းတရားက ငါဆင်ဖြူရမယ်၊ ဒါကြောင့် စောလဂွန်းအိမ်ကို မုတ္တမကိုချီပြီး အင်အားစု နိုင်းလေတယ်။ စောလဂွန်းအိမ်လည်း မသွားချင်ပေမယ့် မင်းမိန့်ကို မလွန်သာလို့ သွားရလေတယ်။

စောလဂွန်းအိမ်အပါးမှာ မရှိတဲ့အခါ စစ်တောင်းစား သမိန်စောထွတ်ဟာ ညီတော်လက်ဝဲဓားမှူး၊ လက်ယာဓားမှူးတို့နဲ့ တိုင်ပင်ထားပြီးဖြစ်လို့ မင်းတရားရွှေထီးစက်တော်ခေါ်စဉ် လုပ်ကြံလေတယ်။ ဒါကြောင့် မင်းတရား

www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးနန်းစံ (၂၀) နှစ်၊ သက်တော် (၃၅) နှစ် အရောက် သက္ကရာဇ် (၉၁၂) ခုမှာ အနိစ္စရောက်ရတယ်။

မင်းတရားရွှေထီးဟာ ဘုန်းလက်ရုံးအာဏာနဲ့ ပြည့်စုံပေမယ့် မပေါင်း အပ်သူနဲ့ပေါင်းကာ သေအရက်သောက်စားစွဲမြဲတာကြောင့် အသက်ပါဆုံးရ လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင့်နောင် (ခေါ်) ဆင်ဖြူများရှင် မင်းတရားကြီး

ကလေးတို့ရေ…

ဘုရင့်နောင်ကျော်ထင်နော်ရထာဟာ မင်းတရားရွှေထီးအားကိုးရတဲ့ လက်ရုံးတစ်ဆူဖြစ်တယ်ဆိုတာ အထူးပြောဖို့ မလိုပေဘူး။ သစ္စာတရားကို လည်း စောင့်သိသူဆိုတာ ထင်ရှားလှတယ်။

မင်းတရားရွှေထီး အနိစ္စရောက်တဲ့ နှစ်မှာပဲ ဘုရင့်နောင်ကျော်ထင် နော်ရထာ နန်းတက်တော်မူတယ်။

ဘုရင့်နောင်ကျော်ထင်နော်ရထာဟာ တောင်ငူမင်းကြီး သားတော်မင်း ကြီးဆွေနဲ့ တူရှင်းတိုင်သူရှင်မျိုးမြတ်တို့သင့်ရာမှာ သက္ကရာဇ် (၈၇၇) ခုနှစ် မှာ မွေးဖွားတဲ့ သားတော်ဖြစ်ပြီး ငယ်မည်ရှင်ရဲထွတ်လို့ခေါ်ကြတယ်။ ဖွား မြင်တဲ့အခါ လေ့ခါးအောက်မှာ ပျားစွဲတယ်။ လျှောင် (၇) ကြိမ်လှုပ်တယ်။ နှင်းတွေဝေပြီး တစ်မိုးလုံး မိုက်တယ်ဆိုတဲ့ အတိတ်နမိတ်ကြီးတို့ ဖြစ်လေ တယ်။

ရှင်ရဲထွတ် အရွယ်ရောက်တဲ့အခါ တပင်ရွှေထီးထံမှာ ခစားရတယ်။ နန်းတော်မြောက်ဘက်မှာ အိမ်တော်နဲ့နေရတယ်။ တပင်ရွှေထီးရဲ့ အစ်မတော် သခင်ကြီးဟာ မောင်တော်မင်းတရားကို အိမ်တော်နဲ့နေရတယ်။ တပင်ရွှေထီး ရဲ့ အစ်မတော် သခင်ကြီးဟာ မောင်တော်မင်းတရားအိမ်ကို စားတော်ကွမ်း မပြတ် ပြင်ဆင်ပို့ရလေတယ်။ ရှင်ရဲထွတ်က မပြတ်ကွမ်းယူလာဖို့လာရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပဲ ရှင်ရဲထွတ်နဲ့ သခင်ကြီးတို့ ချစ်ကြိုက်ကြတယ်။ ကာလကြာတဲ့အခါ သခင်ကြီးမှာ ကိုယ်ဝန်ရှိလေတယ်။ မယ်တော်မေးမှ ရှင်ရဲထွတ်နဲ့ ချစ်ကြိုက်မိကြောင်း သိရတယ်။ "အခုမသိစေနဲ့ဦး၊ သင့်ခမည်းတော်နဲ့ ငါဥပုသ်စောင့်လို့ ဆရာတော်တွေနဲ့ စကားပြောစဉ်မှာ လာခဲ့" ဆိုပြီး မှာထားလေတယ်။ မှာထားတဲ့အတိုင်း ရောက်လာတဲ့အခါ "သမီးမှာ ဘယ်သူ့သန္ဓေလဲ" လို့ မင်းကြီးမေးလေတယ်။ "ရဲထွတ်နဲ့ယဉ်ပါးပါတယ်" လို့ မိဖုရားကြီး လျှောက်တဲ့အခါ မင်းကြီးဒေါသဖြစ်တာကြောင့် "ရဲထွတ်ကို အခုပဲသတ်စေ" လို့ မိန့်လေတယ်။ ထိုအခါ ဆရာတော်တို့က မင်းကြီးညိုကို "မင်းကြီးဟာ အခုပဲ ရှစ်ပါးသီလ ခံယူထားတယ်။ ဤမျှအမှုကို သည်းမခံနိုင်ရင် ဘုရားဆုပြည့်ရန် ခက်လှတယ်" လို့ မိန့်တာကြောင့် မင်းကြီးဟာ တိတ်ဆိတ်စွာနေလေတယ်။

အဲဒီအချိန်မှာ ရှင်ရဲထွတ်ဟာ ဘာမှမသိဘဲ အဝတ်သစ်ဝတ်၊ ပန်းကုံးကို ရှေ့ဆွယ်နောက်ဆွယ်ချပြီး ကြက်တိုက်ညောင်ပင်သွားကာ ကြက်တိုက်နေတော့တယ်။ ထိုအခါ အိပ်ဖန်ထွက်လာတဲ့သူတို့နဲ့တွေ့လို့ အကြောင်းမျိုးစုံကြားတဲ့အခါ "လူတို့မှာ ကံသာပြဋ္ဌာန်းရင်း ဖြစ်တယ်။ မစိုးရိမ်" လို့ ဆိုလေတယ်။

မိုးလင်းတဲ့အခါ "ငါပြေးပုန်းလည်း မလွတ်နိုင်၊ ငါ့ဓာတာကို မင်းထံဆက်မယ်။ သတ်လိုသတ်စေ၊ ထားလိုထားစေ၊ ကံသာ အရင်းမူလပဲ" လို့ ရှင်ရဲထွတ် စဉ်းစားပြီး မင်းကြီးညိုထံ ဓာတာကို ဆက်လေတယ်။ မင်းကြီးညိုဟာ ဓာတာစန်းလာဘ်ကို အလွန်တတ်သိတဲ့ ဘုရင်ဖြစ်တယ်။ "ငရဲ ထွက်ကို ငါသတ်ရင် ငါ့မှာသာ သံသရာဝန်လေးလိမ့်မယ်။ သင်းရဲ့ဓာတာလည်း ကောင်းလှတယ်။ ချမ်းသာစေ" လို့ မိန့်ပြီး ဓာတာကို ပြန်ပေးလေတယ်။

မင်းကြီးညို အနိစ္စရောက်ပြီး သားတော်တပင်ရွှေထီးနန်းတက်တဲ့အခါ ရှင်ရဲထွဋ္ဌတကို ကျော်ထင်နော်ရထာအမည်နဲ့ မြို့စားကျေးစားပေးလေတယ်။ အစ်မတော်သခင်ကြီးနဲ့လည်း စုံဖက်ပေးလေတယ်။ ဒါ့ကြောင့် ဘုရင့်နောင်လို့ ခေါ်ကြတယ်။

တပင်ရွှေထီး နတ်ရွာစံတဲ့အခါ ဘုရင့်နောင်ဟာ "ဆင်ဖြူများရှင်" အမည်နဲ့ နန်းတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားရွှေထီးမရှိပြီကြားတဲ့အခါ ဘုရင့်နောင်ရဲ့ညီ "သီဟသူ" ဟာ ဟံသာဝတီကနေ တောင်ငူသွားပြီး "မင်းခေါင်" အမည်နဲ့ မင်းပြုတယ်။ သမိန်စောထွင့်လည်း ဟံသာဝတီမှာ သီဟသူမရှိပြီကြားတဲ့အခါ ဟံသာဝတီသွားပြီး "သမိန်စတ္တုဝေါ" အမည်နဲ့ မင်းပြုတယ်။ မှူးကြီးမတ်ရာတို့ မကြည်ဖြူလို့ နန်းချပြီး မုတ္တမမှာရှိတဲ့ သမိန်ထောရာမကို ချီပင့်ပြီး နန်းတင်တယ်။ ပြည်မြို့မှာလည်း သတိုးဓမ္မရာဇာဟာ 'သတိုးသူ' ဘွဲ့ခံပြီး ပုန်ကန်လေတယ်။ တလိုင်း သုံးရပ်လည်း အသီးသီး ပုန်ကန်ခြားနားကြလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင်၏ နန်းတက်စတိုက်ပွဲများ

ကလေးတို့ရေ…

ဘုရင့်နောင် (ဆင်ဖြူရှင်) ဟာ နန်းတက်တဲ့နှစ်မှာပဲ တောင်ငူကို တိုက်ခိုက်သိမ်းယူတော်မူတယ်။ တောင်ငူကို အရင်သိမ်းရတာက နေရင်းဒေသလည်း ဖြစ်တယ်။ နောက်အမူထမ်းတို့ရဲ့ သစ္စာကို ယုံကြည်ရတာလည်း ပါတယ်။ နောက် မြန်မာတို့ရဲ့ အချက်အချာဖြစ်လို့ အလုံးအရင်းကောင်းစွာ ရနိုင်ရနိုင်တာလည်း ပါတာပေါ့။ ဘုရင့်နောင်ဟာ တောင်ငူမှာပဲ ဆင်ဖြူရှင် အမည်နဲ့ ဘိသိက်ခံတော်မူတယ်။

တောင်ငူကို မသိမ်းမီ မင်းတရားရွှေထီးရဲ့ အမှုထမ်းဟောင်းပေါ်တူကီ လက်နက်ကိုင်တို့ အမှုထမ်းလာကြတယ်။ ဘုရင့်နောင်ဟာ တောင်ငူကိုရတဲ့ အခါ တောင်ငူစားညီတော်မင်းခေါင်ကို အပြစ်မပြုဘဲ အမှုထမ်းမြဲ ထမ်းရွက်စေတယ်။ အဲဒီနှစ်မှာပဲ ပြည်မြို့ကို တိုက်တယ်။ မြို့စီး ပြစီးထူထပ်တာကြောင့် မရလေဘူး။ မြေထဲသရက်စတဲ့ အညာတစ်လွှားမြို့တွေကိုသာ သိမ်းယူပြီး အလုံးအရင်း ဆင်၊ မြင်းနဲ့ထားတော်မူခဲ့တယ်။

သက္ကရာဇ် (၉၁၃) ခုနှစ်မှာတော့ ဘုရင့်နောင်မင်းကြီးဟာ ပြည်ကို ဒုတိယအကြိမ် စစ်ချီပြန်တယ်။ ညီတော်တောင်ငူမင်း မင်းခေါင်က ညဉ့်အချိန် ဆင်နဲ့မြို့တံခါးကို တိုက်ဖောက်လို့ မြို့ပေါက်ပြီး ဝင်ရောက်တိုက်ခိုက်ကြရာ မှာ ပြည်စားသတိုးသူကို ရလေတယ်။ ဘုရင့်နောင်မင်းတရားကြီးထံတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခံ၊ ရခိုင်မင်းထံ ပြေးဝင်ကာ ကျွန်းခံမယ်ကြံတာကြောင့် ကွပ်မျက်တော်မူတယ်။ ပြည်မြို့ကို ညီတော် 'သတိုးသုဓမ္မရာဇာ' ကို ပေးတော်မူတယ်။

ဆင်ဖြူများရှင်ခေါ် ဘုရင့်နောင်မင်းတရားဟာ ပြည်ကိုသိမ်းပြီးတာနဲ့ အညာကိုဆန်တက်ကာ စလေ၊ ပုခန်းငယ်၊ ပုဂံစတဲ့ မြို့များကို သိမ်းယူတော်မူတယ်။ နောက် အင်းဝကို ဆက်လက်ချီတက်မယ်လို့ စီစဉ်ဆဲမှာ နိုင်ငံတော်ဖြစ်တဲ့ "ဟင်းခနွေ" ကို ဟံသာဝတီက တိုက်လာကြောင်း ကြားတာနဲ့ ပြန်တော်မူတယ်။

ဆင်ဖြူရှင်အပြန် ပုဂံကိုရောက်တဲ့အခါ ဆင်ကြီး၊ မြင်းကြီးများကို ဖောင်တော်ပေါ်တင်ပြီး ရေကြောင်းက အရင်စုန်တော်မူတယ်။ ကြည်းတပ်သားတို့ကိုလည်း အမြန်ချီစေတယ်။ မြေထဲမြို့ကိုရောက်တဲ့အခါ ညီတော်အငယ်မင်းရဲကျော်ထင်ကို ဆင်လုံး၊ မြင်းရင်းအများနဲ့ တောင်ငူကို အရင်ချီစေတယ်။

ဆင်ဖြူမင်းတရားကတော့ သရေခေတ္တရာ (ပြည်) ကို အရင်ချီပြီး ဟံသာဝတီကို ရေကြောင်းချီဖို့ စီစဉ်တော်မူတယ်။ မြေထဲစား၊ စကုစား၊ ပုခန်းငယ်စား၊ သာယာဝတီစား၊ ခနေဖြူစား၊ ပြည်မင်းသတိုးဓမ္မရာဇာ တစ်တပ်။ သည် ခြောက်တပ်မှာ သတိုးသုဓမ္မာရာဇာကို ဗိုလ်ချုပ်ခန့်တော်မူတယ်။

အဲဒီလို စီစဉ်ဆဲမှာ အင်းဝမင်းမိုးဗြဲနရပတိဟာ စစ်ကိုင်းမင်းစည်သူကျော်ထင် တိုက်အလာကို မခံနိုင်တာနဲ့ သားတော်၊ သမီးတော်နဲ့တကွ ဆင်လုံး၊ မြင်းရင်းယူလာပြီး ဆင်ဖြူရှင်ထံ သစ္စာခံလေတယ်။ ဆင်ဖြူရှင်လည်း သနားတာကြောင့် စီးနင်းမြဲအဆောင်အယောင်နဲ့ နေစေတယ်။

ဆင်ဖြူရှင်ဟာ အင်းဝနရပတိကိုခေါ်ပြီး ကေတုမတီ (တောင်ငူ) သို့ ချီတော်မူတယ်။ မြင်းတပ် လေးတပ်ပါ တပ်ပေါင်း (၂၀) တိုက်၊ ဆင် (၄၀၀)၊ မြင်း (၅၀၀၀)၊ ဗိုလ်ခြေတစ်သိန်းတစ်သောင်းနဲ့ သက္ကရာဇ် (၉၁၃) ခုမှာ ချီလေတယ်။ တောင်ငူကမှ ဟံသာဝတီသို့ (၁၃) စခန်းချ ချီတော်မူလေတယ်။ "ရာမညတိုင်းကို အစိုးရတဲ့ သမိန်ထောရာမမှာ စဉ်းလဲတဲ့ မှူးမတ်များလှတယ်။ စိတ်မချရ။ ရှေ့တပ်နောက်တပ်ခွဲကာ စုံစမ်းမှသင့်မယ်" လို့ သီရိဇေယျနော်ရထာ လျှောက်တာကို ဆင်ဖြူရှင်မင်းတရားသဘောကျတာကြောင့် ရှေ့ချီမြင်းတပ် ငါးတပ်မှာ ဉဇနာကို တပ်မှူး၊ သတိုးစည်သူကို

www.burmeseclassic.com

www.burmeseclassic.com



စစ်ကဲခန့်ကာ မြင်း (၅၀၀၀) နဲ့ ချီစေတယ်။ မော်ကစနချောင်းအကူးမှာ စစ်ဖျားချီလာတဲ့ သမိန်ထောရာမနဲ့ ရင်ဆိုင်တိုးပြီး တိုက်ခိုက်ကြတယ်။

မင်းတရားလည်း ဟံသာဝတီမြို့တွင်း အိမ်များကို ရန်သူမခိုနိုင်အောင် မီးတိုက်စေတယ်။ ညီတော် မင်းရဲစည်သူလည်း သမိန်ထောရာမကို မြင်တဲ့အခါ စီးချင်းတိုက်မယ်လို့ ဦးတည်လေတယ်။ သမိန်ထောရာမကရှောင်ပြီး ဆင်ဖြူရှင်ဆီကို ဦးတည်လာတယ်။ သမိန်ထောရာမ လာတာမြင်လျှင် ဆင်ဖြူလည်း ရွှေကရားနဲ့ရေကိုယူပြီး "သာသနာ့အကျိုး၊ ပြည်သူတို့အကျိုး ဆောင်နိုင်သော မင်းကောရာဇ်ဖြစ်လျှင် သမိန်ထောရာမကို တစ်ခဏတွင်း အောင်မြင်သည်ဖြစ်စေသော၀်" လို့ ဆင်ဦးကင်းမှာ သစ္စာပြုလေတယ်။ ရေစက်သွန်းချတဲ့အခါ မိုးအုံ့၊ လျှပ်စစ်ပြက်၊ မြေငလျှင်လှုပ်ပြီး ချိုးငှက်၊ ဆက်ရက်စတဲ့ ငှက်တွေလည်း သောသောရုတ်ရုတ် ရှိလေတယ်။ ရွှေကရားလည်း လက်ကလွှတ်ပြီး မြေသို့ကျလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင်နှင့် သမိန်ထောရာမ စီးချင်းထိုးပွဲ

ကလေးတို့ရေ…

ဆင်ဖြူရှင်မင်းတရားဟာ သစ္စာပြုပြီး ရွှေကရားလက်ကလွတ်ကာ မြေသို့ကျတဲ့အခါ စိတ်မသက်မသာ ဖြစ်သတဲ့။ ထိုအကြောင်းကို မွန်အမတ် သမိန်ဗရူမြင်တဲ့အခါ "ဘဝရှင်မင်းတရား ယခုပင် သမိန်တောရာမကို တိုက်ပါလော့။ အရှင့်အလိုပြည့်ကာ ရေနဲ့မြေကို အစိုးရတော်မူမည်" လို့ နားတော်လျှောက်လေတယ်။

ဆင်ဖြူရှင်မင်းတရားလည်း သမိန်ထောရာမ ဆင်နှင့်လွှတ်တာကို ထိုးပြီး တိုက်တော်မူတယ်။ ဆင်ချင်းအားတူပြီး မနည်းကြာ ဖွဲ့နေလေတယ်။ အဲဒီအခြေအနေမှာ မင်းတရားက ဆင်တော်ဥပေါသထကို နောက်ကုံဆုတ် အားယူပြီးမှ ချွန်းဖွင့်တိုက်လေတယ်။ သမိန်ထောရာမစီးတဲ့ဆင်ကို အစွယ်နဲ့ ထိုးမိလေတယ်။ စွယ်လုံးလည်း ကျွတ်လေတယ်။ သမိန်ထောရာမဆင်လည်း မြေပေါ်လဲကျလေတယ်။ မင်းတရားဆင်လည်း လက်ယာအစွယ်တစ်ထောင် မန် ကျိုးလေတယ်။ မင်းတရားလည်း သမိန်ထောကို ချွန်းနဲ့ရိုက်တော်မူတယ်။ သမိန်ထော ကျောကော့လေတယ်။

အဲဒီအခါ သမိန်ထောရာမရဲ့ကျွန် သမိန်ဇိပ်ဖြဲလည်း စွယ်မန်းဆိုတဲ့ ဆင်နဲ့အပြင်းထိုးလာပြီး မင်းတရားဆင်ကို တိုက်လေတယ်။ ဆင်တော်ဥပေါ သထ ပြန်ထိုးတာကြောင့် သမိန်ဇိပ်ဖြဲဆင်လဲ သေတယ်။ အဲဒီအခါ သမိန်

www.burmeseclassic.com

www.burmeseclassic.com



ထောရဲ့ နောက်မင်းမှူထမ်းသမိန်အဲနရဲက ပျက်ကြီးဆိုတဲ့ ဆင်ကို ထီးဖြူ တင်ပြီး လွှတ်လာပြန်တယ်။ မင်းတရားရဲ့ညီ မင်းရဲကျော်ထင်က ရဲလုလင် ဆိုတဲ့ ဆင်နဲ့ ပြန်တိုက်လေတယ်။ သမိန်အဲနရဲရဲ့ ဆင်ပျက်ကြီး မျက်နှာသုန်ကာ ပြေးလေတယ်။

အဲဒီနောက် မင်းတရားရဲ့ ရဲမက်တော်တွေဟာ လိုက်တိုက်တဲ့အခါ မွန်စစ်သည်တို့ ကစဥ့်ကရဲဖြစ်ကာ ပြေးလေတယ်။ ဆင်မြင်းသုံ့ပန်းအများ မင်းတရားဘက် ရလိုက်လေတယ်။ သမိန်ထောရာမလည်း ဆင်ကနေ မြင်း ပြောင်းစီးကာ သူ့ရဲမက်တွေကို တတ်နိုင်သမျှ စုရုံးပြီး ဟံသာဝတီကနေ စစ်ခံမယ်ဆိုကာ အပြင်းဆုတ်ခွာပြေးလေတယ်။

ဟံသာဝတီမှာလည်း မင်းတရားရဲ့ ရဲမက်တော်တွေ မီးတိုက်ထားတာ ကြောင့် တစ်မြို့လုံးလောင်ကျွမ်းနေတယ်။ ရဲမက်တို့လည်း ဆီးကြိုတိုက်တာ ကြောင့် သမိန်ထောဟာ မြို့ထဲမဝင်ဝံ့တော့ဘဲ အနောက်အရပ်ဆီ ပြေးလေ တယ်။ ဘဝရှင်မင်းတရားလည်း သမိန်ထောကို တိုက်ထုတ်ရှင်းပြီးတဲ့အခါ ဟံသာဝတီမှာဝင်ပြီး စံနေတော်မူတယ်။ သမိန်ထောပြေးတဲ့အခါ မွန် အမှူး အမတ်တွေလည်း ကစဥ့်ကရဲဖြစ်နေတဲ့ ဆင်မြင်းတို့ကို စုရုံးပြီး ဆင်ဖြူရှင်မင်း တရားထံ သစ္စာခံလေတယ်။ မင်းတရားဟာ ရောက်လာသူတွေကိုလည်း ထိုက်သင့်သလို ဆုလာဘ်ပေးပြီး အမှုထမ်းစေတယ်။

အရှေ့ဘက် မုတ္တမတစ်လွှားကိုစားတဲ့ မြို့စားအပေါင်းလည်း ဆင်ကြီး၊ မြင်းကြီး၊ သားသမီးတို့ကို မင်းကြီးထံ လက်ဆောင်ဆက်ပြီး သစ္စာခံကြလေ တယ်။ ထိုသူတို့ကိုလည်း ထိုက်သင့်ရာ လက်ဆောင်ပေးပြီး မိမိတို့စားတဲ့ ကျေးစည်းစိမ်ကိုလည်း ပေးလေတယ်။ သမိန်ထောရာမနဲ့ တိုက်ရာမှာ ရွပ် ရွပ်ချွံချွံတိုက်လို့ ပွဲလမ်းရသူတွေကိုလည်း အမည်အရည်စားကျေးစားလက် ထိုက်သင့်ရာပေးလေတယ်။ ညီတော်မင်းရဲကျော်ထင်ကိုလည်း ရွှေကွမ်းခွက် ရှစ်မြှောင့်၊ ပတ္တမြားစီလက်ဖက်ရည်အိုး၊ ရွှေချက်နှစ်စင်း၊ ဆင်ပေါင်းဝန်၊ ရွှေထည့်စီ (၇) လုံးစသည်များစွာ ချီးမြှင့်တော်မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင်နှင့် သမိန်ထောရာမ လိုက်တမ်းပြေးတမ်း

ကလေးတို့ရေ…

ဆင်ဖြူများရှင်မင်းတရားကြီးဟာ ဟံသာဝတီမှာ (၁၀) ရက်လောက်နေပြီး သက္ကရာဇ် (၉၁၄) သမိန်ထောရာမပြေးရာကို ဆင်လုံးမြင်းရင်းအများနဲ့ လိုက်တော်မူတယ်။

သမိန်ထောရာမဟာ မနုဖြူ၊ ပုသိမ်ကို ပြေးလေတယ်။ ပုသိမ်စားသမိန်ဗြသပိုက်လည်း သမိန်ထောရာမမှာ ဆင်လုံးမြင်းရင်းအများနဲ့ ရုံးစုချီလာတာကြောင့် မဖီဆန်ဝံ့တာကြောင့် လက်ခံရလေတယ်။

မင်းတရားကြီးဟာ မနုဖြူကို အရင်ချီလေတယ်။ ပြည်ကချီလာတဲ့ ညီတော်သတိုးဓမ္မရာဇာဟာ ဒလမှာ ရေတပ်ချနေတာကို မင်းတရားကြီးခေါ်တာကြောင့် မနုဖြူကိုကူးပြီး ပုသိမ်ကို ချီရတယ်။ မင်းတရားကြီးက ကြည်းကြောင်း ချီတော်မူတယ်။ မင်းတရားကြီးချီလာပြီကြားတဲ့အခါ သမိန်ထောရာမဟာ မြို့ကထွက်ပြေးလေတယ်။ ပုသိမ်စားသမိန်ဗြသပိုက်လည်း သမိန်ထောရာမ ကျန်ရစ်တဲ့ တိုက်ဆင်တစ်ရာကျော်နဲ့ လက်နက်များယူပြီး မင်းတရားကြီးထံ ဆက်လေတယ်။ မင်းတရားကြီးလည်း အားရတာကြောင့် ပုသိမ်စားကို ရွှေခွက်၊ ငွေခွက် စသည် ဆုပေးလေတယ်။

သမိန်ထောရာမလည်း တမကချောင်းရေကျမှာ တင်နေတဲ့ရွှေ သုံးစင်းကို တိုက်ပြီးနိုင်လျှင် ဒလမှာနေတဲ့ ဥဇနာကို တိုက်လေတယ်။ ဥဇနာဆုံးလေတယ်။

www.burmeseclassic.com



သမိန်ထောရာမဒလရဲ့မက်တွေကို နိုင်တဲ့အခါ ပုသိမ်ကို ချီလာပြန်တယ်။ မင်းတရားကြီးရဲ့ညီ မင်းရဲကျော်ထင်တို့ တပ်ရောက်လာပြီး တိုက်တာကြောင့် သမိန်ထောရာမပျက်ပြီး ပြေးပြန်တယ်။ ထိုအခါ မှူးမတ်တို့က ဆင်မြင်းဗိုလ်ပါ လက်နက်ယူကာ ဆက်လေတယ်။ ဘဝရှင်မင်းတရားကြီးလည်း ငါးရက်ကြာမှ ရောက်တော်မူလာတယ်။ မှူးမတ်တွေကိုလည်း အခေါင်အယောင်နဲ့ ကျေးစားကျေးလက်ပေးပြီး သစ္စာတော်ပေးလေတယ်။

မွန်မင်းသမိန်ထောရာမလည်း ရဟန်းပြုပြီး အခြွေအရံ တစ်ကျိပ်ကျော်နဲ့ မုတ္တမသို့ ပြေးလေတယ်။ မင်းတရားကြီး ဟံသာဝတီရောက်တဲ့အခါ မုတ္တမ (၃၂) မြို့၊ ပုသိမ် (၃၂) မြို့မှာရှိတဲ့ မြို့စားပြစား အမှုထမ်းတို့ကို နေသားကျအောင် စီမံလေတယ်။ မင်းတရားရွှေထီးသချိုင်းမှာလည်း စေတီတည်ကာ ပူဇော်လေတယ်။

သမိန်ထောရာမလည်း မုတ္တမကျေးမှာနေတာကို မုတ္တမသားများ ဖမ်းမယ်ပြုလေတဲ့အခါ ကဝေါသို့ ပြေးပြန်တယ်။ ကဝေါစား၊ သွယ်တိုင်စားတို့လည်း သမိန်ထောရာမပြေးလာကြောင်းသိတဲ့အခါ ညဘက်ကို ချောင်းပြီး ဖမ်းလေတယ်။ ထွက်အပြေးမှာ သမိန်ထောကျောကို ဓားခုတ်မိသွားတယ်။ သမိန်ထောဟာ ရှာငယ်တစ်ရွာက တောနေရဟန်းကျောင်းမှာ အနာကုပြီး တိုက်ကုလားသို့သွားကာ လူသူစုရုံးပြန်တယ်။ အဲဒီအကြောင်း မင်းတရားကြီး သိတဲ့အခါ တပ် လေးတပ်နဲ့ ချီပြန်တယ်။

သမိန်ထောလည်း တိုက်ကုလားကနေ စစ်တောင်းကို မြင်းနဲ့ပြေးပြန်တယ်။ စစ်တုရင်္ဂသူတို့ ညဘက်လယ်တောက စောင့်ဖမ်းတာကြောင့် အဝတ်ကိုချွတ်ကာ သမိန်ထောပြေးပြန်တယ်။ ကျန်ရစ်တဲ့ ကျွန်နှစ်ယောက်နဲ့ လက်စွပ်ကျောက်ကောင်းအတွင်း (၂၀၀) ကျော်ရတာကြောင့် မင်းတရားထံ ဆက်လေတယ်။

မင်းတရားကြီးလည်း ဗေဒင်တတ်ပုဏ္ဏားတို့ကိုမေးရာ သမိန်ထောကို မုချရပါမည် ဟောလေတယ်။ ဟောတဲ့အတိုင်း သမိန်ထောရာမကို တလစ္စားသားတို့ရလာကာ ဆက်လေတယ်။ ဗေဒင်တတ်ပုဏ္ဏားကိုလည်း ဟောတိုင်းမှန်တာကြောင့် မဟာမင်္ဂလာဇောဂုရုမည်နဲ့ တကောရွာကို ပေးလေတယ်။ ရွှေကို ပုံပြီး နှစ်ကြိမ် ကျူးစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးဟာ သမိန်ထောရာမကိုရလျှင် မကောင်းအကြံ ကြံသူဆို၍ ကွပ်မျက်လေတယ်။ မွန် သုံးရပ်ကိုလည်း ညီညွတ်အောင်စီရင်တော်မူလေတယ်။ မင်းတရားကြီးဟာ ရွှေမောဓောဘုရားကို ထီးချရားသီးကနေ မြေတိုင်ဖောင်ရွှေထည့်တော်မူတယ်။ အလှူကြီးပေးလေတယ်။ ပြည်ဘုရင် မင်းခေါင်အမည်ခံ ရှင်သရက်လည်း မှူးမတ်အများနဲ့ အရောက်အလာများတယ် ကြားတဲ့အခါ ကေတုမတီ (တောင်ငူ) ကနေ ဟံသာဝတီသို့ခေါ်ပြီးရောက်လျှင် ကွပ်မျက်တော်မူတယ်။ မင်းခေါင်မိဖုရား သီရိဘုန်းထွတ်ကိုလည်း စန္ဒာဒေဝီ အမည်နဲ့ သက္ကရာဇ် (၉၁၅) မှာ မိဖုရားမြှောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သမိန်ထောရာမ၏ ထူးဆန်းသော အတွေ့အကြုံများ

ကလေးတို့ရေ…

သမိန်ထောရာမဆိုတာ (ရာဇာဓိရာဇ်ရဲ့သား ဗညားရံမင်းက) သက္ကရာဇ် ၉၁၁ ခုမှာ ဖွားမြင်တဲ့သား ဖြစ်တယ်။ သမိန်ထောရာမဟာ ဖခင်အနိစ္စရောက်ပြီးနောက် တောတောင်ကြီးရာအရပ်မှာ ဆင်ဦးစီးတွေနဲ့ လှည့်လည်နေတယ်။ ဆင်ငယ်တစ်ကောင်ကိုဖမ်းပြီး ယဉ်ကျေးအောင်သင်ပေးပြီး ဆင်ငယ်နဲ့ ကစားနေလေ့ရှိသတဲ့။ သူ့ဆင်အမည်က 'ချစ်ချင်း' လို့ ခေါ်တယ်။

တစ်ခါမှာတော့ သူ့ဆင်ကို သူ့အသိ ဆင်ဦးစီးထံအပ်ပြီး သမိန်ထောရာမဟာ ဗုဒ္ဓသာရ ဆရာတော်ထံမှာ ရှင်ပြုတယ်။ သုံးဝါရတော့ ရဟန်းခံသတဲ့။ တစ်ညမှာတော့ ညောင်ပင်တစ်ပင်အောက်မှာ ပရိတ်မေတ္တာ စီးဖြန်းနေတုန်း အပင်ပေါ်က ရုက္ခစိုးနတ်ဆင်းလာကာ ပြောသတဲ့။ "ဟံသာဝတီမှာ မင်းပြုချင်ရင် သီလကိုစင်ကြယ်အောင် ထိန်းလေ" ဆိုသတဲ့။ အဲဒီအချိန်က စပြီး သမိန်ထောရာမဟာ သီလကို စင်ကြယ်အောင် ထိန်းလေတယ်။

နောက်နှစ်လ၊ သုံးလခန့်ကြာတဲ့အခါ ရုက္ခစိုးက အိပ်မက်ပေးသတဲ့။ အနောက်မြစ်နားကို သွားပါ။ မိကျောင်းပေါ်လိမ့်မယ်။ အဲဒီမိချောင်းကို တက်စီးပြီး အနောက်ဘက်ကို ကူးသွားရင် ကညစ်ပင်တစ်ပင်ပေါ်က ဥဒေါင်းတွန်လိမ့်မယ်။ သစ်ပင်ကိုလှည့်ပြီး ဇင်ရော်ဝဲလိမ့်မယ်။ အဲဒီသစ်ပင်ရဲ့ အရှေ့တစ်တောင်ကွာမှာ အနက် သုံးတောင်တူး ရွှေပေချပ်တွေ့လိမ့်မယ်။ အဲဒီ ရွှေပေချပ်မှာ ဂါထာ သုံးဂါထာ ရေးထားတယ်။ ပထမဂါထာအကျိုး

www.burmeseclassic.com

www.burmeseclassic.com



က ရှိမ်းဆာယာ ကိုယ်ပြောင်းကိုယ်ခွာ ရနိုင်တယ်။ ဒုတိယဂါထာ အကျိုးက တော့ ဓား၊ လှံ၊ သေနတ်၊ တုတ် ပြီးတယ်။ တတိယဂါထာကတော့ ခြေကျိုး၊ လက်ကျိုး၊ ဓားလှံရှနာများကို ဂါထာရွတ်ရေမန်းသောက် ပကတိအတိုင်း ကောင်းမယ်။ နောက် စပါး၊ ပြောင်း၊ ပဲ၊ ဘူး၊ ဖရုံစိုက်ပျိုးကြရာမှာ ရေမန်း ပက်၊ ဆယ်ဆ ဆယ်ပြန်တိုးပြီး သီးပွင့်ဖြစ်ထွန်းမယ်။

အဲဒီဂါထာတွေကို နေ့ချင်းရအောင်ကျက်ပြီး သူ့နေရာမှာပဲ ပြန်မြုပ် ထားခဲ့ရမယ်လို့ အိပ်မက်မက်လေတယ်။

သမိန်ထောရာမဟာ အိပ်မက်အရသွားတဲ့အခါ အမှန်ပဲမိကျောင်းပေါ် လာသတဲ့။ သူဟာကြောက်ပြီး မစီးရဲဘဲ အချိန် သုံးနာရီလောက်ကြာတဲ့အခါ မိကျောင်းငုပ်သွားသတဲ့။

နောက်တစ်လကြာတဲ့အခါ အရင်လိုပဲ အိပ်မက်မက်ပြန်တယ်။ သူ သွားတဲ့အခါ မိကျောင်းပေါ်ပြန်တယ်။ သူစီးမယ်အလုပ်မှာ ကမ်းနားရှိတဲ့ လူ သုံးယောက်က ဒီရဟန်း စိတ်မနှံ့ဘူးဆိုပြီး ဝိုင်းဆွဲထားလို့ မစီးရဘဲ မိကျောင်းပြန်ငုပ်သွားတယ်။

အဲဒီနောက် အတန်ကြာတဲ့အခါ ဇရွဲဘုံမြို့သားတို့ဟာ "မင်းအဖြစ်ကို ယူပါ။ ကျွန်တော်တို့ အမှုထမ်းပါ့မယ်" ဆိုတာကြောင့် သမိန်ထောရာမဟာ လာဘက်မှာ လူဝတ်လဲကာ သန်လျင်မြို့ကိုသွားပြီး လူသူစုရုံးလျက် ကျိုက် ပေါ်ဘုရားမှာ သစ္စာပြုသတဲ့။

နောက် တတိယအကြိမ် အရင်အတိုင်း အိပ်မက်ပြန်တယ်။ ညွှန်တဲ့ နေရာသွားတဲ့အခါ မိကျောင်းပေါ်ပြန်တယ်။ သမိန်ထောရာမဟာ အရဲစွန့်ပြီး တက်စီးလေတယ်။ အနောက်ဖက်ကမ်းရောက်တဲ့အခါ အိပ်မက်အတိုင်း အလုံးစုံတွေ့ရတယ်။ ဂါထာ သုံးပုဒ်ကိုလည်း ရွှေပေချပ်မှာရေးထားတာ တွေ့တယ်။ (ဂါထာတွေဟာ ၃၂ လုံး ဘွဲ့ဂါထာတွေ ဖြစ်တယ်။) သမိန်ထော ရာမဟာ နေရာတွင်ထိုင်ကျက်နေတယ်။ သုံးပုဒ်စလုံးရတဲ့အခါ ရွှေပေချပ်ကို ပြန်မြုပ်ခဲ့တယ်။ တစ်ခါ အရှေ့ဘက်ကမ်းကို အဲဒီမိကျောင်းပဲ ပြန်စီးခဲ့တယ်။ မြစ်လယ်ရောက်တဲ့အခါ လေကြီး၊ မိုးကြီးကျပြီး တစ်မြစ်လုံးမှောင်မိုက်နေ သတဲ့။ အဲဒီအခါ အလွန်ကြောက်လန့်တာကြောင့် ပထမနဲ့ဒုတိယ ဂါထာ နှစ်ပုဒ်ကို မေ့သွားသတဲ့။ တတိယတစ်ပုဒ်ကိုသာ မှတ်မိတော့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သမိန်ထောရာမဟာ မြို့ပြန်ရောက်တာနဲ့ ဇရွဲဘုံမြို့သားတွေကို အကြောင်းစုံပြန်ပြောပြသတဲ့။ ဒါနဲ့ ဇရွဲဘုံမြို့သားတွေက ဂါထာတွေကို သွားယူမယ်လို့ သွားရောက်ရှာဖွေကြတယ်။ တူးရာကိုမဆိုထားနဲ့ ကညင်ပင်ကိုတောင် မတွေ့ရတော့ဘူးတဲ့။

သမိန်ထောရာမဟာ အလုံးအရင်းစုပြီး ဆင်ဖြူများရှင်ကို သွားတိုက်တဲ့ အခါ စစ်ရှုံးပြီး ပြေးရလေတယ်။ တောင်သူကြီးတစ်ဦးအိမ်မှာ ခိုနေလေတယ်။ တောင်သူကြီးရဲ့ လယ်ယာတွေကို သမိန်ထောက ရေမန်းပြီး ပက်ပေးသတဲ့။ ဆယ်ဆတိုးပြီး သီးပွင့်တဲ့အခါ တောင်သူကြီးက သမီးအလတ်နဲ့ ပေးစား သတဲ့။

တစ်နေ့မှာတော့ သမိန်ထောရာမက ကြံလေသတဲ့။ သူ့ဒူးတွေကို ရိုက်ချိုးပြီး မင်းတရားထံသွားမယ်။ လက်ဆောင်ပဏ္ဏာဆက်ပြီး ရေတောင်း သောက်မယ်။ ရေမန်းပြီးသောက်ရင် ဒူးနာပျောက်မယ်။ အဲဒီအခါ အနီးရှိတဲ့ လက်နက်ကိုယူပြီး မင်းကြီးကို လုပ်ကြံမယ်လို့ ကြံလေတယ်။

ကြံတဲ့အတိုင်းပြုလုပ်ကာ ရွှေတော်ရောက်တော့ ရေတောင်းပြီး မန်းကာသောက်လေတယ်။ မပျောက်ဘဲရှိတော့ သမိန်ထော ငိုလေတယ်။ မင်းကြီးက "နင်ယောကျ်ားကောင်းတစ်ယောက်ဖြစ်ပြီး ဘာ့ကြောင့်ငိုသလဲ" လို့ မေးတဲ့အခါ သူ့အကြံကို အမှန်အတိုင်း တင်လေတယ်။ "အရှင်မင်းကြီး ဘုန်းကံကြောင့် ကျွန်တော် မအောင်မြင်ပါလို့ လျှောက်တဲ့အခါ မင်းကြီးက ဒိုင်းလွှားပေးကာ ကစေတယ်။ သမိန်ထောထကနိုင်သတဲ့။ "ရပ်တော့" လို့ မင်းကြီး အမိန့်ပေးလိုက်တာနဲ့ သမိန်ထောရဲ့ဒူးဟာ ကျိုးမြဲတိုင်းကျိုးသတဲ့။ ဆင်ဖြူများရှင် မင်းတရားကြီးလည်း နောင်ကို စိတ်မချတာကြောင့် ကွပ်မျက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင်ရဲ့ ဆက်တိုက် တိုက်ပွဲများ

ကလေးတို့ရေ…

ဆင်ဖြူများရှင် မင်းတရားကြီးရဲ့ သက်တမ်းတစ်လျှောက်မှာ အကွဲကွဲအပြားပြား တစ်ပိုလ်တစ်မင်းဖြစ်နေကြတဲ့ တိုင်းနိုင်ငံတွေကို စည်းရုံးသိမ်းသွင်း တိုက်ခိုက်သစ္စာပေးပြီး မြန်မာနိုင်ငံကြီး တစ်စည်းတစ်လုံးတည်းဖြစ်အောင် လုံးပန်းလေတယ်။

သက္ကရာဇ် (၉၁၅) ခုမှာ ဆင်ဖြူများရှင် မင်းတရားဟာ သားတော်ညီတော်တို့ကို အင်းဝသို့ ရေအား၊ ကြည်းအား ချီစေတယ်။ အားမတန်လို့ မတိုက်ဘဲ ပြန်ခဲ့လေတယ်။

သက္ကရာဇ် (၉၁၆) ခုနှစ်မှာတော့ သံတွဲစားဟာ မင်းတရားထံ သစ္စာတော်ခံလာတယ်။ အဲဒီနှစ်မှာပဲ မင်းတရားကြီးဟာ အင်းဝသို့ ဧရာဝတီရေကြောင်း၊ တောင်ငူလမ်း ကြည်ကြောင်းအလုံးအရင်းနဲ့ ချီတက်တိုက်ခိုက်အောင်မြင်လေတယ်။ အင်းဝမင်းစည်သူကျော်ထင် ရုပ်ဖျောက်ကာ ထွက်ပြေးလေတယ်။ မက္ခရာမြို့မှာ ဖမ်းမိတာကြောင့် မင်းတရားထံ ဆက်လာလေတယ်။

ဆင်ဖြူများရှင် မင်းတရားဟာ အဲဒီကမှ မြန်မာနိုင်ငံ မြောက်ဘက်တစ်လွှား‌ရှိ မြို့ကြီး ကြီးတို့မှာ ရှမ်းစော်ဘွားတို့ ခုခံတာကို တိုက်ခိုက်သိမ်းယူပြီး မြေဒူး၊ ဒီပဲရင်း၊ ဗဒုံ၊ စည်ပုတ္တရာစတဲ့ ရှမ်းနယ်ကျေးနဲ့ဖပ်တဲ့ မြို့တို့ကို အခိုင်အလုံထားခဲ့ကာ အင်းဝသို့ ပြန်လေတယ်။ အင်းဝကမှ ဟံသာဝတီကို

www.burmeseclassic.com



ပြန်လေတယ်။ အင်းဝမှာ ညီငယ်ကို "သတိုးမင်းစော" အမည်နဲ့ မင်းပြုစေတယ်။ သမီးတော်နဲ့လည်း စုံဖက်ပေးတော်မူတယ်။

မင်းတရားကြီးအညာမှာရှိနေစဉ် ပုဂံ၊ ရွာသာ၊ စလေ၊ ပုခန်းငယ်၊ သရေခေတ္တရာ၊ တုရွင်းတိုင်၊ ကျောက်ပတောင်းစတဲ့ အရပ်တွေမှာ ပုပ္ပားနတ်ကို ကျွဲ၊ နွား၊ ဝက်၊ ကြက်သတ်ပြီး တစ်နှစ်တစ်ကြိမ်ပသတဲ့ မိစ္ဆာဒိဋ္ဌိ အယူထုံးစံ မလေ့ရှိတာကိုလည်း အမိန့်တော်နဲ့ အကျပ်အတည်း တားမြစ်တော်မူတယ်။

မင်းတရားကြီးဟာ သက္ကရာဇ် (၉၁၇) ခုနှစ်မှာလည်း အညာကို နောက်တစ်ကြိမ်ချီတက်ပြီး သုံးဆယ်၊ မိုးမိတ်၊ အုန်းဘောင်၊ မိုးကောင်း၊ မိုးညှင်းတို့ကို သိမ်းယူတော်မူတယ်။ ရှမ်းပြည်တစ်လွှားမှာ စော်ဘွားသေရင် သူချစ်တဲ့ဇနီး၊ ကျွန်၊ ကျွဲနွားတို့ကိုသတ်ပြီးထည့်ကြတဲ့ မိစ္ဆာဒိဋ္ဌိအယူတွေ ယူကြတာတွေကိုလည်း တားမြစ်ကာ ဗုဒ္ဓဘာသာအယူကို ယူစေတယ်။ ကျမ်းဂန်တတ် သံဃာတော်တွေကိုလည်း ကျောင်းဆောက်လုပ်လှူဒါန်းကာ သီတင်းသုံးစေတယ်။ ပိဋကတ် သုံးပုံကိုလည်း ကျောင်းမှာထားပေးတယ်။ မူးပဲ၊ ကျပ်၊ ပိဿာစတဲ့ အလေးချိန်တွေနဲ့ တင်း၊ ခွဲ၊ စိတ်၊ ပြည်စတဲ့ အသုံးအဆောင်တို့ကို ဟံသာဝတီနေပြည်နဲ့ တစ်ညီတည်း ထားစေတယ်။

သက္ကရာဇ် (၉၁၉) ခုနှစ်မှာ တစ်ကြိမ်ချီတော်မူပြီး မိုးနဲ၊ ညောင်ရွှေ၊ ယပ်စောက်၊ မိုးဗြဲ၊ စကား၊ နောင်မွန်မြို့များကို သိမ်းယူတော်မူတယ်။ ထိုမြို့နယ်များရှိ အယူမှားတို့ကိုလည်း တားမြစ်ကာ အယူမှန်ကို ယူစေတယ်။

ဆင်ဖြူများရှင်ဟာ မိုးနဲကိုရတာနဲ့ ထားစဉ်ဆိပ်က သံလွင်မြစ်ကိုကူးပြီး သက္ကရာဇ် (၉၂၀) မှာ ဇင်းမယ်ကို တိုက်ခိုက်လေတယ်။ မင်းနှင့်တကွ မြို့ကိုရလေတယ်။ ဇင်းမယ်မင်းကို သစ္စာပေးပြီး မင်းပြုမြဲ ပြုစေတယ်။ မြန်မာတပ်တော်ကို အစောင့်အနေထားပြီး ပြန်တော်မူတယ်။ ဇင်းမယ်သား ပညာသည်တွေကို ဆောင်ယူပြီး ဟံသာဝတီမှာ အကွက်ချထားလေတယ်။ ထိုအခါက ယွန်းထည်အလုပ်တတ်သူတို့ ရောက်လာတယ်လို့ ဆိုတယ်။ ဇင်းမယ်ကို သိမ်းပြီးတာနဲ့ သိန္နီစော်ဘွားလည်း လာရောက်သစ္စာခံလေတယ်။ မြို့စားရွာစားတို့က သမီးကညာ ဆက်သကြတယ်။ ညီတော်၊ သားတော်တို့ကိုလည်း မင်းတရားကြီးထံမှာ အမှုထမ်းစေတယ်။ လက်အောက်ခံမြို့စား၊ နယ်စားတို့က နှစ်စဉ်ကန်တော့လက်ဆောင်၊ အခွန်ဘဏ္ဍာ ဆက်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်မက်အရေးရှိတဲ့အခါ လက်နက်လူသူ အလုံးအရင်းနဲ့တကွ မင်းတရားကြီး နောက်တော်သို့လိုက်ကာ အမှုထမ်းကြရတယ်။ မိမိစားတဲ့ မြို့ရွာမှာ တခြားက နှောင့်ယှက်လာရင်လည်း မင်းတရားကြီးထံ အကူတောင်းကြရတယ်။

သက္ကရာဇ် (၉၂၁) ခုမှာ ကလေး၊ မင်းခင်းနယ်ပယ်များကို ကသည်း စော်ဘွားက ထိပါးလာတာကြောင့် မင်းတရားကြီးရဲ့ ရဲမက်တော်တို့ ချီတက် နှိမ်နင်းကြလေတယ်။ ကသည်းစော်ဘွားက သစ္စာခံပြီး သမီးကညာဆက်သ လေတယ်။

သက္ကရာဇ် (၉၂၄) ခုမှာ မိုင်းမော၊ စည်ခွင့၊ ဟိုသာ၊ လာသာ၊ မိုးနား၊ စန္ဒားစတဲ့ အရှေ့တစ်တန်း ရှမ်းတရုတ်နယ်ပယ်တို့ကို သိမ်းယူတော် မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင်နှင့် ယိုးဒယားအရေး

ကလေးတို့ရေ…

ဆင်ဖြူများရှင်မင်းတရားဟာ တကွဲတပြားဖြစ်နေတဲ့ မြန်မာနိုင်ငံကြီးကို သိမ်းသွင်းရုံသာမက နိုင်ငံလည်း ချဲ့ထွင်လေတယ်။

ဆင်ဖြူများရှင် မင်းတရားကြီးဟာ ယိုးဒယားမင်းဆီကို ဆင်ဖြူတစ်စီး ဆက်စေလိုကြောင်း စာစေတော်မူတယ်။ ယိုးဒယားမင်းက "ငါပေးမည့်သူကားလွယ်၏။ အပေးကိုခံရမည့်သူကား ခက်၏။ ရှေးမင်းအပေါင်းတို့သည် ဆင်ဖြူများကို လှူ၏။ ငါလည်းမြတ်သောဆုကို တောင်းသည်ဖြစ်၍ ဟံသာဝတီမင်းသည် တရား (၁၀) ပါးကိုစောင့်က ငါဆင်ဖြူတစ်စီးလှူအံ့" လို့ စကားပြန်လိုက်လေတယ်။ ဆင်ဖြူများရှင်ကလည်း "ဆက်လျှင် ငါ့ဘုန်းလက်ရုံးကြောင့်သာ ဖြစ်တာမို့ လှူသည်မမည်" လို့ မိန့်ပြီး ဆင်ဖြူအယူလွှတ်ပြန်တယ်။ ယိုးဒယားမင်းကလည်း "ဟံသာဝတီဘုရင်တရား (၁၀) ပါးစောင့်က ဆင်ဖြူလှူမည်ဟု ငါမိန့်သည်မှာ မှန်၏။ သို့ရာတွင် ယခုလက်ရုံးကို အားကိုး၍ တောင်းသည်ဖြစ်သောကြောင့် ငါမပေးပြီ" လို့ ဆိုပြီး ရွှေပေလွှာမှာ အက္ခရာရေးပြီး ဆက်လိုက်လေတယ်။ ရွှေပေမှာကား အခြားဘာမှမပါ။ (၁) ဆိုတဲ့ ဂဏန်းတစ်လုံးသာပါသတဲ့။

ဆင်ဖြူများရှင်မင်းတရားက အမတ်ကြီး ဗညားဒလအား မြန်လေတယ်။ အမတ်ကြီးက "ဤဂဏန်းအလိုကို ဘုရားသခင်တရားတော်ဝယ် ဓေ၊

www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်မှာဆို ဒက်၊ မြန်မာမှာဆို တစ်၊ ကျွန်ုပ်တို့ မွန်ဘာသာမှာ အိုက်ဟု ခေါ်ပါသည်။ အိုက်ဟူသည့် အလိုကား အိုပ်ဟိုဘွယ်၊ ဘွယ်ဟိုအိုက်ဟု ပြန်၍ "ငါမကြောက်ဘူး" ဟု ဆိုလိုပါသည်။

ဆင်ဖြူများရှင်လည်း ဗညားဒလအား ချီးမွမ်းလေတယ်။ ပြီးမှ "အမတ်ကြီး၊ ငါသို့သောမင်းကို ဘွယ်ဟိုအိုက်ဟုဆိုသော် ငါချီတော်မမူမီ ဘယ်သို့ စာ စေတော်မူမည်နည်း" လို့ မေးလေတယ်။ အမတ်ကြီးက "ယိုးဒယားမင်းက (၁) ဟူသော ဂဏန်းကိုပေးသော် (၂) ဟူသော ဂဏန်းကိုရေး၍ ပေးမည်။ (၂) ဟူသည် တရားတော်မှာ ဒွေး၊ ဗေဒင်အရ စန္ဒရော၊ မြန်မာဝယ် နှစ်၊ ကျွန်ုပ်တို့ မွန်ဝယ် ဗ္ဗိဟု ခေါ်ပါသည်။ ဗ္ဗိ အလိုသော်ကား "ဗ္ဗိကလက်၊ ဗ္ဗိကလိ ဟူဆိုသည် အဓိပ္ပာယ်ကား မကြောက်သော် ကြိုးနှင့် ချည်မည် ဆိုပါသည်" လို့ လျှောက်လေတယ်။

ဆင်ဖြူများရှင်လည်း သဘောကျတာကြောင့် (၂) ဟူသော ဂဏန်းကို ရေးကာ ယိုးဒယားမင်းထံ စာစေလေတယ်။ ယိုးဒယားမင်းသိတဲ့အခါ "ငါတို့အလိုကို ဟံသာဝတီမင်း သိလေပြီ" လို့ ဆိုကာ ထိတ်လန့်လေတယ်။

အဲဒီနောက် သက္ကရာဇ် (၉၂၅) ခုမှာ ဆင်ဖြူများရှင် မင်းတရားဟာ ယိုးဒယားသို့ စစ်ချီလေတယ်။ ယိုးဒယားမင်းမှာ ဆင်ဖြူ လေးစီး ရှိတာကို တစ်စီးတောင်းတာ မပေးတာကြောင့် စစ်ချီခြင်းဖြစ်ပေတယ်။ ယိုးဒယားဟာ မင်းတရားရွှေထီးလက်ထက်မှာ လက်နက်နိုင်ငံဖြစ်ဖူးလေတယ်။ ယခု ဆင်ဖြူဆက်လျှင် လက်နက်နိုင်ငံဖြစ်ကြောင်း ထင်ရှားစေလိုတာကြောင့် ဖြစ်ပေတယ်။

ဆင်ဖြူများရှင်မင်းတရားဟာ ယိုးဒယားသို့ ကမန်ပိုက်ကြောင်း စစ်ကြီးချီလေတယ်။ ဇင်းမယ်က တိုက်လှေကြီး (၃၀၀) ကျော်နဲ့ ဆန်စပါး တင်ပို့ရတယ်။ ဇင်းမယ်မင်းက နောက်တော်မလိုက်ဘဲ သောင်းကျန်းကျန်ရစ် တယ်။ မင်းတရားကြီးဟာ ရှေးဦးစွာကမန်ပိုက်ကို ရတယ်။ နောက် သောက္ကတဲ၊ ပိသုလောက်၊ သဝန်ခလောက်မြို့များကို သိမ်းယူလေတယ်။ ပိသု လောက်ကိုစားတဲ့ ယိုးဒယားမင်းရဲ့သမက်တော် ဩယာမွေ့ရာဇာဟာ မင်း တရားကြီး နောက်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားမင်းကိုယ်တိုင် ဦးစီးကွပ်ကဲတဲ့ လုံကလီတပ်ကြီးကို သဘော်သုံးစင်းနဲ့တကွ ရလေတယ်။ ယိုးဒယားမင်းလည်း လက်နက်ချလေတယ်။ ဆင်ဖြူတော်များကိုဆက်ပြီး သစ္စာခံလေတယ်။ သမီးတော်ကိုလည်း ဆက်တယ်။

မင်းတရားကြီးဟာ ယိုးဒယားမင်းနဲ့ မှူးမတ်များ၊ သားတော်များကို သစ္စာပေးပြီး ယိုးဒယားမင်းရဲ့သားကြီး ဗြမဟိန်ကို ယိုးဒယားမှာ မင်းပြုစေတယ်။ ယိုးဒယားမင်းနဲ့ သားအငယ်၊ အမတ်ကြီးနဲ့ ဆင်ဖြူ လေးစီးကို ဆောင်ယူခဲ့တယ်။ အချက်အပြုတ်တတ်သူ၊ လက်မှုပညာသည်တို့ကိုလည်း သားမယားနဲ့တကွ ဆောင်ယူခဲ့တယ်။ မင်းတရားကြီးဟာ နေပြည်တော် ဟံသာဝတီမှာ အကွက်အရပ်ချထားပေးပြီး နေစေတယ်။ ယိုးဒယားမြို့ခွန် တစ်နှစ်ကို တိုက်ဆင် (၃၀)၊ ငွေ (၃၀၀) တနသ်ာရီသဘော် အကောက်ခွန်တို့ကို ဆက်ရလေတယ်။

မင်းတရားကြီးဟာ လက်ရသုံ့ပန်းမင်းတို့ကို နေပြည်တော်မှာ ကောင်းမွန်စွာထားလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင် ဒုတိယအကြိမ် ယိုးဒယားသို့ ချီခြင်း

ကလေးတို့ရေ…

ဆင်ဖြူများရှင်မင်းတရား ယိုးဒယားကို ပထမအကြိမ် တိုက်ခိုက်သိမ်းယူကာ နေပြည်တော် ခေါ်ဆောင်ခဲ့တဲ့ ယိုးဒယားမင်းကြီးဟာ ဟံသာဝတီမှာ ရဟန်းပြုနေတယ်။ တကယ်တော့ ရဟန်းပြုကာ အကြံထုတ်နေတယ်လို့ ဆိုရမယ်။

ယိုးဒယားမင်းကြီးဟာ ရဟန်းဝ ာ်နဲ့ ယိုးဒယားကို ဘုရားဖူးသွားလိုကြောင်း မင်းတရားကြီးထံ ခွင့်တောင်းလို့ ခွင့်ပြုတော်မူတယ်။ ယိုးဒယားကိုရောက်တာနဲ့ ရဟန်းကထွက်ပြီး သားတော်ဗြမဟိန်နဲ့အတူ ပုန်ကန်လေတယ်။ အဲဒီအကြောင်းကို ပိသလောက်စား လာလျှောက်တာကြောင့် ဆင်ဖြူများရှင် မင်းတရားသိလေတယ်။ ပိသလောက်စားကို အားရတာကြောင့် "စော်ဘွားသောင်ကျည်" ဆိုတဲ့ ဘွဲ့ပေးလေတယ်။

သက္ကရာဇ် (၉၂၆) ခုမှာတော့ ဇင်းမယ်က သောင်းကျန်းတာကြောင့် ချီတက်တိုက်ခိုက်တယ်။ မင်းနဲ့တကွ မြို့ကိုရတယ်။ "မဟာဒေဝီ" ကို မင်းပြုစေတယ်။ ယိုးဒယားမင်းသား "ဗြရာမသွန်" မင်းတရားကြီး နောက်တော်ပါအဖြစ် လိုက်ပါရင်း မကျန်းမမာလို့ ကွယ်လွန်လေတယ်။ ဇင်းမယ်ကို ရပြီး ဇင်းရုံကိုရလေတယ်။ နောက်လင်းဇင်းကို တိုက်ရာ လင်းဇင်မင်းထွက်ပြေးလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီး ဇင်းမယ်မှာရှိနေခိုက် သက္ကရာဇ် (၉၂၇) ခုမှာ ဟံသာဝတီသို့ ရှမ်းပြည်အရပ်ရပ်က ယူဆောင်ခဲ့တဲ့ သုံ့ပန်းလူအပေါင်းဟာ စုရုံးပုန်ကန်ကြတယ်။ ကျောင်းကန်ဘုရားနဲ့ အချို့နန်းတော်တို့ကို မီးတိုက်လေတယ်။

အဲဒီအခါမှာ အင်းဝဘုရင်နရပတိဟာ ဟံသာဝတီမှာ ကျန်ရစ်တဲ့ မှူးမတ်ဗိုလ်ပါတို့ကို စုရုံးကာ သူပုန်တို့ကို ပြန်တိုက်ခိုက်လေတယ်။ သူပုန်တို့ပျက်ပြီး ဒလမှာနေပြန်တယ်။ မင်းတရားကြီးသိတဲ့အခါ ဇင်းမယ်က ပြန်လာပြီး ကိုယ်တိုင်ကြပ်မတ်တိုက်ခိုက်ရာ အောင်မြင်တော်မူတယ်။ ဖမ်းဆီးရမိတဲ့ သူပုန်တစ်သောင်းကျော်ကို မီးတိုက်မယ်လုပ်ရာ ရဟန်းတော်များ မေတ္တာရပ်ခံတာကြောင့် လွှတ်ပြီး အကြီးအကဲတို့ကိုသာ ကွပ်မျက်လေတယ်။

သူပုန်တို့ မီးတိုက်ဖျက်ဆီးတဲ့ ဘုရားကျောင်းကန်တို့ကိုလည်း အထူးကြပ်မတ်ကာ ပြုပြင်တည်ဆောက်စေတယ်။ ဇင်းမယ်မှာ ကျန်ရစ်တဲ့ မြန်မာတပ်က လင်းဇင်းမင်းထွက်ပြေးရာ လိုက်တိုက်တယ်။ လင်းဇင်းမင်းကို မမိပေမယ့် မိုင်းစံမြို့ကို သိမ်းယူရာမှာ လင်းဇင်းမင်းညီ ဥပရာဇ်ကို ရလေတယ်။ (၉၂၇) မှာ တပ်တော်များ ဟံသာဝတီပြန်ကြလေတယ်။ တစ်ခါ ပိဿလောက်ကို လင်းဇင်းမင်း လာတိုက်တာကြောင့် တပ်များပြန်ချီရပြန်တယ်။ လင်းဇင်းမင်း ထွက်ပြေးပြန်တယ်။

မင်းတရားကြီး ယိုးဒယားသို့ ဒုတိယအကြိမ် ချီဖို့အထူးကြပ်မတ်ကာ စနစ်တကျ ပြင်ဆင်လေတယ်။ စော်ဘွားသောင်ကျည်နဲ့ တပ်တော်အချို့ကို ပိတ်သလောက်သို့ အလျင်ချီပြီး မြို့ပြုပြင်ဆင်၊ စပါးဆန်ရေတို့ကို စုဆောင်းထားရတယ်။ မင်းတရားကြီး မချီမီ ယိုးဒယားမင်းနဲ့ လင်းဇင်းမယ် ပိဿလောက်ကို တိုက်လေတယ်။ မနိုင်တာကြောင့် ပြန်ဆုတ်သွားလေတယ်။

သက္ကရာဇ် (၉၃၀) မှာ မင်းတရားကြီး ယိုးဒယားသို့ အလုံးအရင်းနဲ့ ချီတော်မူတယ်။ ယိုးဒယားကို (၁၀) လခန့် ဝိုင်းရံပြီး အပြင်းတိုက်ခိုက်ပေမယ့် မရပေ။ ဤစစ်မှာ နှစ်ဖက်စလုံးက အမြောက်လက်နက်ကြီးတွေ သုံးကြတယ်။ မြို့မပေါက်နိုင်ဖြစ်နေတာကြောင့် ပထမစစ်ကရခဲ့တဲ့ ယိုးဒယား အမတ်ဟောင်း "အောက်ဗြစက္ကီ" ကို ဉာဏ်ဆင်ကာ မြို့တွင်းဝင်စေပြီး မြို့တံခါးကို ဖွင့်စေတယ်။ အဲဒီတော့မှ မြို့ပေါက်ပြီး မင်းနဲ့တကွ တစ်မြို့လုံးကို ရလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားမင်းကြီးဟာ စစ်အတွင်းမှာ ကွယ်လွန်တယ်။ ယိုးဒယားမြို့ကိုရတဲ့အခါ စော်ဘွားသောင်ကျည်ကို မင်းပြုစေတယ်။ ဗြမဟိန်နဲ့တကွ ယိုးဒယားက အမြောက်ကြီးများကို ဟံသာဝတီသို့ ပို့ဆောင်တော်မူတယ်။ ဗြမဟိန် မကျန်းမာတာကြောင့် လမ်းမှာဆုံးလေတယ်။

မင်းတရားကြီး ယိုးဒယားကို ဝိုင်းထားစဉ်မှာ လင်းဇင်းမင်းက ယိုးဒယားကိုကူညီမယ်လို့ လာလေတယ်။ မြန်မာတပ်က တိုက်ထုတ်လို့ အနိုင်ရလေတယ်။ ယိုးဒယားကိုရပြီးနောက် လင်းဇင်းကို ချီလေတယ်။ လင်းဇင်းမင်းတိမ်းရှောင်ပြေးလေတယ်။ ရဲမက်တော်တို့ ငတ်မွတ်တာကြောင့် (၉၃၂) ခုမှာ ဟံသာဝတီသို့ ပြန်တော်မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင် သီဟိုဠ်သို့ စစ်သည်သူရဲများ စေလွှတ်ခြင်း

ကလေးတို့ရေ…

သက္ကရာဇ် (၉၃၈) ခုမှာ သီဟိုဠ်မွေ့ပါလမင်းထံက ဆင်ဖြူများရှင်မင်းတရားကြီးထံ သံတမန် ရောက်လာလေတယ်။ စာလွှာပါးရာမှာ "သီဟိုဠ်မှာ ကွတ်တည်မင်း၊ ခန်တီမင်း၊ သီတာဝက်မင်းတို့ဟာ မိစ္ဆာဒိဋ္ဌိအယူကိုယူပြီး သာသနာတော်ကို ညစ်နွမ်းအောင် ပြုနေကြပါတယ်။ သာသနာတော်ကြီးပွားအောင် ထိုမင်း သုံးပါးကို နှိမ်နင်းပါမည့်အကြောင်း စာလွှာပါးလိုက်လေသည်။

ထိုအခါ ဆင်ဖြူများရှင် မင်းတရားကြီးက ခက်ထန်ပြီး အမှုပြီးအောင်ဆောင်ရွက်တတ်သူတွေကို ရွေးပို့လေတယ်။ ယိုးဒယား၊ မွန်၊ မြန်မာ၊ ရှမ်း၊ တရုတ်၊ ထားဝယ်သား အစုံပါလေတယ်။ စစ်သည်ပေါင်း (၂၅၀၀) ခန့်ကို မောက်တို၊ မောက်ရှု၊ မိန်ညို သံချပ်နှင့်တကွ ရွှေဒိုင်း၊ ရွှေလွှား၊ ရွှေကာ၊ ရွှေလုံ့တို့ကို ကွဲကိုင်စေတယ်။ စန္ဒသူရိယကိုတပ်မှူး၊ ရာဇဗညားကို တပ်စစ်ကဲခန့်ကာ သင်္ဘောနဲ့ လွှတ်လိုက်လေတယ်။

သီဟိုဠ်မွေ့ပါလမင်းကလည်း ကြီးကျယ်ခမ်းနားစွာ ကြိုဆိုလေတယ်။ မဏ္ဍပ်ကန္နားနဲ့ နေရာချထားလေတယ်။ မွေ့ပါလမင်းလည်း မိမိစေလိုက်တဲ့ အမတ်တွေကို ဟံသာဝတီအကြောင်း မေးလေတယ်။ အမတ်တို့က သစ္စာရောက်သူတို့မှာ စုံစမ်းဖို့သာဖြစ်ကြောင်း၊ အရေးတော်မပြီးလျှင် နောက်ထပ်ပို့လွှတ်မယ့် အကြောင်းများကို လျှောက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူများရှင် လွှတ်လိုက်တဲ့ စစ်သည်များကလည်း အစွမ်းပြလိုတာကြောင့် သောက်စားကြပြီး ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ကို မြင်တဲ့အခါ လှံနဲ့ထိုး၊ တချို့က အရေဆုတ်၊ တချို့က အသားလှီးကာ နုတ်နုတ်စင်း၊ ချင်း၊ ကြက်သွန်ထည့် သွေးသံရဲရဲနဲ့ပဲ စားသောက်ကြတယ်။

အဲဒီလိုစားသောက်ကြပြီး ဒိုင်းရေး၊ လှံရေး၊ ကာရေး၊ လှံရေး ကစားကြတယ်။ တစ်ယောက်ကိုတစ်ယောက် ထိုးခုတ်ကြတယ်။ ပြီးစီးသူတွေဖြစ်တာကြောင့် အပေါက်မရှိလေဘူး။ အဲဒီအချင်းအရာတွေကို သိန်းဃိုသားတို့ မြင်ကြလေတယ်။ ဤလူတို့ကား လူမဟုတ်၊ ဘီလူးတို့သာ ဖြစ်ကုန်တယ်လို့ အလွန်ကြောက်လန့်ပြီး သိန်းဃိုမင်းအသီးသီးကို တင်လျှောက်ကြတယ်။ အစိမ်းစားဘီလူးများ ဖြစ်တယ်။ သံတွေခဲလို မာကျစ်ပြီး အပေါက်အပြဲမရှိ အညှံ့ခံကြမှသင့်မယ် တင်လျှောက်ကြပြန်တယ်။

မြန်မာတပ်မှူး စစ်ကဲတို့က သိဟိုဠ်မင်း ဓမ္မပါလအား "ယခုကျွန်ုပ်တို့ရောက်တာ တစ်လကျော်ရှိပြီ။ မင်း သုံးပါးထံက ဘာမှမကြားရ။ အရှင်ဓမ္မပါလနဲ့ ညီညွတ်လို့သာ သာသနာတော်ကို ပြုစုမယ်ဆိုရင် အရေးပြီးပြီ။ သို့မဟုတ်က မင်း သုံးပါးကို နန်းတက်ကာ ဖမ်းမယ်" လို့ လျှောက်လေတယ်။

ဓမ္မပါလမင်းက ကျွန်မင်း သုံးပါးကို အကြောင်းကြားတဲ့အခါ အရှင်ဓမ္မပါလ မင်းနဲ့ အညီအညွတ် သာသနာကောင်းကျိုးဆောင်ဖို့ ဝန်ခံတဲ့အတိုင်း ရောက်လာ ဆောင်ရွက်ကြလေတယ်။ မြန်မာစစ်သည်ရဲမက်တို့လည်း လက်ဆောင်ပဏ္ဏာများစွာယူပြီး ပြန်ခဲ့လေတယ်။ ဆင်ဖြူများရှင်လည်း ဗိုလ်မှူးစစ်ကဲတို့ကို ဆုလာဘ်ပေးကာ ချီးမြှောက်တော်မူလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာကြီးသော ပေါလသိုင်းစား

ကလေးတို့ရေ…

မြန်မာ့ရာဇဝင်တွေမှာ အရှင်တစ်ဦးရဲ့သစ္စာကိုခံပြီး သစ္စာမဖျက်ဘဲ သက်ဆုံးတိုင်မြဲကြတဲ့ မင်းမှုထမ်းတွေလည်း ရှိကြတယ်။ အဲဒီထဲမှာ ပေါလသိုင်းစားလည်း ပါလေတယ်။

ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးဟာ လင်းဇင်းမယ် နှောင့်ယှက်တာကြောင့် လင်းဇင်းကို သိမ်းယူမယ်လို့ ချီတော်မူတယ်။ မိုးကောင်း၊ မိုးညှင်း၊ စော်ဘွားတို့လည်း နောက်တော်က လိုက်ပါရတယ်။ စော်ဘွားတို့က တန်ခိုးသေးနုပ်တာကြောင့် အမိန့်ကို မဖီဆန်ဝံ့ဘဲ ဘယ်သို့ကြံရင် သင့်မလဲလို့ မိုးကောင်းစော်ဘွားရဲ့ကျွန် ပေါလသိုင်းစားကို တိုင်ပင်ကြတယ်။ အဲဒီအခါ ပေါလသိုင်းစားက "ဆင်ဖြူများရှင်သည် ဘုန်းတန်ခိုးကြီးလှတယ်။ လင်းဇင်းလိုက်တိုက်ရင် သူတစ်ပါးအရပ်မှာ သေရမယ်။ အာဏာဖီဆန်ကာ မလိုက်သော် မိမိအရပ်မျာပင် သေရမယ်။ ကိုယ့်အရပ်မှာ သေရတာက ပိုမြတ်တယ်။ ဒါ့ကြောင့် မင်းကြီးကို ခုခံလော့" လို့ ဆိုတယ်။

စော်ဘွားများဟာ ပေါလသိုင်းစားစကားကို နားဝင်တာကြောင့် မိုးကောင်းစော်ဘွားကို အဝေးသို့နှင်ကာ မိုးညှင်းစော်ဘွားနဲ့ ပေါလသိုင်းစားဟာ မင်းကြီးအလာ ဆင်မြင်းဗိုလ်ပါအများနဲ့ ကသာမိုးကောင်းတက်တဲ့လမ်းခရီးက တောမှာပုန်းအောင်းစောင့်နေလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက သူတို့စောင့်တဲ့လမ်းမတက်၊ အခြားလမ်းကတက်တော်မူပြီး မိုးကောင်းရောက်တဲ့အခါ မိုးညှင်းစော်ဘွားနဲ့ ပေါလသိုင်းစားတို့ အကြောင်းကြားတာနဲ့ သမက်တော်အမှူးပြုပြီး ၄င်းတို့ကို ဖမ်းစေတယ်။ မိုးညှင်းစော်ဘွားမှာ ဆင်ဦးမှာတင်ဆုံးပြီး ပေါလသိုင်းစားကို အရှင်ရတော်မူတယ်။

မင်းကြီးက ပေါလသိုင်းစားအား "စော်ဘွားတို့ ငါ့သစ္စာကို မစောင့်ဘဲ ခုလိုခုခံပုန်ကန်တာ ဘယ်သူ့အကြံအစည်လဲ" လို့ မေးတယ်။ ပေါလသိုင်းစားက မိမိအကြံအစည်ဖြစ်ကြောင်း အလုံးစုံတင်လျှောက်ပြီး "အရှင်မင်းကြီးလမ်းလွှဲတက်တော်မူသောကြောင့်သာ ကျွန်တော်တို့ မတိုက်လိုက်ရပါ။ ယခု ဘုန်းတော်ကြောင့် မိုးညှင်းစော်ဘွားလည်း ဆုံးပြီ။ ကျွန်တော့်ကိုလည်းရပြီ။ ကျွန်တော့်ကို ကွပ်မျက်သော်လည်း အရှင်မင်းကြီးအပြစ်မကောင်းမှု မဖြစ်ပါ" လို့ ရဲရင့်တည်ကြည်စွာ လျှောက်လေတယ်။

မင်းကြီးလည်း မည်သို့မျှမဆိုဘဲ ရွှေတိုက်စိုးကို အပ်ထားလေတယ်။ မိုးကောင်းစော်ဘွားကို ဖမ်းဖို့ရှိသေးတာကြောင့် ပေါလသိုင်းစားကိုခေါ်ပြီး ဆုလာဘ်ပေးကာ သစ္စာတော်ခံစေလိုလို့ သစ္စာတော်စာကို ဖတ်စေတယ်။ ပေါလသိုင်းစားက "ယခု သစ္စာပေးသည်မှာ မည်သည့်အမှုအတွက်ပါလဲ" လို့ သစ္စာမခံခင် မေးလျှောက်လေတယ်။ "သင့်ကို ငါ့ရဲမက်များနဲ့သွားပြီး မိုးကောင်းစားကို ဖမ်းစေလိုလို့ ဖြစ်တယ်" လို့ မင်းကြီး မိန့်လေတယ်။

အဲဒီအခါ ပေါလသိုင်းစားက မင်းကြီးကို ဦးသုံးကြိမ်ချပြီး "မိုးကောင်းစော်ဘွားကို ပုန်ကန်စေတာလည်း ကျွန်တော့်အစီရင်။ ချီတော်မူလာပြီး မိုးကောင်းစော်ဘွားကို ပြေးစေတာလည်း ကျွန်တော့် အတတ်ပင်။ မင်းကြီးကသာ ဆိပ်ကတက်လျှင် ဆီးကြိုတိုက်မယ်ကြံတာလည်း ကျွန်တော့်အကြံပင် ဖြစ်ပါတယ်။ ဘုန်းကြီးတဲ့ မင်းဖြစ်လို့သာ မင်းကြီးခြေရင်း ကျွန်တော် ရောက်ရပါတယ်။ ယခု ကျွန်တော့် အရှင်ကို ဖမ်းပေးဖို့ဆိုတာမှာ မဖြစ်နိုင်ပါ။ ကျွန်တော့်အရှင်ပေးတဲ့ သစ္စာဟာ စက္ကူမှာရေးပြီး မီးဖုတ်ကာ ပြာကို ရေဖျော်သောက်ပြီး ဖြစ်ပါတယ်။ ထိုသစ္စာဟာ ဝမ်းတွင်းမှာမကျေနိုင်ပါတယ်။ မိုးကောင်းစော်ဘွားကို ဖမ်းမပေးလို့ ဤဘဝတင်မက နောင်ဘဝတိုင်အောင် သတ်တော်မူသော်လည်း သေရမည်သာ။ ကျွန်တော့်သခင်ရဲ့ သစ္စာကို မဖျက်နိုင်ပါ" လို့ ရဲဝံ့တည်ကြည်စွာ တင်လျှောက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပေါလသိုင်းစား စကားကိုကြားရတဲ့အခါ ရှေ့တော်မှာ ခစားနေကြတဲ့ မှူးမတ်အပေါင်းကို မင်းကြီးမိန့်လေတယ်။ "အို… အမတ်တို့၊ ပေါလသိုင်းစားငယ်ဟာ ပေါလသိုင်းရွာ အိမ်ခြေ (၇၀) ကျော် (၈၀) ခန့်မျှကို မိုးကောင်းစော်ဘွားပေးလို့ စားရတယ်။ ဤမျှလောက် ကျေးဇူးအတွက်ကိုပင် အသက်ကို အသေခံပြီး လျှောက်တယ်။ ဤပေါလသိုင်းစား စည်းစိမ်ဟာ သင်အမတ်တို့မှာရှိတဲ့ ကျွန်တစ်ယောက်ရဲ့ စည်းစိမ်ခန့်မျှမရှိ။ သင်းဆိုတဲ့ စကားကို အမတ်တို့ကြားကာ မရှက်ကြပါသလော" လို့ ပေါလသိုင်းစားကို ချီးမွမ်းပြီး "မိုင်းကောင်းစော်ဘွားကို ဖမ်းမပေးနိုင်ရင်ထားတော့၊ နေရာကိုပြပေးနိုင်မလား" လို့ မေးရာ "နေရာကိုကား ပြပေးပါမယ်" ဝန်ခံတာကြောင့် ပေါလသိုင်းစားနဲ့ ရွှေဓားမှူးကို လွှတ်လိုက်လေတယ်။

လမ်းခရီးမိုးကောင်းကလေး စခန်းရောက်တဲ့အခါ ပေါလသိုင်းစား ထွက်ပြေးလေတယ်။ နောက်မှ မင်းကြီးရဲ့သားတော် မိုးကောင်းစော်ဘွားကို ရပြီးဆက်ရာ အသက်ကိုလွှတ်ပြီး ကောင်းစွာထားတော်မူတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သဘောထားကြီးသော ဆင်ဖြူများရှင်

ကလေးတို့ရေ…

ဆင်ဖြူများရှင်မင်းတရားဟာ အမှုးအမတ်တို့ရဲ့ အရည်အသွေးကို ကြည့်ပြီး အချို့အရာတွေမှာ သဘောထားကြီးကြီးထားနိုင်လေတယ်။ သို့သော်လည်း စစ်မက်ရေးရာနဲ့ပတ်သက်ပြီး အမှုထမ်းပေါ့လျော့ရင် အစိမ်းအကျက်မရွေး ဒဏ်ထားလေတယ်။

ဆင်ဖြူများရှင်ရဲ့ သေနာပတိအမတ် ဗညားဒလဟာ မင်းကြီးအသက်ကို သုံးကြိမ်တိတိ ကြံစည်ဖူးတယ်။ ဒါပေမဲ့ မင်းကြီးအပြစ် မယူလေဘူး။

ပထမအကြိမ် မြို့လည်တော်မူတဲ့အခါ ဝေါထမ်းမွန်တို့နဲ့တိုင်ပင်ပြီး ဓားကိုမြေမှာမြှုပ်ထားစေတယ်။ ဓားကိုမြှုပ်ထားတဲ့နေရာရောက်တဲ့အခါ ရဲမက်တော်တွေ ဓားကိုနင်းမိတာကြောင့် ဓားပေါ်လေတယ်။ စစ်ဆေးတဲ့အခါ ဗညားဒလရဲ့ အကြံအစည်ဖြစ်ကြောင်း သိရတယ်။ ''ဗညားဒလဟာ ငါ့ကို ကြံဝံ့မယ့်သူမဟုတ်။ ကြံငြားသော်လည်း ငါလိုမင်းကို ဖြစ်နိုင်မယ်မဟုတ်'' လို့ မိန့်တော်မူပြီး ဝေါတော်သားတို့ကိုသာ မျက်တော်မူတယ်။ ဗညားဒလကို သည်းခံတော်မူတယ်။

ဒုတိယအကြိမ် မင်းကြီးရွှေမော်ဓောဘုရားသို့ တက်တော်မူရာမှာ ဟုတ်ဓားပြီးတဲ့ မွန်တစ်ကျိပ်ကို လုပ်ကြံလေလို့ ဗညားဒလက စေခိုင်းထားတယ်။ မင်းကြီးဘုရားတက်ပြီး မဟာရံမုခ်ဦးရောက်တဲ့အခါ ဘုန်းတော်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တံခါးမှုခ်ဦးအထက်က နေနှင့်တဲ့ မွန်တို့မရပ်တည်နိုင်တာကြောင့် ပြုတ်ကျလေတယ်။ ကိုယ်တော်တိုင် စစ်မေးတဲ့အခါ ဗညားဒလရဲ့ အကြံအစည်ဖြစ်ကြောင်း ပေါ်လေတယ်။ သို့ရာတွင် မွန်တို့ကိုသာ ကွပ်မျက်တော်မူပြီး ဗညားဒလကို ခွင့်လွှတ်လေတယ်။

တတိယအကြိမ် ဒဂုံဘုရားသို့ ကြွတော်မူမယ်လို့ ကမ်းကနေ ဖောင်တော်သို့တက်တော်မူတဲ့အခါ ရေပလုံထတာကိုမြင်လို့ စုံစမ်းစေတယ်။ ရေငုပ်သန်တဲ့ မွန် နှစ်ယောက် ဓားနဲ့တကွ ရလေတယ်။ စစ်မေးတဲ့အခါ ဗညားဒလ လုပ်ကြံခိုင်းကြောင်း ပေါ်ပေါက်ပြန်တယ်။ မွန် နှစ်ယောက်ကိုသာ ကွပ်မျက်ပြီး ဗညားဒလကို သည်းခံလေတယ်။

ထိုသို့ ကိုယ်တော်ကို သုံးကြိမ်စေ့အောင် ကြံသော်လည်း ဗညားဒလရဲ့ ဉာဏ်ရည်၊ နှုတ်ရည်၊ လက်ရည်၊ ဂုဏ်သတ္တိနှင့် ပြည့်စုံသူဖြစ်တာကြောင့် နှမြောတော်မူတာကြောင့် သည်းခံခွင့်လွှတ်လေတယ်။ နောက်မှ စစ်ရေးစစ်မှုမှာ မကျေပွန်တာကြောင့် ဗညားဒလကို အမျက်ထားကာ နာဖျားတတ်တဲ့ ဇနက်ဆိုတဲ့ အရပ်မှာ ထားတော်မူတယ်။ နောက်မှ ကမန်သို့ ရောက်တယ်။ ဤအရပ်မှာ တစ်လ ကြာတဲ့အခါ ဗညားဒလကြွလွန်လေတယ်။ ဗညားဒလဟာ ရာဇာဓိရာဇ် အရေးတော်ပုံကိုရေးတဲ့ အမတ်ကြီးလည်း ဖြစ်ပေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# စကားတောင်စား

ကလေးတို့ရေ…

စကားကြွယ်တဲ့သူတွေကို စကားတောင်စားလို့ တင်စားခေါ်တတ်ကြတယ်။ အဲဒီလို တင်စားရလောက်အောင်လည်း စကားတောင်စားဆိုသူဟာ စကားတတ်ရုံမက ဗဟုသုတလည်း ကြွယ်ဝသူ ဖြစ်ပေတယ်။

သက္ကရာဇ် (၉၁၃) ခု အင်းဝမှာ စည်သူကျော်ထင် မင်းပြုတဲ့ကာလမှာ စကားတောင်စားလို့ နောင်အခါအမည်တွင်မယ့်သူ လူမည်ငစံလှဆိုသူရှိလေသတဲ့။ ရှင်သာမဏေအမည်က ရှင်ဉာဏလို့ခေါ်တယ်။ ရှင်သာမဏေကနေလူထွက်ပြီး ကျောင်းကထွက်တဲ့အခါ သရပတ်သမဆိုသူနဲ့ အိမ်ထောင်ကျလို့ ယောက္ခမအိမ်မှာ နေလေသတဲ့။ ထိုသူဟာ တစ်နေ့တစ်နေ့ ရာဇဝင်ပုံပြင်စသည်တို့ကိုသာ လေ့လာနေသတဲ့။ တစ်နေ့မှာတော့ ယောက္ခမက မြည်တွန်တာကြောင့် ပိုက်ဆံကြေးငွေရှာမယ်ဆိုပြီး အိမ်ကထွက်လာသတဲ့။

အင်းဝမင်းစည်သူကျော်ထင်ဟာ ရှင်ဖြူရှင်လှဘုရားကို ထွက်တော်မူဖို့ လက်ရွေးကြီးလှေတော်သားတို့ ပြင်ဆင်နေကြတာကို ငစံလှ တွေ့သတဲ့။ "လူမစေ့ရင် ကျွန်တော့်ကို ငှားပါ" လို့ ငစံလှက သွားပြောလေတယ်။ အကြီးအမှူးတို့က "သင်ဟာ ပိန်လှတယ်။ လှော်နိုင်မှာ မဟုတ်" လို့ ဆိုတဲ့အခါ ရေပက်လို့…ပါရစေ ဆိုတာနဲ့ "လိုက်ခဲ့တော့ အခငွေ နှစ်ဆတ်ပေးမယ်" ဆိုကာ ခေါ်ခဲ့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ငစံလှ လှေပေါ်ရောက်တဲ့အခါ လှေဝ၊ စကျင်း၊ ဓောက်၊ ဦး၊ ပဲ့၊ တက်စွဲမည်မျှရှိသည်ကို လက်သစ်တောင်တာနဲ့ မှတ်သားထားလေတယ်။ ထွက်တော်မူလို့ အတန်ကြာတဲ့အခါ "လှေဝ၊ စကျင် မည်မျှရှိသနည်း" လို့ မင်းက မေးတော်မူတယ်။ အကြီးအမှူးတို့က မမှတ်ထားတာကြောင့် မလျှောက်ထားနိုင်ကြ။ အဲဒီအခါ ငစံလှက လှေဝ၊ စကျင်း၊ ဓောက်၊ ဦး၊ ပဲ့၊ တက်စွဲ မည်၍မည်မျှရှိကြောင်းကို သေချာစွာ တင်လျှောက်လေတယ်။

ဘုရားဖူးပြီးလို့ နန်းတော်သို့ပြန်မယ်ပြင်ကြတဲ့အခါ မိုးရိပ်လေသက်ရှိတာကြောင့် "မိုးလေကျလိမ့်မလား" မေးတော်မူတာကို အခြားသူများ မလျှောက်တာကြောင့် ငစံလှက "တိမ်တော၊ လေဇော်၊ လျှပ်စစ် ပဇ္ဇော၊ သံတယော" ဆိုတဲ့ စကားများကိုထောက်ရင် ရွှေနန်းတော်ရောက်ပြီး တစ်မောင်းခန့်ကြာလျှင် မိုးလေကျပါမယ်" လို့ လျှောက်လေတယ်။ စည်သူကျော်ထင်က ဘယ်လိုမှမမိန့်ဘဲ နန်းတော်သို့ ပြန်လေတယ်။ နန်းတော်သို့ရောက်ပြီး တစ်နာရီခန့်ကြာမှ မိုးလေကျသတဲ့။ လျှောက်တဲ့အတိုင်း မှန်လေတယ်။

*(မှတ်ချက်။ ။ ဤတွင် တိမ်တော၊ လေဇော်၊ လျှပ်စစ် ပဇ္ဇော၊ သံတယော အစိပ္ပာယ်မှာ မိုးရွာအံ့ဟု တက်လတ်သော တိမ်ကို သုံးယူဇနာ အရပ်က မြင်ရသည်။ မိုးမြူးသော် လေဆင်သည်ကို တစ်ယူဇနာကပင် မြင်ရသည်။ လျှပ်စစ်ကို ငါးယူဇနာကပင် မြင်ရသည်။ မိုးသံကို သုံးယူဇနာက ကြားရသည်ဟု ဆိုလိုသည်။)*

နောက်တစ်နေ့ကျမှ အင်းဝဘုရင်ဟာ လက်ရွေးကြီးတော်ကဲတို့ကိုခေါ်ပြီး "ယမန်နေ့က လှေဝ၊ စကျင်း စသည်၊ မိုးလေကျမည် စသည်တို့ကို လျှောက်သူကား အဘယ်သူနည်း" လို့ မေးတဲ့အခါ "လူမစေ့တာကြောင့် သရပတ်သမလင်ကို ငှားရတဲ့အကြောင်း"၊ အမည်ကို မသိပါကြောင်း လျှောက်တာကြောင့် ရှာဖွေခေါ်ငင်ခဲ့ဖို့ မိန့်တော်မူတယ်။ ရှေ့တော်သို့ ငစံလှ ရောက်လာတဲ့အခါ ရာဇဝင်ထုံးစံ၊ ပုံပြင်၊ ဝတ္ထုစသည် မေးတော်မူတယ်။ တစ်ခုမကျန် သာယာယဉ်ကျေးတဲ့စကားနဲ့ လျှောက်လေတယ်။ မင်းကြီးလည်း သုံးရမည့်သူ ဖြစ်ပေတယ်လို့ အပါးတော်မှာ ခစားစေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဗညားဒလနှင့် စကားတောင်စား

ကလေးတို့ရေ…

တစ်ခါမှာတော့ အင်းဝမင်းနရပတိစည်သူကျော်ထင်ဟာ စကားတောင်စားကို ဟံသာဝတီဆင်ဖြူများရှင်ထံ လက်ဆောင်ပဏ္ဏာများနဲ့ စေလွှတ်တော်မူတယ်။ စကားတောင်စား ရောက်လာတဲ့အခါ ဆင်ဖြူများရှင်က ဗညားဒလအား "စကားတောင်စားနဲ့ အမှူးအမတ်များကို အသင့်အိမ်ကို လွှတ်ပေးမယ်။ ပြောဟောကာ စုံစမ်းလေတော့" လို့ မိန့်လေတယ်။

ဗညားဒလအိမ်သို့ မှူးမတ်အစုံအလင် ရောက်ကြတဲ့အခါ ဗညားဒလထိုင်ဖို့ ဖထိုင်တစ်တောင်သာသာကို အုံးဝန်းနဲ့တကွ ပြင်ဆင်ထားလေတယ်။ ဖထိုင်ခြေရင်းက စကားတောင်စား နေစရာ သင်ဖြူးခင်းထားကာ စောင့်နေကြတယ်။ စကားတောင်စားလည်း ပုဆိုး၊ အင်္ကျီ၊ ပေါင်းထုပ် အနီချည်းဝတ်ဆင်ပြီး မှူးမတ်ပေါင်းတို့အလယ် ခင်းထားတဲ့ သင်ဖြူးမှာ ပေါင်ထောင်လျက် မကြောက်မရွံ့ နေလေတယ်။

ဗညားဒလလည်း မထွက်မီ တံခါးကချောင်းကြည့်တဲ့အခါ အံ့ဖွယ်သူရဲရှိပေတယ်လို့ အောက်မေ့ပြီး မင်းဝတ်မင်းစား ကောင်းစွာဝတ်ဆင်ကာ ထွက်လာတယ်။ ဖထိုင်ထက်မှာ ထိုင်လေတယ်။ စကားတောင်စားလည်း ရုတ်တရက်ထပြီး တက်မယ်ပြုတဲ့အခါ ဗညားဒလက လက်ကမ်းတယ်။ စကားတောင်စားလည်း လက်ကိုမပေးဘဲ တက်နေတယ်။ ဗညားဒလလည်း ထူးဆန်းလှတယ်လို့ အောက်မေ့တယ်။

www.burmeseclassic.com



ဗညားဒလလည်း သူ့သခင်နဲ့ငါ့သခင် မဖက်စေဘဲ သူ့သခင်နဲ့ငါနဲ့သာ ဖက်၍ ဆိုမယ်လို့ကြံလျက် "အင်းဝမင်း နရပတိစည်သူကျော်ထင် ကျန်းမာတော်မူပါရဲ့လား" မေးတယ်။ စကားတောင်စားလည်း ရိပ်မိ၍ "ငါတို့သခင် ကျန်းမာတော်မူသဖြင့် ဆင်ဖြူရှင်သခင် ကျန်းမာကြောင်းကို သိတော်မူလိုတာကြောင့် ငါ့ကိုစေတယ်" လို့ ပြန်ပြောလေတယ်။ ထိုအခါ ဗညားဒလလည်း ပြန်ဖြေတဲ့ အဓိပ္ပာယ်ကိုသိပြီး အံ့ဩကာ စကားတောင်စား ရဲရင့်ကြောင်း၊အပြောအဆိုလိမ္မာကြောင်းများကို မင်းကြီးအား လျှောက်လေတယ်။

ထို့နောက် ဗညားဒလလည်း "အရှင်မင်းကြီး စကားတောင်စားရဲ့ အသိအလိမ္မာကို သိရပေပြီ။ အကျစ်အလစ်ကို သိလိုပါသေးတယ်" လို့ လျှောက်ပြီး စုံစမ်းလေတယ်။

မိုးသောက်တဲ့အခါ မှူးကြီးမတ်ကြီးတို့ စုရုံးပြောဟောနေကြတဲ့နေရာ အနောက်မြောက်ထောင့်နားမှာ သင်ဖြူးခင်းထားလေတယ်။ အနားတွင်လည်း ရွှေကရား၊ ရွှေဖလားအလွတ်တစ်လုံး၊ ငွေဖလားအလွတ်တစ်လုံးတို့ကို ထားလေတယ်။ ထမင်းပွဲကိုလည်း ငွေလင်ပန်းမှာ အနားမမြင်အောင် ထမင်းထည့်ပြီးမှ အပေါ်တွင် အမဲအပေါင်း၊ အကျစ်အကြော်၊ အကင် စသော အရသာတို့ကို အထပ်ထပ်ထမင်းကို မမြင်ရအောင် အသင့်ထည့်ထားလေတယ်။ ဟင်းခွက်မှာလည်း ဟင်းလေးတစ်ကို အထပ်ထပ်အရည်မမြင်သာအောင် ထည့်ပြီး အသင့်ထားလေတယ်။ ထိုသို့ ဘုရင့်ရှေ့တော်မှာ ပြင်ဆင်ပြီးမှ စကားတောင်စားကို ခေါ်တော်မူကာ ပြောဟောပြီး အားလုံးရဲ့ရှေ့တွင်ပင် စားတော်အုပ်ကို ကျွေးစေတယ်။

စကားတောင်စားလည်းမြင်လျှင် မိမိကိုစမ်းသပ်သည်လို့ သိတာကြောင့် သတိနဲ့စားလေတယ်။ ရွှေကရားကနေရေကို ရေဖလားအလွတ်တွင် ထည့်၍ ကရားကို အညာထည့်ထားပြီးမှ လက်ငါးချောင်းဆန့်ရှ် အမဲအသား ကိုပြင်ပြီး စားလေတယ်။ အမဲအပေါင်းအကျစ်တို့ကို ပြင်အပေါ်က မယူဘဲ အထဲကသာ ထမင်းပြင်ဟန်ပြုပြီး စားလေတယ်။ ဟင်းလေးတစ်ကိုလည်း အပေါ်ကမယူဘဲ လက်နှစ်ပြီးအထဲကသာ ယူကာစားလေတယ်။ စားမျာ ပြီးသော် ထမင်းမပေါ်ဘဲ တရွှေ့ရွှေ့ နိမ့်ကျသွားတတ်တယ်။ ပြီးမှ ရွှေဖလား ကရေသောက်ကာ ငွေဖလားမှာ လက်ဆေးလေတယ်။ ထို့နောက် ပြောဟော လျက် နေလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗညားဒလမှာလည်း ထမင်းပွဲကိုကြည့်တဲ့အခါ ဟင်းလျာတို့ဟာ အောက်ထမင်းဘက်က တစ်ခြမ်းစီကုန်ပြီး အပေါ်ဘက်က အနည်းငယ်မျှ မလစ်လပ်သည်ကို မြင်ရလေတယ်။ စကားတောင်စား တဲ့သို့ပြန်တဲ့အခါမှ ဗညားဒလက "အရှင်မင်းကြီး စကားတောင်စားဟာ အစားအသောက် အကျစ်အလျစ်ကလည်း ဆိုဖွယ်မရှိ။ အံ့သြဖွယ်တည်း" လို့ လျှောက်လေတယ်။

တစ်နေ့မှာတော့ ဆင်ဖြူများရှင်ဟာ မှူးမတ်ဗိုလ်ပါ ပရိသတ်ကြီးနဲ့ သဘင်ခံတော်မူရာမှာ စကားတောင်စားအား မေးမြန်းလေတယ်။

"အင်းဝနေရပတိစည်သူ ကျန်းမာပါ၏လော"

"ရတနာသုံးပါးဂုဏ်တော်ကြောင့် ကျွန်ုပ်သခင် ကျန်းမာပါ၏"

"ယခုငါခံသော ပွဲကဲ့သို့ အင်းဝ၌ စည်ကားသော ပွဲများရှိပါသလော"

"အင်းဝတွင် ပွဲသဘင်များလှ၏။ ထူပါရုံဘုရားကို ထီးတော်တင်ပြီး၍ ပွဲစဲသည်မျှလောက်နှင့် ယခုပွဲသဘင်တူပါ၏"

"အင်းဝရွှေနန်းရင်ပြင်သည် ကျယ်ပါ၏လော"

"အရှင်မင်းကြီး၏ ရွှေနန်းရင်ပြင်ထက် တစ်တာကျယ်ပါသည်။"

"တစ်တာကျယ်ကြောင်း မည်သို့သိသနည်း"

"အကျွန်ုပ်၏ ခြေလှမ်းတွင် တာပါတာကြောင့် သိပါသည်။"

ထိုအခါ အင်းဝသို့ အလျင်အမြန်သွား၍ တိုင်းစေရာ စင်စစ်ပင်တစ်တာ ကျယ်ကြောင်း တွေ့ရသတဲ့။ ထို့နောက် ဘဝရှင်မင်းတရားကြီးက ဆုလာဘ်များစွာ ပေးသနားကာ သုံးလရှိတဲ့အခါ အင်းဝသို့ ပြန်လွှတ်လေတယ်။

စည်သူကျော်ထင်ကပေးတဲ့ အမည်မှာ တမန်ဧယျ ဖြစ်တယ်။ ထို့နောက် ဆင်ဖြူများရှင် မင်းတရားအင်းဝကို လုပ်ကြံရာ တမန်ဧယျကို ရခဲ့သလောလို့ ဦးစွာမေးလေတယ်။ ရခဲ့ကြောင်းလျှောက်မှ စကားတောင်ရွာကိုပေးကာ ချီးမြှင့်တော်မူလေတယ်။ ထိုအခါမှစကာ "စကားတောင်စား" လို့ တွင်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်ဘုရင်နှင့် စကားတောင်စား

ကလေးတို့ရေ…

စကားတောင်စားဟာ စကားကြွယ်ရုံ၊ ဗဟုသုတ ပြည့်ပြည့်စုံစုံသာမက သူတစ်ပါးပညာစမ်းတာကိုလည်း သိလေတယ်။ ပါးနပ်တယ်လို့ ဆိုရမယ်။ အနေအထိုင် အစားအသောက်လည်း ကျစ်လျစ်တာကို မှူးမတ်ဗိုလ်ပုံအလယ်မှာ ထင်ရှားပေတယ်။

တစ်ခါမှာတော့ ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီးဟာ စကားတောင်စားကို ရခိုင်သို့ စေလေတယ်။ ရောက်လျှင် ရခိုင်မင်းမှာ နှာခေါင်းရှည်တာကြောင့် မှူးမတ်တို့ မော်မကြည့်ဝံ့ရှိကြတဲ့အကြောင်း စကားတောင်စား ကြားထားပြီး ဖြစ်လေသတဲ့။ "မင်းတို့အရပ်ဒေသမှာ မည်သို့သော အစားအစာများ စားကြသလဲ" လို့ ဘုရင်ကမေးရာ စကားတောင်စားက "အမဲဟင်းလျာများ ငြီးငွေ့၍ ကန်စွန်းရွက်ကို မဖြတ်ဘဲ ကျော်စားကြပါတယ်" လို့ ဖြေလေတယ်။

ရခိုင်ဘုရင်လည်း စကားတောင်စားရဲ့ အလျစ်အလျစ်ကို သိလိုတာနဲ့ လင်ပန်းတစ်ခုထဲမှာ ထမင်းထည့်ပြီး အပေါ်ကဟင်းလျာမျိုးစုံထည့်အုပ်ကာ ကျွေးလေတယ်။ ကန်စွန်းညွန့်ကြော်လည်း ပါစေတယ်။ စကားတောင်စားလည်း အရင်ကနည်းအတိုင်း အောက်ကနှိုက်ပြီး သေသပ်စွာ စားလေတယ်။ ကန်စွန်းညွန့်ကိုကား တစ်စကို မြှောက်ကိုင်ပြီးမှ မော့လျက်အောက်ကနေ စားမျိုလေတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူများရှင် အဂ္ဂပတ်ပြည်သို့ တမန်စေခြင်း

ကလေးတို့ရေ…

ဆင်ဖြူများရှင် မင်းတရားကြီးရဲ့ ဘုန်းတံခိုးကြီးပုံ၊ သဘောထားကြီးပုံ၊ တိုက်ရည် ခိုက်ရည်တို့ကို အတော်အတန်သိခဲ့ရပြီ။ အကွဲကွဲအပြားပြား နိုင်ငံတွေ တစ်စုတစ်စည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုဟာ သမိုင်းမှာ ထင်ရှားလေတယ်။

တစ်ခါမှာတော့ ဆင်ဖြူရှင် မင်းတရားဟာ အဂ္ဂပတ်ပြည်သို့ စန္ဒရာသီနဲ့ ခွေးလင်းစားဆိုတဲ့ အမတ်တွေကို သံတမန်စေတော်မူတယ်။ ဟံသာဝတီက သံတမန်ရောက်တဲ့အခါ အဂ္ဂပတ်မင်းကြီးက သာရေးနာရေး မေးတော်မူပြီးနောက် "ဆင်ဖြူရှင် ရွှေနန်းနဲ့ ငါရဲ့နန်းတော် တူရဲ့လား"

(အဂ္ဂပတ်မင်းရဲ့နန်းဟာ အုတ်နန်းတွင်း ရွှေပုစွန်ခွံကပ်ကာ ရတနာ အတိပြီးတယ်။) ဟံသာဝတီသံတို့ကလည်း "ကျွန်ုပ်တို့သခင်ရဲ့ နန်းတော်သည် ဤနန်းလို မဟုတ်ပါ။ (၉) ဆင့် (၇) ဆင့် (၅) ဆင့်ရှိတဲ့ များလှတဲ့ ရွှေပြာသာဒ်တို့ဟာ မြေကနေအထွတ်ဖျားတိုင် ရတနာကွန်ရွက်မှာ ရတနာ ပုလဲဆိုင်၊ ရတနာပတ္တမြားဆိုင်တို့ကို ဆွဲထားပြီး ရတနာမှန်ကင်း၊ ရတနာ တံခွန် ဆောက်ထားတာကြောင့် နေမင်းလိုပဲ ပြိုးပြိုးပြက်ပြက် ရှိလှပါတယ်။ သို့ ကလို ရွှေနန်းပြာသာဒ်တို့ကို မရေမတွက်နိုင်တဲ့ ရွှေအိမ်ဥယျာဉ်တိုက်တို့ဟာ ရံ လျက်ရှိကြပါတယ်။ အဲဒီလို ပြာသာဒ်တို့ဟာ နေခြည်ထိခြင်း၊ မိုးရေထိခြင်း၊ လေပြင်းခတ်တာတို့ကြောင့် ရွှေတို့လွင့်ကုန်တဲ့အခါ တစ်ရာ့တစ်ပါးသော မင်းတို့ဟာ တစ်နှစ်ကို တစ်ကြိမ်ရွှေကို ပါးလျအောင်ခတ်ပြီးမှ ထိုရွှေနန်း ပြာသာဒ်တို့ကို အသစ်ဖြစ်အောင် မွမ်းမံခြယ်လှယ်ကြရပါတယ်" လို့ လျှောက်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်မင်းလည်း "အဲဒီလိုဖြစ်ရင် ဆင်ဖြူရှင်မှာ ငါ့ထက်ရွှေများပေတယ်" လို့ မိန့်လေတယ်။ "အသင်တို့ဘုရင် ဘုန်းတန်ခိုးကြီးတယ်ဆိုရာမှာ မည်သို့ကြီးလေသလဲ" လို့ ဆက်မေးတယ်။ ဒီအခါ သံတမန်တို့က "ကျွန်ုပ်တို့မင်းကြီး ထွက်တော်မူတဲ့အခါ ခပ်သိမ်းသော မင်းအပေါင်းတို့ကိုထားကာ ရေနေသတ္တဝါဖြစ်တဲ့ မိကျောင်း၊ လင်းပိုင်၊ ငါးမန်း၊ လိပ်၊ ငါးတို့ဟာလည်း စည်တော်သံကို ကြားတဲ့အခါ ရေပေါ်မြူးတူး ခုန်တက်ကစားကြကုန်တယ်။ ထိုသို့ ဘုန်းတော်ကြီးပါသည် အရှင်"

အင်္ဂလိပ်မင်းလည်း "ဤသို့ဖြစ်တယ်ဆိုရင် အံ့ဖွယ်ပေပေ" လို့ မိန့်လေတယ်။ ပြီးနောက် ပရိသတ်အလယ်မှာ ရွှေလင်ပန်းနဲ့ ထမင်းဟင်းအထူးထူး အမြိန်အရသာ စားဖွယ်သောက်ဖွယ်တို့နဲ့ ကျွေးလေတယ်။ မင်းသံတော်နှစ်ယောက်လည်း ပါသမျှ တစ်ခုမကျန် စားလေတယ်။ အင်္ဂလိပ်ဘုရင်က အကြောင်းကိုမေးတဲ့အခါ "အင်္ဂလိပ်မင်းရဲ့ သားကင်သည်တို့အချက်အပြုတ်တတ်ပါသလောလို့ စုံစမ်းလိုတာကြောင့် အနှံ့စားပါတယ်" လို့ ဖြေလေတယ်။

အင်္ဂလိပ်မင်းက "ငါတို့ပြည်မှာ ဤအသားကင်တို့ဟာ အတတ်ဆုံးဖြစ်တယ်။ သင်တို့ပြည်မှာ သာပြီးတတ်သူရှိသလော" မေးတော်မူတယ်။ ထိုအခါ သံတို့က "ကျွန်ုပ်တို့ပြည်မှာ သားကင်သည်တို့ တတ်မြောက်လှပါတယ်။ အပေါင်း၊ အကျစ်၊ အကြော် စသည်တို့ကို တစ်ခြမ်းကား အပေါင်း၊ တစ်ခြမ်းကား အကျစ်၊ တစ်ခြမ်းက အကြော်၊ တစ်ခြမ်းကား အက င်။ ငါးတစ်ကောင်တွင် တစ်ပိုင်းကား အကင်၊ တစ်ပိုင်းကား အဖုတ်... ဤသို့အထူးထူးတတ်ကြပါတယ် အရှင်" ထိုအခါ အင်္ဂလိပ်မင်းက အံ့သြကာ "ငါကလည်း သံတမန်ထည့်လိုက်ဦးမယ်" ဆိုကာ ထည့်လိုက်လေတယ်။

သံတို့ပြန်ရောက်တဲ့အခါ အင်္ဂလိပ်သံတို့ကို ကောင်းစွာထားလေတယ်။ မင်းသံတို့လည်း မိမိတို့ အတန်ပင်ပြောခဲ့မိကြောင်း လျှောက်တင်တဲ့အခါ အပြောနဲ့ညီအောင် ဗညားဒလကို စီရင်စေတယ်။

ဗညားဒလလည်း ကျွမ်းကျင်တဲ့ စဖိုသည်တို့ကို အထူးထူးဖြစ်တဲ့ အပေါင်း၊ အဖုတ်၊ အကျစ်၊ အကြော်တို့ကိုလည်းကောင်း တစ်ပိုင်းတစ်မျိုးစီ၊ တစ်ဖက်တစ်မျိုးစီ စီစဉ်စေတယ်။ ကြက်ဖို၊ ကြက်မကို သန့်စင်အောင်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ကာ ငရုတ်၊ ကြက်သွန်၊ ချင်းစိမ်း၊ အမွှေးမျိုးသွပ်ပြီးမှ ကျောကခွဲပြန်ပြီး ဝမ်းဘဲဥ နှစ်လုံးစီ သွပ်ထားကာ ကုလားကိုခေါ်ပြီး ထောပတ်ဆီဥ၊ နွားနို့ လူးပြီးမှ ကြော်ရလေတယ်။ ကျက်ပြီးတဲ့အခါ ဝမ်းဘဲဥကိုထုတ်ပြီး ထိုနေရာမှာ စာသူငယ် နှစ်ကောင်ကို အရှင်သွပ်ကာ ချည်ကိုမမြင်ရအောင် ချုပ်စေတယ်။ ပြီးမှ နွားနို့၊ ထောပတ်လူးပြီး ရွှေလင်ပန်းမှာထည့်ကာ ကောင်းစွာပြင်ဆင်ထည့်ထားပေးတယ်။

နောက် အက္ကပတ်သံတို့ကို ပရိသတ်အလယ်မှာ ကျွေးလေတယ်။ သံတို့လည်း အကျစ်အကြော်၊ အဖုတ်၊ အကင်တို့ကို မြင်တဲ့အခါ အံ့သြလေတယ်။ ကြက်ကိုလည်း ကျောကချုပ်ရာ အသားကိုယူတဲ့အခါ စာသူငယ်များ ထွက်ပြီး ပျံတာကို မြင်တော့ရင် သိပ်အံ့သြလေတယ်။ "ဤလို့ပြည်မှာ မမြင်ဖူး၊ မကြားဖူးတကား" လို့ ဆိုကြတယ်။

အဲဒီနောက် မြစ်မှာ ဒီရေတက်တဲ့အခါ မင်းတရားကြီးဟာ မှူးမတ်အစုံနဲ့ ကတ္တူလှွန်းကြင်၊ လှော်ကား လှေစသည် အပြည်အစုံခင်းကျင်းကာ အတီးအမှုတ်၊ အကအခုန်နှင့် ထွက်တော်မူသည်။ စည်တော်သံ၊ တံပိုးခရာသံ၊ ဗုံသံ၊ မောင်းသံတို့ကို ကြားတဲ့အခါ ဒီရေကိုလိုက်ပြီး ငါးသားတက်ခိုက်ဖြစ်တာကြောင့် မိကျောင်း၊ လင်းပိုင်၊ မကန်း၊ လိပ်၊ ငါး၊ ငါးမန်းတို့ မြစ်လုံးပြည့်မျှ ထိတ်လန့်ရှင်မြူး ခုန်လွှားကုန်တယ်။

အက္ကမင်းသံတို့ မြင်ရတဲ့အခါ အလွန်အံ့သြပြီး လက်ဆောင်များဆက်ကာ ပြန်ကြလေတယ်။ အက္ကပတ်ပြည်ရောက်တဲ့အခါ မိမိတို့ဘုရင်ကို တွေ့မြင်ခဲ့သမျှအလုံးစုံ တင်လျှောက်လေတယ်။ အက္ကပတ်ဘုရင်လည်း ဆင်ဖြူရှင်ကို အလွန်ပင် ကြည်ညိုတာကြောင့် အဖူးအမြော်သွားမယ်လို့ သဘော်နဲ့ကူးတော့မယ့်ဆဲဆဲ ဆင်ဖြူများရှင် မင်းတရားကြီး နတ်ရွာစံတာကြောင့် မရောက်ခင် ပြန်ရလေတယ်။

ဆင်ဖြူများရှင်မင်းတရားကြီးကား (၈၇၇) ခုနှစ်တွင် ဖွားမြင်ပြီး သက္ကရာဇ် (၉၄၃) ခုတွင် ရခိုင်အရေးလုပ်ဆောင်စဉ် ချက်တဖြုတ်နာတော်မူ၍ နတ်ပြည်စံလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## နန္ဒဘုရင်နှင့် သတိုးမင်းစော စီးချင်းတိုက်ပွဲ

ကလေးတို့ရေ…

ဆင်ဖြူများရှင် အနိစ္စရောက်တဲ့အခါ သက္ကရာဇ် (၉၄၃) ခုနှစ်မှာပဲ သားတော်နန္ဒဘုရင် (ခေါ်) ဟံသာဝတီ ငါးဆူဒါယကာ နန်းတက်လေတယ်။ အဲဒီအချိန် သူ့လက်အောက်ခံမင်းတွေက အင်းဝမှာ သတိုးမင်းစော၊ ပြည်မှာ သတိုးဓမ္မရာဇာ၊ တောင်ငူမှာ မင်းခေါင်၊ ညောင်ရမ်းမှာ မင်းရဲနန္ဒမိတ်၊ မုတ္တမမှာ သီရိသုဓမ္မရာဇာ၊ ဇင်းမယ်မှာ နော်ရထာစောတို့ ဖြစ်ကြတယ်။ အဲဒီမင်းတွေဟာ အားလုံးဘုရင့်နောင် (ဆင်ဖြူများရှင်) ရဲ့ ဆွေမျိုးတွေချည်း ဖြစ်ကြတယ်။

ဆွေမျိုးတွေချည်းဖြစ်တာကြောင့် ညီညွတ်ကြရင် အင်အားကောင်းတယ်။ မညီညွတ်ကြတဲ့အခါ စည်းလုံးမှုပြိုကွဲပြီး ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ရတယ်။

နန္ဒဘုရင်နန်းတက်တဲ့နှစ်မှာပဲ သားတော်ကို မဟာဥပရာဇာအမည်နဲ့ အိမ်ရှေ့အရာပေးတယ်။ မိဖုရားက အင်းဝဘုရင်သတိုးမင်းစောရဲ့ သမီးတော် နတ်ရှင်မယ် ဖြစ်တယ်။ သူတို့လင်မယား ရန်ဖြစ်ကြတယ်။ နတ်ရှင်မယ်ကို သူ့ယောကျ်ားတခြားမိဖုရားအရေးပေး၊ သူ့ကို ဂရုမစိုက်တာကြောင့် မိဖုရားများပြဲရာက ဥပရာဇာက တွန်းလိုက်တယ်။ နတ်ရှင်မယ် သလွန်စောင်းနဲ့ ယိုပြီး နဖူးကွဲတယ်။ သွေးကို ဝတ်လဲတော်နဲ့သုတ်၊ ဘူးနဲ့ထည့်ပြီး ဖခင်အင်းဝ

www.burmeseclassic.com



ဘုရင်ကို တိုင်တာကြောင့် သမီးယောက်ဖလည်းဖြစ်၊ ခမည်းခမက်လည်းဖြစ်တဲ့ ဟံသာဝတီနန္ဒဘုရင်နဲ့ အင်းဝဘုရင်သတိုးမင်းစောတို့ စစ်ဖြစ်ကြလေတယ်။ သူတို့ချင်းဖြစ်ကြတဲ့အခါ အခြားစော်ဘွား၊ မြို့စားမင်းငယ်တို့လည်း အသီးသီး သူ့ဘက်ကိုယ့်ဘက် ပါဝင်လာကြရတယ်။

ဟံသာဝတီဘက် ဆင်လုံး၊ မြင်းရင်း လူအင်အားများတာကြောင့် အင်းဝဘုရင်က ဆင်စီးချင်းထိုးမယ်လို့ ဟံသာဝတီဘုရင်ကို စိန်ခေါ်လေတယ်။ ဒါ့ကြောင့် အင်းဝသတိုးမင်းစောနဲ့ ဟံသာဝတီနန္ဒဘုရင်တို့ စီးချင်းတိုက်ကြတယ်။ ဆင်အကူတွေလည်း တစ်ဖက် လက်ဝဲလက်ယာ (၃၀) စီ ပါလေတယ်။ ဆင်အကူတစ်ဖက် (၆၀) ဖြစ်သွားတာပေါ့။ ဆင်စီးချင်းတိုက်တဲ့အခါ တစ်စီးပေါ်မှာ နောက်ထိုင်၊ ကုန်းလယ်၊ ဦးစီး သုံးယောက်ပါတယ်။ စီးချင်းထိုးတယ်ဆိုပေမယ့် ဆင်အကူတွေနဲ့ နောက်တပ်တွေကိုလည်း အသီးသီး ဖြန့်ထားကြသေးတယ်။

အင်းဝဘုရင် ဆင်သန်မြန်စွာစီးပြီး တံတားဦးကို ထွက်တက်ကြွလာတယ်။ ဟံသာဝတီဘုရင်က ဆင်စောရန်နှင်းကိုစီးပြီး ထွက်လာတယ်။ နန္ဒဘုရင်ရဲ့ ကျွန်တရုတ်မော်စားဟာ သူ့ဆင်ကို ချွန်းဖွင့်ပြီး သတိုးမင်းစော ဆင်ရှိရာ ချွန်းဖွင့်ဝင်တယ်။ အဲဒီအခါ သတိုးမင်းစော ကျွန်ပြင်စည်စားကလည်း သူ့ဆင်ကို ချွန်းဖွင့်ပြီး တရုတ်မော်စားဆီ ဝင်တိုက်လေတယ်။ အင်းဝဘုရင်က လည်း လိုက်တိုက်တဲ့အခါ တရုတ်မော်စား ဆင်ပြေးလေတယ်။ အင်းဘုရင်နဲ့ ကုန်းလယ်စီးက လှံနဲ့ပစ်လိုက်တာ တရုတ်မော်စားနံဘေး ဖောက်ဝင်ကာ ဆင်ပေါ်က ကျလေတယ်။ သူ့ဆင်ကို အင်းဝဘက်က ရလိုက်တယ်။

အဲဒီအခါ ဟံသာဝတီဘုရင်က ပြင်စည်စားဆင်ကို တိုက်တယ်။ ပြင်စည်စားဆင်ထွက်အပြေးမှာ ပြင်စည်စားဆင်ပေါ်ကကျလို့ ဟံသာဝတီက အရှင်ဖမ်းမိလေတယ်။ အဲဒီနောက် မင်း နှစ်ပါး ရင်ဆိုင်စစ်ယိုးကြတယ်။ ဘေးဆင်ကူတွေလည်း မဝင်ရဲကြဘူး။ အင်းဝဘုရင်က ဆင်ကို နောက်ဆုတ် အားယူကာ ချွန်းဖွင့်တိုက်တယ်။ ဟံသာဝတီဘုရင်ရဲ့ ဆင်ကိုထိုးမိတယ်။ စွယ်လုံးကျွတ်ပြီး တခိုက်ခိုက်တုံလေတယ်။ အင်းဝလက်ထဲ လက်ယာဆင်ကူ တွေ ဝိုင်းလာတာနဲ့ ဟံသာဝတီဆင် ပင်ပန်းလှတာကြောင့် ဆုတ်ခဲ့ရတယ်။ ဟံသာဝတီနန္ဒဘုရင်ဟာ အခြားဆင်တစ်စီးပေါ် ပြောင်းတက်ပြီး၊ ဆင်တော်

www.burmeseclassic.com

www.burmeseclassic.com



စောရန်နှင်းကိုတော့ ဘေး နှစ်ဘက် ဆင်တွဲပြီး ယူရတယ်။ (၁၀) တာ လောက် အရောက်မှာ ဆင်လဲကျသေလေတယ်။

အင်းဝဘုရင်လည်း သူ့ဆင်ပင်ပန်းလှတာကြောင့် ရေဆင်းစိမ်ရတယ်။ ဆင်တော် ဆက်မတိုက်နိုင်တော့ဘူး။ ဟံသာဝတီဘုရင်လည်း ဥပေါသထဆိုတဲ့ ဆင်ကိုစီးပြီး လက်ဝဲ လက်ယာ ဆင်ကူနဲ့ထွက်လာပြန်တယ်။ အင်းဝသတိုး မင်းစောဆုတ်တာမြင်လို့ လိုက်တိုက်လေတယ်။ အင်းဝဘုရင်လည်း သူ့ရဲမက်တွေကို တတ်နိုင်သမျှ ရုံးစုပြီး အင်းဝမြစ်ကူးကာ မန္တလေး အရှေ့တောင် ခြေရင်းဆီ ဆုတ်ခွာကာ တပ်ချနေရာလေတယ်။ နောက်တော့ ငါ့မှာ ဆင် ကောင်းမြင်ကောင်းမရှိ၊ ရဲမက်လည်း အင်အားနည်းလှတယ်။ ပြန်စစ်ခံဖို့ မသင့်လို့ စဉ်းစားကာ တရုတ်ပြည်၊ တရုတ်ဥတည်သွားမင်းဆီ ပြေးလေတယ်။ မြင်း (၇၀)၊ လူ (၂၀၀၀) ပါသွားတယ်။ ဒါပေမဲ့ တရုတ်ပြည်မရောက်ခင် ခရီးမှာ အင်းဝဘုရင်သတိုးမင်းစော ကြွမှာကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာရစ်နှင့် မဟာဥပရာဇာ စီးချင်းထိုးပွဲ

ကလေးတို့ရေ…

နန္ဒဘုရင်လက်ထက်မှာ သူ့ဖခင် ဆင်ဖြူများရှင် စုစည်းသိမ်းသွင်းခဲ့တဲ့ လက်နက်နိုင်ငံကြီး ပြိုကွဲလေတယ်။ သူရဲ သူခက် အမှုထမ်းတွေကိုလည်း ဝမ်းနည်းအောင် ပြုမူတယ်။ အဲဒါကြောင့် စစ်မက်ထိုးတဲ့အခါ ကြီးကြီးကြပ်ကြပ် အမှုမထမ်းတာကြောင့် အရေးတော်မပြီး ဖြစ်ရတယ်။ ပြည်ထောင်မင်းများကိုလည်း မသိမ်းသွင်းနိုင် ဝမ်းနည်းအောင်ပြုတာနဲ့ အသီးသီးသောင်းကျန်းပုန်ကန်ကြတယ်။ အရိယာသံဃာတို့ကိုလည်း မကြည်ညိုလေဘူး။ ယိုးဒယားနဲ့လည်း အကြိမ်ကြိမ်စစ်ဖြစ်လေတယ်။ သူ့ဆီသွားတိုက်တာရှိသလို ကိုယ့်ဆီလာတိုက်တာလည်း ရှိတယ်။ ယိုးဒယားကို ငါးကြိမ်ချီပြီး လုပ်ကြံတယ်။ အရေးတော်မပြီးစီးဘဲ ပြန်ခဲ့ရတာများတယ်။ ယိုးဒယားက သုံးကြိမ်လောက်လာတိုက်တယ်။ ပြည်ထောင်ချင်း မညီတာကြောင့် ယိုးဒယားက မော်လမြိုင်စားနဲ့ ပေါင်းတိုက်တာရှိသလို မွန်တို့နဲ့ ပေါင်းတိုက်တာလည်း ရှိတယ်။

သက္ကရာဇ် (၉၅၄) ခုနှစ်မှာ တပ် (၂၉) တပ်၊ တိုက်ဆင် (၁၅၀၀)၊ မြင်း (၂၀,၀၀၀)၊ စစ်သည်သူရဲ နှစ်သိန်းလေးသောင်းနဲ့ အိမ်ရှေ့မဟာဥပရာဇာ အမှူးပြုပြီး ငါးကြိမ်မြောက် ယိုးဒယားသို့ ချီလေတယ်။

ယိုးဒယားရောက်တဲ့အခါ အိမ်ရှေ့မင်း မဟာဥပရာဇာဟာ ဆင်ရဲစုံကို စီးတယ်။ လက်ယာက ညီတော်သတိုးဓမ္မရာဇာကို အလုံးအရင်းနဲ့ နေစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲက နတ်ရှင်နောင်ကို အလုံးအရင်းနဲ့ နေစေတယ်။ မုန်ပြည့်နေတဲ့ဆင်ကို မျက်နှာပုဆိုးအုပ်ပြီး ဇာမရိုးစားက စီးကာ၊ လက်ယာမနီးမဝေးကနေစေတယ်။ ယိုးဒယားမင်း ဖြနရစ်လည်း ဖြလပုံဆိုတဲ့ ဆင်ကိုစီးပြီး အလုံးအရင်းများနဲ့ မြို့ကထွက်လာတယ်။ ဖြနရစ်က မဟာဥပရာဇာကို မြင်တဲ့အခါ ဆင်ကို အပြင်းလွှတ်လေတယ်။ ဇာမရိုးစားက ဖြနရစ်ကို တိုက်မယ်ဆိုကာ သူ့ဆင်မျက်နှာပေါ်က ပုဆိုးကို ဖွင့်လိုက်တယ်။ အဲဒီမှာ ဇာမရိုးစားရဲ့ဆင်ဟာ ဖြနရစ်ဆင်ကို မတွေ့ဘဲ နောက်ပြန်ကာ မဟာဥပရာဇာရဲ့ ဆင်ကို တွေ့လေတယ်။ မုန်ယိုတဲ့ဆင်ကို တိုက်ပွဲခေါ်လာတာ မှားတာပေါ့။ မုန်ယိုနေတော့ ရန်သူမိတ်ဆွေမကွဲဘဲ နီးရာဆင်ကိုတွေ့ပြီး ရန်ရှာတာပေါ့။ မဟာဥပရာဇာဟာ အပန်းတကြီး တိုက်ရတယ်။ အဲဒီမှာ ဆင်ကလည်သွားရာမှာ ယိုးဒယားကလွှတ်တဲ့ စိန်ပြောင်းထိပြီး ဆင်ဦးပေါ်တွင်ပင် ကံကုန်လေတယ်။ ကုန်းလယ်စီးတုရင်ဗလက မဟာဥရာဇာကိုမပြီး ဆင်ကိုဆောက်ချုံမှာမှီပြီး နေစေတယ်။

ဖြနရစ်က မဟာဥပရာဇာဆုံးကြောင်း မသိလေဘူး။ ဒါ့ကြောင့် လိုက်မတိုက်ဘဲ အမ်းနေစဉ် လက်ဝဲကြောင်းက နတ်သျှင်နောင်က ဥပေါသထဆင်ကိုစီးပြီး ဖြနရစ်ကိုတိုက်တာကြောင့် ယိုးဒယားမင်း ဖြနရစ် ဆုတ်ရလေတယ်။ ဖြနရစ်ရွှေ့တဲ့အခါ သတိုးဓမ္မရာဇာစတဲ့ တပ်မှူးစစ်ကဲအပေါင်း ချွန်းဖွင့်လိုက်တိုက်လေတယ်။ ကျုံးနားအထိ ရောက်တယ်။ ဖြနရစ်က အရင်ဆုတ်ခွာပြီး မြို့ကနေ ခံတိုက်တယ်။ ထုံးဘိုစားနဲ့ ဝင်ယော်စားစစ်ကျွံတာကြောင့် ဖြနရစ်တို့ဘက်က ရသွားလေတယ်။ ယိုးဒယား၊အမတ် ဩယားပတ်နဲ့ ဩယားစက္ကိကိုလည်း နတ်သျှင်နောင်တပ်က ရလိုက်တယ်။

မဟာဥပရာဇာဆုံးတဲ့အခါ တစ်တိုင်ကျော်ခန့် ဆုတ်ခွာခဲ့ပြီး အလောင်းတော်ကို ပြန်ယူဖို့ သဘောညီကြတာကြောင့် ယိုးဒယားကနေ ပြန်တပ်ခေါက်ခဲ့လေတယ်။ နန္ဒဘုရင်မင်းတရားကြီးလည်း သားတော်ကျဆုံးတာကြောင့် ယူကျုံးမရဖြစ်ပြီး စကြဝတေးမင်းကို သင်္ဂြိုဟ်သလို ကောင်းစွာသင်္ဂြိုဟ်လေတယ်။

နောက်ပိုင်းမှာ မော်ပီသားတွေကလည်း ပုန်ကန်၊ ယိုးဒယားမင်းကလည်း မော်လမြိုင်စားနဲ့ပေါင်းပြီး ချီလာ၊ ရခိုင်ဘုရင့်သားကလည်း သန်လျင်ကိုလာတိုက်၊ တောင်ငူဘုရင်ကလည်း ဟံသာဝတီကို ချီလာတယ်။ ဟံသာဝတီမင်းက

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်မင်းကို မဟာမိတ်ပြုထားပေမယ့် မြန်မာ့ နောက်တစ်ကြိမ်ချီအလာ ဟံသာဝတီမင်း တောင်ငူရောက်နေတဲ့အချိန် ရခိုင်မင်းဟာ ဟံသာဝတီလာပြီး ကျောင်းကြီး၊ အိမ်ကြီးတွေကို မီးတိုက်၊ လူသူရဟန်းတွေကို သိမ်းယူလေတယ်။

အဲဒီလို စစ်ရေး၊ နိုင်ငံရေး အရှုပ်အထွေးကြားထဲမှာ ဟံသာဝတီဘုရင် နန္ဒ (ငါးဆူဒါယကာ) ကို နတ်ရှင်နောင် လုပ်ကြံလေတယ်။ ဟံသာဝတီဘုရင်ဟာ နန်းစည်းစိမ် (၁၇) နှစ်၊ သက်တော် (၆၆) နှစ်မှာ ကံကုန်လေတယ်။

အဲဒီအခါ ဘုရင့်နောင် (ဆင်ဖြူများရှင်) စုစည်းခဲ့တဲ့ နိုင်ငံအသီးသီး ပုန်ကန်ခွဲခြားနားကြလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဇေင်ကာ (ခေါ်) ဒီဗရစ်တိုနှင့် အနောက်ဖက်လွန်မင်း

ကလေးတို့ရေ…

မင်းတရားရွှေထီးနဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ လက်ထက် ပေါ်တူဂီလူမျိုးတို့ အမှုထမ်းကြကြောင်း ပြောခဲ့တယ်။ ရခိုင်ဘုရင့်ထံမှာလည်း ပေါ်တူဂီတွေ အမှုထမ်းဖူးကြတယ်။ အဲဒီအခါတုန်းက အရှေ့ဘက်တိုင်းပြည်များ ကို ပေါ်တူဂီလူမျိုးအမြောက်အမြား လာရောက်ဘုန်းတန်ခိုးဖြန့်တဲ့အခါ ဖြစ် လေတယ်။ ကိုချင်မြို့၊ မုတ္တမ၊ မက္ကားမြို့နဲ့သီဟိုဠ်ကျွန်းတို့မှာ ကုန်တိုက်တွေ ဖွင့်ထားကြတယ်။

ပေါ်တူဂီလူမျိုး ဗိုလ်မှူး ဒီဗရစ်တို (ခေါ်) ဇေင်ကာဟာ သက္ကရာဇ် (၉၆၅) ခုမှာ ရခိုင်ဘုရင် မင်းရာဇာကြီးထံမှာ အမှုထမ်းလေတယ်။ ရခိုင် ဘုရင်က တောင်ငူဘုရင်ထံမှာ အခွင့်တောင်းပြီး ဇေင်ကာကို သူ့ရဲ့ကိုယ် စားလှယ်အဖြစ် သန်လျင်မှာ အလုံးအရင်းနဲ့ ထားလေတယ်။

ဇေင်ကာဟာ သန်လျင်မှာရှိတဲ့ ပေါ်တူဂီလူမျိုးတွေနဲ့ပေါင်းပြီး ခံတပ်နဲ့ အကောက်တိုက်ကို သိမ်းတယ်။ နောက်ရခိုင်သားတွေကို နှင်ထုတ် လိုက်တယ်။ သန်လျင်ကိုလည်း ဇေင်ကာ အုပ်ချုပ်လေတယ်။ ဇေင်ကာဟာ သန်လျင်မှာ အစောင့်ထားပြီး ဂိုအာ (Goa) မြို့ကိုသွားကာ ပေါ်တူဂီ ဘုရင်ခံချုပ်ထံမှာ ‌ကူအညီအထောက်အမကို တောင်းတဲ့အခါ ဘုရင်ခံက သူ့တူမနဲ့ထိမ်းမြား ပေးကာ သန်လျင်မှာ ဗိုလ်မှူး ခန့်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မှာ ဇေင်ကာမရှိခိုက် ရခိုင်သားတို့ သန်လျင်ကိုလာတိုက်တယ်။ ပေါ်တူဂီတပ်သားတွေ ခုခံတိုက်ခိုက်လို့ ရခိုင်သားတို့ ဆုတ်ခွာရတယ်။ ဇေင်ကာ သန်လျင်ပြန်ရောက်တဲ့အခါ ရခိုင်နဲ့တောင်ငူပေါင်းပြီး ကြည်းကြောင်း၊ ရခိုင်ဘုရင့်သား ဥပရာဇာမင်းခမောင်းက ရေကြောင်းချီလေတယ်။ ဇေင်ကာ ဆီးတိုက်တဲ့အခါ ရခိုင်ရေကြောင်း ပျက်လေတယ်။ မင်းခမောင်းကို ဇေင်ကာ ဖမ်းမိတာကြောင့် လျော်ကြေးပေးကာ ရွေးယူရတယ်။ တောင်ငူမင်းလည်း ဇေင်ကာကို သန်လျင်မှာ မင်းထီးအဖြစ် အသိအမှတ်ပြုရတယ်။ ယိုးဒယား လက်အောက်ခံ မုတ္တမစား ဗညားဒလရဲ့သားနဲ့ ဇေင်ကာရဲ့သမီး ထိမ်းမြားပေးကာ မိတ်ဖွဲ့ထားလေတယ်။ ဇေင်ကာ သန်လျင်ကနေ ဟံသာဝတီ တစ်လွှားကို အုပ်ချုပ်လေတယ်။

သန်လျင်နဲ့ မုတ္တမဟာ စည်ကားတဲ့သင်္ဘောဆိပ်များ ဖြစ်တယ်။ သံလျင်ကို ကုန်စည်အများအပြားရောက်လို့ အကောက်အခွန်များစွာ ရလေတယ်။ ဇေင်ကာမှာ တိုက်သင်္ဘောတွေရှိတာကြောင့် သန်လျင်မှလွဲပြီး အခြားသင်္ဘောဆိပ်တွေကို ကုန်မသွင်းရအောင် ပိတ်ပင်ဖမ်းဆီးပြီး သန်လျင်ကိုပဲ သွင်းရတယ်။ ဒါကြောင့် ဇေင်ကာဟာ ကြွယ်ဝချမ်းသာလာတယ်။ အထည်အလိပ်တွေကို ဈေးတိုးမြှင့်ရောင်းတာကြောင့် ဝယ်သူတွေ မကျေနပ်ကြဘူး။

အရှေ့ဘက်တိုင်းပြည်တွေကိုလာကြတဲ့ ပေါ်တူဂီတွေဟာ သူတို့ချမ်းသာဖို့နဲ့ အခြားဘာသာဝင်တွေကို သူတို့ဗရင်ဂျီဘာသာသို့ သွတ်သွင်းဖို့သာ အရေးထားကြတယ်။ ဇေင်ကာဟာ ပိုပြီးကြွယ်ဝအောင် သန်လျင်ဝန်းကျင်ဘုရားစေတီတွေပျက်ကာ ဌာပနာတွေကို ယူတယ်။ ကြေးခေါင်းလောင်းတွေကို အမြောက်လုပ်ဖို့ ယူလေတယ်။ ဗရင်ဂျီဘာသာကိုလည်း အတင်းသွင်းလေတယ်။ ဒါ့ကြောင့် ပြည်သူတွေဟာ ဇေင်ကာကို မုန်းတီးနာကြည်းကြတယ်။

အင်းဝမှာ ညောင်ရမ်းမင်းတရားလက်ထက် အထက်နိုင်ငံတစ်လွှား နယ်ပယ်တို့ သစ္စာခံလာကြတယ်။ ညောင်ရမ်းမင်းတရား ရှမ်းပြည်ဘက် ချီတက်တိုက်ခိုက်သိမ်းယူဆဲ မကျန်းတာကြောင့် ကံကုန်လေတယ်။ သက္ကရာဇ် (၉၆၇) ခုနှစ်မှာ ညောင်ရမ်းရဲ့သားအကြီး "မဟာဓမ္မရာဇာ" အမည်နဲ့ အင်းဝမှာ နန်းတက်တယ်။ ထိုမင်းဟာ ပဲခူးမြစ်အနောက်မှာ လှေကြောင့် အနောက်ဘက်လွန်မင်းဟာ ပြည်မြို့ကို တိုက်ခိုက်သိမ်းယူတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၉၇၁) ခုမှာ တောင်ငူမင်း ကံကုန်တာကြောင့် သားတော်ကြီးနတ်သျှင်နောင် တောင်ငူဘုရင်ဖြစ်လေတယ်။ ရာဇဓာတုကလျာကို မိဖုရားမြှောက်တယ်။ (၉၇၂) ခုမှာ အနောက်ဖက်လွန်မင်း တောင်ငူကို တိုက်ခိုက်သိမ်းယူလေတယ်။ နတ်သျှင်နောင်ကို တောင်ငူစားပြန်ခန့်ခဲ့တယ်။ (၉၇၄) ခုနှစ်မှာ သန်လျင်စား ငဇင်ကာနဲ့ မုတ္တမစားပေါင်းပြီး ကြည်းကြောင်း၊ ရေကြောင်း အလုံးအရင်းနဲ့ တောင်ငူကို ချီတက်တိုက်ခိုက်တာကြောင့် တောင်ငူကျလေတယ်။ တောင်ငူဘုရင်နတ်သျှင်နောင်ကိုလည်း ကိုယ်လုပ်တော် နှစ်ယောက်၊ အလုပ်အကျွေးစေ (၁၀) ယောက်ခန့်နဲ့ လှေမှာတင်ပြီး သံလျင်ကို ယူလေတယ်။ ငဇင်ကာတို့ တောင်ငူဘုရင့်နန်းမြို့ကျောင်းနဲ့ အိမ်တွေကို မီးတိုက်သွားတယ်။ နတ်သျှင်နောင်ညီလည်း ငဇင်ကာတို့နဲ့ တိုက်ရာမှာ ဆုံးလေတယ်။

အနောက်ဘက်လွန်မင်းတရားကြီး တောင်ငူသတင်းကြားတဲ့အခါ ရှမ်းပြည်အလုံး၊ မြန်မာပြည်အလုံး မြို့စားပြစားတပ် အပေါင်းစားစုရုံးပြီး သန်လျင်ကို ချီတက်တိုက်ခိုက်လေတယ်။ မြို့စီးပြစီး လက်နက်အင်အားထူတာကြောင့် မြို့ကို မတက်နိုင်လေဘူး။ အပြင်ကပဲ ဝန်းရံထားပြီးနောက် ဥမင်တူးကာ မြို့တွင်းဝင်၊ အပြင်ပင်လယ်ပေါက်တွေလည်း ပိတ်ဆို့လုပ်ကြံတော့မှ သန်လျင်ကို ရလေတယ်။ သုံးလလောက် လုပ်ကြံရလေတယ်။ ငဇင်ကာကိုရော နတ်သျှင်နောင်ကိုလည်း အရှင်ဖမ်းမိလေတယ်။ ငဇင်ကာကို စစ်မေးပြီး ဘုရားပုထိုးကျောင်းကန် ဖျက်ဆီးသူ မိစ္ဆာဒိဋ္ဌိဖြစ်တာကြောင့် သန်လျင်မြို့လယ်မှာ တံကျင်လျှိုကာ သတ်လေတယ်။ မြို့လူထုကိုလည်း ကြည့်စေတယ်။ နတ်သျှင်နောင်ကိုလည်း ကုလားဆီ ကျွန်ခံရမလားဆိုကာ ကွတ်မျတက်လေတယ်။ သန်လျင်ကိုသိမ်းပြီးမှ ဝင်လာတဲ့ သင်္ဘော ငါးစင်းကိုတိုက်ရာ တစ်စင်းလွတ်သွားပြီး လေးစင်းရလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အနော်ရထာမင်းနှင့် ရှင်တစ်ဆူ လူတစ်ယောက်

ကလေးတို့ရေ...

အနော်ရထာမင်း ပြည်နဲ့တောင်ငူချီကြောင်း အမြွက်မျှပြောခဲ့တယ်နော်။ ပြည်ကိုချီတက်လုပ်ကြံရာမှာ အလွယ်တကူတော့ မဟုတ်လေဘူး။

အနော်ရထာမင်း နန်းတက်တဲ့အချိန်မှာ အထက်မြန်မာနိုင်ငံနဲ့ ရှမ်းပြည်တစ်လွှားဟာ လက်နက်နိုင်ငံဖြစ်နေကြပြီ။ တောင်ငူ၊ ပဲခူးစတဲ့ အောက်တစ်လွှားသာ လက်နက်နိုင်ငံ မဖြစ်သေးဘူး။ ဒါ့ကြောင့် သက္ကရာဇ် (၉၇၀) ပြည့်နှစ်မှာ အနော်ရထာမင်း ပြည်ကို ကြည်းကြောင်း၊ ရေကြောင်း ချီလေတယ်။ ကြည်းကြောင်း (၇) တပ်မှာ တိုက်ဆင် (၄၀၀)၊ မြင်း (၆၀၀၀)၊ စစ်သည်သူရဲ (၇) သောင်းပါလေတယ်။ ရေကြောင်းမှာလည်း (၇) တပ် ကတ္တူလှေလွန်ကျင်စတဲ့ နက်လှေ (၄၀၀)၊ လှော်ကားသံလှေ (၃၀၀)၊ ရိက္ခာတင်ကုန်လှေ (၂၀၀)၊ စစ်သည်သူရဲ (၇) သောင်း မင်းကြီးကတော့ ရွှေဖောင်တော်နဲ့ ကြီးကြပ်လိုက်လေတယ်။

မြေထဲမြို့ကိုရောက်တဲ့အခါ မြေထဲမြို့မှာ စစ်ခံနေတဲ့ ပြည်လှေတပ်ကို ရှုပ်ရှုပ်ချွံချွံ တိုက်လေတယ်။ လှေတပ်ပျက်လေတယ်။ မြေထဲမြို့ကို ကြည်းကြောင်းက ဝန်းရံထားတယ်။ ရှုပ်ရှုပ်ချွံချွံတိုက်ကြရာ ခဏချင်းမြေထဲမြို့ ကျလေတယ်။ အဲဒီကမှ ပြည်ကိုဆက်ချီတက်တယ်။ ပြည်ကချီလာတဲ့ ရွှေဖျားမြင်းတပ်နဲ့ ရင်ဆိုင်တိုးပြီး တိုက်ကြရာ ပြည်မြင်းတပ်ပျက်လေတယ်။

www.burmeseclassic.com



မင်းကြီးရဲ့ ရဲမက်တော်တို့ လိုက်လံတိုက်ကြတယ်။ မြို့ရင်းကိုရောက်တဲ့အခါ မြို့ကိုတက်လေတယ်။ မြို့စီးပြစီလည်းများကြောင်း သေနတ်ထူတာကြောင့် အရှုံးအနမှုများပြီး ဆုတ်ကာ မြို့အပြင်ကပဲ ကြည်းရေဝန်းရံနေရတယ်။

ပြည်ဘုရင်ကဟာ အင်းဝမင်းချီလာစကတည်းက ရခိုင်ဘုရင်ကို စစ်ကူတောင်းထားတယ်။ မရောက်လာသေးဘူး။ ဒါ့ကြောင့် မြို့ကို ခိုင်လုံအောင်လုပ်ပြီး နေတယ်။ အင်းဝမင်းကြီးကလည်း ရခိုင်ကို ပဏ္ဏာလက်ဆောင်အများနဲ့ အရေးအရာစေထားလေတယ်။

အနောက်ဘက်မင်းကြီး ပြည်ကို ဝိုင်းရံထားတာ ရှစ်လခန့်ရှိပြီး။ "အမှုတော်ကို ကြိုးစားမထမ်းတာကြောင့် အရေးမပြီး၊ မနက်ဖြန်ဆင်ကို ဆင်ချင်း၊ မြင်းကိုမြင်းချင်း တိုက်၊ ခြေသည်တွေလည်း တူရွင်းလှေကားနဲ့ မြို့ရိုးကတက်၊ နောက်တွန့်သူကို ကွပ်မျက်တော်မူမယ်" လို့ အမိန့်ချတယ်။ တပ်တိုင်းအမိန့်တော်ပြန်ပြီး မိုးလင်းတာနဲ့ ရှုပ်ရှုပ်ချွံချွံ တိုက်ကြတယ်။ အဲဒီအခါ ပြည်မြို့မခံနိုင်ဘဲ ပျက်လေတယ်။

ပြည်ဘုရင်ဟာ မြို့ပျက်ပေမယ့် အညံ့အခံ။ ရာဇပလ္လင်တက်ပြီး နန်းမြို့က ခံလေတယ်။ ပြည်ဘုရင်ရဲ့ ရဲမက်အပေါင်းလည်း နန်းမြို့တွင်း အင်းဝစစ်သည်တွေ တရကြမ်းဝင်မှ အားမတန်တာနဲ့ လက်နက်ချလေတယ်။ အဲဒီအခါမှာ စစ်သူကြီး ဘယဂါမဏိရဲ့တူ အသက် (၁၃) နှစ်သာရှိသေးတဲ့ ငထင်ဆိုတဲ့ သူငယ်ဟာ "သူ့ကျေးဇူးသစ္စာနဲ့ ဖြစ်ပေတယ်။ အသက်ပင် သေသော်လည်း ငါ့အရှင် ရာဇပလ္လင်တွင် သေပါစေတော့။ ငါ့အရှင်ကို ငါ သေမှ ထိပါးရမည်" ဆိုကာ ဓား နှစ်လက်နဲ့ တက်လာတဲ့ ရဲမက်တွေကို ဆီးကာ တိုက်လေတယ်။ ဦးရီးတော် ဘယဂါမဏိမြင်တဲ့အခါ "ဟယ် ငထင်၊ လူပျိုလူရွယ်၊ မြို့ပျက်ပြီး။ ပြည်အလုံးကို သူ့ရဲမက်ဖြစ်ပြီးမှ တစ်ယောက်တည်းသာခံ၍ တတ်နိုင်မည်လော။ ဓားလက်နက်ချပြီး အညံ့ခံပေတော့" လို့ ဟစ်ပြောမှ "သူ့ဆန်ကိုစားသောကြောင့် ရဲရတော့သည်" ဆိုကာ လက်နက်ကို ချလေတယ်။

ပြည်ဘုရင်ကလည်း "ရာဇပလ္လင်ထက်မှာ သေပေစေတော့၊ ခါမဆင်းပြီ" လို့ စဉ်းစားပြီးနေတာကို ဝန်ရှင်တော်တို့က အကြိမ်ကြိမ် ခေါ်လေတယ်။ မရ။ အဲဒီအခါ မြင်းသည်တော်တစ်ယောက်က ကျွန်တော် သာယာစွာပါ

www.burmeseclassic.com

www.burmeseclassic.com



အောင် ခေါ်ပါမည်'' လို့ လျှောက်ကာ ပြည်ဘုရင် ရာဇပလ္လင်အနီးသွားကာ ''ဘုန်းတော်ကြီးသော အကြည်တော်မင်းကြီးက ကိုယ်တော့်ကို ဖူးတွေ့တော်မူလိုပါသည်'' လို့ လျှောက်မှ ''ဒါမှ ငါမနေသာပြီ'' ဆိုကာ ကွမ်းရေကိုင်တစ်ကျိပ်ကျော်နဲ့ လိုက်လာလေတယ်။ ဘဝရှင်မင်းတရားကြီးလည်း ပြည်မင်းနဲ့ မိဖုရားကို အလုပ်အကျွေး (၁၀၀) ခန့်နဲ့ အင်းဝကိုပို့ပြီး ကောင်းမွန်စွာနေစေတယ်။

အနောက်ဘက်လွှန်မင်းကြီးဟာ ပြည်မြို့တွင်း၊ မြို့ပြင်ဘုရားပုထိုးတန်ဆောင်း၊ ဇရပ်ဆောက်လုပ်၊ အစောင့်အနေခန့်ပြီး ပြန်လေတယ်။ ပုဂံရောက်တဲ့အခါ ရွှေစည်းခုံဘုရားမှာ သံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးလေတယ်။ မင်းကြီးအင်းဝ နေပြည်တော်ပြန်ရောက်တဲ့အခါ ''ငါပြည်မြို့ကို သွားတိုက်သိမ်းယူရာမှာ ရှင်တစ်ဆူ၊ လူတစ်ယောက်သာ ရလေတယ်'' လို့ မိန့်တော်မူတယ်။ ရှင်တစ်ဆူမှာ တိပိဋကာလင်္ကာရ တောင်ဖီလာဆရာတော် ဖြစ်သည်။ လူတစ်ယောက်ကား (၁၃) နှစ်သား ငထင် ဖြစ်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သာလွန်မင်းနှင့် မင်းရဲဒိဗ္ဗ

ကလေးတို့ရေ…

အနောက်ဘက်လွန်မင်းတရားကြီး ပဲခူးချောင်းသစ်အနောက်ဘက်တဲ နန်းမှာ စံနေတော်မူခိုက် သားတော်မင်းရဲဒိဗ္ဗ လုပ်ကြံတာနဲ့ သက္ကရာဇ် (၉၉၀) မှာ အနိစ္စ ရောက်လေတယ်။ အမှူးအမတ်တို့ကလည်း ရှေ့ရေးမျှော် တွေးပြီး မင်းရဲဒိဗ္ဗကို နန်းတင်ရလေတယ်။ အဲဒီအချိန်မှာ မင်းတရားကြီးရဲ့ ညီ သတိုးဓမ္မရာဇာနဲ့ မင်းရဲကျော်စွာတို့ဟာ အရှေ့ရှမ်းပြည်တို့ကို လှည့်လည် တိုက်ခိုက်နေကြဆဲ ဖြစ်တယ်။ နောက်မှ နောင်တော်မင်းတရားကြီး မရှိတော့ ကြောင်း ကြားတဲ့အခါ အမြန်ပြန်လာပြီး အင်းဝကို တိုက်ခိုက်သိမ်းယူတယ်။ အဲဒီအခါ မင်းရဲဒိဗ္ဗ ရခိုင်ကိုပြေးမယ်လို့ ကြံတာကိုသိလို့ မှူးမတ်တို့ဖမ်းပြီး သတိုးဓမ္မရာဇာ လက်ဆက်တာမို့ ရေမှာဖျောက်ဖျက်တော်မူတယ်။

သက္ကရာဇ် (၉၉၁) ခုမှာ ညောင်ရမ်းမင်းတရားကြီး သားတော်လတ်၊ အနောက်ဘက် လွန်မင်းကြီးရဲ့ညီ သတိုးဓမ္မရာဇာဟာ သီရိသုဓမ္မရာဇာအမည်နဲ့ နန်းတက်လေတယ်။ နောက် ဟံသာဝတီကို ချီတော်မူပြီး လေးနှစ်တိုင်တိုင် ဘိသိက်မခံသေးဘဲ ဇင်းမယ်၊ မိုင်းခွန်စတဲ့ လက်နက်နိုင်ငံတော်တို့ကို နေ သားတကျရှိအောင် စီမံတော်မူတယ်။ (၉၉၅) ခုမှာမှ ဘိသိက်ခံတော်မူတယ်။ သာလွန်မင်းတရားကြီးလို့ အများသိကြလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိသိက်ခံပြီး နောက်နှစ်မှာ မော်လမြိုင်သား မွန်တို့ပုန်ကန်ကြတယ်။ နန်းတော်ထိဝင်လာကြတယ်။ ကောင်းဟန်တပ်သားတို့ တိုက်တာကြောင့် မွန်တို့ဆုတ်သွားလေတယ်။ မော်လမြိုင်ထိဆုတ်ကာ တပ်ခိုင်တပ်လုံနေပြန်တာကြောင့် သာလွန်မင်းကြီးရဲ့ ရဲမက်တော်တို့ လိုက်တိုက်မှ သူပုန်တို့ ပျက်လေတယ်။ သူပုန်အကြီးအကဲတို့ကိုလည်း အပြစ်အလျောက် စီရင်လေတယ်။ တချို့လည်း ယိုးဒယား၊ ရခိုင်ဘက် ပြေးကြလေတယ်။ အဲဒီနှစ်မှာပဲ မင်းတရားကြီးဟာ အင်းဝကိုပြောင်းပြီး စံလေတယ်။ ဘိသိက်လည်း အသစ်ခံတော်မူတယ်။

သာလွန်မင်းတရားကြီး အင်းဝပြန်ရောက်တဲ့အခါ တိုက်ပွဲမှာ ဖမ်းရမိတဲ့ သုံ့ပန်းလူတို့ကို ကျောက်ဆည်နယ်မှာ နေရာချပြီး ဆည်မြောင်းတို့ကို စောင့်ကြည့်ရစေတယ်။ စစ်မက်အရေးရှိရင်လည်း လက်နက်ကိုင်အဖြစ် အမှုထမ်းစေတယ်။ သာလွန်မင်းလက်ထက် ရခိုင်နဲ့လည်း မဟာမိတ်ဖြစ်ကာ သံတမန်စေလွှတ်ကြတယ်။

သက္ကရာဇ် (၁၀၀၉) ခုနှစ်မှာ သားတော် အမြင့်မြို့စား ရှင်တရုတ် ပုန်ကန်တာကြောင့် နန်းတော်ကထွက်ပြီး လေးထပ်ကျောင်းမှာ တစ်လခန့် စံနေတော်မူတယ်။ ရဟန်းတော်များတုတ်၊ တောင်ဝှေးကိုင် စောင့်ရှောက်ရလေတယ်။ နောက် အမြင့်မြို့စားတိုက်ပွဲမှာ ကျတာကြောင့် နန်းတော်ပြန်ဝင်လေတယ်။

အဲဒီနှစ်မှာပဲ ကသည်းစော်ဘွားသောင်သွပ် ထိပါးတိုက်ခိုက်လာတယ်။ ရဲမက်တော်တို့ ချီတက်တိုက်ခိုက်တာကြောင့် အတိုက်မခံဘဲ ဆုတ်ပြေးလေတယ်။ ထိုမင်းလက်တက် မင်းဘူးစက်တော်ရာ နှစ်ဆူ တောချုံဖုံးအုပ်နေတာကို တောင်ဖီလာဆရာတော် ရှာဖွေတွေ့ရှိလေတယ်။ ဆရာတော်ဟာ "ဝေဿန္တရာပျို့" ကို ရေးသားတော်မူတယ်။ သာလွန်မင်းလက်ထက် ရှင်ကရဝိက၊ ရှင်ကုမာရကဿပ၊ ရှင်သံခိုစတဲ့ စာဆိုပုဂ္ဂိုလ်တို့ ထွန်းကားကြတယ်။ တောင်ဖီလာဆရာတော်နဲ့ တရားသူကြီးကိုင်းရွာစား မနုရာဇာတို့ "မနုသာရရွှေ မျဉ်းဓမ္မသတ်ကျမ်း" ကို စီရင်လေတယ်။ သာလွန်မင်းလက်ထက် အားထားယုံကြည်ရတဲ့ အမတ် သုံးယောက်ရှိလေတယ်။ ဗညားကျန်းတော၊ ဘယဂါမဏိနဲ့ နန္ဒရော်ဓာတို့ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် (၁၀၁၀) ခုမှာ စစ်ကိုင်း "ကောင်းမှုတော် စူဠာမဏိ" စေတီကြီးကို တည်တော်မူတယ်။ ထီးတော်မတင်ရမီ မင်းတရားကြီး နတ်ရွာစံတော်မူတယ်။ ဤမင်းလက်ထက် တိုင်းပြည်ကောင်းမှု သာလွန်တာကြောင့် "သာလွန်မင်းတရား" လို့ တွင်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သာလွန်မင်းက ဆင်းရဲသူနှင့် သမီးတော်ကို ဆုံးမခြင်း

ကလေးတို့ရေ…

သာလွန်မင်းတရားကြီးဟာ စည်းကမ်းရှိပြီး ချွေတာတတ်တယ်။ တစ်ခါတုန်းက စစ်ကိုင်းဘက်ကို ဆင်စီးထွက်တော်မူတယ်။ သူဆင်းရဲမတစ်ယောက်ဟာ ထမင်းရည်ငှဲ့နေတယ်။ ထမင်းရည်တွေလမ်း ပေါ်စီးလာလေတယ်။ သာလွန်မင်းတရားကြီးတွေ့တဲ့အခါ သူဆင်းရဲမကိုခေါ်ပြီး "သည်ထမင်းရေကို ဆားခတ်ပြီး ထမင်းမကျက်ခင် အဆာပြေ သားသမီးတွေကိုဖြစ်ဖြစ်၊ အိမ်မွေးထားတဲ့ ခွေး၊ ဝက်တွေကို ဖြစ်ဖြစ် ကျွေးမွေးနိုင်တယ်ဆိုတာ သင်မသိသလော။ သင်ဟာ အစဉ်းစားမရှိ၊ အနုမြော်မရှိ၊ အလဟဿလုပ်ပစ်ရသလား" ဆိုကာ ကိုယ်တိုင် ဒဏ် (၁၀) ချက် ရိုက်ပြီးမှ ငွေ (၁၀) သနားတော်မူခဲ့လေတယ်။

တစ်ခါမှာလည်း သာလွန်မင်းရဲ့ သမီးတော်ဟာ ခါသာပိတ်အင်္ကျီကို ဝတ်ပြီး ညစ်ပေတဲ့တိုင်ကိုမှီပြီး ထိုင်နေတာကို မြင်တဲ့အခါ မင်းကြီးက "နင်ဟာ ကောင်းမှန်းဆိုးမှန်းမသိ၊ အဝတ်အစားကို ရိုသေခြင်းမရှိ။ အဲဒီအင်္ကျီဟာ ဆင်းရဲသားတွေဆီကရတဲ့ အခွန်တော်နဲ့ ဝယ်ရတယ်။ နင်တို့ကအဆင်သင့် ထိုင်ဖြုန်းနေရင် တော်ရှော့လား" လို့ ပရိသတ်အလယ်မှာ ဆုံးမပြီး သမီးတော်ကို သုံးရက်စကားမပြောဘဲ နေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဗညားကျန်းတောနှင့် ဆင်းရဲသားတစ်ယောက်

ကလေးတို့ရေ…

သာလွန်မင်းတရားကြီးရဲ့ အမတ်ကြီးတစ်ဦးဖြစ်တဲ့ ဗညားကျန်းတော ဟာ အရည်အချင်းပြည့်ဝသူတစ်ဦး ဖြစ်တယ်။ သူ့အတွေ့အကြုံတွေဟာလည်း စိတ်ဝင်စားဖို့ ကောင်းတယ်။

တစ်ခါတော့ ဗညားကျန်းတောဟာ စစ်ကိုင်းဘက် မန်ကျည်းတောကို ရောက်ခဲ့သတဲ့။ မန်ကျည်းရွက်နုချိန်ဖြစ်တာမို့ ဆင်းရဲသားတို့ဟာ အပင်ပေါ် တက်ပြီး မန်ကျည်းရွက်ခူးနေကြသတဲ့။ အဲဒီအခါ ဗညားကျန်းတောက "ဤလူစုထဲမှာ ရဲရင့်သူပါနိုင်တယ်။ ငါစုံစမ်းလေမှပဲ" လို့ စဉ်းစားပြီး "အပင်ပေါ်ကလူတွေကို ရိုက်နှက်ချ" လို့ သူ့ရဲမက် ကိုယ်ရံတော်တွေကို အမိန့်ပေးလေသတဲ့။

အဲဒီလို အမိန့်ပေးသံကြားတဲ့အခါ အပင်ပေါ်က တချို့ဆင်းပြေးကြ လေသတဲ့။ တချို့ကျန်နေရာ "လှံနဲ့ထိုး၊ သေနတ်နဲ့ပစ်" လို့ အမိန့်ပေးပြန် တော့ အပင်ပေါ်က အားလုံးဆင်းပြေးကြသတဲ့။ ဒါပေမဲ့ ဆင်းမပြေးတဲ့ တစ်ယောက် ကျန်နေသတဲ့။ အဲဒီကျန်နေသူက "ဤဝန်ကြီးဟာ ငါတို့ဆင်းရဲ သားတွေကို မတရားလုပ်တာပဲ။ မတရားသူရဲ့စကားကို ငါနားမထောင်၊ သတ်ရင်သေပစေ" လို့ စဉ်းစားပြီး မဆင်းဘဲ ရဲဝံ့စွာနေသတဲ့။

အဲဒီအခါ ဝန်ကြီးဗညားကျန်းတောက "အသင်ဆင်းရဲသား…၊

www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့် မဆင်းသလဲ။ အသက်သေမှာ မကြောက်သလော" လို့ မေးတဲ့အခါ "အရှင်ဝန်ကြီးမင်းကို ဘုရင်က ခန့်ထားသည်မှာ တိုင်းရေးပြည်ရာအတွက် ကြည့်ရှုကာ ခိုးသားဓားပြများကို စီရင်ရန် ဖြစ်တယ်။ မန်ကျည်းရွက်ခူးစားနေရတဲ့ ဆင်းရဲသားတွေကို အာဏာပြဖို့မဟုတ်။ အခု ဝန်ကြီးပြုလုပ်ပုံဟာ ဝတ္တရားနဲ့မညီ၊ တရားသည်မထင်ပါ။ ဒါ့ကြောင့် နားမထောင်ဘဲ အသက်အသေခံတော့မယ်လို့ ကျွန်ုပ် ဆင်းမပြေးဘဲနေခြင်း ဖြစ်တယ်" လို့ ပြန်လျှောက်လေတယ်။ ဝန်ကြီးဗညားကျန်းတောလည်း ပြုံးရယ်လျက် "ငါသည် သင်တို့ရဲ့ အရည်အချင်းသတ္တိကို စုံစမ်းခြင်းသာ ဖြစ်တယ်။ သင်ကဲ့သို့ အရည်အချင်းသတ္တိနဲ့ ပြည့်စုံသူသည် အချည်းနှီးမဖြစ်တန်စကောင်း" လို့ ပြောပြီး ဆုလာဘ်၊ အဝတ်အစားပေးကာ ချီးမြှောက်လေသတဲ့။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဗညားကျန်းတောနှင့် ဆီသည်မ

ကလေးတို့ရေ…

တစ်ခါမှာတော့ သာလွန်မင်းတရားကြီးဟာ အလွန်ကြမ်းတမ်းခက်ထန်တဲ့ ဆင်ကိုစီးပြီးထွက်ရာ ဗညားကျန်းတောအား ဆင်ကိုမောင်းနှင်စေသတဲ့။ ကျောက်အုတ်၊ ခလုတ်ကြမ်းတမ်းတဲ့ လမ်းမှာ မောင်းနှင်ပြီးလာလို့ အတန်ကြာတဲ့အခါ ဆင်ချွန်းချက်ကို ဗညားကျန်းတော သိရှိတာကြောင့် ဆင်ကို အပြင်း အားသွန်ပြီး မောင်းနှင်သတဲ့။ အဲဒီအခါ လမ်းနံဘေးမှာ ဈေးတောင်းနဲ့ ဆီရောင်းနေတဲ့ ဆီသည်မကို ထိခိုက်မယ့်ဆဲဆဲ အမြန်ဆင်ကို ချွန်းသပ်၊ ရပ်တံ့ပြီးမှ “ကံကောင်းလို့ပဲ…၊ ငါ့ချွန်းချက်ပိုင်လို့သာ နင့်ကိုမနင်းမိတယ်” လို့ ဗညားကျန်းတောက ဆိုလိုက်တယ်။ ထက်မြက်ဖျတ်လတ်တဲ့ ဆီသည်မက “အိုလေ့…၊ ကျွမ်းရာ ကျင်လည်ကြတာပါပဲ” ပြန်ဆိုလေသတဲ့။

ဗညားကျန်းတောကြားတဲ့အခါ ထိုမိန်းမကို မှတ်သားထားကာ အရေးကိစ္စပြီးတာနဲ့ ဆီသည်မထံ တစ်ဖန်ပြန်သွားလေသတဲ့။ “လေ့ကျွမ်းရာ ကျင်လည်တယ်ဆိုတာ ဘယ်လိုလဲ” လို့ မေးသတဲ့။ ဆီသည်မလည်း ရဲဝံ့စွာနဲ့ ဗညားကျန်းတောအား ဆီဘူးပေါက်ကျဉ်းတစ်ခုအတွင်း အခြားဆီမှုတ်ကဆီကိုလောင်းထည့်စေသတဲ့။ အဲဒီအခါ အဖိတ်ဖိတ်အစဉ်စဉ် ရှိတာပေါ့။ ဒီတော့မှ ဆီသည်မက “အရှင်ကြည့်ပါ” ဆိုပြီး ဆီမှုတ်ကို ဝင့်မြှောက်ကာ ဆီဘူးထဲကို ကောင်းစွာလောင်းထည့်ပြလိုက်သတဲ့။ လုံးဝဘေးကို မဖိတ်မစဉ်ဘူးတဲ့။ သည်တော့မှ ဗညားကျန်းတောဟာ ကျေငြိမ်းကာ ပြန်သွားသတဲ့။

www.burmeseclassic.com

## ဗညားကျန်းတောနှင့် တံခါးမှူးနှစ်ဦး

ကလေးတို့ရေ…

တစ်နေ့မှာတော့ ဗညားကျန်းတောဟာ နောက်လိုက်နောက်ပါတွေနဲ့ အတူ အင်းဝကနေ စစ်ကိုင်းဘက်ကို ကူးခဲ့သတဲ့။ အရေးတကြီးကိစ္စတစ်ခု ဆောင်ရွက်ဖို့ ဖြစ်တယ်။

အင်းဝနဲ့စစ်ကိုင်းဟာ သိပ်မဝေးလှပါဘူး။ ဧရာဝတီမြစ်ဟိုဘက်ကမ်းနဲ့ သည်ဘက်ကမ်း ဖြစ်တယ်။ လုပ်ဆောင်ရမယ့် ကိစ္စလည်း အချိန်တိုအတွင်း ပြီးမယ်လို့ မှန်းထားသတဲ့။ ဒါ့ကြောင့် အင်းဝကို နေမဝင်ခင် ပြန်ရောက်မယ်လို့ တွက်ထားတာပေါ့။ ဒါပေမဲ့ အလုပ်ကိစ္စက မျှော်မှန်းသလိုဖြစ်မလာခဲ့ဘူး။ အချိန်ကြာသွားတာကြောင့် အင်းဝကို ညဉ့်နက်သန်းခေါင်ကျော်မှ ပြန်ရောက်လေသတဲ့။

ဗညားကျန်းတောဟာ နန်းမြို့ထဲမှာရှိတဲ့ သူ့အိမ်ကိုပြန်ဖို့ "မာန်အောင်" တံခါးဘက်ဆီကို ရှေ့ရှုလာခဲ့တယ်။ မာန်အောင်တံခါးမှူးလည်း မိမိတံခါးဘက်ကို လျှောက်လာနေတဲ့ လူတစ်စုကို ခပ်လှမ်းလှမ်းကပဲ မပီဝိုးတဝါးမြင်နေရလေတယ်။ "အချိန်မတော်ကြီးမှာ ဘယ်သူတွေ ဘာအကြောင်း လာလေသလဲ" လို့ စဉ်းစားကာ သတိနဲ့နေပြီး စောင့်ကြည့်အကဲခတ်နေသတဲ့။ အဲဒီအခိုက်မှာပဲ အဲဒီလူစုဟာ ခပ်လှမ်းလှမ်းရောက်ပြီး ရပ်တန့်သွားတယ်။ အဲဒီထဲက လူတစ်ယောက် တံခါးဆီလာနေတာကို တံခါးမှူးတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… တံခါးမှူး" ထိုလူက အသံခပ်မာမာနဲ့ ခေါ်လိုက်တယ်။ တံခါးမှူးလည်း ပြန်မထူးဘဲ အကဲခတ်ကြည့်နေတယ်။

"ဟော့… တံခါးမှူး၊ ခေါ်နေတာ မကြားဘူးလား"

"ကြားတယ်၊ ဘယ်သူလဲ၊ ဘာကိစ္စလဲ"

"မေးမနေနဲ့၊ တံခါးမြန်မြန်ဖွင့်၊ ဝန်ကြီးလာနေတယ်"

"ဘယ်ကဝန်ကြီးလဲ။ ဘာအတွက် တံခါးဖွင့်ပေးရမှာလဲ"

"ဟာကောင်၊ ဘယ်သူရမလဲ၊ ဝန်ကြီးဗညားကျန်းတောကွ။ စစ်ကိုင်းက ပြန်လာတာ၊ ခုချက်ချင်း တံခါးဖွင့်"

တံခါးမှူးဟာ ခဏစဉ်းစားပြီး ပြတ်ပြတ်သားသားပဲ အော်ပြောလိုက်တယ်။

"ဖွင့်မပေးဘူးဟော့။ ခုလို "သန်းခေါင်ဝန်ကြီးမျိုး ငါမတွေ့ဖူးဘူး။ ဒီအချိန်မျိုးမှာ မြို့ထဲဝင်ချင်ရင် မြို့ဝန်ဆီက ခွင့်ပြုချက်ပါမှ ဖွင့်ပေးနိုင်မယ်"

အဲဒီအခါ ဗညားကျန်းတောဟာ ကိုယ်တိုင်လာပြီး အမိန့်ပေးလေတယ်။

"ဟော့… တံခါးမှူးရဲ့၊ ငါပါကွ။ ဝန်ကြီးတစ်ယောက်လုံးက တံခါးဖွင့်ခိုင်းတာ မြန်မြန်ဖွင့်စမ်းပါ"

"ငါပါကွဆိုတိုင်း ယုံကြည်လို့မရဘူး။ တံခါးလည်း ဖွင့်မပေးနိုင်ဘူး" အဲဒီအခါ ဗညားကျန်းတောလည်း "ဒီတံခါးမှူးနဲ့ ဆက်ပြောနေလည်း အကြောင်းထူးမှာမဟုတ်" လို့ စဉ်းစားကာ "အောင်ထွန်း" တံခါးဆီထွက်လာခဲ့ကြလေတယ်။ အောင်ထွန်းတံခါးရောက်တဲ့အခါ

"ဟော့… တံခါးမှူး၊ ဝန်ကြီးဗညားကျန်းတော စစ်ကိုင်းက ပြန်လာတယ်။ တံခါးဖွင့်စမ်း။ မြန်မြန်" လို့ အမိန့်ပေးတာနဲ့ အောင်ထွန်း တံခါးမှူးက ဘာမှပြန်မပြောဘဲ မြို့တံခါးကို အလျင်စလို ဖွင့်ပေးလိုက်သတဲ့။

တံခါးမှူး နှစ်ယောက်ရဲ့ သတင်းဟာ နောက်နေ့မှာ အတော်လေး ပြန့်သွားသတဲ့။ ဝန်ကြီးဗညားကျန်းတောဟာ အုပ်ချုပ်ရေးနဲ့ စစ်မက်ရေးမှာ ကျွမ်းကျင်သူဖြစ်တယ်။ ရဲရင့်ဖြောင့်မတ်သူလည်း ဖြစ်တယ်။ သာလွန်မင်း တရားအားထားယုံကြည်ရသူလည်း ဖြစ်တယ်။ အင်းဝမှာလည်း သြဇာကြီးသူဖြစ်တယ်။ ဒါ့ကြောင့် ဝန်ကြီးကို မချေမငံဆက်ဆံလိုက်တဲ့ ဟနိအောင် တံခါးမှူးကတော့ အပြစ်ပေးခံရတော့မယ်လို့ ထင်ကြေးပေးနေကြလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းတံခါးမှူးကိုတော့ ဝန်ကြီးအမိန့်ကောင်းစွာ နာခံသူမို့ ဆုလာဘ် ရပေမလိမ့်မယ်လို့ ယူဆကြသတဲ့။

အဲဒီမနက်မှာပဲ တံခါးမှူး နှစ်ဦးစလုံးကို ဗညားကျန်းတော က ဆင့်ခေါ်လိုက်တယ်။ လူအများကလည်း စိတ်ဝင်စားလို့ သတင်းနားစွင့်နေ ကြတယ်။

ဝန်ကြီးဟာ မာန်အောင်တံခါးမှူးကို အရင်မေးလေတယ်။

"မောင်မင်း၊ ညတုန်းက ငါကိုယ်တိုင် တံခါးဖွင့်ခိုင်းတာ ဘာကြောင့် မဖွင့်သလဲ"

"ကျွန်တော် အာဏာမဖီဆန်ဝံ့ပါ။ ဝန်မင်းထွက်ခွာသွားစဉ်က ဘယ် အချိန်ပြန်လာမယ်လို့ အမှာအထားမရှိ။ ညဘက်မှ ပြန်ရောက်မယ်လို့ လူလွှတ် အမှာထားလည်းမရှိ။ ဒါ့ပြင် အခြားသူပုန်သူကန်တို့က ဝန်မင်း ယောင်ဆောင်ပြီး ဝန်မင်းလိုပဲ အမိန့်ပေးကာ တံခါးဖွင့်ခိုင်းရင် အခက်တွေ့ ပါလိမ့်မယ်။ ဒါ့ကြောင့် တံခါးဖွင့်မပေးရခြင်းပါ" လို့ တည်ကြည်စွာ လျှောက်လေတယ်။

"အေး…၊ မောင်မင်းပြောတာတွေ ငါညကတည်းက စဉ်းစားမိတယ်။ မောင်မင်း တာဝန်ကျေပွန်ပါပေတယ်"လို့ ချီးမွမ်းပြီး ဆုလာဘ်များစွာ ပေးလေသတဲ့။

နောက် ဝန်ကြီးဟာ အောင်ထွန်း တံခါးမှူးကို ပြောပြန်တယ်။

"မောင်းမင်းကတော့ အင်မတန် တာဝန်ပေါ့လျော့တယ်။ မိမိလုပ် ဆောင်မှုကြောင့် ဘာတွေဖြစ်လာနိုင်တယ် မစဉ်းစားဘူး။ သည်တစ် ကြိမ် ခွင့်လွှတ်မယ်။ နောက်တစ်ကြိမ်ဆိုရင် ကြီးလေးတဲ့ အပြစ်ပေးမယ်" လို့ ကြိမ်းမောင်းခံရလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယမြန်မာနိုင်ငံကြီး ပျက်စီးခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ပင်းတလဲယိုယွင်း၊ ပြည်မင်းအဖတ်ဆည်

ကလေးတို့ရေ…

သာလွန်မင်းတရား အနိစ္စရောက်တဲ့အခါ သက္ကရာဇ် (၁၀၁၀) ခုနှစ်မှာ သားတော်ပင်းတလဲမင်း နန်းတက်လေတယ်။ ထိုမင်းလက်ထက်မှာ တရုတ်ရုံလီဥတည်ဘွားတို့ကို မန်ချူးတို့တိုက်တာကြောင့် စစ်ရှုံးပြီး မြန်မာနိုင်ငံတွင်း ဝင်လာတယ်။ စစ်ကိုင်းမှာ တပ်ချနေတယ်။ နောက် တရုတ်တပ်တွေဟာ မိုးနဲ၊ ညောင်ရွှေစတဲ့ နယ်တွေကို ထိပါးလေတယ်။ မြန်မာရဲမက်တို့ တိုက်ခိုက်ပေမယ့် အားမတန်လို့ ဆုတ်ရလေတယ်။ တရုတ်တို့ အင်းဝအနီးထိ ပေါက်ရောက်ပြီး ကျောင်းကန်တို့ကို ဖျက်ဆီးလေတယ်။

ပင်းတလဲမင်းလက်ထက်မှာ မင်းအရည်အချင်းညံ့တာကြောင့် ရဟန်းရှင်လူ ပြည်သူများ များစွာဒုက္ခရောက်ရတယ်။ မှူးမတ်တို့ တိုင်ပင်ပြီး ညီတော်ပြည်မင်းကို လျှောက်တာကြောင့် ပင်းတလဲမင်းကို လုပ်ကြံပြီး ပြည်မင်းနန်းတက်လေတယ်။ (၁၀၂၃) ခု ပြည်မင်းနန်းတက်တဲ့အခါ ဆရာတော်ကြီးများပင့်ကာ ဆွမ်းလုပ်ကျွေးလေတယ်။

ပြည်မင်းနန်းတက်ပြီး တရုတ်တို့ရန်ကို ဦးစွာရှင်းရတယ်။ မြန်မာရဲမက်တို့ တိုက်ထုတ်လို့ တရုတ်တပ်တို့ ဆုတ်ခွာပြေးရလေတယ်။ စစ်ကိုင်းမှာထားတဲ့ ရုံလီဦးတည်ဘွားကျွန်တို့ကို သစ္စာပေးမယ်လို့ လှူပါရုံဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လေတယ်။ အဲဒီအခါ မိုးဆည်စားဟာ သူ့ကိုသတ်ဖို့ ခေါ်တယ်ထင်ပြီး နီးရာရဲမက်ဆီကဓားကိုလုပြီး ခုတ်တာကြောင့် ရုတ်ရုတ်သဲသဲဖြစ်ပြီး မြန်မာရဲမက်တို့ ဝိုင်းပစ်ခတ်ကြလို့ တရုတ်တို့အများပင် ကျဆုံးကြလေတယ်။

အဲဒီနှစ်မှာပဲ မန်ချူး (တရုတ်) တို့ အားလုံးအရင်းနဲ့ ချီလာပြီး ရုံလီဥကည်ဘွားကို တောင်းတာကြောင့် ရွေးထုံးစံထောက်ပြီး သားမြေးနဲ့တကွ ထုတ်ပေးလိုက်တယ်။ မန်ချူးတို့ဟာ ရုံလီစော်ဘွားကို ဆောင်ယူပြီး ယူနန်ဖူးဈေးရောက်တဲ့အခါ လည်ပင်းကြိုးနဲ့ချီပြီး သတ်လေတယ်။

(၁၀၂၄) ခုနှစ်မှာ ဇင်းမယ်ကို ယိုးဒယားက တိုက်ခိုက်သိမ်းယူတယ်။ မြန်မာရဲမက်တွေ ချီတက်တဲ့အခါ ယိုးဒယားတို့သိမ်းပြီးတာကြောင့် ပြန်ဆုတ်ခဲ့ရတယ်။

သက္ကရာဇ် (၂၀၁၄) မှာ မုတ္တမ၊ မော်လမြိုင်၊ ထားဝယ်မြို့တို့ကို ယိုးဒယားက အလုံးအရင်းနဲ့ချီလာပြီး တိုက်ခိုက်လေတယ်။ မုတ္တမမြို့ကို ဘယသကြိန်ကို ကြည်းကြောင်း၊ ရေကြောင်းချီဖို့ ပြည်မင်းစီစဉ်လွှတ်လေတယ်။ ဇင်းမယ်မှာလည်း ယိုးဒယားတို့ချီလာပြီး လျှောက်လာတာကြောင့် သက်တော်ရှည်အမတ်ကို အလုံးအရင်းအများနဲ့ ဘယသကြိန်တို့နဲ့ တစ်နေ့တည်း ချီရလေတယ်။ ဇင်းမယ်ပျက်နှင့်တာကြောင့် မြို့တွင်းမဝင်နိုင် ဆုတ်ရလေတယ်။ သက္ကရာဇ် (၁၀၂၅) ခုနှစ်မှာ မုတ္တမချီလာပြန်တဲ့ ယိုးဒယားမင်းသား ဗညားဝင်း အလုံးအရင်းနဲ့ချီလာတာကို တပ်ဖျားသား ပြေသရိုက်၊ ရဲဘော်ဘယ၊ အင်းယဉ်တုရင်တို့ အရင်ချီပြီး တိုက်တာကြောင့် ယိုးဒယားတပ်ဦး မွန်တပ်ပျက်လေတယ်။ နောက် ဗညားဝင်း ချီလာတာကို ဆက်တိုက်ပြန်တယ်။ ဗညားဝင်း ဆင်ဦးမှာတင်ဆုံးလေတယ်။ ဆင်ကိုလည်း ရွှေကနဲ့ရလိုက်တယ်။ ဆင် မြင်း သို့ပန်းအများရလိုက်တယ်။

ထားဝယ်မှာလည်း ယိုးဒယားအမတ် နှစ်ယောက် အလုံးအရင်းနဲ့ ချီလာတာကို ထားဝယ်သားတို့ ခုခံတိုက်လေတယ်။ ယိုးဒယားအမတ်တစ်ယောက်ကျပြီး ယိုးဒယားတပ်ပျက်လေတယ်။ ဆင်မြင်း အများရလိုက်တယ်။ မော်လမြိုင်မှာလည်း ယိုးဒယားအမတ် နှစ်ယောက် အလုံးအရင်းနဲ့ ချီလာ တယ်။ ရဲမက်တို့ ဆီးကြိုတိုက်လေတယ်။ အမတ် နှစ်ယောက်လုံးကိုရပြီး တစ်ယောက်ကို ကွပ်မျက်လေတယ်။ ကျန်အမတ် တစ်ယောက်ကို ဆင်

www.burmeseclassic.com

www.burmeseclassic.com



မြင်း သုံ့ပန်းအများနဲ့ ပြည်မင်းထံ ဆက်လေတယ်။ ယိုးဒယားတို့ပြေးတဲ့အခါ မင်းရဲဓေယျာသူရကို အလုံးအရင်းအများနဲ့ မုတ္တမမှာ အခိုင်အလုံ နေစေတယ်။

ပင်းတလဲမင်းလက်ထက် ယိုယွင်းခဲ့သမျှကို ညီတော်ပြည်မင်းလက်ထက် အဖတ်ဆယ်နိုင်ခဲ့လေတယ်။ ပြည်မင်းဟာ ကောင်းမှုအများပင် ပြုခဲ့လေတယ်။ သက္ကရာဇ် (၁၀၃၄) ခုနှစ်မှာ ပြည်မင်းအနိစ္စရောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ပြည်မင်းနောက်ပိုင်း အခြေအနေများ

ကလေးတို့ရေ···

ဒုတိယမြန်မာနိုင်ငံကြီးကို စည်းသိမ်းသွင်းခဲ့တဲ့ မင်းတရားရွှေထီး၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ (ဆင်ဖြူများရှင်) တို့လက်ထက် နောက်ပိုင်း ကာလတွေဟာ သိပ်မတည်ငြိမ်လေဘူး။ အနောက်ဘက်လွန်မင်း၊ သာလွန်မင်း တရားတို့ တတ်နိုင်သမျှ ပြန်ထိန်းနိုင်ခဲ့တယ်။ ပင်းတလဲမင်းလက်ထက် အခြေအနေဆိုးပြီး ပြည်မင်းလက်ထက်ပြန် အဖတ်ဆယ်နိုင်ခဲ့တယ်။ နောက်ပိုင်း မင်းရဲကျော်ထင် (၁၀၃၄-၁၀၆၀) ဂါက်ထက်မှာ အင်္ဂလိပ်ကုန်သည်တို့ အဝင်အထွက်ရှိကြလေတယ်။ ထိုမင်းလက်ထက် မြန်မာမင်းဧကရာဇ်တို့ရဲ့ သက္ကရာဇ်ကိုပြတဲ့ "ဓာတတာတော်ပုံကျမ်း" ကို ရေးသားပြုစုခဲ့တယ်။ အဲဒီနောက် စနေမင်း (၁၀၆၀-၁၀၇၆) လက်ထက်မှာ ကျိုင်းတုံစော်ဘွားပုံကန်ပြန်တယ်။ မြန်မာရဲမက်တွေ ချီတက်တိုက်ခိုက်လို့ တရုတ်ပြည်တွင်း ပြေးဝင်ကလတယ်။ မြန်မာမင်း ရာဇသံပေးပြီး ပြန်တောင်းတဲ့အခါ တရုတ်မင်းက ထုတ်ပေးရတယ်။ စနေမင်းရဲ့သား တနင်္ဂနွေမင်း (၁၀၇၆-၁၀၉၅) လက်ထက်မှာ ပုဂံမင်းပုန်ကန်လို့ နှိမ်နင်းရတယ်။ ထိုမင်းလက်ထက်မှာ ရှိမန်ကက်သလစ်ဘာသာဝင် သာသနာပြုတွေ ရောက်လာကြတယ်။ တနင်္ဂနွေမင်းလက်ထက် စဥ့်ကိုင်ဒေဝသူဌေးနဲ့ မယားမထေဩဩဃတို့ရဲ့သား ဦးကုလားဟာ အရေပ်ရပ်ကျမ်းပေါင်း (၇၀) ကျော်ကို ကိုးကားပြီး "မဟာရာဇဝင်ကြီး" ကို ပြုစု

www.burmeseclassic.com

www.burmeseclassic.com



လေတယ်။ အရေးအသားကျစ်လျစ်လှတယ်။ စကားပြေကောင်းအင်္ဂါနဲ့ ညီတယ်လို့ သမိုင်းဆရာတို့က ရှုမြင်ကြတယ်။ ရှုမြင်ကြတယ်။ နောက်ပိုင်း ရာဇဝင်ကျမ်းများဟာ ဦးကုလားရဲ့ မဟာရာဇဝင်ကြီးကို မှီငြမ်းပြုစုကြရလေတယ်။

သက္ကရာဇ် (၁၀၉၅) မှာ တနင်္ဂနွေမင်းရဲ့သား မဟာဓမ္မရာဇာဓိပတိလက်ထက်မှာ မဏိပူရကသည်းတို့ အကြိမ်ကြိမ်ချီလာပြီး နိုင်ငံတော်မြောက်ဘက်တစ်လွှားကို တိုက်ခိုက်ဖျက်ဆီးကြတယ်။ မြေဒူး၊ ဒီပဲရင်း၊ ပဒုံ၊ မုဆိုးဘို၊ စည်သာစတဲ့ မြို့တွေကို ကသည်းတို့အကြိမ်ကြိမ် တိုက်ခိုက်ကြတယ်။ တစ်ကြိမ်မှာတော့ ကသည်းတို့ဟာ စစ်ကိုင်းထိအောင် ချီလာပြီး အိမ်ရာ၊ ကျောင်းကန်တို့ကို မီးတိုက်၊ ဖျက်ဆီးကြတယ်။ ကသည်းတွေဟာ မြင်းစီးအလွန်ကျွမ်းကျင်ကြတယ်။ ကသည်းတို့ မြန်မာနိုင်ငံရောက်လာတဲ့ ရည်ရွယ်ချက်က ဧရာဝတီမြစ်ရေချိုးဖို့ ဖြစ်တယ်။ ဧရာဝတီမြစ်ရေ သောက်ချိုးရင် ဥပါဒ်ဘေးဒဏ် ရန်မာန်အပေါင်း ပျောက်တယ်လို့ သူတို့ဆရာ ဟိန္ဒူပုဏ္ဏားကြီးက ဟောပြောထားတာကြောင့် လာရတယ်လို့ ဆိုတယ်။ သက္ကရာဇ် (၁၁၀၁) ခုမှာ ကသည်းဟုံးစော်ဘွား အင်းဝကို ချီလာတယ်။ အင်းဝကို ရောက်တဲ့အခါ "မြန်မာစစ်သည်အင်အား ကြီးလှတယ်။ ငါတို့တိုက်လို့မရနိုင်" ဆိုပြီး ပါလာတဲ့သမီးကညာကို ဆက်ကာပြန်လေတယ်။ သက္ကရာဇ် (၁၁၀၂) ခုမှာ ဟံသာဝတီပုန်ကန်လေတယ်။ အင်းဝကို ယိုးဒယားက ချစ်ကြည်ရေး သံတမန်ရောက်လေတယ်။ သက္ကရာဇ် (၁၁၁၃) ခုမှာ မွန်တို့အင်းဝပြဲ တိုက်ခိုက်သိမ်းလေတယ်။ အင်းဝမင်း မဟာဓမ္မရာဇာဓိပတိဟာ ဟံသာဝတီက တိုက်ခိုက်သိမ်းယူတာကြောင့် "ဟံသာဝတီရောက်မင်းတရား" လို့ တွင်လေတယ်။ အဲဒီအခြေအနေတွေဟာ မတည်ငြိမ်တဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်ခေတ်

www.burmeseclassic.com

www.burmeseclassic.com

## အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ

ကလေးတို့ရေ…

ပထမမြန်မာနိုင်ငံတော်ကြီးကို ပုဂံအနော်ရထာမင်းကြီးက စည်းရုံးသိမ်းသွင်းထူထောင်ခဲ့ပြီး တရုတ်ပြေးမင်းလက်ထက်မှာ ပုဂံပျက်လေတယ်။ အဲဒီနောက် ထီးပြိုင်၊ နန်းပြိုင်မင်းများ တစ်ဖိုလ်တစ်မင်း စိုးမိုးနေကြရာက တစ်စုတစ်စည်းတည်းဖြစ်အောင် တိုက်ခိုက်သိမ်းသွင်းပြီး ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တစ်ပင်ရွှေထီးမင်းတရားနဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ တည်ထောင်ခဲ့တယ်။ အင်းဝမဟာဓမ္မရာဇာဓိပတိမင်းလက်ထက်မှ အစိတ်စိတ်ပြိုကွဲကာ တစ်စုတစ်စည်းဖြစ်အောင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တိုက်ခိုက်ကာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်လေတယ်။

အလောင်းမင်းဘုရား နန်းမတက်မီက မဟာဓမ္မရာဇာဓိပတိမင်းလက်ထက် မဏိပူရကသည်းတို့ မြန်မာနိုင်ငံတွင်း အကြိမ်ကြိမ်ဝင်ရောက် ဖျက်ဆီး တိုက်ခိုက်ခဲ့တယ်။ မန္တလေးမြောက်ဘက် မတ္တရာအုတ်ဖိုတွင်လည်း ကွေ့ရှမ်းလူမျိုးများနဲ့ မွန်လူမျိုးတို့ပူးပေါင်းပြီး ကွေ့ရှမ်း 'ဂုဏ္ဏအိမ်' က အုပ်ချုပ်ကာ အင်းဝမြောက်တစ်လွှားရှိ ဧရာဝတီအရှေ့ဘက် မြို့ရွာတွေကို ဖျက်ဆီးကြတယ်။

အင်းဝအပျက်မှာ မွန်ဗညားဒလလူတွေကလည်း မြောက်ဘက်တစ်လွှား မြို့ရွာတွေကို သစ္စာပေးလေတယ်။ အဲဒီအခြေအနေမှာ အင်းဝဘုရင်ရဲ့ အမှုထမ်းငယ်တစ်ဦးဖြစ်သူ မုဆိုးဘိုမြို့သူကြီး ဦးအောင်ဇေယျဟာ မွန်တို့ရန်ကို ကာကွယ်တွန်းလှန်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားလေတယ်။ မုဆိုးဘိုမြို့ကို ထန်းလုံးတပ်ပတ်လည်တည်ပြီး အခိုင်အလုံနေလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်းဝက မွန်စစ်သူကြီး "တလပန်း" ကလည်း လူစေလွှတ် သစ္စာပေးလာတယ်။ ကျွဲရှမ်း "ဂုဏ္ဏအိမ်" ကလည်း သစ္စာပေးလာတယ်။ ဦးအောင်ဇေယျဟာ ဘယ်သူ့သစ္စာကိုမှ မခံလေဘူး။

ဦးအောင်ဇေယျဟာ သက္ကရာဇ် (၁၁၁၄) ခုနှစ်မှာ မြင်းရည်တက် (၆၈) ဦးဖွဲ့ပြီး မိမိကိုယ်တိုင်လည်း အလောင်းဘုရားအမည်ခံကာ ဘုရင်အဖြစ် ကြေငြာခဲ့တယ်။

မြန်မာနိုင်ငံမှာ အင်းဝထီးနန်းကိုသိမ်းပြီး နိုင်ငံတစ်ဝန်းလုံးကို အုပ်ချုပ်လိုကြတဲ့ အုပ်စု နှစ်စုဟာ သက္ကရာဇ် (၁၁၁၄) ခုမှာ ပိုထင်ရှားလာကြတယ်။ တစ်စုမှာ ဗညားဒလဦးအောင်လှ ခေါင်းဆောင်တဲ့ ဗညားဒလ အုပ်စုနဲ့ တစ်စုမှာ အလောင်းဘုရားဦးအောင်ဇေယျဦးဆောင်တဲ့ အလောင်းမင်း အုပ်စုဖြစ်တယ်။ ထိုလူစု နှစ်စုလုံးမှာပဲ မွန်၊ ရှမ်း၊ မြန်မာ၊ ကရင်၊ မူထမ်း၊ ရာထမ်း စစ်သည်တွေ ပါဝင်ကြတယ်။ အလောင်းမင်းလူစုမှာတော့ ချင်း၊ ကချင်စစ်သည်များပါ ပါလေတယ်။

ကနဦးမှာတော့ ဗညားဒလစစ်သည်များဟာ ဟံသာဝတီ (ပဲခူး) မှ အင်းဝအထိ ဧရာဝတီမြစ်စဉ်တစ်လျှောက် အောင်မြင်ကြတယ်။ ထန်းလုံးတပ် ပတ်လည်တည်ထားတဲ့ မုဆိုးဘိုမြို့ကိုတိုက်တဲ့အခါ အရေးနိမ့်လေတယ်။

မုဆိုးဘိုမြို့ကို ဝိုင်းထားစဉ်တစ်ညမှာတော့ ဗညားဒလစစ်သည်များဟာ အမြောက်သေနတ်များကို ပစ်ဖောက်ပြီး ကောက်ရိုးအပြည့်တင်ထားတဲ့ လှည်းရထားတွေကို ထန်းလုံးတပ်ရင်းဆီ တွန်းလာကြတယ်။ ထန်းလုံးတပ်ရင်း ရောက်ရင် ကောက်ရိုးတွေကို မီးရှို့ကာ ထန်းလုံးတပ်ကို မီးစွဲလောင်စေရန် ဖြစ်တယ်။ မီးစွဲလောင်လို့ ထန်းလုံးတပ်ပေါက်ရင် တစ်ခဲနက်ဝင်တိုက်ဖို့ ဖြစ်တယ်။

အဲဒီအခြေအနေကိုမြင်တဲ့ အလောင်းမင်းရဲ့ မွန်စစ်သည်တစ်ဦးဖြစ်တဲ့ သိုက်စပ်ဟာ ဗညားဒလတပ်သို့ ရုတ်တရက်ဝင်ပြီး သူတို့တပ်ဆီလာနေတဲ့ လှည်းရထားတွေကို ထန်းလုံးတပ်မရောက်မီ ကောက်ရိုးတွေကို မီးရှို့ပြီး ပြန်ခဲ့တယ်။ ကောက်ရိုးမီးရောင်ကြောင့် အလောင်းမင်းစစ်သည်တွေဟာ ဗညားဒလစစ်သည်များကို မြင်လာကြတယ်။ အဲဒီအချိန်မှာ တပ်ထဲပ်ကနေ အမြောက်သေနတ်များ ပစ်လွှတ်ကြတယ်။ ဗညားဒလစစ်သည်တွေ ဆုတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ အလောင်းမင်းလည်းအားရလှလို့ သိုက်စပ်ကို "သမိန်ဗရမ်းဘွဲ့" ပေးလေတယ်။

တစ်ခါမှာတော့ အလောင်းမင်းစစ်သည်တို့ဟာ ထန်းလုံးတပ်ကထွက်ပြီး မုဆိုးဖိုမြို့မြောက်ဘက်ရှိ ခင်ဦးမြို့မှာ တပ်ချထားတဲ့ လက်ယာပျံချီရဲ့တပ်ကို တိုက်ကြတယ်။ (လက်ယာပျံချီဆိုတာ အင်းဝမင်းလက်ထက်က မင်းကြီး ကျော်စွာရဲ့သား မြန်မာသူရဲကောင်း ဦးချစ်ညို ဖြစ်တယ်။) အင်းဝကို ဗညား ဒလရတဲ့အခါ ဗညားဒလထံမှာ အမှုထမ်းလေတယ်။ လက်ယာပျံချီရဲ့တာဝန် က မုဆိုးဖိုတပ်ကို မြောက်ဘက်ကနေ ပိတ်ဆို့ထားဖို့ ဖြစ်တယ်။ အလောင်း မင်းဟာ အဲဒီအခြေအနေအခြင်းအရာတွေကို သိတဲ့အခါ မိမိစစ်သည်တွေကို ခင်ဦးကိုလွှတ်ပြီး လက်ယာပျံချီရဲ့ အပိတ်အဆို့ကို တိုက်ဖျက်စေတယ်။ သို့ပေမယ့် လက်ယာပျံချီဟာ ကိုယ်တိုင်ကွပ်ကဲပြီး ရှုပ်ရှုပ်ချွံချွံတိုက်တာကြောင့် အလောင်းမင်းစစ်သည်တို့ ဆုတ်ကြရလေတယ်။

အဲဒီနှစ်မှာပဲ အလောင်းမင်းတရားကိုယ်တိုင် ဦးစီးပြီး ထိုးစစ်ဆင်လေ တယ်။ ဗညားဒလစစ်သည်တွေ မခံနိုင်တာကြောင့် မုဆိုးဘိုကနေ အင်းဝအထိ ဆုတ်ရလေတယ်။ သက္ကရာဇ် (၁၁၁၅) ခုနှစ်မှာ အလောင်းမင်းဟာ မုဆိုးဘို ကို ရွှေဘိုလို့ သမုတ်ပြီး ရွှေထီးရွှေနန်းတည်လေတယ်။ အဲဒီနောက် အင်းဝကို စုန်ပြီး ထပ်ဖိတိုက်တဲ့အခါ ဗညားဒလစစ်သည်များ အင်းဝကခွာပြီး ဟံသာ ဝတီသို့ စုန်ကြရပြန်တယ်။

ဗညားဒလဟာ အင်းဝကို သူ့စစ်သည်တွေလွှတ်ပြီး နောက်တစ်ကြိမ် တိုက်စေပြန်တယ်။ မအောင်မြင်လို့ ဆုတ်ရပြန်တယ်။ ဟံသာဝတီမှာလည်း အခြေအနေတွေ ရှုပ်ထွေးနေတယ်။ ဟံသာဝတီက မွန်၊ မြန်မာတွေဟာ အင်းဝမင်း ဗညားဒလကို တိတ်တဆိတ် လုပ်ကြံပြီး ဟံသာဝတီရောက် မင်းတရားကို နန်းတင်မယ်ကြံကြတယ်။ ပေါက်ကြားသွားတာကြောင့် ဟံသာဝတီရောက် မဟာဓမ္မရာဇာဓိပတိ မင်းကိုရေမှာဖျောက်ကာ ကြံရာပါ တို့ကို ကွပ်မျက်လေတယ်။

ဟံသာဝတီမှာ အခြေအနေရှုပ်ထွေးတဲ့အခါ အလောင်းမင်းဟာ ဟံ သာဝတီတိုင်အောင် ဧရာဝတီမြစ်ကိုစုန်ပြီး ချီလေတယ်။ ရှေးဦးစွာပြည်မြို့ကို တိုက်ခိုက်သိမ်းယူတယ်။ နောက်ဆက်ပြီး စုန်ရာလွန်ဆေးမြို့ရောက် သိမ်းပြန်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လွန်ဆေးမှာ အလောင်းမင်းတရား ခေတ္တစံနေစဉ်မှာပဲ တောင်ငူ၊ ဟင်္သာတ၊ ခနေဖြူ၊ ပုသိမ်၊ မြောင်းမြ၊ သံတွဲ စသည်တို့က ရာထမ်း၊ မှူထမ်းတို့ဟာ လွန်ဆေးကိုလာပြီး အလောင်းမင်းထံ သစ္စာခံယူကြတယ်။ ထို့ကြောင့် ဗညားဒလကို အလျင်အမြန် အောင်တာကိုအကြောင်းပြုပြီး လွန်ဆေးမြို့ကို "မြန်အောင်မြို့" လို့ သမုတ်လေတယ်။

နောက်ဆက်လက် စုန်ပြန်ရာ သက္ကရာဇ် (၁၁၁၇) ခုနှစ်မှာ ဒဂုန်ကို ရောက်ကာ သိမ်းပြန်တယ်။ ဒဂုံမှာ ဆူးလေစေတီရဲ့ အရှေ့တောင်အရပ် မြို့ဟောင်းနေရာမှာ သစ်တပ်မြို့တည်လေတယ်။ ဒဂုံကတပ်စွဲပြီး ဗညားဒလ ရန်ကိုကုန်အောင် လုပ်ကြံမယ်လို့ အမိန့်ရှိကာ ဒဂုံမြို့ကို "ရန်ကုန်မြို့" လို့ သမုတ်လေတယ်။

ဗညားဒလစစ်သည်များဟာ အလောင်းမင်းစစ်သည်တို့ကို ဧရာဝတီမြစ်တစ်လျှောက် တတ်နိုင်သမျှ ခုခံကြသော်လည်း မနိုင်လို့ဆုတ်ကြရတယ်။ တချို့ သန်လျင်၊ တချို့ဟံသာဝတီသို့ ဆုတ်ကြလေတယ်။ အလောင်းမင်းဟာ ရန်ကုန်မှာ သင်္ဘော၊ တိုက်လှေများကိုတည်လုပ်ပြီး စစ်သည်တို့ကိုလည်း အင်အားဖြည့်တင်းလေတယ်။ နောက် ရေတပ်၊ ကြည်းတပ်များနဲ့ သန်လျင်ကို လွှတ်တိုက်စေတယ်။ ကိုယ်တိုင်လည်း ကြီးကြပ်လေတယ်။ သက္ကရာဇ် (၁၁၁၈) ခုနှစ်မှာ သန်လျင်ကို အောင်မြင်လေတယ်။ အမြောက်ကြီး (၈၀) ကျော်၊ အမြောက်ငယ် (၁၀၀) ကျော်၊ သေနတ် (၁၀၀၀) ကျော်လည်း ရလေတယ်..

အဲဒီနောက် အလောင်းမင်းဟာ ဟံသာဝတီကို အလုံးအရင်းနဲ့ချီကာ ဟံသာဝတီကို ဝိုင်းထားလေတယ်။ ကြာမြင့်လာတဲ့အခါ ဗညားဒလစစ်သည်တို့ မခံနိုင်၊ မြို့သူ မြို့သားတို့လည်း ပင်ပန်းဆင်းရဲကြတယ်။ ဒါ့ကြောင့် ဗညားဒလဦးအောင်လှဟာ သမီးတော်ကိုဆက်ကာ သက္ကရာဇ် (၁၁၁၉) ခုနှစ်မှာ အညံ့ခံလေတယ်။

အဲဒီအခါကစပြီး ဟံသာဝတီဆင်ဖြူများရှင်ရဲ့ သားတော်၊ မြစ်တော်အဆက်ဖြစ်တဲ့ တောင်ငူ ဟံသာဝတီမင်းဆက်ပြတ်ကာ အလောင်းမင်းတရားအစချီတဲ့ ကုန်းဘောင်မင်းဆက်ဟာ နိုင်ငံသမိုင်းမှာ ထင်ရှားလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အလောင်းမင်းတရားကြီးနှင့် ဥရောပတိုက်သားများ

ကလေးတို့ရေ…

တတိယမြန်မာနိုင်ငံတည် အလောင်းမင်းတရားကြီးအကြောင်း အချို့ကို ပြောခဲ့ပြီ။ အလောင်ဘုရားနဲ့ ဆောင်ရွက်ချက်တွေဟာ များပြားလှတယ်။ အင်းဝမြို့သိမ်းတိုက်ပွဲ ပြီးတာနဲ့ မြန်မာပြည်တစ်ခွင် စည်းရုံးရေးခရီးစဉ် လှည့်ခဲ့တယ်။ သစ္စာခံလာသူတွေကို ကောင်းစွာသစ္စာပေး၊ ဆန့်ကျင်သူတွေကို တိုက်ခိုက်နှိမ်နင်း မြို့စီးပြစီး၊ မြို့စားရွာစားခန့်၊ မြို့တော်ရန်ကုန်သိမ်းပြီး သန်လျင်ကို တိုက်သိမ်း၊ ပဲခူးကို မွန်တို့လက်ကနေ တိုက်သိမ်းပိုက်၊ မဏိပူရသို့စစ်ချီ၊ ဟိုင်းကြီးကျွန်းအရေးဖြေရှင်း၊ ယိုးဒယားစစ်ချီ စသည်ဖြင့် ဘဝတစ်လျှောက်လုံး လုံ့လ၊ ဝီရိယ၊ သူရသတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်နဲ့ ရှုပ်ရှုပ်ချွံချွံ စီမံကွပ်ကဲ စွမ်းဆောင်နိုင်ခဲ့တယ်။ ဒါ့ကြောင့်လည်း အလောင်းမင်းတရားကြီးရဲ့သမိုင်းဟာ ထွန်းပြောင်ပေတာပဲ။

အလောင်းမင်းတရားကို ခရစ်နှစ် (၁၇၁၄) ခုနှစ်၊ ဖေဖော်ဝါရီ (၁၃) ရက်မှာ အဖမင်းညိုစံနဲ့ အမိစောငြိမ်းဦးတို့က ဖွားမြင်ခဲ့တယ်။ ဖခင်မင်းညိုစံဟာ မုဆိုးဘိုမြို့စားဖြစ်တယ်။ အလောင်းမင်းတရားဟာ ပုဂံနရပတိစည်သူမင်းကနေ တိုက်ရိုက်ဆင်းသက်လာတဲ့ အဆက်အနွယ်လို့ ဆိုပါတယ်။ မွေးချင်း ရှစ်ဦးရှိတယ်။ အမည်ရင်း ဦးအောင်ဇေယျ ဖြစ်တယ်။

"အလောင်းမင်းတရားရဲ့ ပုံပန်းသဏ္ဌာန်က အသားညိုပြီး မျက်နှာရှည်တယ်။ နဖူးကျယ်ကျယ်၊ ကျောက်ပေါက်မာသဲ့သဲ့ရှိတယ်။ အရပ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မောင်းမောင်း ၅ ပေ၊ ၁၁ လက်မခန့်ရှိတယ်'' လို့ အင်္ဂလိပ်မှတ်တမ်းတွေမှာ တွေ့ရကြောင်း သမိုင်းဆရာတို့ အဆိုကို တွေ့ရတယ်။

အလောင်းမင်းတရားဟာ မုဆိုးဘိုကိုလာတိုက်တဲ့ မွန်တပ်တွေကို သာမက အခြားတိုက်ပွဲတွေကိုလည်း အောင်နိုင်ခဲ့တယ်။

(၁) မြောင်းဝန်တိုက်ပွဲ (ခရစ်နှစ် ၁၇၅၂ ဇွန် ၁၉)

(၂) ခင်လတ်တိုက်ပွဲ (ခရစ်နှစ် ၁၇၅၂ စက်တင်ဘာ ၂၃)

(၃) ခင်ဦးတိုက်ပွဲ (ခရစ်နှစ် ၁၇၅၂ အောက်တိုဘာ ၁၄)

(၄) ငါးစို့တိုက်ပွဲ (ခရစ်နှစ် ၁၇၅၂ အောက်တိုဘာ ၂၃)

(၅) ရေဦးကုန်းဘက်တိုက်ပွဲ (၁၇၅၂ နိုဝင်ဘာ ၆)

(၆) ကျွန်းတောကြီးတိုက်ပွဲ (၁၇၅၃ ဧပြီ ၆)

စတဲ့ တိုက်ပွဲတွေဟာ ထင်ရှားလှတယ်။

ဥရောပတိုက်သားတွေဟာ အလောင်းဘုရားမတိုင်ခင်ကတည်းက မြန်မာပြည်တွင်း ဝင်ထွက်ရောင်းဝယ်ဖောက်ကားမှုတွေ ရှိတယ်။ ခရစ်နှစ် (၁၆၈၈) ခု သန်လျင်မှာ ပြင်သစ်တွေနေလာတယ်။ (၁၆၈၇) ခုနှစ်မှာ အင်္ဂလိပ်တွေ ဟိုင်းကြီးကျွန်းမှာနေပြီး ပုသိမ်မှာကုန်တိုက်ဖွင့်တယ်။ (၁၇၀၉) ခုမှာ သံလျင်မှာ ကုန်တိုက်ခွဲ ဖွင့်တယ်။

ပြင်သစ်နဲ့အင်္ဂလိပ်တွေဟာ မြန်မာနိုင်မယ်ထင်ရင် မြန်မာဘက်ပင်းပြီး မွန်နိုင်မယ်ထင်ရင် မွန်ဘက်ကို ပင်းတယ်။ သူတို့အကျိုးအတွက်ပဲကြည့်သူတွေ ဖြစ်ကြတယ်။ ခရစ်နှစ် (၁၇၅၅) မှာ အလောင်းမင်းတရား ဒဂုံကို တိုက်တဲ့အခါ ဒဂုံမြစ်ထဲမှာ အင်္ဂလိပ်သင်္ဘော လေးစင်း၊ ပဲခူးမြစ်ဝမှာ ပြင်သစ်သင်္ဘော သုံးစင်း ရှိကြတယ်။ ပြင်သစ်ကိုယ်စားလှယ် ''မော့ရှာ ဗူရ်နို'' ဟာ ဒဂုံကို သင်္ဘော သုံးစင်းနဲ့လာပြီး မင်းတရားကြီးကို ဖူးမြော်တယ်။ ဒါပေမဲ့ ပြင်သစ်ကိုယ်စားလှယ်ကုန်းမှာရှိစဉ် ပြင်သစ်သင်္ဘော သုံးစင်း သန်လျင်ပြန်သွားတယ်။ အကင်းပါးတဲ့ အလောင်းမင်းတရားက ပြင်သစ် ကိုယ်စားလှယ် အဖြောင့်မကြံမှန်း သိတော်မူတယ်။ နောက်မကြာခင် ''အာကောက်'' အမည်ရှိတဲ့ အင်္ဂလိပ်သင်္ဘော တစ်စင်း ဒဂုံကိုရောက်လာတယ်။ ကပ္ပတိန်ဂျက်ကဆန် စေလွှတ်လိုက်လို့ ကိုယ်စားလှယ် မစ္စတာဝှိုက်ဟီး လက်ဆောင်တော်တွေနဲ့ မင်းတရားကြီးထံ မှောက်ရောက်တယ်။ သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးတာပြင်ဖို့ လိုအပ်ရာရာ ပစ္စည်း၊ လက်သမားစသည် မင်းတရားကြီးက ပေးတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်ဟာ ဟံသာဝတီဥပရာဇာနဲ့ ဆက်သွယ်ပြီး မွန်တို့ကို ကူညီဖို့ ကြံတယ်။ မင်းတရားကြီး ရှေ့ဘိုပြန်ခိုက် မွန်တို့ ဒဂုန်ကို သုံးကြိမ်တိုက်တယ်။ မြန်မာတို့ရှုံးမယ့် အခြေအနေမြင်လို့ အင်္ဂလိပ်နဲ့ပြင်သစ်က မွန်တို့ဘက်ကို အတိအလင်း ကူညီလေတယ်။ ဒါပေမဲ့ မြန်မာတို့ အစီအမံကောင်းတာကြောင့် ဒဂုံကို မွန်တို့မရလေဘူး။

ခရစ်နှစ် (၁၇၅၆) ခု၊ အလောင်းမင်းသန်လျင်တိုက်လို့ မြို့သိမ်းပြီး ပြင်သစ်ကိုယ်စားလှယ် "ဗူရိန်" နဲ့ အကြီးအကဲတွေကို မင်းတရားကြီး ဖမ်းဆီးချုပ်ထားလိုက်တယ်။ အဲဒီအတွင်း ပြင်သစ်သင်္ဘောနှစ်စင်း လက်နက်ခဲယမ်း အပြည့်အစုံနဲ့ မွန်တို့ကို ကူညီဖို့ရောက်လာလို့ မင်းတရားသိမ်းလိုက်တယ်။ ဗူရိန်နဲ့ အကြီးအကဲတွေလည်း ကွပ်မျက်ခံရလေတယ်။ သူတို့ရဲ့ သားမယားတွေနဲ့ သန်လျင်မှာဖမ်းမိတဲ့ ပေါ်တူဂီတွေကို ရှေ့ဘိုနယ် ဇရင်ကျွန်ရွာကိုပို့ပြီး နေစေတယ်။ သူတို့ယုံကြည်ရာ ကိုးကွယ်ခွင့်ပြုလေတယ်။ မင်းတရားကြီးထံမှာ အမြောက်သားအဖြစ် အမှုထမ်းကြလေတယ်။

ခရစ်နှစ် (၁၇၅၇) မှာ အင်္ဂလိပ်ကိုယ်စားလှယ် "လက်စတာ" ရောက်လာပြီး မင်းတရားကြီးနဲ့ စာချုပ်တယ်။ (၁) ဟိုင်းကြီးကျွန်းနဲ့ ပုသိမ်မှာ ခံတပ်ဆောက်ခွင့်၊ (၂) အင်္ဂလိပ်တို့အား အကောက်ခွန်လွတ်လပ်စွာ ကုန်စည်ရောင်းဝယ်ခွင့်၊ (၃) အင်္ဂလိပ်တို့က မင်းကြီးအား နှစ်စဉ်အမြောက်နှင့် ယမ်းများ ဆက်သမည်။ (၄) ရန်ကုန်တွင်လည်း ကုန်တိုက်ဆောက်ခွင့်ပေးရန်၊ (၅) အင်္ဂလိပ်ကုမ္ပဏီက မြန်မာ့ရန်သူကို ကူတိုက်ပေးမည်။ မြန်မာဘုရင် စရိတ်ကျခံရမည်၊ (၆) မြန်မာ့ရန်သူကို ကုမ္ပဏီက အားမပေးရ။

ခရစ်နှစ် (၁၇၅၉) မှာ ပဲခူးမွန်တို့ ပုန်ကန်တဲ့အခါ "အာကောက်" သင်္ဘော ရန်ကုန်ရောက်လာပြန်တယ်။ မွန်တို့ကို တိတ်တဆိတ် အားပေးတယ်လို့ ယူဆတာကြောင့် "မစ္စတာဝှိုက်ဟီး" ကို ဖမ်းတယ်။ လျော်ကြေးပေးရွေးနှုတ်လို့ လွှတ်ပေးလိုက်တယ်။ မင်းကြီးရန်ကုန်ကို ချီလာတဲ့အခါ အာမေးနီးယံ လူမျိုး "ဂရီဂုရီ" ပြင်သစ်ကိုယ်စားလှယ် 'လာဗင်း' တို့က 'ဟိုင်းကြီး ကျွန်းရှိ အင်္ဂလိပ်ဘုံဟာ မွန်တို့ကို လက်နက်ရောင်းချတယ်လို့ လျှောက်တာ ကြောင့် ထောက်လှမ်းစစ်ဆေးပြီး ရဲမက်တွေကို ဟိုင်းကြီးကျွန်းသို့ စေလွှတ်

www.burmeseclassic.com



ကာ အင်္ဂလိပ်တို့ကို ကွပ်မျက်ပြီး အမြောက်လက်နက်တွေကို သိမ်းယူစေတယ်။ မွန်နဲ့မြန်မာတို့ အရေးမှာ အင်္ဂလိပ်နဲ့ပြင်သစ်တို့ မရိုးသားကြောင်း ထင်ရှားလေတယ်။

ခရစ်နှစ် (၁၇၅၉) ခုနှစ် မင်းတရားကြီး ရန်ကုန်မှာရှိစဉ် ယိုးဒယားမင်းရဲ့မက်တွေ ထားဝယ်မြို့ ကျေးစွန်ရွာလက်တွေကို ထိပါးကြောင်း ကြားသိတဲ့အခါ မင်းတရားကြီးကိုယ်တိုင် ကွပ်ကဲပြီး ချီလေတယ်။ မြိတ်၊ တနင်္သာရီတို့ကို အရင်သိမ်းပြီး ယိုးဒယားရောက်တဲ့အခါ ဝိုင်းရံထားပြီး လုပ်ကြံလေတယ်။ နိုင်ခဲ့တာကြောင့် မရလေ။ ထိုအတွင်းမင်းတရားကြီး နာမကျန်းဖြစ်လေတယ်။ ပြန်ဆုတ်ခဲ့ကြရာ ခရစ်နှစ် (၁၇၆၀) ခု သထုံ ဒီစတြိတ်၊ ဘီလင်းနယ်၊ မုတ္တမကျေး "ကင်းရွာ" ရောက်တဲ့အခါ အနိစ္စရောက်တော်မူလေတယ်။ ကွယ်လွန်ချိန်မှာ အလောင်းမင်း (၄၆) နှစ်သာရှိသေးတယ်။ အလောင်းမင်းတရားလက်ထက်မှာ နှလုံးရည်၊ လက်ရုံးရည် ပြည့်စုံတဲ့ သူရဲကောင်းတွေနဲ့ စာဆိုတွေ ထွက်ပေါ်ခဲ့တယ်။ မင်းတရားဟာ သားထိုး၊ နွားသတ်၊ နတ်ကိုး၊ နတ်တင် ဓလေ့ဆိုးတွေနဲ့ ဘိန်းဘင်းအရက်သေစာ သောက်စားမှုတွေ၊ တင်မြောက်မှုတွေကိုလည်း တားမြစ်ခဲ့တယ်။ ဥစ္စာခနခိုးယူလို့ ပျောက်ရှရင် မြို့ရွာအကြီးအကဲတွေက လျော်ပေးရတယ်။

မင်းတရားကြီးလက်ထက် ထင်ရှားတဲ့စာဆိုတွေက ရန်အောင်ဇလ၊ စိန္တကျော်သူဘွဲ့ခံ ဦးဩ၊ လက်ဝဲသုန္ဒရဦးမြတ်စံ၊ မဟာသီရိဥတ္တမဇေယျ သင်္ကြန် အမတ်ကြီးက မနုကျယ်ဓမ္မသတ်ကျမ်းကို စီရင်လေတယ်။ တရားသူကြီး "လက်ဝဲဘိနန္ဒသူ" က ကမ္ဘဝိနိစ္ဆယ ဓမ္မသတ်ကျမ်း ကျမ်းကိုပြုစုလေတယ်။

အလောင်းမင်းလက်ထက် တိုင်းပြည် စည်ပင်ဝပြောတာကြောင့် "ကုန်းဘောင်ရွှေပြည်" လို့ တင်စားခေါ်ဆိုကြလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## နောင်တော်ကြီး (ခေါ်) ဒီပဲယင်းမင်း

ကလေးတို့ရေ…

ကုန်းဘောင်မင်းဆက်ဟာ အလောင်းဘုရားကနေ သီပေါမင်းအထိ (၁၁) ဆက်ရှိတယ်။ မြန်မာနိုင်ငံပဒေသရာဇ် ခေတ်နှောင်းကာလ (၁၇၅၂) ခု အလောင်းမင်းနန်းတက်ချိန်ကစပြီး သီပေါမင်းပါတော်မူတဲ့ (၁၈၈၅) ခုနှစ်ထိ (၁၃၃) နှစ် ကြာမြင့်ခဲ့တယ်။ ကုန်းဘောင်မင်းဆက်အားလုံးဟာ အလောင်းမင်းတရားကနေ တိုက်ရိုက်ဆင်းသက်လာသူများ ဖြစ်ကြတယ်။

ဒီပဲယင်းမင်းဟာ အလောင်းဘုရား နန်းစံစဉ်ကတည်းက အိမ်ရှေ့အရာ ရခဲ့တယ်။ အလောင်းမင်းတရားနဲ့ မိဖုရားခင်ယွန်းစံတို့ကနေ (၁၇၃၄) ခုနှစ်မှာ မွေးဖွားခဲ့တယ်။ မွေးချင်းညီအစ်ကို မောင်နှမ ရှစ်ယောက်မှာ အကြီးဆုံး ဖြစ်ပြီး ငယ်မည်မောင်လှောက်လို့ ခေါ်တယ်။

အလောင်းမင်းတရားမင်းဖြစ်ချိန်မှာ ဒီပဲယင်းမင်းဟာ သတိုးမဏ္ဍရာဇာ ဘွဲ့ကို ရရှိခဲ့တယ်။ အသက် (၁၇) နှစ်အရွယ်ကပဲ ဖခင်နဲ့အတူ တိုက်ပွဲပေါင်း စုံကို ဆင်နွှဲခဲ့တယ်။ (၁၇၅၄) ခုနှစ်မှာ သတိုးမဏ္ဍရာဇာဘွဲ့နဲ့ နန်းလျာအဖြစ် ခန့်ခဲ့တယ်။ အလောင်းမင်းတရား နတ်ရွာစံတဲ့နှစ် (၁၇၆၀) ခုနှစ်မှာပဲ ထီးနန်းဆက်ခံခဲ့လေတယ်။

ဒီပဲယင်းမင်းကို ရဲရင့်တည်ကြည်သူ၊ အမှုထမ်းအရာထမ်းတို့အပေါ် အရည်အသွေးအလိုက် ချီးမြှင့်မြှောက်စားတတ်သူ၊ လျှို့ဒါန်းပေးကမ်းရက်ရော

www.burmeseclassic.com

www.burmeseclassic.com



သူလို့ မှတ်တမ်းပြုခဲ့ကြတယ်။ ဒီပဲယင်းမင်းဟာ (၁၇၆၃) ခုနှစ်မှာ ညီဖြစ်သူ မြေဒူးမင်းသားကို သီရိဓမ္မရာဇာဘွဲ့နဲ့ အိမ်ရှေ့ဥပရာဇာအဖြစ် နန်းလျာခန့်အပ်ခဲ့တယ်။

ဒီပဲယင်းမင်း နန်းတက်စဉ်မှာ မင်းခေါင်နော်ရထာ ပုန်ကန်မှုဖြစ်ပွားခဲ့တယ်။ မင်းခေါင်နော်ရထာဟာ အလောင်းမင်းတရားရဲ့ မြင်းရည်တက်သူရဲကောင်း (၆၈) ယောက်ထဲက တစ်ဦးဖြစ်တယ်။ မုဆိုးချုံဗိုလ် ဗိုလ်တွန်လို့ ထင်ရှားတယ်။ အလောင်းမင်းတရားရဲ့ (၁၇၅၆) ခု သန်လျင်တိုက်ပွဲနဲ့ (၁၇၅၉) ခု၊ ယိုးဒယားစစ်ပွဲတို့ကို ဗိုလ်တွန် ဦးစီးတိုက်ခိုက်ခဲ့တယ်။

မင်းခေါင်နော်ရထာ (ဗိုလ်တွန်) ဒီပဲယင်းမင်းလက်ထက် ပုန်ကန်ရတဲ့အကြောင်းက (၁၇၅၃) ခု အလောင်းမင်းက ဂုဏ္ဍာအိမ်ကွေ့ ရှမ်းသူပုန်ကို သွားရောက်တိုက်ခိုက်စဉ်က အစပျိုးခဲ့တယ်လို့ ဆိုရမယ်။ ဘုရင့်တပ်မတော်မှာ အိမ်ရှေ့ဒီပဲယင်းမင်းသားရဲ့တပ်နဲ့အတူ ဗိုလ်တွန်ရဲ့တပ်လည်း လိုက်ပါခဲ့ရတယ်။ ရှမ်းတောင်တန်းတစ်နေရာမှာ မြန်မာတပ် ချုံခိုတိုက်ခိုက်ခံရတယ်။ စစ်သည်အများ ကျဆုံးခဲ့ရတယ်။ အဲဒီအချိန်မှာ ဒီပဲယင်းမင်းသားက ဗိုလ်တွန်ရဲ့တပ်ကို ရှေ့ကကာဆီးတိုက်ဖို့ အမိန့်ပေးခဲ့တယ်။ ဗိုလ်တွန်က မတိုက်ဘဲ အခြားတစ်နေရာကို ရှောင်သွားခဲ့တယ်။ နေပြည်တော်ပြန်ရောက်တဲ့အခါ အိမ်ရှေ့မင်းတိုင်တန်းချက်အရ ဗိုလ်တွန်သံခြေချင်း ခတ်ခံရတယ်။ အဲဒီအချိန်ကပဲ ဗိုလ်တွန်ဟာ ဒီပဲယင်းမင်းသားအပေါ် အငြိုးထားခဲ့တယ်။

(၁၇၅၉) ခုနှစ် ယိုးဒယားက တပ်ပြန်ဆုတ်လာစဉ် မင်းခေါင်နော်ရထာ (ဗိုလ်တွန်)တပ်ဟာ တာဝန်အရ နောက်ချန်ပြီး ခံစစ်နဲ့ ဆုတ်ခဲ့ရတယ်။ ဒါကို မြေဒူမင်းသားက ပုန်ကန်ဖို့အကြံနဲ့ တမင်နောက်ချန်နေခဲ့တယ်လို့ ယူဆကာ ရိက္ခာဖြတ်တောက်ခဲ့တယ်။ နောင်တော်ဒီပဲယင်းမင်းကိုလည်း တိုင်ကြားခဲ့တယ်။ ဒါ့ကြောင့် မင်းခေါင်နော်ရထာဟာ နေပြည်တော်မပြန်ဘဲ တောင်ငူကို ဆက်လက်ချီတက်ခဲ့တယ်။ တောင်ငူမှာရှိတဲ့ ဘထွေးတော် သတိုးသိင်္ခသူနဲ့ ဗလမင်းထင်တို့က မင်းခေါင်နော်ရထာကိုဖမ်းဖို့ ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်လေဘူး။ (၁၇၆၀) ခုနှစ်မှာတော့ မင်းခေါင်နော်ရထာနဲ့ တပ်များက အင်းဝကို သိမ်းပိုက်လိုက်တယ်။ အင်းဝမြို့ဝန်ရာဇမနု ထွက်ပြေးလွတ်မြောက်သွားတယ်။ ပြင်သစ်စစ်ဗိုလ် "လီဗင်" ကျဆုံးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပဲယင်းမင်းရဲ့တပ်များဟာ အင်းဝကို ချီတက်ဝိုင်းရံထားလေတယ်။ ရက်အတန်ကြာထိ မြို့ကိုမသိမ်းပိုက်နိုင်ဘဲ ရှိတယ်။ မင်းခေါင်နော်ရထာတပ်တွေလည်း ရိက္ခာတစ်စ ပြတ်လပ်လာပြီ။ ဒါ့ကြောင့် တစ်ညမှာ မြို့ကိုဖောက်ထွက်ခဲ့တယ်။ ပန်းလောင်မြစ်တစ်ဖက်ကမ်းအရောက်မှာ မက္ခရာဗိုလ် သီရိရွှေတောင်ရဲ့တပ်က လိုက်လံတိုက်ခိုက်တယ်။ ကျောက်ဆည်နယ် ဝတ်လဲတောင်အနီးမှာ မင်းခေါင်နော်ရထာ သေနတ်ထိမှန်ပြီး ကျဆုံးလေတယ်။

(၁၇၆၁) ခုနှစ်၊ ဒီပဲယင်းမင်း နန်းတက်စမှာ ဘထွေးတော်တောင်ငူစား သတိုးသိခ်သူ လူသူစုရုံးပြီး ပုန်ကန်လေတယ်။ ဒီပဲယင်းမင်းကိုယ်တိုင်ကြီးကြပ်ပြီး ကြည်းကြောင်း၊ ရေကြောင်းနဲ့ တောင်ငူကိုချီတက်တယ်။ စစ်သူကြီး ဒလပန်းနဲ့ ဗညားကျန်းတို့ကလည်း တောင်ငူစားကို စစ်ကူပေးဖို့ စစ်တောင်းမြို့ကနေ ချီလာတယ်။ ဒီပဲယင်းမင်းရဲ့ ဘုရင့်တပ်မတော်က တော်လှန်ပုန်ကန်သူအားလုံးကို နှိမ်နင်းနိုင်ခဲ့တယ်။ (၁၇၆၂) ခုမှာ တောင်ငူကိုသိမ်းပြီး သတိုးသိခ်သူကိုလည်း ဖမ်းဆီးလိုက်နိုင်တယ်။

ဒီပဲယင်းမင်းဟာ ဘထွေးတော် သတိုးသိခ်သူကို ခွင့်လွှတ်ပြီး ဝတ်ဖြူစင်ကြယ်ဝတ်ကာ သီတင်းသီလ ဆောက်တည်စေတယ်။ ဒီပဲယင်းမင်းဟာ တောင်ငူအရေးပြီးပြေတာနဲ့ ဇင်းမယ်ကို သွားရောက်တိုက်ခိုက်ဖို့စီစဉ်တယ်။ မွန်စစ်သူကြီး ဒလပန်းဟာ နှစ်အတန်ကြာ ပျောက်နေပြီး ဇင်းမယ်ဘုရင်ထံမှာ အမှုထမ်းနေကြောင်း သိရတယ်။ ဒီပဲယင်းမင်းဟာ တပ်ပေါင်း ငါးတပ်နဲ့ ရေကြောင်းချီပြီး ဒလပန်းရှိရာ မုတ္တမမြို့ အရှေ့ဘက် "ကော့ကွန်း" ဒေသကို သိမ်းပိုက်ပြီး ဒလပန်းနဲ့ မိသားစုကို ဖမ်းဆီးခေါ်ဆောင်နိုင်ခဲ့တယ်။ စစ်သူကြီးဒလပန်းကို ဒီပဲယင်းမင်းက ခွင့်လွှတ်ကာ သူ့ထံအမှုတော်ထမ်းစေတယ်။ ဒီပဲယင်းမင်းရဲ့ ကြည်းကြောင်းတပ်တွေကတော့ ဇင်းမယ်ကို ဆက်လက်ချီတက်ခဲ့တယ်။ ဇင်းမယ်ကို သိမ်းပိုက်အောင်နိုင်ပြီး မကြာမီလပိုင်း (၁၇၆၃) ခုနှစ်မှာ ဒီပဲယင်းမင်း အနိစ္စရောက်လေတယ်။ နန်းစံ (၃) နှစ်သာရှိပြီး အသက် (၂၉) နှစ်ရွယ်မှာ ကွယ်လွန်ခြင်း ဖြစ်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဖြူရှင် (ခေါ်) မြေဒူးမင်း

ကလေးတို့ရေ…

မြေဒူးမင်းဟာ အလောင်းမင်းတရားနဲ့ မိဖုရားခင်ယွန်းစံတို့ရဲ့ ဒုတိယ မြောက်သားတော် ဖြစ်တယ်။ (၁၇၃၆) ခု၊ ဩဂုတ် (၁၉) မှာ မွေးဖွားခဲ့တယ်။ ငယ်မည်မောင်ရွလို့ ခေါ်လေတယ်။ မြေဒူးမင်းသားဟာ ငယ်စဉ်ကပဲ ဖခင် အလောင်းမင်းတရားနဲ့ လိုက်ပါကာ တိုက်ပွဲများစွာ နွှဲခဲ့သူဖြစ်တယ်။ အသက် (၂၇) နှစ်ရွယ်မှာ သီရိသုဓမ္မာရာဇာအမည်နဲ့ အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရတယ်။ ထီးနန်းစိုးစံစဉ် မကွေးမှ ဆင်ဖြူဆက်လာတာကြောင့် ဆင်ဖြူရှင်လို့ အမည်တွင်လေတယ်။

မြေဒူးမင်းဟာ ဖခင်ရဲ့မှာအရ ညီနောင်အစဉ်လိုက် နန်းဆက်ခံရန် ဖြစ်ပေမယ့် သူ့လက်ထက်မှာ ညီတော်ကို နန်းလျာမထားဘဲ မိဖုရားခေါင်ကြီးက မွေးတဲ့သားတော် စဉ့်ကူးမင်းသားကို နန်းလျာအဖြစ် အိမ်ရှေ့အရာပေးလေ တယ်။

ဆင်ဖြူရှင်ဟာ ပထမတော့ ရွှေဘိုမှာပဲ နန်းစံတယ်။ နောက် အင်းဝ ပြောင်းပြီး မြို့နန်းအသစ်တည်ကာ စံတော်မူတယ်။ အမှုထမ်း ကျွန်တော်တို့ကို အစုအငန်း ဖွဲ့တော်မူတယ်။ နိုင်ငံတော်အတွင်း မြို့ပြ၊ တိုင်းခရိုင်တို့ အုပ်ချုပ် မှုကို နေသားတကျရှိအောင် ခန့်ထားစီရင်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူရှင်နန်းတက်ပြီး မကြာခင်ဘဲ နောင်တော် ဒီပဲယင်းမင်း လက်ထက်က ဇင်းမယ်ကို စေလွှတ်ခဲ့တဲ့ အဘယဂါမဏိနဲ့တပ်များဟာ မင်းရဲသီရိကို မြို့စောင့်ထားပြီး ပြန်ခဲ့ကြတယ်။ (၁၇၆၄) ခုမှာ ရွှေဘိုပြန်ရောက်တယ်။ သူတို့နဲ့အတူ အင်းဝမြို့ပျက်စဉ်က ထွက်ပြေးတိမ်းရှောင်ခဲ့တဲ့ နန်းတွင်းအနွယ်တော် တချို့နဲ့ ပဲခူးသားဆင်ကျားရှင်ဆိုသူလည်း ပါလာတယ်။

ဇင်းမယ်ကနေ အဘယဂါမဏိတပ်ပြန်ထွက်သွားတာနဲ့ ယိုးဒယားမြို့စားအချင်းချင်း ပူးပေါင်းပြီး မြန်မာဘုရင်ကို ပုန်ကန်လေတယ်။ လင်းဇင်းနယ်စားလည်း ပုန်ကန်မှုမှာ ပါလေတယ်။ ဒါ့ကြောင့် နေမျိုးသီဟပတေ့ဘွဲ့ခံမြင်းစုကြီးဝန် ဦးတုတ်ကြီး မြန်မာတပ်များဟာ ခရစ်နှစ် (၁၇၆၄) ခုမှာ ဇင်းမယ်ကြောင်းချီပြီး ဇင်းမယ် (၅၇) ခရိုင်နဲ့တကွ လင်းဇင်းစားကိုပါ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တယ်။

ထိုအတွင်း ထားဝယ်-ရွှေတောင်စားရဲ့ ပုန်ကန်မှု ပေါ်ပေါက်ခဲ့တယ်။ ရွှေတောင်စားဟာ ယိုးဒယားတို့နဲ့ပေါင်းပြီး ဆင်ဖြူရှင်မင်းကို ပုန်ကန်လေတယ်။ ဒါ့ကြောင့် (၁၇၆၄) ခုနှစ်မှာ မဟာနော်ရထာဦးစီးတဲ့ မြန်မာတပ်မတော်ဟာ နေပြည်တော်ကနေ ထားဝယ်စစ်ကြောင်း ချီခဲ့တယ်။ ထားဝယ်ရောက်တဲ့အခါ ရွှေတောင်စားတပ်တွေ မြိတ်မြို့ကို ထွက်ခွာသွားပြီ ဖြစ်တယ်။ ဒါ့ကြောင့် မြိတ်မြို့ရှိ ယိုးဒယားဘုရင်ခံထံ ရွှေတောင်စားကိုအပ်ဖို့ တောင်းဆိုလိုက်တယ်။ မြိတ်ဘုရင်ခံ ငြင်းဆန်တာကြောင့် (၁၇၆၄) ဒီဇင်ဘာအတွင်း တိုက်လေ့ (၆၀) နဲ့ ထားဝယ်ကနေ မြိတ်သို့ ချီလေတယ်။ အဲဒီအချိန်မှာ ရွှေတောင်စားဟာ လှေတစ်စင်းနဲ့ ယိုးဒယားနယ်ထဲ ထွက်ပြေးလွှန်မြောက်သွားတယ်။ ယိုးဒယားတို့က ရွှေတောင်စားကို ချွန်ဗူရီမြို့မှာ ထိန်းသိမ်းထားတယ်။

အနော်ရထာနဲ့တပ်များ ယိုးဒယားနိုင်ငံတွင်းဝင်တိုက်ကာ အောင်ပွဲခံခဲ့တယ်။ ဆင်ဖြူရှင်က အယုဒ္ဓယမြို့တော်ထိ ချီတက်တိုက်ခိုက်ဖို့ အမိန့်ထုတ်ခဲ့တယ်။ ထို့ကြောင့် ဇင်းမယ်ကြောင်းချီ နေမျိုးသီဟပတေ့တပ်များက မြောက်ဘက်မှလည်းကောင်း၊ မဟာနော်ရထာတပ်တွေက တောင်ဘက်ကြောင်းကလည်းကောင်း၊ အယုဒ္ဓယမြို့တော်သို့ ချဉ်းကပ်ခဲ့ကြတယ်။ ထိုအတွင်း ဗိုလ်ချုပ်မဟာနော်ရထာ နာမကျန်းဖြစ် ကွယ်လွန်သွားတာကြောင့် စစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြောင်းလုံးကို နေမျိုးသီဟပတေ့ကပဲ ဦးစီးပြီး (၁၇၆၆) ခုနှစ်မှာ အယုဒ္ဓယကို ဝိုင်းထားလိုက်တယ်။ တစ်နှစ်နဲ့သုံးလအကြာ (၁၇၆၇) ခုမှာ အပြီးသတ်ချေမှုန်းတိုက်ခိုက်နိုင်ခဲ့တယ်။

၁၇၅၉ ခုနှစ်ဦးပိုင်းလောက်က မဏိပူရကသည်းပြည်ကို အလောင်းမင်းတရားကြီး တိုက်ခိုက်သိမ်းယူခဲ့တယ်။ မကြာခင် ကသည်းတို့ မြို့ပြထီးနန်းအသစ်တည်ပြီး အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ အားကိုးပြုကာ မြန်မာနိုင်ငံ အစွန်အဖျားမြို့ရွာတွေကို နှောင့်ယှက်လာတယ်။ ဒါ့ကြောင့် (၁၇၆၄) ခုမှာ ကသည်းပြည်ကို ဆင်ဖြူရှင်မင်းကိုယ်တိုင် မဏိပူရကို ကိုယ်တိုင်ချီတက်တိုက်ခိုက်တော်မူတယ်။ ကသည်းစော်ဘွား ထွက်ပြေးလေတယ်။ ကသည်းကို အောင်တဲ့အခါ တစ်မြို့လုံး ယောကျ်ား မိန်းမ သိမ်းကျုံးခေါ်ဆောင်ကာ နေပြည်တော် ပြန်ခဲ့တယ်။

ဆင်ဖြူရှင်မင်းဟာ (၁၇၆၄) မှာ အင်းဝမြို့ဟောင်းကို ပြန်မွမ်းမံပြီး (၁၇၆၆) မှာ မြို့တော်ကို သိမ်းပိုက်စိုးစံလေတယ်။ ဆင်ဖြူရှင်လက်ထက် မန်ချူးတရုတ်တို့နဲ့ စစ် လေးကြိမ် ဖြစ်ပွားခဲ့တယ်။ (၁၇၆၅) မှာ ကျိုင်းတုံကို ကျူးကျော်ဝင်ရောက်လာတဲ့ မန်ချူးတရုတ်တပ်ကို မြန်မာတပ်က ရှုပ်ရှုပ်ချွံချွံ တိုက်ထုတ်ခဲ့တယ်။ (၁၇၆၆) မှာ တစ်ကြိမ်။ (၁၇၆၇) မှာ တစ်ကြိမ်၊ (၁၇၆၉) မှာ တစ်ကြိမ်၊ ပေါင်း လေးကြိမ်လုံး မန်ချူးတရုတ်တပ် ရှုံးနိမ့်လေတယ်။ နောက်ဆုံးတိုက်ပွဲမှာ တရုတ်တို့က စစ်ပြေငြိမ်းဖို့ ကမ်းလှမ်းခဲ့တယ်။ ကောင်းတုံမြို့မှာ စစ်ပြေငြိမ်းကြောင်း စာချုပ်လက်မှတ် ရေးထိုးခဲ့ကြတယ်။

(၁၇၇၄) ခုနှစ်မှာ ဆင်ဖြူရှင်မင်းတရား ရန်ကုန်ကိုစုန်ပြီး ရွှေတိဂုံစေတီကို ထီးတော်တင်လှူလေတယ်။ ရန်ကုန်မှာ ဟံသာဝတီမင်းဟောင်း ဗညားဒလကို မွန်လူမျိုးတို့ပုန်ကန်ရာ ကြံရာပါတဲ့အတွက် ညီဥပရာဇာနဲ့ တကွ ကွပ်မျက်တော်မူတယ်။ ဆင်ဖြူရှင်မင်းတရားလက်ထက် လက်ဝဲသုန္ဒရကို မဲဇာပို့ခဲ့တယ်။ "မဲဇာတောင်ခြေ" ရတုပိုဒ်စုံ ရေးသားဆက်သွင်းတာကြောင့် အမျက်ပြေကာ ပြန်ခေါ်ခဲ့တယ်။

ဆင်ဖြူမင်းတရားဟာ (၁၇၇၆) ခု အသက် (၄၀) မှာ ကံကုန်တော်မူတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## စဥ့်ကူးမင်းနှင့် ဖောင်းကားစားမောင်မောင်

ကလေးတို့ရေ…

ဆင်ဖြူရှင်လက်ထက် သားတော်စဥ့်ကူးမင်းကို နန်းလျှာခန့်အပ်ခဲ့တာဟာ အလောင်းမင်းတရားရဲ့ အစဉ်အလာကို ဆန့်ကျင်ခဲ့တာပါပဲ။ "ငါ့သားတော်များ အစဉ်အတိုင်း မင်းပြုရမယ်" လို့ အလောင်းမင်း မိန့်ခဲ့တယ်။ အမိန့်အရ အစဉ်အတိုင်းဆိုရင် ဆင်ဖြူရှင်ကံကုန်ရင် ညီတော်အမြင့်မင်းသားမောင်ပိုး နန်းတက်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ ဆင်ဖြူရှင်လက်ထက် သားတော် စဥ့်ကူးမင်းသားကို နန်းလျှာထားခဲ့တာကြောင့် ဆင်ဖြူရှင်ကံကုန်တာနဲ့ စဥ့်ကူးမင်း နန်းတက်လေတယ်။ အစဉ်အလာကို ဆန့်ကျင်ကာ မင်းဖြစ်လာတာကြောင့် စဥ့်ကူးမင်းလက်ထက်မှာ ထီးနန်းအတွက် ကြံစည်မှု အရှုပ်အ ,ထွေးပေါ်ပေါက်လာခဲ့တယ်။

စဥ့်ကူးမင်းဟာ (၁၇၇၆) ခုနှစ်မှာ နန်းတက်ခဲ့တယ်။ မင်းဖြစ်တာနဲ့ ယိုးဒယားချီတပ်တွေကို ပြန်ခေါ်တယ်။ သူမင်းသားဘဝ ရွှေနားတော်သွင်း ချေင်းရေးသားဆက်သွင်းတဲ့ ဆရာလည်းဖြစ်တဲ့ ဦးဖျော်ကို "မင်းရဲရာဇာ" ဘွဲ့နဲ့ ပလိပ်ရွာကို စားစေတယ်။

စဥ့်ကူးမင်းဟာ အစဉ်အလာ ဆန့်ကျင်မင်းဖြစ်လာတာမို့ သူစိတ်မချတဲ့ အစဉ်အလာရှိသူတွေကို အရေးမပေးဘဲ နှိမ်ထားလေတယ်။ အစဉ်အလာအရ မင်းဖြစ်ရမယ့် ဘထွေးတော် အမြင့်ဦးပိုးဟာ စဥ့်ကူးမင်းကို ပုန်ကန်ခဲ့တယ်။ ဒါ့ကြောင့် မသင့်တဲ့အကြံ ကြံတယ်ဆိုပြီး ဦးပိုးနဲ့ကြံရာပါတွေကို ကွပ်မျက်

www.burmeseclassic.com

www.burmeseclassic.com



လေတယ်။ အရည်အချင်းရှိတဲ့ ဝန်ကြီးမဟာသီဟသူရကိုလည်း ဝန်ကြီးအရာကချပြီး စစ်ကိုင်းတွင်ထားလေတယ်။ ဘထွေးတော် ဗဒုံမင်းကိုလည်း စစ်ကိုင်းမှာပို့ထားလေတယ်။ ဘထွေးတော်ပခန်းမင်းကို ပင်းယမှာ နေစေတယ်။ ဘထွေးတော် ပင်းတလဲမင်းကို ရွာသစ်ကြီးမှာ နေစေတယ်။ ဘကြီးတော် (နောင်တော်ကြီးမင်းရဲ့သား) မောင်မောင်ကိုလည်း ဖောင်းကားရွာကို ပို့ထားလေတယ်။ ဗဒုံမင်းသားဟာ စစ်ကိုင်းမှာ ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ရတယ်။

စဉ့်ကူးမင်းလက်ထက်မှာ သဿမေခွန်၊ ဈေးပွဲ၊ ကင်းကူးတို့ခွန်စတဲ့ အကောက်ခွန်မှန်သမျှ လွတ်ငြိမ်းခွင့်ပြုခဲ့တယ်။ ဘုံသာဝေယံလို ငါးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ပြီး သာသနာထွန်းကားရေးကို အားပေးခဲ့တယ်။ ကြေးပိဿချိန် (၁၅၅၅၅) ရှိတဲ့ ခေါင်းလောင်းကြီး ပြုလုပ်ကာ ရွှေတိဂုံစေတီတော်မှာ လှူလေတယ်။ ရဟန်းတော်များ အတင်းအရုံကွဲမှုကိုလည်း စိစစ်ကာ အရုံဂိုဏ်းကို ခွင့်ပြုခဲ့တယ်။ သို့သော် စဉ့်ကူးမင်း နန်းတက်ပြီး လေးနှစ်အကြာမှာ မြေနန်းတော်က ပေါ်တူဂီလူမျိုး အမြောက်အမှုထမ်းတွေနဲ့ပေါင်းကာ အရက်သေစာ သောက်စားမူးယစ်နေလေတယ်။

စဉ့်ကူးမင်းရဲ့ ဝေလ္လဝါသနာတစ်ခုက မကြာခဏ ဘုရားဖူးထွက်ခြင်းဖြစ်တယ်။ (၁၇၈၁) ခုမှာ ပင်းယ ရွှေစည်းခုံပြိုကျပျက်စီးနေတာကို အသစ်ပြန်လည် တည်လုပ်ခဲ့တယ်။ စဉ့်ကူးမင်းကိုယ်တိုင် မြောက်ဘက်၌ ယာယီနန်းဆောက်စေကာ စံနေခဲ့တယ်။ ဗိုလ်လူအများ အုတ်ဟောင်းတို့ကို သယ်ယူရှင်းလင်းနေစဉ်မှာ စဉ့်ကူးမင်းဟာ သောက်စားမူးယစ်နေလေတယ်။

(၁၇၈၂) ခုမှာ စဉ့်ကူးမင်းနဲ့ ဘုရားဖူးအဖွဲ့ဟာ ပင်းယကနေ နေပြည်တော်ပြန်ရောက်လေတယ်။ စဉ့်ကူးမင်းဟာ နန်းတွင်းမဝင်သေးဘဲ မြောက်ဘက်မာန်အောင်တံခါးရှိ ရေနန်းတော်၌စံပြီး အဲဒီကမှတစ်ဆင့် အညာသီဟတောဘုရားသို့ ဘုရားဖူးပြန်ထွက်ကြွလေတယ်။

စဉ့်ကူးမင်းရဲ့ဝေလ္လစရိုက်ကို သိထားတဲ့ ဖောင်းကားစားမောင်မောင်ဟာ ဖောင်းကားရွာက ဂါမဏိဦးကြာအဖွဲ့နဲ့ ပူးပေါင်းပြီး အဲဒီနှစ်မှာပဲ မာန်အောင်တံခါးကနေ ညဉ့်အချိန် စဉ့်ကူးမင်းဟန်ဆောင်ကာ ဝင်ရောက်ပြီး နန်းသိမ်းပိုက်လေတယ်။ မှူးမတ်တို့ကိုလည်း ခြိမ်းခြောက်ကာ သစ္စာပေးစေလေတယ်။ ဝန်ကြီးဟောင်း မဟာသီဟသူရကို ပြန်ခေါ်ကာ အုပ်ချုပ်စေလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကားစားမောင်မောင် အင်းဝထီးနန်းကို အလိုတော်ပြည့်တဲ့အခါ ဘထွေးတော် ဗဒုံမင်း၊ ပခန်းမင်း၊ ပင်းတလဲမင်း၊ စည်သာမင်းတို့ကို အင်းဝ အိမ်တော်ဟောင်းများမှာ ပြန်ပြောင်းနေစေတယ်။ နောက်တစ်ဖန် ဘထွေးတော် တို့ကို စိတ်မချနိုင်တာနဲ့ ဘထွေးတော်၊ အကြီးတော်များကို ချုပ်ထားပြီး အမှုထမ်းတွေကို တောင်းလေတယ်။ အဲဒီအခါ ဗဒုံမင်းဟာ ညီတော်သားတော် တို့နဲ့ တိုင်ပင်ပြီး ဖောင်းကားစား အကောက်ကြံမှာ စိတ်မချတာနဲ့ ရုတ်တရက် လူသူစုရုံးပြီး ခရစ်နှစ် (၁၇၈၁) ခုမှာ နန်းတော်ကို ဝင်စီးကာ တိုက်ခိုက်လေ တယ်။ ဖောင်းကားစားကိုမိကာ ကွပ်မျက်လေတယ်။ ဖောင်းကားစား (၇) ရက်မျှ နန်းစံလိုက်ရလေတယ်။

အညာသီဟတောမှာရှိတဲ့ စဥ့်ကူးမင်းလည်း ဖောင်းကားစား အင်းဝ ထီးနန်းစီးမိကြောင်းကြားတဲ့အခါ တပ်တော်များစေလွှတ်ကာ လုပ်ကြံစေတယ်။ ဒါပေမဲ့ အရေးရှုံးနိမ့်လေတယ်။ ဗိုလ်မှူး၊ တပ်မှူးတို့ကလည်း စဥ့်ကူးမင်းကို စွန့်ခွာသွားကြတယ်။ ဒါ့ကြောင့် စဥ့်ကူးမင်းဟာ ပါသမျှအခြွေအရံနဲ့ ဧရာ ဝတီမြစ်ကို စုန်ခဲ့တယ်။ အင်းဝမြို့ကိုရောက်တဲ့အခါ ဗဒုံမင်း (ဘိုးတော် ဘုရား) က ထုံးစံနဲ့အညီ စီရင်လေတယ်။ သေသောက်ကြူးခြင်းရဲ့ရလာဒ်ဟာ အသက်ဆုံးရှုံးရခြင်းပဲ ဖြစ်တယ်ဆိုတာ မြန်မာရာဇဝင်မှာ တပင်ရွှေထီးနဲ့ စဥ့်ကူးမင်းတို့က သင်ခန်းစာပေးခဲ့တာပါပဲ။ စဥ့်ကူးမင်း ထီးနန်း ငါးနှစ်စံ ပြီး အသက် (၂၆) နှစ် ခရစ်နှစ် (၁၇၈၂) မှာ ကံကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်း

ကလေးတို့ရေ…

ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်းဟာ အလောင်းမင်းတရားကြီးနဲ့ မိဖုရားခင်ယွန်းစံတို့ရဲ့ စတုတ္ထမြောက်သားတော် ဖြစ်တယ်။ ၁၇၄၅ ခုနှစ် အင်းဝကို မွန်တပ်တွေ ဝိုင်းရံထားစဉ် မွေးတာမို့ ငဝိုင်းမောင်ဝိုင်းလို့ ခေါ်တယ်။ ဒါ့ကြောင့် ဘိုးတော်ဦးဝိုင်းလို့လည်း ခေါ်ကြတယ်။ ခရစ်နှစ် (၁၇၈၂) ခုမှာ တူတော် စဉ့်ကူးမင်းနဲ့ ဖောင်းကားစားမောင်မောင်တို့ကို လုပ်ကြံပြီး နန်းတက်တော်မူတယ်။

ဗဒုံမင်းနန်းတက်စမှာ ထီးနန်းအန္တရာယ်ကြောင့် မင်းဆွေစိုးမျိုး၊ မှူးမတ်၊ အမှုထမ်းတချို့ကို ကွပ်မျက်တော်မူရတယ်။ ဝန်ကြီးမဟာသီဟသူရကို မရှုတ်မချ ဝန်ကြီးအရာနဲ့ သူကောင်းပြုပေမယ့် မကြာမြင့်မီ ညီတော်စည်သာ မင်းသားနဲ့ပေါင်းပြီး မသင့်တဲ့အကြံအစည် ကြံစည်တာကြောင့် ကြံရာပါတို့နဲ့ အတူ စီရင်ခြင်းခံရလေတယ်။

ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်းသား မြောက်နန်းမိဖုရား ဒေါ်လွန်းသူက မွားတဲ့သားတော်အကြီး သတိုးမင်္ဂလာစော (ခေါ်) ဦးကို အိမ်ရှေ့အရာထားတာနဲ့ ထုံးစံနဲ့အညီ စီရင်လေတယ်။ ကျန်တဲ့ ညီတော်ပုခန်းမင်းကတော့ ဗဒုံမင်းကြီး မင်းကွန်းမျာ စံတော်မူစဉ် ကံကုန်လေတယ်။ သတိုးမင်္ဂလာစော (ခေါ်) ဦးပေါ်ဟာ ဖခင်ဗဒုံမင်းစိုးစံစဉ် (၁၈၀၉) ခုမှာ ကွယ်လွန်ခဲ့တယ်။ ဒါ့ကြောင့် ဦးပေါ် ကွယ်လွန်တဲ့အခါ ပထမအိမ်ရှေ့မိဖုရား ဒေါ်ကေက ဖွားမြင်တဲ့ မြေးတော်စစ်ကိုင်းမင်းသား ဦးစိန်ကို (၁၈၀၉) ခုနှစ်မှာ အိမ်ရှေ့အရာ ထားလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်းကားစား မောင်မောင်ကို နန်းချပြီး ကုန်းဘောင်ထီးနန်းကို ယူခဲ့တဲ့ ဗဒုံမင်းအပေါ် ဖောင်းကားရွာသားအချို့ကလည်း မကျေနပ်လေဘူး။ ဒါကြောင့် မင်းမြတ်ဖုန်း ပုန်ကန်မှုမှာ ဖောင်းကားရွာသားတွေ ကူညီခဲ့တယ်။ မင်းမြတ်ဖုန်းဟာ မိုင်းခိုင်းမြို့ ဇာတိဖြစ်တယ်။ ဟံသာဝတီရောက် မင်းရဲ့သား ဖြစ်တယ်လို့ လုပ်ကြံပြောဆိုကာ နန်းတွင်းထိ ဝင်ရောက်သောင်းကျန်းခဲ့တယ်။ ဗဒုံမင်းဟာ ငဖုန်းရဲ့သောင်းကျန်းမှုကို ကောင်းစွာနှိမ်နင်းနိုင်ခဲ့တယ်။ ဖောင်း ကားရွာသား (၁၁၈) ဦးကိုတော့ အပြစ်မှခွင့်လွှတ်ကာ အောင်မြေ လောကစေတီမှာ အရန်အစောင့်အဖြစ် လှူဒါန်းခဲ့တယ်။

ဗဒုံမင်းဟာ ခရစ်နှစ် (၁၇၈၃) ခုမှာလည်း စလေမြို့စား အင်းမကြီးစား တို့ကို ရာထူးမှထုတ်ပယ် အကျဉ်းချထားကာ အင်းယဉ်သိခ်ကျော်ခေါင်ပျံ ချီ၊ ယက္ခရဲတို့ကို ကွပ်မျက်ခဲ့တယ်။

ဗဒုံမင်းဟာ ခရစ်နှစ် (၁၇၈၂) မှာ မြစ်ငယ်မြစ်ရဲ့ မြောက်ဘက် ထီးပေါင်းကားအရပ်မှာ အမရပူရမြို့တော်သစ်ကို တည်ဆောက်ခဲ့တယ်။ မြို့တော်တည်ဆောက်ပြီး စီးပါက ပိဋကတ်တော်တို့ကို တိုးရပ်ရွှေဖောင်နဲ့ တင်ကာ မင်းအို၊ မာန်လည်၊ ဆုံတားမင်းရွာဆရာတော်တို့ လိုက်ပါသီးတင်း သုံးကာ ဦးစွာပို့ဆောင်စေခဲ့တယ်။ (၁၇၈၃) ခုမှာ ဗဒုံမင်းနဲ့ မိဖုရားခေါင်တို့ နန်းသိမ်းပွဲ ကျင်းပခဲ့လေတယ်။

ဗဒုံမင်းဟာ မန္တလေးအရှေ့ဘက် အောင်ပင်လယ်ကန်နဲ့ မြောက်ဘက်ရှိ မောင်းမကန် (ခေါ်) နန္ဒာကန်ကိုလည်း ပြုပြင်တော်မူတယ်။ မိတ္ထီလာကန်ကို လည်း အသစ်ဆည်ဖို့တော်မူတယ်။ ထို့ပြင် မြို့ရွာနယ်ပယ်၊ လူနေအိမ်ခြေ၊ ထွက်ရှိတဲ့အသီးအနှံ၊ အရောင်းအဝယ် အခွန်အကောက်နှုန်း စသည်တို့ကို စစ်တမ်းထုတ်ပြီး ပေ၊ ပုရပိုက်မှာ ရေးမှတ်စေတယ်။ အိမ်ခြေ (၂၅) အိမ်လျှင် တစ်တိုင် စည်းကြပ်စုဖွဲ့တော်မူတယ်။ ရောင်းဝယ်မှုကိုလည်း စည်းကြပ်စီမံ လေတယ်။ နိုင်ငံတွင်း ကျွန်းသစ်တို့ကို သဘော်တည်လုပ်ခွင့်ပေးတယ်။ ရွှေငွေရတနာတို့ကိုကား နိုင်ငံပြင်ပသို့ ယူဆောင်ခွင့်မပြု။

ဗဒုံမင်းတရားဟာ စစ်ကိုင်းအိမ်တော်ရာမှာ အောင်မြေလောကစေတီ တော်၊ မြစ်ရဲ့အနောက်ဘက်မှာ မင်းကွန်းစေတီတော်နဲ့ ခေါင်းလောင်းတော်ကြီး စသည်တို့ကို တည်ထား၊ သွန်းလုပ်တော်မူတယ်။ စေတီတော်ကြီးကား

www.burmeseclassic.com

www.burmeseclassic.com



မပြီးလေ။ မြို့ပေါင်း (၅၆) မြို့သို့ တစ်မြို့လျှင် ပိဋကတ်တော် တစ်စုံနဲ့ သံဃာ ငါးပါး စေလွှတ်တော်မူတယ်။ သီဟိုဠ်သံဃာများနှင့် အမတ်ကြီး ရောက်လာလျှောက်ထားတာကြောင့် ရဟန်းတော်များ ပိဋကတ် စာပေများ ပို့တော်မူတယ်။

မင်းတရားကြီးဟာ အရပ်ရပ်ကျောက်စာဟောင်းများကိုလည်း စု ဆောင်းအသစ်ပြင်ဆင် စိုက်ထူလေတယ်။ အနောက်အိန္ဒိယ မဇ္ဈိမဒေသသို့လည်း မှူးမတ်တို့ကို အကြိမ်ကြိမ်စေလွှတ်ကာ လောကီ၊ လောကုတ္တရာကျမ်းစာ၊ ဆေး၊ ဗေဒင်၊ ဓာတ်ကျမ်းစသည်ဖြင့် ဘင်္ဂလီ၊ နာဂရီ ဘာသာကျမ်းပေါင်း (၁၀၀) ကျော်ကို ရှာဖွေစုဆောင်းပြီး ပါဠိဘာသာ၊ မြန်မာဘာသာပြန်ဆိုစေ တယ်။ ဗောဓိပင်ပွား နှစ်ပင်ကိုလည်း ပင့်ဆောင်ခဲ့တယ်။

ခရစ်နှစ် (၁၇၈၄) ခုမှာ ရခိုင်ပြည်ကို သိမ်းမည်ဟု သားတော်မဟာ ဥပရာဇာကို ကြီးမှူးပြီး ချီစေတယ်။ စစ်ကြောင်း လေးကြောင်း ဖြန့်ချီလေ တယ်။ စစ်ကြောင်းတိုင်းမှာ ရခိုင်တို့ အပြင်းအထန် ခုခံတိုက်ခိုက်ကြတယ်။ မနိုင်တာကြောင့် မြန်မာတပ်တွေက ပထမဦးစွာ သံတွဲနဲ့ တောင်စဉ် (၇) ခရိုင်ကို သိမ်းလေတယ်။ နောက်ရခိုင်တစ်ပြည်လုံး မင်းနဲ့တကွ ရလေတယ်။ မင်းကြီးမင်းခေါင်ကျော်ကို အင်အားတစ်သောင်းကျော်နဲ့ အအုပ်အချုပ် ခန့် ထားခဲ့တယ်။ ရခိုင်ဘုရင်နဲ့တကွ မင်းဆွေစိုးမျိုး၊ မှူးမတ်ပညာသည်များ အမြောက်ကြီးများ၊ ခဲယမ်း၊ မီးကျောက်များ၊ ယိုးဒယားလုပ်ကြေးရုပ် (၃၀) ကျော် အပြင် ရခိုင်ဘုရင် အဆက်ဆက် ကိုးကွယ်တဲ့ မဟာမြတ်မုနိရုပ်ပွားတော် ကိုလည်း ပင့်ဆောင်ခဲ့တယ်။ အမရပူရ မြောက်ဘက်မှာ ရွှေပြာသာဒ်နဲ့ တည်ထားကိုးကွယ်လေတယ်။

ခရစ်နှစ် (၁၇၈၅) ခုမှာ ယိုးဒယားသို့ မြိတ်တစ်ကြောင်း၊ ထားဝယ် တစ်ကြောင်း၊ ဇင်းမယ်တစ်ကြောင်း၊ အထ္ထရုံမြစ်ကိုဖြတ်ပြီး ထားရိုက် ဘုရားသုံးဆူတစ်ကြောင်း ကိုယ်တော်တိုင်အုပ်ချုပ် ချီတော်မူတယ်။ မျိုးရိက္ခာ အစီအစဉ်ညံ့တာနဲ့ တပ်မှူးစကားမနာယူဘဲ အလျင်လုပ်ဆောင်တာကြောင့် အရေးမလှဘဲ ပြန်ခဲ့ရတယ်။

(၁၇၈၆) မှာ ယိုးဒယားကို နောက်တစ်ကြိမ် ချီလေတယ်။ ယိုးဒယား ဆီးကြိုတိုက်တာကြောင့် ဆုတ်ခဲ့ရတယ်။ (၁၇၈၇) ခုမှာ တစ်ကြိမ် တပ်ချီ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆုတ်ခဲ့ရပြန်တယ်။ (၁၇၉၁) ခုနဲ့ (၁၇၉၂) ခုနှစ်များမှာ ထားဝယ် ဝန် နေမျိုးကျော်ထင် ယိုးဒယားသို့ ဝင်လေသဖြင့် အိမ်ရှေ့မင်းကို အုပ်ချုပ်စေကာ ချီစေပြန်တယ်။ ထားဝယ်နဲ့ မြိတ်မြို့မှာ ယိုးဒယားမင်းတပ်နဲ့ ရင်ဆိုင် တိုက်ကြတယ်။ ယိုးဒယားတို့ ဆုတ်ခွာရလေတယ်။ ဒါကြောင့် အရှေ့ဘက်မြို့ ကျေးရွာတို့ကို စည်းကြပ်စီရင်ပြီးမှ ပြန်ခဲ့ကြတယ်။ ၁၇၉၅ ခုမှာ အဖွဲ့ဝင် (၇၀) ကျော်ပါတဲ့ မိုက်ကယ်ဆိုင်းသံအဖွဲ့ ရန်ကုန်မြို့ကို လာခဲ့တယ်။ ကုန်သွယ်ရေးကိစ္စများ ဆွေးနွေးကြလေတယ်။ (၁၇၉၇) ခုမှာ ယိုးဒယားသို့ တစ်ကြိမ်ချီလေတယ်။ ဇင်းမယ်ကကူတာကြောင့် အရေးမလှခဲ့။ ဇင်းမယ်ကိုလည်း လက်လွှတ်ခဲ့ရတယ်။

မဏိပူရကသည်းစော်ဘွား နှစ်ဦး မသင့်တဲ့ အရေးလည်း ဗဒုံမင်း ဖြေရှင်းပေးတော်မူတယ်။ (၁၈၁၃) ခုနှစ်မှာ မဏိပူရကသည်းကို ချီစေပြီး ရူပရာဇာကို နန်းတင်ပေးခဲ့တယ်။ မဟာရာဇာ ကိုယ်လွတ်ပြေးလေတယ်။

အာသံပြည်အရေးလည်း ခြေတော်ရင်း လာလျှောက်တာကြောင့် ဗဒုံမင်း ပြီးပြေအောင် ဖြေရှင်းပေးတော်မူတယ်။ တရုတ်ပြည်နဲ့လည်း သံအဆက်သွယ် ရှိလေတယ်။ ဗဒုံမင်းရခိုင်ကိုသိမ်းတဲ့အခါ စစ်တကောင်းနယ်ဟာ အင်္ဂလိပ်လက်အောက်ရောက်နေတာကြောင့် နယ်ပယ်အရေးနဲ့ ပတ်သက်ပြီး အင်္ဂလိပ်နဲ့ အဆက်ဆံရှိလာတယ်။ ရခိုင်သားတို့ ထကြွလို့ နှိမ်နင်းရာ စစ်တကောင်းနယ်ဝင်ပြေးတာကြောင့် လိုက်ဖမ်းရင်း အင်္ဂလိပ်နဲ့ မသင့်မတင့် ဖြစ်ကြရတယ်။

(၁၈၁၃) ခုနှစ်မှာ အမေရိကန်လူမျိုး ဆရာယုဒသန်နဲ့ဇနီး မြန်မာနိုင်ငံသို့ သာသနာပြုရောက်လာတယ်။ ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက် မင်းလက်ဝဲသုန္ဒရ၊ တွင်းသင်းမင်းကြီး မဟာစည်သူ၊ ရွှေတိုက်စိုး ဦးတိုး၊ အမတ်ကြီးမဟာမင်္ဂလာမွေသကြိ၊ ပြင်စည်မင်းသား၊ ဒုတိယနဝဒေး၊ အမတ်ကြီး ဦးပေါ်ဦး၊ သာချင်းဦးအောင်ဖြိုး၊ မယ်ခွေ၊ မင်းဘူးဦးသြဘာသစတဲ့ ကျမ်းပြု၊ ပညာရှိစာဆိုတို့ ပေါ်များလေတယ်။ ဘိုးတော်ဘုရားကား ခရစ်နှစ် (၁၈၁၉) ခုနှစ်၊ အသက် (၇၄) နှစ်အရွယ်တွင် အနိစ္စရောက်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဘကြီးတော် (ခေါ်) စစ်ကိုင်းမင်း

ကလေးတို့ရေ…

စစ်ကိုင်းမင်းဟာ ဘိုးတော်ဘုရားရဲ့ မြေးဖြစ်တယ်။ အိမ်ရှေ့မင်းသား ဦးပေါ်နဲ့ မိဖုရားသီရိမဟာတိလောကရတနာဒေဝီ (ဒေါ်ကေ) တို့က (၁၇၈၄) ခုနှစ်မှာ ဖွားမြင်ခဲ့တယ်။ မွေးချင်း ခြောက်ဦးမှာ အကြီးဆုံးဖြစ်တယ်။

စစ်ကိုင်းမင်းသားဟာ ပန်းချီ၊ ပန်းပု စသည်တို့ကို ဝါသနာပါပြီး ကိုယ်တိုင်တတ်ကျွမ်းသူ ဖြစ်တယ်။ အသက် (၂၅) နှစ်မှာ အိမ်ရှေ့အရာရပြီး (၃၅) နှစ်အရွယ်မှာ ဘုရင်ဖြစ်လေတယ်။ စစ်ကိုင်းမင်းရဲ့ မိဖုရားခေါင်ဟာ နန်းမတော်မယ်နု ဖြစ်တယ်။ ထင်ရှားတဲ့ သားသမီးတွေကတော့ ကျောက်ဆောက်မင်းသမီး၊ ဆင်ဖြူမင်းရှင်၊ ညောင်ရမ်းမင်းသား၊ မကွေးမင်းသမီးတို့ ဖြစ်ကြတယ်။

စစ်ကိုင်းမင်းလက်ထက်မှာ နန်းမတော်မယ်နုရဲ့အစ်ကို စလင်းမြို့စား ဦးအိုဟာ လွှတ်တက်မင်းသားကြီးရာထူး ရယူထားပြီး အိမ်ရှေ့မင်းအရာရဖို့ ကြိုးစားခဲ့တယ်။ တစ်ချိန်တည်းမှာ စစ်ကိုင်းမင်းရဲ့ညီ သာယာဝတီမင်းသားဟာ လွှတ်တက်မင်းသားကြီးအဆင့် ရရှိခဲ့ပြီး စလင်းမင်းသားကြီးအုပ်စုနဲ့ အင်အား ပြိုင်ခဲ့ကြတယ်။ နောက်ဆုံးမှာ သာယာဝတီမင်းသားဟာ ရွှေဘိုသို့ ထွက်ခွာပြီး လူသူအင်အား စုရုံးကာ စစ်ကိုင်းမင်းနဲ့ မိဖုရားခေါင်တို့ကိုသာမက စလင်းမင်းသားကြီး ဦးအိုကိုပါ ရာထူးက ဖယ်ရှားပစ်ခဲ့တယ်။

စစ်ကိုင်းမင်းနန်းတက်ချိန်မှာ ဗဒုံမင်းရဲ့သားတော်များဖြစ်တဲ့ တောင်ငူမင်းသားနဲ့ ပြည်မင်းသားတို့ ပုန်ကန်မှု စတင်ခဲ့တယ်။ စစ်ကိုင်းမင်းဟာ ဘထွေးတော်များ ပုန်ကန်မှုကို စစ်ဆေးရာမှ အကြီးတော်များကတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရတယ်။ အထူးသဖြင့် တောင်ငူမင်းသားကြီး ပုန်ကန်မှုမှာ ယခင်ကတစ်ကြိမ် ကျူးလွန် ဖူးတာမို့ စီရင်ကွပ်မျက်ခဲ့လေတယ်။ ဘထွေးတော် ပြည်မင်းသားဟာ တစ်ကြိမ်တစ်ခါမို့ စစ်ကိုင်းမင်းက အပြစ်လွှတ်ခဲ့တယ်။

စစ်ကိုင်းမင်းနန်းတက်တဲ့အခါ မြန်မာဘုရင်နန်းတင်ပေးခဲ့တဲ့ မဏိပူရစော်ဘွားဇူပရာဇာ ပဏ္ဏာမဆက်၊ သစ္စာခံယူခြင်းမရှိ။ စုံစမ်းစေရာ ကဘော်ချိုင့်ဝှမ်း မြန်မာဘုရင်ပိုင် သစ်ဝါးတို့ကို မဏိပူရသို့ ထုတ်ရောင်းချကြောင်း သိရတာကြောင့် မဏိပူရကို သိမ်းယူဖို့ စစ်ကိုင်းမင်းဟာ တပ်များကို စေလွှတ် ချီတက်စေတယ်။

တပ်ပေါင်းငါးတပ်ပါဝင်တဲ့ မြန်မာဘုရင့်တပ်ဟာ မဏိပူရသို့ စစ်ချီခဲ့တယ်။ ဇူပရာဇာကလည်း မြန်မာတပ်ကို ခုခံဖို့ ကက်စိန်ဒေသမှာ ခံကတုတ်များ အခိုင်အမာ စီမံထားတယ်။ မင်းကြီးမဟာဗန္ဓုလကိုယ်တိုင် ကွပ်ကဲတိုက်ခိုက်ရတဲ့ ကက်စိန်တောင်တိုက်ပွဲဟာ ပြင်းထန်လှတယ်။ အကျအဆုံးလည်းများတယ်။ စော်ဘွားဇူပရာဇာနဲ့ မဏိပူရစစ်သည်တို့ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ကြပေမယ့် အရေးနိမ့်ကာ တောတွင်းဒေသ ကိုယ်လွတ်ပြေးရလေတယ်။ မဏိပူရကို မြန်မာတို့သိမ်းပိုက်နိုင်ခဲ့တယ်။

စစ်ကိုင်းမင်းဟာ အင်းဝမြို့တော်သစ်ကို နှစ်နှစ်ကြာတည်ပြီး (၁၈၂၄) ခုနှစ်မှာ မြို့သိမ်းသဘင် ကျင်းပခဲ့တယ်။ အင်းဝကို သတိုးမင်းများနောက် ညောင်ရမ်းမင်း၊ တတိယအကြိမ် မြေဒူးမင်း၊ စစ်ကိုင်းမင်းက စတုတ္ထ အကြိမ် တည်ထောင်သူဖြစ်တယ်။

အာသံမှာ မြန်မာတို့နန်းတင်ထားတဲ့ စန္ဒရကန္တရှိန်ဟာအင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီရဲ့ သွေးထိုးမှုကြောင့် ဗြိတိသျှတို့ထံက လက်နက်များဝယ်ယူကာ မြန်မာဘုရင်ကို ပုန်ကန်ဖို့ ပြင်ခဲ့တယ်။ အင်္ဂလိပ်တို့ဟာ အိန္ဒိယကြေးစား စစ်ဗာရီတွေကို စေလွှတ်ပေးရုံမက၊ အာသံပြည် ဖူးရဟတ်မြို့အနီး၌ပင် တပ်များ အခိုင်အမာ ချထားပေးလေတယ်။

မြန်မာမြို့စောင့်တပ်မှူး ရွှေတောင်လက်ဝဲကျော် သတင်းပို့တဲ့အခါ စစ်ကိုင်းမင်းက အာသံကို ချီတက်တိုက်ခိုက်ဖို့ အမိန့်ပေးခဲ့တယ်။ (၁၈၂၂) ခုနှစ်မှာ လက်ပံကြောင်း ဗိုလ်ရာဇာမင်းခေါင် စစ်ဦးချီပြီးနောက် ဗိုလ်မှူး

www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလတပ်မနောက်က လိုက်ပါချီတက်ခဲ့တယ်။ အာသံဗိုလ်မှူးရဲ့ တပ်များနဲ့ ပွဲဦးထွက်တွေ့ဆုံတိုက်ကြရာ အာသံဘက်က လက်နက်အင်အားသာတာကြောင့် မြန်မာတပ်ဆုတ်ရတယ်။ သို့သော် မင်းကြီးမဟာဗန္ဓုလရဲ့ တပ်များရောက်လာပြီး ဇူးရဟတ်မြို့တော်ကို ဝိုင်းဝန်းတိုက်ခိုက်တာကြောင့် စော်ဘွားစန္ဒရဂန္ဒရိုက် ထွက်ပြေးလေတယ်။ မြန်မာတပ် ငါးတပ် ဆက်လိုက်ရာရာ စော်ဘွားမဟာဗြိတိသျှ ပိုင်နက်ထဲ ဝင်ပြေးလေတယ်။

မင်းကြီးမဟာဗန္ဓုလဟာ အာသံမင်းသမီးရဲ့ မောင် ဇော်ရဟိန်ကို အာသံစော်ဘွားရာထူးခန့်အပ်ခဲ့တယ်။ မဟာသီလဝကို အာသံဗိုလ်မှူးခန့်ပြီး နေပြည်တော်သို့ ပြန်ခဲ့လေတယ်။ အပြန်ခရီးမှာ မဟာဗန္ဓုလဟာ ဗန်းမော်ကို ဝင်ပြီး မြို့ဝန်နဲ့ နိုင်ငံတော်လုံခြုံရေးကိစ္စများ ဆွေး နွေးခဲ့တယ်။

ခရစ်နှစ် (၁၈၂၃) ခုမှာ အင်္ဂလိပ်တို့က နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်မှာ တပ်ချတာကစပြီး ကျွန်းကို မြန်မာနဲ့သူပိုင် ငါပိုင် ငြင်းခုံပစ်ခတ်ကြတယ်။ ထိုအကြောင်း စစ်ကိုင်းမင်းကြားသိတဲ့အခါ ဗိုလ်မှူးဝန်ကြီး သတိုးမင်းကြီး မဟာဗန္ဓုလကို ရခိုင်ပြည်သို့ တစ်ကြောင်း၊ ဝန်ကြီးသတိုးသုဓမ္မမဟာသက်တော်ရှည်ကို အာသံမဏိပူရတစ်ကြောင်း ချီတက်စေတယ်။ (၁၈၂၄) ခုမှာ အာသံမဏိပူရချီ စစ်ကြောင်းက အင်္ဂလိပ်ပိုင်ကချာနယ်တွင်း ဝင်ရောက်ကာ ဗိကရမ်ပူမြို့ကို သိမ်းယူတယ်။ အင်္ဂလိပ်တို့နဲ့ အကြိမ်ကြိမ်တိုက်ပြီး ကချာနယ်ကဆုတ်ကာ အာသံမဏိပူရနယ်မှာ တပ်ချအခိုင်အလုံ နေတယ်။ (၁၈၂၄) မတ်လ (၅) ရက်နေ့မှာ အိန္ဒိယဘုရင်ခံ ချူလော့ဒ်အမ်းမားစ်က အင်္ဂလိပ်နဲ့ မြန်မာစစ်ဖြစ်ကြောင်း ကြေငြာလိုက်တယ်။

အင်္ဂလိပ်နဲ့ မြန်မာတပ်များ အဆင့်ဆင့်တိုက်လာကြပြီး ခရစ်နှစ် (၁၈၂၅) ခုမှာ ဓနုဖြူကြည်းကြောင်း၊ ရေကြောင်းတိုက်ကြရာ ထိုနှစ် ဧပြီလ (၂) ရက်မှာ မဟာဗန္ဓုလ ဗုံးလက်နက်သင့်ကာ ကျဆုံးတာကြောင့် ဓနုဖြူပျက်လေတယ်။

နောက်ဆုံးမြန်မာတို့ အရေးမလှတာကြောင့် (၁၈၂၆) ခု ဖေဖော်ဝါရီလမှာ အင်းဝကနေ မိုင် (၄၀) ခန့်ကွာတဲ့ ရန္တပိုအရပ်မှာ စစ်ပြေငြိမ်းစာချုပ်ချုပ်ရလေတယ်။

၁။ အာသံ၊ ရခိုင်၊ တနင်္သာရီနယ်တို့ကို မြန်မာက အင်္ဂလိပ်ကို ပေးအပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ စစ်စရိတ်လျော်ကြေးငွေတစ်ကုဋေကို မြန်မာက အင်္ဂလိပ်ကို ပေးရမည်။

၃။ မဏိပူရ၊ ကချာနယ်တို့ကို မြန်မာတို့က အနှောင့်အယှက်မပြုရ။

၄။ ယိုးဒယားနှင့် အင်္ဂလိပ်တို့ မဟာမိတ်ဖြစ်ကြောင်း မြန်မာက အသိအမှတ်ပြုရမည်။

စစ်ပြေငြိမ်းဖို့ ပြောဆိုရာမှာ မြန်မာဘက်က ဆရာယုဒသန်နဲ့ ဆရာပရိုက်တို့ စကားပြန်အဖြစ် ပါလာတယ်။ စာချုပ်လက်မှတ်ထိုးပြီးတဲ့အခါ အင်္ဂလိပ်တပ်တို့ ရန်ကုန်ပြန်ကြတယ်။ စစ်စရိတ်ငွေကို လေးကြိမ်အရစ်ကျ ပေးဆောင်ရလေတယ်။ ဒုတိယအရစ်ပေးပြီးတဲ့အခါ အင်္ဂလိပ်တို့ ရန်ကုန်က ခွာကြတယ်။

ခရစ်နှစ် (၁၈၂၇) မှာ သံလျင်မွန်တို့ကို မွန်ငစပ်အုပ်ချုပ်ပြီး ပုန်ကန်ကာ ရန်ကုန်ကို ချီတက်တိုက်ခိုက်ရာ မြန်မာတပ်က ပြန်တိုက်တာကြောင့် မွန်တို့ပျက်လေတယ်။

ဘကြီးတော်လက်ထက် ရဟန်းပညာရှိ၊ လူပညာရှိတို့ ညှိနှိုင်းတိုင်ပင်ကာ ရာဇဝင်ကို ပြုစုကြတယ်။ မဟာဓမ္မသင်္ကြန်က အုပ်ချုပ်ရေးသားတယ်။ မှန်နန်းတော်ဦးမှာ ရေးတာကြောင့် "မှန်နန်းရာဇဝင်" လို့ တွင်လေတယ်။

(၁၈၃၄) ခုနှစ်မှာ ဘကြီးတော်မင်း မကျန်းမာတာကြောင့် ညီတော်သာယာဝတီမင်းသား၊ နန်းမတော်မယ်နုနဲ့ စလင်းစားမောင်အိုတို့ကို နိုင်ငံအုပ်ချုပ်စီရင်ခန့်ထားကြတယ်။ မိဖုရားကြီးမယ်နုနဲ့ စလင်းမင်းသား မောင်အိုတို့ အကောက်ကြံတာကြောင့် (၁၈၃၆) ခုနှစ်မှာ သာယာဝတီမင်းရွှေဘိုထွက်ကာ ပုန်ကန်လေတယ်။ (၁၈၃၇) ခုနှစ်မှာ သာယာဝတီမင်း အလိုတော်ပြည့်တာကြောင့် နန်းမတော်မယ်နုနဲ့ မောင်တော်စလင်းမင်းသားကို အပြစ်အလျောက် စီရင်လေတယ်။ ဘကြီးတော် မကျန်းမာတာကြောင့် ညီတော်သာယာဝတီမင်းကို ထီးနန်းလွှဲအပ်လေတယ်။ (၁၈၄၆) ခု၊ အသက် (၆၂) နှစ်မှာ ဘကြီးတော် ကံကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# သာယာဝတီမင်းနှင့် ပုဂံမင်း

ကလေးတို့ရေ...

သာယာဝတီမင်းဟာ စစ်ကိုင်းမင်းရဲ့ ဒုတိယမြောက် ညီဖြစ်တယ်။ (၁၇၈၇) ခုမှာ အိမ်ရှေ့မင်းဦးပေါ်နဲ့ အိမ်ရှေ့မိဖုရား ဒေါ်ကေတို့က မွေးဖွားခဲ့တယ်။ သာယာဝတီမင်းဟာ (၁၈၇၃) ခုနှစ်မှာ နောင်တော်စစ်ကိုင်းမင်းကို ပုန်ကန်ပြီး နန်းတက်ခဲ့တယ်။ မင်းဖြစ်တဲ့အခါ နောင်တော်စစ်ကိုင်းမင်းကို ကောင်းစွာပြုစုထားတယ်။ သာယာဝတီမင်းဟာ (၁၈၃၈) ခုမှာ အမရပူရမြို့ကို အသစ်တည်ထောင်ကာ စံနေတော်မူတယ်။

နန်းတက်စမှာ နောင်တော်မင်းတရားရဲ့သား ညောင်ရမ်းစား "စကြာမင်း" ကို မသင့်တဲ့အကြံ ကြံစည်တယ်လို့ ထုံးစံနဲ့အညီ စီရင်လေတယ်။ နောက်တစ်ဖန် နောင်တော်ရဲ့ မိဖုရားခေါင် မယ်နုနဲ့ မောင်တော်စလင်းမင်းသားတို့ကို ပုန်ကန်မှုမှာ ရောယှက်ပါဝင်နေလို့ ထုံးစံနဲ့အညီ စီရင်တယ်။

သာယာဝတီမင်းဟာ "ရန္တပိုစာချုပ်" ကို အသိအမှတ်မပြုလေဘူး။ ဘိလပ်မင်းနဲ့ တိုက်ရိုက်ဆက်ဆံလိုတာကြောင့် (၁၈၃၇) ခုမှာ အင်္ဂလိပ်ကိုယ်စားလှယ် မေဂျာဗာရနီ ပြန်သွားရတယ်။ နောက်နှစ်မှာ ကာနယ်အင်ဆင်နဲ့ကို ထားလာပြန်တယ်။ ဘုရင်အသိအမှတ်မပြုတာကြောင့် ကပ္ပတိန်မက်ကလော့ကို ထားပြီးပြန်သွားရတယ်။ (၁၈၄၀) မှာ အားလုံးပြန်ကြတယ်။

www.burmeseclassic.com



(၁၈၄၁) ခုနှစ်မှာ သာယာဝတီမင်း ရန်ကုန်ကိုစုန်ပြီး ဥက္ကလာပမြို့သစ်ကိုတည်ကာ ငါးလခန့် စံနေတယ်။ ရွှေတိဂုံစေတီကို ရွှေသင်္ကန်းကပ်ပြီး ခေါင်းလောင်းတော်ကြီးလည်း သွန်းလုပ်လှူဒါန်းလေတယ်။ မင်းကြီး ရန်ကုန်ကို စုန်လာချိန် အင်္ဂလိပ်တို့ စိုးရိမ်မကင်းဖြစ်ပြီး ရခိုင်နယ်၊ တနင်္သာရီနယ်တို့ကို စစ်သည်လုံခြုံရေး ဖြည့်ထားကာ အသင့်နေကြရတယ်။

ခရစ်နှစ် (၁၈၄၅) ခုမှာ မင်းတရားကြီးကောင်းစွာ မကျန်းမာခိုက် သားတော်ပြည်မင်း မသင့်တဲ့အကြံကို ကြံတာကြောင့် ကြံရာပါတဲ့ အနောက်နန်းမိဖုရား မမြကလေးနှင့်တကွ ထုံးစံနဲ့အညီ စီရင်လေတယ်။ မမြကလေးကား စာဆိုရှင်လည်း ဖြစ်ပေတယ်။

(၁၈၄၆) ခု နောင်တော်မင်းတရားကြီး နတ်ရွာစံပြီး မကြာခင် သာယာဝတီမင်းလည်း ကံကုန်လေတယ်။ နတ်ရွာမစံမီ စိတ်နှလုံးနောက်တော်မူလေတယ်။ ထိုမင်းလက်ထက် ပြည်တွင်းပုန်ကန်မှု အနည်းငယ်သာရှိတယ်။ နိုင်ငံငြိမ်းချမ်းစွာ ရှိလေတယ်။

(၁၈၄၆) ခု သာယာဝတီမင်းကံကုန်တဲ့အခါ သားတော်အိမ်ရှေ့ဥပရာဇာ ပုဂံမင်းနန်းတက်လေတယ်။ ပုဂံမင်းလက်ထက် နိုင်ငံတော်တွင်း သားကြီးငါးကြီးစသည် မပေါ်ရအောင် အမိန့်နဲ့တားမြစ်လေတယ်။ ဒါပေမဲ့ မဟာမေဒင်ကုလား ဘိုင်ဆတ်နဲ့ မြို့စာရေး မောင်ပိန်တို့ကို မြှောက်စားတာကြောင့် ပြည်သူတွေကို မတရားပြု ညှဉ်းပန်းကြလို့ ပြည်သူတို့ စိတ်နှလုံး ညှိုးနွမ်းကြတယ်။ နောက်ပိုင်း မတရားပြုဖန်များတာကြောင့် မင်းတရားသိကာ ကွပ်မျက်လေတယ်။ မြို့စာရေးမောင်ပိန်ဟာ အမရပူရ တောင်သမန်အင်းကူးတံတားကြီးကို ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ဦးပိန်တံတားလို့ တွင်လေတယ်။

ပုဂံမင်းလက်ထက် (၁၈၅၂) ခုနှစ်မှာ အင်္ဂလိပ်တို့နဲ့ စစ်ဖြစ်ရတယ်။ ရန်ကုန်-ဟံသာဝတီဝန်ကြီးဦးအုပ်က အင်္ဂလိပ်သင်္ဘောကပ္ပတိန်လူးဝစ်နဲ့ ရှက်ပဒ်တို့ကို အကြောင်းမဲ့အမှုရှာကာ ဒဏ်ငွေရိုက်ကြောင်း၊ ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုန်သည်ကြီးတို့ကိုလည်း နှိပ်စက်ကြောင်းစသဖြင့် နစ်နာချက်တို့ပြကာ သူတို့ကျေနပ်အောင် ပြုစေလိုကြောင်း၊ လျော်ကြေးပေးစေလိုကြောင်း စသဖြင့် အင်္ဂလိပ်အစိုးရက ကမ်မိုဒိုလင်းဘတ်ဆိုသူ ရေကြောင်းဗိုလ်ကို

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော ခြောက်စင်းနဲ့ စေလွှတ်ကာ တောင်းဆိုလေတယ်။ မြန်မာအစိုးရက ဤကိစ္စအတွက် ဟံသာဝတီ ရန်ကုန်ဝန်ကြီး ဦးအုပ်ကို ပြန်ခေါ်ပြီး ရွှေတောင်မြို့ဝန်ဦးမှုံကို ရန်ကုန်-ဟံသာဝတီတွင် ခန့်ထားကာ အင်္ဂလိပ်တို့ ကျေနပ်အောင် ပြုစေတယ်။

အရေးပိုင်ရွှေတောင်ဝန်ကြီး ရန်ကုန်ရောက်တဲ့အခါ ဗြိတိသျှကုန်သည်တို့က လင်းဘတ်အားကိုးဖြင့် မြန်မာမြို့ဝန်အပေါ် မထီမဲ့မြင် ပြုကြတယ်။ ကုန်သည်ဘီရယ်ဆိုသူရဲ့ နေအိမ်ခြံတွင်းမှာ ယူနီယံဂျက်အလံကို လွှင့်ထူထားတယ်။ မြို့ဝန်ဦးမှုံက ရုပ်သိမ်းစေတဲ့အခါ လင်းဘတ်ရဲ့ ခွင့်ပြုချက်နဲ့ စိုက်ထူကြောင်း မောက်မာစွာ ပြန်ကြားခဲ့တယ်။ လင်းဘတ်ရဲ့ ရာဇသံကို ဦးမှုံထံ လာပို့ကြတယ်။ လာပို့သူ ငါးဦးဟာ ဘီရယ်အိမ်က မြင်းကိုယူကာ အရက်သောက်စားပြီး ဦးမှုံအိမ်ခြံတွင်း မြင်းစီးဝင်တယ်။ အဲဒီညမှာပဲ မြန်မာဘုရင်ပိုင် ရေနန်းယာဉ်သာ သင်္ဘောကို ဟားမီးစ်တိုက်သင်္ဘောဖြင့်တွဲကာ ပင်လယ်ဝကို ဆွဲယူသွားခြင်းနဲ့ ရန်စလေတယ်။ မြို့ဝန်ဦးမှုံ ဗြိတိသျှတို့ကို စိတ်ရှည်သည်းခံ ဆက်ဆံခဲ့တယ်။ ဒလမြို့ဝန်ကိုလွှတ်ပြီး မြန်မာဘုရင့်သင်္ဘောကို ပြန်ပေးဖို့တောင်းဆိုခဲ့တယ်။ လင်းဘတ်က ငြင်းလိုက်တယ်။ အိန္ဒိယဘုရင်ခံချုပ်ကလည်း ရာဇသံပို့လေတယ်။

ဤသို့ဖြင့် စစ်ဖြစ်လေတယ်။ စစ်မက်ဖြစ်ပွားနေဆဲ မင်းတုန်းနဲ့ ကနောင်တို့ရဲ့ အိမ်တော်အမှုထမ်းများကို ဓားပြမှုမှာပါတယ်ဆိုပြီး ပုဂံမင်းကျေးကျွန်တို့က ပြဿနာလုပ်တယ်။ ဒါ့ကြောင့် မင်းတုန်း၊ ကနောင်တို့ဟာ ရွှေဘိုထွက်အင်အားစုပြီး ပုန်ကန်လေတယ်။ ထို့ကြောင့် ပုဂံမင်းဟာ မြန်မာတပ်များအားလုံးကို နေပြည်တော်ပြန်ခေါ်လေတယ်။ (၁၈၅၂) ခုမှာပဲ မြန်မာဘုရင်ပိုင် ပဲခူးနယ်ကို အင်္ဂလိပ်ပိုင်နက်အဖြစ် သတ်မှတ်လိုက်တယ်။

ပုဂံမင်းဟာ (၁၈၅၃) ခုမှာ ညီဖြစ်သူ မင်းတုန်းမင်းကို ထီးနန်းတရားဝင် လွှဲပြောင်းပေးလေတယ်။ မင်းတုန်းမင်းက နောင်တော်ကို ကောင်းစွာစောင့်ရှောက်ထားတယ်။ သီပေါနန်းတက်စ (၁၈၈၀) ခုကျမှ ကျောက်ရောဂါနဲ့ ပုဂံမင်းအနီး ရောက်လေတယ်။ ကံကုန်ချိန်မှာ သက်တော် (၆၉) နှစ် ရှိလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မင်းတုန်းမင်း

ကလေးတို့ရေ…

မင်းတုန်းမင်းဟာ သာယာဝတီမင်းနဲ့ ပဒေသာတိုက်စား မိဖုရားတို့က (၁၈၁၄) ခု၊ ဇူလိုင် (၅) ရက်မှာ မွေးဖွားခဲ့တယ်။ အမည်ရင်း ဦးလွင် ဖြစ်တယ်။ မင်းတုန်းမင်းမှာ မွေးချင်းညီကနောင်မင်းသား တစ်ဦးပဲ ရှိလေတယ်။

မင်းတုန်းမင်းနဲ့ ညီတော်ကနောင်မင်းဟာ နောင်တော်ပုဂံမင်းလက်ထက် နန်းတွင်းရှုပ်ထွေးတာကြောင့် ရွှေဘိုထွက်အင်အားစုကာ ပုန်ကန်တာကြောင့် ပုဂံမင်းက ထီးနန်းလွှဲပေးခဲ့လို့ (၁၈၅၃) ခုနှစ်မှာ နန်းတက်ခဲ့တယ်။ နန်းတက်တဲ့နေ့မှာပဲ ညီတော်ကနောင်မင်းကို အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခဲ့လေတယ်။

မင်းတုန်းမင်းဟာ နောင်တော်ပုဂံမင်းနဲ့ အင်္ဂလိပ်တို့ စစ်ဖြစ်ခြင်း ပြေငြိမ်းခြင်းကို အသိအမှတ်မပြု၊ စစ်ပြေငြိမ်းစာချုပ်ကိုလည်း လက်မှတ်မထိုး၊ အင်္ဂလိပ်တို့ကိုတော့ မတိုက်ခိုက်ဖို့ အမိန့်တော်နဲ့ တားမြစ်ထားလေတယ်။ ဒါ့ကြောင့် အင်္ဂလိပ်တို့ဟာ မင်းတုန်းမင်းရဲ့သဘောကို အကဲခတ်ရခက်တယ်။ စိတ်မချရသေးတာကြောင့် မင်းတုန်းမင်းနဲ့ သိကျွမ်းဝင်ခဲ့တဲ့ သောမတ်စ်စပီးယားကို အမရပူရမှာ နေထိုင်စေတယ်။ နေပြည်တော်သတင်းများကိုလည်း ရန်ကုန်ရှိ ဝန်ရှင်တော်မင်းကြီးဖယ်ယာထံ သတင်းပို့ရတယ်။ မင်းတုန်းမင်းကလည်း စပီးယားကို ဝမ်းမြောက်ဝမ်းသာ လက်ခံပြုစုလေတယ်။ စပီးယားဟာ

www.burmeseclassic.com



အမြော်အမြင်နဲ့ ပြည့်စုံသူဖြစ်လို့ အင်္ဂလိပ်နဲ့မြန်မာ နားလည်သင့်မြတ်အောင် ဆောင်ရွက်ခဲ့တယ်။

မင်းတုန်းမင်းဟာ (၁၈၅၆) ခုနှစ်မှာ မန္တလေးမြို့တော်ကို စတင်တည်ဆောက်ခဲ့တယ်။ (၁၈၅၇) ခုမှာ မန္တလေးကိုပြောင်းရွှေ့စံလေတယ်။ မြို့တော်က (၁၈၅၈) ခုနှစ်ကျမှ ပြီးစီးလေတယ်။ သာသနာရေးအတွက်လည်း များစွာဆောင်ရွက်ခဲ့တယ်။ လောကမာရဇိန်ကျောက်တော်ကြီး၊ ရွှေရင်တော်စတဲ့ ဘုရားစေတီတွေတည်တယ်။ ပထမပြန်စာမေးပွဲ ပြုလုပ်ပေးတယ်။ ရွှေတိဂုံကို ထီးတင်တယ်။ ပိဋကတ်သုံးပုံပါဠိတော်တို့ကို သံဃာတော်တို့ သင်္ဂါယနာတင်ပြီးမှ ကျောက်ထက်အက္ခရာတင်တော်မူတယ်။ ကုသိုလ်တော်လောကမာရဇိန်ဘုရား ပရိဝုဏ်အတွင်း စိုက်ထားကိုးကွယ်လေတယ်။ ပဉ္စမသင်္ဂါယနာကိုလည်း တင်တော်မူခဲ့တယ်။

မင်းတုန်းမင်းဟာ ပိဋကတ်ကျမ်းဂန် သင်ကြားရေးအပြင် အင်္ဂလိပ်ဘုန်းကြီးဒေါက်တာမတ် မြေယာနဲ့တကွ အင်္ဂလိပ်စာသင်ကျောင်းဆောက်ပေးပြီး သားတော်များကို အင်္ဂလိပ်စာသင်စေတယ်။ ပြင်သစ်ဘုရင်ဂျီဘုန်းကြီးဘိဂန်ဒေသကိုလည်း ချီးမြှောက်လေတယ်။

မင်းတုန်းမင်းဟာ လယ်ယာချောင်းမြောင်းတို့ကိုလည်း ပြုစုတယ်။ လယ်သမား၊ ဆင်းရဲသားတို့ကို စရိတ်ထောက်ကာ လုပ်ဆောင်စေတယ်။ ကျွန်းသစ်၊ ရေနံ၊ ကျောက်နီစတဲ့ ကုန်စည်တို့ကို မင်းပိုင်ပြုလုပ်ပြီး တူးဖော်ရောင်းချစေတယ်။ ကုန်စည်ရောင်းဝယ်ရေးအတွက် အင်္ဂလိပ်တို့နဲ့ နှစ်ကြိမ်စာချုပ်ချုပ်ဆိုတယ်။ (၁၈၆၁) ခုနှစ်ကစပြီး သဿမေဓ အခွန်တောင်းခံပြီး အမှုထမ်းတွေကို ရှေးကလို မြို့စားရွာစား မပေးဘဲ လစရိက္ခာပေးကမ်းချီးမြှင့်တယ်။ (၁၈၆၅) ခုနှစ်ကစပြီး ဒင်္ဂါးပိုက်ဆံ သွန်းလုပ်တော်မူတယ်။

မင်းတုန်းမင်းဟာ နိုင်ငံခြားနဲ့ ဆက်ဆံရေးကို သိမ်မွေ့စွာ ကိုင်တွယ်လေတယ်။ (၁၈၅၅) မှာ ပဲခူးကိုအုပ်ချုပ်တဲ့ မေဂျာဖယ် အမရပူရသို့လာသဖြင့် ကောင်းစွာကြိုဆိုလက်ခံတယ်။ အင်္ဂလိပ်အရာရှိ၊ မြန်မာအရာရှိတွေကို ကောင်းစွာ ကျွေးမွေးပြုစုတယ်။ (၁၈၆၂) ခုမှာ မင်းကြီးဖယ်ရာနဲ့ ကုန်စည် ကူးသန်းရောင်းဝယ်ရေး စာချုပ်ချုပ်ဆိုတယ်။ (၁၈၆၇) ခု မေဂျာဖယ်ရာနောက်ဆက်ခံတဲ့ ကာနယ်ဖိုက်မန္တလေးတက်ကာ မင်းတုန်းမင်းနဲ့ ကုန်စည်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ရေးစာချုပ်ချုပ်ဆိုတယ်။ ကာနယ်စလေဒင်က တရုတ်တို့နဲ့ ရောင်းဝယ်ရေးမျှော်ပြီး ဗန်းမော်ကို လမ်းအကြည့်သွားတယ်။ တိုင်းပြည် မငြိမ်သက်လို့ ပြန်ခဲ့ရတယ်။ နောက် နှစ်နှစ်အကြာမှာ ဗန်းမော်နေ အင်္ဂလိပ် ကိုယ်စားလှယ် ကပ္ပတိန်စထရိဗာဟာ ကချင်လူမျိုး၊ ရှမ်းလူမျိုး၊ တရုတ်လူမျိုး တို့နဲ့ မိတ်ဖွဲ့အောင်မြင်လေတယ်။

မင်းတုန်းမင်းဟာ အင်္ဂလိပ်တို့နဲ့ အသင့်အတင့် ဆက်ဆံလေတယ်။ ဒါပေမဲ့ မန္တလေးရှိ အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ်တို့ မင်းတရားကြီးရှေ့ သို့ ဖိနပ်စီး၊ ဓားလွတ်စွဲဝင်လိုကြောင်း တောင်းဆိုတာကစပြီး အင်္ဂလိပ်ကိုယ် စားလှယ်တွေကို ဖူးမြော်ခွင့်မပေးတော့ဘဲ မှူးမတ်တွေနဲ့သာ ဆက်ဆံစေတယ်။ (၁၈၅၄) ခုမှာ ကာလကတ္တားဘုရင်ခံချုပ်လော့ဒ် ဒါလဟိုဇီထံ သံလွှတ်ကာ ပဲခူးနယ်ကို ပြန်ရဖို့ တောင်းတယ်။ အရေးမရ။

(၁၈၇၂) ခုမှာ ကင်းဝန်မင်းကြီးကို သံအကြီးခန့်ပြီး အင်္ဂလန်ကို သွားစေတယ်။ အင်္ဂလန်က ကောင်းစွာလက်ခံတယ်။ ပြင်သစ်၊ အီတလီတို့ကို လည်းဝင်ပြီး စာချုပ်ချုပ်ဆိုဖို့ အကြမ်းတိုင်ပင်ရေးသားခဲ့တယ်။ ပြင်သစ်တို့က ကျောက်နီတွင်းတူးဖော်လုပ်ကိုင်ခွင့်ပေးရန် အချက်ပါဝင်တာကြောင့် မင်း တုန်းမင်းကြီး အတည်မပြုလေ။ (၁၈၇၃) ခုမှာ ကင်းဝန်မင်းကြီး ပြင်သစ် သွားလေတယ်။ ကျောက်နီတွင်းလုပ်ကိုင်ခွင့်မပါလို့ စာချုပ်ကို ပြင်သစ်က လက်မခံ။ အီတလီသံရောက်လာလို့ ကင်းဝန်မင်းကြီးနဲ့ ညှိနှိုင်းကာ စာချုပ် ချုပ်ဆိုတယ်။

မင်းတုန်းမင်းကြီးနန်းတက်စ ညီတော်ကနောင်မင်းကို အိမ်ရှေ့အရာ ပေးတာကြောင့် သားတော်များက မကျေလည်ကြဘူး။ ဒါ့ကြောင့် (၁၈၆၆) ခုမှာ သားတော်မြင်းကွန်း၊ မြင်းခုန်တိုင်မင်းသားတို့ ပုန်ကန်လေတယ်။ အိမ်ရှေ့မင်းကျဆုံးခဲ့တယ်။ နန်းတွင်းကို သူပုန်တို့ဝင်လာတဲ့အခါ အိမ်ရှေ့ မင်းရဲ့တပ် လာရောက်တိုက်ခိုက်တာကြောင့် သူပုန်တို့ ပြေးလေတယ်။ မြင်ကွန်း၊ မြင်းခုန်တိုင်မင်းသားတို့ဟာ ဧရာဝတီမြစ်ဆိပ်က သင်္ဘောတော် တစ်စင်းကို အတင်းဖမ်းယူကာ မြင်းခြံသို့ စုန်ပြေးလေတယ်။ တပ်တော်များ လိုက်တဲ့အခါ ရန်ကုန်ကိုပြေးပြန်တယ်။ အင်္ဂလိပ်တို့က အစောင့်အကျပ်နဲ့ ထားတယ်။ အဲဒီကမှ မြင်ကွန်းမင်းသားကရင်နီနယ်ထွက်ကာ မြန်မာနယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်တယ်။ နောက် အင်္ဂလိပ်တို့က ညီနောင် နှစ်ယောက်ကို ဘင်္ဂလားပို့ပေးတယ်။ ဘင်္ဂလားမှာ ညီတော်မြင်းခုန်တိုင် ကွယ်လွန်တယ်။ မြင်ကွန်းမင်းသားက ပြင်သစ်မှာခိုလှုံတယ်။ ပြင်သစ်က ဆိုင်းဂုံမြို့ (ဗီယက်နမ်) သို့ပို့တယ်။ ဆိုင်းဂုံမှာ မြင်ကွန်းမင်းသား ကွယ်လွန်လေတယ်။

မြင်ကွန်းအရေးမှာ အိမ်ရှေ့မင်းကျတာကြောင့် အိမ်ရှေ့မင်းသားတော် ပတိမ်းမင်းသားက မင်းတုန်းမင်းကြီးကို အထင်မှားကာ ရွှေဘိုထွက်ကာ ပုန်ကန်လေတယ်။ ဘုရင့်တပ်တို့ လိုက်တိုက်တယ်။ မနည်းကြာမှ ဖမ်းမိပြီး အချုပ်နဲ့ထားလေတယ်။ နောက်လွှတ်တော် အမိန့်နဲ့ ကွပ်မျက်လေတယ်။ အဲဒီအခါကစပြီး မင်းတုန်းမင်းကြီးဟာ သားတော်တွေကို အိမ်ရှေ့မပေး၊ အခြွေအရံတွေကိုလည်း ရုပ်သိမ်းထားလေတယ်။

(၁၈၆၇) ခုမှာ မြန်မာရာဇဝင် ပြုစုရေးအဖွဲ့ဖွဲ့ပြီး မှန်နန်းရာဇဝင်ကို ဆက်ရေးစေတယ်။ (၁၈၆၈) ခုမှာ အိန္ဒိယဘုရင်ခံချုပ် သဘောတူညီချက်ယူပြီး ပခန်းမင်းကြီး ဦးရန်ဝေးက စီစဉ်ကာ ဘင်္ဂလားကို ပညာသင်စေလွှတ်ခဲ့တယ်။ ပညာသင် (၁၈) ဦး၊ အကြပ် နှစ်ဦး ပါလေတယ်။

၁၈၇၅ ခုနှစ်မှာ မတ်လ (၂၀) ရက် ရတနာပုံနေပြည်တော်သတင်းစာကို စတင်ထုတ်ဝေခဲ့တယ်။ တစ်လ လေးကြိမ်ထုတ်ပြီး အယ်ဒီတာမှာ ဘိုးဝဇီရ ဖြစ်တယ်။ နိုင်ငံခြားသတင်းဘာသာပြန်အတွက် ဘာသာ ခြောက်မျိုးတတ်တဲ့ တရုတ်ကပြားဦးအဟီးက တာဝန်ယူဆောင်ရွက်ရတယ်။ ဦးအဟီး လစာဒေါင်းဒင်္ဂါး (၁၅၀) ရပြီး ဘိုးဝဇီရက (၆၀) ရတယ်။ မင်းတုန်းမင်းကြီးက "ငါမကောင်းငါ့ရေး၊ ငါ့မိဖုရားမကောင်းလျှင် မိဖုရားကိုရေး" စသဖြင့် လွတ်လပ်ခွင့် (၂၆) ချက်ပေးထားလေတယ်။

(၁၈၇၈) ခု မင်းတရားကြီး မကျန်းမာတဲ့အခါ ဆင်ဖြူမရှင်မိဖုရားကြီးနဲ့ အလိုတူမှူးမတ်တွေတိုင်ပင်ပြီး သီပေါမင်းသားကို အိမ်ရှေ့အရာထားတယ်။ အခြားသားတော်တွေကို အမိန့်နဲ့ဆင့်ခေါ် ချုပ်ထားလေတယ်။ ညောင်ရမ်း၊ ညောင်အုပ်မင်းသား နှစ်ပါးက အင်္ဂလိပ်သံတဲသို့ ခိုဝင်လေတယ်။ အချုပ်ခံမင်းသားတွေရဲ့ မယ်တော်များ မင်းတရားကြီးထံဝင်ကာ တိုင်ကြားတာကြောင့် အမိန့်တော်နဲ့ လွှတ်စေတယ်။ မက္ကရာ၊ ညောင်ရမ်း သုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com



မင်းသားတို့ကို ဘုရင်ခံခန့်တယ်။ ဒါပေမဲ့ မင်းသားများမထွက်ခွာမီ ဆင်ဖြူမရှင်နဲ့ ကြံရာပါ မှူးမတ်တို့က ဖမ်းဆီးချုပ်ထားလေတယ်။

(၁၈၇၈) ခု၊ အောက်တိုဘာ (၁) ရက်နေ့ သက်တော် (၆၄) နှစ်မှာ မင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## သီပေါမင်း

ကလေးတို့ရေ…

သီပေါမင်းဟာ ကုန်းဘောင်မင်းဆက် (၁၁) ဆက်မှာ နောက်ဆုံးမင်း ဖြစ်တယ်။ သီပေါမင်းရဲ့ အမည်ရင်းက ဦးမျိုးဆက်လို့ ခေါ်တယ်။ (၁၈၅၉) ခု ဇန်နဝါရီ (၁) ရက်နေ့မှာ မင်းတုန်းမင်းနဲ့ လောင်းရှည်မြို့စား မိဖုရား သီရိမဟာမင်္ဂလာသုပဘာဒေဝီတို့က ဖွားမြင်လေတယ်။ မွေးချင်း သုံးဦးရှိတယ်။ အစ်မပခန်းကြီး မြို့စားစုဖုရားကြီး၊ သီပေါမင်းနဲ့ မိတ္ထီလာမြို့စား စုဖရားတို့ ဖြစ်တယ်။

သီပေါမင်းဟာ ဗုဒ္ဓဘာသာစာပေကို စိတ်ဝင်စားတယ်။ ပါဠိဘာသာ တတ်တယ်။ ဆရာမှတ်ကြီးရဲ့ သံတဲကျောင်းမှာ အင်္ဂလိပ်ဘာသာကို သင်ကြားခဲ့တယ်။ ခရစ်ကတ်ရိုက် ကျွမ်းကျင်တယ်။ (၁၆) နှစ်ရွယ်မှာ သာမဏေဝတ်ပြီး တောင်တော်ဆရာတော် ဦးမာလာထံမှာ ပညာသင်ခဲ့တယ်။ ပထမကျော် စာမေးပွဲလည်း အောင်မြင်ခဲ့တယ်။

သီပေါမင်းဟာ မင်းတုန်းမင်းကွယ်လွန်တဲ့ (၁၈၇၈) ခုနှစ်မှာ နန်းတက်ခဲ့တယ်။ သီပေါမင်းရဲ့ မိဖုရားခေါင်ဟာ (သုသီရိပဘာရတနာဒေဝီ ဘွဲ့ခံ) စုဖုရားလတ် ဖြစ်တယ်။ သားတစ်ဦး သမီး လေးဦး ထွန်းကားတယ်။ (၁၈၇၉) ခုမှာ သားတစ်ဦး ဖွားမြင်ခဲ့တယ်။ "ရွှေကိုယ်တော်လေး" လို့ အမည်ပေးခဲ့တယ်။ (၁၈၈၀) ခုမှာ ကျောက်ရောဂါနဲ့ ကွယ်လွန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းနန်းတက်ပြီး မကြာမီမှာ မင်းညီမင်းသားများအား လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားခဲ့တယ်။ လုပ်ကြံမှုဟာ (၁၈၇၉) ခု ဖေဖော်ဝါရီ (၁၅) ညဦးပိုင်းက စတင်ဖြစ်ပြီး သုံးရက်မျှ ကြာညောင်းခဲ့တယ်။ မင်းတုန်းမင်းရဲ့ သားများဖြစ်တဲ့ မြင်ကွန်း၊ မြင်းခုန်တိုင်၊ ညောင်ရမ်း၊ ညောင်အုပ်မင်းသားတို့ နိုင်ငံရပ်ခြား ထွက်ပြေးလွတ်မြောက်သွားကြတယ်။ ကျန်သားသမီးအများစု အသတ်ခံရတယ်။

သီပေါမင်းဟာ မင်းညီမင်းသားတွေ လုပ်ကြံခံရတာ မိမိမသိကြောင်း ငြင်းဆိုပေမယ့် မင်းရဲ့တာဝန်သာ ဖြစ်တယ်။

သီပေါမင်းလက်ထက်မှာ စီးပွားရေးကျဆင်းလို့ ထီရုံဖွင့်ခဲ့တယ်။ နောက်ပိုင်း ပြန်ပိတ်လိုက်ရတယ်။ (၁၄) ဌာနခွဲခြားအုပ်ချုပ်ရေးကိုလည်း လုပ်ဆောင်ခဲ့တယ်။

သီပေါမင်းနန်းတက်စမှာ အင်္ဂလိပ်-မြန်မာ ဆက်ဆံရေးအခြေအနေ ပြောင်းခဲ့တယ်။ သံကိုယ်စားလှယ်တစ်ဦးပြီးတစ်ဦး ပြောင်းလဲခဲ့ပေမယ့် အဆင်မပြေတာကြောင့် (၁၈၇၉) ခုမှာ ဗြိတိသျှသံရုံးကို မန္တလေးကနေ လုံးဝရုပ်သိမ်းခဲ့လေတယ်။

သီပေါမင်းဟာ နန်းတွင်းရေးအခြေအနေ ငြိမ်သက်တာနဲ့ အင်္ဂလိပ်-မြန်မာ ဆက်ဆံရေးအခြေအနေ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းခဲ့တယ်။ (၁၈၈၁) ခုမှာ အောက်မြန်မာနိုင်ငံကို တိုင်းခန်းလှည့်လာတဲ့ အိန္ဒိယဘုရင်ခံချုပ်နဲ့တွေ့ဖို့ မဟာမင်းထင်ကျော်ကို ရန်ကုန်သို့ လွှတ်ခဲ့တယ်။ သူရန်ကုန်ရောက်ချိန် ဘုရင်ခံပြန်သွားပြီဖြစ်လို့ ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီးနဲ့သာ တွေ့ရတယ်။ ထူးခြားမှုမရှိ။ ဝန်ရှင်တော်မင်းကြီးဟာ မြန်မာနိုင်ငံကို လက်နက်ရောင်းချမှု မပြုလုပ်လိုကြောင်း သိရတယ်။

ဒါကြောင့် သီပေါမင်းဟာ (၁၈၈၂) ခုနှစ်မှာ အိန္ဒိယနိုင်ငံကို သံအဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့တယ်။ ဆင်းမလားမြို့မှာ ဗြိတိသျှတို့နဲ့ ကုန်သွယ်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့တယ်။ ထိရောက်အောင်မြင်မှုမရှိ။ ဒါကြောင့် သီပေါမင်းဟာ ပြင်သစ်နိုင်ငံနဲ့ ဆက်သွယ်ဖို့ (၁၈၈၃) ခုမှာ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့တယ်။ အဲဒီသံအဖွဲ့ဟာ (၁၈၇၃) ခု ကင်းဝန်မင်းကြီးချုပ်ဆိုခဲ့တဲ့စာချုပ်ကို ပြင်ဆင်ချက်များနဲ့ အတည်ပြုလက်မှတ် ထိုးခဲ့တယ်။ ပြင်သစ်က မိုးကုတ်

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားတွင်းကို အမြဲမျက်စောင်းထိုးနေလေတယ်။ (၁၈၈၅) ခုမှာ ပြင်သစ်သွား သံအဖွဲ့မန္တလေး ပြန်ရောက်ခဲ့တယ်။

သီပေါမင်းဟာ မြန်မာရာဇဝင် ပြုစုရေးအဖွဲ့တစ်ဖွဲ့လည်း ဖွဲ့ခဲ့တယ်။ အဖွဲ့ဝင် (၁၂) ဦးပါဝင်တယ်။ "သီပေါမင်းနန်းတက်ကစ၍ ရှိသည့်ရာဇဝင်" လို့ မှတ်တမ်းတင်ထားတယ်။ ပေမူနဲ့သာ ရှိလေတယ်။

သီပေါမင်းဟာ တိုင်းပြည်တစ်စစ ယိုယွင်းလာတဲ့ အခြေအနေကို ပြောင်းလဲနိုင်ဖို့ (၁၀) ခရိုင်အုပ်ချုပ်ရေးကို သတ်မှတ်ခဲ့တယ်။ (၁၈၈၅) ခု ဩဂုတ်လမှာ တောင်ငူမြို့ သစ်ခေါင်း ကိုးဦးက ဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်လုံးရေထိန်ချန်ကာ အလုပ်သမားတို့ကို လုပ်ခကုန်စင်အောင် မပေးကြောင်း နေပြည်တော်သို့ တိုင်ကြားခဲ့တယ်။ ကုမ္ပဏီက စာရင်းပြ သစ်လုံးရေ (၃ သောင်းကျော်) သာပြပြီး စာရင်းစစ်ကြည့်တဲ့အခါ ထိန်ချန် သစ်လုံးရေပေါင်း (၅ သောင်းကျော်) တွေ့ရတယ်။

မြန်မာဘုရင့်လွှတ်တော်က ဘုံဘေဘားမားသစ်ကိုယ်စားလှယ်ကို ခေါ်ယူခဲ့တယ်။ ပြစ်မှုထင်ရှားတာကြောင့် ထိန်ချန်သစ်လုံးရေ တန်ဖိုးရဲ့ နှစ်ဆ ဒဏ်ငွေ (၂၃) သိန်း ပေးဆောင်ဖို့ လွှတ်တော်က အမိန့်ချမှတ်တယ်။ ဘုံဘေဘားမားသစ်ကုမ္ပဏီက အမိန့်ကိုလေးစားလိုက်နာခြင်း မရှိတာကြောင့် ပထမအရစ် အချိန်မီမပေးရင် ကုမ္ပဏီပိုင်ဆင်နဲ့ သစ်တောထွက်ပစ္စည်းကို သိမ်းယူမည်ဖြစ်ကြောင်း ပြန်ကြားခဲ့တယ်။ ၁၈၈၅ စက်တင်ဘာလမှာ သစ်ဖောင်နဲ့ ဆင်များသိမ်းယူခဲ့တယ်။ ထိုအခါ ဗြိတိသျှတို့က ကျန်ရှိနေတဲ့ အထက်မြန်မာနိုင်ငံကို အပြီးသတ်သိမ်းယူဖို့ ဆုံးဖြတ်လိုက်တော့တယ်။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က (၁၈၈၅) အောက်တိုဘာ (၂၂) ရက်မှာ အချက် ခြောက်ချက်ပါ ရာဇသံကိုပေးပို့လိုက်တယ်။ သီပေါမင်းဟာ ဝန်ကြီးများပါဝင်တဲ့ အစည်းအဝေးခေါ်ပြီး နိုဝင်ဘာ (၆) ရက်မှာ ပြန်ကြားစာပို့ခဲ့တယ်။ ဗြိတိသျှတို့က တောင်းဆိုချက်ကို လိုက်လျော မရှိဆိုကာ (၁၅) ရက် နိုဝင်ဘာမှာ အထက်မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်ဖို့ အမိန့်ထုတ်လိုက်တယ်။ ဒါပေမဲ့ နိုဝင်ဘာ (၇) ရက်ကပင် ပရင်ဒါဂတ်ရဲ့ တပ်များ မန္တလေးကို ကြိုတင်ရောက်နေလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းဟာ အင်္ဂလိပ်ကိုတိုက်ဖို့ စစ်ကြောင်း သုံးကြောင်းခွဲပြီး နိုဝင်ဘာ (၁) ရက်မှာ ချီတက်စေခဲ့တယ်။ (၁) အောက်မြစ်စဉ် လှေသင်းအတွင်းဝန် ဦးရွှေမောင် ဦးစီး၊ (၂) တောင်တွင်းကြီးစစ်ကြောင်း မြို့တော်ဝန်ဦးချို ဦးစီး၊ (၃) တောင်ငူစစ်ကြောင်း ရွှေလုံဗိုလ်ဦးချက်တို့ ဦးစီးစေကာ ချီတက်စေခဲ့တယ်။ မင်းလက်ဝါးက နောက်ကြောင်းအင်အားဖြည့် အရန်တပ်အဖြစ် မင်းလှခံတပ်တစ်ပိုက်မှာ နေရာယူခဲ့တယ်။

နိုဝင်ဘာ (၁၃) မှာ ပရင်ဒါဂတ်အဖွဲ့ သရက်မြို့မှာ စုရုံးပြီး သင်္ဘော လေးစင်းနဲ့ နိုဝင်ဘာ (၁၄) မှာ ဆန်တက်တယ်။ စစ်အောင်ခန့် ခံတပ်မှာ တိုက်ပွဲဖြစ်တယ်။ မြန်မာသင်္ဘောနဲ့ အီတလီ အင်ဂျင်နီယာ အင်္ဂလိပ်လက်အောက် ကျရောက်လေတယ်။ နိုဝင်ဘာ (၁၆) ထူးပေါက်ခံတပ် အင်္ဂလိပ်တို့က သိမ်းတယ်။ နိုဝင်ဘာ (၁၇) ပွေးချောင်းခံတပ်ကျတယ်။ မင်းလှခံတပ်တိုက်ပွဲ ပြင်းထန်တယ်။ နှစ်ဖက်လုံး အကျအဆုံးများတယ်။ နိုဝင်ဘာ (၁၉) ညောင်ဦးအနီး မြန်မာခံကတုတ်နဲ့ တိုက်ပွဲဖြစ်တယ်။ မိုးသည်းထန်တာကြောင့် ရပ်ပြီး နိုဝင်ဘာ (၂၄) ရက်မှာ မြင်းခြံအနီး လှေသင်းအတွင်းဝန်တပ်နဲ့ တိုက်ပွဲဖြစ်တယ်။ မြန်မာတို့အရေးနိမ့်ကြောင်း ကြေးနန်းပို့တဲ့အခါ နိုဝင်ဘာ (၂၅) မှာ သီပေါမင်းအရေးပေါ် အစည်းအဝေးခေါ်တယ်။ နိုင်ဝင်ဘာ (၂၆) ရက်မှာ ကျောက်မြောင်းဝန်ဦးရွှေအိုးနဲ့ ဝက်မစွတ်ဝန်ထောက် ဦးလတ်ကို လွှတ်ကာ ကင်းဝန်မင်းကြီးရဲ့စာကို ပရင်ဒါဂတ်ရှိရာ ရွှာသစ်ကြီးကို သွားပေးရတယ်။ စစ်ရပ်စဲဖို့ မေတ္တာရပ်ခံစာဖြစ်တယ်။ ပရင်ဒါဂတ်က မန္တလေးထိချီဖို့ အမိန့်ပါရှိတာကြောင့် မြန်မာဘုရင်လက်နက်ချခြင်းရှိမရှိ နိုဝင်ဘာ (၂၇) အကြောင်းပြန်စေတယ်။ အကြောင်းပြန်ချက်မရတာကြောင့် အင်္ဂလိပ်ရေတပ်စု ဆက်ချီတက်ခဲ့တယ်။ အင်းဝသပြေတန်းခံတပ်နဲ့ စစ်ကိုင်းခံတပ်က လက်နက်ချဖို့ ငြင်းဆန်ခဲ့တယ်။ လွှတ်တော်ဘုရင့်အမိန့်တော် ကြေးနန်းစာပို့ပေးခဲ့တယ်။ အင်္ဂလိပ်တပ် မန္တလေးကို ချီခဲ့တယ်။ အင်္ဂလိပ်တပ်မန္တလေးမြို့အနီး ချဉ်းကပ်လာချိန်မှာ ကင်းဝန်မင်းကြီးဆင်စီးကာ ကာနယ်စလေဒင်နဲ့ လာရောက်တွေ့ဆုံတယ်။ နောက်နန်းတွင်းသို့ အတူဝင်ခဲ့တယ်။ ကာနယ်လေဒင်ဟာ သီပေါမင်း လက်နက်ချကြောင်း ပရင်ဒါဂတ်ထံ အကြောင်းကြားခဲ့တယ်။ နိုဝင်ဘာ (၂၉) ရက်မှာ ဗြိတိသျှစစ်ကြောင်း သုံးကြောင်းခွဲပြီး နန်းတွင်းသို့ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေရာယူကြတယ်။ ညနေ (၃) နာရီခွဲခန့်မှာ ဘီရိုလှည်း နှစ်စီးဖြင့် သီပေါမင်းနဲ့မိသားစု ဂေါဝိန်ဆိပ်မှာ ဆိုက်ကပ်ထားတဲ့ သူရိယသင်္ဘောပေါ်သို့ ခေါ်ဆောင်သွားတယ်။ နိုဝင်ဘာ (၃၀) ရန်ကုန်က စတင်ထွက်ခွာလေတယ်။

၁၈၈၅ ခု ဒီဇင်ဘာ (၁၅) မှာ သီပေါမင်းမိသားစု အိန္ဒိယ မဒရပ်မြို့ ရောက်တယ်။ (၁၅) နှစ်ခန့် မဒရပ်မှာစံပြီး (၁၉၁၀) ခုမှာ ရတနာဂီရိသို့ ပြောင်းရွှေ့ခဲ့တယ်။ (၁၉၁၆) ခု၊ ဒီဇင်ဘာ (၁၂) ရက်မှာ သီပေါမင်း နတ်ရွာစံလေတယ်။ ကွယ်လွန်ချိန်မှာ သက်တော် (၅၇) နှစ် ရှိလေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# စစ်သူကြီးမဟာဗန္ဓုလ

ကလေးတို့ရေ…

မြန်မာ့သမိုင်းမှာ သူရဲကောင်းစစ်သူကြီးတွေများစွာ ရှိကြတယ်။ အဲဒီအထဲမှာ မဟာဗန္ဓုလလည်း ပါလေတယ်။

မဟာဗန္ဓုလကို ဘိုးတော်ဘုရား (ဗဒုံမင်း) နန်းတက်တဲ့နှစ် (၁၈၁၀) ခုနှစ်၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်ထဲက ငပုရင်းရွာကလေးမှာ မွေးဖွားခဲ့တယ်။ ငယ်မည်မောင်ရစ်လို့ ခေါ်တယ်။ မိဘများကတော့ သာမန်ဆင်းရဲသူတွေပါပဲ။ မောင်ရစ်ငယ်စဉ်တည်းက ဖခင်ကွယ်လွန်သွားတာကြောင့် မိခင်ကိုကူညီပြီး တောမလေ့ကျရာ လုပ်ကိုင်ရလေတယ်။ နောက်ပိုင်းမှာတော့ အမရပူရမြို့တော်မှာ တံခါးမှူးလုပ်နေတဲ့ အဘိုးတော်စပ်သူထံ အလုပ်အကိုင်ရှာဖွေဖို့ ရောက်ခဲ့လေတယ်။

မောင်ရစ်ဟာ ငယ်စဉ်တည်းက တိုက်ရေးခိုက်ရေး စစ်မှုရေးရာကို ဝါသနာပါခဲ့တယ်။ မောင်ရစ်ရဲ့အဘိုးက သူ့ကိုအိမ်ရှေ့မင်းထံမှာ အပ်ပေးခဲ့တယ်။ အိမ်ရှေ့မင်းဟာ စစ်မှုရေးရာကို ထက်သန်သူဖြစ်တာမို့ မောင်ရစ်ကံကောင်းတယ်ဆိုရမယ်။

အိမ်ရှေ့မင်းဟာ ဘိုးတော်ဘုရားရဲ့သားတော်ဖြစ်ပြီး ရွှေတောင်စားလို့ ကျော်ကြားလေတယ်။ မောင်ရစ်ဟာ ဘာပဲလုပ်ရလုပ်ရ တက်တက်ကြွကြွနဲ့ ထက်ထက်သန်သန် လုပ်ကိုင်တာကြောင့် အသက် (၂၄) နှစ်ရွယ်မှာ အိမ်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ကိုယ်ရံတော် ဖြစ်ခဲ့တယ်။ မောင်ရစ်ဟာ စစ်ရေးသေနင်္ဂဗျူဟာ အတတ်ကို စာတွေ့လက်တွေ့ အပတ်တကုတ်သင်ယူတယ်။ အိမ်ရှေ့မင်း အားကိုးရတဲ့သူတစ်ယောက် ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ အိမ်ရှေ့မင်း (၁၈၀၈) ၂မှာ အနိစ္စရောက်ခဲ့လေတယ်။

အိမ်ရှေ့မင်းဦးပေါ်ဆုံးတော့ စစ်ကိုင်းမြို့စားမင်းသားက အိမ်ရှေ့အရာကို ဆက်ခံခဲ့ရတယ်။ ဘိုးတော်ဘုရားကွယ်လွန်တဲ့အခါ အသက် (၃၅) နှစ် ရှိပြီဖြစ်တဲ့ အိမ်ရှေ့မင်းစစ်ကိုင်းမင်းသားက ထီးနန်းဆက်ခံလေတယ်။ မောင်ရစ်ဟာ စစ်ကိုင်းမင်း (ဘကြီးတော်မင်း) ထံမှာ ကိုယ်ရံတော်အဖြစ် အမှုထမ်းရတယ်။

ဘကြီးတော်မင်းလက်ထက်ဟာ ဥရောပသားတို့ ပိုမိုခြေရှုပ်လာတဲ့ အချိန်ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အနောက်ဘက် အိန္ဒိယနိုင်ငံတွင်းမှာ အင်္ဂလိပ်နဲ့ ပြင်သစ်တို့ဟာ အပြိုင်နယ်ချဲ့နေကြတယ်။ မြန်မာနိုင်ငံရဲ့ ဩဇာခံဖြစ်တဲ့ မဏိပူရအရေးအခင်းကလည်း အင်္ဂလိပ်တို့ သွေးထိုးပေးလို့ အခြေအနေပိုဆိုးလာတယ်။ ဘိုးတော်ဘုရားလက်ထက် နန်းတင်ပေးခဲ့တဲ့ မဏိပူရစားမာဂျစ်ဆင်းဟာ ဘကြီးတော်နန်းတက်တဲ့အခါ လက်ဆောင်ဆက်ခြင်း၊ ခစားခြင်းမရှိလေဘူး။ ဒါ့ကြောင့် (၁၈၁၉) ခုနှစ်မှ စစ်ကိုင်းမင်းညီတော် သတိုးမင်းရဲကျော်ထင်ကို ဗိုလ်ချုပ်ခန့်ကာ တပ်တော်များချီလေတယ်။ မဏိပူရချီတပ်မှာ အလုံဝန်ကြီးမဟာဗန္ဓုလက လက်ဝဲကြောင်းစစ်ကဲမင်းကြီးမင်းခေါင်ကျော်က လက်ျာကြောင်း စစ်ချီကြလေတယ်။ မဏိပူရတစ်မြို့လုံး သိမ်းနိုင်ခဲ့တယ်။ အစောင့်အနေခန့်ပြီး ပြန်ခဲ့ကြတယ်။

အာသံအရေးမှာလည်း ဘိုးတော်ဘုရားလက်ထက် နန်းတင်ပေးခဲ့တဲ့ စန္ဒရကန္တရှိန်ဟာ သစ္စာဖောက်ပြီး အင်္ဂလိပ်အကူအညီတောင်းကာ ပုန်ကန်ဖို့ ကြံစည်လေတယ်။ စစ်ကိုင်းမင်း (ဘကြီးတော်) သိတဲ့အခါ မင်းကြီးမဟာဗန္ဓုလကို ဗိုလ်မှူးခန့်ပြီး ချီတက်လုပ်ကြံစေတယ်။ စန္ဒရကန္တရှိန်တပ်နဲ့ တိုက်ပွဲဖြစ်ရာမှာ စန္ဒရကန္တရှိန် မခံနိုင်ဘဲ အင်္ဂလိပ်ပိုင်နက်ထဲ ဝင်ပြေးတယ်။ ပြန်ပေးဖို့တောင်းဆိုရာမှာ အင်္ဂလိပ်နဲ့ မသင့်မတင့် ဖြစ်ရတယ်။ မဟာဗန္ဓုလဟာ အာသံစော်ဘွားကို အသစ်ခန့်ထားခဲ့တယ်။ ဗိုလ်မှူးမင်းဘကြီး မဟာ

www.burmeseclassic.com

www.burmeseclassic.com



သီလဝကို အစောင့်အနေထားပြီး ပြန်ခဲ့တယ်။ နေပြည်တော်ပြန်ရောက်တဲ့အခါ မဟာဗန္ဓုလကို အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်အပ်တယ်။

ရှင်မဖြူကျွန်းအရေးမှာ မဟာဗန္ဓုလဟာ ရခိုင်ချီတပ်မတော်ကြီး ဖွဲ့စည်းပြီး မြဝတီမင်းကြီးဦးစ ဦးစီးတဲ့ ရှေ့ပြေးတပ်တွေကို ရခိုင်ပြည်နတ်မြစ်ဝ အရောက်ချီစေခဲ့တယ်။ မဟာဗန္ဓုလ ရခိုင်ဘက်ကို ကူးခဲ့တာဟာ မင်းကူးခရိုင် ဆင်ဖြူကျွန်းမှာ တပ်တစ်ထောင်နားပြီး ကူးခဲ့တာဖြစ်တယ်။ တပ်တွေ စနစ်တကျဖွဲ့၊ ရိက္ခာထောက်တပ်တွေကိုစီစဉ် စတဲ့စီမံခန့်ခွဲမှုတွေလုပ်ပြီးမှ ရခိုင်ရိုးမကိုဖြတ်ပြီး ချီတက်ခဲ့တယ်။

အင်္ဂလိပ်တို့က ပန်းဝါနဲ့ စစ်တကောင်းမှာ တပ်တွေအသင့်ထားတယ်။ ရခိုင်ကိုရောက်တဲ့အခါ မဟာဗန္ဓုလရဲ့တပ်မတော်ကြီးနဲ့ မဟာသီဟသူရ (မြဝတီမင်းကြီး) တပ်ပေါင်းပြီး နယ်စပ်အထိ ချီတက်သွားတယ်။ အင်္ဂလိပ်တို့က ပန်းဝါမရောက်ခင် ဆီးကြိုတိုက်တယ်။ မြန်မာတပ်က အရေးသာတယ်။ အချက်အချာကျတဲ့ တောင်ကုန်းတွေမှာ တပ်စွဲပြီးနေရာယူပြီး ဖြစ်တယ်။ ညပိုင်းမှာ အင်္ဂလိပ်တပ်တွေကို မြန်မာတပ်က (၃) နာရီကြာ အပြင်းအထန်တိုက်ခဲ့တယ်။ ဗိုလ်ကြီးနော်တင်ဦးစီးတဲ့ အင်္ဂလိပ်တပ်ဟာ ညတွင်းချင်းပန်းဝါကို ပြန်ဆုတ်သွားရတယ်။ မြန်မာတပ်က လက်နက်အများအပြား ရလိုက်တယ်။

နောက်ထပ်တိုက်ပွဲတွေ ဆက်ဖြစ်တယ်။ တိုက်ပွဲအပြီးမှာ အင်္ဂလိပ်ဘက်က ကပ္ပတိန်နော်တင်၊ ကပ္ပတိန် ထရူးမင်း၊ ကပ္ပတိန်ပရင်ဂလေး၊ ဗိုလ်ဂရစ်၊ ဗိုလ်ဆင်းနက်၊ လက်ထောက်ဆရာဝန် ပေစမိုးတို့ ကျလေတယ်။ အင်္ဂလိပ်တပ်တွေ ပန်းဝါကနေ စစ်တကောင်းထိ အကျအဆုံးများစွာနဲ့ ဆုတ်ရလေတယ်။

အင်္ဂလိပ်တပ်တွေဆုတ်တော့ မဟာဗန္ဓုလက မဟာသီဟသူရကို စစ်တကောင်းထိ အင်္ဂလိပ်ကို လိုက်မတိုက်ရလို့ အမိန့်ပေးတယ်။ အမြော်အမြင်ကြီးစွာနဲ့ အမိန့်ပေးတာပါပဲ။ မဟာဗန္ဓုလ ကြိုတင်တွေးခေါ်တဲ့အတိုင်း မဟာဗန္ဓုလတပ် အနောက်ရိုးမတစ်ဘက်မှာရှိနေစဉ် အင်္ဂလိပ်ရေတပ်က ရန်ကုန်ဝင်သိမ်းလေတယ်။ မေဂျာကင်းဘဲ ရွှေတိဂုံမှာ တပ်စွဲလေတယ်။

မဟာဗန္ဓုလဟာ မိုးဖြိုင်ဖြိုင်ကျနေတဲ့ ဇွန်၊ ဇူလိုင်လို အချိန်မျိုးမှာ သူ့တပ်နဲ့တကွ လက်နက်ရိက္ခာများ သယ်ပိုးပြီး ရခိုင်ရိုးမကျော်ကာ ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆုတ်ခဲ့တယ်။ တပ်များကို ဆင်ဖြူကျွန်းမှာထားပြီး မဟာဗန္ဓုလ နေပြည်တော်ပြန်ကာ ဘကြီးတော်မင်းတရားနဲ့ တွေ့လေတယ်။ အဲဒီနောက် လူသူစုဆောင်းပြီး ဆင်ဖြူကျွန်းက တပ်နဲ့ပေါင်းကာ ရန်ကုန်ဘက်ကို စုန်ဆင်းခဲ့တယ်။ ဒီဇင်ဘာလဆန်းတာနဲ့ ရွှေတိဂုံတပ်စွဲထားတဲ့ အင်္ဂလိပ်တပ်ကို မဟာဗန္ဓုလတပ်က ထိုးစစ်ဆင်လေတယ်။ အလွန်ပြင်းထန်းတဲ့ တိုက်ပွဲတွေ ဖြစ်တယ်။

မြန်မာတပ်အကျအဆုံးများတာကြောင့် မဟာဗန္ဓုလဟာ အချက်အချာကျတဲ့ ဓနုဖြူမြို့ထိ စစ်ဆုတ်လေတယ်။ ဓနုဖြူခံတပ်ကို စနစ်တကျ စီမံပြီး မဟာဗန္ဓုလက ခံစစ်တိုက်ဖို့ ပြင်ဆင်တယ်။ အင်္ဂလိပ်တပ်များက ဓနုဖြူခံတပ်ရဲ့ အပြင်ဘက်ပိုင်းက အရန်တပ်များကို ဝင်ရောင်စီးနင်းတယ်။ မြန်မာ ဘက်မှာ လက်နက်အင်အားနည်းပေမယ့် ရှုပ်ရှုပ်ချွံချွံ တိုက်ကြတယ်။

တစ်နေ့မှာ တပ်မှူး၊ စစ်ကဲတွေနဲ့ တိုင်ပင်နေတုန်း မဟာဗန္ဓုလအနီးဗုံးတစ်လုံးကျလို့ မဟာဗန္ဓုလကျဆုံးလေတယ်။ ခရစ်နှစ် (၁၈၂၅) ခုနှစ်ဖြစ်တယ်။

❑

www.burmeseclassic.com

## ယောမင်းကြီး ဦးဘိုးလှိုင်

ကလေးတို့ရေ…

ပဒေသရာဇ်ခေတ်မှာ ယောမင်းကြီးဦးဘိုးလှိုင်ဟာ မင်းလိုလိုက် မင်းကြိုက် မဆောင်ဘဲ မှန်ရာကို ရဲရဲဝံ့ဝံ့တင်ပြရဲတဲ့ နှလုံးရည်ထက်မြက်သူတစ်ဦး ဖြစ်တယ်။

ဦးဘိုးလှိုင်ကို ၁၈၂၉ ဧပြီ (၂) ရက် မှာ မြင်းခြံမြို့အထက်၊ ရွာပုလဲ ရွာမှာ ဖွားမြင်ခဲ့တယ်။ အဖမှာ ယင်းတောဝန်ကြီး ဦးတုတ်ကြီး ဖြစ်တယ်။ သာယာဝတီမင်းစိတ်နောက်စဉ်မှာ အသတ်ခံခဲ့ရတယ်။ အမိအမည်မှာ ဒေါ်ငြိမ်းဖြစ်တယ်။

ဦးဘိုးလှိုင် ငယ်စဉ်တည်းက မင်းတုန်းမင်းသားထံမှာ ခစားခဲ့တယ်။ မင်းတုန်းမင်းသားဘုရင်ဖြစ်တဲ့အခါ အရည်အချင်းအလျောက် သူကောင်းပြုခြင်းခံရတယ်။ မင်းတုန်းမင်းလက်ထက် အတွင်းဝန်ရာထူးနဲ့ တာဝန်ထမ်းဆောင်စဉ် ယောမြို့ကို စားရတယ်။ အသက် (၂၄) နှစ်ရွယ်မှာ မကွေးမြို့စားဝန်ကြီး သမီးခင်ဖြူနဲ့ ထိမ်းမြားလက်ထပ်ခဲ့တယ်။ ဦးဘိုးလှိုင်ဟာ မင်းတုန်းမင်းလက်ထက်ကနေ သီပေါမင်းလက်ထက်တိုင် အတွင်းဝန်၊ မြို့စား အတိုင်ပင်ခံပညာရှိစသဖြင့် အမှုထမ်းရွက်ခဲ့တယ်။

ဦးဘိုးလှိုင်ဟာ မှန်ရာကို ရဲရဲဝံ့ဝံ့တင်လျှောက်တတ်တယ်။ ရာထူးစည်းစိမ်ကိုလည်း မငဲ့လေဘူး။ ဒါ့ကြောင့် သုံးကြိမ်ထက်မနည်း ရာထူးချခံခဲ့ရတယ်။ တစ်ခါမှာ ဦးဘိုးလှိုင်က "ဗျစ်ရည်သည် ဆေးခါးကြီးနှင့်တူသည်"

www.burmeseclassic.com



လို့ ဆိုလိုက်တယ်။ ဘီယာသောက်တာ အပြစ်မရှိလို့ ဆိုလိုတယ်။ မလိုသူတို့က ဦးဘိုးလှိုင်ဟာ သေရည်သေရက်သောက်စားအောင် လှုံ့ဆော်တယ်လို့ မလိုတမာ ပြောတာကြောင့် အကျယ်ချုပ်ကျကာ ရာထူးချခြင်း ခံခဲ့ရတယ်။ ဒါပေမဲ့ အရည်အချင်းရှိသူမို့ ခြောက်လကြာမှာ ရာထူးပြန်ပေးခဲ့တယ်။ တစ် ခါမှာတော့ သမီးနှမ စသည်ပေးပြီး အခွင့်အရေးယူတဲ့ အမှုထမ်းတစ်ဦးကို မင်းတုန်းမင်းကြီး အရေးပေးတာကြောင့် မသင့်ကြောင်း မင်းကြီးကို ဦးဘိုးလှိုင် သတိပေးခဲ့တယ်။ နောက်ဆုံး သတိပေးမရတာနဲ့ မှူးမတ်စုံညီရှေ့မှာ "အစ်မ၊ နှစ်မ သမီးကကို၊ စ၍ ဆက်နှင်းလက်ဆောင်သွင်း၍၊ စိုးမင်း ချစ်မြတ် ထိုအမတ်သည် အတတ်မရှိ၊ သတိကင်းကွာ၊ ဘုန်းကြီးလှာမူ။ ပြည်ရွာပျက် ကြောင်း တစ်ပါးတည်း" လို့ လျှောက်တင်လိုက်တယ်။

မင်းတုန်းမင်းကြီးဟာ အမျက်ပြင်းစွာထွက်ပြီး လှံကိုကောက်ကိုင်ကာ "သည်လှံနဲ့ငါ့ဖမည်းတော် စီရင်လို့ နင့်အဖ ယင်းတောဝန်ကြီး သေခဲ့တယ် မဟုတ်လော။ သည်လှံနဲ့ မောင်မင်းကို စီရင်ခြင်းခံလိုသလား" လို့ မေးလိုက်တယ်။ ထိုအခါ ဦးဘိုးလှိုင်က "ထိုးတော်မူပါဘုရား" ဆိုကာ ရင်ကိုကော့ပေးလေတယ်။ မင်းတုန်းမင်းကြီး စိတ်မာန်ချကာ အတွင်းဝင်လေတယ်။

ထိုအခါ အခြားမှူးမတ်များက "ဝန်ကြီးမင်းမလဲ ရဲပဲရဲလွန်းသဗျာ" လို့ ပြောကြတယ်။ ထိုအခါ ဦးဘိုးလှိုင်က "ကျွန်ုပ်အဖို့ လှံနဲ့ထိုးလို့သေရခြင်းက မြတ်ပါတယ်။ နေရာတိုင်း မင်းလိုလိုက်တင်ရင် မကောင်းမှုဖြစ်ပွားကာ နိုင်ငံပျက်စီးခြင်း ရောက်ရတတ်ပါတယ်။ ထိုနာမည်မျိုးကျန်ခဲ့ရင် သေရကျိုးမနပ်။ လူအပေါင်း နှာခေါင်းရှုံ့ကြမယ်။ မှူးမတ်ဆိုတဲ့အတိုင်း အကြီးအမှူးဖြစ်ရမယ်။ တည့်တည့်မတ်မတ်ဖြစ်အောင် စီမံခန့်ခွဲကာ လျှောက်တင်စရာရှိ ရဲရဲတင်းတင်း တင်ရမယ်။ ဒါမှ မှူးမတ်နဲ့တူမယ်" လို့ ပြန်ပြောလေတယ်။ ဤသို့ဖြစ်ပြီး နောက်နေ့မှာ ဦးဘိုးလှိုင် အကျယ်ချုပ်နဲ့ ရာထူးချခြင်းခံရပြန်တယ်။

(၁၈၇၄) ခုနှစ်မှာ ပထ္ဌာမြား ဓာတ်သတ္တုတူးဖော်ရေးဆိုင်ရာ မြန်မာ-ပြင်သစ်စာချုပ်ကိစ္စ သံတမန်ရေးပေါ်တဲ့အခါ စကြာဒေဝီမိဖုရားကြီးရဲ့ အကြံပေးချက်အရ ဦးဘိုးလှိုင်ကို ပြန်ခေါ်ရပြန်တယ်။ အဆောင်အယောင် ပြန်ပေးလေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားတွင်းကိစ္စ ဦးဘိုးလှိုင်ကို မင်းတုန်းမင်းကြီး အပ်လေတယ်။ ဒါ့ကြောင့် ဦးဘိုးလှိုင်ဟာ ငမောက်ပတ္တမြား ခေတ္တငှားပြီး သံတမန်ဆောင် ပြင်သစ်သံတမန်တွေကို ဈေးဖြတ်ခိုင်းတယ်။ ပြင်သစ်ကိုယ်စားလှယ်တွေ ဈေးမဖြတ်နိုင်။ "ဒီလို ပတ္တမြားတစ်လုံးကိုတောင် တန်ဖိုးမဖြတ်နိုင်ရင် သည်လိုပတ္တမြားမျိုး မည်မျှထွက်မှန်းမသိနိုင်တဲ့ ပတ္တမြားတွင်းကို ဘယ်လို တန်ဖိုးဖြတ်မှာလဲ" ဆိုကာ အမှုကို ပြီးပြေအောင် ဆောင်ရွက်ခဲ့တယ်။

သီပေါမင်းလက်ထက်မှာ ဦးဘိုးလှိုင်ဟာ အတွင်းဝန်နဲ့ ဝန်ကြီးရာထူးများ ခန့်အပ်ခံရပြီး ဝက်မစွတ်မြို့စားအဖြစ် ပေးအပ်ခံရတယ်။ ဦးဘိုးလှိုင်ဟာ သက်ဦးဆံပိုင် ဘုရင်စနစ်အရ အုပ်ချုပ်မှုကို တော်လှန်ပြီး ပြည်သူ့အာဏာဖြင့် အုပ်ချုပ်မှုကို ကြိုဆိုတဲ့ "ရာဇဓမ္မသင်္ဂဟကျမ်း" ကို ရေးသားရာ ဘုရင်မနှစ်သက်လေဘူး။ "ဘုရင်မင်းမြတ်ဟာ အသုံးအဖြုန်းကြီးတယ်။ ဘဏ္ဍာတော်ဆိုတာ ဆင်းရဲသားတို့ချွေးနဲ့စာ ဖြစ်တယ်။ ကျောက်ခဲသလဲလို သဘောမထားသင့်"လို့ ဘဏ္ဍာရေးကို ကန့်သတ်ဖို့ ကြိုးပမ်းလေတယ်။ ဒါ့ကြောင့် မိဖုရားက "ငလှိုင်ပေးသရွေ့နဲ့ စားရမှာ လား။ ဒီလိုဆိုရင် ရှင်ဘုရင်တောင် မလုပ်ချင်ပါဘူး" လို့ဆိုတာကြောင့် သီပေါမင်းနားယောင်ကာ ဦးဘိုးလှိုင်ကို ရာထူးက ချလေတယ်။

ဦးဘိုးလှိုင်ဟာ မြန်မာ့သမိုင်းမှာ ယောအတွင်းဝန်၊ ယောမင်းကြီး၊ ရွှေပြည်ဝန်၊ ရွှေပြည်မင်းကြီး၊ ဝက်မစွတ်မြို့စား၊ မကွေးမြို့စားဝန့်ရှင်တော်မင်းကြီး၊ သတိုးမင်းကြီးမဟာ မင်းခေါင်သီဟသူစတဲ့ ဘွဲ့အမျိုးမျိုးနဲ့ ထင်ရှားလေတယ်။ ဦးဘိုးလှိုင်ဟာ ဆေးကျမ်း၊ ဂဏန်းကျမ်း၊ ဘာသာရေးကျမ်း၊ အလင်္ကာကျမ်းစသဖြင့် ကျမ်းပေါင်း (၁၄) ကျမ်း စာရင်းတွေ့ရလေတယ်။

ကနောင်မင်းသားကြီးရဲ့ စီမံကိန်းအရ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ နိုင်ငံများသို့ ပညာသင်လွှတ်တဲ့အထဲမှာ ဦးဘိုးလှိုင်ရဲ့ တပည့်များပါဝင်တယ်။ ထိုသူတို့ အကူအညီနဲ့ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်တို့ကို ကောင်းစွာလေ့လာ ဆည်းပူးနိုင်ခဲ့တယ်။ ဆီလျော်အောင်လည်း ပြန်ဆိုလေတယ်။ ဝါယာနုပဿနာကျမ်းဟာ အီတလီဘာသာနဲ့ရေးတဲ့ ခန္ဓာဗေဒကျမ်းကို ဗုဒ္ဓဘာသာတရားနဲ့ ယှဉ်ပြတဲ့ ကျမ်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလှိုင် ကွယ်လွန်ကာနီးတစ်လအလိုမှာ ငယ်သူချင်းဦးတူကို အိမ်မှာခေါ်ထားပြီး (၂) ယောက်သား ရှေးဟောင်းနှောင်းဖြစ်ပြော၊ တရားဆွေးနွေး၊ ရွှတ်ဖတ်ကြနဲ့ သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်သွားတယ်။ (၁၈၈၃) အသက် (၅၄) နှစ်ရွယ်မှာ ကွယ်လွန်လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ကင်းဝန်မင်းကြီး ဦးကောင်း

ကလေးတို့ရေ…

ကင်းဝန်မင်းကြီးဦးကောင်းဟာ မင်းတုန်းမင်း လက်ထက်ကော၊ သီပေါမင်း လက်ထက်မှာပါ မင်း နှစ်ဆက် အမှုထမ်းခဲ့သူ ဖြစ်တယ်။ ပညာအရည်အချင်း ရှိပြီး မြော်မြင်ဉာဏ်ရှိသူ ဖြစ်တယ်။ နိုင်ငံတကာ အတွေ့အကြုံရှိသူလည်း ဖြစ်တယ်။ သီပေါမင်းပါတော်မူတဲ့အရေးမှာ အထင်လွဲမှုခံရလေတယ်။

ဦးကောင်းကို မုံရွာခရိုင်၊ ဆင်ဖြူမြို့နယ်အတွင်းရှိ မုန်တိုင်ပင်ရွာမှာ သွေးသောက်ကြီးဦးမှိုနဲ့ ဒေါ်နှင်းဆီတို့က (၁၈၂၂) ခု ဖေဖော်ဝါရီ (၃) ရက်တွင် ဖွားမြင်ခဲ့တယ်။ (၁၈၄၉) ခုနှစ်မှာ အမရပူရမြို့ ဗားကရာတိုက်တွင် ရဟန်းဝတ်ခဲ့တယ်။ ဘွဲ့မည်ဦးအာသဘ ဖြစ်တယ်။ ရဟန်းဝတ်ရာမှ လူထွက်ပြီး မင်းတုန်းမင်းသား အိမ်တော်မှာ အမှုထမ်းခဲ့တယ်။

(၁၈၅၃) ခုနှစ် မင်းတုန်းမင်းနန်းတက်တဲ့အခါ "မင်းလှသီခ်သူ" ဘွဲ့ဖြင့် ရွာသစ်ကြီးရွာစား ရွှေတိုက်စိုး ဖြစ်လာတယ်။ အဲဒီနောက် သပြေငါးရွာစား အမှုတော်ရေး၊ (၁၈၅၇) ခုနှစ်မှာ "မဟာမင်းကျော်စည်သူ" ဘွဲ့ဖြင့် လွှတ်တော်စာရေးကြီးရာထူးများ ရရှိခဲ့တယ်။

(၁၈၅၉) ခုနှစ် ရတနာပုံမြို့တော်တည်စဉ်က ဦးကောင်းဟာ လွှတ်တော်စာရေးကြီးအဖြစ် အမှုထမ်းဆဲ ဖြစ်တယ်။ (၁၈၆၁) ခုနှစ်မှာ အလုံမြို့ဝန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး (၁၈၆၅) မှာ တောင်ငူ၊ ရမည်းသင်း နှစ်မြို့ အခွန်ဝန်ဖြစ်လေတယ်။ (၁၈၈၆) ခုနှစ်မှာတော့ "မင်းကြီးမဟာစည်သူ" ဘွဲ့ခံဝန်ထောက်ဖြစ်လာခဲ့တယ်။ (၁၈၇၀) ပြည့်နှစ်မှာ ကင်းဝန်ရာထူးပါ ပူးတွဲထမ်းရွက်ရတာကြောင့် ကင်းဝန်တော်လို့ အမည်တွင်ခဲ့တယ်။ ထိုစဉ်ကပင် ကင်းဝန်မင်းကြီးလို့ ထင်ရှားလာလေတယ်။

ဥရောပနိုင်ငံများကို မသွားရောက်ခင် (၁၈၇၂) ခုမှာ ကင်းဝန်ထောက် ဦးကောင်းအား "မင်းကြီးမဟာစည်သူ" ဘွဲ့ဖြင့် ဝန်ကြီးအရာတိုးမြှင့် ခန့်ထားလေတယ်။ (၁၈၇၄) ခုမှာ သတိုးဘွဲ့ဖြည့်စွက်ပေးခဲ့တယ်။ (၁၈၇၅) ခု လယ်ကိုင်းမြို့စား အရာပေးအပ်ခံရတယ်။

သီပေါမင်းလက်ထက်မှာ "သတိုးသုဓမ္မမဟာသက်တော်ရှည်" ဘွဲ့ဖြင့် ဝန်ကြီးအရာဆက်လက်ခန့်ထားခံရတယ်။ သီပေါမင်းပါတော်မူပြီးနောက် ကင်းဝန်မင်းကြီးဦးကောင်းဟာ ဗြိတိသျှအစိုးရလွှတ်တော်မှာ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့တယ်။

ကင်းဝန်မင်းကြီးမှာ ဝန်ကတော် နှစ်ဦးရှိခဲ့တယ်။ ပထမဝန်ကတော် ဆင်ကျွန်သခင်မှာ တရားသူကြီး ဦးဘိုရဲ့ဇနီးဟောင်းဖြစ်တယ်။ ဒုတိယဝန်ကတော်မှာ အလုံမြို့ဝန်အဖြစ် အမှုထမ်းစဉ် လက်ဆက်ခဲ့တဲ့ အလုံမြို့သူကြီးရဲ့နှမ ဒေါ်ရွှေမေဖြစ်တယ်။

ပါတော်မူအရေးမှာ ဦးကောင်းအလိမ်ခံရတယ်လို့ တချို့က ဆိုတယ်။ ညောင်ရမ်းမင်းသား (၁၈၈၅) ခုနှစ်ဦးက ကာလကတ္တားမှာ ကွယ်လွန်ခဲ့တာကို အင်္ဂလိပ်က ဖုံးထားတယ်။ အထက်မြန်မာနိုင်ငံကို ပရင်ဒါဂတ်စစ်တပ်တက်တဲ့အခါ အင်္ဂလိပ်က ညောင်ရမ်းမင်းသားကို နန်းတင်မယောင်ယောင်၊ ညောင်ရမ်းမင်းသား အင်္ဂလိပ်တပ်နဲ့ တစ်ပါတည်းပါလာသယောင် သတင်းလွှင့်ခဲ့တယ်။ အဲဒီသတင်းကို ယုံကြည်ပြီး ဦးကောင်းက မြင်းခြံအထက် အင်္ဂလိပ်တပ်ရောက်တဲ့အခါ မြန်မာရဲ့မက်တွေကို မခုခံကြဖို့ ကြေးနန်းအမိန့် ထုတ်ခဲ့တယ်။

အမြော်အမြင်ရှိတဲ့ မင်းနဲ့ အုပ်ချုပ်ရေးကို ဦးကောင်းလိုလားတာ အမှန်ဖြစ်တယ်။ ရေနံချောင်းဝန်ကြီး ဦးစို၊ မကွေးဝန်ကြီး ဦးဘိုးလှိုင်စတဲ့ မှူးမတ်တို့ကလည်း ဦးကောင်းနဲ့ စိတ်တညီတည်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရအုပ်ချုပ်ရေးစနစ်ချပြီး နိုင်ငံငြိမ်ဝပ်ပိပြားရေးကို စီမံလေတယ်။ ထိုကိစ္စများကို ဆောင်ရွက်ဖို့ ဂုဏ်ဒြပ်ရှိတဲ့ ဦးကောင်းနဲ့ပုဂ္ဂိုလ်အချို့ရဲ့ အကူအညီကိုတောင်းခံတဲ့အခါ ဦးကောင်းငြင်းပယ်အား မရှိတော့ပေ။

ဒါ့ကြောင့် ဦးကောင်းဟာ တောင်ခွင်ဝန်ကြီးဟောင်း ဦးသိုင်း၊ တိုင်တားဝန်ကြီးဟောင်း ဦးဖိုးတို့ ပါဝင်ပြီး ကာနယ်စလေဒင် ဥက္ကဋ္ဌလုပ်တဲ့ လွှတ်တော်ဟောင်းမှာ ဝိုင်းဝန်းကူညီခဲ့တယ်။ ၁၈၈၆ ခုနှစ်အတွင်း ဝန်းသိုစော်ဘွားဦးအောင်မြတ်က အင်္ဂလိပ်ကို ပုန်ကန်တဲ့အခါ ဦးကောင်းက အင်္ဂလိပ်ဘက်က ကိုယ်စားပြုပြီး ဝန်းသိုစော်ဘွားဦးအောင်မြတ်ကို စကားကမ်းလှမ်းခဲ့တယ်။ (၁၈၉၅) မှာ တရားဌာနချုပ်မင်းကြီးဘားဂျက်ရဲ့ မေတ္တာရပ်ခံချက်အရ (၃၆) စောင်တွဲ အမွေခန်းဓမ္မသတ်ကြီးနဲ့ (၃၄) စောင်တွဲ အိမ်မှုခန်း ဓမ္မသတ်ကြီး နှစ်တွဲကို ပြုစုပေးခဲ့တယ်။ (၁၈၉၇) ခုမှာ ဒုတိယဘုရင်ခံရဲ့ ဥပဒေပြုလွှတ်တော်၌ မင်းတိုင်ပင်အမတ်နေရာကို လက်ခံခဲ့တယ်။ ဦးကောင်းကျေးဇူး အင်္ဂလိပ်တို့အပေါ် ကြီးမားပေတယ်။

ဒါ့ကြောင့် အင်္ဂလိပ်အစိုးရက ဦးကောင်းကို စီအက်အိုင် (C.S.I) ဆိုတဲ့ အိန္ဒိယတာရာဘွဲ့တံဆိပ်ပေးရုံသာမက (၁၉၀၈) ခု ဦးကောင်းကွယ်လွန်တဲ့အခါလည်း ရုံးပိတ်ပေးပြီး အင်္ဂလိပ်စစ်ရဲ မြင်းတပ်ခြံရံပြီး ဘင်ခရာတီးကာ သာကဝန်ကျောင်းတိုက်အရောက် မသာပို့ခဲ့လေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# လွတ်လပ်ရေးဗိသုကာ

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်း

ကလေးတို့ရေ…

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမည်ကိုတော့ လူတိုင်းကြားဖူးကြပေလိမ့်မယ်။ မြန်မာနိုင်ငံကို ကျွန်ဘဝက လွတ်မြောက်အောင် ကြိုးပမ်းပြီး လွတ်လပ်ရေးရအောင် စွမ်းဆောင်ခဲ့တဲ့ စံပြုစရာခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ ဒါ့ကြောင့် အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဗိသုကာလို့ ဗိုလ်ချုပ်အောင်ဆန်းကို တင်စားဂုဏ်ပြုခေါ်ကြတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ မကွေးတိုင်း၊ နတ်မောက်မြို့ဇာတိ ဖြစ်တယ်။ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ (၁၃) ရက်၊ စနေသား ဖြစ်တယ်။ အမိန့်တော်ရ ရှေ့နေဦးဖာနဲ့ဒေါ်စုတို့ရဲ့သား ဖြစ်တယ်။ ဇာတာအမည် ထိန်လင်းဖြစ်ပေမယ့် သူ့အစ်ကိုကို အောင်သန်းလို့ မှည့်တာကြောင့် သူ့ကို "အောင်ဆန်း" လို့ အများကခေါ်ကြတယ်။

ငယ်စဉ်ကတည်းက ဘကြီးဦးမင်းဇင်နဲ့ အဘွားဒေါ်သူဇာတို့ရဲ့ ပြောပြချက်အရ မောင်အောင်ဆန်းရဲ့ အဘိုးတော်သူ ရွှေလရောင်ဘွဲ့ခံ ဦးမင်းရောင်အကြောင်း တစ်စွန်းတစ်စ သိခဲ့ရတယ်။ အဘိုးရဲ့သူ့ကျွန်မခံစိတ်ဓာတ်နဲ့ သတ္တိ အရည်အချင်းတွေကို ငယ်စဉ်ကပင် မောင်အောင်ဆန်း အားကျခဲ့ရတယ်။

မောင်အောင်ဆန်းဟာ ငယ်စဉ်က နတ်မောက်မြို့ ဆရာတော်ဦးသောဘိတကျောင်းမှာ နေခဲ့တယ်။ ၁၉၂၈ ခုနှစ်မှာ ရေနံချောင်း အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်းကို ပြောင်းရွှေ့ပညာသင်ခဲ့တယ်။ ၁၉၃၂ ခုနှစ်မှာ ထိုကျောင်းကနေ (၁၀) တန်းကို မြန်မာစာ၊ ပါဠိဘာသာတို့မှာ ဂုဏ်ထူးနဲ့အောင်ခဲ့တယ်။ ပညာထူးချွန်တာကြောင့် စကောလားရှစ်ဆုနဲ့ ဦးရွှေခိုဆုရခဲ့တယ်။ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ဆက်တက်ခဲ့တယ်။ ၁၉၃၅-၃၆ ပညာသင်နှစ်မှစပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂအမှုဆောင်ဖြစ်လာပြီး အိုးဝေမဂ္ဂဇင်းအယ်ဒီတာလည်း ဖြစ်ခဲ့တယ်။ ၁၉၃၆ တက္ကသိုလ်သပိတ်မှောက်ကောင်စီမှာ အဖွဲ့ဝင်ဖြစ်ခဲ့တယ်။ ၁၉၃၇ ခုမှာ ဝိဇ္ဇာတန်းအောင်မြင်ပြီး ဥပဒေဝိဇ္ဇာတန်းဆက် တက်ခဲ့တယ်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ အဆင့်ဆင့်ဖြစ်ခဲ့တယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌလည်း ဖြစ်ခဲ့တယ်။ ကျောင်းသားသပိတ်တွေမှာလည်း ဦးဆောင်ပါဝင်ခဲ့တယ်။

၁၉၃၈ ခု အောက်တိုဘာလမှာ တက္ကသိုလ်ကထွက်ပြီး တို့ဗမာအစည်းအရုံးဝင်ကာ သခင်အောင်ဆန်း ဖြစ်လာတယ်။ ၁၉၃၉ မှာ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ဖြစ်လာတဲ့အခါ မြန်မာ့လွတ်လပ်ရေးအတွက် စည်းစည်းလုံးလုံး ဆောင်ရွက်နိုင်ဖို့ "ဗမာ့ထွက်ရပ်ဂိုဏ်း" ဝင်ကာ အတွင်းရေးမှူး ဖြစ်ခဲ့တယ်။ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရန် ပေါ်ပေါက်ခဲ့တဲ့ "ပြည်သူ့အရေးတော်ပုံပါတီ" မှာလည်း ပြည်ပဆက်သွယ်ရေး တာဝန်ယူခဲ့တယ်။

၁၉၄၀ ပြည့် မတ်လအတွင်းမှာ အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့မှာ ကျင်းပတဲ့ အိန္ဒိယအမျိုးသား ကွန်ဂရက်ညီလာခံသို့ တက်ရောက်ခဲ့တယ်။ အင်္ဂလိပ်အစိုးရကလည်း ဆန့်ကျင်သူတွေကို တရကြမ်းဖမ်းနေတယ်။ ဟသ်ာတခရိုင် ရာဇဝတ်ဝန်ကလည်း သခင်အောင်ဆန်းကို ဖမ်းဝရမ်းထုတ်ခဲ့တယ်။ ဒါကြောင့် နယ်ချဲ့အစိုးရရဲ့ ဖမ်းဆီးမယ့်ဘေးကရှောင်ရင်း လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီရှာဖို့ သခင်အောင်ဆန်းနဲ့ သခင်လှမြိုင်တို့ ဩဂုတ်လအတွင်းမှာ တရုတ်နိုင်ငံသို့ ထွက်ခွာသွားခဲ့တယ်။ တရုတ်ပြည် အမွိုင်မြို့ကိုရောက်နေစဉ် မြန်မာနိုင်ငံက ရဲဘော်များရဲ့ဆောင်ရွက်ပေးမှုနဲ့ ဂျပန်အရာရှိ ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဆက်အသွယ်ရကာ ဂျပန်နိုင်ငံသို့ ရောက်သွားတယ်။ အဲဒီနောက် မြန်မာလူငယ် ရဲဘော် သုံးကျိပ်ကို ဂျပန်နိုင်ငံမှာ စစ်ပညာသင်ဖို့ စီစဉ်နိုင်ခဲ့တယ်။

ရဲဘော် (၃) ကျိပ် ဦးဆောင်ပြီး ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ထိုအချိန်မှစပြီး သခင်အောင်ဆန်းဟာ ဗိုလ်တေဇအဖြစ်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအဖြစ်လည်းကောင်း ထင်ရှားလေတယ်။ အဲဒီနောက် ဂျပန်တပ်တွေနဲ့ အတူ မြန်မာနိုင်ငံတွင်း ဝင်ခဲ့တယ်။ ဂျပန်တပ်မတော်က မြန်မာနိုင်ငံကိုသိမ်းပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) လို့ ပြင်ဆင်ဖွဲ့စည်းခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဘီဒီအေရဲ့ စစ်သေနာပတိ ဖြစ်လာတယ်။ ၁၉၄၂ စက်တင်ဘာလမှာ ဒေါ်ခင်ကြည်နဲ့ လက်ထပ်ခဲ့တယ်။

မြန်မာနိုင်ငံကို ဂျပန်က လွတ်လပ်ရေးပေးတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်ဝန်ကြီးနဲ့ စစ်သေနာပတိ ဖြစ်လာတယ်။ ဒါပေမဲ့ ဂျပန်ပေးတဲ့ လွတ်လပ်ရေးဟာ အတုဖြစ်တာကြောင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ကာ (ဖ·တ·ပ·လ) ကိုဖွဲ့ပြီး ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲခဲ့တယ်။ ဂျပန်ဖက်ဆစ်တွေကို ပြန်တိုက်လေတယ်။ အဲဒီနောက် (ဖတပလ) ကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး (ဖဆပလ) လို့ အတိအလင်း ကြေငြာပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌ ဖြစ်လာတယ်။

စစ်ပြီးတဲ့အခါ ကန်ဒီစာချုပ်အရ ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ကထွက်ပြီး နိုင်ငံရေးခေါင်းဆောင်အနေနဲ့ (ဖဆပလ) ကို ဦးဆောင်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဘုရင်ခံအမှုဆောင် ကောင်စီမှာ ရာထူးလက်ခံဖို့ ကမ်းလှမ်းခဲ့ပေမယ့် ဗိုလ်ချုပ်အောင်ဆန်း လက်မခံခဲ့ဘူး။ အဲဒီနောက် အထွေထွေသပိတ်ကြီး ပေါ်လာတယ်။ ဘုရင်ခံသစ် ဆာဟူးဘရန့်စ်က ဗိုလ်ချုပ်အောင်ဆန်းအလိုကျ အစိုးရဖွဲ့ဖို့ ကမ်းလှမ်းလေတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အဖွဲ့နဲ့တိုင်ပင်ပြီး လက်ခံလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၆ ခု စက်တင်ဘာ (၂၈) ရက်စပြီး ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီမှာ ဗိုလ်ချုပ်အောင်ဆန်း ဒုဥက္ကဋ္ဌဖြစ်လာတယ်။ နောက် ဗြိတိသျှအစိုးရရဲ့ ဖိတ်ကြားချက်အရ လွတ်လပ်ရေးအတွက် ဆွေးနွေးဖို့ ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာအဖွဲ့ကို ဦးဆောင်ပြီး (၁၉၄၇) ခု ဇန်နဝါရီလအတွင်းမှာ လန်ဒန်သို့ သွားရောက်ခဲ့တယ်။ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရေး "အောင်ဆန်းအက်တလီ" သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့တယ်။ သို့သော် တောင်တန်းဒေသကို အင်္ဂလိပ်က ချန်ထားလိုတာကြောင့် ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသပါ လွတ်လပ်ရေးပေးဖို့ တစ်လုံးတစ်စည်းတည်း တောင်းဆိုခဲ့တယ်။ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ပင်လုံညီလာခံကြီး ကျင်းပနိုင်အောင် စည်းရုံးဆောင်ရွက်ခဲ့တယ်။

အဲဒီလုပ်ငန်းများပြီးကာ လွတ်လပ်ရေးရဖို့ သေချာတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြမယ့် တိုင်းပြည်ပြုလွှတ်တော် လူထုဆန္ဒခံယူပွဲကြီးကို (၁၉၄၇) ခု ဧပြီလမှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။ ထိုသို့ လွတ်လပ်လာမယ့် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေကိစ္စများ ဆက်လက်ဆောင်ရွက်ဆဲမှာ လူမသမာတို့လက်ချက်ကြောင့် (၁၉၄၇) ခု၊ ဇူလိုင် (၁၉) ရက်မှာ လုပ်ကြံခံခဲ့ရလေတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြိုးပမ်းမှုကြောင့် (၁၉၄၈) ခု ဇန်နဝါရီလ (၄) ရက်နေ့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြေညာနိုင်ခဲ့တယ်။

ကြည်နိုင်
၈.၉.၂၀၁၅

❑

www.burmeseclassic.com

www.burmeseclassic.com

## စာကိုးစာရင်း

၁။ ဦးကုလားမဟာရာဇဝင်ကြီး (၃) တွဲ၊ ရာပြည့်စာပေ၊ ၂၀၀၆ ဩဂုတ်လ။
၂။ တွင်းသင်းရာဇဝင်သစ် (၃) တွဲ၊ (ဦးထွန်းညို-ရာပြည့်တိုက် ၂၀၁၂ ဖေဖော်ဝါရီ။
၃။ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (၇) တွဲ၊ (ဦးမောင်မောင်တင်) ရာပြည့် ၂၀၀၄ ခု၊ ဩဂုတ်။
၄။ မှန်နန်းရာဇဝင်တော်သစ် (ပထမအုပ်) ဆရာလွန်း ရာပြည့် ၂၀၁၃ ခု။
၅။ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း (နိုင်ပန်းလှ) မြဝတီစာပေတိုက်၊ ၁၉၉၇ ခု။
၆။ မဏိရတနာပုံလျှောက်ထုံး (ရှင်စန္ဒာလင်္ကာရ) ရာပြည့်စာအုပ်တိုက်၊ ၂၀၀၉ ခု။
၇။ သာသနာလင်္ကာရစာတမ်း (မဟာဓမ္မသင်္ကြံ) ရာပြည့်စာအုပ်တိုက်၊ ၂၀၀၉ ခု။
၈။ မြန်မာ့ဂုဏ်ရည်သူရဲကောင်းများ (ဦးဖိုးကျား)၊ မြန်မာ့ဂုဏ်ရည်တိုက် ၁၉၂၈။
၉။ ကျောင်းသုံးမြန်မာရာဇဝင် (ဦးဘသန်း) ၁၉၅၁ ခု၊ မော်လမြိုင်။
၁၀။ ပြည်ထောင်စုနိုင်ငံသမိုင်း (ဒေါက်တာကျော်သက်) အင်းဝတိုက်၊ ၁၉၆၂ ခု။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ ပြည်ထောင်စုသမိုင်းမှတ်တိုင်များ (မဟာဝိဇ္ဇာဘွဲ့ရ ဦးသိန်းဟန်) စာပေဗိမာန်။
၁၂။ ပြည်ထောင်စုသမိုင်းပုံပြင်များ (ဇော်ဂျီ) စာအုပ်ဈေးစာအုပ်တိုက်၊ ၂၀၀၀ ပြည့်၊ စက်တင်ဘာ။
၁၃။ ဗမာ့သမိုင်းပုံပြင်များ (ဦးဘသောင်းနှင့်အခြား) စိတ်ကူးချိုချို ၂၀၁၅ ခု၊ ဇန်နဝါရီ။
၁၄။ ကုန်းဘောင်မင်းဆက် ရုပ်ပုံလွှာ (တင်နိုင်တိုး) ပြည့်စုံစာအုပ်တိုက် ၂၀၀၃။
၁၅။ ရတနာပုံခေတ် ထိပ်တန်းနန်းတွင်း အရာရှိကြီးများ (တင်နိုင်တိုး) လမ်းသစ် စာပေ ၂၀၀၉။)
၁၆။ သမိုင်းထဲကပုံပြင်များ ဦးသန်းထွန်း (ရွှေဘို) ခင်မြတ်သူစာပေ ၂၀၀၀ ပြည့်၊ ဇန်နဝါရီ။
၁၇။ ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန် (မြဟန်) အားမာန်သစ်စာပေ၊ ဒီဇင်ဘာ ၂၀၁၀ ခု။
၁၈။ စစ်သူကြီးများ၊ စစ်ဘုရင်များ (ဒေါက်တာမတင်ဝင်း) အားမာန်သစ်၊ ၁၉၉၉။
၁၉။ မင်းယောက်ျား၊ မင်းမိန်းမများ (ဒေါက်တာမတင်ဝင်း) အားမာန်သစ်၊ ၁၉၉၈။
၂၀။ ရာဇဝင်ထဲက မိန်းမသား (ဒေါက်တာမတင်ဝင်း) ပန်းအိစံစာပေ၊ ၁၉၉၂ နိုဝင်ဘာ။
၂၁။ မြန်မာသူရဲကောင်းများ (ဦးသိမ်းမောင်) ပန်းရွှေပြည်တိုက်၊ ၂၀၀၁ ခု၊ မတ်လ။
၂၂။ ရာဇသကြံန်၊ (ဦးသိမ်းမောင်) ဖွဲ့စာပေ ၁၉၆၆ ခု။
၂၃။ မင်းနှင့်စာဆို (တိုက်စိုး)
၂၄။ ပထမမြန်မာများ (မင်းယုဝေ) ရာပြည့်တိုက် ၂၀၀၃ ခု၊ မေလ။
၂၅။ သူလိုလူ (မင်းယုဝေ) နှလုံးစာပေ၊ ၁၉၇၉ မတ်လ။

www.burmeseclassic.com